www.foreverspace.com.mm

LIVING COLOR

NO. 126, JANUARY, 2006

မှတ်တိုင်များ

5 263 0 2 446 530 3 75

www.foreverspace.com.mm

ခို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ခို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ခို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ခို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

၅၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲစုစည်း လက်တွဲပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

၄။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

www.foreverspace.com.mm

This magazine is founded and managed

by board of directors of Myanmar Partners Think Tank Group in June, 1995

underlicensed of Living Color.

RECYCLE

KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ 'ဈေးကွက်စီးပွားရေးသတင်း' ကဏ္ဍတွင် ဖော်ပြထားသော သတင်းများ(အထူးသဖြင့် ဘောင်ခတ်ဖော်ပြသော သတင်းများ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက်သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံး၀(လုံး၀) တားမြစ်ပါသည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

www.foreverspace.com.mm

နှစ်သစ် ဆုတောင်း

မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးဆိုသည်မှာ တစ်နည်းအားဖြင့် စည်းလုံးညီညွတ်သော လူမှုအသိုက်အမြဲတစ်ခု (Cohesive Civil Society) ကို ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုသို့ စည်းလုံးညီညွတ်သော လူမှုအသိုက်အမြဲတစ်ခုအဖြစ် ပေါ်ထွန်းလာရေးနှင့်ပတ်သက်၍ များစွာအရေးကြီးသော အခြေခံအုတ်မြစ်များကို ဤနေရာမှ မီးမောင်းထိုး၍ ဖော်ပြလိုပါသည်။ အုတ်မြစ်များဟု ရွေးချယ်သုံးနှုန်းရခြင်းမှာ များစွာ အခြေခံကျပြီး မရှိလျှင်မဖြစ်ဟူသော သဘောတရားကို ထင်ဟပ်နိုင်စေရန်အလို့ငှာ ဖြစ်ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေး ခေါ် စည်းလုံးညီညွတ်သော လူမှုအသိုက်အမြဲတစ်ခု တည်ဆောက်ရေးဆိုသည်မှာ အခြေခံအားဖြင့်ပြောရလျှင် အတွင်းပိုင်းကိစ္စ၊ စိတ်ပိုင်းဆိုင်ရာကိစ္စဖြစ်သည်ဟု ဆိုချင်ပါသည်။

ဆိုလိုသည်မှာ အတွင်းပိုင်းကိစ္စ၊ စိတ်ပိုင်းကိစ္စဖြစ်သောကြောင့် တည်ဆောက်ရသည့်ကိစ္စမှာလည်း မြင်သာထင်သာ မရှိဘဲ များစွာနက်နဲမှုရှိနေသည်ဆိုသည့်အကြောင်းပင် ဖြစ်ပါသည်။ လူတစ်ယောက်၊ လူတစ်ဦးကို စိတ်ပိုင်းဆိုင်ရာ ခံယူချက်မှန်ကန်လာစေရန် ပြုပြင်ပေးရေးမှာ မည်မျှလက်ဝင်သည်ကို စဉ်းစားကြည့်လျှင် နိုင်ငံသားအားလုံး တူညီသော ရပ်တည်ချက်ဖြင့် တစ်စုတစ်စည်းတည်းဖြစ်ရေးမှာ မည်မျှနက်နဲသည်ကို တွေးကြည့်နိုင်ပေသည်။ လူတို့၏သဘောမှာ တူညီသောရည်မှန်းချက်များ၊ ဘုံရန်သူ စသည်များ ရှိနေသည့်အခါ ယာယီအားဖြင့် ညီညွတ်သွားတတ်သောသဘောရှိသော်လည်း ဤကိစ္စများသည် ရေရှည်သဘောကို မဆောင်ပေ။

သို့သော် တစ်ဖက်တွင်လည်း စည်းလုံးညီညွတ်သော လူဘောင်တစ်ခုဖြစ်ပေါ်လာရန် နိုင်ငံသားအားလုံးတွင် အလုံးစုံ တူညီသော ရပ်တည်ချက်များဖြစ်ပေါ်စေရန် ရာနှုန်းပြည့်လိုအပ်သည် မဟုတ်ပါ။ နိုင်ငံသားအားလုံးတွင် တူညီရန်လိုအပ် သောရပ်တည်ချက်များ တူညီလျှင် လုံလောက်ပြီဟု ဆိုနိုင်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် စည်းလုံးညီညွတ်သော လူဘောင်တစ်ခု ထူထောင်နိုင်ရန်အလို့ငှာ များစွာလိုအပ်သော သဘောထားရပ်တည်ချက် ခေါ် အတွင်းပိုင်းကိစ္စရပ်အချို့ကို ဤနေရာတွင် အမှတ်စဉ်ထိုး၍ ဖော်ပြလိုပါသည်။

၁။ လူသားတိုင်းသည် အတ္တကိုအခြေခံသော်လည်း နိုင်ငံအတွက် 'ပရ' စိတ်ထားအခံရှိရန် လိုအပ်သည်ဆိုသော ခံယူချက်၊ တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေးအမြင်၊

၂။ နိုင်ငံသားတိုင်း၏ အခြေခံ ပေးရန်တာဝန်ဖြစ်သော Social Responsibility တာဝန်ကို ထမ်းဆောင်ရန် အသင့်ဖြစ် ခြင်း ရှိမရှိ၊

၃။ Agree to disagree ခေါ် မတူညီသောရပ်တည်ချက်များကို လက်ခံရန် သဘောတူညီခြင်း၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း (Coexistence) နှင့် ပတ်သက်သောခံယူချက်၊

၄။ ငါတို့ (Us) နှင့် သူတို့ (Them) ခွဲခြားမှုရှိမရှိ၊

၅။ လူသားအားလုံးကို လူသားများအဖြစ် အလေးအနက်ခံယူမှုရှိမရှိ၊

၆။ ပညာ၊ အသိပညာ၊ အသိဉာဏ် အဆင့်ဆင့်ကူးပြောင်းဖြစ်ပေါ်မှု စသည်များ ဖြစ်ပါသည်။

၂၀၀၆ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် မြန်မာနိုင်ငံသားအားလုံးအနေဖြင့် ယခုထက် ပိုမိုစည်းလုံးညီညွတ်သော၊ ပျော်ရွှင်စရာအတိုင်းသော လူဘောင်အဖြစ် ထူထောင်ဆောင်ကြဉ်းနိုင်ကြပါမည့်အကြောင်း ဤနေရာမှ ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

အယ်ဒီတာ

၉-၁၂-၂၀၀၅

www.foreverspace.com.mm

လုပ်ငန်းမှတ်တမ်း

Board of Editors

Chief Editor – ကျော်မင်းဆွေ
Editor In Charge (Production) – မင်းဇင်
Editor In Charge (On Duty) – ကျော်နိုင်
Editor In Charge (News) – မျိုးညွှန့်မောင်
Senior Executive Editors – ကျော်နိုင်၊ အောင်ကျော်မင်း၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး၊ ရဲမင်းဦး
Executive Editors – နွေးအိငြိမ့်၊ ခိုင်ချို၊ ဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်
Research & Development Editor – သီရိဇော်
Chief Reporter – သောင်းထိုက်
Staff Reporters – တင်လင်း၊ ထားထားမြင့်၊ စိုးယုဝေ၊ ကေခိုင်ကျော်၊ သစ်ထွဋ်၊ သန်းထိုက်သူ၊ သာမိုးကြည်အောင်၊ လင်းသစ်

Art Director

စိုးသော်တာ

DTP Department

Supervisor – မခိုင်
Staff Operators – မင်းမင်းသူ၊ ဝဝါခိုင်၊ ဆွေဇင်အိ၊ စောအီလိုင်းဂျာ၊ ကျော်လင်းဇော်

Accountant

အေးအေးဆင့်
Assistant – မျိုးဇာနည်

Advertising Department

General Manager – ဖေအောင်ဇင်
Manager (Marketing) – ကျော်သူမြင့်အောင်
Assistant Manager (Design & Planning) – ဇာနည်ဝင်း
Assistant Manager (Admin & Marketing) – စန်းသီတာ
Senior Marketing Assistants – စောဂေးနေထူး၊ စောဆာကီးလား
Marketing Assistants – ဖြူဖြူသီ၊ စောမောင်မောင်လေး၊ သီဟဇော်

Printing

Manager – စောမိုးဇော်

Production

Manager – တင်ဝင်းထွဋ်
Assistant – ဟန်မြင့်

Admin

Office Superintendent – အောင်ကျော်ဆန်း
Assistant – မိုးကျော်လွင်၊ ပြည့်ဖြိုးအောင်
Receptionist – စုအိန္ဒြေဦး

Distribution Department

သိန်းလွင်၊ စောကပေါ်ထူး

Cover Design – မောင်မောင်ဇော်
Cover Logo – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်
Illustrator – soe thaw dar

Publisher

ဦးရဲနိုင်ဝင်း (မြ– ၃၇၅၅)
အမှတ် ၇၀(တ)၊ ဒွေဝတ်မှုန်ရိပ်သာ
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

Printer

Living Color ပုံနှိပ်တိုက် (မြ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

Office

အမှတ် ၂၇၀၊ 1-C၊ (ပ–ထပ်)၊ Lucky Nice Tower၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၃၀၂၊ ၅၀၄၄၉၆၊ ၄၄၁၂၆၃၊ ဖက်စ်–၅၂၆၃၀၂

E-mail

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

Web Site - www.foreverspace.com.mm

Photographer – K.M.S (Super King), P.A.Z
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၁၀၆၃၀၅၁၂
Circulation – ၁၀၀၀
Price – ၇၀၀ ကျပ်
Copyright – Living Color

ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်

ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများ အတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့် လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, Bagan Cybertech, စာပေလောက(၃) တို့နှင့် ညောင် ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီ ဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူ များ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

မာတိကာ

၁ အယ်ဒီတာ့အာဘော်

၄ ယခုနှစ် သတင်းအညွှန်း

၆ ယခုနှစ် စိတ်ကြိုက်ဝန်ဆောင်မှု

၇ ယခုနှစ် အကြိုက်ဆုံးကြော်ငြာ

၈ ယခုနှစ် အကြိုက်ဆုံးကုန်ပစ္စည်း

၁၀ မြန်မာ့စီးပွားရေးသတင်း

၁၂ မျက်နှာဖုံးဆောင်းပါး

၂၀၀၅ ခုနှစ် မှတ်တိုင်များ (၁)

နိုင်ငံရေး၊ စီးပွားရေး အယ်ဒီတာအဖွဲ့

၂၀၀၅ ခုနှစ် မှတ်တိုင်များ (၂)

လူမှုရေး အယ်ဒီတာအဖွဲ့

၂၀၀၅ ခုနှစ် မှတ်တိုင်များ (၃)

စာပေ၊ အနုပညာ အယ်ဒီတာအဖွဲ့

၅၀ မြန်မာ့စီးပွားရေးမြင်ကွင်း

မော်တော်ယာဉ်ဈေးကွက် ၂၀၀၅ ကျော်မျိုးညွန့်

၅၆ **အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ခြင်းနှင့် မြေရှင်၊ အခန်းရှင်တို့ကြား ညှိနှိုင်းနေရသည့် အကြောင်းကိစ္စများ** ဇော်ထွဋ်မောင်

၆၀ **မြန်မာကာတွန်းရုပ်ရှင်ဈေးကွက်အလားအလာ** သန်းထိုက်သူ

၆၄ **ဒစ်ဂျစ်တယ်မီဒီယာ** မိုးစွာန်

၆၆ **၂၀၀၅ ခုနှစ် မြန်မာ ICT ဈေးကွက်** ကျော်နိုင်

၇၂ **၂၀၀၅ ခုနှစ် ရန်ကုန်ကုန်စည်ဈေးကွက်** သန်းထိုက်သူ၊ သစ်ထွဋ်

၇၈ မြန်မာ့စီးပွားရေးအမြင်

လယ်ယာကဏ္ဍနှင့် ဖွံ့ဖြိုးရေးလမ်းကြောင်း ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)

၈၂ **မြန်မာ့သရက်ပါရာဒိုင်းအရွေ့** ဟံသာထွန်း

၈၈ ပညာရှင်စာတမ်း

From Effectiveness to Greatness (ယခင်လမှအဆက်) ပါမောက္ခဒေါက်တာအောင်ထွန်းသက်

၉၄ ဈေးဝယ်လမ်းညွှန်

၉၆ ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ စိုးသော်တာ

၁၁၀ ရက်စွဲမှတ်တမ်း

၁၃၀ တွေ့ဆုံဆွေးနွေးမှုများ

၁၃၂ ကုန်ဈေးနှုန်း

၁၃၈ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၂ တစ်ဦးတည်းကိုယ်စားလှယ်

၁၄၄ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်

EXE Corporation (Sakura အုပ်စု)

၁၄၆ အတွေးအမြင်

ကျွန်တော်ပန်းချီကုန်သည်(၃၈) ဦးလှဝင်း (လေသူရဲတစ်ဦး)

၁၅၀ **စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၃၀)** လူထုစိန်ဝင်း

၁၅၄ **မားကက်တင်းသမိုင်းနဲ့ မားကက်တင်းပါရာဒိုင်း** မောင်တွေးတော(ပေါက်အင်း)

www.foreverspace.com.mm

ယခုနှစ် သတင်းအညွှန်း

'ယခုနှစ် သတင်းအညွှန်း'ကဏ္ဍကို တစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလိုရှု ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့် မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းစာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

၉။ ထို့ကြောင့် GFATM အဖွဲ့၏ မြန်မာနိုင်ငံသို့ ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းခြင်းအပေါ် အောက်ဖော်ပြပါ အချက်အလက်များအရ ပြန်လည်သုံးသပ်ရန် မြန်မာနိုင်ငံ CCM အဖွဲ့ဝင်များက တိုက်တွန်းအပ်ပါသည်။

(က) အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများမှာ ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည့်အပြင် အဆိုပြုထားသော စီမံချက်ပါလုပ်ငန်းများမှာ နည်းပညာပိုင်းဆိုင်ရာ ခိုင်မာမှုရှိသဖြင့် ရန်ပုံငွေခွင့်ပြုထားပြီးဖြစ်ခြင်း၊

(ခ) GFATM အဖွဲ့က တောင်းဆိုထားသည့် အခြေအနေများမှာ အချိန်ကာလသတ်မှတ်ချက်ဖြင့် လုပ်ငန်းအခြေပြုဆောင်ရွက်ရမည့်ကိစ္စများအတွက် အဟန့်အတားဖြစ်စေပြီး လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်များ ကျဆင်းစေနိုင် သဖြင့် အချိန်ကန့်သတ်မှုများအား ပိုမိုညှိနှိုင်းနိုင်ရန်လိုအပ်ခြင်း၊

(ဂ) GFATM အဖွဲ့က တောင်းဆိုထားသည့်အချက်များမှာ လုပ်ငန်းလိုအပ်မှုသဘာဝနှင့် ကွဲပြားမှုရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုကို အဟန့်အတားများဖြစ်ပေါ်နေခြင်း၊ လူ့စွမ်းအားများ တိုးတက်မြင့်မားစေသည့် အစီအစဉ်များကို ခွင့်မပြုခြင်းတို့အပြင် GFATM အဖွဲ့မှ တောင်းဆိုသည့်အခြေအနေများမှာ မကြာခဏ ပြောင်းလဲနေခြင်း၊ တဖြည်းဖြည်း ပိုမိုကျဉ်းကျပ်လာသောအခြေအနေများကို ဖန်တီးနေခြင်းတို့ကြောင့် ဖြစ်ပါသည်။

၁၀။ ဤရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းသည့်ကာလသည် မြန်မာနိုင်ငံတွင် ရောဂါများတိုက်ဖျက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ရန်ပုံငွေအရင်းအမြစ်ကူညီမှုလျော့နည်းသည့်ကာလနှင့် တိုက်ဆိုင်လျက်ရှိပါသည်။ ရန်ပုံငွေအရင်းအမြစ်များ ပိုမိုရှာဖွေရန် အထူးအရေးကြီးလိုအပ်လျက်ရှိသောကာလလည်း ဖြစ်ပါသည်။

၁၁။ GFATM အဖွဲ့အနေဖြင့် အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါဝေဒနာခံစားနေရသော လူသားအားလုံးတို့အတွက် တာဝန်ရှိနေမှုကို သတိပြု၍ ကျန်းမာရေးဆိုင်ရာကျင့်ဝတ်သိက္ခာများကိုအခြေခံကာ မိမိ၏ ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားရန် CCM အဖွဲ့က တိုက်တွန်းအပ်ပါသည်။ GFATM အဖွဲ့၏ ရန်ပုံငွေထောက်ပံ့မှု ရပ်ဆိုင်းခြင်းသည် ကုလသမဂ္ဂထောင်စုနှစ်ကြေညာစာတမ်း (UN Millennium Declaration) ပါ တန်ဖိုးထားမှုများ (Values)နှင့် မူများ (Principles)တို့နှင့် ဆန့်ကျင်နေသည့်အပြင် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်၏ အဋ္ဌမမြောက်ရည်မှန်းချက်ဖြစ်သော ကမ္ဘာတစ်ဝန်းလုံး အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ပေါ်ရေး (Strengthening Global Partnership for Development) ဟူသော ရည်မှန်းချက်နှင့်လည်း ဆန့်ကျင်ရာရောက်သည်ဟု CCM အဖွဲ့ဝင်များက သုံးသပ်ကြသည်။

၂၀၀၅ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ထုတ် နိုင်ငံပိုင် The New Light of Myanmar နှင့် ကြေးမုံသတင်းစာပါ ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၉ ရက် ရက်စွဲဖြင့် ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria-GFATM) ၏ မြန်မာနိုင်ငံအတွက် GFATM ရန်ပုံငွေထောက်ပံ့မှု ရပ်ဆိုင်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ GFATM ရန်ပုံငွေ ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ (CCM) ၏ သဘောထားထုတ်ပြန်ချက်မှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm

ယခုနှစ် သတင်းအည္ဆန်း

'ယခုနှစ် သတင်းအည္ဆန်း'ကဏ္ဍကို တစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလိုလျှင် ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့် မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းစာစုမ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများဖြစ်သည့် ဝန်ကြီးဌာနအားလုံး ပျဉ်းမနားဒေသသို့ ရွှေ့ပြောင်းရုံးစိုက်

ရန်ကုန်၊ နိဝင်ဘာ ၇

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများဖြစ်သည့် ဝန်ကြီးဌာနများအားလုံး ပျဉ်းမနားဒေသသို့ ရွှေ့ပြောင်းရုံးစိုက်မည်ဖြစ်ပြီး ပထမဆုံးအသုတ်အနေဖြင့် ဝန်ကြီးဌာနကိုးခုကို နိဝင်ဘာလ ၆ ရက်နေ့တွင် စတင်ပြောင်းရွှေ့ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက နိဝင်ဘာလ ၇ ရက်နေ့တွင် အဆိုပါ ဝန်ကြီးဌာန၌ ပြည်တွင်း၊ ပြည်ပသတင်းစာဆရာများသို့ သတင်းထုတ်ပြန်ပေးချက်တွင် ထည့်သွင်းပြောကြားသည်။

၂၀၀၅ ခုနှစ် နိဝင်ဘာလ ၁၄ ရက်နေ့ထုတ် The Voice Weekly Vol.2/No.7 ပါ **"မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများဖြစ်သည့် ဝန်ကြီးဌာနများအားလုံး ပျဉ်းမနားဒေသသို့ ရွှေ့ပြောင်းရုံးစိုက်"** ခေါင်းစဉ်ဖြင့် သတင်းကို ရွေးချယ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm

SERVICE OF THE YEAR

ယခုနှစ် အကြိုက်ဆုံးဝန်ဆောင်မှု

၂၀၀၅ ခုနှစ်အတွက် အကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် အောက်တိုဘာလ ၂ ရက်နေ့မှစတင်၍ သီးခြားလျှောက်ထားရန်မလိုဘဲ GSMတယ်လီဖုန်းအချင်းချင်း စာသားပေးပို့နိုင်ရန် ဖွင့်လှစ်ပေးလိုက်သည့် SMSဝန်ဆောင်မှုကို ရွေးချယ်လိုက်ပါသည်။ နိုင်ငံတကာတွင် ဝန်ဆောင်မှုပေးသည်နှင့်မတူဘဲ တစ်ကြိမ်စာပေးပို့မှုအတွက် ၂၅ ကျပ်သာ ကျသင့်၍ လက်တွေ့အသုံးပြုသူအချို့အဆိုအရ ပေးပို့ပြီးနောက် တစ်ရက်တွင် ဖတ်ရှုနိုင်ကြောင်း သိရပြီး လူငယ်များအကြား ရေပန်းစားလာသော ဆက်ဆံရေးသွင်ပြင်သစ်ကို ဖော်ဆောင်ပေးနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

အယ်ဒီတာ

www.foreverspace.com.mm

ADVERTISEMENT OF THE YEAR

ယခုနှစ် အကြိုက်ဆုံးကြော်ငြာ

ယခုနှစ် အကြိုက်ဆုံးကြော်ငြာအဖြစ် ၂၀၀၅ ခုနှစ်အတွင်း ရုပ်မြင်သံကြားအစီအစဉ်များတွင် ထုတ်လွှင့်တင်ဆက်လျက်ရှိသော DECOLGEN ဆေးကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အဆိုပါကြော်ငြာသည် မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော အအေးမိ၊ ဖျားနာခြင်းနှင့် ပတ်သက်ပြီး သောက်သုံးသော ဆေးတစ်မျိုးဖြစ်ကြောင်းကို ကာတွန်းအထူးပြုလုပ်ချက်များဖြင့် မိုးရာသီ၏ သဘာဝနှင့် မိုးမိခြင်းသဘာဝကို စိတ်ဝင်စားအောင်တင်ဆက်ထားခြင်း၊ ရုပ်သံဇာတ်လမ်းတွဲများ ကြည့်ရှုနေစဉ်အတွင်း ညင်သာညက်ညောသော နောက်ခံဂီတသံနှင့် တစ်မူထူးခြားသော ပြကွက်တို့ဖြင့် ကြော်ငြာဝင်ရောက်လာပုံကြောင့် စိတ်ဝင်စားစွာ ဆက်လက်ကြည့်ရှုနေဖြစ်စေခြင်း၊ အဓိကဇာတ်ကောင်ဖားကလေးမှာ ပိန်းရွက်အောက်တွင် မိုးခိုပြီး မိုးတိတ်သောအခါ လန်းလန်းဆန်းဆန်းဖြစ်နေပုံကို နိမိတ်ပုံဖြင့် တင်ဆက်ထားကာ "ပိန်းကြာရွက်တွင် ရေမတင်သို့....." ဟူသောစာသားဖြင့် အဆိုပါဆေးကို သရုပ်ဖော်ထားသည့်အတွက် လူအများကို စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်သောကြောင့် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်းဖြစ်ပါသည်။ (ယင်းကြော်ငြာကို ၂၀၀၅ ခုနှစ် စက်တင်ဘာလထုတ် Living Color မဂ္ဂဇင်းတွင် ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ရွေးချယ်ဖော်ပြခဲ့ပြီးဖြစ်သော်လည်း တင်ပြပုံကောင်းမွန်ခြင်းကြောင့် အယ်ဒီတာအဖွဲ့က ယခုနှစ် အကြိုက်ဆုံးကြော်ငြာအဖြစ် ထပ်မံရွေးချယ်ဖော်ပြထားခြင်း ဖြစ်ပါသည်။)

စိတ်ကူးနှင့် Idea	–	Mango Marketing
ဒါရိုက်တာ၊ Animation၊ Editing	–	Crystal Image
ထုတ်လွှင့်ချိန်	–	၃၀ စက္ကန့်

အယ်ဒီတာ

www.foreverspace.com.mm

ယခုနှစ် စိတ်ကြိုက်ကုန်ပစ္စည်း

ယခုနှစ် စိတ်ကြိုက်ကုန်ပစ္စည်းအဖြစ် ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့က မိတ်ဆက်ဖြန့်ချိလိုက်သော Unicode သုံး မြန်မာစာလုံးစနစ် (စမ်းသပ်အဆင့်)ကို ရွေးချယ်လိုက်ပါသည်။ မြန်မာစာအဖွဲ့နှင့် မြန်မာကွန်ပျူတာပညာရှင်များ ပူးပေါင်းပါဝင်သည့် ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်းအဖွဲ့က ကြိုးပမ်းတည်ဆောက်ခဲ့သော အဆိုပါ Unicode သုံး မြန်မာစာလုံးစနစ်ဖြင့် ယခုအခါ မြန်မာအက္ခရာ ဗျည်း၊ သရ၊ ဂဏန်းနှင့် အထူးပြုအမှတ်အသားအားလုံးကို Digital ပုံစံဖြင့် မည်သည့်ကွန်ပျူတာစနစ်တွင်မဆို အသုံးပြုနိုင်ပြီး မြန်မာစာဖြင့် စာစီစာရိုက်ခြင်း၊ E-mail ပို့ခြင်း၊ Web Page များ ရေးသားခြင်း စသည်တို့ကိုပါ လုပ်ဆောင်နိုင်ပြီဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာ၏ အဓိကအမြန်လမ်းမကြီးဖြစ်သော အင်တာနက်ပေါ်တွင် အဆိုပါစနစ်ကို အသုံးပြု၍ မြန်မာဘာသာဖြင့် တိကျစွာ ရေးသားဖော်ပြနိုင်ပြီဖြစ်ရာ မြန်မာ့ ICT လောက၏ သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်လိုက်ခြင်းပင်ဖြစ်သောကြောင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

အယ်ဒီတာ



www.foreverspace.com.mm

၂၀၀၆ ခုနှစ်အတွက် ဟောကိန်း



မြန်မာလွတ်လပ်ရေးဇာတာနှင့် ၂၀၀၆ ခုနှစ် Progress Horoscope ဇာတာနှိုင်းယှဉ်ချက်၊ ဆက်စပ်မှုများကို ပုံတွင် မြင်တွေ့နိုင်ပါသည်။

၂၀၀၆ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ထူးခြားသော နှစ်တစ်နှစ်ဖြစ်ပြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုများကို မြင်တွေ့ရမည့်ကာလ ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာလွတ်လပ်ရေးဇာတာ၏ လဂ်ပေါ်သို့ ၂၀၀၆ ခုနှစ် ဇာတာ၏ တနလ်းဂြိဟ် ချဉ်းကပ်လာနေရာ မဂ်လာအပေါင်းခညောင်း၍ ကမ္ဘာ့အလယ် ဂုဏ်သတင်း ထင်လင်းမည့်သဘောကို ဖော်ပြနေပါသည်။ ၂၀၀၆ ခုနှစ် ဧနှနဝါရီလတွင် ၂ ဒီဂရီ ၁၂ မိနစ်ရှိ တနလ်းဂြိဟ်သည် ၎င်း ၂၀၀၆ ခုနှစ် ဇာတာ၏ လဂ် ၄ ဒီဂရီ ၅၅ မိနစ်ကို ၆ဝ မြင်ယှဉ်ထားရာ ဧပြီလတွင် အတိအကျမြင်ယှဉ်မည် ဖြစ်သည်။ ၂၀၀၆ ခုနှစ် ဇာတာ၏ တနလ်းဂြိဟ်သည် ဧနှနဝါရီလတွင် ၂ ဒီဂရီ ၁၂ မိနစ်တွင် ရောက်ရှိနေပြီး (ပုံ) ရှစ်လအကြာ ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် မြန်မာလွတ်လပ်ရေးဇာတာလဂ် ၁ဝ ဒီဂရီ ၃၉ မိနစ်ပေါ်သို့ ဖြတ်သန်းမည်ဖြစ်ရာ အထူးကောင်းမွန်သည့်ကာလဟု ဖော်ပြနေပါသည်။ အဆိုပါတနလ်းသည် မြန်မာလွတ်လပ်ရေးဇာတာလဂ်တွင် ပူးယှဉ်ထားသော ကြာသပတေးဂြိဟ်ကိုပါ ပူးယှဉ်သည့်သဘောဖြစ်ရာ ထပ်ဆင့်မဂ်လာဟု ဖော်ပြနေပြန်ပါသည်။ ၂၀၀၆ ခုနှစ် ဇွန်လတွင် အဆိုပါတနလ်းသည် လွတ်လပ်ရေးဇာတာ၏ အဂ်ါဂြိဟ်နှင့် ၉ဝ ဒီဂရီသို့ ရောက်ရှိမည် ဖြစ်သည်။

ခြုံ၍ပြောရပါလျှင် မြန်မာလွတ်လပ်ရေးဇာတာနှင့် ၂၀၀၆ Progress ဇာတာ ဆက်စပ်မှုများသည် မြန်မာနိုင်ငံ၏ ကောင်းခြင်းကို ၂၀၀၆ ခုနှစ် ဧပြီလတွင် တစ်ကြိမ် စက်တင်ဘာလတွင်တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင်ပြသနေခြင်းပင် ဖြစ်ပါကြောင်း။

www.foreverspace.com.mm

မြန်မာ့စီးပွားရေးသတင်း

B U S I N E S S N E W S

အမှတ် ၁၂၆ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ

မာတိကာ

- သက်တမ်း နှစ် ၂၀ ကျော် လေလံယာဉ်များ နယ်လိုင်စင်သာရမည်
- အိမ်ခြံဥယျာဉ်စိုက်ပျိုးရေးအတွက် အာမခံပစ္စည်းမလိုဘဲ ချေးငွေထုတ်ယူနိုင်
- Export Earning ရှိသူများ ပြည်တွင်း၌ လောင်စာဆီ တိုက်ရိုက်ဝယ်ယူခွင့်ရှိ
- ကချင်ပြည်နယ်ဒေသအချို့တွင် ပလက်တီနမ်ထွက်ရှိ
- စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ပျဉ်းမနားသို့ လာလေ့လာဆယ်ပြောင်းရွှေ့ရန် အစီအစဉ်မရှိသေး
- မိတ္ထီလာကန် ပြန်လည်တူးဖော်မည်

Online M.B.A သင်တန်း ဖွင့်လှစ်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၁

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနနှင့် Myanmar Professional Education Centre (M.P.E.C)တို့ ပူးပေါင်းစီစဉ်မှုဖြင့် အင်တာနက်ကို အသုံးပြု၍ Onlineမှ သင်ယူလေ့လာနိုင်မည့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (M.B.A)အစီအစဉ်ကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း M.P.E.C မှ ဒါရိုက်တာ ဦးအောင်စိုးသာက Living Colorသို့ ပြောကြားသည်။

အဆိုပါ Web Based အခြေပြု M.B.A အစီအစဉ်၏ သင်ရိုးညွှန်းတမ်းများကို စီမံခန့်ခွဲမှုပညာဌာနမှ တာဝန်ယူမည်ဖြစ်ပြီး နည်းပညာပံ့ပိုးမှုနှင့် သင်တန်းသားများနှင့် ဆက်သွယ်ဆောင်ရွက်သည့်အပိုင်းကိုမူ M.P.E.Cမှ တာဝန်ယူမည်ဖြစ်ကြောင်း၊ အလုပ်တစ်ဖက်နှင့် သင်တန်းစာသင်ခန်းသို့ လာရောက်ရန် မအားလပ်သည့် စီမံခန့်ခွဲမှုနယ်ပယ်အသီးအသီးမှ M.B.A ဘွဲ့ရယူသူများအတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့(M.B.A)သင်တန်းများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ၁၉၉၅ ခုနှစ်တွင် ပထမဦးဆုံး စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ သင်တန်းအပတ်စဉ် (၁၂) သို့ ရောက်ရှိနေပြီဖြစ်ကာ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။ အလုပ်တစ်ဖက်နှင့် မအားလပ်ဘဲ သင်တန်းတက်ရောက်လိုသူ ဌာနဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းအသီးသီးမှ Executive Level စီမံခန့်ခွဲမှုဆောင်ရွက်နေရသူများအတွက် Executive M.B.A (ညနေပိုင်း) သင်တန်းကို ၂၀၀၂ ခုနှစ်တွင် ထပ်မံဖွင့်လှစ်ခဲ့ရာ ယခုအခါ အပတ်စဉ် (၄) သို့ ရောက်ရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၌ ယင်းကဲ့သို့ Online မှ သင်ယူလေ့လာနိုင်သည့် Web Based အခြေပြုဘွဲ့လွန်သင်တန်းများကို ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနက ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး ယခုအခါ မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) M.Sc (Computer Science) နှစ်နှစ်သင်တန်းနှင့် ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာ (D.C.S) တစ်နှစ်သင်တန်းများကို Online မှ ပို့ချသင်ကြားလျက် ရှိသည်။

www.foreverspace.com.mm

သက်တမ်း နှစ် ၂၀ ကျော် လေလံယာဉ်များ နယ်လိုင်စင်သာရမည်

ရန်ကုန်၊ နိုဝင်ဘာ ၁၃

နိုင်ငံပိုင်ပစ္စည်းများစီမံခန့်ခွဲရေးကော်မတီ၏ မော်တော်ယာဉ်လေလံပွဲမှ လေလံအောင်မြင်သွားသော ယာဉ်များအနက် သက်တမ်းနှစ် ၂၀ ကျော် လေလံယာဉ်များကို ရန်ကုန်လိုင်စင်များ ထုတ်ပေးမည်မဟုတ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကိုယ်စားလှယ်လက်ထောက် အင်ဂျင်နီယာ ဦးငြိမ်းချမ်းက ယင်းနေ့ လေလံပွဲအခမ်းအနားတွင် ပြောကြားသည်။

လေလံပွဲပြီးစီးသည့်နေ့မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးချုပ်သို့ လေလံယာယီ မှတ်ပုံတင်နံပါတ် လာရောက်လျှောက်ထားရမည်ဖြစ်ပြီး လေလံမော်တော်ယာဉ်များသည် ပြုပြင်သွားလာမောင်းနှင်နိုင်သော အခြေအနေရှိမှသာ အဆိုပါ ယာယီမှတ်ပုံတင်များ ထုတ်ပေးမည်ဟုလည်း ၎င်းက ဆိုသည်။

လေလံယာဉ်များသည် လေလံဆွဲယူသည့်နေ့မှ နှစ်နှစ်အတွင်း မော်တော်ယာဉ်မှတ်ပုံတင်ရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လာရောက်လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားခြင်းမရှိပါက အဆိုပါလေလံယာဉ်၏ မှတ်ပုံတင်ခွင့် ပယ်ဖျက်ခြင်းခံရမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၂ ရက်နေ့က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် သီးခြားမော်တော်ယာဉ် ၂၀ အပါအဝင် မော်တော်ယာဉ်အစီး ၈၀ နှင့် ဆိုင်ကယ် ၁၅၄ စီးကို လေလံပစ်ခဲ့ပြီး သက်တမ်း နှစ် ၂၀ ကျော်ယာဉ်များကို ၁က/... အကွာရာ ထုတ်ပေးရန်ရှိကြောင်းလည်း လေလံပွဲလာရောက်သူ ဦးကျော်ဆန်းမင်းက ပြောကြားသည်။

Phoenix News

မြန်မာအလုပ်သမား သေဆုံးမှုကို ဖုံးကွယ်ခဲ့သူ စင်ကာပူကန်ထရိုက် သားအဖနှစ်ဦး ထောင်ဒဏ်ချမှတ်ခံရ

စင်ကာပူ၊ နိုဝင်ဘာ ၂၃

စင်ကာပူနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် အလုပ်လုပ်ရင်း မတော်တဆသေဆုံးခဲ့ရသူ မြန်မာလူမျိုး အလုပ်သမားတစ်ဦး၏ ရုပ်အလောင်းကို စွန့်ပစ်ခဲ့သော စင်ကာပူနိုင်ငံသား ကန်ထရိုက်အား တရားရုံးက ထောင်ဒဏ်ရှစ်လ ချမှတ်လိုက်ကြောင်း စင်ကာပူနိုင်ငံထုတ် The Strate Times သတင်းစာက ရေးသားဖော်ပြထားသည်။ သေဆုံးသွားသူ မြန်မာအမျိုးသား၏အမည်မှာ မောင်စိုးသိန်း (၂၄ နှစ်)ဖြစ်ပြီး Chong Kin Building Construction ကုမ္ပဏီက တာဝန်ယူ လုပ်ကိုင်ပေးလျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ ငြမ်းပေါ်မှနေ၍ ပြုတ်ကျရာမှ သေဆုံးခဲ့ခြင်း ဖြစ်သည်။

စင်ကာပူအာဏာပိုင်များအစိုးရ Chong Kin ဆောက်လုပ်ရေးကုမ္ပဏီပိုင် ရှင် Chua Beng (၅၁နှစ်)နှင့် သားဖြစ်သူတို့မှာ မောင်စိုးသိန်း၏ ရုပ်အလောင်းကို ပစ်ကပ်ကားတစ်စင်းပေါ်တင် ပြီး ကားပါကင်တစ်ခုအနီး၌ သွားရောက်စွန့်ပစ်ခဲ့ကြောင်း၊ သေဆုံးသွားသူမှာ စင်ကာပူ၌ တရားမဝင် အလုပ်လုပ်ကိုင်နေသူတစ်ဦးဖြစ်ကြောင်း သိရသည်။ ကုမ္ပဏီပိုင်ရှင် Chong Kin သားအဖသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ထိုသို့ မတော်တဆ လူသေမှုကြီးဖြစ်ပေါ်ခဲ့ခြင်းကို သက်ဆိုင်ရာသို့ သတင်းမပေးပို့ဘဲ ဖုံးကွယ်ခဲ့မှုနှင့် နိုင်ငံတွင်း တရားမဝင်နေထိုင်သူအား အလုပ်ခန့်ထားမှုတို့အတွက် ထောင်ဒဏ်ရှစ်လစီ ချမှတ်ခံရပြီး ငွေဒဏ်အဖြစ်လည်း စင်ကာပူဒေါ်လာ ၅၀၀၀ စီ ပေးဆောင်ရမည်ဟု ဆိုသည်။ သူတို့နှစ်ဦးနှင့်အတူ လုပ်ငန်းခွင် ဖိုမင်ဖြစ်သူ Mari Elangovan (၂၆ နှစ်) လည်း လူသေမှုကို ဖုံးကွယ်ခဲ့ခြင်းအတွက် ထောင်ဒဏ်ခုနစ်နှစ်ချမှတ်ခံရသည်။ Chong Kin ကုမ္ပဏီသည် အဆောက်အအုံအတွင်း အပြင် ပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်းတို့ကို လုပ်ကိုင်ပေးသည့် လုပ်ငန်းတစ်ခုလည်းဖြစ်သည်။ အောက်တိုဘာလအတွင်းကလည်း စင်ကာပူရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ဆင်ထားသော ငြမ်းပေါ်မှ မြန်မာအလုပ်သမားတစ်ဦး ပြုတ်ကျခဲ့၍ ခြေထောက်နှစ်ဖက်စလုံးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

Source : The strait Times

www.foreverspace.com.mm

အိမ်ခြံဥယျာဉ်စိုက်ပျိုးရေးအတွက် အာမခံပစ္စည်းမလိုဘဲ ချေးငွေထုတ်ယူနိုင်

ရန်ကုန်၊ နိုဝင်ဘာ ၉

German Agro Action (GAA) နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်သော အိမ်ခြံဥယျာဉ်စိုက်ပျိုးရေးစီမံကိန်းအတွက် ဟင်းသီးဟင်းရွက်များစိုက်ပျိုးရန် ချေးငွေထုတ်ယူသူများသည် အာမခံ(အပေါင်)ပစ္စည်း ပေးအပ်စရာမလိုဘဲ ချေးငွေထုတ်ယူနိုင်ကြောင်း အဆိုပါစီမံကိန်းမှ တာဝန်ရှိသူ ဦးသိန်းဦးက ပြောကြားသည်။

အဆိုပါအိမ်ခြံဥယျာဉ်စီမံကိန်း (Home Gardening Project) လုပ်ငန်းကို ၂၀၀၄ ခုနှစ် စက်တင်ဘာလမှစ၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၆) ရပ်ကွက်ရှိ အိမ်ထောင်စု ၁၀၅ စုခန့်တွင် စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မိမိအိမ်ခြံရှိ မြေနေရာလပ်များကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်အတွက် ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်သည့်အပြင် မိသားစု အပို ဝင်ငွေရရှိနိုင်ခြင်းကြောင့် ချေးငွေထုတ်ယူစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ချေးယူသည့်ကာလကို သတ်မှတ်ထားခြင်းမရှိဘဲ လိုအပ်သည့်အချိန်တွင် ချေးယူနိုင်ပြီး အတိုးနှုန်းမှာ ဘဏ်၏ အတိုးနှုန်းအတိုင်း ပေးအပ်ရကြောင်း ၎င်းက ဆိုသည်။

Home Gardening Project တွင် GAA မှ လက်နှိပ်ရေတင်ကိရိယာတပ် ဆင်ခြင်း၊ မျိုးစေ့ပျိုးပင်များနှင့် စိုက်ပျိုးရေးကိရိယာများ ထောက်ပံ့ခြင်း၊ နည်းပညာဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း၊ ခြံစည်းရိုးကာရန် သံဆန်ခါများနှင့် ရေဂါလန် ၁၀၀၀ ဆံ့ ရေစည်များ စသည့် လိုအပ်ချက်များကို ပံ့ပိုးထောက်ပံ့ပေးခြင်းတို့အပြင် စိုက်ပျိုးရေးနည်းပညာသင်တန်းများကိုလည်း ပို့ချသင်ကြားပေးကြောင်း၊ အိမ်ခြံဥယျာဉ်စိုက်ပျိုးရေး စီမံကိန်းတွင်ပါဝင်သော အိမ်ထောင်စုများကို စုပေါင်း၍ ကိုယ့်အားကိုယ်ကိုးဝင်ငွေတိုးအဖွဲ့ ဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်ခြောက်ဖွဲ့ပါဝင်ကြောင်း ဦးသိန်းဦးက ရှင်းပြသည်။

ကိုယ့်အားကိုယ်ကိုးဝင်ငွေတိုးအဖွဲ့မှ အဖွဲ့ခြောက်ဖွဲ့အနက် တစ်ဖွဲ့ချင်းစုဆောင်းငွေကို အကျိုးအမြတ်မှ ခွဲဝေစုဆောင်းခဲ့ပြီး အိမ်ခြံဥယျာဉ်စီမံကိန်း စိုက်ပျိုးရေးအတွက် ပြန်လည်အသုံးပြုရန် ယင်းစုဆောင်းငွေထဲမှ ချေးယူနိုင်ကြောင်း၊ အိမ်ခြံဥယျာဉ်စီမံကိန်းများကို မြို့နယ်၊ ကျေးရွာများသို့ပါ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိကြောင်း၊ အဖွဲ့ခြောက်ဖွဲ့အနက်မှ တစ်ဖွဲ့ချင်းစုဆောင်းငွေကို ၂၀၀၅ စက်တင်ဘာလအထိ ရတနာအဖွဲ့တွင် ၈၄၄၆၅ ကျပ်၊ ပန်းရန့်အဖွဲ့တွင် ၉၉၈၆၅ ကျပ်၊ တော်ဝင်နှင်းဆီ အဖွဲ့တွင် ၂၈၈၅၀ ကျပ်၊ ဒိုင်းမွန်းအဖွဲ့တွင် ၅၀၆၇၅ ကျပ်၊ ပတ္တမြားအဖွဲ့တွင် ၄၀၂၃၀ ကျပ်၊ ခရာအဖွဲ့တွင် ၅၂၁၀ ကျပ် စုဆောင်းခဲ့ပြီးဖြစ်ကြောင်း ဦးသိန်းဦးအဆိုအရ သိရသည်။

အရှေ့တောင်ဒေသ၏ ကန်ထရိုက်လယ်ယာစနစ်နှင့် Agro Industry

သတင်းဆောင်းပါး – သောင်းထိုက်ကို၊ လင်းသစ်

၉-၁၂-၂၀၀၅

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)အစီအစဉ်အရ မြန်မာ၊ ထိုင်း နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ECS)အကောင်အထည်ဖော်မှုတစ်ရပ်အနေဖြင့် လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဖြင့် လုပ်ကိုင်ရန် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ (MoU) ကို ဖြီးခဲ့သည့် ဒီဇင်ဘာ ၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ သည်ဟု ထိုင်းနိုင်ငံ ဒုတိယအတွင်းဝန် Ms Phon Pan Mah က ပြောကြားသည်။

အဆိုပါနားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနတို့ ရေးထိုးခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ မြေလွတ်မြေရိုင်းများ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် တရားဝင်ကန်ထရိုက်လယ်

www.foreverspace.com.mm

ယာစနစ်ကို စတင်ခဲ့ခြင်း ဖြစ်သည်။ ၎င်း ကန်ထရိုက်လယ်ယာစနစ်အတွက် နှစ် နိုင်ငံကြား နားလည်မှုစာချွန်လွှာလက် မှတ်ရေးထိုးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအပိုင်း တွင် ထိုင်းနိုင်ငံ ပုဂ္ဂလိက ကုမ္ပဏီများမှ ရင်းနှီး မြှုပ်နှံမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ သံရုံး၏ ဒုတိယအတွင်းဝန်က ဆိုသည်။

ယခုပြုလုပ်မည့် ကန်ထရိုက်လယ် ယာစနစ်ကို ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ဆန်စပါး၊ ပဲအမျိုး မျိုးနှင့် ဝါဂွမ်း စသည့် သီးနှံများကို အဓိက ထားစိုက်ပျိုးသွားမည်ဖြစ်သည်ဟု ၎င်း အဆိုအရ သိရသည်။

နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင် ရွက်မှု မဟာဗျူဟာ (ECS) အရ ယခု ပြုလုပ်သည့် စိုက်ပျိုးရေးကဏ္ဍအပြင် စက် မှုလုပ်ငန်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လူ သားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ် များ ပါရှိသည်။ အထူးသဖြင့် ကန်ထရိုက် လယ်ယာစနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်း များ လုပ်ကိုင်မည့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဟုဆိုရာ၌ ကရင်ပြည်နယ် မြဝတီမြို့နှင့် ဘားအံမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့များတွင် ထိုင်းနိုင်ငံမှ အထူး စီးပွားရေးနှင့် စက်မှုဇုန် ထူထောင်ရန် အစီအစဉ်များနှင့်အတူ ယခုစိုက်ပျိုး လုပ် ကိုင်မည့် ကန်ထရိုက်လယ်ယာစနစ်ကြောင့် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ဒေသ များသည် စိုက်ပျိုးရေးကို အခြေခံ ထုတ် လုပ်သော စက်မှုလုပ်ငန်း (Agro Industry) များ ပေါ်ပေါက်လာမည် ဖြစ် သည်။

ထိုင်းနိုင်ငံဘက်မှ စက်ရုံအလုပ်ရုံ များ မြန်မာနိုင်ငံဘက်သို့ ပြောင်းရွှေ့လာ ခြင်းကြောင့် မြန်မာ–ထိုင်း နှစ်နိုင်ငံစလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် အတူ လုပ်အားခလည်း တိုးတက်လာ မည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင် တစ်ဦးက ဆိုသည်။

ဤသို့သော မိရိုးဖလာလယ်ယာလုပ်ငန်းကို အသွင်ပြောင်းသွားစေမည် ဖြစ်သည်

မြဝတီ၊ ဘားအံ၊ မော်လမြိုင် စက်မှုဇုန်များ တိုးချဲ့တည်ဆောက်မည့် စက်မှုဇုန် အစီအစဉ်များအနက် မြဝတီ သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန် ပြီး ဝင်ထွက်သွားလာရန်နှင့် လျှပ်စစ်ဓာတ် အားမှအစ အလွယ်တကူ ဆက်သွယ်ရယူ ရန်လွယ်ကူခြင်း စသည့် အခြေအနေများ ကြောင့် ထိုင်းလုပ်ငန်းရှင်များအနေဖြင့် ဦးစားပေးအကောင်အထည်ဖော်လိုသည် ဟု ထိုင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ဘားအံစက်မှုဇုန်ကိုမူ ဒုတိယဦးစားပေးဆောင်ရွက်လိုသည်မှာ စက်မှုဇုန်မှ ထွက်ရှိလာသော ကုန်ပစ္စည်း များကို ရန်ကုန်မှတစ်ဆင့် လျင်မြန်စွာ တင်ပို့နိုင်မည်ဟုယူဆ၍ ဖြစ်သည်ဟု ဆိုသည်။ မော်လမြိုင်စက်မှုဇုန်အတွက်မူ မော်လမြိုင်ဆိပ်ကမ်းသည် သောင်ထွန်းမှု များကြောင့် သင်္ဘောဆိုက်ကပ်ရန် အခက် အခဲရှိနိုင်သည်ဟု ၎င်းက သုံးသပ်သည်။ ထို့အတူ တနင်္သာရီတိုင်း မြိတ်မြို့ အရှေ့ ဘက် မြန်မာ၊ ထိုင်း နှစ်နိုင်ငံ နယ်စပ် မောင်တောတွင် စက်မှုဇုန်တည်ထောင်ရန် စိတ်ဝင်စားသည့်အချက်မှာ ထိုင်းနိုင်ငံ သင်္ဘောဆိပ်မြို့ ဖက်ပရာချွတ်ကရိစံမြို့ နှင့် နီးစပ်သော်လည်း ACMECS သဘော တူညီမှုတွင် မပါရှိသည့်အတွက် ထပ်မံ ညှိနှိုင်းရမည်ဟု ထင်မြင်မိကြောင်း ထိုင်း နိုင်ငံဘက်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် ဒေသများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင် ရွက်မှုကြောင့် စိုက်ပျိုးရေးနှင့် စက်မှုလုပ် ငန်းများ ပေါ်ထွန်းလာဖွယ်ရှိသည့်နည်းတူ ပထဝီစီးပွားရေး မဟာဗျူဟာအရ ဖွံ့ဖြိုး မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာနိုင် သည့် အလားအလာနှင့် အခွင့်အလမ်း များ ရှိနေသည့် နိုင်ငံတစ်ခု ဖြစ်သည်။ သို့ဖြစ်၍ ဂျပန်နိုင်ငံကဲ့သို့ နိုင်ငံသည်ပင် လျှင် ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ပတ်သက်၍ တရုတ်နိုင်ငံအပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) နိုင်ငံများ အနက် တစ်ခုခုနှင့် တွဲဖက်ရင်းနှီးမြှုပ်နှံ နိုင်ရန် လေ့လာမှုများ ပြုလုပ်လျက်ရှိရာ ဥပမာ–ထိုင်းနိုင်ငံရှိ ဂျပန်ရင်းနှီးမြှုပ်နှံမှု စက်ရုံအလုပ်ရုံများ ဒေသတွင်း နိုင်ငံများသို့ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိသည်ဟု မြန်မာနိုင်ငံအခြေစိုက် JETROမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်း နိုင်ငံ

www.foreverspace.com.mm

ခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပထမဦးဆုံးအကြိမ် ပေါ်ထွန်းလာသည့် ကန်ထရိုက်လယ်ယာစနစ်နှင့်အတူ နှစ်နိုင်ငံ နယ်စပ်ဒေသအတွင်း Special Economic Zone များ၊ Industrial Zone များ၊ Export Processing Zone များ စသဖြင့် Growth Area များအဖြစ် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)၊ ဖက်စပ်ရင်းနှီးမြှုပ်နှံမှု Joint-Venture များ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရာရှိပေမည်ဟု အဆိုပါတာဝန်ရှိသူက သုံးသပ်သည်။

အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် Asian High way Network နှင့် မဲခေါင်ဒေသ (GMS)၏ စီးပွားရေးလမ်းမများ (High way Economic Corridor)များ ဆက်လက်ပေါ်ထွန်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများကို ရရှိလာနိုင်မည် ဖြစ်သည်။ အထူးသဖြင့် အရှေ့–အနောက် စီးပွားရေးဆက်သွယ်မှုလမ်းမကြီး (EWEC-East-West-Econimic Corridor)၏ လမ်းဆုံးသည် မော်လမြိုင်ဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာသို့ (EWEC) ၏ ထွက်ပေါက်ဖြစ်သည်နှင့်အညီ မော်လမြိုင်၊ ရေး၊ ထားဝယ် စသည့် ဒေသများတွင် ရေနက်ဆိပ်ကမ်း အပါအဝင် ကုန်တင်ကုန်ချပြုလုပ်နိုင်သောပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများပါ ဖွံ့ဖြိုးလာနိုင်မည်ဟု စီးပွားရေးအကဲဖြတ်တစ်ဦးက ဆိုသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အရှေ့တောင်အာရှဒေသသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပထမဦးဆုံးအကြိမ် ကန်ထရိုက်လယ်ယာစနစ်ကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ပေါ်ထွန်းလာခြင်းနှင့်အတူ ပထဝီစီးပွားရေးမဟာဗျူဟာများကြောင့် စက်မှုလုပ်ငန်းများ (Agro-Industry)များပါ ပေါ်ထွန်းလာမည် ဖြစ်သည်ဟု စီးပွားရေးပညာရှင်အချို့က သုံးသပ်သည်။

Export Earning ရှိသူများ ပြည်တွင်း၌ လောင်စာဆီ တိုက်ရိုက်ဝယ်ယူခွင့်ရှိ

ရန်ကုန်၊ နိုဝင်ဘာ ၂၃

Export Earning (ပို့ကုန်ဝင်ငွေ) ရှိသော ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းတွင် လိုအပ်လျက်ရှိသော လောင်စာဆီများကို စွမ်းအင်ဝန်ကြီးဌာန၌ တိုက်ရိုက်ဝယ်ယူခွင့်ရှိမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနဖြန့်ချိရေးဌာနညွှန်ကြားရေးမှူး ဦးလှမြင့်မောင်က နိုဝင်ဘာလနောက်ဆုံးပတ်တွင် Living Color သို့ ပြောကြားသည်။

ပြည်တွင်းဖက်စပ်လုပ်ငန်းရှင်များအတွက် ဒီဇယ်တစ်ဂါလန်လျှင် အမေရိကန်ဒေါ်လာ ၂.၅၅ ဒေါ်လာနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များအတွက် ၃ ဒေါ်လာဖြင့် ဝယ်ယူရမည်ဖြစ်ကြောင်း ယင်းဌာနမှ စုံစမ်းသိရှိရသည်။

အခြား ပြည်တွင်းစက်မှုလုပ်ငန်းရှင်များကဲ့သို့ပင် သတ္တုတွင်းလုပ်ငန်းရှင်များသည်လည်း ကိုယ်ပိုင် Earningဖြင့် တိုက်ရိုက်ဝယ်ယူရမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းတစ်ရပ်အရ သိရသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းမှာမူ လုပ်ငန်းရှင်များ လိုအပ်လျက်ရှိသော လောင်စာဆီကို ဝန်ကြီးဌာနမှပင် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါ ဝန်ကြီးဌာနဝန်ကြီးက အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

အိန္ဒိယမှ မြန်မာနိုင်ငံသို့ ဂျုံတန်ချိန်တစ်သောင်း လက်ဆောင်အဖြစ် တင်ပို့

ရန်ကုန်၊ နိုလိုင် ၁၆

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအစီအစဉ်အရ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လက်ဆောင်အဖြစ် ဂျုံတန်ချိန် တစ်သောင်း အောက်တိုဘာလကုန်ပိုင်းတွင် တင်ပို့ပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့ (MIRT) က ပြောကြားသည်။

အဆိုပါဂျုံများသည် ၅၀ ကီလိုဝင် အိတ်ရေ နှစ်သိန်းဖြင့် ရေကြောင်းခရီးမှ ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (MAPT)က လက်ခံရယူခဲ့ကာ MAPT ၏ သိုလှောင်ရုံများတွင် ထားရှိခဲ့ကြောင်း MIRT က ဆိုသည်။ အိန္ဒိယမှ တင်ပို့လိုက်သည့်ဂျုံများကို သက်ဆိုင်ရာ ဂျုံကျွမ်းကျင်သူများက စစ်ဆေးကြည့်ရာ စံချိန်အရည်အသွေးမီသော ဂျုံများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါဂျုံတန်ချိန်တစ်သောင်းကို အစိုးရအစီအစဉ်ဖြင့် ဆက်လက်ဖြန့်ဖြူးသွားမည်ဖြစ်ပြီး ယခုကဲ့သို့ အခြားနိုင်ငံတစ်ခုမှ ဂျုံများ လက်ခံရရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ၁၉၇၀ ခုနှစ်ခန့်က လာအိုနိုင်ငံသို့လည်းကောင်း၊ ၁၉၈၀ ခုနှစ်ခန့်က သီရိလင်္ကာနိုင်ငံသို့လည်းကောင်း မြန်မာနိုင်ငံထွက် ဆန်များကို လက်ဆောင်အဖြစ် တင်ပို့ခဲ့ကြောင်း MIRT က ထပ်လောင်း ပြောကြားသည်။

■

www.foreverspace.com.mm

မြန်မာနိုင်ငံ၌ Data Protection Act ပေါ်ပေါက်ရန်လိုအပ်

ရန်ကုန်၊ နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ၌ ကွန်ပျူတာစနစ်ဖြင့် ပြုစုထားသည့် Data များကို ကာကွယ်ထိန်းသိမ်းရန် Data Protection စနစ်များလိုအပ်နေပြီဖြစ်ကြောင်းနှင့် ကွန်ပျူတာ Software များကို ပြည်ပစျေးကွက်သို့ Outsourcing ပြုလုပ်ကြရာ၌ ကာကွယ်ထိန်းသိမ်းနိုင်ရန် Data Protection Act ပြဋ္ဌာန်းရန်ပါ လိုအပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်က နိုဝင်ဘာလ ၂၂ ရက်နေ့က ပြောကြားသည်။

ထိုနေ့နံနက်ပိုင်းက ရန်ကုန်မြို့လှိုင်မြို့နယ်တက္ကသိုလ်များ လှိုင်နယ်မြေရှိ Myanmar Info-Tech ခန်းမ၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် Data Protection Technologies Seminar တွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ကွန်ပျူတာများအသုံးပြုကြရာ၌ Data သည် Program ထက် အရေးကြီးကြောင်း၊ Program သည် ဝယ်ယူထည့်သွင်း၍ရသော်လည်း Data များ ပျက်စီးဆုံးရှုံးသွားပါက ပြန်လည်အစားထိုး၍ မရနိုင်တော့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာတွင် Data Protection ကို အဓိကထားဆောင်ရွက်နေသကဲ့သို့ Data Protection Act များကို ပင် ပြဋ္ဌာန်းထားသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ၌ ICT စျေးကွက်သည် နှောင့်နှေးနေသည်ကိုတွေ့ရကြောင်း၊ Data များစနစ်တကျအသုံးချနိုင်ရန် Computerized စနစ်သို့ မဖြစ်မနေ ပြောင်းလဲရန်လိုအပ်နေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

အချက်အလက် (Data) သည် မည်သည့်လုပ်ငန်းတွင်မဆို အသက်သွေးကြောပင်ဖြစ်ကြောင်း၊ Data များလာလေလေ ပို၍တန်ဖိုးကြီးလာလေလေ ဖြစ်ကြောင်း၊ Data များ အလွယ်တကူပျက်စီးဆုံးရှုံးနိုင်သည့် နည်းလမ်းများစွာရှိကြောင်း၊ ထို့ကြောင့် ယင်းတို့ကို စနစ်တကျကာကွယ်သိမ်းဆည်းရန်လိုသကဲ့သို့ အခြားလုံခြုံစိတ်ချရသည့် တစ်နေရာရာ၌ပါ Back Up ပြုလုပ်သိမ်းဆည်းထားသင့်ကြောင်း Myanmar Credent Technology မှ အထွေထွေမန်နေဂျာ ဦးဇော်နိုင်က ဆိုသည်။ Data များကို စနစ်တကျကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် CIA ဟုခေါ်သည့် Confidentiality (လုံခြုံမှု)၊ Integrity (မှန်ကန်မှု) နှင့် Availability (အဆင်သင့်ဖြစ်မှု) အချက်သုံးချက်နှင့် ညီညွတ်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်ဦးဝေလင်းကျော်က ထောက်ပြဆွေးနွေးသွားသည်။

ထိုနေ့က Seminar ၌ Data Protection ၏ အရေးပါပုံအကြောင်းကို ဦးဇော်နိုင်ကလည်းကောင်း၊ Data Protection Technologies အကြောင်းကို ဦးဝေလင်းကျော်ကလည်းကောင်း၊ Data Protection System အကြောင်းကို ဦးနေမျိုးထွန်းကလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြပြီး Case Study အဖြစ် Credent Technology Asia မှ Regional Manager Mr. Andrew J.Tan က ဆွေးနွေးသွားခဲ့သည်။

■

ကချင်ပြည်နယ်ဒေသအချို့တွင် ပလက်တီနမ်ထွက်ရှိ

ရန်ကုန်၊ နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ဒေသအချို့တွင် ရွှေဖြူဟုခေါ်သည့် ပလက်တီနမ်သတ္တုကို ရှာဖွေတွေ့ရှိကြောင်း ဖားကန့်ဒေသကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက နိုဝင်ဘာလ တတိယပတ်အတွင်း ပြောကြားသည်။

၁၉၉၅ မှ ၁၉၉၈ ခုနှစ်အတွင်း ကချင်ပြည်နယ် အနောက်တောင်ပိုင်း ငဂျမ်းဒေသတွင် ပလက်တီနမ်နှင့် ပလေဒီယမ်များ စွဲဝင်နေသည့် ကျောက်များကို ချောင်းများအတွင်း ရှာဖွေတွေ့ရှိခဲ့ဖူးသည်ဟုလည်း ၎င်းက ဆိုသည်။ ယခုအခါ ကချင်ပြည်နယ်မြောက်ပိုင်း အင်းတော်ကြီး၊ ကာမိုင်း၊ မိုးကောင်း၊ မိုးညှင်း၊ ဖားကန့် စသည့် ဒေသတို့တွင် သက်ဆိုင်ရာက ရွှေဖြူစွဲဝင်နိုင်သည့် မီးသင့်ကျောက်များကို ရှာဖွေရန် စီစဉ်လျက်ရှိသည်ဟု အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

မြန်မာနိုင်ငံတွင် ရွှေဖြူဟုခေါ်သည့် ပလက်တီနမ်လက်ဝတ်ရတနာဝတ်စားဆင်ယင်မှု အလေ့အထများ မကြာသေးမီနှစ်အနည်းငယ်အတွင်းက ခေတ်စားလာခဲ့သည်။

www.foreverspace.com.mm

စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ပျဉ်းမနားသို့ လောလောဆယ်ပြောင်းရွှေ့ရန် အစီအစဉ်မရှိသေး

&efukef? Edk0ifbm 7

မြန်မာနိုင်ငံအတွင်း ထုတ်ဝေနေကြသည့် ပုဂ္ဂလိကမီဒီယာများအားလုံးကို စိစစ်တည်းဖြတ်နေသော ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသည် ယခုလက်ရှိ ဗဟန်းမြို့နယ် ဝက်ဘာလမ်းရှိရုံးကို အစိုးရအဖွဲ့ ပြောင်းရွှေ့ရုံးစိုက်ရာ ပျဉ်းမနားမြို့နယ်သို့ လောလောဆယ် ရွှေ့ပြောင်းရန် အစီအစဉ် မရှိသေးကြောင်း ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဝင်ဘာလ ၇ ရက်နေ့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲအပြီးတွင် Living Color ၏ မေးမြန်းချက်ကို ဖြေကြားသည်။

စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသည် လက်ရှိထုတ်ဝေဖြန့်ချိနေသော မဂ္ဂဇင်း၊ ဂျာနယ်၊ လုံးချင်း စာအုပ်စာတမ်းများ၊ တေးသီချင်း၊ တီဗွီ၊ ဗီစီဒီ၊ ဒီဗီဒီများ၊ ရုပ်ရှင်ဗီဒီယိုဇာတ်ကားများကို ဆင်ဆာ ပုံမှန်ပြုလုပ်ပေးလျက်ရှိသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရပြန်ကြားရေးဝန်ကြီးဌာနမှ ပုံနှိပ်သူများနှင့် ပုံနှိပ်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ကြေညာကာ Press Security Board (PSB) ကို တည်ထောင်ခဲ့သည်။ ထိုနှစ် နိဝင်ဘာလ ၁၅ ရက်နေ့မှစ၍ PSB သို့ ပုံနှိပ်စက်ပိုင်ရှင်များနှင့် ထုတ်ဝေသူများက ၎င်းတို့ပုံနှိပ်ထုတ်ဝေမည့် စာအုပ်စာတမ်းများကို PSB သို့ ဦးစွာကော်ပီ နှစ်စုံပေးပို့ခဲ့ရသည်။ ထို့နောက် ကော်ပီသုံးစုံသို့ ပြောင်းလဲသွားပြီးနောက် PSB ကိုလည်း ဝန်ထမ်းအင်အား ၃၀ ဦးအထိ တိုးချဲ့ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင်မူ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်မှ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်သို့ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနအမည်ဖြင့် ပြောင်းရွှေ့ခဲ့သည်။ ၂၀၀၅ ခုနှစ် ဧပြီလမှစတင်၍ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှ ပြန်ကြားရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့သည်။

၂၀၀၅ ခုနှစ်အတွင်း စာပေတန်ဖိုးရှိသော စာအုပ်ကောင်းများစွာထွက်ရှိ၊ စာအုပ်များ၏ အရည်အသွေးလည်း အထူးကောင်းမွန်

သတင်းဆောင်းပါး – မင်းသက်ရှင်

၉–၁၂–၂၀၀၅

မြန်မာစာပေတွင် တိမ်မြုပ်နေသော စာအုပ်ကောင်းများ၊ စာပေအဆင့်အတန်းမြင့်သောစာအုပ်များ၊ အကျိုးအမြတ်မရေရာသော်လည်း ထွက်ရှိသင့်သည့်စာအုပ်များ ၂၀၀၅ ခုနှစ်အတွင်း အားရလောက်အောင် ထွက်ရှိခဲ့ကြောင်း စာပေဝါသနာရှင်များက တညီတညွတ်တည်း သုံးသပ်ကြသည်။

မြန်မာ့စာအုပ်ထုတ်ဝေရေးသည် ပုံမှန်လည်ပတ်လျက်ရှိသော်လည်း နှစ်အလိုက်ပြန်လည်သုံးသပ်ကြည့်လျှင် စာအုပ်ထုတ်ဝေရေးသည် အရည်အသွေးထက် အရေအတွက်သာ ဖြစ်နေခဲ့သည်။ တစ်နှစ်တစ်နှစ်အတွင်း စာပေတန်ဖိုးရှိသော စာအုပ်အနည်းငယ်မျှသာ ထွက်ရှိသည်။ စာဖတ်ပရိသတ်အင်အား နယ်ကျဉ်းမှု၊ အကျိုးအမြတ်ထွက်ရန် မသေချာမှု၊ အရင်းအနှီးများမှုတို့ကြောင့် ယင်းသို့ တုံ့ဆိုင်းတုံ့ဆိုင်းထွက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ်အတွင်းမှာမူ စာအုပ်တိုက်အသီးသီးက စာပေအဆင့်အတန်းမြင့်သော စာအုပ်ဟောင်း၊ စာအုပ်သစ်များကို ဂုဏ်ယူစွာ ထုတ်ဝေခဲ့သည်မှာ ထူးခြားကြောင်း စာအုပ်စုဆောင်းသူတစ်ဦးဖြစ်သူ ဦးလှအောင်က ပြောကြားသည်။

အဖိုးတန်သမိုင်းကျမ်းဟောင်းများ အနက် မြန်မာမင်းများ အရေးတော်ပုံ [အရေးတော်ပုံ(၆)စောင်တွဲ] ၊ နိုင်ပန်းလှတည်းဖြတ်သော ရာဇဓိရာဇ်အရေးတော်ပုံကျမ်း၊ ဒဂုန်ခင်ခင်လေး၏ ရတနာပုံနိဒါန်းနှင့် နိဂုံးတို့ကို ထပ်မံပုံနှိပ်ပြီး သမိုင်းစာအုပ်သစ်များမှာ ဒေါက်တာသန်းထွန်း၏

www.foreverspace.com.mm

ပုဂံခေတ်နိုင်ငံရေးသမိုင်း၊ ပုဂံခေတ်လူမှုရေးသမိုင်း၊ မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်အလွန်(ပထမအုပ်)၊ ဒေါက်တာသန်းထွန်း၏ မြန်မာထွေထွေရာရာသမိုင်း၊ ဒေါက်တာတိုးလှ၏ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြင်္ဘာန်းနှင့် (မြန်မာ့အချုပ်အခြာအာဏာ၏ တည်ရာဗဟိုချက်ကို စူးစမ်းခြင်း) စသည်တို့ ပါဝင်သည်။

ရှားပါးနေပြီဖြစ်သော ဆရာယုဒသန် (ဒေါက်တာဂျပ်ဆင်)၏ ယုဒသန်မြန်မာ–အင်္ဂလိပ်အဘိဓာန်၊ ဦးမောင်မောင်တင်(၁) ပြုစုသော ရွှေနန်းသုံးဝေါဟာရအဘိဓာန်တို့ ပြန်လည်ထွက်ရှိလာသည်။ ဘောဂဗေဒပညာရပ်အတွက် မောင်စူးစမ်းပြန်လည်ဖြည့်စွက်တည်းဖြတ်သော စီးပွားရေးအဘိဓာန်နှင့် ဦးကြည်မြင့်၏ အသစ်ထွက်ရှိသော အားလုံးအတွက် စီးပွားရေးပညာအဘိဓာန်တို့ ထွက်ရှိသည်။ ယနေ့ဗုဒ္ဓစာပေလောကတွင် ထင်ရှားသော ရဟန်းတော်တစ်ပါးဖြစ်သည့် အရှင်ဓမ္မသာမိဘိဝံသ၏ ခေတ်မီ ပါဠိ–မြန်မာအဘိဓာန်လည်း ထွက်ရှိသည်။ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်က ၂၀၀၅ ခုနှစ်အတွင်း ထုတ်ဝေသော (၇) ကြိမ်မြောက် တည်းဖြတ်သည့် Oxford Advanced Learner's Dictionary လည်း မြန်မာနိုင်ငံတွင် မရှေးမနှောင်းဖြန့်ချိရောင်းချခဲ့သည်။ အသုံးပြုသည့်နယ်ပယ်နည်းနိုင်သည့်တိုင် စာကြည့်တိုက်များအတွက် အသုံးဝင်မည့် ခေတ်သုံးစာကြည့်တိုက်ဝေါဟာရအဘိဓာန်ကို ဦးသိန်းလွင်က ပြုစုသည်။

နိဝင်ဘာ ၃၀ ရက်နေ့တွင် ကွယ်လွန်သွားသော ဒေါက်တာသန်းထွန်းသည် ၂၀၀၅ ခုနှစ်အတွင်း သမိုင်းစာအုပ်များအပြင် ဘာသာပြန်ဝတ္ထု (မိုးကျရွှေကိုယ်–၃ တွဲ)၊ မနုဿဗေဒ (လူကျော်) စသည့် စာအုပ်များကိုလည်း ရေးအားကောင်းကောင်းဖြင့် ရေးသားသွားသည်။ အရှိန်အဟုန်ဖြင့် ကြီးထွားလာသော စာနယ်ဇင်းလောကအတွက် အထောက်အကူပေးမည့် စာအုပ်များလည်း ထွက်ရှိလာသည်။ မြန်မာ့အလင်းသန်းညွန့်၏ ကျွန်တော်ဆုံခဲ့ရသော သတင်းစာဆရာကြီးများ၊ ဂါးဒီးယန်း ဦးစိန်ဝင်း၏ အခြေပြသတင်းစာပညာ၊ မောင်ဝံသ၏ သတင်းစာပညာသဘောတရားနှင့် လက်တွေ့တို့ ဖြစ်သည်။

စာအုပ်ဆိုင်များ၏ အရောင်းစင်ပေါ်တွင် စာအုပ်ကောင်းများ တွေ့မြင်လာရသည်

စာမျက်နှာများစွာပါဝင်သော ဂန္ထဝင်ဝတ္ထုကြီးများလည်း ထွက်ပေါ်လာရာ ဈေးကြီးမြင့်သည့်တိုင် ဈေးကွက်အခိုင်အမာတစ်ခုရှိကြောင်း စာအုပ်အရောင်းဆိုင်တစ်ခုက ပြောကြားသည်။ ဝတ္ထုရှည်ကြီးများတွင် မောင်ထွန်းသူ ဘာသာပြန်သော ဆိုင်ဂုံ(နှစ်အုပ်တွဲ)၊ မောင်မိုးသူဘာသာပြန်သော လင်းယုန်တို့၏အောင်ပွဲအပါအဝင် ဘာသာပြန်ဝတ္ထုရှည်ကြီးများ၊ သခင်တင်မြ၏ ဘုံဘဝမှာဖြင့်၊ သီဟရတနာစာပေ အုပ် ၁၀၀ ပြည့်အဖြစ် ထုတ်ဝေသော ၂၀ ရာစု မြန်မာဝတ္ထုတို ၁၀၀၊ စာရေးဆရာ ၁၀၀ စသော စာအုပ်များ သေသပ်ခဲ့ညားစွာ ထွက်ရှိလာသည်။

မြန်မာဘာသာစကားနှင့်ပတ်သက်၍ မောင်ခင်မင်(ခနဖြူ)၏ စာအုပ်ဟောင်း၊ စာအုပ်သစ်များ ထွက်ရှိလာပြီး လှသမိန်၏ မြန်မာစကားပုံအဓိပ္ပာယ်နှင့် သုံးနည်း၊ မြန်မာဘန်းစကားအဓိပ္ပာယ်နှင့် သုံးနည်းစသော စာအုပ်များ၊ မြန်မာစာအဖွဲ့၏ မြန်မာသဒ္ဒါ စသည်တို့ ထွက်ရှိလာသည်။ မြန်မာ့ဒဿနပညာကို ဖော်ထုတ်နိဒါန်းပျိုးသည့် ဒေါက်တာဆန်းထွန်း (ဒဿနိကဗေဒ)၏ ကိုယ့်ရင်ထဲက ရွှမျှော်ခင်းလည်း ထွက်ရှိလာသည်။

၂၀၀၅ ခုနှစ်အတွင်း စာအုပ်ကောင်းအများအပြား ထွက်ရှိလာခြင်းမှာ စာအုပ်တိုက်များ၏ သဘောထားပြောင်းလဲမှုကြောင့်ဖြစ်ကြောင်း၊ စာအုပ်အရေအတွက် အကျိုးအမြတ်ထက် စာအုပ်တို့၏ အရှိန်အဝါသြဇာကိုပါ ထည့်တွက်လာသောကြောင့်ဖြစ်ကြောင်း စာဖတ်ဝါသနာရှင် ဦးသာထွန်းအောင်က ပြောကြားသည်။ ၂၀၀၅ ခုနှစ်တွင် စာမျက်နှာများစွာ ပါဝင်ပြီး ချုပ်လုပ်မှုသေသပ်သော စာအုပ်ကောင်းများစွာ အဆက်မပြတ်ထွက်ပေါ်လာရာ စာအုပ်တစ်အုပ်၏ဈေးမှာ ၁၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်အထိ စာအုပ်အမျိုးအစားအလိုက် ဈေးရှိခဲ့ကြောင်း၊ သို့သော် သပ်ရပ်ခံ့ညားမှု၊ စာအုပ်အပြင်အဆင်၊ စာအကျအပေါက်နည်းမှုနှင့် ကာလကြာရှည်သိမ်းဆည်းရန် အရည်အသွေးရှိမှုတို့ တတ်နိုင်သမျှ ဝယ်ဖြစ်ကြောင်း ရခိုင်ပြည်နယ်

www.foreverspace.com.mm

ရသေ့တောင်မြို့တွင် ကိုယ်ထူကိုယ်ထ စာကြည့်တိုက်တစ်ခု တည်ထောင်ထားသူ အရှင်ဓမ္မသာရက ပြောကြားသည်။

စာအုပ်ကောင်းများ ထွက်ရှိလာခြင်း၊ စာကောင်းပေကောင်းများကို အမြတ်တနိုး ဖတ်ရှုလေ့လာသည့် စာဖတ်ပရိသတ် အထိုက်အလျောက်အခိုင်အမာရှိလာခြင်း တို့သည် စာဖတ်သူများ၏ အဆင့်အတန်း မြင့်လာမှုနှင့် အသိပညာ ပိုမိုနိုးကြားလာ ခြင်းကို ညွှန်ပြကြောင်း ရန်ကုန်မြို့ စမ်း ချောင်းမြို့နယ်တွင် အခြေစိုက်သော EDP ဗဟုစာပေစာကြည့်တိုက်၏ စာကြည့်တိုက် မှူး ဦးကျော်စွာက သုံးသပ်သည်။

ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးသူများကို နာရီဝက်အတွင်းထုတ်ပေး

ရန်ကုန်၊ နိုဝင်ဘာ ၂၅

ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီး မှူးဝီးဒ်ဒုနေ (အရှေ့ပိုင်းခရိုင်) ရုံးရှိ ယာဉ် မောင်းလိုင်စင်သက်တမ်း တိုးမြှင့်ခွင့်ပြု သည့်ဌာနသည် လိုင်စင်သက်တမ်းတိုးသူ များအား နာရီဝက်အတွင်း လိုင်စင်သစ် များ လျင်မြန်စွာထုတ်ပေးလျက်ရှိကြောင်း နိုဝင်ဘာ ၂၄ ရက်နေ့ 'ခ' လိုင်စင်သက် တမ်းတိုးခဲ့သူ ဦးအောင်ကျော်က ပြော ကြားသည်။

'ခ' လိုင်စင်သက်တမ်းတိုးခြင်း အတွက်စုစုပေါင်းငွေကျပ် ၁၆၀၀ သာ ပေးသွင်းရကြောင်း၊ သို့ရာတွင် ယင်းငွေကို ရုံးတွင်းရှိဝန်ထမ်းမှ တာဝန်ယူဆောင် ရွက်ပေးပြီး နာရီဝက်အကြာတွင် လိုင်စင် သစ်ကိုရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက် လက်ပြောဆိုသည်။

Phoenix News

Medical Online Service (သို့) ကျန်းမာရေး ဝန်ဆောင်မှုအသွင်သစ်

သတင်းဆောင်းပါး – သန်းထူး

၈-၁၂-၂၀၀၅

မြန်မာနိုင်ငံတွင် အင်တာနက်ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာသည့် အလျောက် အင်တာနက်နှင့်ချိတ်ဆက် အသုံးပြုရသော လုပ်ငန်းများ၊ ဝန်ဆောင် မှုများလည်း ပေါ်ပေါက်လာကာ ယခုအခါ Onlineမှတစ်ဆင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ရှာဖွေကုစားကာ အမေးအဖြေပါပြုလုပ်နိုင်သည့် ကျန်းမာရေးဝန် ဆောင်မှု ပေါ်ပေါက်လာသဖြင့် လူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အသွင်သစ်တစ်ခုဖြစ်လာကြောင်း ဆရာဝန်တစ်ဦးက သုံးသပ်ပြောကြားသည်။

ကျန်းမာရေးနှင့်ပတ်သက်ပြီး ယခင် က ဆေးရုံ၊ ဆေးခန်းနှင့် တိုင်းရင်းဆေး ဆရာ၊ သမားတော်များကိုသာ တိုက်ရိုက် အားကိုးခဲ့ရသော ပြည်သူများအတွက် ယခုအခါ အဆိုပါဆေးရုံဆေးခန်းများသို့ ငွေကြေးအကုန်အကျခံ၊ အချိန်ကုန်ခံကာ ကိုယ်တိုင်သွားရောက်စရာ မလိုအပ်တော့ ဘဲ Online မှ အလွယ်တကူ စုံစမ်းမေး မြန်းနိုင်သော ဝန်ဆောင်မှုတစ်ရပ်ကို N.I. C.E Ltd. Myanmar Biz Explore Internet Service က myanmarmedicine. com Website ကို လွှင့်တင်လိုက်ပြီဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦး ကျော်သီဟက ပြောကြားသည်။

အဆိုပါ Website တွင် ကျန်းမာ ရေးဆိုင်ရာ အမေးအဖြေများကို သက် ဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့် အချိန်တိုအတွင်းပြုလုပ်နိုင်ကြောင်း၊ ရန်ကုန် ရှိဆေးရုံကြီးများ၏ ဝန်ဆောင်မှုများ၊ အခန်းခများ၊ ခွဲစိတ်ကုသမှုများနှင့် အထွေ ထွေဝန်ဆောင်စရိတ်နှုန်းထားများကို ထည့် သွင်းပေးထားကြောင်း၊ ဆရာဝန် အစွဲရှိ

ထိုင်ရာမထ ကျန်းမာရေးဝန်ဆောင်မှု ရယူနိုင်ဖြိုဖြစ်သည်

www.foreverspace.com.mm

သူများအတွက် နာမည်ကြီးအထူးကုဆရာဝန်ကြီးများထိုင်သောဆေးခန်းများ၊ ဂျူတီဝင်သောအချိန်များ၊ ၎င်းတို့နှင့်ဆက်သွယ်ရမည့် ဆက်သွယ်ရန်လိပ်စာများကိုပါ အပြည့်စုံဆုံး ထည့်သွင်းထားကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ယနေ့ခေတ်တွင် အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံဆေးခန်းများ အများအပြားဖွင့်လှစ်လာနိုင်ပြီး၊ ဆေးပညာရပ်တွင် အသည်းအစားထိုးကုသနိုင်သည်အထိ အောင်မြင်လာခဲ့သော်လည်း အဆိုပါဆေးရုံ ဆေးခန်းများ၏ အချက်အလက်ကိုမူ အလွယ်တကူမသိရှိနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါအချက်အလက်များကို ရှာဖွေစုဆောင်းပြီး လူထုအတွက် အဆင်ပြေနိုင်မည့် ယခုကဲ့သို့ Onlineဝန်ဆောင်မှုမျိုးကို ကြိုဆိုကြောင်း စမ်းချောင်းမြို့နယ် မြေနီကုန်းဈေးလမ်းတွင် နေထိုင်သူ ကုမ္ပဏီဒါရိုက်တာ ဒေါ်ငကေခိုင်က ပြောကြားသည်။

အဆိုပါ Website တွင် Online Pharmacy ကဏ္ဍလည်းပါရှိပြီး ယင်းကဏ္ဍတွင် အသည်းရောဂါ၊ သွေးချိုဆီးချို၊ အစာအိမ်ရောဂါ၊ မျက်စိ၊ အမြင်အာရုံဝါးစသည့် ရောဂါအသီးသီးနှင့်သက်ဆိုင်သော အနောက်တိုင်းဆေးဝါးများ၊ တိုင်းရင်းဆေးများနှင့် Alternative သဘာဝသစ်သီး၊ သစ်ဥများကို ဖော်စပ်ထားသောဆေးဝါးများဖြင့် သီးခြားစီဖော်ပြထားသည့်အတွက် မိမိရောဂါနှင့်ပတ်သက်သော ဆေးများအကြောင်းကို ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်စရာမလိုဘဲ သိရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်း Online စာမျက်နှာတွင် ဝမ်းရောဂါ၊ သွားရောဂါ၊ ဆံပင်ရောဂါ၊ နားရောဂါ၊ ကလေးရောဂါ၊ အရေပြားရောဂါ၊ လိင်မှုဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ အဆုတ်ရောဂါ၊ ၄င်္ကျားရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ စသည့် လူတွင်အဖြစ်များသော ရောဂါ ၂၃ မျိုးအကြောင်းနှင့် ယင်းရောဂါဖြစ်သူများ မှီဝဲရမည့် ဆေးဝါးများအကြောင်းပါ ဖော်ပြထားသည်။

ယင်းကဲ့သို့ပင် ရာသီဥတုနှင့် အစားအသောက်များခြင်းကြောင့် ဖြစ်လေ့ရှိသော ရောဂါများအတွက် အစားအစာစားသောက်ခြင်းဖြင့် ကုစားနိုင်ကာ ရောဂါကိုထိန်းထားနိုင်သော ဆေးဖက်ဝင်သစ်သီး၊ ဟင်းသီးဟင်းရွက်များအကြောင်း၊ ယင်းတို့ကို စားသုံးရမည့်ပမာဏနှင့် အသုံးပြုပုံများကိုလည်း 'Food Guide For Health' ကဏ္ဍဖြင့် Online စာမျက်နှာပေါ်တွင် တွေ့ရှိနိုင်သေးကြောင်း စိုက်ပျိုးရေးဘွဲ့ရ ကိုအောင်တင်ဝင်းက ပြောကြားသည်။

ယခုကဲ့သို့ ကျန်းမာရေးလမ်းညွှန်ဆိုင်ရာ Website မျိုးကို ယခင် IT ကုမ္ပဏီတစ်ခုက ကြိုးစားခဲ့သော်လည်း ယခုကဲ့သို့ အကောင်အထည်မဖော်နိုင်ခဲ့ကြောင်း၊ ယခု Website တွင် အလှကြိုက်သော အမျိုးသမီးများအတွက် Fitness, Body Shape, Aerobics, Step Aerobics

မိတ္ထီလာကန် ပြန်လည်တူးဖော်မည်

ရန်ကုန်၊ အောက်တိုဘာ ၂၅

မန္တလေးတိုင်း မိတ္ထီလာမြို့နယ်ရှိ တဖြည်းဖြည်း တိမ်ကောလာနေသော မြန်မာ့သမိုင်းဝင် မိတ္ထီလာကန်ကြီးကို လာမည့်နွေရာသီကာလအတွင်း ပြန်လည်တူးဖော်မည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ သတင်းထုတ်ပြန်ရေးအဖွဲ့မှ တာဝန်ရှိသူ ဒုတိယအထွေထွေမန်နေဂျာဦးစံညွန့်က ပြောကြားသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်တွင် အောက်တိုဘာ ၁၃ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ယင်းကိစ္စကို ထည့်သွင်းပြောကြားသွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပါသော အဆိုပါကန်တွင် နှန်းအနည်အနှစ်များထိုင်ကာ တဖြည်းဖြည်း တိမ်ကောလာပြီး ရေသိုလှောင်ထိန်းသိမ်းထားနိုင်မှု လျော့နည်းလာသည့်အတွက်ကြောင့် ပြန်လည်တူးဖော်ရန် ပြင်ဆင်ရခြင်းဖြစ်ကြောင်း ဦးစံညွန့်က ရှင်းပြသည်။

လယ်ယာမြေများအတွင်း နုန်းအနည်အနှစ်များ ထည့်သွင်းပါက မြေဆီပိုကောင်းကာ သီးနှံပိုမိုဖြစ်ထွန်းကြောင်း မြစ်ရေတင်စီမံကိန်းများတွင် တွေ့ရှိလာရာ မိတ္ထီလာကန်တူးဖော်ရာမှရရှိသော နုန်းများကိုလည်း မိတ္ထီလာခရိုင်အတွင်းရှိ လယ်ကွက်များအတွင်း ထည့်သွင်းသွားရန်ရှိကြောင်း ၎င်းက ဆိုသည်။

မိတ္ထီလာကန်၏ထူးခြားချက်မှာ ကန်လယ်တွင်အရှေ့အနောက်ဖြတ်၍ တည်ဆောက်ထားသော တံတားတစ်ဖက်တစ်ချက်စီရှိရသည် ရေကြည်ရေနောက်ကွဲပြားစွာရှိနေခြင်းဖြစ်သည်ဟု ဒေသခံများက ပြောကြားသည်။

Phoenix News

www.foreverspace.com.mm

နှင့် Yoga ကဏ္ဍများလည်း ပါဝင်သဖြင့် အမျိုးသမီးအတွက် သင့်တော်ကြောင်း စီးပွားရေးဘာသာရပ်ဖြင့် ဘွဲ့ရသူ ဒေါ်ကေသီဝင်းက ပြောကြားသည်။

ဖွံ့ဖြိုးဆဲဖြစ်သော မြန်မာနိုင်ငံတွင် အင်တာနက်ဆက်သွယ်ရေးနည်းပညာများ တဖြည်းဖြည်းဖွံ့ဖြိုးလာသကဲ့သို့ အင်တာနက်ဖြင့် ချိတ်ဆက်အသုံးပြုသော ဆက်သွယ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ အများအပြားပေါ်ပေါက်လာသော်လည်း IT နည်းပညာနှင့်ပတ်သက်သောလုပ်ငန်းများ နောက်ထပ်လုပ်ကိုင်ရန် အခွင့်အရေး များစွာ ကျန်ရှိနေသေးကြောင်း Myanmar Credent Technology မှ အထွေထွေမန်နေဂျာ ဦးဇော်နိုင်က သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိ

ရန်ကုန်၊ နိုဝင်ဘာ ၉

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း

ကမ္ဘာနှင့်အဝန်း ဖြစ်ပွားလျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတွင် ဖြစ်ပွားမှု မရှိသေးကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ပြီးခဲ့သည့် နိုဝင်ဘာလ ၈ ရက် အင်္ဂါနေ့က မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၌ ကျင်းပခဲ့သည့် အပတ်စဉ် ပုံမှန် အစည်းအဝေးတွင်ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်ကထက် ကြိုတင်ကာကွယ်မှုလုပ်ငန်းများနှင့် အစမ်းလေ့ကျင့်မှုများပြုလုပ်ထားသည်ဟု ဆိုသည်။

ပြီးခဲ့သည့်လအတွင်းက ကျိုင်းတုံဒေသတွင် ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားသည်ဟု သတင်းများ ထွက်ပေါ်ခဲ့ရာ သက်ဆိုင်ရာကျန်းမာရေးအဖွဲ့အစည်းများက သွားရောက်စစ်ဆေး၍ ပြည်ပတွင် ဓာတ်ခွဲစစ်ဆေးမှုပြုလုပ်ခဲ့သော်လည်း သာမန်လူတွင် ဖြစ်ပွားခဲ့သည့် တုပ်ကွေးရောဂါသာဖြစ်သည်ဟု ဝန်ကြီးက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအပါအဝင် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပွားမှုမရှိသေးသည်မှာ မြန်မာနိုင်ငံမြောက်ဖျားရှိ ရေခဲတောင်တန်းများသည် ငှက်ပျံလမ်းကြောင်း မကျရောက်နိုင်သည့် သဘာဝအတားအဆီးများအဖြစ် ရှိနေခြင်းနှင့် မြန်မာနိုင်ငံတွင် ကြက်မွေးမြူရေးနှင့် ပတ်သက်ပြီး ကြီးကြီးမားမားမွေးမြူမှုမရှိဘဲ အလတ်စားနှင့် အသေးစားမွေးမြူရေးများသာ ရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း တိမ်မြေးကုဆရာဝန်တစ်ဦးက ဆိုသည်။

ပြီးခဲ့သည့်အပတ်အတွင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီလက်အောက်ရှိ တိရစ္ဆာန်ဆေးကုသရေးနှင့် သားသတ်ဌာနက စာကလေး၊ ခို၊ ကျီးကန်း စသည့် တိရစ္ဆာန်ငါးကောင်စီခန့်ကို ဓာတ်ခွဲစမ်းသပ်ကြည့်ရှုရာ ကြက်ငှက်တုပ်ကွေးရောဂါမရှိကြောင်း အဆိုပါ ဆရာဝန်က ရှင်းလင်းပြောဆိုသည်။

■

ကြက်ကောင်ရေ သိန်း ၇၀ ခန့် သွေးဖောက်စစ်ဆေး

ရန်ကုန်၊ နိုဝင်ဘာ ၁၀

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၁၅၄ မြို့နယ်တွင် ကြက်ခြံ ၇၆၉၉ ခြံ၌ မွေးမြူထားသော ကြက်ကောင်ရေ သိန်း ၇၀ ခန့်ကို စက်တင်ဘာလအတွင်း သွေးဖောက်စစ်ဆေးခဲ့ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခြင်းမရှိသော်လည်း စားသုံးသူများမှာ ကြက်သားကို သံသယရှိနေကြောင်း၊ မြန်မာဓလေ့ချက်ပြုတ်စားသုံးခြင်းသည် ရောဂါဖြစ်ပွားမှုမရှိသော်လည်း ကြိုတင်ကာကွယ်နိုင်ရန် ရန်ကုန်မြို့ရှိ မြို့နယ် ၅၄ မြို့နယ်မှ စားသောက်ဆိုင် ၆၉၂ ဆိုင်ကို ဝင်ရောက်စစ်ဆေးခဲ့ကြောင်း ၎င်းက ဆိုသည်။

ထို့အပြင် ကြက်မွေးမြူရေးခြံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပြီး အများပြည်သူများလိုက်နာဆောင်ရွက်နိုင်ရန် ပညာပေးအစီအစဉ်များ ပြုလုပ်နေကြောင်း ၎င်း၏အဆိုအရ သိရသည်။

www.foreverspace.com.mm

ဒုတိယအကြိမ် မော်တော်ယာဉ်များလေလံတင်ရောင်းချပွဲတွင် သတ်မှတ်ကြမ်းခင်းဈေးမမီသည့် မော်တော်ယာဉ်အရေအတွက် များပြား

ရန်ကုန်၊ နိုဝင်ဘာ ၁၂

နိုင်ငံပိုင်သိမ်းဆည်းပစ္စည်းများ စီမံခန့်ခွဲရေးကော်မတီ၏ ဒုတိယအကြိမ် မော်တော်ယာဉ်များ ချိပ်ပိတ်တင်ဒါစနစ်ဖြင့်ရောင်းချပွဲတွင် ယခင်ကျင်းပခဲ့သည့် မော်တော်ယာဉ်လေလံပွဲထက် သတ်မှတ်ကြမ်းခင်းဈေးမပြည့်မီ၍ ရောင်းချရန် ဖျက်သိမ်းလိုက်ရသည့် မော်တော်ယာဉ်အရေအတွက် များပြားကြောင်း အဆိုပါ ချိပ်ပိတ်တင်ဒါပွဲ ပြုလုပ်သည့် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မော်တော်ယာဉ်လေလံဝင်ဆွဲသူတစ်ဦးက Living Color သို့ ပြောကြားသည်။

ယင်း ဒုတိယအကြိမ်လေလံပွဲတွင် ယခင် ပထမအကြိမ်ကျင်းပခဲ့သည့် လေလံပွဲလက်ကျန် မော်တော်ယာဉ်အစီး ၂၀ အပါအဝင်၊ စုစုပေါင်း အစီး ၈၀ နှင့် မော်တော်ဆိုင်ကယ် ၁၄၈ စီး ချိပ်ပိတ်လေလံစနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး ရောင်းချသည့် မော်တော်ယာဉ်အားလုံး၏ လေးပုံသုံးပုံခန့် ကြမ်းခင်းဈေးမမီ၍ ရောင်းချရန် ဖျက်သိမ်းခဲ့ကြောင်း မော်တော်ယာဉ်များ လေလံဝင်ဆွဲသူတစ်ဦးဖြစ်သည့် ဦးမြင့်သိန်းက ပြောသည်။

ယခုနှစ် အောက်တိုဘာလကုန်ပိုင်းမှစတင်၍ ကားဈေးနှုန်းများ လျော့ကျမှုကြောင့် အဆိုပါလေလံပွဲအတွင်း ဝယ်ယူသူများဘက်မှ ၎င်းတို့ တွက်ခြေကိုက်ရန် လေလံရရှိမည့် မော်တော်ယာဉ်အပေါ် ပြုပြင်ရမည့် စရိတ်စကများ ခန့်မှန်းတွက်ချက်၍ ဈေးလျော့ပေးခြင်းကြောင့် ယင်းကဲ့သို့ ကြမ်းခင်းဈေးမပြည့်မီသည့် အရေအတွက် များပြားခဲ့ရခြင်းဖြစ်သည့်အပြင် ပထမအကြိမ်လေလံပွဲကဲ့သို့ အထက်ကားအများစုပါဝင်မှု လျော့နည်းခြင်းကြောင့် ယင်းကဲ့သို့ ကားအရောင်းအဝယ်လုပ်ကိုင်သူများ စိတ်ဝင်စားမှု နည်းပါးရခြင်းဖြစ်ကြောင်းလည်း ထိုပွဲသို့တက်ရောက်လာသည့် ကားဝယ်ရောင်းသမားတစ်ဦးက သုံးသပ်ပြောဆိုသည်။

အဆိုပါ ဒုတိယအကြိမ်မော်တော်ယာဉ်လေလံပွဲကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟို စက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန အမှတ်–၆၂၂၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ချိပ်ပိတ်တင်ဒါစနစ်ဖြင့်ရောင်းချသည့် မော်တော်ဆိုင်ကယ် ၁၄၈ စီးလုံး ရောင်းချနိုင်ခဲ့သော်လည်း မော်တော်ကားများကိုမူ အစီး ၈၀ အနက် လေးပုံတစ်ပုံခန့်ရောင်းချရန် ကျန်ရှိနေခြင်းကြောင့် နောက်တစ်ကြိမ်ထပ်မံပြုလုပ်မည့် မော်တော်ယာဉ်လေလံပွဲတွင် ကျန်ရှိမော်တော်ယာဉ်များ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိကြောင်း လေလံပွဲတက်ရောက်လာသူတစ်ဦးကဆိုသည်။

မြန်မာအပါအဝင် အိမ်နီးချင်းနိုင်ငံများမှ အထွေထွေလုပ်သား ငါးသိန်းကျော် ဝင်ရောက်လုပ်ကိုင်ရန် ထိုင်းခွင့်ပြု

ရန်ကုန်၊ နိုဝင်ဘာ ၇

ထိုင်းနိုင်ငံ၏ အခြေခံလုပ်သားအင်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် မြန်မာအပါအဝင် အိမ်နီးချင်း နိုင်ငံများမှ အထွေထွေလုပ်သား ငါးသိန်းထက်မနည်းကို ထိုင်းအလုပ်သမားဝန်ကြီးဌာနက နိုဝင်ဘာလ ပထမပတ်တွင် တရားဝင်ခေါ်ယူ လုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ပြည်ပမှအခြေခံလုပ်သား ၁.၇ သန်းခန့် လိုအပ်လျက် ရှိပြီး ယခုအချိန်အထိ ၁.၂ သန်းခန့်ကို ထိုင်းအစိုးရက တရားဝင်ခွင့်ပြုထားသည့်အပြင် ပြည်တွင်းလုပ်သားလိုအပ်ချက်ကြောင့် ယခုကဲ့သို့ ခွင့်ပြုခြင်း ဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးက ပြောကြားသည်။ ထိုင်း ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများက ပြည်တွင်းလုပ်ငန်းခွင်များတွင် အလုပ်သမားပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် မြန်မာအပါအဝင် အိမ်နီးချင်းနိုင်ငံများမှ ဆောက်လုပ်ရေးလုပ်သားများအတွက် စည်းမျဉ်းအချို့ လျော့ပေါ့ပေးရန် လွန်ခဲ့သည့်လ အနည်းငယ်က တိုက်တွန်းထားသည်။

ယင်းအလုပ်သမားခေါ်ယူရေးနှင့်ပတ်သက်၍ ထိုင်းအလုပ်သမားဝန်ကြီးဌာနသည် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ လုပ်သားဦးရေ တစ်သိန်းကျော်စီ ခေါ်ယူရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ဆွေးနွေးလျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm

SEA GAME တိုက်ကွမ်ဒိုရွှေတံဆိပ်ရသူများ ယုဇနတိုက်ခန်းရမည်

ရန်ကုန်၊ နိုဝင်ဘာ ၁၉

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာတိုက်ကွမ်ဒို အားကစားသမားများအား ရွှေတံဆိပ်ရရှိပါက ယုဇနဥယျာဉ်မြို့တော်တွင် တိုက်ခန်းတစ်ခန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တိုက်ကွမ်ဒို အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

မြန်မာနိုင်ငံမှ တိုက်ကွမ်ဒိုအားကစားသမားများကို အဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ ယုဇနဦးဌေးမြင့်က ကိုရီးယားနိုင်ငံသို့ စေလွှတ်၍ လေ့ကျင့်ပေးခဲ့ရာ ယခုပြိုင်ပွဲ၌ ရွှေတံဆိပ်များရရှိရန် အလားအလာကောင်းများ ရှိနေသည်ဟု ဆိုသည်။ ယခုနှစ်အတွင်း ကိုရီးယားနိုင်ငံတွင် ကျင်းပသော နိုင်ငံတကာဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် မြန်မာအားကစားသမားအချို့ ရွှေတံဆိပ်များ ရရှိထားသည်။

ရွှေတံဆိပ်ရ အားကစားသမားများကို အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် ညီမျှသော မြန်မာကျပ်ငွေများ ချီးမြှင့်ဦးမည် ဖြစ်ကြောင်း အဖွဲ့ချုပ်အလုပ်အမှုဆောင်များက ကမ်းလှမ်းထားခဲ့ကြသည်ဟု သတင်းရရှိသည်။

ကြက်ဘဲများကို စနစ်တကျမသယ်ဆောင်ခြင်းသည် တိရစ္ဆာန်ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာဥပဒေကို ကျူးလွန်နေသလို ရောဂါပိုးများပါပျံ့နှံ့စေနိုင်

သတင်းဆောင်းပါး – ထားထားမြင့်၊ ဓာတ်ပုံ–အောင်အောင်

၉–၁၂–၂၀၀၅

စားသုံးရန်အတွက် ကြက်ဘဲများကို သတ်ဖြတ်ရောင်းချသူများက ကြက်ဘဲများကို စနစ်တကျ မသယ်ဆောင်ဘဲ စက်ဘီး၊ ဆိုက်ကားများတွင် ဇောက်ထိုးချဆွဲသယ်ဆောင်ခြင်း၊ ဇလုံကြီးများအတွင်းထည့်၍ သယ်ဆောင်ခြင်း၊ အဖုံးအကာမရှိဘဲ လူစီးဘတ်စ်ကားများတွင် ဖြစ်သလို သယ်ဆောင်နေခြင်းများသည် တိရစ္ဆာန်ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ ဥပဒေများကို ကျူးလွန်နေရာရောက်သလို တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပျံ့နှံ့စေသည်ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ကြက်ဘဲများကို အဖုံးအကာမရှိဘဲ သယ်ဆောင်ခြင်းသည် ယင်းတို့၏ မစင်နှင့် အညစ်အကြေးများကို သယ်ဆောင်ရာ လမ်းတစ်လျှောက် ပျံ့နှံ့စေသဖြင့် ရောဂါပိုးများကို ပျံ့နှံ့စေသလို ဖြစ်နေသည်ဟု ၎င်းက ဆိုသည်။

"အထူးသဖြင့် ကြက်ငှက်တုပ်ကွေးရောဂါဆိုတာမျိုးက ကြက်တွေရဲ့ မစင်နဲ့ အရိုအရွဲတွေကနေကူးတာ၊ ကြက်တုပ်ကွေးရောဂါ ဒီမှာမဖြစ်လို့ ဘာမှမဖြစ်သေးပေမယ့် တကယ်တမ်းဖြစ်ရင် ဒီလို သယ်ဆောင်မှုကြောင့် ရောဂါထိန်းချုပ်ဖို့ ခက်မယ်" ဟု ဒေါက်တာအောင်ကြီးက ရှင်းပြသည်။

သို့ရာတွင် မြန်မာနိုင်ငံရှိ စျေးများတွင်ရှိသော ကြက်သား၊ ဘဲသား ရောင်းချသူများက ကြက်ဘဲများကို သယ်ဆောင်ရာတွင် ခြေထောက်များ ချည်နှောင်စည်းထားပြီး စက်ဘီး၊ ဆိုက်ကားများတွင် ဇောက်ထိုးချသယ်ဆောင်ခြင်းသည် သမားရိုးကျ သယ်ဆောင်မှုတစ်ခုလို ဖြစ်နေသည်ကို တွေ့ရသည်။ ရန်ကုန်မြို့တွင် ကြက်ဘဲများကို အဓိကရောင်းဝယ်ရာ ပုဇွန်တောင် ကြက်ဘဲစျေးအနီး မလွှကုန်းဘူတာတွင်မူ ကြက်ဘဲဝယ်ယူ၍ စျေးများတွင် လက်လီပြန်လည်ရောင်းချသူများက မြို့ပတ်ရထားထိုင်ခုံအောက်တွင်

www.foreverspace.com.mm

ဖြစ်စေ၊ မြို့စွန်ဘက်နေရာများသို့ သွားသည့် ဘတ်စ်ကားများပေါ်တွင်ဖြစ်စေ ခြေထောက်များ စည်းနှောင်ထားသော ကြက်ဘဲများ တင်ဆောင်သွားသည်ကို အမြဲတစေ မြင်ရလေ့ရှိသည်ဟု အဆိုပါ ဘတ်စ်ကားများကို ပုံမှန်စီးသူတစ်ဦးက ဆိုသည်။ "တစ်ခါက ကြက်တွေထည့်ထားတဲ့ခုံရဲ့အပေါ်မှာ ထိုင်မိလို့ ခြေထောက်ကို အောက်က ကြက်တွေက နှတ်သီးနဲ့ ဝိုင်းဆိတ်တာ ခံရဖူးတယ်" ဟု ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။ ကြက်ဘဲများကို စက်ဘီး၊ ဆိုက်ကားနောက်ခုံများတွင် ဇောက်ထိုးချသယ်ဆောင်မှုနှင့် ပတ်သက်၍ တွေ့မြင်ရသူများက သနားစိတ်အပြင် ထူးထူးခြားခြား ခံစားမှု မရှိသော်လည်း ထိုကဲ့သို့ သယ်ဆောင်ခြင်းသည် တိရစ္ဆာန်ညှဉ်းပန်း နှိပ်စက်မှုဆိုင်ရာဥပဒေများကို ကျူးလွန်ရာရောက်သည်ဟု ဒေါက်တာအောင်ကြီးက ဆိုသည်။

"ကြားဖူးကြမှာပါ။ နိုင်ငံခြားမှာ ခွေး ကို ရိုက်တာနဲ့ တရားစွဲခံရတာမျိုးတွေ ရှိတယ်။ မြန်မာနိုင်ငံမှာလည်း တိရစ္ဆာန်ကာကွယ်ရေးဆိုင်ရာဥပဒေရှိတာမို့ ဒီလို ပြုမူတာတွေဟာ ဥပဒေကျူးလွန်ရာရောက်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာနိုင်ငံသားများ ဗီဇာမလိုဘဲ သွားရောက်လည်ပတ်နိုင်

ရန်ကုန်၊ ဒီဇင်ဘာ ၂

မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူ မည်သူမဆို အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ ၂၁ ရက်အထိ နေထိုင်ခွင့်ပြုနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Pablito A Mendoza က Living Color သို့ အတည်ပြုပြောကြားသည်။

ယင်းသို့နေထိုင်ခွင့်ရရှိရန်အတွက် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လိုသူများသည် တရားဝင် Return Ticket သို့မဟုတ် တတိယမြောက်နိုင်ငံသို့ သွားရောက်ရန် အထောက်အထားနှင့် နေထိုင်ပြီးနောက် Passport သက်တမ်းခြောက်လကျန်ရှိရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ အရေးကြီးကိစ္စ သွားရောက်လိုသူများအတွက် နေထိုင်ပြီးနောက် Passport သက်တမ်းရက်ပေါင်း ၆၀ ကျန်ရှိရုံဖြင့် နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး အဆိုပါအခွင့်အရေးအတွက် ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးအရာရှိများက စစ်ဆေးကြည့်ရှုမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ကြက်ဘဲများသည် သတ်ဖြတ်၍ စားသုံးရမည့် တိရစ္ဆာန်များဖြစ်သော်လည်း ၎င်းတို့မှာ အခွင့်အရေးရှိသဖြင့် နိုင်ငံတကာတွင် သားသတ်သမားများသည် စနစ်တကျ စီမံထားသော လှောင်အိမ်များဖြင့် သယ်ဆောင်ပြီး ညှဉ်းပန်းနှိပ်စက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြသည်ဟု ဒေါက်တာ အောင်ကြီးက ထပ်လောင်းပြောကြားသည်။

၁၉၉၃ ခုနှစ်က တိရစ္ဆာန်များဆိုင်ရာဥပဒေကို မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းသတ်မှတ်ထားပြီး ဖြစ်သော်လည်း တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအခွင့်အရေးများကို ပြည်သူလူထုက နားလည်စောင့်ရှောက်မှုနည်းပါးနေသေးသည်ကို တွေ့ရသည်။

"ဟိုးအရင်တည်းက ဒီလိုသယ်ဆောင်နေတာပဲ။ ဘယ်သူမှ ဘာမှ ပြောသံမကြားပါဘူး" ဟု ကမာရွတ်မြို့နယ် လှည်းတန်းဈေးမှ ကြက်ဘဲရောင်းချသူ တစ်ဦးက ဆိုသည်။ နိုင်ငံတကာကဲ့သို့ စနစ်တကျ စီမံထားသော လှောင်အိမ်များ သယ်ဆောင်ခြင်းသည်လည်း စနစ်တကျ

တိရစ္ဆာန်များကို ညှဉ်းဆဲသည့်အသွင်ဖြင့် သယ်ဆောင်မှုများ ရှိနေသည်

www.foreverspace.com.mm

သယ်ဆောင်ခြင်းဖြစ်၍ အနည်းဆုံးကြက်ခြင်းများဖြင့် သယ်ဆောင်သင့်ကြောင်း မွေးမြူရေးပညာရှင်များက မှတ်ချက်ချခဲ့သည်။

သို့သော်လည်း တစ်နိုင်ငံလုံး ကြက်ကောင်ရေ ခုနစ်သန်းခန့်ရှိသော မြန်မာနိုင်ငံတွင် ကြက်ဘဲတိရစ္ဆာန်များ စနစ်တကျ ပိုမိုမွေးမြူရေးကို သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်နေပြီဖြစ်ရာ နောင်တွင် ကြက်ဘဲမွေးမြူသယ်ဆောင်ရောင်းချလုပ်ငန်းများ ပိုမိုစနစ်တကျရှိလာနိုင်သလို ပြည်သူများအနေနှင့်လည်း တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းစောင့်ရောက်ရေးဆိုင်ရာ ဗဟုသုတအသိအမြင်များ တိုးပွားလာဖွယ်ရှိသည်ဟု တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးက မှတ်ချက်ချသည်။

"ဒီမှာ CP တို့လို နိုင်ငံခြားမွေးမြူရေးကုမ္ပဏီတွေ ရှိနေတာမို့ သူတို့ ဘယ်လိုလုပ်ကိုင်သယ်ဆောင်နေတာကို လေ့လာကြည့်ရှုနိုင်ပါတယ်။ နောင်ဆို ဒီကလူတွေလည်း လုပ်ကိုင်တတ်သွားမှာပါ" ဟု ၎င်းက ဆိုသည်။

သို့သော် မြစ်ဝကျွန်းပေါ်မှ ကြက်ဘဲခြင်းများကို သယ်ဆောင်လာသော ရေယာဉ်များတွင် ခရီးသည်များက ကြက်ဘဲခြင်းများပေါ်မှထိုင်၍ စီးနင်းလိုက်ပါလာခြင်းမျိုးသည် ကြက်ဘဲများထံမှ ရောဂါပိုးများ လူတို့ထံသို့ ကူးစက်လာနိုင်သည့် အကြောင်း သတိပြုမိသူ မြန်မာနိုင်ငံတွင်းနည်းပါးနေဆဲဖြစ်သည်ဟု အဆိုပါ တိရစ္ဆာန်ဆေးကု ဆရာဝန်က မှတ်ချက်ပေးသည်။

ကြက်ဘဲတိရစ္ဆာန်များကို စနစ်တကျ မသယ်ဆောင်သဖြင့် တိရစ္ဆာန်ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ ဥပဒေဖြင့် အရေးယူခံရခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယခုကဲ့သို့ ကြက်ငှက်တုပ်ကွေးကဲ့သို့ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများပျံ့နှံ့နေသည့်အချိန်တွင် စနစ်တကျ ကာကွယ်မှုမရှိဘဲ တိရစ္ဆာန်များကို သယ်ဆောင်နေခြင်းသည် စိုးရိမ်စရာအခြေအနေတစ်ခုဖြစ်ကြောင်း မွေးမြူရေးဆိုင်ရာကျွမ်းကျင်သူများက မှတ်ချက်ပြုကြသည်။

ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဗြိတိန်ပညာရေးပြပွဲ ကျင်းပမည်

ရန်ကုန်၊ ဒီဇင်ဘာ ၁၄

ဗြိတိသျှကောင်စီကကြီးမှူးခြင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဗြိတိသျှပညာရေးပြပွဲတစ်ရပ်ကို ၂၀၀၆ ခုနှစ် မတ်လနှင့် ဧပြီလများတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ၏ Website တွင် ဖော်ပြထားသည်။

အဆိုပါ Education UK Exhibition 2006 ပြပွဲသို့ ဗြိတိန်နိုင်ငံမှ ပညာရေးအဖွဲ့ ၁၀ ဖွဲ့ကျော် ပါဝင်ပြသမည်ဟု မျှော်လင့်ရပြီး ကျောင်းသားများအနေနှင့် ပါဝင်ပြသသောကျောင်းများမှ တာဝန်ရှိသူများနှင့် အခမဲ့ဆွေးနွေးနိုင်ကြောင်း ဖော်ပြထားသည်။ ဗြိတိသျှကောင်စီသည် ပညာရေးပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုပြသမည့်ပွဲသည် လေးကြိမ်မြောက်ဖြစ်သည်။ ဗြိတိသျှကောင်စီသည် ဗြိတိန်နိုင်ငံသို့ သွားရောက်ပညာသင်ကြားလိုသောသူများအတွက် ဆွေးနွေးအကြံပေးရန်အတွက် အထူးပညာရေးအဖွဲ့ကို ဖွဲ့စည်းထားသည်။

ခွင့်ပြုချက်မရှိသည့် ဟိုတယ်၊ တည်းခိုခန်းများ၌ နိုင်ငံခြားသားလက်ခံပါက အရေးယူမည်

ရန်ကုန်၊ နိုဝင်ဘာ ၄

သက်ဆိုင်ရာတွင် တရားဝင် လိုင်စင်ရယူလုပ်ကိုင်လျက်ရှိသော ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသားတည်းခိုရန် ခွင့်ပြုချက်မရှိသော ဟိုတယ်၊ တည်းခိုခန်းနှင့် အခြားနေရာများ၌ နိုင်ငံခြားသားများအား တည်းခိုစေခဲ့ပါက လက်ခံတည်းခိုခွင့်ပြုသူနှင့် ပို့ဆောင်သူခရီးသွားလုပ်ငန်းနှစ်ဦးစလုံးကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက အရေးယူမည်ဟု ဟိုတယ်နှင့် ခရီးသွားဥက္ကဋ္ဌကြားမှဦးစီးဌာနမှ ဥက္ကဋ္ဌကြားရေးမှူးဦးအောင်မြင့်သူက ပြောကြားသည်။

ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများအနေဖြင့် ခွင့်ပြုချက်ရဟိုတယ်မရှိသည့် မြို့နယ်၊ ဒေသများ၌ အကြောင်းကြောင်းကြောင့် မည်သည့်နေရာ၌ တည်းခိုသည်ဖြစ်စေ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများသို့ အကြောင်းကြား၍ ၎င်းတို့၏အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ တည်းခိုရန်နှင့် ခွင့်ပြုချက်ရဟိုတယ်ရှိသည့် ဒေသများ၌လည်း အဆိုပါဟိုတယ်များ၌သာ တည်းခိုရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

အထက်ပါကိစ္စရပ်များကို ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိသည့် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်၊ တည်းခိုခန်းများကို ထောင်ဒဏ်သုံးနှစ်ဖြစ်စေ၊ ငွေဒဏ် ၅၀၀၀၀ ကျပ်ဖြစ်စေ၊ ငွေဒဏ်နှင့် ထောင်ဒဏ်ပူးတွဲကျခံစေ၍ဖြစ်စေ အရေးယူပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီး

www.foreverspace.com.mm

သွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လက်အောက်၌ မရှိသည့် လူနေအိမ်နှင့် အခြားအဆောက်အအုံများအနေနှင့်လည်း နိုင်ငံခြားသားများ လာရောက်တည်းခိုပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် လူဝင်မှုကြီးကြပ်ရေးဌာနသို့ အကြောင်းကြားရန်လိုအပ်ကြောင်းနှင့် အကြောင်းကြားခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်း၏အဆိုအရ ထပ်မံသိရှိရသည်။

ကျော်ကျော်မင်း

ပြည်ပမှတင်သွင်းသည့် သီးနှံမျိုးစေ့များ သီးနှံမျိုးစေ့ကော်မတီတွင် မှတ်ပုံတင်ပြီးမှသာ ဖြန့်ဖြူးခွင့်ရှိ

ရန်ကုန်၊ နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းပြည်ပကုမ္ပဏီများမှ တင်သွင်းလာသည့် မျိုးစေ့များသည် သီးနှံမျိုးစေ့ကော်မတီ (NSC) မှ မှတ်ပုံတင်အတည်ပြုပြီးမှသာ တရားဝင်ဖြန့်ဖြူးရောင်းချခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးသုတေသနဌာနမှ ဒုတိယအထွေထွေမန်နေဂျာဦးစိန်ဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် မျိုးစေ့ဥပဒေကို မကြာမီ ပြဋ္ဌာန်းသတ်မှတ်တော့မည်ဖြစ်ရာ အဆိုပါဥပဒေပေါ်ပေါက်လာပါက မျိုးစေ့ရောင်းဝယ်ဖောက်ကားမှုများကို ဥပဒေနှင့်အညီ တိတိကျကျ အရေးယူဆောင်ရွက်သွားမည်ဟု ၎င်းက ဆိုသည်။

CP ကဲ့သို့ ပြည်ပကုမ္ပဏီကြီးများက တင်သွင်းလာသည့် မျိုးစေ့များကို စိုက်ပျိုးရေးသုတေသနဌာန၏ စမ်းသပ်ကွင်းများတွင် ဦးဆုံးစမ်းသပ် စိုက်ပျိုးပြီးမှသာ ရောင်းဝယ်ဖောက်ကားခွင့်ပြုကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းမှာ ထိုကဲ့သို့နေရာစုံမှ တင်သွင်းလာသော မျိုးစေ့များကြောင့် ကြံအူနီကျခြင်းကဲ့သို့သော သီးနှံရောဂါများဖြစ်ဖူးခဲ့သည့် သမိုင်းကြောင်းများကြောင့်ဖြစ်သည်ဟု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရှိ မျိုးစေ့ကျွမ်းကျင်သူများထံမှ သိရှိရသည်။

မကြာသေးမီက သီးနှံမျိုးစေ့ကော်မတီသည် သီးနှံမျိုးစေ့သစ် ၂၉ မျိုးကို ၂၀၀၅–၂၀၀၆ ခုနှစ်တွင် တရားဝင်မှတ်ပုံတင်၍ အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။ ■

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အုံသစ်တွင် Boarding Pass တိုက်ရိုက်ထုတ်ပေးသည့်စက်များ တပ်ဆင်မည်

ရန်ကုန်၊ နိုဝင်ဘာ ၁၅

မကြာမီဖွင့်လှစ်မည့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့အဆောက်အအုံသစ်ကြီးတွင် တစ်နာရီလျှင် လေယာဉ်ငါးစီးနှုန်းနှင့် ခရီးသည် ၁၈၀၀ ကို ဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ခရီးသည်များ၏ လေယာဉ်ပေါ်တက်ရောက်ခွင့်လက်မှတ် (Boarding Pass) များကို ကွန်ပျူတာဖြင့် တိုက်ရိုက်ထုတ်ပေးသည့်စက်များ တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါလေဆိပ်အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းခွင်မှလာသော သတင်းများအရ Abacus ကုမ္ပဏီသည် Boarding Pass ကို DCS (Direct Check-in System) စနစ်ဖြင့် ထုတ်ပေးရန်အတွက် စက်ပစ္စည်း တပ်ဆင်ပြီးစီးနေပြီဖြစ်ကြောင်းလည်း သိရှိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့အဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှ စတင်ခဲ့ပြီး စင်ကာပူ CPG (Consultant) မှ ဒီဇိုင်းပုံစံထုတ်လုပ် ၍ Asia World ကုမ္ပဏီက ၂၀၀၆ ခုနှစ်အတွင်းပြီးစီးရန် တာဝန်ယူတည်ဆောက်လျက်ရှိသည်။

Living Color၊ Phoenix News

www.foreverspace.com.mm

ပျဉ်းမနားမြို့ရှိ PCO တယ်လီဖုန်းရုံများတွင် FAX နှင့် E-mail ဝန်ဆောင်မှုပေးမည်

ရန်ကုန်၊ နိုဝင်ဘာ ၁၁

အစိုးရရုံးများ ပြောင်းရွှေ့ရုံးစိုက်နေပြီဖြစ်သည့် ပျဉ်းမနားမြို့၌ အများပြည်သူသုံး တယ်လီဖုန်းရုံ (PCO) များတွင် Fax, E-mail ဝန်ဆောင်မှုကို အများပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အဆိုပါဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပျဉ်းမနားဒေသတွင် အများပြည်သူနှင့် ထိတွေ့ဆက်ဆံလုပ်ကိုင်ရသည့် နှုန်းလုပ်ငန်းဆောင်တာများအတွက် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း၊ ပျဉ်းမနားမြို့၏ အချက်အချာကျသောနေရာများတွင် Fax နှင့် E-mail အသုံးပြုနိုင်သော အများသုံးဆက်သွယ်ရေးရုံ (PCO) များကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ငါးခူမျိုးသစ်စီမံကိန်းဟောင်း ပြည်တွင်း၌ ပြန်လည်အကောင်အထည်ဖော်မည်

ရန်ကုန်၊ နိုဝင်ဘာ ၁၄

ရေထွက်ကုန်ပစ္စည်း ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် အဏ္ဏဝါဒေဝီ ရေထွက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်း၍ ငါးခူမျိုးသစ်စီမံကိန်းဟောင်းကို ပြည်တွင်း၌ ပြန်လည်အကောင်အထည်ဖော်လုပ်ကိုင်လျက်ရှိကြောင်း အဏ္ဏဝါဒေဝီကုမ္ပဏီ၏ အကြီးအကဲဖြစ်သူ ဒေါ်တိုးယုနန္ဒာတင်က Living Color သို့ ပြောကြားသည်။

အဆိုပါစီမံကိန်းဟောင်းသည် အာဖရိကငါးခူမျိုးနှင့် ထိုင်းငါးခူမျိုး နှစ်ခုကိုပေါင်းစပ်၍ ငါးခူမျိုးသစ် ထုတ်လုပ်ရန်ဖြစ်ပြီး၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပတင်ပို့နိုင်ရန်လည်း အဆိုပါငါးမျိုးများကို ရေထွက်ပစ္စည်းမွေးမြူရေးလုပ်ငန်းများသို့ ဖြန့်ဝေသွားရန်အစီအစဉ်ရှိကြောင်း ၎င်းက ဆိုသည်။

ယခင်က အာဖရိကငါးခူများသာသီးသန့်မွေးမြူခြင်းကြောင့် သက်ဆိုင်ရာအာဏာပိုင်များဘက်မှ အဆိုပါအသားစားငါးများမမွေးရန် တားမြစ်ချက်များထုတ်ပြန်ထားကြောင်း၊ မွေးမြူသူများက အာဖရိကငါးခူနှင့် ထိုင်းငါးခူ နှစ်မျိုးစပ်သားဖောက်ထုတ်လုပ်ရန် သက်ဆိုင်ရာမှ ညွှန်ကြားမှုများအပေါ် မလိုက်နာဘဲ သားပေါက်နှုန်း ၁၀ ဆ ခန့်ပိုမိုသည့် အာဖရိကငါးခူတစ်မျိုးတည်း မွေးမြူခဲ့ခြင်းကြောင့် ယင်းကဲ့သို့ ငါးခူမွေးမြူရေးလုပ်ငန်းအစီအစဉ်များ ပျက်ယွင်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

■

ပျဉ်းမနားတွင် သောက်ရေသန့် ရောင်းအားကောင်း

ရန်ကုန်၊ နိုဝင်ဘာ ၁၀

အစိုးရဝန်ကြီးဌာနများပြောင်းရွှေ့လာသဖြင့်ပျဉ်းမနားမြို့တွင် သောက်သုံးရေအလွယ်တကူရရှိသော်လည်း သောက်ရေသန့်များ ရောင်းအားကောင်းလျက် ရှိကြောင်း ပျဉ်းမနားမြို့တွင် နေထိုင်သူအချို့ထံမှ စုံစမ်းသိရှိရသည်။

ယခင်က ခရီးသွားများအတွက်သာ ဘူတာရုံနှင့် ကားဂိတ်များတွင် ရောင်းချခဲ့ရသော ယင်းရေသန့်ဘူးများကို ယခုအခါ ပျဉ်းမနားမြို့ပေါ်နှင့် ပတ်ဝန်းကျင်ရှိ အစိုးရစီမံကိန်းလုပ်ငန်းများတွင်ပါ ရောင်းချနေရကြောင်း ၎င်းတို့ကဆိုသည်။

၎င်းတို့၏ ပြောကြားချက်အရ ရေသန့်ဘူးကြီး (၂၀ လီတာဝင်) တစ်ဘူး လျှင် ပျဉ်းမနားမြို့ပေါ်၌ ၂၀၀ ကျပ်ခန့် ဖြင့်လည်းကောင်း၊ စီမံကိန်းနေရာများတွင်မူ သယ်ယူစရိတ်ရှိသဖြင့် ၃၀၀ ကျပ်ခန့် ဖြင့်လည်းကောင်း ဝယ်ယူသောက်သုံးနေရကြောင်း သိရသည်။

ပျဉ်းမနားမြို့တွင် ရေသန့်လုပ်ငန်းများ များကြာမီပေါ်ပေါက်လာရန်ရှိသော်လည်း လောလောဆယ်တွင် 'ပေါင်းလောင်းရေသန့်' အမှတ်တံဆိပ်တစ်မျိုးသာရှိသေးကြောင်း ဒေသခံများထံမှ သိရသည်။

သန်းထူး

မီးသတိပြုပါ

www.foreverspace.com.mm

ဘိန်းအစားထိုးစိုက်ပျိုးဒေသ စားနပ်ရိက္ခာအတွက် WFP က ပြည်တွင်းကုမ္ပဏီနှစ်ခုကို ကန်ထရိုက်ပေး

ရန်ကုန်၊ နိုဝင်ဘာ ၁၀

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သည် ဘိန်းအစားထိုးစိုက်ပျိုးဒေသ စားနပ်ရိက္ခာဖူလုံရေးအစီအစဉ်အတွက် ပြည်တွင်းကုမ္ပဏီအချို့ကို ကန်ထရိုက်ပေးအပ်ခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းမှ တာဝန်ခံအရာရှိ ဦးဝင်းခိုင်က Living Color သို့ ပြောကြားသည်။

အဆိုပါကန်ထရိုက်ကို ပြည်တွင်းကုမ္ပဏီနှစ်ခုဖြစ်သည့် Farestco Co., Ltd. နှင့် Promised Lands Co., Ltd. သို့ ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဆန်မက်ထရစ်တစ်တန်လျှင် လားရှိုးအရောက် အမေရိကန်ဒေါ်လာ ၂၂၀ နှုန်းဖြင့် ပေးပို့စေကြောင်း ၎င်းကဆိုသည်။

WFP သည် ယခုနှစ် ရှမ်းပြည်နယ်ရိက္ခာဖူလုံရေးအစီအစဉ်အရ ဆန်တန်ချိန် ၁၉၀၀၀ ခန့်တင်ပို့ရမည်ဖြစ်ပြီး အဆိုပါဒေသသည် ဘိန်းစိုက်ပျိုးမှု အမှန်တကယ်စွန့်လွှတ်သည့်အတွက် ဆန်များလည်း အမှန်တကယ်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါဆန်များသည်ရှမ်းပြည်နယ် လောက်ကိုင်နှင့် မန်ခန်းဒေသ ဘိန်းအစားထိုးစိုက်ပျိုးသူ ဒေသခံများအတွက် နိုင်ငံတကာမှလှူဒါန်းသော ပစ္စည်းများဖြစ်ပြီး ယခုအချိန်ကာလအထိ ဆန်တန်ချိန် ၃၀၃၀၀ ခန့်တင်ပို့ပြီးဖြစ်ကြောင်း WFP က ပြောကြားသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သည် ဘိန်းအစားထိုးစိုက်ပျိုးဒေသ စားနပ်ရိက္ခာဖူလုံရေးအစီအစဉ်အတွက် ပြည်တွင်းကုမ္ပဏီအချို့ကို ကန်ထရိုက်ပေးအပ်ခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းမှ တာဝန်ခံအရာရှိ ဦးဝင်းခိုင်က Living Color သို့ ပြောကြားသည်။

သင်္ဘောတင်ယူမှု အကြိမ်ကြိမ်ပျက်ကွက်ခဲ့သည့်ကုမ္ပဏီတစ်ခုကို အမည်မည်းစာရင်းကြေညာ

ရန်ကုန်၊ ဒီဇင်ဘာ ၂

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (MAPT) မှ ကုန်စည်များဝယ်ယူရန် စာချုပ်ချုပ်ဆိုပြီး သင်္ဘောတင်ယူရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သော Agrocorp International Pte. Ltd. Singapore ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံးက အောက်တိုဘာလ ၂၄ ရက်တွင် စာအမှတ် ၂၃ (က)၂၀၀၅ (မူဝါဒ) ကို ထုတ်ပြန်၍ အမည်မည်းစာရင်း (Black List) ကြေညာထားသည်။

အဆိုပါကုမ္ပဏီသည် ၂၀၀၄ ခုနှစ် သြဂုတ်လ ၂၀ ရက်စွဲပါ စာချုပ်အမှတ်–R ၀၁၀/၂၀၀၄–၂၀၀၅ နှင့် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်စွဲပါ စာချုပ်အမှတ်–BR ၀၁၀/၂၀၀၄–၂၀၀၅ တို့ဖြင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (MAPT) ထံမှ ဆန်နှင့် ဆန်ကွဲမျိုးစုံ ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ပြီး ၅ ရာခိုင်နှုန်း ကြိုတင်ငွေနှင့် ကုန်ဖိုးငွေ အချို့ပေးသွင်းကာ ကုန်စည်အချို့သာ တင်ယူခဲ့ကြောင်း၊ စာချုပ်ပါစည်းကမ်းချက်များအရ သတ်မှတ်သင်္ဘောတင်ရက်အတွင်း ကုန်များ အပြီးတင်ယူရမည်ဖြစ်သော်လည်း ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ယင်းကုမ္ပဏီတောင်းဆိုသည့်ကာလအတိုင်း သင်္ဘောတင်ကာလ အကြိမ်ကြိမ်တိုးမြှင့်ခဲ့ပြီး MAPT ကလည်း တင်ယူရန် အကြိမ်ကြိမ်နှိုးဆော်ခဲ့သော်လည်း တင်ယူမှုမရှိခဲ့ကြောင်း အဆိုပါကြေညာချက်အပိုဒ် (၂) အရ သိရသည်။

ယခုနှစ် သြဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သော စီးပွား/ကူးသန်း အလုပ်အမှုဆောင်ကောင်စီ အစည်းအဝေး (၁၅/၂၀၀၅)မှ သင်္ဘောတင်ကာလကို သြဂုတ်လ ၃၁ ရက်အထိ တိုးမြှင့်ပေးရန်၊ ဆောင်ရွက်ခြင်းမရှိပါက စာချုပ်ပယ်ဖျက်၍ ကုမ္ပဏီအား အမည်မည်းစာရင်း ကြေညာရန် ဆုံးဖြတ်ခဲ့ကြောင်းနှင့် ယင်းကုမ္ပဏီမှ တင်ယူမှုမရှိကြောင်း MAPT က တင်ပြခဲ့သဖြင့် အဆိုပါကြေညာချက် ထုတ်ပြန်သည့် အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ ယင်းကုမ္ပဏီကို အမည်မည်းစာရင်းသို့ ထည့်သွင်းသတ်မှတ်ခဲ့ကြောင်း ကြေညာချက်အပိုဒ် (၃)၊ (၄) တို့တွင် ဖော်ပြထားသည်။ ■

www.foreverspace.com.mm

FMI ကုမ္ပဏီ အစုရှယ်ယာခွဲဝေမှု ပုံစံပြောင်းလဲ

ရန်ကုန်၊ နိဝင်ဘာ ၂၇

အများပိုင်ပဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်သည့် First Myanmar Investment Co., Ltd. (FMI) သည် ၎င်း၏ အစုရှယ်ယာရောင်းဝယ်ရာ၌ ပိုမိုသွက်လက်စေရန်အတွက် ကုမ္ပဏီ၏ လက်ရှိမတည် ရင်းနှီးငွေဖွဲ့စည်းမှုကို အစုရှယ်ယာခွဲစိတ်ခြင်းနည်းဖြင့် ခွဲစိတ်ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ ဦးသိမ်းဝေက နိဝင်ဘာလ ၂၇ ရက်နေ့တွင် ပြောကြားသည်။

ထိုသို့ပြောင်းလဲရာ၌ လက်ရှိ အစုရှယ်ယာများအား ၁၀ စိတ်ခွဲ၍ မူလတန်ဖိုးတစ်စုလျှင် ကျပ် ၁၀၀၀၀ အစား တစ်စုလျှင် ကျပ် ၁၀၀၀ တန် ၁၀စုအဖြစ် ခွဲစိတ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစုရှယ်ယာတစ်စု၏ ဈေးကွက်ပေါက်ဈေးသည်လည်း ၁၀ ပုံတစ်ပုံအထိ ခွဲစိတ်သေးငယ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှုတန်ဖိုး ပြောင်းလဲခြင်းမရှိဘဲ လက်ဝယ်ရှိ အစုရှယ်ယာအရေအတွက် ၁၀ ဆအထိ တိုးပွားလာမည်ဖြစ်ပြီး ပိုမိုကျယ်ပြန့်စွာ ရောင်းဝယ်နိုင်မည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ကုမ္ပဏီအနေဖြင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခွဲ ၁၅ ခုအနက် ၁၃ ခုမှာ အမြတ်ရခဲ့ပြီး ယင်းတို့အနက် လုပ်ငန်းခွဲသုံးခုမှ အမြတ်ဝေစုကို ခွဲဝေပေးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ယမန်နှစ် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်က ဝင်ငွေ ကျပ် ၁၁၀၃ သန်း ရရှိခဲ့သော်လည်း ယခုနှစ် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင်မူ ဝင်ငွေကျပ် ၄၇၇ သန်းသာ ရရှိခဲ့သည့် အတွက် ယမန်နှစ်ကထက် ၅၇ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ယင်းထုတ်ပြန် ချက်က ဆိုသည်။

ယခုလက်ရှိ FMI ကုမ္ပဏီအစုရှယ်ယာ တစ်ခု၏ ပေါက်ဈေးမှာ ၃၄၀၀၀ ကျပ်ဖြစ်ပြီး အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်ရန်နေရာ FMI Trading Centre အား မူလ FMI Centre ၁၀ ထပ်မှ စမ်းချောင်းမြို့နယ် မြေနီကုန်းပြည်လမ်းရှိ ရိုးမဘဏ်ခွဲနံဘေး အဆောက်အအုံမြေညီထပ်သို့ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အပတ်စဉ်ကုန်ဈေးနှုန်းသတင်းလွှာများ Offline အသင်းဝင်များအတွက် e-trade myanmar ဖြန့်ချိ

ရန်ကုန်၊ နိဝင်ဘာ ၂၃

မြန်မာနိုင်ငံ၏ ကုန်ဈေးနှုန်းသတင်းအချက်အလက်များကို နေ့စဉ် အင်တာနက်မှတစ်ဆင့် လွှင့်တင်ပေးနေသည့် e-trade myanmar Website မှ ၎င်းတို့နေ့စဉ်ဖော်ပြပေးနေသည့် ကုန်ဈေးနှုန်းသတင်းအချက်အလက်များကို အပတ်စဉ်စုစည်း၍ အင်တာနက်ဖတ်ရှုရန်ခက်ခဲသည့် လုပ်ငန်းရှင်များအတွက် ဖြန့်ချိနေကြောင်း အဆိုပါ Website ၏ အမှုဆောင်အရာရှိတစ်ဦးက Living Color သို့ ပြောကြားသည်။

ယင်း e-trade myanmar Website သည် စီးပွားရေးလုပ်ငန်းရှင်များအတွက်သာ ရည်ရွယ်၍ လွှင့်တင်သော Website ဖြစ်သောကြောင့် အင်တာနက်အတွင်း အသင်းဝင်ဖတ်ရှုရန် ခက်ခဲသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ယင်းသတင်းလွှာများ ဖြန့်ချိပေးသည့်စနစ်ကို စီစဉ်ခဲ့ကြောင်း ၎င်းကဆိုသည်။

အဆိုပါ Website ကို ၂၀၀၃ ခုနှစ် ဧနှစ်ဝါရီလအတွင်း စတင်လွှင့်တင်ခဲ့ပြီး အမြတ်မဲ့အသင်းဝင်များအပြင် ယခုကဲ့သို့ သတင်းလွှာမှာယူသည့် Offline အသင်းဝင် ၂၀၀ ခန့်ရှိကြောင်းလည်း အဆိုပါအမှုဆောင်အရာရှိက ထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm

ကလေးသူငယ်များကို မှားယွင်းစွာအသုံးချမှုမှ ကာကွယ်နိုင်ရေးသင်တန်း ပုဂံနှင့် ပုပ္ပားတွင် ဩစတြေးလျအကူအညီဖြင့် ဖွင့်လှစ်

ရန်ကုန်၊ နိုဝင်ဘာ ၁၆

ကလေးသူငယ်များကို မှားယွင်းစွာအသုံးချမှုမှ ကာကွယ်နိုင်ရေးသင်တန်းကို ဩစတြေးလျနိုင်ငံအခြေစိုက် Child Wise Tourism ကုမ္ပဏီ၏ အကူအညီပေးမှုဖြင့် ပုဂံနှင့် ပုပ္ပားဒေသတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။ ၎င်းသင်တန်းကို နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပုပ္ပားရှိ Popa Mountain Resort တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက်နေ့တွင် ပုဂံရှိ ပုဂံဟိုတယ်တွင်လည်းကောင်း တစ်ရက်စီဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ အဆိုပါသင်တန်းကို ဟိုတယ်နှင့်ခရီးသွားဧည့်ကြိုးမှဦးစီးဌာနနှင့် ဩစတြေးလျနိုင်ငံ Child Wise Tourism ကုမ္ပဏီကို ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ ဌာနဆိုင်ရာများမှ သင်တန်းသား ၅၀ ဦးခန့် တက်ရောက်ရန်ရှိကြောင်း အဆိုပါအရာရှိက ထပ်လောင်းပြောကြားသည်။

မလေးရှားအေးဂျင့်ကထုတ်ပေးသော Work Permit အတုကိုင်ဆောင်မိ၍ မြန်မာအလုပ်သမား ၁၃ ဦး ဖမ်းဆီးခံရ

သာလွန်စောင်းထက်

ကွာလာလမ်ပူ၊ နိုဝင်ဘာ ၂၆

မလေးရှားနိုင်ငံ ဆီလန်ဂါပြည်နယ်၊ ဘန်လာကောင်းမြို့တွင် တရားဝင်သွားရောက်အလုပ်လုပ်လျက်ရှိသော မြန်မာအလုပ်သမား ၁၃ ဦးသည် မလေးရှားအေးဂျင်ကပေးသော Work Permit အတုကို ကိုင်ဆောင်ထားမိသောကြောင့် မလေးလူဝင်မှုကြီးကြပ်ရေးအဖွဲ့၏ ဖမ်းဆီးခြင်းခံရကြောင်း ကွာလာလမ်ပူအခြေစိုက် Living Color သတင်းထောက်က သတင်းပေးပို့သည်။

အဆိုပါဖြစ်ရပ်သည် ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ်၌ ရန်ကုန်သို့ ပြန်မည့် မြန်မာနိုင်ငံသားသုံးဦးကို ဖမ်းမိပြီးနောက် ဆက်စပ်ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ထိုမြန်မာသုံးဦး ကိုင်ဆောင်ထားသော Work Permit အတုများကို မလေးရှားလူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင်တို့က စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ပါမစ်များတွင် ကပ်ထားသော စတစ်ကာမှာလည်း အတုဖြစ်နေကြောင်း၊ သူတို့သုံးဦးသည် ရေခဲမုန့်စက်ရုံတွင် အလုပ်လုပ်ကိုင်သည်ဟု ထုတ်ဖော်ခဲ့၍ စက်ရုံမှ ကျန် မြန်မာနိုင်ငံသား ၁၀ ဦးကို ဖမ်းမိသွားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသားအလုပ်သမား ၁၃ ဦးနှင့်အတူ ရေခဲမုန့်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသော အခြားနိုင်ငံသား ၁၂ ဦးကိုလည်း လူဝင်မှုကြီးကြပ်ရေးအဖွဲ့က ဖမ်းမိခဲ့သည်။ ဖမ်းဆီးခံရသော မြန်မာအလုပ်သမားများ၏ မိတ်ဆွေဖြစ်သူ ဦးတင်မောင်က မိမိ၏ သူငယ်ချင်းများသည် မလေးရှားနိုင်ငံသို့ တရားဝင်လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အေးဂျင့်ကပေးသည့် Work Permit ဖြင့် ရေခဲမုန့်စက်ရုံတွင် နှစ်အတော်ကြာမြင့်စွာ အလုပ်လုပ်ကိုင်ခဲ့သော်လည်း အတုများဖြစ်နေသည်ကို လုံးဝမသိခဲ့ကြောင်း Living Color ၏ ဆက်သွယ်မေးမြန်းချက်ကို ဖြေကြားသည်။

"သူတို့ကို မလေးရှားအေးဂျင့်က လိမ်လည်ပြီး ပါမစ်အတုပေးခဲ့တာ။ သူတို့မှာ တာဝန်မရှိဘူး။ အပြစ်လည်း မရှိဘူး။ ပါမစ်ထုတ်ပေးတဲ့အေးဂျင့်မှာ တာဝန်အပြည့်ရှိတယ်။ မလေးအာဏာပိုင်တွေက အဲဒီလူလိမ်အေးဂျင့်တွေကို ထိထိရောက်ရောက်အရေးယူသင့်တယ်။ ဖမ်းထားတဲ့ မြန်မာတွေနဲ့ နိုင်ငံခြားသားတွေကိုလည်း ချက်ချင်းပြန်လွှတ်ပေးသင့်တယ်"ဟု ဦးတင်မောင်က ဆက်လက်ပြောကြားသည်။ မလေးရှားလူဝင်မှုကြီးကြပ်ရေးအက်ဥပဒေအရ Work Permit အတုကိုင်ဆောင်သည်ဟု စစ်ဆေးတွေ့ရှိလျှင် ဒဏ်ကြေးအဖြစ် ရင်းဂစ်ငွေ ၁၀၀၀၀ (သို့မဟုတ်) ထောင်ဒဏ်ငါးနှစ် ချမှတ်ခံရမည်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် တရားဝင်အလုပ်လုပ်ခွင့်ရမည်ဟုဆိုကာ မြန်မာနိုင်ငံတွင်လည်း ဝန်ဆောင်ခယူ၍ ပို့ဆောင်ပေးနေသော ကုမ္ပဏီအချို့ ရှိနေပြီး မြန်မာနိုင်ငံ ကျေးလက်ဒေသမှ လူငယ်အများအပြား ၎င်းတို့နှင့် ဆက်သွယ်၍ မလေးရှားသို့ သွားရောက် အလုပ်လုပ်ကိုင်ရန် ကြိုးစားလျက်ရှိသည်။

■

www.foreverspace.com.mm

ပြည်တွင်းရေချိုငါးမျိုးများ စမ်းသပ်ထုတ်လုပ်လျက်ရှိ

သတင်းဆောင်းပါး – ထိုက်အောင်

၉-၁၂-၂၀၀၅

မြန်မာနိုင်ငံ၏ ရေချိုငါးမွေးမြူရေးအတွက် ပြည်တွင်းရေချိုငါးမျိုးများဖြစ်သည့် ငါးကျည်း၊ ငါးနသန်း၊ ငါးနက်ပြာ၊ ငါးရွှေးနှင့် ငါးပြေမငါးများကို စမ်းသပ်ထုတ်လုပ်လျက်ရှိသော်လည်း Mass Production အဆင့်သို့ ရောက်ရှိရန် ဆက်လက်သုတေသနပြုဆောင်ရွက်ဆဲဖြစ်သည်ဟု ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သော ငါးလုပ်ငန်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတွင် ဖတ်ကြားခဲ့သော စာတမ်းတစ်စောင်က ဆိုသည်။

ပြည်တွင်းဖူလုံရုံသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချလာနိုင်မည် ဖြစ်သည်

မြန်မာနိုင်ငံ၏ ငါးမွေးမြူခြင်းလုပ်ငန်းကို ၁၉၅၃ ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၀၅ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ရေချိုငါး ၁၅ မျိုးကို သားဖောက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ရာ ယင်းတို့အနက် ပြည်တွင်းတိုင်းရင်းငါးမျိုးဖြစ်သည့် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွ၊ ငါးဖန်းမနှင့် ငါးခူမျိုးသာ ထုတ်လုပ်နိုင်သေး၍ တိုင်းရင်းရေချိုငါးများကို အလေးထား သုတေသနလုပ်ကိုင်သင့်သည်ဟု အဆိုပါစာတမ်းတွင် ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံ ရေချိုငါးမွေးမြူရေးလုပ်ငန်း၏ ၇၅ ရာခိုင်နှုန်းခန့် အဓိကထားမွေးမြူသည့်ငါးမှာ ငါးမြစ်ချင်းငါးမျိုးဖြစ်သည်။ သို့ရာတွင် လက်ရှိမွေးမြူလျက်ရှိသော ငါးမြစ်ချင်းငါးများ၏ မျိုးဆက်မှာ ဇရာဝတီမြစ်အတွင်းမှ စုဆောင်းရရှိခဲ့သော မျိုးငါးကြီးများကို ၁၉၆၆ မှ ၁၉၆၉ ခုနှစ်အတွင်း ခေတ်မီ ဆေးထိုးသားဖောက်နည်းပညာဖြင့် ထုတ်လုပ်ရာမှ ရရှိသော မျိုးဆက်များဖြစ်ရာ နှစ်ပေါင်း ၃၅ နှစ်အတွင်း အပြန်တလဲလဲ အသုံးပြုသောကြောင့် ကြီးထွားမှုနှုန်းမှာ ကျဆင်းလျက်ရှိသည်ဟု ဆိုသည်။

အထူးသဖြင့် ရေချိုငါးမျိုးစုဆောင်းမှုကို ဇရာဝတီမြစ်အပါအဝင် သဘာဝအင်းအိုင်၊ မြစ်ချောင်းများမှ ရယူရာတွင် ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ အစရှိသော ငါးမျိုးများကို လုံလောက်စွာ ရရှိနေသော်လည်း ငါးမြစ်ချင်းနှင့် တိုင်းရင်းငါးသိုင်း အုပ်စုဝင်ငါးမျိုးများဖြစ်သည့် ငါးအုံတုံ၊ ငါးနက်ပြာ၊ ငါးသိုင်း စသည့် တိုင်းရင်းငါးမျိုးများသည် သဘာဝပတ်ဝန်းကျင်မှ မျိုးတုံးပျောက်ကွယ်တော့မည့် အလားအလာများရှိသဖြင့် မျိုးထိန်းသိမ်းစုဆောင်း၍ မွေးမြူနိုင်သောအဆင့်သို့ ရောက်ရှိရန် လိုအပ်လျက်ရှိသည်။ ထို့အတူ တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးသိုင်းခေါင်းပွနှင့် ငါးကြင်းဖြူတို့မှာ ဈေးကွက်ဝင်ငါးမျိုးများဖြစ်ကြသော်လည်း ဆေးထိုးသားဖောက်နည်းပညာဖြင့် သားဖောက်ထုတ်လုပ်နိုင်မှုနည်းသောကြောင့် ဇရာဝတီမြစ်အတွင်းမှ သဘာဝအလျောက် ပေါက်ဖွားလာသော သားပေါက်များကို အားပြုစုဆောင်းနေရခြင်းများသည် ရေရှည်အားပြုစုဆောင်းပါက သဘာဝပတ်ဝန်းကျင်တွင် ငါးမျိုးများ မျိုးတုံးရှားပါးမှုအခြေအနေသို့ ရောက်ရှိသွားနိုင်သည်ဟု ရေချိုငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦး ဆိုသည်။

ရေချိုငါးမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသည် အပူပိုင်းဒေသတွင် တည်ရှိသောကြောင့် မြန်မာနိုင်ငံရှိငါးများသည် တစ်နှစ်ပတ်လုံး ဖွံ့ဖြိုးကြီးထွားနိုင်သည်။ သို့သော် ဥရောပနိုင်ငံများကဲ့သို့ ကမ္ဘာ့သမပိုင်းနှင့် အအေးပိုင်းဒေသများရှိ ငါးများမှာ တစ်နှစ်လျှင်

www.foreverspace.com.mm

ငွေဆောင်ကမ်းခြေဟိုတယ်များအနီး၌ ဟိုတယ်အတွက်လိုအပ်သည့် ကုန်ကြမ်းအချို့ ရောင်းချမည့်စျေးတစ်ခု တည်ဆောက်ရန်စီစဉ်

ရန်ကုန်၊ နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းအတွင်း တည်ရှိပြီး မြန်မာနိုင်ငံ၏ တတိယမြောက် အကျော်ကြားဆုံး ငွေဆောင်ကမ်းခြေဟိုတယ်များအနီး၌ ဟိုတယ်အတွက် လိုအပ်သည့် ကုန်ကြမ်းအချို့ဝယ်ယူရရှိနိုင်မည့် စျေးတစ်ခုတည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း ငွေဆောင်ဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ အမှုဆောင်တစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါ ငွေဆောင်ကမ်းခြေရှိ ဟိုတယ်များသည် ၎င်းတို့ဗဟိုလိုအပ်သည့် ကုန်ကြမ်းအချို့ကို ကမ်းခြေနှင့် လေးမိုင်ခွဲခန့်ဝေးသည့်ရွာများ၌ သွားရောက်ဝယ်ယူရသဖြင့် စရိတ်စကကြီးမြင့်သည့်အပြင် အချိန်ကြန့်ကြာမှုများကြုံတွေ့ရ၍ ယင်းကဲ့သို့ ဟိုတယ်များနှင့် ကျေးရွာများအကြား နေရာတစ်ခုကို စျေးအဖြစ် သတ်မှတ်အသုံးပြုရန် စီစဉ်ခဲ့ကြောင်း ၎င်းကဆိုသည်။

ငွေဆောင်ကမ်းခြေတွင်ဟိုတယ် ၂၂ လုံးဖွင့်လှစ်ထားပြီး ယခုကဲ့သို့ ဆောင်းရာသီကာလများတွင် တည်းခိုသူ များပြားသဖြင့် ဟိုတယ်အတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ကျေးရွာများတွင် လိုက်လံဝယ်ယူသည့် အခါ စျေးနှုန်းမြင့်မားမှုများ နှစ်စဉ်ကြုံတွေ့ခဲ့ရခြင်းကြောင့် အဆိုပါ စျေးတစ်ခုပေါ်ပေါက်ရေးကို အမြန်ဆုံး စီစဉ်ရခြင်းဖြစ်ကြောင်း အဆိုပါ အမှုဆောင်က ထပ်လောင်းပြောကြားသည်။

ခြောက်လခန့်သာ ဖွံ့ဖြိုးကြီးထွားနိုင်သည်ဟု ငါးပညာရှင်တစ်ဦးက ဆိုသည်။ ထို့ကြောင့် ဆောင်းရာသီအအေးပိုသောကာလများတွင် ငါးများကို အစာလုံးဝမကျွေးနိုင်ဘဲ မသေအောင် ဆောင်းရာသီအတွက် အထူးကန်များသို့ ပြောင်းရွှေ့ထားရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် မွေးမြူရေးကာလနှစ်နှစ်အတွင်း တစ်ပိသာအရွယ် ရရှိနိုင်သော ရွှေဝါငါးကြင်းမှာ အဆိုပါဒေသတွင် လေးနှစ်ကြာအောင် မွေးယူရသည်ဟု အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

အထူးသဖြင့် ပြည်တွင်းရေချိုငါးမျိုးများ ရှင်သန်ကျက်စားရာ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း စသည့် အဓိကမြစ်ကြီးများနှင့် ၎င်းမြစ်များအတွင်းသို့ စီးဝင်သည့်မြစ်များမှာ မြန်မာနိုင်ငံအတွင်း၌ပင် မြစ်ဖျားခံ၍ မြန်မာ့ပင်လယ်ပြင်အတွင်းသို့ စီးဝင်ကြသည်။ မြစ်များစီးဆင်းရာ ဒေသတစ်လျှောက်သည်လည်း စက်မှုစွန့်ပစ်ပစ္စည်း၊ စိုက်ပျိုးရေးသုံးဆေးဝါးစွန့်ပစ်ပစ္စည်း၊ အခြားလူသုံးပစ္စည်းများ ဆိုးဝါးစွာ မြစ်များအတွင်းသို့ ရောက်ရှိမှုနည်းပါးနေဆဲဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့မြစ်များရှိ ရေကို ယခုတိုင် လူအများသုံးစွဲနေနိုင်ခြင်းနှင့် မည်သည့်ပြုပြင်မှုမှ မလိုအပ်ဘဲ ငါးကန်များအတွင်းသို့ ရေသွင်းမွေးမြူနိုင်ခြင်းများသည် နိုင်ငံတိုင်းတွင် မရရှိနိုင်သော အခွင့်အလမ်းများ ဖြစ်သည်။ ဥပမာ–ဥရောပအလယ်ပိုင်းရှိ ဟန်ဂေရီနိုင်ငံ၏ အဓိကမြစ်တစ်စင်းဖြစ်သော ဒင်ညူမြစ်သည် ဟန်ဂေရီနိုင်ငံအတွင်း မြစ်ဖျားမခံဘဲ အခြားသောနိုင်ငံများကို ဖြတ်သန်းစီးဆင်းလာရသောကြောင့် ၎င်းနိုင်ငံသို့ ရောက်ရှိလာချိန်တွင် အဆိုပါမြစ် ဖြတ်သန်းလာသည့်စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၏ စွန့်ထုတ်ပစ္စည်းများ မြစ်အတွင်းကျရောက်၍ မြစ်ရေညစ်ညမ်းမှုများ ဖြစ်ပေါ်လာသည်။ သို့ဖြစ်၍ ရေချိုငါးမွေးမြူရေးအတွက် ရေကို ငါးကန်များသို့ တိုက်ရိုက် ရေသွင်းအသုံးမပြုနိုင်တော့ဘဲ ပြုပြင်ပြီးမှ အသုံးပြုရသည်။ ထို့အတူ ပင်လယ်ထွက်ပေါက်မရှိ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သောကြောင့် စျေးပေါသော ပင်လယ်ထွက် ငါးစာ ပုစွန်ဖွဲ၊ ငါးဖွဲများနှင့် စျေးပေါသော တိရစ္ဆာန်ပရိုတင်းများ မရရှိနိုင်သော်လည်း ဟန်ဂေရီနိုင်ငံသည် Acquaculture ပညာကျွမ်းကျင်မှုကြောင့် ကမ္ဘာ့ရေချိုငါးမွေးမြူရေးအတွက် ထိပ်တန်းမှ ပါဝင်လျက်ရှိသည်ဟု အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရေချိုငါးမွေးမြူရေးလုပ်ငန်းများ ယခုထက်ပိုဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံ၏ ရှိရင်းစွဲအားသာချက်များကို ထိရောက်စွာ အသုံးချခြင်းနှင့်အတူ အားနည်းချက်များဖြစ်သည့် ဥပမာ–တိုင်းရင်းငါးမျိုးများ မြန်မာ့ရေမြေသဘာဝအတွင်းမှ မျိုးတုံးပျောက်ကွယ်မသွားစေရန် ထိန်းသိမ်းရေးနှင့် ရေချိုငါးများ အဓိကရှင်သန်ပေါက်ဖွားရာ အဓိကမြစ်ချောင်းတို့၏ သယံဇာတများ ညစ်ညမ်းမှုမရှိစေရေး ဝိုင်းဝန်းစောင့်ရှောက်ခြင်းဖြင့် ရေချိုငါးလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်သည်။ ■

www.foreverspace.com.mm

ရန်ကုန်ရွာက်လေ့အသင်း အဆောက်အအုံသစ် တည်ဆောက်မည်

ရန်ကုန်၊ နိုဝင်ဘာ ၁၉

ရန်ကုန်မြို့တော်တွင် ၁၉၂၅ ခုနှစ်က တည်ထောင်ခဲ့ပြီး Prestige Club တစ်ခုအဖြစ် ကျော်ကြားခဲ့သည့် ရန်ကုန်ရွာက်လေ့အသင်းအတွက် နိုင်ငံတကာအဆင့် မီအသင်းအဆောက် အအုံသစ်တစ်ခု တည်ဆောက်ရန် ပြင်ဆင်လျက်ရှိရာ အသင်း၏ Commodore အဖြစ် တာဝန်ယူခဲ့သူ အလှူရှင်ဦးမိုက်ကယ်မိုးမြင့်က ကျပ်သိန်းတစ်ထောင့်ငါးရာ လှူဒါန်းခဲ့ကြောင်းအသင်း၏ အဆောက်အအုံတာဝန်ခံ ဦးသိန်းစိုးက ပြောကြားသည်။

အသင်းအဆောက်အအုံသစ်၏ ပင်မကိုယ်ထည်ပိုင်းကို အလှူရှင် ဦးမိုက်ကယ်မိုးမြင့်က တာဝန်ယူ လှူဒါန်းခြင်းဖြစ်ပြီး ကျန်အသင်းဝင်များက Sun Deck ခေါ် လေဟာပြင်ဆောင်အတွက် အလှူငွေများ ထည့်ဝင်လျက်ရှိကြသည်ဟု ၎င်းက ဆိုသည်။

ရန်ကုန်ရွာက်လေ့အသင်းကို ၁၉၂၄ ခုနှစ်တွင် အင်္ဂလိပ်ဘုရင်ခံမှ စတင် ဖွဲ့စည်းခဲ့ပြီး ၁၉၂၅ ခုနှစ်တွင် တစ်ထပ်သစ်သားအဆောက်အအုံဖြင့် ဆောက်လုပ်ခဲ့ရာ ယင်းမှာ ဂျပန်ခေတ်တွင် ပျက်စီးခဲ့ရကြောင်း၊ ၁၉၄၇ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက ထပ်မံဆောက်လုပ်ခဲ့ကြောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးစစ်သင်္ဘော ကွန်မန်ဒါဖြစ်သူ ဗိုလ်ချုပ်ဖေကြီးက အသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ကြောင်း၊ ၁၉၅၆ ခုနှစ်တွင် အကြီးစားမွမ်းမံမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယခုအဆောက်အအုံသစ်ကို ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ဦးသိန်းစိုးက ဆက်လက်ပြောကြားသည်။

ယခုဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံကို လာမည့်အာဆီယံနှင့် အခြား ရွာက်လေ့ပြိုင်ပွဲများ လက်ခံကျင်းပရာတွင် အခြားနိုင်ငံများထက် မနိမ့်ကျဘဲ နိုင်ငံတကာအဆင့် ရင်ပေါင်တန်းနိုင်သည့် အဆောက်အအုံဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ဦးသိန်းစိုး၏ အဆိုအရ သိရသည်။

လက်ရှိ ရန်ကုန်ရွာက်လေ့အသင်းတွင် Family Member ၂၈၉ ဦး၊ Single Member ၃၉ ဦး၊ Distance Member ၈၄ ဦး၊ Life Member လေးဦး၊ Other တစ်ဦး၊ နိုင်ငံခြားသား ၁၃ ဦးဖြင့် ဖွဲ့စည်းပါဝင်လျက်ရှိရာ နိုင်ငံသားအသင်းဝင်များအနေဖြင့် ဝင်ကြေးကျပ်နှစ်သိန်း၊ လစဉ်ကြေး မိသားစုအသင်းဝင် ၂၅၀၀ ကျပ်၊ တစ်ဦးချင်းအသင်းဝင် ၂၀၀၀ ကျပ်နှင့် နိုင်ငံခြားသားဝင်ကြေး FEC 400၊ လစဉ်ကြေး FEC 20 ပေးသွင်းရကြောင်း ဦးသိန်းစိုးက ရှင်းပြသည်။ အသင်း၏ လက်ရှိ Commodore မှာ ဒေါက်တာဥမ္မာကျော် ဖြစ်သည်။

ယခုအခါ ဖိလစ်ပိုင်တွင် ကျင်းပနေသည့် SEA GAME ပြိုင်ပွဲတွင် ရန်ကုန်ရွာက်လေ့အသင်းမှ အားကစားသမားကျားခုနစ်ဦးနှင့် မငါးဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ရွေတံဆိပ်နှစ်ခု ရယူနိုင်ရန် ရည်မှန်းထားသည်။

■

ပုဂံ-ညောင်ဦးရှိ ရန်ကုန်မြို့တော်စည်ပင်ဧည့်ရိပ်သာ အငှားချထားမည်

ရန်ကုန်၊ နိုဝင်ဘာ ၁၃

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံ–ညောင်ဦးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဧည့်ရိပ်သာကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် အငှားချထားမည်ဖြစ်ကြောင်း အဆိုပါကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) က ပြီးခဲ့သည့် နိုဝင်ဘာလ ၆ ရက်နေ့တွင် တရားဝင် ကြေညာသည်။

ယင်းဧည့်ရိပ်သာသည် ညောင်ဦးလေယာဉ်ကွင်းအနီးတွင် တည်ရှိပြီး ရှေးခေတ်အဆောက်အအုံပုံစံ ဧည့်ရိပ်သာတစ်ခုဖြစ်သည်။ အငှားရယူလုပ်ကိုင်လိုသူများအနေဖြင့် ဈေးနှုန်းတင်သွင်းလွှာ တစ်စောင်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် အင်ဂျင်နီယာဌာန (အဆောက်အအုံ) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပိတ်ရက်ကို ၂၁–၁၁–၂၀၀၅ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်ဟု ကြေညာခဲ့သည်။

www.foreverspace.com.mm

အမှုန့်ကြိတ်လုပ်ငန်းရှင်များသို့ ငရုတ်ပွဲရုံအများစုလဆိုင်းစနစ်ဖြင့် ထိုးရောင်း

ရန်ကုန်၊ နိုဝင်ဘာ ၄

ဈေးကွက်လိုအပ်ချက်ထက် ထွက်ရှိမှုများပြားကာ ငရုတ်သီးဈေးကွက်ပျက်သည့်အနေအထားဖြင့် ကြုံတွေ့နေရပြီး အရောင်းအဝယ်နည်းပါးသဖြင့် အမှုန့်ကြိတ်လုပ်ငန်းရှင်များသို့ လဆိုင်းစနစ်ဖြင့် ထိုးရောင်းနေရကြောင်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ငရုတ်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ယခင်နှစ်က အပျက်အစီးများ၍ အထွက်နည်းမည်ဟု ခန့်မှန်းခဲ့ကြပြီး ဝယ်ယူသိုလှောင်ထားသော ငရုတ်ပွဲရုံများမှ ငရုတ်သီးအထွက်များလာခြင်း၊ အရောင်းအဝယ်နည်းပါးလာခြင်း၊ အရောင်းအဝယ်မရှိသလောက် ဖြစ်လာကာ ပျက်စီးဆုံးရှုံးမှုများလာ၍ ယခုကဲ့သို့ အမှုန့်ကြိတ်လုပ်ငန်းရှင်များထံသို့ မိမိပစ္စည်းကို အသုံးပြုစေရန် နှစ်လဆိုင်း၊ သုံးလဆိုင်းဖြင့် ထိုးရောင်းနေရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပွဲရုံများအတွင်းသို့ ပျော်ဘွယ်၊ တပ်ကုန်း၊ ရမည်းသင်း၊ ဒိုက်ဦးတို့မှ ငရုတ်သီးများ ဝင်ရောက်လျက်ရှိပြီး ငရုတ်ရှည်ဈေးနှုန်းမှာ အနိမ့်ဆုံး တစ်ပိဿာလျှင် ၆၀၀ ကျပ်မှ ၈၅၀ ကျပ်ဈေးနှုန်း၊ ငရုတ်ပွမှာ ၁၄၀၀ ကျပ် ဈေးနှုန်း ပတ်ဝန်းကျင်ရှိသည်။

■

ရိတ်သိမ်းချိန်လွန်နည်းပညာနှင့်ပတ်သက်၍ မြန်မာပညာရှင်များ အစ္စရေးသို့ သွားရောက်လေ့လာမည်

ရန်ကုန်၊ နိုဝင်ဘာ ၇

မြန်မာ–အစ္စရေး နှစ်နိုင်ငံအစိုးရ ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာန (PTAC) မှ ဝန်ထမ်းအချို့သည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် အစ္စရေးနိုင်ငံသို့ ၂၅ ရက်ကြာ သင်တန်းသွား ရောက်ရန်ရှိကြောင်း PTACမှ မန်နေဂျာ ဒေါ်ဖြူဖြူဝင်းက ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံမှ စုစုပေါင်း ၁၁ ဦး တက်ရောက်ရန်ရှိပြီး PTAC မှ ခြောက်ဦးပါဝင်ကြောင်း၊ သင်တန်းမှာ Post Harvest Technology နှင့်ပတ်သက်၍ ပို့ချမည့်သင်တန်းဖြစ်ကြောင်းလည်း အဆိုပါဌာနမှ ထပ်မံသိရှိရသည်။

အစ္စရေးနိုင်ငံသည် မြန်မာနိုင်ငံအစိုးရမှ အဓိကထားဖော်ဆောင်လျက်ရှိသော စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာအကူအညီများ ပံ့ပိုးနေသော နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်အများစုကိုလည်း အဆင့်မြင့်နည်းပညာများ ခေါ်ယူသင်ကြားပေးလျက်ရှိသောနိုင်ငံလည်း ဖြစ်သည်။

Phoenix News

ပွဲရုံတည်ဆောက်ရေးအတွက် ဘိလပ်မြေနှင့် သံချောင်းများ နယ်စပ်မှ တင်သွင်းခွင့်ပြု

ရန်ကုန်၊နိုဝင်ဘာ ၁၄

မြန်မာ–တရုတ်နယ်စပ် မူဆယ် ၁၀၅ မိုင်စခန်းတွင် ဆောက်လုပ်နေသော ပွဲရုံတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောဆောက်လုပ်ရေးပစ္စည်း သံချောင်း၊ သွပ်၊ ဘိလပ်မြေ၊ အိမ်ရိုက်သံများကို တစ်ဖက်နိုင်ငံနယ်စပ်မှတစ်ဆင့် တင်သွင်းခွင့်ပြုထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့ (MIRT) မှ ဦးဟံသာထွန်းက Living Color သို့ ပြောကြားသည်။

မြန်မာ–တရုတ်ကုန်သွယ်ရာ၌ မြန်မာဘက်မှ ပို့ကုန်များတင်ပို့ရာတွင် မြန်မာနိုင်ငံတွင် သိုလှောင်၍ ဈေးခေါ်ရောင်းချ နိုင်ရန် ၃၇၀.၈၃ ဧက ကျယ်သော မြေနေရာတွင် ပွဲရုံများကို လုပ်ငန်းရှင်များသို့ ယခုနှစ်အတွင်း ရောင်းချပေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက လာမည့်ဧန်နဝါရီလတွင် ဖွင့်လှစ်နိုင်ရန် လျာထားကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

Phoenix News

www.foreverspace.com.mm

မြန်မာနိုင်ငံ၏ ပထမဆုံး အိမ်သုံးစတီးလ်ပစ္စည်းစက်ရုံ ၂၀၀၆ ဇန်နဝါရီတွင် စတင်လည်ပတ်မည်

ရန်ကုန်၊ နိဝင်ဘာ ၃၀

မြန်မာနိုင်ငံ၏ ပထမဆုံးအိမ်သုံးစတီးလ်နှင့် ကြွေရည်စိမ်ပစ္စည်းများ ထုတ်လုပ်မည့်စက်ရုံကို စင်ကာပူနိုင်ငံမှ L & Z Trading Investment Pte., Ltd. နှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းတည်ဆောက်လျက်ရှိရာ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် စတင်စမ်းသပ်လည်ပတ်သွားမည်ဖြစ်ကြောင်း မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းမှ အရာထမ်းတစ်ဦးက Living Color သို့ ပြောကြားသည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာနှင့် ကင်ရောင်းကျေးရွာအကြား အကျယ်အဝန်း (၂၂.၄၂) ဧကရှိ မြေနေရာတွင် ယင်းစက်ရုံကို တည်ဆောက်ထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာငါးသန်း အကုန်အကျခံသုံးစွဲထားကြောင်း၊ ကုန်ပစ္စည်းထုတ်လုပ်ရန်အတွက် ကုန်ကြမ်းကို ပြည်ပမှ နှစ်စဉ် တန် ၅၀၀ ဝန်းကျင် တင်သွင်းကာ စတီးလ်နှင့် ကြွေရည်စိမ် အိမ်သုံးပစ္စည်းအမျိုးအစားပေါင်း ၂၇၀၀၀ ခန့် ထုတ်လုပ်ရန် လျာထားကြောင်း ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

ဂျပန်အခြေစိုက် NGO တစ်ခု မြန်မာနိုင်ငံအလယ်ပိုင်းတွင် Mobile Clinic ဆောင်ရွက်

သတင်းဆောင်းပါး – သစ်ထွဋ်

၉–၁၂–၂၀၀၅

မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့တွင် ဂျပန်နိုင်ငံအခြေစိုက် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Asia Medical Doctor Association (AMDA) သည် Mobile Clinic အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးနှင့် ပတ်သက်သည့် အခြားဝန်ဆောင်မှုများကိုလည်း နှစ်စဉ် ကန်ဒေါ်လာတစ်သိန်းခန့်ကုန်ကျလျက်ရှိကြောင်း AMDA မှ ဒေါက်တာဌေးဝင်းက ပြောကြားသည်။

ကျေးလက်လူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း ဖြစ်သည်

အဆိုပါ Mobile Clinic အစီအစဉ်တွင် AMDA မှ ဆရာဝန်များ၊ ကျွမ်းကျင်ဝန်ထမ်းပါရှိသော အဖွဲ့ငယ်က ပခုက္ကူ၊ ညောင်ဦးနှင့် မိတ္ထီလာမြို့နယ်များရှိ ကျေးရွာများသို့ အပတ်စဉ် အလှည့်ကျစနစ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေါက်တာဌေးဝင်းက ဆိုသည်။ Mobile Clinic ဆိုရာတွင် ဆိုခဲ့ပါအဖွဲ့ငယ်က ဒေသခံလူနာများကို ကျန်းမာရေးစစ်ဆေးမှုများနှင့် လိုအပ်သည့် အသေးစားကုသမှုများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။ ထို့အပြင် အဆိုပါဒေသများတွင် ကျန်းမာရေးနှင့် လူမှုရေး ကူညီဆောင်ရွက်မှုများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

www.foreverspace.com.mm

ဆီအုန်းသုတေသနစခန်း ကော့သောင်းတွင် တည်ထောင်မည်

ရန်ကုန်၊ အောက်တိုဘာ ၂၆

ကမ္ဘာ့ရေနံရောင်းနိုင်ငံများအဖွဲ့ (OPEC) ၏ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဆီထွက်သီးနှံဖွံ့ဖြိုးရေးစီမံကိန်းအရ တနင်္သာရီတိုင်းတွင် ဆီအုန်းသုတေသနစခန်းတစ်ခု တည်ထောင်သွားမည်ဖြစ်ပြီး ယင်းအတွက် ကုန်ကျမှုများကိုလည်း ထိုချေးငွေဖြင့်ပင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆီထွက်သီးနှံဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင်နွဲ့က Living Color သို့ ပြောကြားသည်။ မြန်မာနိုင်ငံအတွင်း ဆီထွက်သီးနှံနှင့် ဘေးထွက်ပစ္စည်းထုတ်လုပ်မှု တိုးတက်လာစေရန်၊ စားသုံးဆီ ဖူလုံစေရန်နှင့် တောင်သူများ ဝင်ငွေတိုးတက်စေရန်အတွက် ဆောင်ရွက်သော အဆိုပါ သုံးနှစ်စီမံကိန်းကို OPEC ၏ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂.၃ သန်းဖြင့် ၂၀၀၇–၂၀၀၈ ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်း၏ ပြောကြားချက်အရ သိရှိရသည်။

တနင်္သာရီတိုင်းတွင် ပုဂ္ဂလိကပိုင် ကုမ္ပဏီများသို့ မြေ ၁၄၃ဖိဖ၁၉ ဧက လုပ်ပိုင်ခွင့်ပေးထားပြီးဆီအုန်းအများအပြား စိုက်ပျိုးလျက်ရှိကြောင်း၊ လောလောဆယ်တွင် ယုဇနကုမ္ပဏီက အများဆုံးစိုက်ပျိုးလုပ်ကိုင်နေကြောင်း ၎င်းက ဆိုသည်။

Phoenix News

AMDA အနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ၁၉၉၆ ခုနှစ်မှစတင်ကာ ဒေသခံများအတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ပံ့ပိုးသည့်အစီအစဉ်များ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ရှမ်းပြည်နယ် လောက်ကိုင်ဒေသရှိ ရွာနှစ်ရွာတွင် ၎င်းတို့၏ Project အစီအစဉ်များစတင်လျက်ရှိကြောင်း AMDA မှ ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာဌေးဝင်းက ပြောကြားခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဒေသသုံးခုကို ရွေးချယ်ရခြင်းမှာ အဆိုပါဒေသများသည် ပူပြင်းခြောက်သွေ့ပြီး ဒေသခံများအတွက် ကူညီစောင့်ရှောက်မှုများ ပိုမိုလိုအပ်သည်ဟု ထင်မြင်မိ၍ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။ အဆိုပါဒေသများတွင် ကျန်းမာရေးစောင့် ရှောက်မှုအနေဖြင့် AMDA က ကျေးရွာအဖွဲ့ငယ်လေး များထူထောင်ပေးကာ ဒေသခံများ၏ ကျန်းမာရေးလိုအပ်ချက်အဖြစ် ဆေးကုသစရိတ်ထောက်ပံ့ကူညီခြင်း၊ ဆေးရုံသွားရန် လိုအပ်သူများကို ကူညီပေးခြင်းအပြင် ၎င်းဒေသများရှိ ဆေးရုံများထံ ဆေးဘက်ဆိုင်ရာပစ္စည်းများကို တက်နိုင်သမျှ ကူညီထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း AMDA ၏ အဆိုအရ သိရသည်။

ထို့အပြင် ဆိုခဲ့ပါဒေသသုံးခုသည် သောက်သုံးရေရှားပါးသည့်ဒေသများဖြစ်သည့်အားလျော်စွာ ဒေသခံများအတွက် ရေအရင်းအမြစ်များ တိုးပွားလာရန် လေ့လာချက်များပြုလုပ်၍ အဝီစိတွင်းများ တူးဖော်ပေးခြင်း၊ ရေတွင်း ရေကန်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း AMDA က ဆိုသည်။ ၎င်းဒေသများ ကျေးရွာအဖွဲ့ငယ်များအတွက် AMDA ရန်ပုံငွေတစ်ရပ် ထူထောင်ပေးခဲ့ပြီး အဆိုပါ ရန်ပုံငွေမှ အသေးစားငွေချေးလုပ်ငန်းတစ်ရပ်ကို ထူထောင်ပေးထားကာ ကျန်းမာရေးစောင့် ရှောက်မှုအတွက် လိုအပ်သောငွေကြေးကို အဆိုပါရန်ပုံငွေဖြင့် လည်ပတ်နိုင်ရန် ကူညီပေးလျက်ရှိသည်။ ထို့အပြင် ထော်လာဂျီအကြီးငါးစီး၊ အသေး ၁၀ စီးကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် အထောက်အကူပြုစေရန် တည်ထောင်ပေးထားသည်။ အဆိုပါယာဉ်များမှ ဒေသခံများ ဆေးရုံသို့သွားရောက်ခြင်းသာမက အခြားကိစ္စများလိုအပ်လာပါက တတ်နိုင်သူများကို သက်သာသောနှုန်းထားဖြင့် လည်းကောင်း၊ မတတ်နိုင်သူများကို အခမဲ့အဖြစ်လည်းကောင်း ပို့ဆောင်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းမှ ရရှိသည့်ငွေကို ထူထောင်ထားသော ရန်ပုံငွေသို့ ထည့်သွင်းစေရန် AMDA က ဆောင်ရွက်ထားသည်။ အဆိုပါဒေသများရှိ ကလေးငယ်များအတွက် အဟာရကျွေးမွေးခြင်းအပြင် မိခင်နှင့်ကလေး ကျန်းမာရေးနှင့် ပတ်သက်သည့် Health Talk အစီအစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေါက်တာ ဌေးဝင်းက ဆိုသည်။

၂၀၀၅ ခုနှစ်တွင် ရှမ်းပြည်နယ် လောက်ကိုင်ဒေသရှိ ရှောင်ကာ၊ လိုင်လောရွာနှစ်ရွာတွင် AMDA ၏ Project အစီအစဉ်တစ်ရပ်ကို စတင်ခဲ့ပြီး ယခုအခါ အဆိုပါဒေသများတွင် Health Talk အစီအစဉ်များ၊ ရေအရင်းအမြစ်ရှာဖွေပေးသည့် အစီအစဉ်များ စတင်ဆောင်ရွက်လျက်ရှိကာ ဒေသခံများအတွက် ဆန်ဖြန့်ဖြူးပေးသည့် အစီအစဉ်တစ်ရပ်ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ AMDA သည် ဂျပန်နိုင်ငံတွင် အခြေစိုက်ကာ အာရှဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် Project အများအပြားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရှိ Project ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ အထိဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း AMDA မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

■

www.foreverspace.com.mm

ရေနံချောင်းစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းခြောက်ခုအတွက် သမဝါယမဘဏ်မှ ချေးငွေ သိန်း ၁၅၀၀ ချေးယူ

ရန်ကုန်၊ နိဝင်ဘာ ၁၆

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေနံချောင်းစက်မှုဇုန်ရှိ စက်မှုလုပ်ငန်း ခြောက်ခုအတွက် ချေးငွေ သိန်း ၁၅၀၀ ကို သမဝါယမဘဏ်မှချေးယူခဲ့ကြောင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်ဦးက ပြောကြားသည်။

စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမတည်ငွေအဖြစ် ချေးငွေများကို ထုတ်ချေးခြင်းဖြစ်ကြောင်း၊ ချေးငွေကာလကို တစ်နှစ်သတ်မှတ်၍ စက်မှုလုပ်ငန်းခြောက်ခု၏ လိုအပ်မှုအလိုက် ချေးငွေသိန်း ၁၅၀၀ ကျပ်အား ခွဲဝေပေးခဲ့ကြောင်း၊ စက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများအား လစဉ် ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုအလိုက်ချေးငွေများကို ထပ်မံချေးယူပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါချေးငွေ သိန်း ၁၅၀၀ ကျပ်ကို ၂၀၀၄-၂၀၀၅ ခုနှစ်မှစတင်၍ ချေးယူပေးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရေနံချောင်းစက်မှုဇုန်ရှိ ရွှေဒင်္ဂါးစက်မှုလုပ်ငန်းမှ နှစ်ဘီးဆိုင်ကယ်၊ ပြိုင်ကားစက်မှုလုပ်ငန်းမှ သုံးဘီးဆိုင်ကယ်နှင့် ရွှေနှဲ့သာစက်မှုလုပ်ငန်း၊ ရေနံသာရေနံမြေ၊ ပင်းမြန်မာ စသည့် စက်မှုလုပ်ငန်းများမှ မော်တော်ယာဉ်များ ထုတ်လုပ်လျက်ရှိကြောင်း ၎င်း၏အဆိုအရ သိရသည်။

မြန်မာနိုင်ငံတွင် သစ်ခွပညာရှင်များ မှတ်တမ်းမတင်ရသေးသော သစ်ခွမျိုးစိတ်များစွာရှိ

ရန်ကုန်၊ ဒီဇင်ဘာ ၆

မြန်မာနိုင်ငံတွင် နိုင်ငံတကာ သစ်ခွပညာရှင်များအတွက် အမည်မဖော် မှတ်တမ်းမတင်ရသေးသော မြေပေါက်သစ်ခွနှင့် အခြားသစ်ခွမျိုးစိတ်များစွာ ရှိနေသေးကြောင်း မကြာသေးခင်က ချင်းပြည်နယ် နတ်မတောင် အမျိုးသားဥယျာဉ်သို့ မြန်မာသစ်ခွပညာရှင် ဦးစောလွင်နှင့် အတူ သွားရောက်လေ့လာခဲ့သော အာဖရိကသစ်ခွပညာရှင် Hubert KurZweil က Living Color သို့ ပြောကြားသည်။

မြန်မာနိုင်ငံတွင် သစ်ခွမျိုးစိတ်များစွာရှိသော်လည်း လွန်စွာ လူသိနည်းပါးနေသည့်အတွက် အမည်ပေး သတ်မှတ်ရန်အခက်အခဲရှိကြောင်း၊ ဥပမာ-ချင်းပြည်နယ်တွင် တွေ့ရသော အဖြူရောင် ဒမ်ဒိုဘီယမ်သစ်ခွများသည် မျိုးစိတ်သစ်များဖြစ်နိုင်သည်ဟု သစ်ခွပညာရှင်များက ယူဆကြကြောင်း Hubert KurZweil က ဆိုသည်။

ချင်းပြည်နယ် နတ်မတောင်ဒေသတွင် မြေပေါက်သစ်ခွများစွာကို တွေ့ရှိခဲ့သော်လည်း မြန်မာနိုင်ငံမြောက်ပိုင်းကချင်ပြည်နယ်တွင် ယခုထက်ပို၍ သစ်ခွအမျိုးအစား များစွာ ရှိနိုင်သည်ဟု အဆိုပါ အာဖရိကသစ်ခွပညာရှင်က ခန့်မှန်းပြောကြားသည်။ ■

ဆားကွင်းအချို့ ပုစွန်မွေးမြူကန်များအဖြစ် ပြောင်းလဲလုပ်ကိုင်

ရန်ကုန်၊ နိဝင်ဘာ ၆

မြန်မာနိုင်ငံအတွင်းရှိ နေလှန်းဆားချက်လုပ်ရာ ဆားကွင်းအချို့သည် ဆားဈေးနှုန်းမှာထုတ်လုပ်မှုဈေးနှုန်းထက် လျော့နည်းနေသောကြောင့် ပုစွန်မွေးမြူရေးလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်လျက်ရှိသည်ဟု ရခိုင်ပြည်နယ်မှ ဆားလုပ်ငန်းရှင်တစ်ဦးက နိဝင်ဘာလ ပထမပတ်အတွင်း ပြောကြားသည်။

ဆားကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့သော်လည်း ပုစွန်တင်ပို့ခြင်းမှာ ဝင်ငွေပိုမိုကောင်းမွန်ပြီး ဈေးကွက် ပိုမိုကျယ်ပြန့်သောကြောင့် ပုစွန်မွေးမြူမှုလုပ်ငန်းများကို လုပ်ကိုင်ခြင်းဖြစ်သည်ဟု အဆိုပါပုဂ္ဂိုလ်က ဆိုသည်။ ပုစွန်မွေးမြူရာတွင် သဘာဝမွေးပုစွန်ကန်များမှ တစ်ဧကလျှင် ဝ.၂၆ တန်ခန့်ထွက်ရှိပြီး သိပ္ပံနည်းကျ သားပေါက်ထည့်သွင်းမွေးမြူခြင်းမှ တစ်ဧကလျှင် တစ်တန်ကျော် ထွက်ရှိသည်။

မြန်မာနိုင်ငံတွင် ဆားထုတ်လုပ်မှုကို မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့တွင် အဓိကလုပ်ကိုင်ပြီး နှစ်စဉ် အိုင်အိုဒင်းဆားတန်ချိန် ၃၀၀,၀၀၀ ခန့်ကို ထုတ်လုပ်လျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် ဆားစက်အရေအတွက် ၁၂၃ ခုခန့် ရှိသည်။

www.foreverspace.com.mm

Open Source နည်းပညာ အထောက်အကူပြု သင်တန်း ဖွင့်လှစ်

ရန်ကုန်၊ ဒီဇင်ဘာ ၁

နိုင်ငံတကာ၌ ရေပန်းစားအသုံးများလျက်ရှိသော Open Source နည်းပညာပြန့်ပွားရန် ရည်ရွယ်လျက် မြန်မာကွန်ပျူတာပညာရှင်လူငယ်များ စုစည်းစီစဉ်ဖွင့်လှစ်သည့် Open Source နည်းပညာ အထောက်အကူပြု ကွန်ပျူတာသင်တန်းတစ်ရပ်ကို ရန်ကုန်မြို့ Myanmar Info-Tech ၌ အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း ယင်းသင်တန်းစီစဉ်သူတစ်ဦးဖြစ်သူ ဦးငွေထွန်းက Living Color သို့ ပြောကြားသည်။

နိုင်ငံတကာတွင် Open Source နည်းပညာကိုအသုံးပြု၍ ကွန်ပျူတာကို အသုံးချမှုများ ယခုဆယ်စုနှစ်အတွင်း တိုးတက်များပြားလာလျက်ရှိကြောင်း၊ အင်တာနက်ပေါ်တွင် အသုံးချသော လုံခြုံရေးစနစ်များ၊ Server များနှင့် ဆက်သွယ်ရေးကိစ္စများတွင် Open Source နည်းပညာကို တွင်ကျယ်စွာ အသုံးချလာကြကြောင်း၊ ယခင်က ကုမ္ပဏီတစ်ခုမှ ထုတ်လုပ်သောစနစ်ကိုသာ အားထားသုံးစွဲရခြင်း၊ စိတ်ကြိုက်ကိုယ်ပိုင်စနစ်ကို မပြင်ဆင်နိုင်ခြင်း၊ ပြဿနာများကို ပေါင်းစပ်မဖြေရှင်းနိုင်ခြင်းနှင့် ဈေးကြီးပေးဝယ်ယူသုံးစွဲရခြင်း စသည်တို့ကို ကွန်ပျူတာသုံးစွဲသူများ ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ထိုအခြေအနေတွင် Copy Left ဖြစ်ပြီး လွတ်လပ်စွာ အသုံးပြုနိုင်သည့် Open Source နည်းပညာပေါ်ပေါက်လာသဖြင့် သုံးစွဲသူများအတွက် များစွာအဆင်ပြေစေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ထိုနည်းပညာနှင့် ပတ်သက်သော ဝါသနာရှင်အဖွဲ့များနှင့် လူစွမ်းအားအရင်းအမြစ်များ လိုအပ်လာသဖြင့် ဝါသနာရှင်ပညာရှင်များစုစည်းပြီး အင်တာနက်ပေါ်တွင် OpenMM Online Community အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းမိကြကာ ကွန်ပျူတာအသုံးပြုသူများထံ Open Source နည်းပညာပျံ့နှံ့သုံးစွဲနိုင်စေရန် ယင်းအဖွဲ့အစည်းမှ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါ Open Source နည်းပညာ အထောက်အကူပြု ကွန်ပျူတာသင်တန်းကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၄၀ ဦး တက်ရောက်လျက်ရှိကာ Open Source ကို အသုံးပြု၍ Web Development Project များ ရေးဆွဲနေပြီ ဖြစ်သည်။ လာမည့် ဒုတိယအသုတ်သင်တန်းကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စီစဉ်သူများထံမှ သိရသည်။

■

စစ်ဆောင်ပနား နယ်စပ်ဖြတ်ကျော်ဂိတ်အသစ် ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်အသုံးပြုမည်

ရန်ကုန်၊ နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသ မိုင်းလားမြို့နှင့်ထိစပ်နေသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အတွင်းရှိ စစ်ဆောင်ပနား နယ်စပ်ဖြတ်ကျော်ဂိတ်အသစ်ကို တည်ဆောက်ပြီးစီးပြီဖြစ်သောကြောင့် လာမည့် ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း အဆိုပါဒေသအတွင်း ထွက်ပေါ်လျက်ရှိသည့် သတင်းများအပေါ်ကိုးကား၍ မိုင်းလားမြို့ရှိ ဒေသခံတစ်ဦးက ပြောကြားသည်။

ယင်းဒေသမှ မြန်မာနိုင်ငံအတွင်းရှိ ဒေသများသို့ ကုန်းလမ်းခရီးဖြင့် သွားရေးလာရေး အဆင်ပြေချောမွေ့သဖြင့် ပြည်ပခရီးသွားများ ယခင်ကတည်းက ဖြတ်သန်းသွားလာလျက်ရှိခဲ့သည့်အပြင် အဆိုပါ နယ်စပ်ဖြတ်ကျော်ဂိတ်ကို ဖြတ်သန်း၍ မြန်မာ–တရုတ် နှစ်နိုင်ငံကုန်စည်များ နေ့စဉ်ကုန်သွယ်မှုပြုလျက်ရှိကြောင်း ၎င်းက ဆိုသည်။

ယင်းဒေသအတွင်း၌ မြန်မာနိုင်ငံပိုင်ဒေသများအတွင်းသို့ တရုတ်နိုင်ငံဘက်မှ ပြည်ပခရီးသွားများဖြတ်သန်းခွင့်ကို တရုတ်နိုင်ငံ ဒေသအာဏာပိုင်များက ယာယီကန့်သတ်မှုများ ပြုလုပ်ထားသည်မှာ တစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုနယ်စပ်ဂိတ်အသစ် ပြန်လည်ဖွင့်လှစ်ပြီးပါက နှစ်ဖက်အာဏာပိုင်များညှိနှိုင်း၍ ပြန်လည်ခွင့်ပြုဖွယ်ရှိကြောင်းလည်း အဆိုပါ ပုဂ္ဂိုလ်က သုံးသပ်ပြောကြားသည်။

www.foreverspace.com.mm

ရန်ကုန်-မန္တလေးရထားပေါ် ဈေးသည်များကို စနစ်တကျစီစဉ်ရန် လိုအပ်

ရန်ကုန်၊ ဒီဇင်ဘာ ၄

မြန်မာနိုင်ငံတွင် ခရီးသည်နှင့်ကုန်စည်အများဆုံး သယ်ယူပို့ဆောင်ပေးနေသော ရန်ကုန်-မန္တလေး အစုန်အဆန်စာပို့အမြန်ရထားများပေါ်တွင် တစ်ဘူတာဆင်း တစ်ဘူတာတက် ရောင်းချလေ့ရှိသည့် ခေါင်းရွက်ဗျက်ထိုးဈေးသည်များကို သက်ဆိုင်ရာက စနစ်တကျစီစဉ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ရထားဖြင့် မကြာခဏခရီးထွက်လေ့ရှိသူ ဌာနဆိုင်ရာအရာထမ်းတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၂၄ ရက်နေ့က အမှတ်-၄ အစုန် စာပို့အမြန်ရထားအထက်တန်းတွဲတစ်တွဲတွင် လိုက်ပါလာသော နိုင်ငံခြားသားနှစ်ဦးအား အဆိုပါ ဈေးသည်များက ဇွတ်အတင်းရောင်းချနေခြင်းကို ဥပမာပြုကာ နောင်မဖြစ်စေရန် ဆင်ခြင်သင့်ကြောင်း၊ ထိုသို့ ကမ္ဘာလှည့် ခရီးသည်များ အထင်အမြင်သေးသွားမည့် လုပ်ရပ်များကို သတိပေးတားမြစ်သင့်ကြောင်းနှင့် ဈေးသည်များကို စနစ်တကျ ထားရှိရန်လိုအပ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

ယင်းကဲ့သို့ပင် သီတင်းကျွတ်ပွဲတော်ရာသီ၊ တောင်ပြုံးပွဲတော်ရာသီနှင့် သင်္ကြန်ပွဲတော်ရာသီကြိုကာလများအတွင်း ရထားပေါ်တွင် ထိုင်ခုံလက်မှတ်ဖြင့် စီးနင်းသူများအပြင် ခုံမဲ့လက်မှတ်ဖြင့် လိုက်ပါစီးနင်းသူများလည်း အများအပြားရှိရာထိုသို့ ဈေးသည်များ စည်းကမ်းမဲ့စွာတက်ရောက်ရောင်းချခြင်းနှင့် အခေါက်ခေါက် အခါခါ ဖြတ်သန်းသွားလာရောင်းချခြင်းကြောင့် ရထားစီးခရီးသည်များ အနှောင့်အယှက်ဖြစ်ရကြောင်း ရထားဖြင့် ခရီးသွားလေ့ရှိသူ ဦးတိုင်းကျော်က ပြောကြားသည်။

ထိုသို့ ပြည်တွင်းခရီးသည်များအပြင် ကမ္ဘာအရပ်ရပ်မှလာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်များပါ လိုက်ပါစီးနင်းလေ့ရှိသည့် စာပို့အမြန်ရထားများပေါ်တွင် ဈေးသည်များ စည်းကမ်းမဲ့ရောင်းချခြင်းကြောင့် ခရီးသည်များ အနှောင့်အယှက်ဖြစ်ရသည့်အပြင် တစ်ခါတစ်ရံတွင် ခရီးသည်များ အမှတ်တမဲ့ချွတ်ထားသောဖိနပ်နှင့် အပိုပစ္စည်းများကိုပါ ခိုးယူသွားလေ့ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါဈေးသည်များသည် ရန်ကုန်မှဆန်တက်သော အဆန်ရထားများပေါ်တွင် ပဲခူးဘူတာ၊ ဒိုက်ဦးဘူတာ၊ ညောင်လေးပင်ဘူတာတို့မှ တက်ရောက်ကာ ထမင်းနှင့်ဟင်းကဲ့သို့ စားသောက်ကုန်များ၊ အချို/အချဉ်ထုပ်ကဲ့သို့ သရေစာများအပြင် ဆေးလိပ်၊ ကွမ်းယာနှင့် ဒေသထွက် ပြောင်းဖူးပြုတ်၊ ကြံ၊ မြေပဲပြုတ်နှင့် မုန့်အမျိုးမျိုးကိုပါ တက်ရောက်ရောင်းချလေ့ရှိကြောင်း ၎င်းကဆိုသည်။

မန္တလေးမှစုန်ဆင်းလာသော အစုန်ရထားများတွင်မူ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်းနှင့် ပျဉ်းမနားဘူတာများမှ တက်ရောက်ကာ ယင်းကဲ့သို့သော စားသောက်ကုန်မျိုးကို ရောင်းချလေ့ရှိကြောင်း၊ ထိုသို့ ရောင်းချရာတွင်လည်း

ရန်ကုန်မြို့အတွင်း စမ်းသပ်ယာဉ်အဖြစ် တပ်ဆင်မောင်းနှင်သော သုံးဘီးဆိုင်ကယ်များကို အရေးယူမည်

ရန်ကုန်၊ နိုဝင်ဘာ ၅

ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သော သုံးဘီးဆိုင်ကယ်များကို ရန်ကုန်မြို့တော်အတွင်း၌ စမ်းသပ်ယာဉ်အဖြစ် တပ်ဆင်မောင်းနှင်နေခြင်းအား အရေးယူမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဦးစီးမှူးက Living Color သို့ ပြောကြားသည်။

သုံးဘီးဆိုင်ကယ်များကို ရန်ကုန်မြို့တော်မှအပ အခြားနယ်မြို့များတွင် မောင်းနှင်ခွင့်ပြုထားပြီး ရန်ကုန်လိုင်စင်ထုတ်ပေးရန်မူ အစီအစဉ်မရှိသေးကြောင်း၊ ရန်ကုန်မြို့တော်တွင်း၌ မည်သည့်စမ်းသပ်ယာဉ်မျှ မောင်းနှင်ခွင့်မရှိသဖြင့် ယာဉ်သိမ်းဆည်းသည်အထိ အရေးယူဆောင်ရွက်နိုင်ကြောင်း ၎င်းကဆိုသည်။

မကွေးတိုင်း ရေနံချောင်းစက်မှုဇုန်ထုတ် ပြိုင်ဘြင်းအမှတ်တံဆိပ် သုံးဘီးဆိုင်ကယ်များကို ၂၀၀၃ ခုနှစ် စက်တင်ဘာလက စတင်တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ကုန်တန်ချိန် တစ်တန်ခန့် တင်ဆောင်နိုင်ကာ ဓာတ်ဆီတစ်ဂါလန်လျှင် မိုင် ၃၀ ခန့်မောင်းနှင်နိုင်ပြီး နောက်ဆုတ်မောင်းနှင်နိုင်သည့် Back ဂီယာထည့်သွင်းထားကြောင်း၊ ၂၀၀၅ ခုနှစ်မကုန်မီ သုံးဘီးဆိုင်ကယ်အစီးရေ ၅၀၀ ခန့် ထပ်မံထုတ်လုပ်မည်ဖြစ်ကြောင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

www.foreverspace.com.mm

လူရည်မလည်သောခရီးသည်များကို မလိမ်တပတ်လုပ်၍ ရောင်းချလေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်း အခြားလိုင်းများဖြစ်သော တောင်တွင်းကြီး–ပျဉ်းမနားလိုင်း၊ မော်လမြိုင်လိုင်းနှင့် ပြည်–တောင်တွင်းလိုင်းများတွင်လည်း ထိုကဲ့သို့ ဈေးသည်များရောင်းချလေ့ရှိကြောင်း၊ ယင်းလိုင်းများတွင်မူ ခရီးသည်စီးနင်းလိုက်ပါမှု မထူထပ်သည့်အတွက် ရန်ကုန်–မန္တလေး လမ်းကြောင်းကဲ့သို့ အထူးဂရုစိုက်စရာ မလိုအပ်သေးကြောင်း ခရီးသည်တစ်ဦးက ပြောကြားသည်။ ယခုအခါ ခရီးသည်တင်မော်တော်ယာဉ်လိုင်းများတွင် လက်မှတ်ခန့်နှုန်းထားများ ပြောင်းလဲသွားသောကြောင့် ရန်ကုန်– မန္တလေး ရထားလမ်းတစ်လျှောက် ဒေသများတွင် နေထိုင်သော ဒေသခံများမှာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများ၌ ရထားများကိုသာအားကိုး၍ သွားလာနေရသည်။

သန်းထူး

ပုစွန်ဖြူမွေးမြူသည့် ကုမ္ပဏီလေးခု ပုစွန်ကန်ဖော်ရန်ရှိ

ရန်ကုန်၊ အောက်တိုဘာ ၂၈

မြန်မာနိုင်ငံတွင် ပထမဆုံး ပုစွန်ဖြူစမ်းသပ်မွေးမြူခွင့်ရရှိသည့် ကုမ္ပဏီ ခုနစ်ခုအနက်မှ ကုမ္ပဏီလေးခုသည် နိုဝင်ဘာလ ကုန်မှစ၍ ပုစွန်ကန်မှ ပုစွန်ဖော်ခြင်း အစီအစဉ်ကို စတင်လုပ်ဆောင်ရန်ရှိသည်ဟု ပုစွန်မွေးမြူရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဖောလာဂါးက ပြောကြားသည်။

ပုစွန်ဖော်ရန် အစီအစဉ်ရှိသည့် ကုမ္ပဏီလေးခုမှာ ယုဇနကုမ္ပဏီ၊ ရွှေမိသားစု၊ ပုလဲနဒီနှင့် မဟာဗန္ဓုလ ကုမ္ပဏီတို့ဖြစ်ကြပြီး ယင်းကုမ္ပဏီများသည် ပုစွန်ဖြူကို စက်တင်ဘာလမှစ၍ စမ်းသပ်မွေးမြူခဲ့ကြောင်းနှင့် ကျန်ကုမ္ပဏီသုံးခုသည် ဒီဇင်ဘာလအကုန်တွင် ပုစွန်ကန်ဖော်ကြမည်ဖြစ်ပြီး ကန်ဖော်ပြီးလျှင် ထွက်ရှိလာမည့် သားပေါက်အထွက်နှုန်းပေါ်မူတည်၍ ပုစွန်ဖြူမွေးမြူမှုအောင်မြင်မှုရှိမရှိကို ဆုံးဖြတ်ပြောကြားနိုင်မည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ရန်ကုန်တိုင်းအတွင်း ယာဉ်ထိန်းအင်အား ယခင်အတိုင်းထားရှိမည်

ရန်ကုန်၊ နိုဝင်ဘာ ၁၀

ဝန်ကြီးဌာနအချို့မှ ဌာနအချို့ နေရာအရွှေ့အပြောင်းရှိသော်လည်း ရန်ကုန်တိုင်းရှိ ယာဉ်ထိန်းတပ်ဖွဲ့ဝင် အင်အားကို ယခင်အတိုင်းထားရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ နိုဝင်ဘာလ ဒုတိယပတ်အတွင်း ပြောကြားသည်။

အစိုးရရုံးဌာနအချို့ကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပျဉ်းမနားမြို့နယ်သို့ ရွှေ့ပြောင်းမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၇ ရက်နေ့က သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ပြည်တွင်းပြည်ပ သတင်းစာဆရာများကို ပြောကြားခဲ့ရာ အဆိုပါပြောကြားချက်နှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ရာ ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှာ ယခင် ယာဉ်ထိန်းအင်အားအတိုင်းသာ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါရုံးမှ ဒုရဲအုပ် ဒေါ်အုန်းကြည်က ဆိုသည်။ ဌာနအချို့ပြောင်းရွှေ့မှုကြောင့် ရန်ကုန်မြို့ရှိ ယာဉ်စီးရေလျော့ကျဖွယ်ရှိပြီး ယာဉ်အသွားအလာထူထပ်မှုနည်းပါးသွားဖွယ်ရှိသည်။ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဝန်ထမ်းတစ်ဦး၏အဆိုအရ ပြောင်းရွှေ့မှုတွင် ရန်ကုန်တိုင်း အခြေစိုက်ဌာနအချို့ မပါဝင်ကြောင်း သိရသည်။

အထက်ပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအစိုးရ၏ ရုံးဌာနများကို လမ်းပန်းဆက်သွယ်ရေးကွန်ရက် အချက်အချာဗဟိုကျသည့် ပျဉ်းမနားဒေသသို့ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၆ရက်နေ့က စတင်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး အစိုးရရုံးဌာနများ ပြောင်းရွှေ့ရာသို့ လိုက်ပါ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံခြားသံရုံးများနှင့် နိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စရပ်များအားလုံး အခက်အခဲမရှိစေရန် အစိုးရက ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ထပ်လောင်းပြောကြားခဲ့သည်။ ■

www.foreverspace.com.mm

လမ်းဖြတ်ကူးသူများ မျဉ်းကျားရှိ အချက်ပြမီးတိုင်များကို အားကိုးရှိမရ

ရန်ကုန်၊ နိုဝင်ဘာ ၁၀

ရန်ကုန်မြို့တော်ရှိ လူကူးမျဉ်းကျား အချို့တွင် ယခုနှစ် သြဂုတ်လအတွင်းမှ စတင်တပ်ဆင်ခဲ့သော ကိုယ်တိုင်ခလုတ်နှိပ်နိုင်သည့် အချက်ပြမီးတိုင်များသည် လမ်းကူးသူများကို မည်သည့်အကူအညီမျှမပေးကြောင်း TTC ကျောင်းရှေ့ရှိ စိုက်ပျိုးရေးမှတ်တိုင် ပုံမှန် လမ်းဖြတ်ကူးနေသည့် Global English ဒီပလိုမာ ကျောင်းသား ဒေါက်တာဌေးဝင်းက ပြောကြားသည်။

အဆိုပါလူကူးမျဉ်းကျားနှင့် ကိုယ်တိုင်ခလုပ်နှိပ်နိုင်သည့်အချက်ပြ မီးတိုင်များကို အထူးဦးစားပေးနေရာများတွင် တပ်ဆင်ခဲ့ခြင်းဖြစ်ပြီး TTC ရှေ့ အချက်ပြမီးပွိုင့်မှတစ်ဆင့် အကြိမ်များစွာ ခလုတ်နှိပ်၍ လမ်းဖြတ်ကူးရန် ကြိုးစားခဲ့ဖူးကြောင်း၊ ကားအများစု အဆိုပါမီးပွိုင့် အနီအစိမ်းကို ဂရုပြု၍ အရှိန်လျှော့ မောင်းခြင်း လုံးဝမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်–ပြည်လမ်းသည် ယာဉ်အသွားအလာ ထူထပ်သော အဓိကလမ်းမကြီးဖြစ်ပြီး ပညာရေးတက္ကသိုလ်အနီး သထုံလမ်းတွင် ဖွင့်လှစ်ထားသည့် Global English သင်တန်းသားအချို့သည် လမ်း တစ်ဖက်မှ တစ်ဖက်သို့ ဖြတ်ကူးရန် ငါး မိနစ်ထက်မနည်း စောင့်ဆိုင်းရလေ့ရှိ ကြောင်း ကျောင်းသားကျောင်းသူ အချို့က ပြောကြားသည်။

မြန်မာနိုင်ငံရှိ လူအများသည် နည်းပညာဖြင့် ထိန်းချုပ်ကြပ်မတ်မှုကို လိုက်နာရသည့် အလေ့အကျင့်ကောင်းများ မရှိကြောင်းနှင့် မဖြစ်မနေအခြေအနေ ရောက်သည့်အခါတွင်မှ Manual စနစ်ကို လိုက်နာကြကြောင်း MBA ဘွဲ့ရလုပ်ငန်းရှင် တစ်ဦးက သုံးသပ်ပြောကြားသည်။

Phoenix News

၂၀၀၅ ခုနှစ်အတွင်း လူကုန်ကူးတရားခံ ၃၀ ကျော်ကို ဖော်ထုတ်ဖမ်းဆီးနိုင်

ရန်ကုန်၊ နိုဝင်ဘာ ၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့က လူကုန်ကူးမှုများကို ဖမ်းဆီးဖော်ထုတ်ခဲ့ရာ ၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းမှ ယခုအချိန်ထိ လူကုန်ကူးမှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်ဟု မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကို တိုက်ဖျက်သည့်ကုလသမဂ္ဂအစီအစဉ် (UNIAP) ရုံးမှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရဲထွဋ်က ပြောကြားသည်။

အဆိုပါတရားခံများက တရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်၍ လူကုန်ကူးခြင်းခံရသော အမျိုးသမီးငယ် ၂၃ ဦးအပါအဝင် တခြားမြန်မာအမျိုးသမီးငယ်များကို မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ စုစုပေါင်းငါးကြိမ်လွှဲပြောင်းရယူခဲ့ကြောင်း UNIAP ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုများ အများဆုံးတွေ့ရသော ဒေသများသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ဖြစ်ပြီး တစ်ဖက်နိုင်ငံသို့ သွားရောက်ရာမှ လူကုန်ကူးမှုခံရခြင်းဖြစ်သည်ဟု အဆိုပါသတင်းထုတ်ပြန်ချက်က ဆိုသည်။

UNIAP ၏ တွေ့ရှိချက်အရ လူကုန်ကူးတရားခံများသည် ပြစ်ဒဏ် ကြီးမားကြောင်း သေသေချာချာမသိဘဲ ခရီးသွားဟန်လွဲ လူကုန်ကူးနေခြင်း ဖြစ်သည့်အတွက် လူကုန်ကူးပါက ထောင်ဒဏ် တစ်သက်အထိ ကျခံရမည်ဟု ပါဝင်သော ၂၀၀၅ ခုနှစ် စက်တင်ဘာတွင် ပြဋ္ဌာန်းလိုက်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေသစ်ကို လက်ကမ်းစာစောင်များ၊ အသိပေးစာများ ထုတ်ဝေ၍ သတိပေးရန် လိုအပ်နေကြောင်း UNIAP ထံမှ သိရသည်။

■

www.foreverspace.com.mm

ကြက်ငှက်တုပ်ကွေးတွင် ဗိုင်းရပ်စ်မျိုးစိတ် ၂၅၆ မျိုးပါဝင်

ရန်ကုန်၊ နိုဝင်ဘာ ၁၀

အိမ်နီးချင်းနိုင်ငံများတွင်သာမက ကမ္ဘာအနှံ့တွင်ပါ ဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးတွင် ဗိုင်းရပ်စ်မျိုးစိတ် ၂၅၆ မျိုးပါဝင်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် အမျိုးအစားမှာ H_5N_1 ဖြစ်သော်လည်း ဗိုင်းရပ်စ်များမှာ H_1N_1 မှ $H_{15}N_9$ အထိ ဗိုင်းရပ်စ်တစ်မျိုးမှတစ်မျိုး လျင်မြန်စွာ ကူးပြောင်းနိုင်ခြင်းကြောင့် ကြက်ငှက်တုပ်ကွေးတွင် ဗိုင်းရပ်စ်မျိုးစိတ်ပေါင်း ၂၅၆ မျိုးပါဝင်ခြင်းဖြစ်ကြောင်း၊ လူတုပ်ကွေး ဗိုင်းရပ်စ် အမျိုးအစား H_1N_1 နှင့် H_5N_1 အမျိုးအစားရှိ ဗိုင်းရပ်စ်နှစ်မျိုး ပေါင်း ပြီး ပြင်းထန်သော ဗိုင်းရပ်စ်သို့ ပြောင်းလဲနိုင်ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ ကူးစက်မလာနိုင်အောင် ကြိုတင်ကာကွယ်သင့်ကြောင်း၊ ကူးစက်မှုဖြစ်ပွားလာပါက ကာကွယ်ဆေး မရှိသေးကြောင်း၊ လျင်မြန်စွာကူးနိုင်ခြင်းကြောင့် မျိုးစိတ် ၂၅၆ မျိုးအတွက် ကာကွယ်ဆေး မထုတ်လုပ်နိုင်သေးကြောင်း ၎င်းက ရှင်းပြသည်။

ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်နိုင်ရန် ကြက်ခြံများတွင် ပိုးသတ်ဆေး ပက်ဖြန်းခြင်း၊ ဆောင်းခိုငှက်များ ရောက်ရှိမလာအောင် စောင့်ကြည့်ခြင်း စသည်တို့ကိုသာ ပြုလုပ်နိုင်ပြီး ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလာပါက ရောဂါဖြစ်နေသော ကြက်များကို ကြက်ခြံ၏ ၁ ကီလိုမီတာမှ ၃ ကီလိုမီတာအတွင်း ကန့်သတ်ဧရိယာအဖြစ် သတ်မှတ်ပြီး သတ်မှတ်ဧရိယာအတွင်း ကြက်များကို မီးရှို့သုတ်သင် ဖျက်ဆီးရကြောင်း၊ အဆိုပါ ထိန်းချုပ်ဧရိယာ ကာလတွင် ကြက်ဘဲဈေးများ၌ အရောင်းပိတ်ထားရမည်ဖြစ်ပြီး ကြက်များ သေဆုံးပြီး ၂၁ ရက်အကြာမှ ထိန်းချုပ် ဧရိယာကာလကို ပြန်လည်ရုပ်သိမ်းရမည် ဖြစ်ကြောင်း ဒေါက်တာအောင်ကြီးက ရှင်းပြသည်။

အမေရိကန်တက္ကသိုလ်များတွင် ကူးသန်းရောင်းဝယ်ရေးပညာသင်ကြားလိုပါက သင်ယူဖူးသည့် အတွေ့အကြုံရှိရန် လိုအပ်

ရန်ကုန်၊ နိုဝင်ဘာ ၁၆

ကမ္ဘာအရပ်ရပ်မှ အဆင့်မြင့် ပညာသင်ကြားလိုသူအများစု စိတ်ဝင်စားရာ အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များတွင် ကူးသန်းရောင်းဝယ်ရေးပညာ (Commerce) နှင့် ပတ်သက်သည့် ဘာသာရပ်များတွင် ပညာဆက်လက်သင်ကြားလိုပါက မြန်မာနိုင်ငံတွင် အဆိုပါဘာသာရပ်နှင့် ပတ်သက်၍ သင်ယူဖူးသည့် အတွေ့အကြုံ ရှိသူများသာ ကျောင်းဝင်ခွင့် အဆင်ပြေနိုင်ကြောင်း အမေရိကန်ဗာဂျီးနီးယားတက္ကသိုလ်မှ B.S Commerce ဘွဲ့ကို ရရှိခဲ့သူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Mr. Walter Parrs က နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အမေရိကန်ပြန်ကြားရေးဌာန၌ ကျင်းပသော အမေရိကန်တက္ကသိုလ်များအကြောင်း ဟောပြောပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် အမေရိကန်နှင့် တခြားနိုင်ငံကဲ့သို့ စုပေါင်းစီးပွားရေး လုပ်ငန်းကြီးများမရှိသော်လည်း တစ်ဦးချင်း (သို့) မိသားစုအလိုက် လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဖူး သော မြန်မာကျောင်းသားများသည် ကူးသန်းရောင်းဝယ်ရေးဘာသာရပ်ကို သင်ကြားရန် ပိုမိုလွယ်ကူသည်ဟု ၎င်းက ဆိုသည်။

သို့ရာတွင် MBA ကဲ့သို့ စီးပွားရေးခန့်ခွဲမှုဆိုင်ရာဘာသာရပ်များသည် အမေရိကန်တက္ကသိုလ်များတွင် ဈေးအကြီးဆုံးဘာသာရပ်ဖြစ်ပြီး တစ်နှစ်လျှင် ပညာသင်ကြားစရိတ် အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ ထိရှိနိုင်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမေရိကန်ပြန်ကြားရေးဌာနခွဲ ပြုလုပ်သော အဆိုပါ Life at An American University ဟောပြောပွဲတွင် ပြန်ကြားရေးဌာနနှင့် အမေရိကန်သံရုံးတွင် လုပ်ကိုင်နေသော အမေရိကန်ဝန်ထမ်းများ အနက်မှ ယေးလ်တက္ကသိုလ်၊ ဗာဂျီးနီးယားတက္ကသိုလ်၊ ဝါရှင်တန်တက္ကသိုလ်၊ ဟာဗိုင်ယီတက္ကသိုလ်၊ ဖလော်ရီဒါတက္ကသိုလ်တို့မှ အဆင့်မြင့်ဘွဲ့များရရှိခဲ့သည့် ဝန်ထမ်းခုနစ်ဦးက အမေရိကန်တက္ကသိုလ်များ၏ သဘာဝအကြောင်းကို ဟောပြောသွားကြသည်။ ■

www.foreverspace.com.mm

ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်းကုမ္ပဏီ၏ တစ်နေ့ ကြံတန်ချိန် ၁၅၀၀ ကျ သကြားစက်ရုံ တည်ဆောက်

ရန်ကုန်၊ ဒီဇင်ဘာ ၄

ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီ၏ တစ်နေ့လျှင် ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါးနိုင်သည့် ဂရိတ်ဝေါလ် သကြားစက်ရုံကို စစ်ကိုင်းတိုင်း ထီးချိုင့် မြို့နယ် မောင်ကုန်းကျေးရွာအနီးတွင် ထပ်မံတည်ဆောက်လျက်ရှိကြောင်း ပြီးခဲ့သည့် ဒီဇင်ဘာလ ၂ ရက်နေ့ ယုဇန ဂါးဒင်းဟိုတယ်တွင်ကျင်းပသော တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူသူများ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကြံနှင့် ကြံထွက်ပစ္စည်း ကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းမှ တင်သွင်းသည့် စာတမ်း၌ ဖော်ပြပါရှိသည်။

ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီသည် သကြားစက်၌ အဆိုပါ လုပ်ငန်းရှင် ကြိတ်ဝါးကြံ အပြည့်အဝ ရရှိရေးအတွက် ကုမ္ပဏီပိုင် စိုက်ခင်းဧက ၃၀၀၀ အပြင် ပတ်ဝန်းကျင်လယ်သမား များထံမှ ကြံတစ်တန်လျှင် ငွေကျပ် ၁၂၀၀၀ ဈေးဖြင့် ကြံခင်း၏အထွက်နှုန်း ၆၀ ရာခိုင်နှုန်းကို ငွေကြိုတင်ပေး၍ ဝယ်ယူခြင်းဖြင့် တောင်သူအပေါ် ဈေးနှုန်းအာမခံချက် ပေးထားသည့်အပြင် ထွက်သမျှကြံကို လည်း စာချုပ်ဖြင့် အားလုံးဝယ်ယူပြီး ကြိတ်ဝါးကြံလိုအပ်ချက်ကို ဖြည့်စွက်ထား ရှိသည်။

ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီသည် မန္တလေးတိုင်း မတ္တရာမြို့နယ် တံငါရွာတွင် တစ်နေ့ တန် ၅၀၀ ကြိတ်ဝါးနိုင်သော ဂရိတ်ဝေါလ် အမှတ် (၁) သကြားစက်ကို ၂၀၀၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၀၅–၂၀၀၆ တွင် ယင်းကို တန် ၁၀၀၀ ကြိတ်ဝါးနိုင်သည့် စက်အဖြစ် တိုးမြှင့်ခဲ့သည်။

ကားပြုပြင်ရေးအလုပ်ရုံများ လုပ်ငန်းအပ်နှံသူ အချို့အဆပြောင်းလဲ

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ရန်ကုန်မြို့တော်ရှိ မော်တော်ယာဉ် အပိုပစ္စည်းဈေးကွက်အတွင်း နိုဝင်ဘာလဆန်းပိုင်းခန့်ကတည်းက တစ်စတစ်စ မြင့်တက်လာသော ကားအပိုပစ္စည်းနှင့် ဆေး၊ ပတ်တီး ဈေးနှုန်းများကြောင့် ကားပြုပြင်ရေးအလုပ်ရုံ (ဘော်ဒီ၊ ဆေး၊ စက်) များမှ တောင်းခံသော လက်ခပစ္စည်းစရိတ် တက်လာသဖြင့် ကားပြုပြင်ရေးအလုပ်ရုံများသို့ လုပ်ငန်းအပ်နှံသူအရေအတွက် ပြောင်းလဲလာကြောင်း ကားပြုပြင်ရေးအလုပ်ရုံမှ ကျွမ်းကျင်ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမျိုးဝင်းခိုင်က ပြောကြားသည်။

ကားဝယ်ရောင်းဈေးကွက်မှာလည်း နိုဝင်ဘာလဆန်းပိုင်းမှစ၍ သိသိသာသာ အေးသွားပြီး အောက်ကား အနည်းအကျဉ်းလောက်သာ အရောင်းအဝယ်ဖြစ်ကြောင်း၊ ယင်းသို့ ကားဝယ်ရောင်းလုပ်ငန်းများ အေးနေခြင်းကြောင့် ဆက်စပ်နေသော အဆိုပါ လုပ်ငန်းများလည်း ကျဆင်းလာရကြောင်း ယင်း ပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

ယာဉ်အပိုပစ္စည်းနှင့် ဆေး၊ ပတ်တီး ဈေးနှုန်းများမှာ ယခင်ကထက် တစ်ဆခွဲ၊ နှစ်ဆခွဲခန့် ပိုမိုမြင့်မားသွားပြီး အချို့ အလုပ်ရုံငယ်များတွင် အလုပ်အပ်သူ ပါးလာခြင်းကြောင့် အလုပ်ရုံငယ် အချို့ ယာယီရပ်နားထားရကြောင်း၊ အချို့အလုပ်ရုံများတွင် ဝန်ထမ်းလစာလျှော့ချခြင်းမျိုး ပြုလုပ်ရကြောင်း စုံစမ်းသိရှိရသည်။

ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ ဦးဒေးဗစ်၏ အဆိုအရ '၇ခ' အက္ခရာဖြင့် ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ်အတွင်း ပြေးဆွဲခွင့်ရမည့် လေလံယာဉ်အချို့မှာ ယင်းနှင့် အမျိုးအစားတူ ဈေးကွက်အတွင်းရှိ '၅က' အက္ခရာအနိမ့်နှင့် တန်ဖိုးတူ ရောင်းချမှုများရှိ၍ ဈေးထိုးကျခြင်းဖြစ်ကြောင်း (သတင်းဖော်ပြပြီး–ခေတ်မြန်မာ Weekly Vol-3, No.7) သိရသည်။

ကျော်ဆန်းမင်း

■

www.foreverspace.com.mm

ဗီဒီယိုဇာတ်လမ်းများတွင် အစစ်အမှန်ဇာတ်ဆောင်များ ထည့်သွင်းရိုက်ကူးမည်

ရန်ကုန်၊ နိုဝင်ဘာ ၅

မှုခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီ၏ ဖြစ်ရပ်မှန်မှုခင်း ဗီဒီယိုဇာတ်လမ်းများ၌ အခင်းဖြစ်ပွားသည့်နေရာများတွင် သွားရောက်ရိုက်ကူးသည်သာမက အမှန်တကယ် ပြစ်မှု ကျူးလွန်သူများနှင့် အဆိုပါအမှုအခင်းကို စစ်ဆေးသည့်အမှုစစ် ရဲအရာရှိများကိုယ်တိုင်ကို သရုပ်ဆောင်စေမည် ဖြစ်ကြောင်း အဆိုပါကော်မတီ၏ မှုခင်းသတင်းဂျာနယ် တာဝန်ခံ အယ်ဒီတာ ဒါရိုက်တာ မောင်ယဉ်ကျေးက နိုဝင်ဘာ ၅ ရက်နေ့က ရန်ကုန်မြို့ Mr. Brown Cafe၌ စာနယ်ဇင်းသမားများနှင့် တွေ့ဆုံသည့်အခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

ယင်းဇာတ်ကားများအနက် 'အမှား × အမှား' ဇာတ်ကားနှင့် 'ပြေးလမ်းပေါ်က ပစ်မှတ်' ဇာတ်ကားကို စတင်ရိုက်ကူးမည်ဖြစ်ပြီး ဖြစ်ရပ်မှန်ဇာတ်လမ်းများကို ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း)၊ စာရေးဆရာ လယ်တွင်းသားစောချစ်၊ ရဲအုပ် မောင်မောင်အေး (CID)နှင့် စုံထောက်အယ်ဒီတာ တစ်ဦးတို့က စုစည်းတင်ပြထားခြင်းဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

အဆိုပါဇာတ်ကားများကို ယင်းကော်မတီနှင့် YELLOW LEAF VIDEO GROUP တို့ ပူးတွဲတင်ဆက်၍ ရဲမှူးကြီး ဝင်းခေါင်က ကြီးကြပ်ပြီး ဒါရိုက်တာ မောင်ယဉ်ကျေးက ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် မျက်နှာသစ်သရုပ်ဆောင်များနှင့်အတူ အမှုစစ်ရဲဝန်ထမ်းများကိုယ်တိုင် ပါဝင်ထားသည်ဟု ဒါရိုက်တာမောင်ယဉ်ကျေး ကဆိုသည်။

မှုခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းထုတ်ပြန်ရေးဆပ်ကော်မတီမှ မှုခင်းသတင်းဂျာနယ်ကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး လူထုအတွင်း မှုခင်းအသိပညာပေးရန် ဖြစ်ရပ်မှန်မှုခင်း ဗီဒီယိုဇာတ်လမ်းများ ရိုက်ကူးဖြန့်ချိရန်စီစဉ်ခြင်းမှာ ယခုပထမဦးဆုံးအကြိမ်ဖြစ်သည်။

ယုဇနဆီအုန်းစိုက်ပျိုးရေးအတွက် လုပ်သားလိုအပ်ချက်များပြား၊ ကန်ထရိုက်စနစ်ဖြင့် လုပ်သားစုဆောင်း

ရန်ကုန်၊ နိုဝင်ဘာ ၂

အစိုးရနှင့် ပုဂ္ဂလိက နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်း အများဆုံးလုပ်ကိုင်ရာ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်ရှိ ယုဇနကုမ္ပဏီ ဆီအုန်းစိုက်ခင်းများတွင် ဆီအုန်းစိုက်ပျိုးရေးအတွက် လုပ်သားအင်အားလို အပ်ချက် များပြားနေသဖြင့် ကန်ထရိုက်စနစ်ဖြင့် လုပ်သားများကို စုဆောင်းနေကြောင်း လုပ်သားစုဆောင်းရေးကန်ထရိုက်ယူသူဦးမြဝင်းက နိုဝင်ဘာလဆန်းတွင် ပြောကြားသည်။

ယုဇနကုမ္ပဏီမှတစ်ဆင့် လုပ်သားစုဆောင်းနိုင်ရန် ပြင်ပသို့ ကန်ထရိုက်ပေးကာ လုပ်သားများလိုက်လံ ရှာဖွေစုဆောင်းနေကြောင်း၊ ထိုသို့ စုဆောင်းရာတွင် လုပ်သားတစ်ဦးလျှင် ၅၀၀၀ ကျပ်ဖြင့် ကုမ္ပဏီမှ ကန်ထရိုက်ယူသူများကို ပေးအပ်ကြောင်း၊ လုပ်သားများကို ရန်ကုန်မြို့ရှိ ဆင်ခြေဖုံးရပ်ကွက်အချို့နှင့် နယ်မြို့များတွင် ရှာဖွေစုဆောင်းရပြီး ယင်း ကုန်ကျစရိတ်အား မိမိဘာသာ ကျခံစေကြောင်း ၎င်းက ဆိုသည်။

ဆီအုန်းကို မိုးတွင်းကာလတွင် စိုက်ပျိုးရပြီး ပွင့်လင်းရာသီများတွင် တိုးချဲ့စိုက်ခင်းများအတွက် တောရှင်းခြင်းကို တစ်ဧက သုံးသောင်းကျပ်ဖြင့် အဖွဲ့လိုက် လုပ်ကိုင်စေကြောင်း၊ အဆိုပါ လုပ်အားခမှ ထမင်းစရိတ်အတွက် တစ်ရက်လျှင် ၅၀၀ ကျပ်ကို ပြန်ပြီး ဖြတ်တောက်ကြောင်း၊ မိုးရာသီအတွက် ဆီအုန်း စိုက်ပျိုးရန် ပျိုးပင်တစ်ပင်လျှင် ၁၈ ကျပ်သာ ရရှိကြောင်း ၎င်းက ပြောကြားသည်။

■

www.foreverspace.com.mm

စာပေအနုပညာ မူပိုင်ခွင့်ရရှိရေး မှတ်ပုံတင်ရန်မလို၊ ဖန်တီးထုတ်လုပ်ပြီးက အလိုအလျောက်မူပိုင်ခွင့်ရှိ

ရန်ကုန်၊ နိုဝင်ဘာ ၁၂

ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် တီထွင်ဖန်တီးထားသောပစ္စည်းများကို တစ်ဦးတည်းပိုင်အခွင့်အရေးရရှိရေးအတွက် မှတ်ပုံတင်ရန်လိုအပ်သော်လည်း စာပေအနုပညာမူပိုင်ခွင့်ရှိရေးအတွက် မှတ်ပုံတင်ရန်မလိုအပ်ဘဲ ဖန်တီးထုတ်လုပ်ပြီးပါက အလိုအလျောက် မူပိုင်ခွင့်ရှိကြောင်း ဝါရင့်ဥပဒေ ပညာရှင် ဦးကျော်အေးက နိုဝင်ဘာ ၁၂ ရက်နေ့၌ ရန်ကုန်မြို့ စာပေဗိမာန်၌ ကျင်းပသော သုတဘဏ်စာတမ်းဖတ်ပွဲတွင် ပြောကြားသည်။

ထို့ပြင် မူပိုင်ခွင့်ကိုလွဲပြောင်းရာတွင် စာချုပ်စာတမ်းနှင့်လွဲပြောင်းမှ တရားဝင်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် စာပေအနုပညာမူပိုင်ခွင့်ကို လွဲပြောင်းရာတွင် မှတ်တမ်းမှတ်ရာအားနည်းမှုနှင့် စာချုပ်စာတမ်းခိုင်မာမှု အားနည်းသောကြောင့် မကြာခဏဆို သလို အမှုအခင်းများဖြစ်ပေါ်လေ့ရှိသည်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ဝင်ဖြစ်နေခြင်းကြောင့် ၂၀၀၆ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေသစ်ကို အကောင်အထည်ဖော်မည်ဖြစ်ရာ နိုင်ငံခြားလက်ရာရှင်များကို မိမိနိုင်ငံသားများနှင့်တန်းတူအခွင့်အရေးပေးရန် တာဝန်ရှိလာသည့်အတွက် နောင်တွင် နိုင်ငံခြားစာပေ၊ ရုပ်ရှင်၊ ဂီတ စသည့် လက်ရာများကို မူပိုင်ခွင့်မပေးဘဲ ဘာသာပြန်၊ ကူးယူ၊ မှီငြမ်းခွင့်ပြုလုပ်ခွင့်ရှိမည်မဟုတ်ဟု ဦးကျော်အေးကရှင်းပြသည်။

သို့သော်လည်း စာနယ်ဇင်းများတွင် သတင်းအဖြစ် အကျဉ်းချုပ်ဖော်ပြခြင်း၊ သုတေသနစာတမ်းများတွင် ကောက်နုတ်ကိုးကားခြင်းများသည် စာပေအနုပညာမူပိုင်ခွင့်ကို ချိုးဖောက်ရာမရောက်ဟု ၎င်းကထပ်မံရှင်းပြသည်။

SPA ကျွမ်းကျင်သူများ နိုင်ငံတကာအဆင့်မီဟိုတယ်များတွင် တာဝန်ထမ်းဆောင်ရန် အခွင့်အလမ်းပို

ရန်ကုန်၊ နိုဝင်ဘာ ၃

ကမ္ဘာ့လုပ်ငန်းခရီးသည်အများစုအပန်းဖြေနိုင်သော ကျန်းမာရေးဝန်ဆောင်မှုကို နှစ်သက်လာသည်နှင့်အညီ SPA ကျွမ်းကျင်သူများ နိုင်ငံတကာ အဆင့်မီဟိုတယ်များတွင် တာဝန်ထမ်းဆောင်ရန် အခွင့်အလမ်းပိုမိုရရှိလာနိုင်ကြောင်း ဟိုတယ်နှင့် သက်ဆိုင်သော သင်တန်းများ ဖွင့်လှစ်နေသည့် STARESOURCES မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်နေရီအောင်က Living Color သို့ ပြောကြားသည်။

SPA သင်တန်းများတွင် ရေကူးထားသော ဧည့်သည်များ Relax လုပ်ရန် မည်ကဲ့သို့ နှိပ်နယ်ပေးရမည်၊ အစာအိမ်နှင့် ပတ်သက်လျှင် မည်သည့်အကြောကို ကိုင်တွယ်နှိပ်နယ်ပေးရမည် စသည့် ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် နှိပ်နယ်နည်းဘာသာရပ်ဝါးခုကို အများဆုံးသင်ကြားပေးသည်ဟု ၎င်းက ဆိုသည်။

အဆိုပါသင်တန်းတက်ရောက်ထားသူအများစုသည် SPA ခေါင်းစဉ်ဖြင့် မလုပ်ကိုင်နိုင်သော်လည်း ဟိုတယ်တွင် တာဝန်ထမ်းဆောင်ပါက ယင်းကဏ္ဍတတ်မြောက်သူကို ဦးစားပေးရွေးချယ်ကြောင်း၊ အကြောင်းမှာ Professional နှိပ်နယ်သူများ ဝန်ဆောင်မှုပေးရန် မအားလပ်လျှင် တတ်ကျွမ်းသော အိပ်ခန်းဆောင်သန့်ရှင်းရေး (Housekeeping) က ဝန်ဆောင်မှုပေးနိုင်ခြင်းကြောင့် ရွေးချယ်ကြခြင်းဖြစ်ကြောင်း၊ ယင်းဝန်ထမ်းမှာလည်း မိမိလစာအပြင် အပိုဝင်ငွေရရှိသဖြင့် ဟိုတယ်နှင့် ပတ်သက်သော သင်တန်း တက်ရောက်သူအများစုသည် SPA ကို ပါတ်ဖက်၍ သင်ကြားလာကြကြောင်း ဒေါ်နေရီအောင်ကထပ် လောင်းပြောကြားသည်။

Humam Resource Management Software သစ် ထွက်ပေါ်

ရန်ကုန်၊ ဒီဇင်ဘာ ၁

ဝန်ထမ်းမှတ်တမ်းများ၊ ရုံးတက်ရုံးဆင်းချိန်များနှင့် လစာပေးစနစ်တို့ကို ထိန်းချုပ်ဆောင်ရွက်နိုင်သည့် People Manager ခေါ် Human Resource Management Software (ဝန်ထမ်းစာရင်းထိန်းကွန်ပျူတာစနစ်) ကို ပြည်တွင်း၌ မကြာသေးမီကရေးဆွဲထုတ်လုပ်ဖြန့်ချိခဲ့ကြောင်း အဆိုပါ Software စနစ်ကို တီထွင်ရေးဆွဲခဲ့သည့် Integra Systems မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေထွန်းသိန်းက Living Color သို့ ပြောကြားသည်။

အဆိုပါ Software စနစ်တွင် ဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် မှတ်တမ်းများကို ထိန်းသိမ်းထားနိုင်သည့် H.R Module၊ ဝန်ထမ်းများ၏ ရုံးတက်ရုံးဆင်းချိန်နှင့် တာဝန်ထမ်းဆောင်မှုတို့ကို

www.foreverspace.com.mm

Finger - Print , Time Card တို့နှင့်တွဲ၍ မှတ်တမ်းတင်နိုင်သည့် Attendance Module နှင့် ဝန်ထမ်းများ၏ လစာစာရင်းကို မှတ်တမ်းတင်နိုင်သည့် Payroll Module ဟူ၍ Module သုံးခု ပါဝင်ပြီး Module တစ်ခုချင်းဖြစ်စေ၊ အားလုံးပူးတွဲ၍ ဖြစ်စေ အသုံးပြုနိုင်ကြောင်း၊ ဝန်ထမ်းအရေ အတွက် အနည်းဆုံး ၃၀ ဦးမှ အများဆုံး ထောင်ဂဏန်းရှိသော ကုမ္ပဏီများ၊ အစိုးရ ရုံးဌာနများနှင့် စက်ရုံအလုပ်ရုံများတွင် အသုံးပြုနိုင်ပြီး စီမံအုပ်ချုပ်ရာတွင် ပိုမို စနစ်ကျစေသည့်အပြင် လူအင်အားပါ သက်သာစေနိုင်ကြောင်း အရောင်းမန်နေဂျာ ဦးအောင်ကျော်လင်းက ဆိုသည်။

မြန်မာနိုင်ငံရှိ ကုမ္ပဏီလုပ်ငန်းအများစုတွင် H.R Department ကဲ့သို့ လူစွမ်းအား အရင်းအမြစ်ကို ထိန်းချုပ်ဆောင်ရွက်သည့် ဌာနများ သီးသန့်များဖွဲ့စည်းထားခြင်းမရှိကြသေးကြောင်း၊ Human Resource Software ကဲ့သို့ ကွန်ပျူတာစနစ်များ အသုံးပြုခြင်းဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်မှုအရည်အသွေးကို ပိုမိုတိုးတက်စေကြောင်း ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ပျဉ်းမနား - ကြက်ပြေး လမ်းပိုင်းတွင် ဆိုင်ကယ်ကယ်ရီများ ပြေးဆွဲလျက်ရှိ

ရန်ကုန်၊ နိုဝင်ဘာ ၂၁

အစိုးရရုံးများအခြေစိုက်ရန်နှင့် ဝန်ထမ်းများနေထိုင်ရန် လူနေအဆောက်အအုံနှင့် ရုံးများတည်ဆောက်လျက်ရှိသော ကြက်ပြေးနှင့်ပျဉ်းမနားမြို့အကြား သုံးဘီးမော်တော်ယာဉ်များအပြင် ဆိုင်ကယ်ကယ်ရီများပါ ပြေးဆွဲလျက်ရှိကြောင်း ကြက်ပြေးသို့ နေ့စဉ်သွားရောက်အလုပ်လုပ်ကိုင်သော ပျဉ်းမနားမြို့မှ ဦးအောင်သူက ပြောကြားသည်။

ထိုသို့ ဆိုင်ကယ်ကယ်ရီများဖြင့် သွားရာတွင် မိမိသွားလိုသည့်နေရာ (လုပ်ငန်းခွင်) အထိတိုက်ရိုက်ရောက်ရှိကြောင်း၊ ထော်လာဂျီစီးသကဲ့သို့ အချိန်မကုန်ကြောင်း၊ ပုံမှန်အားဖြင့် ခရီးသည်တစ်ယောက်လျှင် တစ်ထောင်ကျပ်နှုန်းပေးရသော်လည်း အပြန်ခရီးနှင့် ကြဲလျှင် ၅၀၀ ကျပ်သာပေးရကြောင်း၊ မြို့တွင်းသို့ဌားရမ်းလျှင်လည်း မိမိအိမ်အထိ လိုက်ပို့ပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါလမ်းကြောင်းတွင် ပျဉ်းမနား– တောင်တွင်းကြီးပြေးဆွဲသော မော်တော်ယာဉ်များ၊ ပျဉ်းမနားမှ ၁၅ လုံးစီမံကိန်းအထိ သုံးဘီးမော်တော်ယာဉ်များ ပြေးဆွဲလျက်ရှိသော်လည်း ဆိုင်ကယ်ကယ်ရီသမားတစ်ဦးအတွက် ကယ်ရီခတစ်နေ့လျှင် ကျပ် ၁၀၀၀၀ အထက် ရရှိကြောင်း ဆိုင်ကယ်ကယ်ရီသမားတစ်ဦးဖြစ်သူ ဦးမျိုးလွင်က ပြောကြားသည်။

ကြက်ပြေးရွာသည် ပျဉ်းမနားမှ တောင်တွင်းကြီးသို့သွားသော တောင်ညို လမ်းပေါ်တွင်ရှိပြီး တောင်တွင်းကြီးသို့ မောင်းနှင်သော ဒိုင်နာများ စီးပါက ၁၅၀/၂၀၀ ကျပ်ခန့်၊ ကြက်ပြေး အလွန်ကပွားနှင့် ၁၅ လုံးစီမံကိန်းများအထိ ပြေးဆွဲသော သုံးဘီးမော်တော်ယာဉ်များကို စီးပါက တစ်ဦးလျှင် ၃၀၀ကျပ် ပေးစီးရကြောင်း ခရီးသည်များထံမှ သိရှိရသည်။

သန်းထူး

ရွှေလှေအသင်း၏ အသင်းဝင်လစဉ်ကြေးများ တိုးမြှင့်သတ်မှတ်မည်

ရန်ကုန်၊ နိုဝင်ဘာ ၁၉

ရန်ကုန်ရွှေလှေအသင်းရှိ ဝန်ထမ်း ၂၉ ဦး၏ လစာများ တိုးမြှင့်ပေးနိုင်ရန်အတွက် အသင်းဝင်များ၏ လစဉ်ကြေးများကို မကြာမီ တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးသိန်းစိုးက နိုဝင်ဘာလ တတိယပတ်အတွင်း ပြောကြားသည်။

ယခုလက်ရှိ အသင်း၏လစဉ်ကြေးဖြစ်သော နိုင်ငံသားမိသားစု အသင်းဝင် ၂၅၀၀ ကျပ်၊ တစ်ဦးချင်း အသင်းဝင် ၂၀၀၀ကျပ်မှ တိုးမြှင့်မည့် နှုန်းထားကို သက်ဆိုင်ရာအသင်းတာ ဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်ကြောင်း ဦးသိန်းစိုးက ဆိုသည်။ရန်ကုန်ရွှေလှေအသင်းတွင် အသင်းဝင်နိုင်ငံသား ၃၁၉ ဦးနှင့် နိုင်ငံခြားသား ၁၃ ဦးရှိ၍ နိုင်ငံသား ဝင်ကြေး နှစ်သိန်းကျပ်နှင့် နိုင်ငံခြားသားဝင်ကြေး FEC ၄၀၀ သတ်မှတ်ထားသည်။ ရန်ကုန်ရွှေလှေအသင်းသည် နိုင်ငံအဆင့်ရှိ ရွှေလှေအားကစားသမားများ မွေးထုတ်ပေးလျက်ရှိသော အသင်းဖြစ်ပြီး ဒေသတွင်းပြိုင်ပွဲများအပြင် အခြားအဆင့်နိုင်ငံ တကာပြိုင်ပွဲများတွင် ရွေတံဆိပ်ဆုများဆွတ်ခူးခဲ့သော အသင်းဝင်အားကစားသမားများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။

■

www.foreverspace.com.mm

ကျန်းမာရေးပညာပေးရာတွင် ရုပ်ဝတ္ထုတိုးတက်အောင် ပြောင်းလဲရလွယ်သော်လည်း အမူအကျင့်ကိုပြောင်းရန် ခက်ခဲနေဆဲဖြစ်

ရန်ကုန်၊ ဒီဇင်ဘာ ၆

အစားအစာသန့်ရှင်းရေး၊ လက်သန့်ရှင်းရေး၊ သောက်သုံးရေသန့်ရှင်းရေးနှင့် ယင်လုံအိမ်သာသန့်ရှင်းရေး သန့်လေးသန့် စီမံချက်ကို ၁၉၈၆ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့ရာ ရလဒ်များအရ ရုပ်ဝတ္ထုများကို တိုးတက်လာစေရန် ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်နိုင်ခဲ့သော်လည်း လူသားတို့၏ အမူအကျင့်ကိုမူ ပြောင်းလဲရန် ခက်ခဲနေဆဲဖြစ်ကြောင်း သန့်လေးသန့် စီမံချက် မန်နေဂျာ ဗဟိုကျန်းမာရေး ပညာဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

ဒီဇင်ဘာလ ၆ ရက်နေ့က ရန်ကုန်မြို့ ဒူးဆစ်အင်းလျားလိတ်ဟိုတယ်တွင် ပြုလုပ်သော ကျန်းမာရေးဆိုင်ရာ အလုပ်ခွင်ဆွေးနွေးပွဲတွင် ယင်းသို့ ပြောကြားသွားခြင်း ဖြစ်သည်။ သန့်လေးသန့် စီမံချက်ကို အကောင်အထည်ဖော်ခဲ့သည့် အနှစ် ၂၀ အတွင်း ရေကောင်းရေသန့် ရွေးချယ်သောက်သုံးလာသူ လူဦးရေနှုန်း ၃၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယင်လုံအိမ်သာသုံးစွဲမှုနှုန်း ၂၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သော်လည်း လက်ကို စင်ကြယ်စွာ ဆေးကြောမှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းမှ ၅၂ ရာခိုင်နှုန်းအထိသာ တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ရုပ်ဝတ္ထုများကို တိုးတက်လာစေရန် ပြောင်းလဲရလွယ်သော်လည်း ပြည်သူလူထု လိုက်နာဆောင်ရွက်လာစေရန် အပြုအမူပြောင်းလဲမှု (Behaviour Change) ဖြစ်လာစေရန် ဆောင်ရွက်ရမလွယ်ကူကြောင်း ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

သန့်လေးသန့်အကြောင်း ကောင်းစွာသိနားလည်သည့် ကျေးလက်မိသားစုများရှိသည့်တိုင် ထိုအတိုင်းလိုက်နာမှု နည်းနေသေးကြောင်း၊ တကယ်တမ်းတွင် အသိပညာရှိမှုနှင့် လက်တွေ့အသုံးချ လိုက်နာမှုမှာ အကြောင်းအမျိုးမျိုးကြောင့် ကွာဟမှုရှိနေဆဲဖြစ်ကြောင်း အလုပ်ခွင် ဆွေးနွေးပွဲတက်ရောက်လာသည့် ကျန်းမာရေးဆိုင်ရာ ပညာရှင်များက တညီတညွတ်တည်း လက်ခံကြသည်။

အမူအကျင့် များ ပြောင်းလဲရန် ခက်ခဲနေခြင်းမှာ အရိုးစွဲနေသော အယူအဆများရှိမှု၊ ကျန်းမာရေးအသိပညာနည်းမှု၊ ပညာပေးလုပ်ငန်းများ၏ လက်တွေ့မထိရောက်မှုအပြင် အချို့ဒေသများ၌ ယဉ် ကျေးမှုဓလေ့ အယူအဆများကြောင့် ဖြစ်ကြောင်း တက်ရောက်လာသော ကျန်းမာရေးဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ပညာရှင်များက အတွေ့အကြုံများမှတစ်ဆင့် ကောက်ချက်ချသည်။

အဆိုပါသန့်လေးသန့်စီမံချက်ကို မူလက အစားအစာသန့်ရှင်းရေး၊ သောက်သုံးရေသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဟူ၍ သန့်သုံးသန့်စီမံချက်အဖြစ် စတင်ခဲ့ပြီး နောက်ပိုင်းတွင် သန့်လေးသန့်ဟု ပြောင်းလဲခဲ့ထွင်လာခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းပြီး သန့်လေးသန့် စီမံချက်ကျယ် ပြန့်ထိရောက်ရေးဆောင်ရွက်ခဲ့ကြသည်။ သန့်လေးသန့်စီမံချက်ကိုကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနလက်အောက်တွင် ဆောင်ရွက်နေလျက် ရှိသည်။

AMDA ၏ ကျန်းမာရေးစောင့်ရှောက်မှု လောက်ကိုင်တွင်စတင်

ရန်ကုန်၊ နိုဝင်ဘာ ၃၀

ကျန်းမာရေးနှင့်ပတ်သက်သည့် အကူအညီများပေးလျက်ရှိသော NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် The Association of Medical Doctors of Asia (AMDA) သည် ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ စတင်ဆောင်ရွက်လျက်ရှိကြောင်း AMDA မှ စီမံကိန်းမန်နေဂျာ ဒေါက်တာ ဌေးဝင်းက နိဝင်ဘာလကုန်ပိုင်းတွင် ပြောကြားသည်။

အဆိုပါ ကျန်းမာရေးအစီအစဉ်ကို လောက်ကိုင်ဒေသရှိ ရှောင်လာနှင့် ကိုင်လောရွာနှစ်ရွာတွင် စတင်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကျန်းမာရေးနှင့် ပတ်သက်သည့် အခြေခံ ဗဟုသုတရရှိရန်နှင့် ဆန်ဖြန့်ဝေ

www.foreverspace.com.mm

ရေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆိုသည်။ အဆိုပါဒေသတွင် သောက်သုံးရေရရှိရန် ရေအရင်းအမြစ်များရှာဖွေခြင်း၊ လမ်းပြုပြင်ခြင်း လုပ်ငန်းများအား ဒေသခံများ၏ အကူအညီယူ၍ လုပ်ဆောင်လျက်ရှိပြီး တစ်နေ့လျှင် ၃ ကီလိုဂရမ်နှုန်းဖြင့် ဆန်များဖြန့်ဝေပေးလျက်ရှိကြောင်း ၎င်း၏ အဆိုအရ သိရသည်။

အဆိုပါ AMDA မှာ ဂျပန်နိုင်ငံအခြေစိုက် NGO တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပခုက္ကူ၊ ညောင်ဦးနှင့် မိတ္ထီလာမြို့တို့တွင် ကျန်းမာရေးနှင့် ပတ်သက်သည့် ကူညီ စောင့်ရှောက်မှုများ၊ ရေအရင်းအမြစ် ရှာဖွေခြင်းနှင့် လူမှုရေးဆိုင်ရာများကိုလည်း ကူညီပေးလျက်ရှိကြောင်း ဒေါက်တာဌေးဝင်း၏ အဆိုအရ သိရသည်။ AMDA ၏ အကူအညီပေးရေးအစီအစဉ်များကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလထိ လုပ်ဆောင်ရန် လတ်တလောရည်ရွယ်ထားကြောင်းလည်း ၎င်းကဆိုသည်။

ကုန်သွယ်ရေးညှိနှိုင်းမှုဦးစီးဌာနသို့ တင်ပြသော အခွန်ကင်းလွတ်ခွင့် လျှောက်လွှာများ WTO Layout နှင့် ညီညွတ်ရမည်

ရန်ကုန်၊ နိဝင်ဘာ ၅

ကုန်သွယ်ရေးညှိနှိုင်းမှုဦးစီးဌာနသို့ AISP နှင့် SPT အစီအစဉ်အရ အခွန်ကင်းလွတ်ခွင့်လျှောက်လွှာပုံစံကို တင်ပြရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) ၏ Layout အတိုင်း လျှောက်လွှာတင်ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝေါဟာရကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့(MIRT) မှ ဒုတိယအထွေထွေမန်နေဂျာ ဦးဟံသာထွန်းက ပြောကြားသည်။

အဆိုပါအခွန်ကင်းလွတ်ခွင့် လျှောက်လွှာများအတွက် A Form, D Form ပုံစံများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website တွင် ထည့်သွင်းဖော်ပြထားသည့်အတွက် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း၊ သွင်းကုန်ထုတ်ကုန်လိုင်စင်နှင့် လုပ်ငန်းများအတွက် လျှောက်လွှာပုံစံနှင့် အခွန်ကင်း လွတ်ခွင့်လျှောက်လွှာများကိုလည်း WTO Layout ပုံစံအတိုင်းသာ ပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ကုန်သွယ်ရေးဆိုင်ရာ စာရွက်စာတမ်းများအတွက် WTO မှ ချမှတ်ထားသည့် အတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြီးတန်းအရာရှိကြီးတစ်ဦးက ပြောကြားသည်။

နိုင်ငံတကာနှင့် ကုန်သွယ်မှု ပြုလုပ်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ လွယ်ကူမြန်ဆန်စေရန်အတွက် WTO မှ ကျွမ်းကျင်ပညာရှင်တစ်ဦး စက်တင်ဘာလအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးပို့ချခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

LIVING COLOR MAGAZINE - 526302 , 504496 , 4412163
Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

www.foreverspace.com.mm

၂၀၀၅ ခုနှစ် မှတ်တိုင်များ

၁

နိုင်ငံရေး ၊ စီးပွားရေး

အယ်ဒီတာအဖွဲ့

အစိုးရအကြီးအကဲများပြောင်းလဲတာဝန်ပေးအပ်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်အမှတ် ၁၂/၂၀၀၅ ဖြင့် ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်အား တာဝန်မှ ရပ်စဲလိုက်ခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၁၃/၂၀၀၅ ဖြင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီးများဖြစ်ကြသော ဦးသန်းရွှေနှင့် ဗိုလ်မှူးချုပ်ပြည့်စုံတို့ကို တာဝန်မှအနားယူခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၁၄/၂၀၀၅ ဖြင့် ဒေါက်တာချမ်းငြိမ်းအား ပညာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့် အပ်တာဝန်ပေးခြင်းကိုလည်းကောင်း၊ အမိန့်အမှတ် ၁၅/၂၀၀၅ ဖြင့် ဗိုလ်မှူးကြီးသူရိန်ဇော်အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းကိုလည်းကောင်း သြဂုတ်လ ၁၀ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ၁၁-၈-၂၀၀၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

ပြန်လည်ကျင်းပသောအမျိုးသားညီလာခံ

ယမန်နှစ် မေလ ၁၇ ရက်မှ ဇူလိုင်လ ၉ ရက်နေ့အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပခဲ့သည်။

ယင်းအမျိုးသားညီလာခံအား ၂၀၀၅ နှစ်ကုန်ပိုင်းခန့်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းကြေညာ၍ မတ်လ ၃၁ ရက်နေ့တွင်ညီလာခံရပ်နားခဲ့ပြီး ဒီဇင်ဘာလ ၅ ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့သည်။

မြို့တော်သစ်

၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၆ ရက်တွင် မြန်မာနိုင်ငံအုပ်ချုပ်ရေးဆိုင်ရာရုံးများကို ပျဉ်းမနားဒေသသို့ ရွှေ့ပြောင်းခဲ့သဖြင့် ယခင်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်နှင့် ဒေသထွက်မျှစ်ချဉ်တို့ကြောင့် လူသိများခဲ့သည့် မြန်မာနိုင်ငံအလယ်ပိုင်း ပျဉ်းမနားဒေသသည် ၂၀၀၅ခုနှစ် ပြည်တွင်းပြည်ပ မီဒီယာသတင်းများတွင် ရေပန်းစားသော နာမည်တစ်ခုဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံအစိုးရအုပ်ချုပ်ရေးယန္တရား၏ ဗဟိုချက်မမြို့တော်သစ် ဖြစ်လာခဲ့သည်။

ရှမ်းပြည်နယ်နှင့်နယ်နိမိတ်ချင်းထိစပ်နေပြီး ရန်ကုန်နှင့် မိုင် ၂၄၀ ကျော် ဝေးကွာသည့် ပျဉ်းမနားဒေသ၏ နာမည်သစ်မှာ နေပြည်တော်တိုင်းစစ်ဌာနချုပ်ဖြစ်ပြီး ရန်ကုန်မှ ပျဉ်းမနားသို့ တိုက်ရိုက်မီးရထားလိုင်း၊ လေကြောင်းလိုင်းများ စတင်ပြေးဆွဲခဲ့သည်။

ပျဉ်းမနားဒေသတွင် ဟိုတယ်ကြီးများကိုလည်း ထူးကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီတို့မှ ဆောက်လုပ်လျက်ရှိကြောင်းနှင့် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီမှလည်း ကားလမ်းများကို အားသွန်ခွန်စိုက်ဖောက်လုပ်လျက်ရှိသည်ဟု ပြည်တွင်းသတင်းဂျာနယ်တို့၏ သတင်းများအရ သိရှိသည်။ ပျဉ်းမနားဒေသသည် လူထု၏စိတ်ဝင်စားမှုခံရဆုံးဒေသတစ်ခုဖြစ်လာသဖြင့် ပြည်တွင်းသတင်းဂျာနယ်များကလည်း ပျဉ်းမနားဒေသဆိုင်ရာ သတင်းများကို အလုအယက်ဖော်ပြလာသည်ကို တွေ့ရသည်။

အစိုးရရုံးများနှင့်အတူ အစိုးရဝန်ထမ်းအများစု ပျဉ်းမနား

www.foreverspace.com.mm

သို့ ပြောင်းရွှေ့လာမှုကြောင့် ဒေသ၏ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်အပါအဝင် စီးပွားရေးနယ်ပယ်အားလုံးနီးပါး သိသာစွာ ဖြစ်ထွန်းပြောင်းလဲလျက်ရှိပြီး အခြေအနေပြောင်းလဲပုံ မြန်ဆန်သဖြင့် ပျဉ်းမနားမြို့ခံများ မည်သို့တုန့်ပြန်ရမည်ကိုမသိဖြစ်နေကြောင်း ဒေသခံတို့က ပြောကြားသည်။

ပြည်ပသို့သွားရောက်သော ချစ်ကြည်ရေးခရီး/ခရီးစဉ်များ

ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့သည်။

ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၆ ရက်နေ့များတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ဧပြီလ ၅ ရက်မှ ၇ ရက်နေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာခါရှစ်အမ်ကာစူရီ၏ ဖိတ်ကြားချက်အရ ပါကစ္စတန်နိုင်ငံ အစ္စလာမာဘတ်မြို့တွင်ကျင်းပသည့် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)၏ စတုတ္ထအကြိမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဧပြီလ ၆ ရက်မှ ၉ ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဘိုရာချစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ခိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆန်ဒက်ဟွန်ဆန်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ဧပြီလ ၂၁ ရက်မှ ၂၅ ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင် ဧပြီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် ၂၀၀၅ ခု နှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ–အာဖရိက ကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဧပြီလ ၂၇ ရက်မှ မေလ ၁ ရက်နေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာလီကျောက်ရှင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

မေ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပရီချလုန်ဟာပုန်ချန၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ထိုင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ဇူလိုင်လ ၃ရက်နေ့မှ ၅ ရက်နေ့အထိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ဇူလိုင်လ ၄ ရက်မှ ၅ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ် မဟာမဲခေါင် ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် သွားရောက်ခဲ့သည်။

ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ (၃၈)ကြိမ်မြောက် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗက်၏ ဖိတ်ကြားချက်အရ လာအို ပြည်သူ့သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၃၈) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ (အေအာရ်အက်ဖ်)၊ အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်ပြီး မေ ၃၀ တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ဩဂုတ်လ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီး မစ္စတာဟော့နမ်ဟောင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဆီအမ်ဂိုမြို့၌ ကျင်းပသည့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ (အက်စ်မက်) ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဩဂုတ်လ ၃ ရက်မှ ၅ ရက်နေ့အထိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော အာရှနှင့် ပစိဖိတ် ဒေသတွင်း ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များဆိုင်ရာ ဝန်ကြီးအဆင့် ဒေသတွင်း အဆင့်မြင့်အစည်းအဝေးသို့တက်ရောက်ခဲ့သည်။

စက်တင်ဘာလ ၂၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့

www.foreverspace.com.mm

ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့သည်။

ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ဒုတိယအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ+ ၃ ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ထိပ်သီးအစည်းအဝေး၊ အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ အာဆီယံ–ရုရှထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် အရှေ့အာရှ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာခဲ့သည်။

ပြည်ပမှလာရောက်သော ချစ်ကြည်ရေးခရီး/ခရီးစဉ်များ

ဖေဖော်ဝါရီ ၁ – ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

ဖေဖော်ဝါရီ ၂၈ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူး ကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လာရောက်လည်ပတ်ခဲ့သည်။

မတ် ၄ မှ ၆ – နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ Mr.W.J.M.Lokubandara နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်။

မတ် ၂၀ – နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဟီတိုရှိတာနာကာ ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။

မတ် ၃၀ မှ ၃၁– ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

ဧပြီ ၃ မှ ၇ – ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

မေ ၅ မှ ၉ – အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt.Gen, Daljeet Singh နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည်။

မေ ၁၉ – ထိုင်းနိုင်ငံ ဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း Arthit Kamlang-ek, Chairman of the Senate Standing Committee on Military Affairs ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့လာရောက်ခဲ့သည်။

မေ ၂၂– တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr.Xu Rongkai ခေါင်းဆောင်သည့်အဖွဲ့ဝင် ၂၂ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ရောက်ရှိခဲ့သည်။

မေ ၂၂ မှ ၂၅ – အီဂျစ်အာရှရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာအီဇက်၊ ဆတ်(ဒ်)၊ အယ်လ်ဆရစ် ဦးဆောင်သော အီဂျစ်ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်။

ဇူလိုင် ၅ – နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဆွန်ဆာဗက် လန်ဆာဗက် ရန်ကုန်မြို့သို့လာရောက်ခဲ့သည်။

ဇူလိုင် ၂၅ – ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် ဒေါက်တာဆူရာကီရတ်ဆတ်သီရာထိုင်းနှင့် အဖွဲ့ဝင်များ ရန်ကုန်နှင့် မန္တလေးမြို့များသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

ဇူလိုင်၂၁ မှ ၂၄ – တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ဟော်တာ လာရောက်လည်ပတ်ခဲ့သည်။

ဇူလိုင် ၃၁ – ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာလီကွန်ဖန်း ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

ဩဂုတ် ၁၈ – ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E.Mr.AliAlatas ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။

ဩဂုတ် ၃၁ မှ စက်တင်ဘာ ၁ – နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာကန်တသီဆုဖမုခွန်နှင့် ဇနီးတို့ဦးဆောင်

www.foreverspace.com.mm

သော ကိုယ်စားလှယ်အဖွဲ့လာရောက်ခဲ့သည်။

ဇူလိုင် ၂၇ မှ ၂၈ – နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာလီကျောက်ရှင်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

စက်တင်ဘာ ၂၀ မှ ၂၁ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့သည်။

အောက်တိုဘာ ၁၀ မှ ၁၁ –နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ်ဆရီဆိုဒ် ဟာမစ် အယ်လ်ဘာဘင်ဆိုဒ် ဂျာဖာအယ်လ်ဘာနှင့်ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

အောက်တိုဘာ ၂၅ – လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွန်ဆာဗတ် လန်ဆာဗတ် ခေါင်းဆောင်သော လာအိုကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၌ အောက်တိုဘာ ၂၆ မှ ၂၇ အထိ ကျင်းပမည့် မြန်မာ–လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် သတ္တမအကြိမ်အစည်းအဝေးသို့ တက်ရောက်ရန်လာရောက်ခဲ့သည်။

အောက်တိုဘာ ၂၉ မှ နိုဝင်ဘာ ၂ – အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JJ Singh, PVSM, AVSM, VSM, ADC နှင့်ဇနီး Mr.Anupama Singh ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့သည်။

နိုဝင်ဘာ ၁၆ မှ ၁၇ – တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ကျောက်ဂေါ်ခေါင်းဆောင်သည့် တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်လည်ပတ်ခဲ့သည်။

နိုဝင်ဘာ ၂၇ မှ ဒီဇင်ဘာ ၃–ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် တပ်မတော် ကြည်းတပ်ဦးစီးချုပ် Lieutenant General Moeen U Ahmed, psc နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သည်။

ဒီဇင်ဘာ ၅ မှ ၁၁ – အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်မှ Deputy Chief of Integrated Defence Staff, Lieutenant General, RN Kapur ခေါင်းဆောင်သောအဖွဲ့ဝင်လေးဦးပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့သည်။

မြန်မာ - တရုတ် ဆက်ဆံရေး

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးကို ၁၉၅၀ ခုနှစ်နောက်ပိုင်းမှစ၍ အထူးတလည် အဆင့်ပြောင် တည်ဆောက်လာနိုင်ခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်သည်။ ယခုနှစ်အတွင်း နှစ်နိုင်ငံအစိုးရအဖွဲ့ဝင်များ၏ ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်များလည်း အစဉ်အလာမပျက် အပြန်အလှန် စေလွှတ်နိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။ ယူနန်ပြည်နယ် ကူမင်းမြို့တော်တွင် ဇူလိုင်လ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပခဲ့သော ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများထိပ်သီးအစည်းအဝေးသို့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ခဲ့ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး၏ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ပီကင်းမြို့တော်သို့ အလည်အပတ်သွားရောက်ခဲ့ခြင်းတို့မှာ ယခုနှစ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို ထင်ဟပ်ဖော်ပြခဲ့သည်။

www.foreverspace.com.mm

ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအဖွဲ့

စဉ်	ဝန်ကြီးဌာန	ဝန်ကြီး	ဒု-ဝန်ကြီး
၁	ကာကွယ်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်မှူးကြီးသန်းရွှေ	–
၂	ဝန်ကြီးချုပ်	ဗိုလ်ချုပ်ကြီးစိုးဝင်း	–
၃	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	ဗိုလ်ချုပ်ဌေးဦး	ဦးအုန်းမြင့်
၄	အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးအောင်သောင်း	ဗိုလ်မှူးချုပ်သိန်းထွန်း ဗိုလ်မှူးချုပ်ကျော်ထွန်း
၅	အမှတ်(၂)စက်မှုဝန်ကြီးဌာန	ဗိုလ်ချုပ်စောလွင်	ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်
၆	နိုင်ငံခြားရေးဝန်ကြီးဌာန	ဦးဉာဏ်ဝင်း၊	ဦးမောင်မြင့်၊ ဦးကျော်သူ
၇	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	ဦးစိုးသာ	ဗိုလ်မှူးကြီး သူရိန်ဇော်
၈	ပို့ဆောင်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်သိန်းဆွေ	ဦးဖေသန်း၊ ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်
၉	အလုပ်သမားဝန်ကြီးဌာန	ဦးသောင်း	–
၁၀	ပညာရေးဝန်ကြီးဌာန	ဒေါက်တာချမ်းငြိမ်း	ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဦးမျိုးညွှန့်
၁၁	စွမ်းအင်ဝန်ကြီးဌာန	ဗိုလ်မှူးချုပ်လွန်းသီ	ဗိုလ်မှူးချုပ်သန်းဌေး
၁၂	ရထားပို့ဆောင်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်အောင်မင်း	သူရဦးသောင်းလွင်၊ ဦးဖေသန်း
၁၃	ကျန်းမာရေးဝန်ကြီးဌာန	ဒေါက်တာကျော်မြင့်	ဒေါက်တာမြဦး
၁၄	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	ဗိုလ်မှူးချုပ်တင်နိုင်သိန်း	ဗိုလ်မှူးချုပ်အောင်ထွန်း
၁၅	ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန	ဗိုလ်မှူးချုပ်သိန်းဇော်	ဗိုလ်မှူးချုပ်အေးမြင့်ကြူ
၁၆	ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန	ဗိုလ်ချုပ်လှထွန်း	ဗိုလ်မှူးကြီးလှသိန်းဆွေ
၁၇	ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန	ဗိုလ်မှူးချုပ်သိန်းဇော်	–
၁၈	သာသနာရေးဝန်ကြီးဌာန	ဗိုလ်မှူးချုပ်သူရမြင့်မောင်	ဗိုလ်မှူးချုပ်သူရအောင်ကို
၁၉	ဆောက်လုပ်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်စောထွန်း	ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဦးတင့်ဆွေ
၂၀	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ဦးသောင်း	ဦးကျော်စိုး
၂၁	ယဉ်ကျေးမှုဝန်ကြီးဌာန	ဗိုလ်ချုပ်ကြည်အောင်	ဗိုလ်မှူးချုပ်စိုးဝင်းမောင်
၂၂	လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန	ဗိုလ်ချုပ်စိန်ထွား	ဦးမောင်အောင်
၂၃	ပြန်ကြားရေးဝန်ကြီးဌာန	ဗိုလ်မှူးချုပ်ကျော်ဆန်း	ဗိုလ်မှူးချုပ်အောင်သိန်း၊ ဦးသိန်းစိန်
၂၄	သမဝါယမဝန်ကြီးဌာန	ဗိုလ်မှူးကြီးဇော်မင်း	–
၂၅	နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန	ဗိုလ်မှူးကြီးသိန်းညွှန့်	ဗိုလ်မှူးကြီးတင်ငွေ၊ ဗိုလ်မှူးချုပ်သန်းထွန်း
၂၆	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ဗိုလ်ချုပ်တင်ထွတ်	ဦးမျိုးမြင့်
၂၇	အားကစားဝန်ကြီးဌာန	ဗိုလ်မှူးချုပ်သူရအေးမြင့်	–
၂၈	သစ်တောရေးရာဝန်ကြီးဌာန	ဗိုလ်မှူးချုပ်သိန်းအောင်	–

www.foreverspace.com.mm

စဉ်	ဝန်ကြီးဌာန	ဝန်ကြီး	ဒု–ဝန်ကြီး
၂၉	ပြည်ထဲရေးဝန်ကြီးဌာန	ဗိုလ်ချုပ်မောင်ဦး	ဗိုလ်မှူးချုပ်ဘုန်းဆွေ
၃၀	သတ္တုတွင်းဝန်ကြီးဌာန	ဗိုလ်မှူးချုပ်အုန်းမြင့်	ဦးမြင့်သိန်း
၃၁	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	ဗိုလ်ချုပ်စိန်ထွား	ဗိုလ်မှူးချုပ်ကျော်မြင့်
၃၂	မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန	ဗိုလ်မှူးချုပ်မောင်မောင်သိမ်း	ဦးအောင်သိန်း
၃၃	ဝန်ကြီးချုပ်ရုံး	–	–
၃၄	ဝန်ကြီးချုပ်ရုံး	–	–
၃၅	တရားသူကြီးချုပ်	ဦးအောင်တိုး	ဦးသိန်းဝိုး
၃၆	ရှေ့နေချုပ်	ဦးအေးမောင်	ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်(ဒုတိယရှေ့နေချုပ်)
၃၇	စာရင်းစစ်ချုပ်	ဗိုလ်ချုပ်လွန်းမောင်	ဒေါ်သင်းသင်း (ဒုတိယစာရင်းစစ်ချုပ်)
၃၈	ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ	ဒေါက်တာသန်းညွှန့်	–

ယခုနှစ်အတွင်း ထူးထူးခြားခြားမှတ်တမ်းတင်ရမည့် အကြောင်းအရာမှာ ဇွန်လဆန်းက ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ကျင်းပခဲ့သည့် မြန်မာ–တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း(၅၅) နှစ်မြောက် အထိမ်းအမှတ်ပြပွဲဖြစ်သည်။ အဆိုပါပြပွဲတွင် ၂၀၀၃ ခုနှစ်မေလက ပုဂံမြို့ဟောင်း ပုဂံနန်းတော်ရာ တူးဖော်မှုမှ တွေ့ရှိခဲ့သော တရုတ်ရှေးဟောင်းစာအမှတ်တံဆိပ်ရိုက်နှိပ်ထားသော အိုးခြမ်းကွဲအထောက်အထားကို မူတည်၍ လွန်ခဲ့သည့် နှစ်တစ်ထောင်ကျော်ကတည်းက မြန်မာ–တရုတ် ဆက်ဆံရေး အခိုင်အမာရှိခဲ့ကြောင်း သက်သေပြခြင်းဖြစ်သည်ဟု ပြသထားသည်ကို တွေ့ရသည်။ (The Voice Weekly Vol.1/ No.38)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၈၉ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံကို စီးပွားရေး၊ နိုင်ငံရေးအရ အကူအညီအပေးအပံ့ဆုံးနိုင်ငံတစ်ခုလည်းဖြစ်သည်။ တရုတ်ကုမ္ပဏီများသည်လည်း ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍ လာရောက်ရင်းနှီး မြှုပ်နှံမှုများ ဆောင်ရွက်ရန်ကြိုးစားလာသကဲ့သို့ မြန်မာနိုင်ငံမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ကမ်းလွန်၊ ကုန်းတွင်းလုပ်ကွက်များတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ကိုင်ရန် စာချုပ်များလည်း ချုပ်ဆိုခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်း တည်ဆောက်သမျှ ရေအားလျှပ်စစ်စီမံကိန်းများ၊ ရေကာတာကြီးများနှင့် ရထားလမ်းနှင့် တံတားကြီးများအတွက် လိုအပ်သောစက်ကိရိယာအများစုကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ ကုမ္ပဏီများ ထံမှဝယ်ယူခဲ့သည်။ ထို့အပြင် နည်းပညာဆိုင်ရာကျွမ်းကျင်မှုအတွက်လည်း မြန်မာပညာတော်သင်များ တရုတ်သို့စေလွှတ်ခဲ့သည်။ အထူးသဖြင့် စက်မှုကဏ္ဍ တစ်ဟုန်ထိုးဖွံ့ဖြိုးလာသော တရုတ်နိုင်ငံအနေဖြင့် ၎င်းနိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများအတွက် အဓိကစွမ်းအင် လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန် မြန်မာနိုင်ငံကို မျက်စိကျလျက်ရှိရာ ရခိုင်ကမ်းလွန်လုပ်ကွက်များမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ယူနန်ပြည်နယ်သို့ ပိုက်လိုင်းသွယ်တန်းရယူရန် ဆွေးနွေးညှိနှိုင်းမှုများ အဆိုပါပြည်နယ်အုပ်ချုပ်ရေးမှူး မေလ တတိယပတ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော အလည်အပတ်ခရီးစဉ်အတွင်း ဆွေးနွေးသွားခဲ့သည်။ (The Voice Weekly Vol.1/No.38)

၂၀၀၅ ခုနှစ် မြန်မာ–တရုတ်ဆက်ဆံရေးသည် ကမ္ဘာလုံးဆိုင်ရာအပြောင်းအလဲများနှင့် ဒေသတွင်းနိုင်ငံများ၏ အပြောင်းအလဲများကြောင့် များစွာ အရေးကြီးသည့်နှစ်ဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာကုလသမဂ္ဂထိပ်သီးဆွေးနွေးပွဲ၊ အာဆီယံထိပ်သီးဆွေးနွေးပွဲ၊ အာဆီယံအရှေ့အာရှ ထိပ်သီးဆွေးနွေးပွဲနှင့် တတိယကမ္ဘာနိုင်ငံအချို့၏ အရေးကိစ္စကို ရှေ့တန်းတင် ဆွေးနွေးကြသည့် ကမ္ဘာနှင့်ဒေသဆိုင်ရာ ဆွေးနွေးပွဲများအားလုံးတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အစဉ်တစိုက်အသိအမှတ်ပြခဲ့သည့် တရုတ်နိုင်ငံအနေဖြင့်လည်း ယခုနှစ်သည် အလှည့်အပြောင်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း တရုတ်တစ်နိုင်ငံတည်းရှိသည်ဟူသော မူကိုထောက်ခံကာ ထိုင်ဝမ်သည် တရုတ်ပြည်မကြီး၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း လူသိရှင်ကြားအသိအမှတ်ပြုကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်တည်ချက်ကို ပြတ်သားစွာထောက်ခံခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် တရုတ်၏ဖွံ့ဖြိုးမှုနိမ့်ကျနေဆဲဖြစ်သည့်

www.foreverspace.com.mm

ယူနန်ပြည်နယ်၏ အဓိကကုန်သွယ်ဖက် ဖြစ်နေခြင်း၊ ဒေသတွင်း စွမ်းအင်နှင့် ပထဝီမြေမျက်နှာပြင်ဆိုင်ရာ မဟာဗျူဟာကျသောနေရာတွင် တည်ရှိနေခြင်း၊ ကုန်တွင်းပိတ် ယူနန်ပြည်နယ်၏ ပင်လယ်ထွက်ပေါက်ဖြစ်နေခြင်း၊ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံ၏အကြီးမားဆုံး နယ်စပ်ကုန်သွယ်ဖက်ဖြစ်နေခြင်း၊ ဒေသတွင်းရှိ မဟာပြိုင်ဘက်ကြီး အိန္ဒိယနှင့် ယင်းနိုင်ငံကြား အလယ်ဗဟိုတွင်တည်ရှိနေခြင်းနှင့် အခြားသောအကြောင်းများစွာကြောင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို ယူနန်ပြည်နယ်နှင့် တန်းတူသဘောထား၍ ဆက်ဆံရေးပုံမှန်ကောင်းမွန်နေရန် ကြိုးစားသွားမည်ဖြစ်သည်။

၂၀၀၀ ဖြည့်လွန်နောက်ပိုင်း တဖြည်းဖြည်းပိုမိုနီးကပ်လာသည်

မြန်မာ - အိန္ဒိယ ဆက်ဆံရေး

လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ယဉ်ကျေးမှုနှင့် ဘာသာရေး ကူးလူးယှက်နွယ်မှုများရှိခဲ့သည့်အပြင် ဗြိတိသျှတို့လက်အောက်မှ လွတ်လပ်ရေးရရှိရန် အတူတကွပူးပေါင်းတိုက်ပွဲဝင်လာခဲ့သည့်အတွက် အိန္ဒိယ–မြန်မာ ဆက်ဆံရေးမှာ တရုတ်မှအပ အခြားဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် များစွာတည်ငြိမ်သည်ဟုဆိုနိုင်သည်။ ၁၉၈၉ ခုနှစ်နောက်ပိုင်း နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမပျက် ကွန်ဒေ့ရရရှိလာခဲ့ရာမှ ၂၀၀၀ ပြည့်လွန်နှစ်နောက်ပိုင်း တဖြည်းဖြည်းပိုမိုနီးကပ်သော ဆက်ဆံမှုတစ်ရပ် ထူထောင်လာသည်ကိုတွေ့ရသည်။ နှစ်နိုင်ငံအစိုးရအကြီးအကဲများကိုယ်တိုင် အပြန်အလှန်လည်ပတ်မှုရှိလာခဲ့သည်။ ၂၀၀၅ ခုနှစ်အတွင်း ထူးခြားချက်မှာ မြန်မာနိုင်ငံဘက်မှ တပ်မတော်အကြီးအကဲအချို့ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့်အပြင် အိန္ဒိယနိုင်ငံမှလည်း အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မမှူးတို့သည် ၎င်းတို့၏ ဇနီးများနှင့်တကွ လာရောက်လည်ပတ်ခဲ့ခြင်းတို့ပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ယခုနှစ်အတွင်း ၎င်းနိုင်ငံ၏စွမ်းအင်ကဏ္ဍလိုအပ်ချက်အတွက် မြန်မာ့ပင်လယ်ပြင်ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုဖြတ်၍ ပိုက်လိုင်းသွယ်တန်းဝယ်ယူရန် စီမံကိန်းတစ်ရပ်အတွက် နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ မကြာခဏတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း မြန်မာကျောင်းသား ၁၇၇ ဦးကို အိန္ဒိယနိုင်ငံသို့ သင်တန်းအမျိုးမျိုးတက်ရောက်ရန် စေလွှတ်ခဲ့သည်။

ယခုနှစ်အတွင်း နှစ်နိုင်ငံထူးခြားစွာ မှတ်တမ်းတင်ရမည့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်တစ်ရပ်မှာ ပြဒီးခဲ့သည့် ၂၀၀၄ ခုနှစ်က မြန်မာနိုင်ငံအတွင်းရှိ ဒေသအချို့တွင် ရိုက်ကူးသွားခဲ့သော အိန္ဒိယလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းမှ နိုင်ငံရေးခေါင်းဆောင်ဆုဘစ်ချန်ဒရာဘို့စ်၏ အတ္ထုပ္ပတ္တိနှင့် သမိုင်းနောက်ခံ The Forgetting Hero ဇာတ်ကားကို သြဂုတ်လအတွင်း မြန်မာနိုင်ငံတွင် လာရောက်ပြသသွားခြင်းဖြစ်သည်။ ဆူဘစ်ချန်ဒရာဘို့စ်သည် အိန္ဒိယနိုင်ငံတွင် နေရူး၊ ဂျင်းနားတို့နှင့် ခေတ်ပြိုင်အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဂျပန်အကူအညီဖြင့် အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်ခိုက်လိုသည့် ကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။ ထိုကာလက မြန်မာကွန်မြူနစ်ခေါင်းဆောင်များနှင့် လွတ်လပ်ရေးကြိုးပမ်းမှုများ လက်တွဲလုပ်ကိုင်ခဲ့သူလည်း ဖြစ်သည်။

နောက်ထပ် ထူးခြားသည့် အကြောင်းတစ်ရပ်မှာ အိန္ဒိယနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သည့် Jelly Fish တန်ချိန် ၁၀၀ ကို မြန်မာကုမ္ပဏီတစ်ခုမှ Transit Trade ဖြင့် ဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်းသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးကို မြန်မာနိုင်ငံသည် ကြားနိုင်ငံအနေဖြင့် ဝန်ဆောင်မှုပေးကာ အကျိုးအမြတ်ရရှိနိုင်သော လမ်းစပွင့်သွားခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံရှိရထားလမ်းများတွင် ပြေးဆွဲရေးအတွက် အိန္ဒိယနိုင်ငံ M/S Rites Ltd. မှ YDM-4 ရထားစက်ခေါင်းတွဲ ၁၁ တွဲနှင့် လူစီးရထားတွဲ ၃၆ တွဲဝယ်ယူရန် ပြီးခဲ့သည့်နှစ်က နှစ်နိုင်ငံသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးထားခဲ့ရာ ယခုနှစ်တွင် ပျဉ်းမနား–ရန်ကုန်ခရီးစဉ်အတွက် ရထားစက်ခေါင်း ၄ ခေါင်းနှင့် လူစီးရထားတွဲ ၂၀ ရောက်ရှိခဲ့သည်။ အဆိုပါစက်ခေါင်းနှင့်

www.foreverspace.com.mm

လူစီးရထားတွဲများမှာ စုစုပေါင်း အမေရိကန် ဒေါ်လာ ဖြ၅ သန်း တန်ဖိုးရှိပြီး ယင်းတန်ဖိုးငွေများကို အိန္ဒိယနိုင်ငံမှ Exim ဘဏ်က Line of Credit (LOC) စနစ်ဖြင့် ရထားတွဲတင်ပို့သည့်ကုမ္ပဏီများကို ကန်ထရိုက်တန်ဖိုး ၁၀၀ ရာခိုင်နှုန်း ငွေကြေးစိုက်ထုတ်ပေးခြင်း ဖြစ်သည်။ အဆိုပါအစီအစဉ်သည် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အိန္ဒိယက မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပေးအပ်သော အကူအညီ တစ်စိတ်တစ်ဒေသဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ပုန်ကန်ထကြွနေသော မိုဇိုရမ်သူပုန်များ၊ နာဂသူပုန်များကိုလည်း နှစ်နိုင်ငံ တပ်မတော်အချင်းချင်း အပြန်အလှန်ပူးပေါင်း၍ နှိမ်နင်းသွားရန် ယခုနှစ်အတွင်း ကတိကဝတ်ပြုခဲ့ကြသည်။

အချုပ်အားဖြင့်ဆိုရသော် ၂၀၀၅ ခုနှစ်သည် မြန်မာ–အိန္ဒိယ ဆက်ဆံရေး (အထူးသဖြင့် တပ်မတော်အချင်းချင်း) ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လာသည့်သဘော ထင်ရှားစွာ တွေ့မြင်ရသည့်နှစ်ဟု ဆိုရမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ Look East (အရှေ့မျှော်)မူဝါဒ စတင်ကျင့်သုံးချိန်မှစကာ အိမ်နီးချင်းမြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို အာဆီယံနိုင်ငံများကဲ့သို့ သဘောထားဖြင့် ချဉ်းကပ်လာသည်ကိုတွေ့ရသည်။ အထူးသဖြင့် ၎င်း၏ ဒေသတွင်း မဟာဗျူဟာပြိုင်ဘက် တရုတ်နိုင်ငံနှင့် လုံးလုံးလျားလျား နီးကပ်သွားမည်ကို စိုးရိမ်ခြင်းအပြင် ၎င်း၏စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်သည့် သဘာဝဓာတ်ငွေ့အမြောက်အမြားကို မြန်မာနိုင်ငံမှသာ အဆင်ပြေပြေရယူနိုင်မည်ဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို ယခင်နှစ်များထက် ပို၍ကောင်းမွန်အောင် ကြိုးစား တည်ဆောက်လာသည်ကို တွေ့မြင်ရသည်။

မြန်မာ - ထိုင်း ဆက်ဆံရေး

မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် နယ်နိမိတ်ချင်းရှည်လျားစွာ ထိစပ်နေပြီး နှစ်နိုင်ငံဆက်ဆံရေးသည် အခြားသော အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးထက်စာလျှင် ထူးခြားသောသဘောကို ဆောင်နေပါသည်။ ၂၀၀၅ ခုနှစ်အတွင်း အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များကိုကြည့်လျှင် ထိုင်းနိုင်ငံအစိုးရအဖွဲ့၏ အဆင့်မြင့်ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံသို့ ယခင်နှစ်များထက် ပိုမိုလာရောက်လည်ပတ်ခဲ့သည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံနှင့် အရင်းနှီးဆုံးဆက်ဆံရေးထူထောင်ထားသည့် နိုင်ငံလည်းဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပြင်ပကမ္ဘာတွင် မကြာခဏထွက်ပေါ်တတ်သောသတင်းများနှင့် ပတ်သက်လျှင်လည်း ထိုင်းနိုင်ငံကပင် ဦးစွာချေပရှင်းလင်းခဲ့သည်ကို တွေ့ရသည်။ ယခုနှစ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်အလို့ငှာ ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာ နှစ်ကြိမ်တိတိ လာရောက်ခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံတစ်ခု ဖြစ်သည့်အပြင် နယ်စပ်ကုန်သွယ်ရေးတွင် ဒုတိယမြောက်ပမာဏ အများဆုံးနေရာတွင် ရပ်တည်လျက်ရှိသည်။ မြန်မာနိုင်ငံ ကမ်းလွန်ပင်လယ်ပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေး နယ်ပယ်တွင်လည်း ထိုင်းနိုင်ငံအစိုးရပိုင် PTTEP ကုမ္ပဏီက ရခိုင်ကမ်းလွန်နှင့် မုတ္တမကမ်းလွန်တို့ရှိ ရေနံလုပ်ကွက်များ၊ ရတနာနှင့် ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းတို့တွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့်အပြင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့အများဆုံး ဝယ်ယူလျက်ရှိပြီး ထိုင်းကုန်စည်ပြပွဲများကိုလည်း ရန်ကုန်မြို့တော်တွင် နှစ်စဉ်ပုံမှန်လာရောက် ကျင်းပလျက်ရှိသည်။

နှစ်နိုင်ငံဆက်ဆံရေး၏ ထူးခြားသော အကြောင်းအရာတစ်ရပ်မှာ ထိုင်းနိုင်ငံဘက်မှသာ အမြဲလိုလို အသာစီးရနေခဲ့သော်လည်း ၂၀၀၄ ခုနှစ်တွင် မြန်မာဘက်မှ ဘတ်ငွေ ၃၀ ဘီလီယံဖိုး ပိုမိုတင်ပို့၍ ကုန်သွယ်မှုအသာစီးရခဲ့ကြောင်း ထိုင်းနိုင်ငံဘက်မှ

www.foreverspace.com.mm

သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ၂၀၀၅ ခုနှစ် ပထမငါးလတွင်လည်း ထိုင်းနိုင်ငံဘက်မှ ဘတ်ငွေ ၁၀ သန်းဖိုးသာ တင်ပို့နိုင်ခဲ့ပြီး မြန်မာဘက်မှ ဘတ်ငွေ ၂၄ ဘီလီယံဖိုး တင်ပို့နိုင်သဖြင့် မြန်မာဘက်မှ အသာစီးရလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာဘက်မှ ထိုင်းနိုင်ငံဘက်သို့ သဘာဝဓာတ်ငွေ့အပါအဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများ၊ လက်မှုပစ္စည်းများ၊ ပရိဘောဂအကြမ်းထည်များ သစ်နှင့်သစ်သားခွဲခြမ်းများ အစရှိသည့် ကုန်ကြမ်းအများစုတင်ပို့ပြီး ထိုင်းနိုင်ငံမှ စားသောက်ကုန်ချောများ၊ လူသုံးလျှပ်စစ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ အထည်အလိပ်များ၊ ပလတ်စတစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ စသည့် ကုန်ချောပစ္စည်းအများစု တင်သွင်းသည်။

ယခုနှစ်အတွင်း မြန်မာ–ထိုင်း ဆက်ဆံရေး၏ နောက်ထပ်ထူးခြားချက်မှာ ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များက နှစ်နိုင်ငံနယ်စပ်ရှိမြို့ကြီးအချို့တွင် ထိုင်းစက်ရုံများရွှေ့ပြောင်းတည်ထောင်ရန်၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့တွင် ကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဖြင့် အကျိုးတူပူးပေါင်းလုပ်ဆောင်ရန် ကျယ်ကျယ်ပြန့်ပြန့် ကမ်းလှမ်းလာခြင်းဖြစ်သည်။

သံတမန်အဆက်အသွယ်သစ်

၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံသည် ပင်လယ်ကွေ့ဒေသနိုင်ငံတစ်ခုဖြစ်သော ကာတာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့သည်။ သံတမန်ဆက်ဆံရေးသဘောတူညီမှုစာချုပ်ကို ကုလသမဂ္ဂ၏ ပဋိညာဉ်အတိုင်း သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ နိုင်ငံရေးကုန်သွယ်ရေး၊ နည်းပညာနှင့် ယဉ်ကျေးမှု အစရှိသည်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် ပင်လယ်ကွေ့ဒေသနိုင်ငံတစ်ခုဖြစ်သော ကာတာသည် ပုလဲမွေးမြူရေးလုပ်ငန်းကို အဓိကအခြေခံကာ ကြီးပွားချမ်းသာလာသော နိုင်ငံတစ်ခုဖြစ်၍ မြန်မာနိုင်ငံသတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အနာဂတ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ထွက်ပေါ်လာဖွယ်ရှိသည်။ ကာတာသည် ၁၉၄၀ ပြည့်နှစ်မှစ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်လုပ်ကိုင်လျက်ရှိပြီး ရေနံတူးဖော်ရေးကုမ္ပဏီများလည်း အမြောက်အမြားရှိရာ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်လာဖွယ်ရှိသည်။

ပထမဆုံး သံတမန်အဆက်အသွယ်

ယခုနှစ်အတွင်း မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား စက်တင်ဘာလ ၂၆ ရက်မှစတင်ကာ သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် စတင်ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြိုးများနှင့် အပြည်ပြည်ဆိုင်ရာ တရားဥပဒေများအပေါ်အခြေခံလျက် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်ရန်အတွက် ယခုကဲ့သို့ သံတမန်အဆက်အသွယ် ပြုလုပ်လိုက်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နှစ်နိုင်ငံသံအမတ်ကြီးများက ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာ - အာဆီယံ ဆက်ဆံရေး

အာဆီယံအနေဖြင့် နိုင်ငံတကာမှ မည်မျှဝေဖန်ပြောဆိုမှုများရှိနေစေကာမူ မြန်မာနိုင်ငံအပေါ်ထားရှိသော မူဝါဒကို တစ်သမတ်တည်း ကျင့်သုံးခဲ့သည်မှာ ယခုနှစ်အထိပင် ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အဆင်အခြင်လွဲမှားမှုများ ဝေဖန်ပြစ်တင်မှုများ၊ စွပ်စွဲပြောဆိုချက်များကို အာဆီယံအဖွဲ့က ဒိုင်ခံရှင်းလင်းဖြေကြားခဲ့သည်ကို တွေ့ရသည်။

ယခုနှစ်အတွင်း မှတ်တမ်းတင်ရမည့်အကြောင်းအရာမှာ ၂၀၀၆ ခုနှစ်တွင် အက္ခရာစဉ်အရ အာဆီယံအဖွဲ့၏ဥက္ကဋ္ဌရာထူးကို လက်ခံရယူရမည့် မြန်မာနိုင်ငံအနေဖြင့် ယင်းအခွင့်အရေးကို

www.foreverspace.com.mm

၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်လက်ခံကျင်းပခဲ့သည့် အာဆီယံနှင့်နိုင်ငံတကာအစည်းအဝေးများ

စဉ်	နေ့စွဲ	အကြောင်းအရာ	ကျင်းပသည့်နေရာ
၁	၁၈-၁၂-၂၀၀၄	(၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်ညီလာခံ	ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်။
၂	၂၄-၁-၂၀၀၅	အာဆီယံ+၃ (တရုတ်၊ ကိုရီးယား၊ ဂျပန်)နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးနှင့် အာဆီယံ ရိက္ခာဖူလုံရေး သတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ်အစည်းအဝေး (The Meeting of for Directors General of Agricultural Statistics and Information in ASEAN+3 Countries and the Third Focal Point Meeting of AFSIS Project)	ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၊ ရန်ကုန်မြို့။
	၆-၇-၂၀၀၅ မှ ၉-၇-၂၀၀၅	အာဆီယံကြေးနန်းဆက်သွယ်ရေးနှင့်အိုင်တီအဆင့်မြင့် အရာရှိကြီးများအထူးအစည်းအဝေးဖွင့်ပွဲ	ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်။
	၄-၇-၃၀၀၅ မှ ၅-၇-၂၀၀၅	**ယင်းအစည်းအဝေး၏ လုပ်ငန်းအဖွဲ့အစည်းအဝေးများ ဖြစ်သော-** အာဆီယံသတင်းအချက်အလက်အခြေခံအဆောက်အဦ အီလက်ထရွန်နစ် လူမှုအဖွဲ့အစည်းနှင့် အိုင်စီတီစွမ်းရည်တည်ဆောက်ရေး၊ နေရာအနှံ့ဆက်သွယ်မှုရရှိရေး၊နည်းပညာကွာဟချက်ကျဉ်းမြောင်းရေးနှင့် အီလက်ထရွန်နစ် အစိုးရလုပ်ငန်းများနှင့်အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေးနှင့် အိုင်စီတီကုန်သွယ်မှု ချောမွေ့လွယ်ကူရေးအစည်းအဝေးများ။	ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်။
	၆-၇-၂၀၀၅	အီလက်ထရွန်နစ် အာဆီယံစီးပွားရေးလုပ်ငန်းကောင်စီ အစည်းအဝေး	ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်။
	၂၆-၇-၂၀၀၅ မှ ၂၈-၇-၂၀၀၅	လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏(၂၆)ကြိမ်မြောက်အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေး	မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ်၊

ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ အနောက်နိုင်ငံကြီးအချို့အနေဖြင့် အာဆီယံအဖွဲ့ အလှည့်ကျဥက္ကဋ္ဌဖြစ်လာမည့်အပြင် အာဆီယံထိပ်သီးဆွေးနွေးပွဲကြီးများ လက်ခံကျင်းပမည့် မြန်မာနိုင်ငံသို့ လာရောက်ရန် အခက်အခဲရှိနေသည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက ဤအချက်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ယခုကဲ့သို့ အလှည့်ကျဥက္ကဋ္ဌရာထူးကို စွန့်လွှတ်ကြောင်း မကြေညာမီနှင့် ကြေညာအပြီး နိုင်ငံတကာသတင်းမီဒီယာများက ဤသည်များကို စိတ်ဝင်တစား အလေးပေးဖော်ပြခဲ့ကြသည်ကို တွေ့ရသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင် ယခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၁၃ ရက်နေ့အထိ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲ၊ အာဆီယံ-အရှေ့အာရှထိပ်သီးဆွေးနွေးပွဲတို့ကိုလည်း ဒေသတွင်းမီဒီယာအားလုံးက ထိပ်တန်းဦးစားပေးသတင်းအဖြစ် ဖော်ပြလွှင့်ထုတ်ခဲ့ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ မြို့တော်သစ် ရွှေ့ပြောင်းသည့်သတင်းအပေါ် အခြေခံ၍ ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများကို မီဒီယာများက မေးခွန်းထုတ်ခဲ့ကြကြောင်း မီဒီယာသတင်းများအရ သိရသည်။

www.foreverspace.com.mm

၂၀၀၅ ခုနှစ်အတွင်းထုတ်ပြန်သော ဥပဒေနှင့်အမိန့်များ

စဉ်	အကြောင်းအရာ	ဥပဒေ/အမိန့်အမှတ်	ထုတ်ပြန်သည့်ရက်စွဲ
၁	မရွေ့ပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၁/၂၀၀၅	၁၃-၁-၂၀၀၅
၂	၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ	ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၅	၂၁-၇-၂၀၀၅
၃	၁၉၂၃ ခုနှစ်အလုပ်သမားလျော်ကြေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ယင်းအက်ဥပဒေပါ သက်ဆိုင်ရာဒွေကြေးနှုန်းထားများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်	ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅	၂၁-၇-၂၀၀၅ (၂၁-၈-၂၀၀၅ နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ)
၄	လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၅	၁၃-၉-၂၀၀၅
၅	မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ၃၀၊ ပုဒ်မခွဲ (ခ) တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤဝန်ကြီးဌာန၏ ၂၁-၆-၂၀၀၂ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၂၏ အပိုဒ် ၁၊ အပိုဒ်ခွဲ (ဃ)ပါ ဇယား (၄)အမှတ်စဉ် (၆၀)၏နောက်တွင် ဖြည့်စွက်သော စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ	ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)	၁၇-၁၁-၂၀၀၅
၆	မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)(၂)နှင့် ပုဒ်မ၃၀၊ ပုဒ်မခွဲ (ခ)တို့အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဤဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ ၏ အပိုဒ်၁၊ အပိုဒ်ခွဲ (ဂ)ပါ မြန်မာနိုင်ငံ၏လိုအပ်ချက်အရ ထုတ်ပြန်သတ်မှတ်ခဲ့သည့် မူးယစ်ဆေးဝါးဇယား(၃)ကိုအစားထိုးခြင်း	ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၅)	၁၇-၁၁-၂၀၀၅
၇	ရန်ကုန်မြို့တော် လျှပ်စစ်မာတ်အားပေးရေးအဖွဲ့ ဥပဒေ	နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၀၅	၂၂-၁၁-၂၀၀၅

မတရားအသင်း ကြေညာလိုက်သော အဖွဲ့အစည်းများ

ယခုနှစ်အတွင်း ပြည်ပြေးစဝ်ခမ်ဖဉီးစီးသောအဖွဲ့အား ဧပြီလ ၁၉ ရက်နေ့စွဲဖြင့်လည်းကောင်း၊ အခြားအဖွဲ့အစည်း ၄ ခုတို့အား ဩဂုတ်လ ၂၈ ရက်နေ့စွဲဖြင့်လည်းကောင်း မြန်မာနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများထုတ်ပြန်၍ မတရားအသင်းများအဖြစ် ကြေညာလိုက်သည်။

ယင်းအဖွဲ့အစည်းများမှာ ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်၏သားပြည်ပြေးစဝ်ခမ်ဖဉီးစီးသောအဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွှန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma) (NCGUB)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (All Burma

www.foreverspace.com.mm

Students Democratic Front) (ABSDF)၊ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (Federation of Trade Union of Burma) (FTUB)၊ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)တို့ဖြစ်ပြီး ယင်းအဖွဲ့အစည်းများ၏အဖွဲ့ဝင်များ၊ ယင်းအဖွဲ့များနှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုသော်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုသော်လည်းကောင်း အနှောင့်အယှက်အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆကြောင်း ကြေညာချက်များတွင် ဖော်ပြပါရှိသည်။

၂၀၀၅ ခုနှစ်အတွင်း ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲများ

၂၈-၁၂-၂၀၀၄ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက အဖျက်အမှောင့်လုပ်ရပ်ကြောင့် အပြစ်မဲ့ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာရရှိမှုဖြစ်စဉ်နှင့် အဆိုပါ အဖျက်အမှောင့်လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေသော ပြည်တွင်းပြည်ပ အဖျက်သမားအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်သဖြင့် မြန်မာနိုင်ငံဒေသတချို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးတွင် ကျင်းပခဲ့သည်။

၁-၂-၂၀၀၅ – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုအခြေအနေ၊ ၂၆-၁၂-၂၀၀၄ ရက်က ငလျင်လှုပ်ခဲ့၍ ဖြစ်ပေါ်ခဲ့သည့် ဆူနာမီရေလှိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုနှင့် ကယ်ဆယ်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့က အသက် ၈၂ နှစ်ရှိ အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သူ

ပုဂ္ဂလိကမီဒီယာအားလုံး ပထမဦးဆုံးတက်ရောက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်

Mr.Joseph Theodore Moynahan ၏ ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ တော်ဝင်စားသောက်ဆိုင်ရှေ့နှင့် မဟာဗန္ဓုလလမ်းပေါ်တွင် ပြုလုပ်ခဲ့သော တစ်ကိုယ်တော်ဆန္ဒပြမှု၊ ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်သမားများ၏ အဖျက်အမှောင့်လုပ်ဆောင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၅)ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

၁၅-၃-၂၀၀၅ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) က တစ်ဖက်

www.foreverspace.com.mm

သတ်စွပ်စွဲ ဖိအားပေးနေမှုများ၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ ရွက်ဆစ် ခေါင်းဆောင်သည့် SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်လွတ်မြောက်ရေးဟူသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုများနှင့် အခြားဆက်စပ် ပတ်သက်နေမှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၂/ ၂၀၀၅) ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

၂၂-၄-၂၀၀၅–ပြည်ပြေးစစ်ခမ်းဖဦးစီးသည့်အဖွဲ့နှင့် အခြားဆက်နွယ်နေသည့်အဖွဲ့များကို နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခဲ့သည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၃/ ၂၀၀၅) ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

၁၅-၅-၂၀၀၅–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက နိုင်ငံခြားငွေသုံးစွဲမှုနှင့်ပတ်သက်ပြီး သိရှိလိုက်နာရမည့်အချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ပြေးစစ်ခမ်းဖနှင့်အပေါင်းပါတစ်ခု၏ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သော နိုင်ငံ ထူထောင်ကြောင်း ကြေညာခြင်းနှင့်အတူ ရွက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB၊ NCGUB၊ ABSDF စသည့် အကြမ်းဖက်သမား (Terrorist) အဖွဲ့များ ပူးပေါင်းပြီး ပြည်သူလူထုအပေါ် မလိမ့်တစ်ပတ် အဓမ္မလုပ်ရပ်၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ အချိန်ကိုက်ကျူးလွန်နေခြင်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၄/ ၂၀၀၅)ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင်ကျင်းပရာ မေလ ၇ ရက်နေ့ ဗုံးပေါက်ကွဲမှုများကြောင့် စုစုပေါင်း ၁၁ ဦးသေဆုံး၍ ၁၆၂ ဦး ဒဏ်ရာရရှိခဲ့ပြီး မေလ ၁၄ ရက်နေ့အထိ ခုနစ်ဦး ထပ်မံသေဆုံးခဲ့ပြီး သေဆုံးသူ စုစုပေါင်း ၁၈ ဦးရှိပြီဖြစ်ကာ ဆေးရုံတွင် ဆက်လက်ကုသမှု ခံယူနေရသူ ၇၉ ဦးသာ ကျန်ရှိတော့ကြောင်း ပြောကြားခဲ့သည်။

၁၂-၆-၂၀၀၅ – ၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် SSNA နိုင်းရီနှင့် နောက်လိုက်တစ်စု ပြည်ထောင်စုမဖြိုခွဲရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုနှင့် အကြမ်းဖက် အဖျက်လုပ်ရပ်များကို တစိုက်မတ်မတ် ကျူးလွန်နေသည့် ဘိန်းဓားပြ အကြမ်းဖက်သမား SSA ရွက်ဆစ်နှင့် ပူးပေါင်းသွားခြင်းနှင့်ပတ်သက်သည့် နောက်ကွယ်မှ ဖြစ်ရပ်မှန်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ (၅/ ၂၀၀၅)ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးတွင် ပြုလုပ်ခဲ့သည်။

၂၆-၆-၂၀၀၅ – မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မြန်မာနိုင်ငံမူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင် ကျင်းပခဲ့သည်။

၁၂-၇-၂၀၀၅ – မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်ရှိ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်မှု ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ဓာတုပစ္စည်းလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်းကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအလုပ်ရုံဆွေးနွေးပွဲကို ရူလိုင်လ ၁၁ နှင့် ၁၂ တို့တွင် ကျင်းပခဲ့ပြီး ယင်းအမျိုးသား အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်းသော သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဂရင်းပလာဇာပတ်ခ်ရွိုင်ရယ်ဟိုတယ်တွင် ကျင်းပခဲ့သည်။

၂၈-၈-၂၀၀၅ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီက ပြည်တွင်း မတည်မငြိမ်မဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ၊ ရန်ကုန်မြို့တော်အကြမ်းဖက်ဗုံးခွဲမှုခဲ့ ပါဝင်ကျူးလွန် ပတ်သက်ခဲ့သူများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှစွယ်တော်များပျောက်ဆုံးမှုနှင့် စုံစမ်းဖော်ထုတ်ချက်များကို လည်းကောင်း၊ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်သည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယနေ့ ကျင့်သုံးနေသော သတင်းထုတ်ပြန်မှုအခြေအနေ သဘောထားများနှင့် စပ်လျဉ်း၍ လည်းကောင်း သတင်းစာရှင်းလင်းပွဲ (၆/ ၂၀၀၅)ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

၂၃-၁၀-၂၀၀၅ – အနောက်နိုင်ငံအချို့နှင့် ပြည်တွင်းပြည်ပ အဖျက်သမားများက ဗုံးကွယ်လှည့်စားထားသော နိုင်ငံရေးရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သောရှုထောင့်မှ အဆိုးရွားဆုံးပုံဖော်ကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်အရေးယူပေးရန် တောင်းဆိုလှုံ့ဆော်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါး ဘိန်းဖြူ ၉၉၂ တုံး၊ အလေးချိန် ၄၉၆ ကီလို ဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ် Case (496)

www.foreverspace.com.mm

နှင့်စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၅)ကို ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

၁-၁၁-၂၀၀၅ – မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂဆိုင်ရာမူးယစ်ဆေးဝါးနှင့် မှုခင်းရုံး (UNODC) တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ၂၀၀၅ ခုနှစ် တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ ကုလသမဂ္ဂဆိုင်ရာမူးယစ်ဆေးဝါးနှင့်မှုခင်းရုံးက ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင်ကျင်းပခဲ့သည်။

၂၀၀၅ ခုနှစ်အတွင်း အကြမ်းဖက်မှုနှင့် ဗုံးပေါက်ကွဲမှု ဗုံးသိမ်းဆည်းရမိမှုများ

ဒီဇင်ဘာ ၂၁ (၂၀၀၄) – ရန်ကုန်မြို့ဗိုလ်ချုပ်လမ်း FMI Center အနီး Zaw Gyi House စားသောက်ဆိုင်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

မတ် ၁၆ – ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ရွှေမန်း သူကားဂိတ်တွင် ရပ်တန့်ထားသော မကွေး-ရန်ကုန်-ပုသိမ် အဝေးပြေးမော်တော်ယာဉ်တစ်စင်းပေါ်မှ မသက်ာဖွယ် သရေပိုက်ဆံအိတ်တစ်လုံး သိမ်းဆည်းရမိခဲ့ပြီး တာဝန်ရှိသူများက စစ်ဆေးရာမှာ ချိန်ကိုက်ဗုံးဖြစ်ကြောင်း တွေ့ခဲ့ရသည်။

မတ် ၂၀ – တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း မတ်လ ၁၇ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားကြောင်း၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း PANORAMA ဟိုတယ်၌ မတ် ၁၉ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားကြောင်း၊ ယင်းပေါက်ကွဲမှုများတွင် လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်းနှင့် မတ်လ ၁၃ ရက်နေ့က တောင်ဥက္ကလာပမြို့နယ် ရွှေမန်းသူကားဂိတ်ရှိ မော်တော်ယာဉ်တစ်စီးပေါ်မှ ချိန်ကိုက်မိုင်းတစ်လုံး ကြိုတင်ရှင်းလင်းနိုင်ခဲ့ကြောင်းနိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။

ဗုံးပေါက်ကွဲခဲ့သည့် Junction 8 Shopping Centre

ဧပြီ ၂၁ – နံနက် ၅ နာရီ ၁၅ မိနစ်ခန့်တွင် ထားဝယ်မှ ရန်ကုန်သို့သွားရောက်မည့် ကုန်တင်ယာဉ်နှစ်စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၁၂ စီး စုစုပေါင်း မော်တော်ယာဉ် ၁၄ စီးသည် ထားဝယ်-ရေးလမ်းပိုင်း မိုင်တိုင်အမှတ် (၃၃/၂) အရောက်တွင် ကင်အင်နယ်ယူ အကြမ်းဖက်သောင်းကျန်းသူတစ်ဖွဲ့က ဓားပြတိုက်လုယက်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ ထားဝယ်တက္ကသိုလ်မှ ဆရာမတစ်ဦး၊ ကျောင်းသူတစ်ဦး၊ ခရီးသည်သုံးဦး၊ ယာဉ်နောက်လိုက်တစ်ဦး စုစုပေါင်းရှစ်ဦး လက်နက်ငယ် ထိမှန်သေဆုံး၍ ခရီးသည်၁၅ ဦးဒဏ်ရာရရှိခဲ့ပြီး ခရီးသည်များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၃၀ ခန့်နှင့် လက်ဝတ်ရတနာပစ္စည်းအချို့ကို

ဗုံးပေါက်ကွဲခဲ့သည့် Dagon Centre

www.foreverspace.com.mm

သောင်းကျန်းသူများက ဓားပြတိုက်လုယက်ခဲ့သည်။

ဧပြီ ၂၃ – ဧပြီလ ၂၂ ရက် နံနက် ၂ နာရီခန့်တွင် လွိုင်ကော်မြို့ လောပိတ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တောင်ငူဘက်သို့ သွယ်တန်းထားသော မဟာဓာတ်အားလိုင်း၏ တာဝါတိုင် အမှတ် (၁၃၀)ကို ကေအင်န်ပီပီ အကြမ်းဖက် သောင်းကျန်းသူတစ်ဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့ရာ ဓာတ်အားလိုင်း ပြတ်တောက်သွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

ဧပြီ ၂၇ – ဧပြီလ ၂၆ ရက်နေ့တွင် မန္တလေးမြို့ ဈေးချိုတော်မြေညီထပ်စီရုံနှင့် ဒီရုံကြား အေးကမ္ဘာဖိနပ်ဆိုင်နှင့် Rising Sun အထည်ဆိုင်ကြား အမှိုက်ပုံဘေးရှိ ဆာလာအိတ်တစ်လုံး အတွင်းမှ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အမျိုးသမီးနှစ်ဦး သေဆုံး၍ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသား ၁၃ ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

မေ ၅ – ကေအင်န်ယူအကြမ်းဖက် သောင်းကျန်းသူအဖွဲ့ တပ်မဟာ (၃)၊ တပ်ရင်း (၈)မှ အင်အားစုအချို့သည် ဧပြီ ၃၀ ရက် ည ၁၂ နာရီခွဲခန့်တွင် ပဲခူးတိုင်းကျောက်ကြီးမြို့နယ် မြွေတောင်ကျေးရွာနှင့် ကြောင်ပြာကျေးရွာတို့သို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်၍ လူနေအိမ်ခြေများကို မီးရှို့ဖျက်ဆီးခဲ့ရာ ဆရာတော်နှစ်ပါးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ်ခြေစုစုပေါင်း ၃၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။

မေ ၇ – ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်-ကုန်သွယ်မှုဗဟိုဌာနခွဲ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ Junction 8 စင်တာခွဲ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ စမ်းချောင်းမြို့နယ် ဒဂုံစင်တာ Shopping Mall တွင် မွန်းလွဲ ၃ နာရီခွဲလည်းကောင်း ချိန်ကိုက် ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲမှုကြောင့် ယင်းနေ့တွင် ရဟန်းရှင်လူ ၁၁ ဦး သေဆုံး၍ ၁၆၂ ဦးဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာ ၂၂ – ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ကုန်သည်ကြီးများဟိုတယ် ဆိုင်းဘုတ်အနီး၌ ၂၁ ရက်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

နိုဝင်ဘာ ၁၄ – နိုဝင်ဘာလ ၁၂ ရက် ညနေ ၅ နာရီ မိနစ်၄၀ အချိန်ခန့်တွင် ချင်းပြည်နယ် မတူပီမြို့ မြို့မအားကစားကွင်းအတွင်း၌ ကန်ပက်လက်အသင်းနှင့် မတူပီ (က)အသင်းတို့ ဘောလုံးဗိုလ်လုပွဲယှဉ်ပြိုင်ကြပြီးနောက် ဆုပေးပွဲကျင်းပနေစဉ် ချင်းအကြမ်းဖက်သောင်းကျန်းသူနှစ်ဦး၏ ပရိသတ်အတွင်းသို့ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ခုနစ်နှစ်အရွယ်နှင့် ၁၇ နှစ်အရွယ် ယောကျ်ားလေးနှစ်ဦးသေဆုံးပြီး အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၀၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးမှုများ

မတ် ၆ – ရှမ်းပြည်နယ် (မြောက်ပိုင်း) '၀' နယ်မြေ၌ '၀' တိုင်းရင်းသားများက ၎င်းတို့၏အစီအစဉ်ဖြင့် မူးယစ်ဆေးဝါး၊ ဘိန်းခင်းများကို ဖျက်ဆီးသည့်အခမ်းအနား ပြုလုပ်ခဲ့သည်။

မတ် ၁၉ – ရှမ်းပြည်နယ် (မြောက်ပိုင်း)ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးမှုကို လားရှိုးမြို့ ပြည်သူ့အားကစားကွင်းတွင်ပြုလုပ်ရာ ဘိန်းမျိုးစေ့ ၃၃၉ ပြည် ၆ လုံး၊ ဘိန်းဖြူ ၃၃၄.၅၃ ကီလို၊ ဘိန်းစိမ်း ၂၂၅.၅၀ ကီလို၊ ဘိန်းညို ၅၇ ကီလို၊ ဘိန်းဆီခဲ ၆.၉၈ ကီလို၊ ဘိန်းရည် ၄.၁၉ လီတာ၊ စိတ်ကြွရှူးသွတ်ဆေးဝါး ၆၄၆.၃၅ ကီလို၊ အက်ဖီဒရင်း ၁၃၇ ကီလို၊ ဓာတုဗေဒဆေးရည် ၁၂၂၈၂.၀၄ လီတာ၊ ဓာတုဗေဒ ဆေးမှုန့် ၇၁၆၃.၃၀ ကီလိုနှင့် ဆက်စပ်သည့် ပစ္စည်းမျိုးစုံအပါ အဝင် စုစုပေါင်း ၇၈ မျိုး၊ ကာလတန်ဖိုးအားဖြင့် ငွေကျပ်သန်း ပေါင်း ၄၀၀၀ နီးပါး ဖျက်ဆီးခဲ့သည်။

ဇွန် ၂၆ – မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ပြုလုပ်သော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားတွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၂၈ သန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးခဲ့သည်။

၂၀၀၅ ခုနှစ်အတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်မှုများ

မေ ၂၅ တွင် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေ တောတွင်းလက်နက်ကိုင်အဖွဲ့၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ လက်နက်ကိုင်အဖွဲ့တို့မှ ၅၀ ဦး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ သည်။

၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)ဦးကန်နဦးစီးတပ်မဟာ (၁၁)က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်

www.foreverspace.com.mm

လဲလှယ်သည့်အခမ်းအနားကို ရှမ်းပြည်နယ် (မြောက် ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် စယ်အူကျေးရွာ တွင် ဧပြီ ၁၂ ၌ ကျင်းပခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာ များတွင် ဖော်ပြခဲ့သည်။

ဧပြီလ ၁၂ ရက်နေ့က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ပြီးသော ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁)မှ ဦးကန်နက အပ်နှံရန် ကျန်ရှိနေသော လက်နက် ငယ် ၃၅ လက်နှင့် ဆက်သွယ်ရေးစက်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စယ်အူ ကျေးရွာ၌ ဧပြီ ၃၀ တွင် ထပ်မံအပ်နှံခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

ကင်အင်နှယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ (၇) ရင်း (၁၉)မှ ဖဒိုစောဝီလျံ၊ဒုတပ်ကြပ်နှင့် တပ်သား ငါးဦး၊ တပ်မဟာ (၂) ရင်း(၅) ခွဲ(၃)မှ တပ်ကြပ်၊ ဒုတပ်ကြပ်နှင့် တပ်သားငါးဦး စုစုပေါင်း ၁၄ ဦးတို့သည် ဧပြီ ၃၀ တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ ခဲ့သည်။

ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ (၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးဦးဆောင်သည့်အဖွဲ့က ငြိမ်းချမ်းရေး လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနား ကို မေ ၂၀ တွင် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာတွင် ကျင်းပ ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက် လာသည့် ဦးစိုင်းကူခေါင်းဆောင်သော SSNA တပ်မဟာ (၆)နှင့် ဦးစိုင်းရီခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေး နှင့် လက်နက်များ ဇူလိုင် ၂၃ တွင် အပြီးအပိုင် စွန့်လွှတ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

၂၀၀၅ ခုနှစ် ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာ လတို့အတွင်း အက်စ်အက်စ်အေ (ရွှမ်ဆစ်) တောတွင်းလက် နက်ကိုင်အဖွဲ့၊ လားဟူ တောတွင်းလက်နက်ကိုင်အဖွဲ့၊ ကေအင်န် ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့၊ အေဘီအက်စ်ဒီအက်ဖ် တော တွင်းလက်နက်ကိုင်အဖွဲ့၊ ကေအင်နှယူ တောတွင်းလက်နက်ကိုင် အဖွဲ့တို့မှ ၇၄ ဦး ဒီဇင်ဘာ ၉ တွင် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော် ပြခဲ့သည်။

မေ ၇ ရက်နေ့ ငါးမိနစ်ခြား သုံးနေရာ ဗုံးပေါက်ကွဲမှု

ယခုနှစ်အတွင်း အပြင်းထန်ဆုံး ဗုံးပေါက်ကွဲမှုအဖြစ် ရန်ကုန်

မဒွေါ်လင့်ထားသောအချိန်တွင် ရုတ်တရက်ပေါက်ကွဲခဲ့သည်

မြို့တော်၏ လူစည်ကားရာနေရာသုံးနေရာတွင် ငါးမိနစ်ခြားစီ ဆက်တိုက်ဗုံးပေါက်ကွဲမှုသုံးခု မေ ၇ ရက်နေ့က ဖြစ်ပွားခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများတွင် ပေါက်ကွဲသည့်အချိန်၊ နေရာ၊ ပေါက်ကွဲပုံ၊ အပျက်အစီး၊ အသေ အပျောက်တို့ကို မိနစ် စက္ကန့်မှအစ အောက်ပါအတိုင်း အတိအကျ ဖော်ပြခဲ့သည်။

ဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ဗုံးပေါက်ကွဲသည့်နေ့တွင် ရဟန်းတစ်ပါး၊ အမျိုးသားငါးဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၁၁ ဦးသေဆုံးခဲ့ပြီး ၁၆၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ဖောက်ခွဲမှုဖြစ် စဉ်နှင့်စပ်လျဉ်း၍ လေ့လာဖော်ထုတ်ချက်များအရ တွေ့ရှိချက် များမှာ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန တတိယထပ်ကုန်စည်ပြပွဲ ဖျော်ဖြေရေးစင်မြင့်အနီး ကွန်ကရစ်တိုင်ခြေတွင် ပေါက်ကွဲခဲ့ ကြောင်းတွေ့ရှိရ၍ ပေါက်ကွဲမှုအရှိန်ကြောင့် ၉ လက်မအထူရှိ သံကုကွန်ကရစ် ကြမ်းပြင်သည် အချင်း ၁၄ လက်မ အရွယ် ပေါက်ထွက်သွားပြီး အားဖြည့်ထားသော ၆ မီလီမီတာအရွယ်ရှိ သံမဏိချောင်းများ ပြတ်ထွက်ကာ မှန်နံရံများ ကွဲထွက်လွင့်စင်ပြီး အလူမီနီယံပေါင်မုန့်များကောက်ကွေးပြီး မျက်နှာကြက်အမိုးပြားများ ကွဲကြေပျက်စီးခဲ့သည်။

Junction 8 စင်တာတွင် City Mart အရောင်းဆိုင်အဝင်ဝရှိ ပစ္စည်းအပ်နှံရာ ကောင်တာကြမ်းပြင်အထက် တစ်ပေခွဲခန့်အမြင့် မှ ပေါက်ကွဲခဲ့ကြောင်းတွေ့ရှိရပြီး ပေါက်ကွဲမှုအရှိန်ကြောင့် ၉ လက်မအထူရှိ သံကုကွန်ကရစ်ကြမ်းပြင်သည် အချင်း ၈ လက်မ အရွယ်ပေါက်ထွက်သွားကာ အားဖြည့်ထားသော သံမဏိချောင်း များ ပျက်စီးမှုမရှိဘဲ ပေါက်ကွဲမှုအရှိန်ကြောင့် မှန်နံရံများကွဲထွက် လွင့်စင်သွားပြီး အမိုးမျက်နှာကြက်ပြားများ ကွဲကြေပျက်စီးခဲ့သည်။

ဒဂုံစင်တာမြေညီထပ်ရှိ City Mart အရောင်းဆိုင်အဝင်ဝ ပစ္စည်းအပ်နှံရန်ကောင်တာ၏ ကြမ်းပြင်အထက် ၃ ပေခန့်

www.foreverspace.com.mm

အကွာမှ ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုအားကြောင့် အနောက်ဘက်ရှိ အုတ်နံရံ၏ အလျား ၁၂ ပေ၊ အနံ ၁၂ ပေ ၊ ထူ ၄ လက်မ ခွဲနှင့် ဘေးဘက်ရှိ အုတ်နံရံနှစ်ဖက်၏ အလျား ၈ ပေ၊ အနံ ၁၂ ပေ၊ ထူ ၄ လက်မခွဲ လွှင့်စင်ပျက်စီးသွားပြီး အမိုးမျက်နှာကြက်ပြားများ ကွဲကြေပျက်စီးခဲ့သည်။

ဒဏ်ရာရရှိသူများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးနှင့် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးတို့တွင် ဆေးဝါးကုသပြုစုစောင့်ရှောက်ပေးခဲ့ပြီး မေလ ၁၅ ရက်နေ့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်များအရ ဒဏ်ရာရရှိသူများအနက် မေလ ၁၄ နေ့အထိ ကလေးငယ်တစ်ဦးအပါအဝင် ရှစ်ဦး ထပ်မံသေဆုံးသဖြင့် သေဆုံးသူစုစုပေါင်း ၁၉ ဦး ရှိခဲ့ပြီး ဒဏ်ရာသက်သာပျောက်ကင်းသူများ ဆေးရုံမှဆင်းသွားကြပြီဖြစ်သဖြင့် ဆက်လက်ကုသမှုခံယူနေသူ ၇၉ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

အဆိုပါဗုံးပေါက်ကွဲမှု၌ အနုပညာရှင်နှင့် မော်ဒယ်လ်အချို့သေဆုံးထိခိုက်ဒဏ်ရာရသည်ဟု ကောလာဟလများလည်း ထွက်ပေါ်ခဲ့ရာ အချို့သောဂျာနယ်၊ မဂ္ဂဇင်းများတွင် ကာယကံရှင်များဗုံးပေါက်ကွဲသည့် အဆောက်အအုံတွင် ရောက်ရှိနေခဲ့ပြီး ထိခိုက်မှုမှ လွတ်မြောက်ခဲ့သည့် အနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်များကို မေးမြန်းဖော်ပြမှုများ ပြုလုပ်ခဲ့ကြသည်။ ဇွန်လ ၇ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အဖျက်အမှောင့်သမားများသည် ရန်ကုန်မြို့တွင်း လူစည်ကားရာနေရာများ၊ ရုပါမားကတ်များ၊ ဈေးများနှင့် စာသင်ကျောင်းများ၌ 'ဗုံးပေါက်ကွဲသည်'၊ 'ဗုံးပေါက်ကွဲလိမ့်မည်' ဟူသည့် မဟုတ်မမှန်သည့် ကောလာဟလသတင်းများကို လုပ်ကြံဖန်တီးထုတ်လွှင့်၍ တည်ငြိမ်မှုပျက်ပြားအောင်နည်းမျိုးစုံအသုံးပြု၍ ကောလာဟလသတင်းများကို ထုတ်လွှင့်လျက်ရှိကြောင်းနှင့် ယင်းကဲ့သို့ ထုတ်လွှင့်မှုနှင့် မသက်ဆိုင်သူ လူစိမ်းများ၊ ပစ္စည်းများ၊ လှုပ်ရှားဆောင်ရွက်မှု တွေ့ရှိပါက တာဝန်ရှိသူများကို အမြန်ဆုံးအကြောင်းကြား အသိပေးရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

မေလ ၁၅ ရက်နေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဗုံးဖောက်ခွဲမှု၌ အသုံးပြုသွားသော ယမ်းသည် RDX အမျိုးအစားဖြစ်ပြီး အဆိုပါယမ်းအမျိုးအစားအား မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိကြောင်း၊ အင်အားကြီးနိုင်ငံများမှ ထုတ်လုပ်ပြီး ၎င်းနိုင်ငံများ၏ စစ်တပ်တွင်အသုံးပြုနေသော စစ်တပ်သုံးစံပြုယမ်းအမျိုးအစားဖြစ်ကြောင်းနှင့် အိမ်နီးချင်းနိုင်ငံတစ်ခုတွင်လည်း အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထည့်သွင်းပြောကြားသွားခဲ့သည်။ ထို့ပြင် ယင်းသတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အဆာဟိရှင်ဘွန်းသတင်းစာမှ ဦးတင်မောင်အေး၏ မေးမြန်းချက်ကို ဖြေကြားရာတွင် လမ်းဆုံလမ်းခွများ၌ စာစောင်တစ်သောင်းခန့်ဝေပြီးကြောင်း၊ သတင်းအတိအကျပေးနိုင်ပါက ဆုငွေသိန်း ၅၀ ပေးမည်ဆိုသည်မှာလည်း အမှန်တကယ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူများကို စိတ်ပိုင်းဆိုင်ရာ အထောက်အကူများပေးခဲ့ရသည်ဟု ဇွန်လ အတွင်းက မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်တွင် ပြုလုပ်သော အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် စိတ်ကျန်းမာရေး စောင့်ရှောက်မှု ဆင့်ပွားဆရာဖြစ်သင်တန်းဖွင့်ပွဲတွင် ဆရာဝန်တစ်ဦးက ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဆူနာမီဂယက်

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၃၂ မိနစ် ၄ စက္ကန့်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံဂျာကာတာမြို့ အနောက်မြောက်ဘက် မိုင် ၁၀၀၀ အကွာ ပင်လယ်ပြင်မြေအောက်တွင်လျင်လှုပ်ခဲ့ပြီး ကပ္ပလီပင်လယ်ပြင်အတွင်း မြေလျင် လှုပ်ရှားခဲ့သည့်အတွက် မြန်မာနိုင်ငံ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ပင်လယ်ရေဒီလှိုင်း ရိုက်ခတ်မှုကြောင့် အဆောက်အအုံများ၊ တံတားများ ပြိုကျပျက်စီးပြီး လူအသေအပျောက်ရှိခဲ့သည်။

ဆူနာမီလျင်ဒဏ်ကြောင့် ဧရာဝတီတိုင်းတွင် ၃၁ ဦး သေဆုံးပြီး ၄၁ ဦးဒဏ်ရာရခဲ့ကာ အိမ်ခြေ ၅၁၇ အိမ်ပျက်စီးခဲ့သည့်အတွက် လူ ၄၄၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၇၃၄.၄၃ သိန်းရှိခဲ့သည်။ ရခိုင်ပြည်နယ်တွင် ၂၂ ဦး သေဆုံးပြီး အိုးအိမ်ပျက်စီးမှုမရှိဘဲ ရန်ကုန်တိုင်းတွင် အိမ်တစ်လုံး ပျက်စီးသွားခဲ့သည်။ ငလျင်နှင့်ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်မှု သဘာဝဘေးအန္တရာယ်ကြောင့် စုစုပေါင်းသေဆုံးသူ ၆၁ ဦးဒဏ်ရာရသူ ၄၂ ဦး၊ ဆုံးရှုံးမှုအိမ်ခြေ ၆၀၁ အိမ်၊ အိုးအိမ်မဲ့ ၂၅၉၂ ဦးဖြစ်ပြီး စုစုပေါင်းဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၅၈၅.၅၆ သန်းခန့်ဖြစ်သည်။ ယင်းဆုံးရှုံးမှုများအတွက် ဌာနဆိုင်ရာများ၊ NGO များ၊ လှုပ်ငန်းရှင်များနှင့် တရုတ်နိုင်ငံတို့မှ ငွေကြေးနှင့် ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ပျက်စီးဆုံးရှုံးမှုနည်းပါးရသည့် အဓိကအကြောင်းအရင်းမှာ (၁) ကိုကိုးကျွန်းမြောက်ပိုင်းမှ ရခိုင်ပြည်နယ်တောင်ပိုင်းအထိ မြေလျင်လှုပ်ရှားမှုနည်းပါးသည့် Scismic Gap ရှိနေခြင်းကြောင့် အင်အားပြင်းငလျင်များ လှုပ်ရှားနိုင်မည့် အနေအထားနည်းပါးခြင်း၊ (၂) ငလျင်ရေလှိုင်းသက်ရောက်မှုမှာ

www.foreverspace.com.mm

အရှေ့–အနောက်ဖြစ်ပြီး မြန်မာ့ကမ်းရိုးတန်းနှင့်ပြိုင်လျက်အနေအထားဖြစ်နေသည့်အပြင် မြိတ်ကျွန်းစုများက အတားအဆီးသဖွယ်ဖြစ်နေသောကြောင့် ငလျင်ရေလှိုင်းအားပျော့သွားခြင်း၊ (၃) ငလျင်ရေလှိုင်း ဖြတ်သန်းဖြစ်ပေါ်သည့် မြန်မာ့ကမ်းလွန်ပင်လယ်ကြမ်းခင်းနှင့် ပထဝီအနေအထားအရ ရေတိမ်ပိုင်းကို ၁၅ မိုင်မှ မိုင် ၂၀ အထိဖြတ်သန်းခဲ့ရ၍ ငလျင်ရေလှိုင်းအားပျော့ခဲ့ရခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ UNICEF ကလည်း ၎င်းတို့အနေဖြင့် သတင်းမှားယွင်းဖော်ပြခဲ့မှုအတွက် ဝမ်းနည်းမိကြောင်း အကြောင်းကြားလာကြောင်း ဖေဖော်ဝါရီလ ၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းရှင်းလင်းခဲ့သည်။

အမေရိကန်နိုင်ငံသား တစ်ကိုယ်တော်ဆန္ဒပြမှု

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၇ ရက် ညနေ ၃ နာရီခန့်တွင် အသက် ၈၂ နှစ်ရှိ အမေရိကန်နိုင်ငံသား Mr.Joseph Theodore Moynahan သည် တစ်ကိုယ်တော်ဆန္ဒပြမှုလုပ်ရပ်ကို ရန်ကုန်မြို့ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ တော်ဝင်စားသောက်ဆိုင်ရှေ့နှင့် မဟာဗန္ဓုလလမ်းပေါ်တွင်ပြုလုပ်ခဲ့ကြောင်းကို ဖေဖော်ဝါရီလ ၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းရှင်းလင်းခဲ့သည်။

အဆိုပါ အမေရိကန်နိုင်ငံသားကို စစ်ဆေးတွေ့ရှိချက်အရ ဝါရှင်တန်ဒီစီ အခြေစိုက် US Campaing for Burma(USCB) နှင့် ဆက်စပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၈ တွင် မိခင်နိုင်ငံသို့ ဘန်ကောက်အဲယားဝေးလေကြောင်းလေယာဉ်နှင့် ပြန်ပို့ပေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိခဲ့သည်။

ကုလသမဂ္ဂရုံး မြန်မာဝန်ထမ်း ကဘူးမြို့ ဖုံးခွဲမှုတွင် သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ မေလ ၇ ရက် ညနေ ၆ နာရီတွင် အင်တာနက်ကဖေးတစ်ခုအား အသေခံဗုံးခွဲတိုက်ခိုက်သူများက တိုက်ခိုက်သဖြင့် သုံးဦးသေဆုံးခဲ့ရာ ကုလသမဂ္ဂ၌ တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံမှ အကြီးတန်းအင်ဂျင်နီယာ ဦးတင့်ဆွေ ပါဝင်ခဲ့သည်။

၎င်းကွယ်လွန်ခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂပြန်ကြားရေးဌာန (ရန်ကုန်)က မေလ ၉ ရက်နေ့၌ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေး၌ လုပ်ငန်းများဆောင်ရွက်နေသော ကုလသမဂ္ဂရုံး ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးတင့်ဆွေ ဝမ်းနည်းကြေကွဲဖွယ်ရာ ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် များစွာဝမ်းနည်းကြေကွဲရကြောင်း၊ ဦးတင့်ဆွေသည် အာဖဂန်နစ္စတန်နိုင်ငံရှိ ကဘူး–ကင်ဒါဟာ လမ်းပြန်လည်ဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းများဆိုင်ရာ ကုလသမဂ္ဂရုံးတွင် အမှုထမ်းနေသူတစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် လုပ်ဖော်ကိုင်ဖက်များ၏ချစ်ခင်လေးစားမှုခံရသူဖြစ်ပြီး ဦးတင့်ဆွေတာဝန်ထမ်းဆောင်ခဲ့ခြင်းကို ဂုဏ်ပြုသောအားဖြင့် အာဖဂန်နစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂအထွေထွေပြန်လည်တည်ဆောက်ရေး ညွှန်ကြားမှုူးကိုယ်တိုင် ဦးတင့်ဆွေ၏ ရုပ်ကလပ်ကို ရန်ကုန်မြို့သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ဦးတင့်ဆွေသည် ကမ္ဘာအရပ်ရပ်တွင် ကုလသမဂ္ဂဝန်ထမ်းအဖြစ် လုပ်ငန်းတာဝန်အဆင့်ဆင့်၌ ၁၅ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ထူးချွန်သော နိုင်ငံတကာဝန်ထမ်းတစ်ဦးဖြစ်ကြောင်းနှင့် ကွယ်လွန်ချိန်တွင် ဇနီးနှင့် သမီးတစ်ဦးတို့ ကျန်ရစ်ခဲ့ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ "လူကုန်ကူးမှု အစီရင်ခံစာ"

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဇွန်လတွင် ထုတ်ပြန်ခဲ့သည့် ပဉ္စမအကြိမ်မြောက် 'လူကုန်ကူးမှုအစီရင်ခံစာ' နှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါဝင်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဇွန်လ ၉ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

"လူကုန်ကူးမှုအစီရင်ခံစာသည် နိုင်ငံအချို့ကိုသာ ရွေးချယ်ဖော်ပြထားပါသည်။ ရည်ရွယ်ချက်မှာ အပြည်ပြည်ဆိုင်ရာ လူကုန်ကူးမှုကိစ္စရပ်ကို တိုက်ဖျက်ရန်ဟုဆိုသော်လည်း အဆိုပါအစီရင်ခံစာသည် ဓမ္မမိဠာန်မကျရုံမျှသာမက လူကုန်ကူးမှုတိုက်ဖျက်ရေးလှုပ်ရှားမှုလုပ်ငန်းစဉ် တိုးတက်ရေးအတွက် အထောက်အကူမဖြစ်စေပါ။

အစီရင်ခံစာ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သော အပိုင်းသည် ဝိရောဓိဖြစ်နေပါသည်။ မြန်မာနိုင်ငံကို လူကုန်ကူးခြင်းကိစ္စတိုက်ဖျက်ရေးအကောင်အထည်ဖော်ရာ၌ အနိမ့်ဆုံးအဆင့်ပင် အကောင်အထည်ဖော်ရန်ပျက်ကွက်သည့် နိုင်ငံအဖြစ် စွပ်စွဲထားသော်လည်း မြန်မာနိုင်ငံသည် လိင်ကျွန်ပြုမှုနှင့်ပတ်သက်၍ အားထုတ်ကြိုးပမ်းမှုများ တိုးတက်မှုရရှိနေသည်ကိုလည်း အသိအမှတ်ပြုထားပါသည်။

အစီရင်ခံစာ၏ စွဲချက်တင်မှုအပိုင်းတွင် ပြီးခဲ့သည့်နှစ်အတွင်း မြန်မာအစိုးရသည် ရဲတပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေများ ပြဋ္ဌာန်းခြင်း အပါအဝင် စီးပွားရေးအရ လိင်ကျွန်ပြုမှုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအရေးယူဆောင်ရွက်ရာတွင် တိုးတက်မှုများရှိသည်ကို အသိအမှတ်ပြုဖော်ပြထားပါသည်။

www.foreverspace.com.mm

အစီရင်ခံစာ၏ အကာအကွယ်ပေးမှုအပိုင်းတွင် မြန်မာနိုင်ငံသည် မြန်မာ–ထိုင်းနယ်စပ်တွင် နေရပ်ပြန်ပို့ရေးဌာန ထူထောင်ထားသည်ကို အသိအမှတ်ပြုဖော်ပြထားသော်လည်း မြန်မာအစိုးရသည် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ဒုက္ခရောက်သူများကို ကူညီမှုအနည်းဆုံးသာပေးကြောင်း ဝေဖန် ထားပါသည်။

ဖြစ်စဉ်အမှန်မှာ မြန်မာအစိုးရသည် မြဝတီနေရပ် စခန်းပြန်ပို့ရေးစခန်းကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တည်ထောင်ခဲ့ပြီး United Nations Inter-Agency Project-UNIAP၊ Save the Childdren(UK)၊ World Vision တို့နှင့် ပူးပေါင်းကာ လူကုန်ကူးမှုခံရသည့်ဒုက္ခသည်များကို လိုအပ်သော အကူအညီများ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

အစီရင်ခံစာ၏ ကြိုတင်ကာကွယ်ပေးမှုအပိုင်းတွင် မြန်မာနိုင်ငံသည် နယ်စပ်ဒေသများ၌ အုပ်စုလိုက်ဆွေးနွေးမှုများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ၊ သတင်းအစီအစဉ်များ အပါအဝင် လိုင်ကျွန်ပြုမှုနှင့်ပတ်သက်၍ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းအသိအမှတ်ပြု ဖော်ပြထားသော်လည်း ကြိုးပမ်းမှုများအတွက် ရန်ပုံငွေမှာ နည်းပါးသည်ဟု ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအစိုးရသည် အမေရိကန်ကွန်ဂရက်၏ လူကုန်ကူးခံရသူများကာကွယ်မှုဥပဒေ (Trafficking Victims Protection Act-TPVA) နှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများအနက် မြန်မာနိုင်ငံအား အနိမ့်ဆုံးအဆင့်ဖြစ်သည့် အဆင့် (၃) သတ်မှတ်ခြင်းကို ကန့်ကွက်ပါသည်"

ယခုနှစ်အတွင်း လူကုန်ကူးခံရသည့် အမျိုးသမီးငယ် ၁၂ ဦးတို့ကို မေလ ၁၉ ရက်နေ့က တာချီလိတ်မြို့တွင် မိသားစုထံ အပ်နှံ ပို့ဆောင်ပေးခဲ့ပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို စက်တင်ဘာလ ၁၃ ရက် ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့သည်။

တရုတ်အမျိုးသားကွန်ဂရက်နှင့် မြန်မာနိုင်ငံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်က ၂၀၀၅ ခုနှစ် မတ်လ ၁၄ ရက်တွင် ခွဲထွက်ရေးတားမြစ်သည့်ဥပဒေကို တညီတညွတ်တည်း အတည်ပြုခဲ့ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက ၁၅–၃–၂၀၀၅ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသည် တရုတ်(တိုင်ပေ)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ခံယူကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပိုင်ခွင့်ကို လေးစားထောက်ခံကြောင်း ရေးသားထားသည်။

၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာနှင့် မြန်မာနိုင်ငံ

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၈ ရက်နေ့တွင် သတ္တမအကြိမ်မြောက်အဖြစ် '၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်အစီရင်ခံစာ' ထုတ်ပြန်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၁၁ ရက် နေ့စွဲဖြင့် အောက်ပါအချက်များ ပါဝင်သော သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

"၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်အစီရင်ခံစာ" စာတမ်းသည် မြန်မာနိုင်ငံနှင့် အာရှနိုင်ငံအချို့အား "အထူးစိုးရိမ်ရသောနိုင်ငံ" အဖြစ် မှားယွင်းစွာသတ်မှတ်ဖော်ပြခြင်းသည် စိတ်ပျက်ဝမ်းနည်းဖွယ် ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် လူနည်းစုဖြစ်သော အထူးသဖြင့် ခရစ်ယာန်ဘာသာဝင်နှင့် မွတ်ဆလင်ဘာသာဝင်များ ဘာသာရေးလွတ်လပ်မှုနှင့် အခြားလူ့အခွင့်အရေး အလွဲသုံးစားခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း မှားယွင်းစွာဖော်ပြဝေဖန်ထားပါသည်။ ထို့ကြောင့် ယင်းအစီရင်ခံစာပါ စွပ်စွဲချက်များကို ပြတ်ပြတ်သားသားငြင်းဆိုပါသည်။

သေးငယ်သောသဘောထားကွဲလွဲမှုကိစ္စရပ်အချို့ ရံဖန်ရံခါဖြစ်ပေါ်တတ်သော်လည်း ယင်းသို့သော ဖြစ်ပေါ်မှုများသည် ကမ္ဘာနိုင်ငံများတွင်လည်း ဖြစ်လေ့ဖြစ်ထရှိသောကိစ္စငယ်များသာဖြစ်ပါသည်။ ယင်းသို့သော အသေးအမွှားသဘောထားကွဲလွဲမှုဖြစ်ပေါ်လာပါကလည်း အစိုးရအနေဖြင့် မဆိုင်းမတွပင် သက်ဆိုင်ရာဘာသာရေးခေါင်းဆောင်များနှင့် ပူးပေါင်းကာ ဘာသာရေးအရ ဆက်နွယ်ဖြစ်ပေါ်မည့် ပြဿနာရပ်များ မပေါ်ပေါက်စေရန် ငြိမ်းချမ်းသောနည်းဖြင့် ညှိနှိုင်းဖြေရှင်းပေးခဲ့ပါသည်။

မြန်မာအစိုးရအနေဖြင့် အဆိုပါအစီရင်ခံစာသည် မမှန်မကန်သောသတင်းအချက်အလက်များအပေါ် အခြေခံကာ အခြားနိုင်ငံအစိုးရများအပေါ် မသင့်မလျော် မဆင်မခြင် စွပ်စွဲပုတ်ခတ်မှုဖြစ်သည်ဟု ခံယူပါသည်"

GFATM ရန်ပုံငွေ ရပ်ဆိုင်းခြင်း

ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria-GFATM)၏ မြန်မာနိုင်ငံအတွက် GFATM ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းလိုက်ရာ

www.foreverspace.com.mm

ယင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ GFATM ရန်ပုံငွေညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ (CCM) ၏ သဘောထားထုတ်ပြန်ချက်ကို သြဂုတ်လ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ ယင်းသဘောထားထုတ်ပြန်ချက်အချို့မှ အချို့ကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

"၇။ ဂျီနီဗာမြို့ GFATM အဖွဲ့လုပ်ငန်းစဉ်အကြီးအကဲဖြစ်သူ မစ္စတာဘရက်ဟားဗက် (Mr.Brad Herbert) ထံမှ ၂၀၀၅ ခုနှစ် သြဂုတ်လ ၁၈ ရက်နေ့စွဲဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာချားလ်စ်ပတ်ထရီထံသို့ မြန်မာနိုင်ငံသို့ ထောက်ပံ့မည့် GFATM ရန်ပုံငွေထောက်ပံ့မှုအစီအစဉ်အား ရပ်ဆိုင်းလိုက်ကြောင်း အကြောင်းကြားစာအရ CCM အဖွဲ့မှ သိရှိရပါသည်။

၈။ မြန်မာနိုင်ငံ CCM အဖွဲ့အနေဖြင့် ၎င်းဆုံးဖြတ်ချက်ကို လွန်စွာဝမ်းနည်းစိတ်ပျက်မိပါသည်။ ဤလုပ်ဆောင်ချက်သည် ပြည်သူများ၏ ကျန်းမာရေးအတွက် ဆိုးကျိုးတရားများကိုသာ ဖြစ်ပေါ်စေသည်။ GFATM အဖွဲ့၏ အကြောင်းပြချက်များမှာ ခိုင်လုံမှုမရှိသဖြင့် ၎င်းအကြောင်းပြချက်များကို CCM အဖွဲ့အနေဖြင့် လုံးဝငြင်းပယ်သည်။ GFATM အဖွဲ့၏ ဆောင်ရွက်မှုများ ဆီလျော်မှုမရှိသည့်အပြင် တရားမျှတမှုလည်းမရှိကြောင်းကို မြန်မာနိုင်ငံ CCM အဖွဲ့က တညီတညွတ်တည်း ဆုံးဖြတ်ကြပါသည်။

၉။ ထို့ကြောင့် GFATM အဖွဲ့၏ မြန်မာနိုင်ငံသို့ ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းခြင်းအပေါ် အောက်ဖော်ပြပါအချက်အလက်များအရ ပြန်လည်သုံးသပ်ရန် မြန်မာနိုင်ငံ CCM အဖွဲ့ဝင်များက တိုက်တွန်းအပ်ပါသည်။

(က) အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများမှာ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့်အပြင် အဆိုပြုထားသော စီမံချက်ပါလုပ်ငန်းများမှာ နည်းပညာပိုင်းဆိုင်ရာ ခိုင်မာမှုရှိသဖြင့် ရန်ပုံငွေခွင့်ပြုထားပြီးဖြစ်ခြင်း၊

(ခ) GFATM အဖွဲ့က တောင်းဆိုထားသည့်အခြေအနေများမှာ အချိန်ကာလသတ်မှတ်ချက်ဖြင့် လုပ်ငန်းအခြေပြုဆောင်ရွက်ရမည့်ကိစ္စများအတွက် အဟန့်အတားဖြစ်စေပြီး လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်များ ကျဆင်းစေနိုင်သဖြင့် အချိန်ကန့်သတ်မှုများအား ပိုမိုညှိနှိုင်းနိုင်ရန် လိုအပ်ခြင်း၊

(ဂ) GFATM အဖွဲ့က တောင်းဆိုထားသည့်အချက်များမှာ လုပ်ငန်းလိုအပ်မှုသဘာဝနှင့် ကွဲပြားမှုရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုကို အဟန့်အတားများဖြစ်ပေါ်နေခြင်း၊ လူစွမ်းအားများတိုးတက်မြင့်မားစေသည့်အစီအစဉ်များကို ခွင့်မပြုခြင်းတို့အပြင် GFATM အဖွဲ့မှ တောင်းဆိုသည့်အခြေအနေများမှာ မကြာခဏပြောင်းလဲနေခြင်း၊ တဖြည်းဖြည်း ပိုမိုကျဉ်းကျပ်လာသောအခြေအနေများကို ဖန်တီးနေခြင်းတို့ကြောင့် ဖြစ်ပါသည်။

၁၀။ ဤရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းသည့်ကာလသည် မြန်မာနိုင်ငံတွင် ရောဂါများတိုက်ဖျက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ရန်ပုံငွေအရင်းအမြစ်ကူညီမှု လျော့နည်းသည့်ကာလနှင့် တိုက်ဆိုင်လျက်ရှိပါသည်။ ရန်ပုံငွေအရင်းအမြစ်များပိုမိုရှာဖွေရန် အထူးအရေးကြီးလိုအပ်လျက်ရှိသော ကာလလည်းဖြစ်ပါသည်"

ဗာကလပ်ဟာဗဲလ်၊ ဒက်စ်မွန်တူးတူးတို့၏ အစီရင်ခံစာနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေးချိုးဖောက်သည်ဟုဆိုကာ ချက်သမ္မတနိုင်ငံ သမ္မတလောင်း မစ္စတာ ဗာကလပ်ဟာဗဲလ်နှင့် တောင်အာဖရိကနိုင်ငံမှ ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးတို့က စက်တင်ဘာလကုန်ပိုင်းတွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာကို မြန်မာနိုင်ငံအစိုးရက ပယ်ချခဲ့သည်။

အစီရင်ခံစာကို စက်တင်ဘာလ ၁၇ရက်နေ့က အမေရိကန်ပြည်ထောင်စု နယူးယောက်တွင်ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အချိန်ကိုက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည့် အစီရင်ခံစာတွင် မြန်မာအစိုးရသည် မြန်မာပြည်သူများကိုလည်းကောင်း၊ ဒေသတွင်းလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကိုလည်းကောင်း ခြိမ်းခြောက်လျက်ရှိသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချက်ချင်းအရေးယူဆောင်ရွက်ပေးရန် ရေးသားထားပြီး "Threat To The Peace A Call For UN Security Council To Act On Burma" ဟု ခေါင်းစဉ်တပ်ထားသည်။ အစီရင်ခံစာတွင် ဖော်ပြထားသော စွပ်စွဲချက်များသည် အလွန်အကျွံပုံကြီးချဲ့ထားပြီး မှန်ကန်မှုမရှိသည့်အချက်အလက်များသာဖြစ်ကြောင်း၊ အမှန်တကယ်တွင် မြန်မာအစိုးရသည် လူ့အခွင့်အရေးကို ချိုးဖောက်မှုမရှိသည်သာမက နိုင်ငံတွင်း လူ့အခွင့်အရေးကို အာမခံပေးနေသောအစိုးရဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်စောင်ဖြင့် တုံ့ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂၉ ရက် ရက်စွဲဖြင့် အောက်ပါအချက်များပါဝင်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

"အမှန်တကယ် တိုးတက်ဖြစ်ပေါ်နေသော အပြုသဘောဆောင်သည့်အခြေအနေများနှင့် လုံးဝဆန့်ကျင်သော အစီရင်ခံစာတစ်စောင်ကို မစ္စတာဗာကလပ်ဟာဗဲလ်နှင့် ဘုန်းတော်ကြီး ဒက်စမွန်တူးတူးတို့၏ညွှန်ကြားချက်ဖြင့် (၂၀-၉-၂၀၀၅)ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ 'ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်း-ကုလသမဂ္ဂ

www.foreverspace.com.mm

လုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန် တောင်းဆိုခြင်း' အမည်ရှိ အစီရင်ခံစာကို DLA Piper Rudnick Gray Cary Law Firm က ပြုစုခဲ့ပါသည်။ ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံအစိုးရသည် မြန်မာပြည်သူများကိုလည်းကောင်း၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုလည်းကောင်း ခြိမ်းခြောက်လျက်ရှိသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယင်းကိစ္စကို ချက်ချင်းအရေးယူဆောင်ရွက်ရန် အလေးအနက်တောင်းဆိုကြောင်း ဖော်ပြထားပါသည်။

အစီရင်ခံစာတွင် မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သောရှုထောင့်မှ အဆိုးရွားဆုံးပုံဖော်ထားပါသည်။ အစီရင်ခံစာပါ စွပ်စွဲချက်များမှာ မည်သည့်အခြေအမြစ်မှ မရှိပါ။ ထို့အပြင် မြန်မာနိုင်ငံအစိုးရအပေါ် လူ့အခွင့်အရေးကိုအကြောင်းပြလျက် စွပ်စွဲထားပါသည်။ ယင်းစွပ်စွဲထားသည့် အဓမ္မကျင့်မှု၊ အဓမ္မစေခိုင်းမှု၊ ကလေးသူငယ်စစ်သားများ၊ ဒုက္ခသည်များ၊ အတင်းအဓမ္မပြောင်းရွှေ့မှုများကို နိုင်ငံတော်အစိုးရက အခွင့်အခါသင့်တိုင်း တရားဝင်ကန့်ကွက်ပယ်ချခဲ့ပြီး ဖြစ်ပါသည်။ ယင်းစွပ်စွဲချက်များသည် အလွန်အကျွံပုံကြီးချဲ့ထားသော မမှန်မကန်သည့်အချက်အလက်များသာ ဖြစ်ပါသည်။

ဤကဲ့သို့သော အစီရင်ခံစာများသည် အကျိုးမပြုရုံသာမက မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးသို့ ဦးတည်ကြိုးပမ်းချက်များအပေါ် အထောက်အကူမပြုပါ"

လူ့အခွင့်အရေးချီးဖောက်မှုအစီရင်ခံစာနှင့် မြန်မာနိုင်ငံ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ကြေညာခဲ့ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက မတ်လ ၃ ရက်တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည်။

"အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနသည် လူ့အခွင့်အရေးနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်ရှိသည်ဟု ထပ်မံလွဲမှားစွာခံယူလျက် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုရှိကြောင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် မှားယွင်းမှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစီရင်ခံစာသည် စွပ်စွဲချက်များကို စုပေါင်းစာရင်းပြုစုတင်ပြထားခြင်းမျှသာ ဖြစ်ပါသည်။ ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို လုံးဝထင်ဟပ်ခြင်းမရှိပါ။

မြန်မာနိုင်ငံအစိုးရသည် နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာရေးကို အောင်မြင်စွာ ပြန်လည်တည်ဆောက်နိုင်ရုံသာမက အမျိုးသားစည်းလုံး ညီညွတ်ရေးကိုပါ ထူထောင်နိုင်ခဲ့ပါသည်။ နိုင်ငံ၏အခြေခံအဆောက်အဦများ ပုံမှန်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စီးပွားရေးကောင်းမွန်လာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်နိုင်သူတိုင်းသည် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များတွင် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများရှိသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိခြင်း၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်စတင်ခဲ့သည့် အမျိုးသားညီလာခံသို့လည်း တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် လူထုလူတန်းစားအလွှာအသီးသီးနှင့် နိုင်ငံအတွင်းဒေသအားလုံးမှ ကိုယ်စားလှယ်များ တက်ညီလက်ညီတက်ရောက်နေခြင်း စသည့် ဒိဋ္ဌဖြစ်ရပ်များသည် ပြည်သူများ၏လိုလားတောင့်တချက်များကို စနစ်တကျဖြည့်ဆည်းပေးနေကြောင်း ပေါ်လွင်ထင်ရှားစေပါသည်။

စီးပွားရေးကဏ္ဍတွင် အချို့နိုင်ငံများက မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်ချက်များ ချမှတ်ခဲ့သည့်ကြားမှပင် လွန်ခဲ့သည့်သုံးနှစ်အတွင်း နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ ၈.၅ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ လူမှုရေးနယ်ပယ်၌လည်း အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၌ အဘက်ဘက်မှသိသာထင်ရှားစွာတိုးတက်မှုများကို တွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံသားများ၏အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူပြည်သားများထက် မည်သည့်ပြည်ပနိုင်ငံကမှ ပို၍ သယ်ပိုးဆောင်ရွက်နိုင်မည်ဟု မဆိုနိုင်ပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာမှာ မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးသွားရန်နှင့် နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက်တစ်ခုသာဖြစ်သည်ဟု ရှုမြင်သုံးသပ်ရပါသည်။

သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို လုံးဝလက်မခံဘဲ ပယ်ချပါသည်"

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အမေရိကန်သမ္မတက သတ်မှတ်ဖော်ပြခြင်းအတွက် သတင်းထုတ်ပြန်ချက်

အမေရိကန်သမ္မတက မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ၁၂ လအတွင်း နိုင်ငံတကာ မူးယစ်ဆေးဝါးဆိုင်ရာ သဘောတူညီချက်

www.foreverspace.com.mm

များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း မှားယွင်းစွာ သတ်မှတ်ဖော်ပြခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၃ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ၌ အောက်ပါအချက်များ ပါဝင်သည်။

"အမေရိကန်သမ္မတအနေဖြင့် ၂၀၀၆ ခုနှစ်အတွက် တရားမဝင်မူးယစ်ဆေးဝါး အဓိကထုတ်လုပ်သည့်နိုင်ငံများ သို့မဟုတ် ဖြတ်သန်းသယ်ယူပို့ဆောင်သည့် အဓိကနိုင်ငံများ သတ်မှတ်ပြဋ္ဌာန်းချက်ကို ၁၅-၉-၂၀၀၅ ရက်နေ့တွင် အိမ်ဖြူတော်မှ ထုတ်ပြန်ခဲ့ရာ၌ မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ၁၂ လအတွင်း နိုင်ငံတကာ မူးယစ်ဆေးဝါးဆိုင်ရာ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း မှားယွင်းစွာ သတ်မှတ်ဖော်ပြခြင်းမှာ လွန်စွာဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။

အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်သည့် ဘိန်းအထွက်နှုန်း ကောက်ယူခြင်းကို ၁၉၉၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း စုစုပေါင်း (၁၀)ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ DEA ၏ ဆောင်ရွက်မှုအရ ၂၀၀၄ ခုနှစ်တွင် ၂၀၀၃ ခုနှစ်ကထက် မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးခြင်းသည် ၃၄ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ ယင်းလျော့ကျမှုပမာဏဖြင့် ဘိန်း ၂၉၂ မက်ထရစ်တန် ထုတ်လုပ်နိုင်မည့် အလားအလာရှိသည်ဖြစ်ရာ ဘိန်းထုတ်လုပ်မှုတွင် ၃၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ အလားတူပင် UNODC နှင့် ပူးပေါင်းကွင်းဆင်းလေ့လာကာ ကနဦး စာရင်းကောက်ယူချက် အရလည်း ဘိန်းစိုက်ပျိုးမှု ၂၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ယင်းပမာဏသည် ဘိန်းထုတ်လုပ်မှု ၅၄ ရာခိုင်နှုန်း လျော့ကျခြင်းနှင့် ညီမျှကြောင်း သိရှိရပါသည်။

မူးယစ်ဆေးဝါးကင်းရှင်းပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သော ဆန့်ကျင်ဝေဖန်ချက်များနှင့် အများအထင်အမြင်လွဲမှားစေရန် လှုံ့ဆော်မှုများဖြင့် ထိုးနှက်မှုများပြုလုပ်ပြီး ထောက်ပံ့ ကူညီမှုများမပေးစေကာမူ မြန်မာနိုင်ငံအနေဖြင့် ရှိသည့်အရင်းအမြစ်များကို အသုံးပြုကာ လူသားတစ်ရပ်လုံး လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် ချုပ်ငြိမ်းပပျောက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်သာ ဖြစ်သည်"

မြန်မာသံရုံးဝန်ထမ်း ထွက်ပြေးတိမ်းရှောင်မှု

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်ရှိ မြန်မာသံရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော ဦးအောင်လင်းထွဋ် (ဗိုလ်မှူး-အငြိမ်းစား)သည် ၂၀၀၅ ခုနှစ် ဧပြီလ ၁ ရက်နေ့က ၎င်းမိသားစုနှင့်အတူ နိုင်ငံတော်အပေါ်သစ္စာဖောက်ပြီး ထွက်ပြေး တိမ်းရှောင်သွားကြောင်း ၃-၄-၂၀၀၅ နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြခဲ့သည်။

ဦးအောင်လင်းထွဋ်နှင့်အတူ ဇနီး၊ သားတစ်ဦး၊ သမီးနှစ်ဦးနှင့် အိမ်အကူတစ်ဦးတို့လိုက်ပါသွားကြောင်း၊ ဦးအောင်လင်းထွဋ်၏ဇနီးဖြစ်သူ ဒေါ်တင်လေးနွယ်မှာလည်း မြန်မာနိုင်ငံတွင်စီးပွားရေးလုပ်ငန်းဆိုင်ရာ အမှုတစ်ခုအတွက် အဆောက်အအုံငှားရမ်းခ ကြွေးကျန်များပေးဆောင်ရန် တရားရုံးသို့ ဆင့်ခေါ်ခံထားရသူတစ်ဦးဖြစ်ကြောင်းလည်း ဖော်ပြခဲ့သည်။

ICT ကဏ္ဍ

၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)ကဏ္ဍသည် သိသာထင်ရှားသည့် တိုးတက်ပြောင်းလဲမှုများ မတွေ့ရသော်လည်း ထူးခြားသည့် မှတ်တိုင်အချို့ စိုက်ထူခဲ့သည်ကိုမူ တွေ့ရသည်။

မြန်မာနိုင်ငံ၏ ဒုတိယမြောက်နှင့် အဓိက Internet Service Provider (ISP)ဖြစ်သော Bagan Cybertechအဖွဲ့အစည်းမှ အင်တာနက်ရောင်းချမှုများကို ကန့်သတ်ထားဆဲဖြစ်ပြီး အများပြည်သူသို့ ရောင်းချပေးခဲ့သည့် အင်တာနက်စနစ်အမည်များကိုပြောင်းလဲခဲ့ကာ အသုံးပြုခစျေးနှုန်းများကိုပါ တိုးမြှင့်ကောက်ခံခဲ့သည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် မူလအမည် Bagan Cybertechမှ Myanmar Teleportဟု သက်ဆိုင်ရာက အမည်ပြောင်းလဲခဲ့သည်။

၂၀၀၅ ခုနှစ်အတွင်း ရန်ကုန်နှင့် မန္တလေးအပါအဝင် မြို့ကြီးအချို့တွင် အင်တာနက်ကဖီများနှင့် Network Game

အမည်ပြောင်းလဲလိုက်သည့် Myanmar Info-Tech

www.foreverspace.com.mm

မုံရွာမြို့အခြေစိုက် စစ်ကိုင်းတိုင်း ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်း အမှုဆောင်အဖွဲ့

Centerများ အလျှိုလျှိုပေါ်ထွန်းလာကြသလို ကွန်ပျူတာအခြေခံသင်တန်းများတွင်လည်း အင်တာနက်နှင့် E-mailအခြေခံဘာသာရပ်များကို မရှိမဖြစ် ထည့်သွင်းသင်ကြားလာခဲ့သည်။

မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)ကဏ္ဍကို တစ်ခေတ်ဆန်းပြောင်းလဲစေခဲ့သည့် အဓိက Software Park ဖြစ်သော Myanmar ICT Park နှင့် ယင်းကို တည်ထောင်ခဲ့သည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း (MICTDC) ကို Myanmar Info-Tech ဟုလည်းကောင်း၊ ဒုတိယမြောက် Software Park ဖြစ်သော Mandalay ICT Park ကို Yadanarbon Cyber Corporation ဟုလည်းကောင်း နိုင်ဝင်ဘာလ ၁၁ ရက်နေ့က အသီးသီးအမည်ပြောင်းလဲသတ်မှတ်လိုက်ခြင်းသည် ထူးခြားသည့်မှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။

၂၀၀၅ ခုနှစ်အတွင်း မုံရွာမြို့အခြေစိုက် စစ်ကိုင်းတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် စစ်ကိုင်းတိုင်း ကွန်ပျူတာပညာရှင်အသင်းတို့ကို နိုင်ဝင်ဘာ ၂၄ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတို့၏ အသင်းခွဲများအဖြစ် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် အသီးသီးဖွဲ့စည်းတည်ထောင်ပြီးဖြစ်သည်။

ထို့အပြင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Nippon Telegraph and Telephone Corporation (NTT) တို့ ပူးပေါင်းကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အာရှနှင့် ပစိဖိတ်အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ (6th Asia-Pacific Symposium on Information and Telecommunication Technology-APSITT) အခမ်းအနားကို နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်နေ့အထိ ရန်ကုန်မြို့လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေရှိ Myanmar Info-Tech ခန်းမ၌ ကျင်းပခဲ့ရာ ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံး လက်ခံကျင်းပသည့် အဆိုပါ စာတမ်းဖတ်ပွဲတွင် ဂျပန်နိုင်ငံ တက္ကသိုလ်များမှ စာတမ်းရှင် ၃၄ ဦး၊ ဂျပန်နိုင်ငံ ကော်ပိုရေးရှင်းများမှ ၁၃ ဦး၊ မွန်ဂိုလီးယား တက္ကသိုလ်မှ တစ်ဦး၊ ထိုင်းနိုင်ငံ Assumption တက္ကသိုလ်မှ နှစ်ဦး၊ မလေးရှားနိုင်ငံ Multimedia တက္ကသိုလ်မှ တစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံ Hankuk Avia- tion တက္ကသိုလ်မှ တစ်ဦး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ၂၄ ဦးနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်မှ နှစ်ဦးတို့က သုတေသနဆိုင်ရာစာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

Myanmar ICT Master Plan ကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကိုရီးယားပညာရှင်များ ပူးပေါင်း၍ ၂၀၀၄ ခုနှစ် ဩဂုတ်လမှ စတင်ရေးဆွဲခဲ့ရာ ယခုအခါ မူကြမ်း (Draft) ရေးဆွဲပြီးစီးသွားပြီဖြစ်ပြီး Action Plan ကိုပါ ဆက်လက်ရေးဆွဲနေလျက်ရှိကြောင်း၊ e-National Task Force နှင့် အစိုးရသို့ အဆင့်ဆင့်တင်ပြပြီး အတည်ပြုပေါ်ပေါက်လာပါက ICT ဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ အဆိုပါ Master Plan တွင် ပြည်ပသို့ Software ဈေးကွက်ရရှိ ရေး (Software Outsourcing) ကို ဦးတည်ရေးဆွဲထားကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ သိရှိရသည်။

ထို့အပြင် ဂျပန်နိုင်ငံ CICC ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် ၂၀၀၃ ခုနှစ်မှ စတင်၍ သတင်းအချက်အလက်နှင့် နည်းပညာ နယ်လှည့်ဟောပြောပွဲ (IT Caravan)များကို ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ မြို့နယ်များတွင်ပြုလုပ်ခဲ့ရာ ယမန် နှစ် ၂၀၀၄ ခုနှစ်က စီစဉ်ပြုလုပ်နိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်း၌ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ တောင်ငူ၊ ပျဉ်းမနား၊ မုံရွာ၊ မကွေးနှင့် ပြည်မြို့တို့တွင် တစ်ဆက်တည်း ပြုလုပ်နိုင်ခဲ့သည်။

ထို့အပြင် ၂၀၀၂ ခုနှစ် ဩဂုတ်မှစတင် ဖိတ်ခေါ်ကျင်းပခဲ့သည့် National ICT Award ပြိုင်ပွဲကို နှစ်စဉ်ကျင်းပလာခဲ့ရာ

www.foreverspace.com.mm

ယခုနှစ် ၂၀၀၅ ခုနှစ်ပြိုင်ပွဲတွင် ကျောင်းသားများပါ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ပေးခဲ့သလို Programming ပြိုင်ပွဲနှင့် Web Development ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပခဲ့သည်။

ထို့အပြင် ICT နည်းပညာဖလှယ်ရေးအတွက် နိုင်ငံခြားအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အထောက်အပံ့ဖြင့် နိုင်ငံခြားပညာတော်သင်များကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က စိစစ်ရွေးချယ်စေလွှတ်လျက်ရှိရာ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် ဂျပန်နိုင်ငံသို့ CICC အစီအစဉ်အရ ခြောက်ဦး၊ AOTS အစီအစဉ်အရ ခြောက်ဦးနှင့် OJT အစီအစဉ်အရ လေးဦးတို့ကို စေလွှတ်ခဲ့သည်။

အင်တာနက်ဝန်ဆောင်မှုများဆောင်ရွက်နိုင်ရန် ကနေဒါနိုင်ငံအခြေစိုက် Teleglobe အဖွဲ့အစည်းနှင့် ပြည်တွင်းမှ ICT ကုမ္ပဏီတစ်ခုဖြစ်သည့် Ahaed Co., Ltd. တို့ သြဂုတ်လ ၂၅ ရက်နေ့က နှစ်ဦးနှစ်ဖက် သဘောတူနားလည်မှုစာချွန်လွှာ Non-Disclosure Agreement ကို Online မှ လက်မှတ်ရေးထိုးခဲ့ကြရာ မြန်မာနိုင်ငံ၌ အင်တာနက်ဝန်ဆောင်မှုများ လုပ်ကိုင်ခွင့်ရပါက တတိယမြောက် Internet Service Provider (ISP) အဖွဲ့အစည်းဖြစ်လာဖွယ်ရှိပြီး မြန်မာနိုင်ငံ၌ အဓိကလိုအပ်လျက်ရှိသော အင်တာနက်နှင့် အင်တာနက်အခြေပြုတယ်လီဖုန်း (VOIP) စနစ်ကိုပါ ယခုထက် ပိုမိုကျယ်ပြန့်စွာ အသုံးပြုခွင့်ရနိုင်ဖွယ်ရှိကြောင်း ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။ မြန်မာနိုင်ငံ၌ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း (ISP) အဖြစ် ဆောင်ရွက်ခွင့်ရရှိပါက ယင်းဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ လုံခြုံစိတ်ချမှုရှိစေရန်အတွက် ဟောင်ကောင်ရှိ SS 8 Networks Inc. အင်တာနက်ကွန်ရက်လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီနှင့် Ahaed Co., Ltd. တို့ သြဂုတ်လအတွင်းက ပထမဦးဆုံးအကြိမ် Online မှ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းသည်လည်း ထူးခြားမှုတစ်ရပ် ဖြစ်ခဲ့သည်။

PAC များ ဖွင့်လှစ်ခြင်း

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း (MICTDC) (ယခု Myanmar Info-Tech) သည် ၂၀၀၅ ခုနှစ်မှ စတင်၍ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ မြို့ကြီးအချို့တွင် Public Access Centre ခေါ် အများပြည်သူသုံး အင်တာနက်စင်တာ (PAC) များကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ထူးခြားသည့် မှတ်တိုင်တစ်ရပ် ဖြစ်သည်။

Myanmar Info-Tech နှင့် စိတ်ဝင်စားမှုရှိသူ ဒေသခံရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူပူးပေါင်း၍ အဆိုပါ PAC များကို Model သုံးမျိုးဖြင့် ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်း မြို့နယ် ၄၀ ၌ တည်ထောင်ဖွင့်လှစ်သွားရန် လျာထားခဲ့သော်လည်း ၂၀၀၅ ခုနှစ် နိဝင်ဘာလ ၃၁ ရက်နေ့အထိ ပျဉ်းမနား၊ တောင်ငူ၊ မုံရွာ၊ မကွေး၊ ပြည်၊ မော်လမြိုင်၊ မန္တလေး၊ စမ်းချောင်း၊ မြိတ်၊ ကော့သောင်း၊ ရွှေဘိုနှင့် မိုးကုတ် မြို့နယ်တို့၌ PAC အရေအတွက် ၁၃ ခုကိုသာ တရားဝင်ဖွင့်လှစ်နိုင်ခဲ့သည်။

PAC သည် သက်ဆိုင်ရာမြို့နယ်၏ Information Centre ပင်ဖြစ်ပေရာ လာရောက်အသုံးပြုကြမည့်သူ User များအင်တာနက်အတွင်းမှ သိလိုသည့်အချက်အလက်ကို ကူညီရှာဖွေရှင်းပြပေးနိုင်မည့် နှံ့စပ်သိမြင်မှုရှိသည့် Coordinator များ ခန့်အပ်တာဝန်ပေးထားရန် လိုအပ်ကြောင်း၊ PAC တစ်ခု ပီပြင်အောင် အထောက်အကူပြုပေးနိုင်မည့် သတင်းအချက်အလက်များ ပေးပို့နိုင်မည့် ဝန်ကြီးဌာနများလည်း လိုအပ်ကြောင်း ကွန်ပျူတာပညာရှင်တစ်ဦးက အကြံပြုသည်။

ကွန်ပျူတာသုံး မြန်မာစာစနစ် (သို့မဟုတ်) မြန်မာယူနီကုဒ်သုံး မြန်မာစာလုံးစနစ်

နိုင်ငံတကာလက်ခံသည့် Unicode တွင် ထည့်သွင်းပါဝင်ပြီးဖြစ်သော ကွန်ပျူတာသုံးမြန်မာစာစနစ် ပေါ်ထွန်းရေးအတွက် သုတေသနပြုဆောင်ရွက်ခဲ့ကြရာ ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် အခြေခံမြန်မာစာသုံးစနစ် Basic Language Support (Enabling Kit) အဆင့်ကို မိတ်ဆက်ခဲ့ပြီး အောက်တိုဘာလတွင် အဆင့်မြင့်မြန်မာစာသုံးစနစ်အဆင့် Advanced Support Levle ကို မိတ်ဆက်နိုင်ခဲ့ကာ အဆိုပါမြန်မာစာစနစ် (စမ်းသပ်အဆင့်) ကို အခမဲ့စတင်ဖြန့်ချိနိုင်ခဲ့ခြင်းသည် ၂၀၀၅ ခုနှစ်အတွက်သာမက

မြန်မာစာကွန်ပျူတာစနစ်၏ လက်ကွက်



www.foreverspace.com.mm

မြန်မာနိုင်ငံ ICT လောကတစ်ခုလုံး၏ ထူးခြားသည့်သမိုင်းမှတ်တိုင်သစ်တစ်ခုဟု ဆိုနိုင်သည်။

ယခင်က ကွန်ပျူတာပေါ်တွင်သုံးသည့် မြန်မာစာလုံးများကို အင်္ဂလိပ်စာလုံးများအတွက် သတ်မှတ်ထားသည့် နံပါတ်များဖြင့် အသုံးပြုခဲ့ကြရာမှ ISO အဖွဲ့အစည်းက ဘာသာစကားပေါင်း ၁၀၀ ကျော်အတွက် ISO 10646 စံနမူနာအတိုင်း သတ်မှတ်ပေးလိုက်သည့် Character Code Set တွင် မြန်မာ Unicode အဖြစ် ထည့်သွင်းပါဝင်ခဲ့သဖြင့် အဆိုပါ Unicode သုံး မြန်မာစာလုံးစနစ် ပေါ်ထွန်းရေးအတွက် အချိန်တိုအတွင်း မြန်မာပညာရှင်များက အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

ယခုဖြန့်ချိလိုက်သည့် မြန်မာစာလုံးစနစ်ဖြင့် စာစီစာရိုက်ခြင်း၊ E-mail ပေးပို့ခြင်း၊ Web Page များ ရေးသားခြင်း စသည်တို့ကို လုပ်ဆောင်နိုင်ပြီ ဖြစ်သည်။

ပုဂ္ဂလိကဘာဏ်အချို့ ဖျက်သိမ်းခြင်း

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ၂၀၀၅ ခုနှစ် ဧပြီလ ၁ ရက်နေ့စွဲဖြင့် မြန်မာမေဖလားဝါးဘဏ်နှင့် အာရှဓနဘဏ်တို့ကို ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရပ်သိမ်းကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ယင်းသတင်းထုတ်ပြန်ချက်တွင် အောက်ပါအချက်များ ပါဝင်သည်။

"၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ မြန်မာမေဖလားဝါးဘဏ်နှင့် အာရှဓနဘဏ်တို့အား ၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တို့တွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို အသီးသီးထုတ်ပေး၍ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

ယခုအခါ ယင်းဘဏ်နှစ်ဘဏ်တို့သည် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ နည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၀၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်မပြုတော့ဘဲ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

မြန်မာမေဖလားဝါးဘဏ်နှင့် အာရှဓနဘဏ်တို့ကိုသာ မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ အထက်ပါအတိုင်း အရေးယူဆောင်ရွက်ခြင်းဖြစ်ပြီး ဘဏ်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော အခြားပုဂ္ဂလိကဘဏ်များနှင့် သက်ဆိုင်ခြင်းမရှိပါ။

နိုင်ငံတော်ဘဏ်များနှင့် အခြားပုဂ္ဂလိကဘဏ်များအနေဖြင့် ဘဏ်လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်နေမည်ဖြစ်ပါသည်"

အထက်ပါဘဏ်နှစ်ဘဏ်တို့၏ လုပ်ငန်းလိုင်စင်ကို ပြန်လည်ရုပ်သိမ်းပြီးနောက် ယခုအခါ မြန်မာနိုင်ငံတွင် ပထမပုဂ္ဂလိကဘဏ်၊ ကမ္ဘောဇဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ် စသည် တို့သာ ပုံမှန်လုပ်ငန်း လည်ပတ်လျက်ရှိသည်။

မြန်မာယူနီဟာဆယ်ဘဏ် Anti Money Laundry Law အရ အရေးယူခံရ

မြန်မာနိုင်ငံအတွင်း ဘဏ်ခွဲ ၂၀ကျော် ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော မြန်မာယူနီဗာဆယ်ဘဏ်ကို ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများ မလိုက်နာမှုဖြင့် အရေးယူထားပြီး Anti Money Laundry Law အရပါ အရေးယူမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ၂၀၀၅ ခုနှစ် သြဂုတ်လ ၂၈ ရက်နေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

မြန်မာယူနီဗာဆယ်ဘဏ်ကို ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ဦးစိန်ထွန်းက စတင်တည်ထောင်ခဲ့ပြီး ၁၉၉၈ တွင် ဦးတင်စိန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လာခဲ့သည်။

(Source:The Voice Weekly Vol-1/ No-49)

အထူးရွှေဆိုင်နှင့် တရားဝင်ရွှေတစ်ကျပ်သားစျေးနှုန်း သုံးသိန်း

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် မြေညီထပ်တွင် စက်တင်ဘာလ ၂၁ ရက်မှစ၍ အထူးရွှေဆိုင် ဖွင့်လှစ်ရောင်းချခဲ့ရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အထူးရွှေဆိုင်ကြီးနှင့် မြန်မာ VES ဖက်စပ်ကုမ္ပဏီလီမိတက်တို့မှ ရောင်းချပေးခဲ့သည်။

ရွှေပါဝင်မှု ၉၉.၉၉ ရာခိုင်နှုန်းရှိသော တစ်ကျပ်သား၊ ငါးမူးသားနှင့် တစ်မတ်သားရွှေဒင်္ဂါးများအား ယင်းရွှေဒင်္ဂါးပြား

တစ်ကျပ်သားလျှင် ကျပ်သုံးသိန်း



www.foreverspace.com.mm

သတ္တုတွင်းဝန်ကြီးဌာန၏ အထူးရွှေဆိုင်နှင့် ဝယ်ယူအားပေးကြသူပရိသတ်

များအား အမှန်တကယ်သုံးစွဲသူ မြန်မာတိုင်းရင်းသား ပြည်သူလူထုအား တစ်ကျပ်သားလျှင် ငွေကျပ်သုံးသိန်းဖြင့် ရောင်းချပေးခဲ့သည်။

သတ္တုတွင်းဝန်ကြီးဌာနပိုင် ဧလာစက်ရုံမှ ထွက်ရှိသော ၉၉.၉၉ ရာခိုင်နှုန်း သန့်စင်အဆင့်အတန်းရှိ ကြယ်တံဆိပ် ရွှေဒင်္ဂါးများကို တစ်ကျပ်သားလျှင် ကျပ်သုံးသိန်းဖြင့် အများပြည်သူများကို ရောင်းချပေးမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့သည်။ အဆိုပါရွှေဒင်္ဂါးပြားများကို တစ်ဦးလျှင် တစ်ကျပ်သားဒင်္ဂါးသော်လည်းကောင်း၊ ငါးမူးသားဒင်္ဂါးသော်လည်းကောင်း၊ တစ်မတ်သား ဒင်္ဂါးနှစ်ပြားသော်လည်းကောင်း နိုင်ငံသားမှတ်ပုံတင်ကတ်ပြားပြ၍ တစ်ကြိမ်သာ ရောင်းချပေးခဲ့သည်။ အောက်တိုဘာလ ၁၃ ရက်နေ့တွင် အထူးရွှေဆိုင် ရောင်းဈေး တစ်ကျပ်သား ၃၄၁၀၀၀ ကျပ်ဖြင့် ရောင်းချပေးခဲ့သည့်အပြင် မြန်မာ့အသေးစားငွေချေးလုပ်ငန်းများတွင် ရွှေတစ်ကျပ်သား အပေါင်နှုန်း ၁၅၀၀၀၀ ကျပ်မှ ၁၉၀၀၀၀ ကျပ်နှုန်းအထိ မြှင့်တင်ပေးခဲ့သည်။

တစ်နှစ်အတွင်း ကမ္ဘာ့ရွှေဈေး

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလကုန်အထိ တစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေးနှုန်းများကို နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။ ဤဇယားကိုကြည့်ခြင်းအားဖြင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၅၀ ကျော်ရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် ၄၁၀ သို့ ကျဆင်းခဲ့ပြီး တစ်နှစ်အတွင်း အနိမ့်ဆုံးဈေးနှုန်း ဖြစ်ခဲ့သည်။

မတ်လမှ ဩဂုတ်လအတွင်း ရွှေဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၄၂၀ မှ ၄၄၀ ကျော်ဝန်းကျင်၌သာ အတက်အကျ ရှိနေခဲ့သည်။ စက်တင်ဘာလဆန်းတွင် ၄၄၀ ကျော်မှ တဖြည်းဖြည်း ပြန်တက်ခဲ့ရာ စက်တင်ဘာလကုန်ပိုင်းနှင့် အောက်တိုဘာလများတွင် ရွှေဈေးမှာ ၄၇၀ ကျော်အထိ ဖြစ်ခဲ့သည်။ ထို့နောက် နိုဝင်ဘာလဆန်းတွင် အနည်းငယ်ကျခဲ့ပြီး လလယ်တွင် ပြန်လည်မြင့်တက်ခဲ့ရာ လကုန်ရက်တွင် ၅၀၀ နီးပါးသို့ ရောက်ရှိခဲ့သည်။

အချုပ်အားဖြင့် တစ်နှစ်အတွင်း ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၁၀ မှ ၅၀၀ အတွင်း၌ ရှိနေခဲ့သည်။ တစ်နှစ်အတွင်း အနိမ့်ဆုံးဈေးနှုန်းမှာ ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့ပြီး အမြင့်ဆုံးဈေးမှာ နိုဝင်ဘာလတွင် ဖြစ်ခဲ့သည်။ တစ်နှစ်အတွင်း အနိမ့်ဆုံးဈေးမှာ ၄၁၀ဖြစ်ပြီး အမြင့်ဆုံးဈေးမှာ ၄၉၈ ဖြစ်သည်။

တစ်နှစ်အတွင်း မြန်မာ့ရွှေဈေး

၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလအထိ တစ်နှစ်အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာ့ရွှေဈေးနှုန်းများကို နှိုင်းယှဉ်

တစ်နှစ်အတွင်း ကမ္ဘာ့ရွှေဈေး

www.foreverspace.com.mm

တစ်နှစ်အတွင်း မြန်မာ့ရွှေဈေး



၍ ဂရုပ်ဆွဲထားခြင်းဖြစ်သည်။

ဒီဇင်ဘာလမှ စတင်၍ ဧပြီလအထိ မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၂၁၀,၀၀၀ မှ ၂၂၀,၀၀၀ ကျော်အတွင်း၌ ရှိနေခဲ့သည်။ ကမ္ဘာ့ရွှေဈေးကျခဲ့သော်လည်း မေလတွင် ရန်ကုန်မြို့၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် မြန်မာ့ရွှေဈေးမှာ ၂၃၀,၀၀၀ နီးပါးမြင့်တက်ခဲ့သည်။ ဇွန်လတွင် ငွေမာဈေးနှုန်း ၁,၀၀၀ အထက်သို့ ရောက်ခဲ့ပြီးရွှေဈေးမှာ ၁၄၀,၀၀၀ ကျော်လာခဲ့သည်။ ဆက်လက်၍ တဖြည်းဖြည်းမြင့်တက်ခဲ့ရာ စက်တင်ဘာလတွင် ရွှေဈေးမှာ ၃၀၀,၀၀၀ ကျော်သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်တွင် စက်တင်ဘာလ ၂၁ ရက်နေ့၌ အစိုးရမှ အထူးရွှေဆိုင် ဖွင့်လှစ်၍ တစ်ကျပ်သားလျှင် ၃၀၀,၀၀၀ နှုန်းဖြင့် အများပြည်သူအား ခွဲတမ်းဖြင့် ရောင်းချပေးခဲ့သည်။ ထို့နောက် စက်တင်ဘာလကုန်၌ ကမ္ဘာ့ရွှေဈေး ၄၇၃ သို့ ရောက်ရှိနေချိန်တွင် ငွေမာဈေးနှုန်း ၁၃၀၀ ကျော်သို့ ရောက်ရှိခဲ့သဖြင့် မြန်မာ့ရွှေဈေးမှာ တစ်နှစ်အတွင်း အမြင့်ဆုံးဈေးနှုန်း ၃၅၅,၀၀၀ ကျော်သို့ ရောက်ရှိခဲ့သည်။ ဆက်လက်၍ အောက်တိုဘာလဆန်းရက်များတွင် ငွေမာဈေးမှာ ၁၄၀၀ နီးပါး ဖြစ်နေခဲ့သဖြင့် ရွှေဈေးမှာလည်း ၃၅၀,၀၀၀ ကျော်တွင် ရှိနေခဲ့သည်။ သို့သော် လလယ်ပိုင်းတွင် ငွေမာဈေးနှုန်း ၁၂၀၀ ကျော်သို့ ကျဆင်းလာမှုကြောင့် ရွှေဈေးမှာ ၃၀၃,၀၀၀ ခန့်အထိ ကျလာခဲ့သည်။ အောက်တိုဘာလ နောက်ဆုံးပတ်တွင် အစိုးရမှ စက်သုံးဆီဈေးနှုန်း တိုးမြှင့်သတ်မှတ်ချိန်တွင် ရွှေဈေးမှာ များစွာပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေခဲ့သည်။ နိုဝင်ဘာလတွင် ကမ္ဘာ့ရွှေဈေးနှုန်းများ အမြင့်ဆုံးဈေး ၅၀၀ နီးပါးသို့ ရောက်ရှိခဲ့သော်လည်း ငွေမာဈေးနှုန်း ဆက်လက်ကျဆင်းမှုကြောင့် မြန်မာ့ရွှေဈေးမှာ ၃၀၀,၀၀၀ အောက်သို့ ကျဆင်းခဲ့ပြီး နိုဝင်ဘာလအတွင်း အမြင့်ဆုံးရွှေဈေးမှာ ၃၁၅,၀၀၀ ကျော် ရှိခဲ့သည်။

အချုပ်အားဖြင့် စက်တင်ဘာလတွင် မြန်မာ့ရွှေဈေးမှာ ကမ္ဘာ့ရွှေဈေးနှုန်းနှင့် ငွေမာဈေးနှုန်းများအရ ၃၄၀,၀၀၀ အောက်တွင်သာ ရှိနေရမည်ဖြစ်သော်လည်း ဈေးကွက်မတည်ငြိမ်မှုများကြောင့် တစ်နှစ်အတွင်းအမြင့်ဆုံးဈေး ၃၅၅,၀၀၀ ကျော်အထိ ဖြစ်ခဲ့သည်။ ပေါက်ဈေးထက် ပိုမြင့်နေသည့်သဘော ဖြစ်သည်။ နိုဝင်ဘာလတွင် ကမ္ဘာ့ရွှေဈေးနှုန်းများ တစ်နှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့သော်လည်း မြန်မာ့ရွှေဈေးမှာ ဈေးကွက်အနေအထားနှင့် ငွေမာဈေးနှုန်းကျဆင်းခဲ့မှုကြောင့် ပုံမှန်ပေါက်ဈေး၌သာရှိခဲ့ပြီး ဒီဇင်ဘာလဆန်းတွင်မူ ရှိရမည့် ပုံမှန်ပေါက်ဈေးထက် ကျဆင်းခဲ့ပြီး ၃၁၀,၀၀၀ အောက် ရောက်ရှိခဲ့သည်ကို တွေ့ရသည်။

၂၀၀၄ ဒီဇင်ဘာမှ ၂၀၀၅ နိုဝင်ဘာအတွင်း အနိမ့်ဆုံး မြန်မာ့ရွှေဈေးမှာ ဇန်နဝါရီလ ၁ရက်နေ့တွင် ဖြစ်ပေါ်ခဲ့ပြီး အမြင့်ဆုံးဈေးနှုန်းမှာ စက်တင်ဘာလ ၃၀ ရက်နေ့၏ ဈေးနှုန်းဖြစ်သည်။ တစ် နှစ်အတွင်း အနိမ့်ဆုံးမြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ၂၀၃,၄၀၀ ကျပ်ဖြစ်ပြီး အမြင့်ဆုံးဈေးနှုန်းမှာ ၃၅၅,၅၀၀ ကျပ် ဖြစ်သည်။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေ

ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO)၏ ၁၇၆ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည့် မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်အတွက် ပညာရှင်များက ရေးဆွဲနေသည်မှာ သတ္တမမူကြမ်းအထိ ပြီးစီးသွားပြီဖြစ်ကြောင်း ပညာရှင်များက ပြောကြားခဲ့ရာ မိမိတို့ လုပ်ဆောင်နေသည့် လုပ်ငန်းကိစ္စအဝဝတွင် မူပိုင်ခွင့်ပြဿနာကို မစဉ်းစားမိသူများအတွက် စဉ်းစားတွေးတောစရာဖြစ်လာသည်။

ထွက်ပေါ်လာမည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ပြဋ္ဌာန်းချက်လေးခုမှာ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေတို့ဖြစ်သည်။ ယင်း

www.foreverspace.com.mm

ဥပဒေကြမ်းများကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ ပူးပေါင်း၍ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ WIPOမှ စံပြဥပဒေများနှင့် အာဆီယံနိုင်ငံများ အပါ အဝင် ကမ္ဘာ့နိုင်ငံအချို့မှ ပြဋ္ဌာန်းထားသော ဥပဒေများမှ မြန်မာ နိုင်ငံနှင့် ကိုက်ညီမည့် ပြဋ္ဌာန်းချက်အချို့ကို ကိုးကား၍ မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားပြုစုခဲ့ခြင်း ဖြစ်သည်။

သို့သော် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် အချို့သော အိုင်တီနည်းပညာ၊ စာပေ၊ တေးဂီတ စသော ဖန်တီးမှုများတွင် ပြည်ပမှ တီထွင်ဖန်တီးမှုများအား မှိုင်မှိုင်းပွားယူထားမှုများရှိနေရာ မူပိုင်ခွင့်ဥပဒေ အကောင်အထည်ပေါ်ပါက တစ်နည်းတဖုံ ပြောင်းလဲသွားမည်ကို စိုးရိမ်ပူပန်သူတို့ကလည်း ပူပန်ကြသည်။

မူပိုင်ခွင့်ဥပဒေကိစ္စကို စာနယ်ဇင်းစာမျက်နှာများထက်တွင် မကြာခဏတွေ့ရပြီးနောက် ကော်ပီသီချင်းသီဆိုသူများကို အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ ဂျာနယ်များတွင် အင်တာဗျူးများပြုလုပ်ဖော်ပြခဲ့သကဲ့သို့ မကြာသေးမီက ဂျာနယ်တစ်စောင်၏ သတင်းတစ်ပုဒ်တွင်မူ ပြည်ပအဝတ်အထည်အမှတ်တံဆိပ်တစ်ခုကိုယူ၍ ချုပ်လုပ်နေသော ကုမ္ပဏီတစ်ခုမှ ၎င်းတို့ထုတ်လုပ်သော အထည်များကို မြန်မာအမည်သစ်ပြောင်းရခြင်းမှာ ၂၀၀၆ ခုနှစ်တွင် ပေါ်ထွက်လာမည့် မူပိုင်ခွင့် ဥပဒေအတွက် ကြိုတင်ပြင်ဆင်ခြင်း ဖြစ်သည်ဟု ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံး ကျောက်မျက်လေလံပွဲ

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက နှစ်စဉ် ပြုလုပ်နေကျ လေလံပွဲများအနက် ၂၀၀၅ ခုနှစ်အတွင်း ကျင်းပခဲ့သည့် မြန်မာ့ကျောက်မျက်လေလံပွဲသည် ကျောက်မျက်ရတနာစုစုပေါင်း ၇၀ ရာခိုင်နှုန်းခန့်ရောင်းချခဲ့ရပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးကျောက်မျက်ရတနာလေလံတင်ပွဲ ဖြစ်သွားခဲ့သည်။

စုစုပေါင်း ၁၀ ရက်ကြာမျှ ပြုလုပ်ခဲ့သည့် အဆိုပါလေလံပွဲတွင် ရတနာအတွဲပေါင်း ၂၆၀၀ ကျော်ရှိသည့်အနက် ၁၇၈၄ တွဲ ရောင်းချနိုင်ခဲ့သည်။ အပတ်စဉ်ထုတ် သတင်းမီဒီယာတစ်ခု၏ ဖော်ပြချက်အရ ရတနာအတွဲပေါင်း ၂၆၈၇ တွဲ လေလံတင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၈.၀၂သန်း(၃၉.၇၆ ယူရို) ရှိခဲ့သည်။ အဆိုပါ ကျောက်မျက်လေလံတင်ပွဲဖြစ်သည့် ၂၀၀၅ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းကျောက်မျက်ရတနာကုန်သည် ၂၀၀၀ ကျော်နှင့် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ရတနာကုန်သည်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါ လေလံပွဲမတိုင်မီက အမေရိကန်ဒေါ်လာ ၄၃ သန်းဖိုး ရောင်းချနိုင်မည်ဟု မြန်မာနိုင်ငံအစိုးရက ခန့်မှန်းခဲ့သည်။

ငွေစက္ကူအတုများ ဖမ်းဆီးရမိ

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ် မေလမှ ဇူလိုင်လအတွင်း တစ်ထောင်တန်ငွေစက္ကူအတုများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က လေးကြိမ်တိတိဖမ်းဆီးရမိခဲ့သည်။ အဆိုပါ Colour Printer ဖြင့် ဖန်တီးထားသော ငွေစက္ကူများအပါအဝင် ၁၀၀၀ တန် ငွေစက္ကူအတုအရွယ်အစား အကြီးရောအသေးပါ အရွက် ၅၉၂၀ ကျော် သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိခဲ့သော ငွေစက္ကူအတုပမာဏအများဆုံးကို မြန်မာ–ထိုင်း နယ်စပ်မြို့ မြဝတီတွင် ထိုင်းနိုင်ငံသားသုံးဦးထံမှ ဖမ်းဆီးရမိခြင်းဖြစ်ပြီး တစ်ထောင်တန်အရွက်ကြီး ၄၇၂၀ ရွက် ဖြစ်သည်။ ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ တည်းခိုခန်း တစ်ခန်းနှင့် ရွှေပြည်သာမြို့နယ် ဧီးကုန်းကျေးရွာတို့တွင်လည်း ရွက်ရေ စုစုပေါင်း ၃၀၀ ခန့် သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် သပြေကျွန်းကျေးရွာမှ တစ်ထောင်တန်ငွေစက္ကူရွက်သေး ၉၀၀ ကျော် ဖမ်းဆီးရမိခဲ့သည်။ ရန်ကုန်တိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည့် ငွေစက္ကူများသည် ကွန်ပျူတာအထူးပြုလုပ်ချက်များသုံး၍ သာမန် Colour Printer များဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ငွေစက္ကူအစစ်နှင့်အတုကို ယှဉ်ကြည့်ပါက ငွေစက္ကူဆိုင်ရာ ကျွမ်းကျင်ပညာရှင်မဟုတ်သူများပင် ခွဲခြားနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဆိုသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တစ်ထောင်ကျပ်တန် ငွေစက္ကူများအပါအဝင် ငါးရာကျပ်တန်နှင့် နှစ်ရာကျပ်တန် ငွေစက္ကူအသစ်များကို ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် နေ့စွဲဖြင့် ၂၀၀၄ ခုနှစ်အောက်တိုဘာလတွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်း ကြေညာခဲ့ရာတွင် ငွေစက္ကူသစ်များသည် အရွယ်အစားအားလုံး ၁၅× ၇ စင်တီမီတာဖြင့် လက်ရှိငွေစက္ကူများထက် အရွယ်အစား ပိုမိုသေးငယ်သည်မှလွဲ၍ လက်ရှိငွေစက္ကူများ၏ ပုံသဏ္ဌာန်၊ အရောင်အသွေးအတိုင်း အနီးစပ်ဆုံးတူညီအောင် ရိုက်နှိပ်ထားကြောင်း ပါရှိသည်။

Case 496

၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရှမ်းပြည်နယ် မိုင်းလားမြို့၌ Case 496 ခေါ် ဘိန်းဖြူ ၄၉၆ ကီလိုဂရမ်

www.foreverspace.com.mm

သယ်ဆောင်သူတစ်ဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါဘိန်းဖြူဖမ်းဆီးရမိမှုသည် ၂၀၀၅ ခုနှစ် မေလက ရန်ကုန်မြို့ Queens Park ဟိုတယ်တွင် တည်းခိုနေသော တရားခံထံမှဖမ်းမိခဲ့သော ဘိန်းဖြူ ၁၀၂.၀၅ ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့ပြီးနောက် ဆက်စပ်ဖော်ထုတ်ခြင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တရားခံဖမ်းဆီးရရှိစေရေးအတွက် နိုင်ငံဖြတ်ကျော်မှုခင်းများ ပူးပေါင်းဆောင်ရွက်မှုအရ ကူညီပေးခဲ့သည်။ မြန်မာနိုင်ငံတွင် အများဆုံးမူးယစ်ဆေးဝါးဖမ်းဆီးမှုသည် ၂၀၀၄ ခုနှစ်တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းကျေးရွာတွင် ဖမ်းဆီးရမိခဲ့သော ဘိန်းဖြူ ကီလို ၅၉၂ ကီလိုဂရမ်ဖြစ်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၃ သန်း တန်ဖိုးရှိသည်။

နိုင်ငံပိုင်ပစ္စည်း အလွဲသုံးစားမှု

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအချို့မှ ငွေကြေးမြောက်မြားစွာ အလွဲသုံးစားပြုပြီး ဩစတြေးလျနိုင်ငံသို့ တိမ်းရှောင်သွားမှုတစ်ခု ၂၀၀၅ ခုနှစ် ဧပြီလအတွင်း ဖြစ်ပွားခဲ့သည်။ အဆိုပါအလွဲသုံးစားလုပ်သူမှာ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းပမာဏအများဆုံး တင်ပို့ခဲ့သည့် MHLG ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

MHLG ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲမျိုးစုံအများဆုံး တင်ပို့ခဲ့သည့်အပြင် ပြည်တွင်းသို့ ဓာတ်မြေဩဇာအများဆုံး တင်သွင်းခဲ့သည့်လုပ်ငန်း ဖြစ်သည်။

နိုင်ငံပိုင်သိမ်းဆည်းထားသောယာဉ်များ လေလံတင်

နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့်ခွဲရေးကော်မတီမှ သိမ်းဆည်းထားသော မော်တော်ယာဉ်များအား လေလံတင်ရောင်းချခဲ့ရာ ပထမဆုံးလေလံပွဲကို အောက်တိုဘာလအတွင်း၌ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။ အဆိုပါ ပထမအကြိမ်လေလံပွဲတွင် ယခင်အမှုဖြင့် ဖမ်းဆီးထားသော ယာဉ် ၈၃ စီးကို လေလံပစ်ရောင်းချခဲ့ရာ မော်ဒယ်လ်မြင့်အစီး ၂၀ ရှိသည့်အနက် ၁၀ စီးကိုသာ ရောင်းချနိုင်ခဲ့သည်။ လေလံပွဲ ဒုတိယနေ့တွင် ပထမနေ့က ကျန်ရှိသော မော်ဒယ်လ်မြင့်ကား ၁၀ စီးကို လေလံပစ်ခဲ့ရာ ကြမ်းခင်းဈေးမမီသောကြောင့် ရောင်းချနိုင်ခြင်းမရှိခဲ့ကြောင်း ဝါရင့်ကားဝယ်ရောင်းတစ်ဦးက ဆိုသည်။

အဆိုပါလေလံကားများသည် ၂၀၀၄ ခုနှစ်အတွင်းက အရေးယူခဲ့သော မှုခင်းများနှင့်ပတ်သက်၍ နိုင်ငံပိုင်သိမ်းဆည်းထားခဲ့သော ပစ္စည်းအရပ်ရပ်နှင့် မော်တော်ယာဉ်များကို သက်ဆိုင်ရာတရားရုံးအသီးသီးတွင် စစ်ဆေးအတည်ပြုပြီးသည့်အတွက် လေလံတင်ရောင်းချခြင်း ဖြစ်သည်။ ယင်းလေလံပွဲတွင် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချ၍ မိမိတင်သွင်းလိုသည့် မော်တော်ယာဉ်အတွက် စပေါ်ငွေအဖြစ် မော်တော်ယာဉ်တစ်စီးလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၄)သို့ ပေးသွင်းရသည်။ လေလံပွဲတွင် အချို့လေလံဆွဲသူများက သတ်မှတ်ကြမ်းခင်းဈေးထက် အများမထင်မှတ်သည့် ဈေးနှုန်းပေး၍ လေလံဆွဲခဲ့ကြကြောင်း ကိုယ်တိုင်တက်ရောက်ခဲ့သူတစ်ဦးက ဆိုသည်။ ထိုကားလေလံပွဲနှင့် ဒီဇင်ဘာလအတွင်း လေလံပွဲများ ဆက်လက်ပြုလုပ်ဖြစ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သည့်အတွက် ကားဈေးများ ထိုးကျခဲ့သည်။

အများပိုင်ကုမ္ပဏီများ မတည်ငွေများ တိုးမြှင့်

မြန်မာဈေးကွက်အတွင်းရှိ အများပိုင်ကုမ္ပဏီများဖြစ်သည့် ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် (FMI) နှင့် ပထမပုဂ္ဂလိကဘဏ်တို့၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် ၎င်းတို့၏ အစုရှယ်ယာများ တိုးမြှင့်ရောင်းချသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

ပထမပုဂ္ဂလိကဘဏ်သည် လက်ရှိရင်းနှီးမြှုပ်နှံမတည်ငွေကျပ်သန်းနှစ်ထောင်မှ ကျပ်သန်းငါးထောင်သို့ တိုးမြှင့်သွားမည်ဖြစ်သည်။ ထိုသို့ တိုးမြှင့်ရခြင်းမှာ မြန်မာနိုင်ငံဗဟိုဘဏ်၏ တိုက်တွန်းချက်အရ မတည်ငွေရင်းနှီးအပ်ငွေအချိုး ၁း၇ ပြည့်မီရန်နှင့် ဘဏ်၏အရင်းအနှီး ခိုင်မာတောင့်တင်းရန်အတွက်ဖြစ်သည်ဟု ဘဏ်၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာစိန်မောင်က ဆိုသည်။

FMI အနေနှင့်လည်း ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ရန် ရှယ်ယာသစ်များ ချမှတ်ရန် အစီအစဉ်များ ချမှတ်သည်။ ရှယ်ယာရှင်များအနေနှင့် ၂၀၀၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ကုန်ဆုံးသောကဏ္ဍနှစ်အတွက် အမြတ်ဝေစုအဖြစ် ရှယ်ယာတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ တိတိ ခွဲဝေပေးရန် ဒါရိုက်တာအဖွဲ့က အဆိုပြုထားပြီး အစုရှယ်ယာရှင်များအနေနှင့် ငွေသားဖြစ်စေ၊ ရှယ်ယာသစ်ဖြစ်စေ ဝယ်ယူနိုင်သည်။ အမြတ်ဝေစုအစား ရှယ်ယာအသစ်ရယူသူများအနေဖြင့် ရှယ်ယာအသစ်တစ်ခုလျှင် ၃၄၀၀၀ ကျပ်အဖြစ် ကုမ္ပဏီက သတ်မှတ်ထားသည်။ အဆိုပါဈေးသည် လက်ရှိဈေးကွက်အတွင်း၌ ရှယ်ယာသစ်ပေါက်ဈေးထက် ၉ ရာခိုင်နှုန်းသက်သာသည်။

အစုရှယ်ယာရောင်းဝယ်ရာတွင် ပိုမို၍ သွက်လက်စေရန်

www.foreverspace.com.mm

FMI ၏ အစုရှယ်ယာ ရောင်းဝယ်ရာဌာန

ကုမ္ပဏီများ၏ လက်ရှိ မတည်ရင်းနှီးငွေ ဖွဲ့စည်းမှုကို အစုရှယ်ယာ ခွဲစိတ်ခြင်းနည်းဖြင့် ပြောင်းလဲသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးသိမ်းဝေက ဆိုသည်။

ထိုသို့ပြောင်းလဲရာ၌ လက်ရှိအစုရှယ်ယာ မူလတန်ဖိုးတစ်စုလျှင် ကျပ် ၁၀၀၀၀ အစား ၁၀၀၀ တန် ၁၀ စုအဖြစ် ခွဲစိတ်မည်ဖြစ်ကြောင်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှုတန်ဖိုး ပြောင်းလဲခြင်းမရှိဘဲ လက်ဝယ်ရှိ အစုရှယ်ယာအရေအတွက် ၁၀ ဆအထိ တိုးပွားလာမည်ဖြစ်ပြီး ပိုမိုကျယ်ပြန့်စွာ ရောင်းဝယ် နိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိ သည်။

ပထမမြန်မာရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက် FMI နှင့် ပထမပုဂ္ဂလိကဘဏ်တို့သည် တရားဝင်မှတ်ပုံတင်ထားသည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ ဖြစ်သည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်းက နိုင်ငံတကာ အစုရှယ်ယာ ဈေးကွက်နှင့် သဏ္ဌာန်တူ အသွင်ကွဲသည့် ပုဂ္ဂလိကအရင်းအနှီး ဈေးကွက်တစ်ရပ် လှုပ်ရှားသက်ဝင်ခဲ့ဖူးသည်။

ကန်ထရိုက်လယ်ယာစနစ်

မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ၂၀၀၅ ခုနှစ် ထူးခြားမှုမှာ ဧရာဝတီ–ကျောက်ဖယား–မဲခေါင်ထိပ်သီးညီလာခံမှ ပုဂ္ဂလိကကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဆိုပြုချက်အရ မြန်မာနိုင်ငံတွင် ကန်ထရိုက်လယ်ယာစနစ်ကို ထိုင်း၊ မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် ပြီးခဲ့သည့် ဒီဇင်ဘာ ၂ ရက်နေ့တွင် ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနဝန်ကြီး လာရောက်ခဲ့ပြီး အဆိုပါစနစ်အတွက် လက်မှတ်ရေးထိုးခဲ့သည်။ ကန်ထရိုက်လယ်ယာစနစ် ဖြင့် မြဝတီ၊ ထားဝယ်၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်း၊ ကယား၊ မကွေး၊ ဧရာဝတီ စသည့် ဒေသများတွင် ယူကလစ်၊ ကြက်ဆူ၊ ပြောင်း၊ ပဲပုပ် စသည့် သီးနှံများ စိုက်ပျိုးရန် ထိုင်းနိုင်ငံမှ ကမ်းလှမ်းထားရှိသည်။

မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆွေးနွေးပွဲ

မြန်မာနိုင်ငံသည် အာရှ–ဥရောပအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲ သို့ ယခုနှစ်မှစတင်ပြီး ပထမဆုံးအကြိမ် တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်မင်မြို့၌ စက်တင်ဘာလ ၈ ရက် မှ ၁၁ ရက်အတွင်းကျင်းပပြုလုပ်သော ဥရောပ–အာရှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်စည်ပြပွဲ (ASEM Trade and Investment Exposition) နှင့်အတူ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုအစည်းအဝေး၏ အကျိုးရလဒ်တစ်ခုအနေဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာဖွယ်ရှိကြောင်း UMFCCI က ခန့်မှန်းခဲ့သည်။ ဆွေးနွေးပွဲအပြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဒေါင်းပြည်နယ် အခြေစိုက် Shan Don Highwin Group ကုမ္ပဏီက မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးခဲ့သည်။ ဥရောပ–အာရှ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲကြောင့် မြေလွတ်မြေရိုင်းများပေါများသော မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာဖွယ်ရှိပြီး ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်လည်း ပီပြင်စွာအကောင်အထည်ဖော်နိုင်မည်ဟု ယူဆရသည်။

ငါး၊ ပုစွန်မွေးမြူသည့် မြေယာများအတွက် မြေဂရန်များ ထုတ်ပေး

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ပုဂ္ဂလိက ငါး၊ ပုစွန်မွေးမြူရေး လုပ်ကိုင်လျက်ရှိသော မြေယာများအတွက်

www.foreverspace.com.mm

မြေငှားဂရန်များ ထုတ်ပေးသွားနိုင်ရန် ၂၀၀၅ ခုနှစ် ဇွန်လကုန်ပိုင်းက ရှေ့နေချုပ်ရုံးမှ တရားဝင်ပြန်ကြားချက် ရရှိခဲ့သည်ဟု ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဇူလိုင်လ ၅ ရက်နေ့တွင် ကျင်းပသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါမြေငှားဂရန် ချထားပေးမှုသည် လက်ရှိမွေးမြူလုပ်ကိုင်လျက်ရှိသော မြေယာများအနက် လယ်ယာမြေကို အခြားနည်းဖြင့် လုပ်ပိုင်ခွင့် (လန/၃၉) ရရှိထားပြီးဖြစ်သည့် မြေယာများကို မြေငှားဂရန်ချထားပေးမည် ဖြစ်သည်။ ဤသို့ မြေငှားဂရန်ထုတ်ပေးမှုကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လိုအပ်သော အရင်းအနှီးရှာဖွေမှုအတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

Account Transfer ကို Import သွင်းခွင့်ပြု

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၂၀၀၅ ခုနှစ် ဩဂုတ်လမှစတင်၍ နိုင်ငံအတွင်းသို့ စီးဆင်းသည့် နိုင်ငံခြားငွေများကို အစိုးရသို့ ၁၀ ရာခိုင်နှုန်း အခွန်ဆောင်ပြီးနောက် သွင်းကုန်အခွင့်အရေးပေးသည့် မူဝါဒတစ်ရပ်ကို ချမှတ်ခဲ့သည်။

အဆိုပါမူဝါဒအရ နိုင်ငံခြား၌ တရားဝင်သွားရောက်နေထိုင်အလုပ်လုပ်ကိုင်သူများ၊ သံတော်သားများ၊ နိုင်ငံခြားငွေ တရားဝင်ရရှိသော မြန်မာတိုင်းရင်းသားပိုင် ဝန်ဆောင်မှုလုပ်ငန်းများသည် ၎င်းတို့၏ နိုင်ငံခြားဝင်ငွေကို ဘဏ်၌ တရားဝင်စာရင်းဖွင့်ခြင်းဖြင့် သွင်းကုန်အခွင့်အရေးကို ရရှိခဲ့ခြင်းဖြစ်သည်။

ယခင်က Earning အပေါ်မူတည်ပြီး အရိုးအသားခွဲခြားသည်စနစ်ဖြင့် သွင်းကုန်တင်သွင်းခွင့်ပြုခဲ့ရာ မြန်မာသွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များသည် ပြည်ပသို့ အသီးအနှံများကို အရှုံးခံရောင်းချခြင်းဖြင့် Export Earning ကို ရှာကြသည်။

ယခုမူ မြန်မာနိုင်ငံရောက် နိုင်ငံခြားငွေအားလုံးသည် သွင်းကုန်အခွင့်အရေးအတွက် အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။

ရေကြောင်းကုန်စည်အာမခံ ရက်တိုးခံစားခွင့်ပြု

ယခင်က ကုန်တင်ဆိပ်ကမ်းထွက်ခွာချိန်မှ ကုန်ချဆိပ်ကမ်းရောက်ချိန်အထိ ပျက်စီးဆုံးရှုံးမှုများကိုသာ အာမခံသော မြန်မာ့အာမခံလုပ်ငန်း၏ ရေကြောင်းကုန်စည်အာမခံစနစ်ကို ဆိပ်ကမ်းသို့ရောက်ရှိပြီး နောက်ထပ်သုံးရက်ကြာကာလအထိ အာမခံဆိုင်ရာ အကျိုးခံစားခွင့်ပြုလိုက်ကြောင်း ခေတ်မြန်မာ Weekly (Vol.3, No.3) တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်သစ်ကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှ စတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ခြွင်းချက်အနေဖြင့် အကြောင်းတစ်စုံတစ်ရာကြောင့် ပင်လယ်ပြင်တွင် ကျောက်ချရပ်နားပါက ရပ်နားချိန်သုံးရက်အထိနှင့် ဆိပ်ကမ်းကပ်ချိန်သုံးရက်စုစုပေါင်း ခြောက်ရက်တာကာလအတွင်း ပျက်စီးဆုံးရှုံးမှုကို အာမခံပေးမည်ဖြစ်ကြောင်း၊ ပင်လယ်ပြင်တွင် သုံးရက်ထက်ကျော်လွန်ရပ်နားပြီး ဖြစ်ပေါ်လာသောပျက်စီးဆုံးရှုံးမှုကို အာမခံမပေးသော်လည်း တစ်စုံတစ်ရာထိခိုက်မှုမဖြစ်မှာဘဲ ဆိပ်ကမ်းကပ်နိုင်ခဲ့လျှင် ဆိပ်ကမ်းကပ်ပြီးနောက် သုံးရက်အတွက် အာမခံအကျိုး ခံစားခွင့်ပြုမည်ဖြစ်ကြောင်း ခေတ်မြန်မာ Weekly တွင် ဖော်ပြထားသည်။

မြန်မာ့အာမခံလုပ်ငန်းသက်တမ်းတစ်လျှောက် အမြင့်မားဆုံးသော ရေကြောင်းကုန်စည်အာမခံလျော်ကြေးငွေကို ၂၀၀၅ ခုနှစ်အတွင်း နစ်မြုပ်ခဲ့သော မြစည်သူရေယာဉ်နစ်မြုပ်မှုတွင် ပါဝင်သွားသည့်ကုန်စည်တန်ဖိုးအတွက် ကျပ်ငွေ ၁၀၆ သန်းလျော်ကြေးပေးအပ်ခဲ့သည်ဟု အဆိုပါ ခေတ်မြန်မာ Weekly တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံကူးလက်မှတ် မူဝါဒသစ်

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ဝေရေးအဖွဲ့က မည်သည့်ကိစ္စအတွက်မဆို နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အချိန်တိုအတွင်း Open Door စနစ်ဖြင့် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ ထုတ်ပေးနေမည်ဖြစ်ကြောင်း ၎င်း၏မူဝါဒအသစ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ ထုတ်ပေးရာတွင် ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ကြမည့် အမျိုးသားများသာမက အသက် ၁၈ နှစ်ပြည့်ပြီး အမျိုးသမီးများကိုပါ ပြည်ပအလုပ်လုပ်ကိုင်ရန် နိုင်ငံကူးလက်မှတ်လျှောက်ထားပါက ထုတ်ပေးမည်ဟု ပါဝင်သည်။

e-Passport အမျိုးအစား နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံကူးလက်မှတ်သက်တမ်းတိုးရာတွင် Business အမျိုးအစား နိုင်ငံကူးလက်မှတ်အတွက် လျှောက်ထားကြရမည်ဖြစ်သည်။ eအမျိုးအစား နိုင်ငံကူးလက်မှတ်များကို အသစ်ထုတ်ပေးတော့မည်မဟုတ်ကြောင်း ဆိုသည်။ ဘားကုတ်များ ထည့်သွင်းထားသည့် MRP ဟု ခေါ်သော Mochine Readable Passport များအဖြစ် ပြောင်းလဲနိုင်ရေးအတွက် စီစဉ်လျက်ရှိသည်။

ဒီဇင်ဘာ ၅ ရက်နေ့က မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် နိုင်ငံကူးလက်မှတ်လျှောက်ထားပြီး ထုတ်ယူရန် အသင့်ဖြစ်သူများ ကိုယ်တိုင်လာရောက်မထုတ်ယူဘဲ ၄၅ ရက်ကျော်လွန်ပါက နိုင်ငံကူးလက်မှတ်ကို ဖျက်သိမ်းခံရမည်ဖြစ်

www.foreverspace.com.mm

ကြောင်း၊ တရားဝင်ထုတ်ပြန်ကြေညာသည်။

လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဟု မူသစ်တွင် ဖော်ပြထားသော်လည်း အသက် ၆၀ နှစ်နှင့်အထက် မကျန်းမာသူသည် ကိုယ်စားလှယ်လွှဲစာဖြင့် လျှောက်ထားနိုင်ကြောင်း တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

(The Voice Weekly Vol.2, No.1)

ထိုင်းခရီးစဉ်အတွက် Show Money

ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၏ အမိန့်သစ်ကြောင့် မြန်မာနိုင်ငံကူးလက်မှတ်အသစ်ဖြင့် ပထမဆုံး ထိုင်းနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသည်များမှာ ဇွန်လမှစ၍ Show Money အမေရိကန်ဒေါ်လာ ၅၀၀ ပါရမည်ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၅၀၀ မပါပါက လေယာဉ်ပေါ်သို့ တက်ခွင့်မပြုကြောင်း မဂ်လာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ MAI (Myanmar Airways International) လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

Show Money မပြနိုင်ပါက ဗီဇာပါရှိသည့်တိုင် ပြည်ဝင်ခွင့် မပေးဘဲ ပြန်လွှတ်လျက်ရှိသည်။ ထိုင်းနိုင်ငံ၏ ပြည်ဝင်ခွင့်ဗီဇာ အကြိမ် ၂၀ ထက် မနည်းရှိနေသော မြန်မာနိုင်ငံကူးလက်မှတ်များကို ထိုင်းလူဝင်မှုကြီးကြပ်ရေးအမှုထမ်းက Show Money မပြခိုင်းခဲ့ကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့သူ မြန်မာစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

GSM တယ်လီဖုန်း၊ အချင်းအချင်း စာသားပေးပို့သည့်စနစ်

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအတွက် တစ်မူထူးခြားသည့်ဖြစ်ရပ်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သော GSM တယ်လီဖုန်းအချင်းချင်း စာသားပေးပို့သည့်စနစ် (Short Message Service-SMS) ကို ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် စတင်အသုံးပြုနိုင်ခဲ့သည်။ ယင်းသို့ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်းကို GSM ဖုန်း ကိုင်ဆောင်သူများထံသို့ အောက်တိုဘာလ ၁ ရက်နေ့တွင် SMS ဖြင့် အကြောင်းကြားအသိပေးခဲ့သည်။ SMS ခေါ် စာသားပေးပို့လိုပါက မိမိတယ်လီဖုန်းရှိ Menu Message Setting တွင် Message Centre ကိုခေါ်ယူ၍ +9595910003 ဟူသော နံပါတ်ကို ရိုက်သွင်းထားရန် လိုအပ်သည်။

GSM **တယ်လီဖုန်းပေါ်မှ** SMS **စနစ်**

ကောဘယ်လ်ရုပ်သံဝန်ဆောင်မှု တရားမဝင်ကြောင်း ကြေညာ

ရန်ကုန်မြို့တော်ရှိ မြို့နယ်အများအပြားတွင် အသုံးများလျက်ရှိသော ကောဘယ်လ်ရုပ်သံသွယ်တန်းပြသမှုကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသဖြင့် တရားမဝင်ကြောင်း နိုဝင်ဘာ ၁၄ ရက်နေ့ ပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသော အဆိုပါရုပ်မြင်သံကြား ဖြန့်ဝေမှုနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း နိုဝင်ဘာ ၁၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ကြေညာပြီးနောက် ရန်ကုန်မြို့တော်ရှိ ကောဘယ်လ်ရုပ်သံဝန်ဆောင်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားပြီး ပေးသွင်းခဲ့သည့် ငွေကြေးများ ပြန်လည်မရရှိဘဲ ဗီဒီယိုခွေ ၄၃းရမ်းမှ ပြန်လည်မြင့်တက်ခဲ့သည်။

ဒစ်ဂျစ်တယ်စနစ်များနှင့် မြန်မာ့ဈေးကွက်

မြန်မာဈေးကွက်အတွင်း၌ ဒစ်ဂျစ်တယ်စနစ်များ တဖြည်းဖြည်း အသုံးပြုမှုများလာသည်။ ဒစ်ဂျစ်တယ်ချိန်ခွင်၊ ဒစ်ဂျစ်တယ်ကင်မရာ၊ ဒစ်ဂျစ်တယ်အသံဖမ်းစက်၊ ဒစ်ဂျစ်တယ် အပူတိုင်းကိရိယာ ဒစ်ဂျစ်တယ်ကြော်ငြာဘုတ် စသဖြင့် လူမှုအသိုင်းအဝန်း၌ ထောင့်စုံနေရာစုံတွင် တဖြည်းဖြည်း နေရာယူလာကြသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်း လာမည့်နှစ်တွင် ဒစ်ဂျစ်တယ်ရန်ကုန်ဖြစ်ရေး ကြိုးပမ်းလျက် ရှိသည်။

ထို့ပြင် ပြည်တွင်းရှိ ကုန်စည်ဒိုင်များ၊ ကုန်စုံဆိုင်များတွင်လည်း ဒစ်ဂျစ်တယ်ချိန်ခွင်အသုံးပြုလာကြသည်။ ပစ္စည်းအလေးချိန်များကို Digit ဖြင့် တိကျစွာ ဖော်ပြသည်။ အဆိုပါချိန်ခွင်သည် ဈေးကွက်အတွင်း စတင်ဝင်ရောက်လာပြီး ရက်ပိုင်းအတွင်း နှစ်ဆခန့် ရောင်းအားမြင့်တက်ခဲ့သည်။ ယခုနှစ်အတွင်း Manual စနစ်မှ Digital စနစ်သို့ ပြောင်းလဲအသုံးပြုမှု အများဆုံးမှာ ကင်မရာ ဖြစ်

www.foreverspace.com.mm

သည်။ တရုတ်နိုင်ငံထုတ် ဒစ်ဂျစ်တယ်ကင်မရာများလည်း ဈေးအနိမ့် ဖြင့် အများအပြား ဝင်ရောက်ခဲ့သည်။ အရည်အသွေးအရ အာမခံချက်မရှိသော်လည်း ထိုကဲ့သို့ အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့သည့်အတွက် ဖလင်အသုံးပြုမှုနည်းသွားပြီး၊ ကာလာဆလိုက်ဖလင်အသုံးပြုမှုမှာ မရှိသလောက် နည်းပါးသွားခဲ့သည်။

အများနှင့်ဆက်ဆံရသည့် အစိုးရရုံးဌာနများတွင် ကွန်ပျူတာစနစ်အသုံးပြုမှုများ ရှိလာသည်။ ဥပမာ–မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ မူသစ်စာအုပ်ထုတ်ယူနိုင်သော အမည်စာရင်းကို အလွယ်တကူ ရှာဖွေနိုင်ရန် စီစဉ်ထားပြီး ကိုယ်တိုင်ရှာဖွေနိုင်ရန်အတွက်လည်း ရုံးအဝင်ဝတွင် ရုပ်မြင်သံကြားမှ အချက်အလက်များ ထုတ်ပြန်ပေးလျက် ရှိသည်။ ထို့ပြင် ကွန်ပျူတာသုံး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးမည့် လုပ်ငန်းစဉ်များကို Digital Image စနစ်ဖြင့် လက်မှတ်ရေးထိုးပေးရန် စီစဉ်ခဲ့သည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရန်အတွက် ခေတ်မီဒစ်ဂျစ်တယ် စတူဒီယိုများကို တည်ထောင်ရန်နှင့် ယာဉ်မောင်းလိုင်စင်လျှောက်ထားခြင်းကို Online မှတစ်ဆင့် ဆောင်ရွက်နိုင်သည့် e-Drivinglicence စနစ်တို့ကိုလည်း သက်ဆိုင်ရာအစိုးရ ဝန်ကြီးဌာနများက စီစဉ်လျက် ရှိသည်။

ဤသို့ မြန်မာဈေးကွက်အတွင်း Digital အသုံးချမှုများ တဖြည်းဖြည်း ဝင်ရောက်လာသော်လည်း Digital နည်းပညာနှင့် အသုံးချမှု ကွာဟချက် (Digital Divide) သည် ကြီးမားလျက် ရှိနေသေးကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများအတွင်း ဖွံ့ဖြိုးဆဲ CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်) လေးနိုင်ငံအနက် မြန်မာနိုင်ငံ၏ Digital Divide သည် ကြီးမားစွာ ကျန်ရှိနေသေးကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးက ဆိုသည်။

DVD စက်များ တွင်ကျယ်

ယခုနှစ်အတွင်း အီလက်ထရွန်နစ်ပစ္စည်းများ အရောင်းအားသော်လည်း DVD စက်များ အဝယ်လိုက်ခဲ့သည်။ ယခင်က ဗီစီဒီစက်များနေရာတွင် နည်းပညာမြင့်သော ဒီဗီဒီစက်များ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဒီဗီဒီစက်များ အရောင်းသွက်ခဲ့ခြင်းမှာ မြန်မာဈေးကွက်အတွင်းသို့ ဒီဗီဒီ Version ဖြင့် ဇာတ်ကားများဝင်ရောက်လာခြင်း၊ ဒီဗီဒီစက်များကြောင့်လည်း ဒီဗီဒီဇာတ်ကားများ ပေါ်ပေါက်လာခဲ့ခြင်း စသည်ဖြင့် အပြန်အလှန်တည်မှီနေကြကြောင်း နိုင်ငံခြားရုပ်ရှင်လေ့လာသူတစ်ဦးက ဆိုသည်။ လက်ရှိဈေးကွက်အတွင်း၌ Philips, Samsung စသည်တို့ကို လူကြိုက်များကြောင်း အီလက်ထရွန်နစ်ဆိုင်များမှ စုံစမ်းသိရှိရသည်။ တရုတ်နိုင်ငံမှ ဈေးအနိမ့်ဖြင့် ဝင်ရောက်လာသည့် ဒီဗီဒီစက်များသည် အထက်ဖော်ပြပါ တံဆိပ်များနှင့် ဈေးနှုန်းအရများစွာမကွာခြားသော်လည်း၊ အရည်အသွေးအရ ကွာခြားမှုရှိခြင်းတို့ကြောင့် ထင်သလောက်မရောင်းရကြောင်း ယင်းဆိုင်များကဆိုသည်။ နိုဝင်ဘာလနှောင်းပိုင်းတွင် လေ့လာချက်အရ Samsung ဒီဗီဒီစက်တစ်လုံး၏ ဈေးမှာ ငါးသောင်းခွဲခန့် ကျသင့်ပြီး၊ တရုတ်ဒီဗီဒီစက်တစ်လုံးမှာ ကျပ်လေးသောင်းကိုးထောင်ခန့် ရှိနေခဲ့သည်။

ဤသို့ မြန်မာဈေးကွက်အတွင်း၌ DVD စက်များ တွင်ကျယ်စွာ အသုံးပြုလာကြခြင်းကြောင့် ပြည်ပ DVD ဇာတ်ကားများ အပြင် ပြည်တွင်းထုတ် DVD ဇာတ်ကား၊ သီချင်းဒီဗီဒီများလည်း အတိုင်းအတာတစ်ခုအထိ အရောင်းသွက်ခဲ့ကြောင်း စီဒီအရောင်းဆိုင်တစ်ခုထံမှ သိရသည်။

www.foreverspace.com.mm

မြန်မာဘီယာရွှေတံဆိပ်နှစ်ဆု ထပ်မံရရှိပြန်ခြင်း

ယခုနှစ်အတွင်း မြန်မာဘရူဝါရီလိမိတက်သည် ဂျာမနီနိုင်ငံတွင်ကျင်းပသည့် The Brewing Industry International Awards (BIIA) ပြိုင်ပွဲ– ၂၀၀၅ တွင် ရွှေတံဆိပ်နှစ်ခု တစ်ပြိုင်နက်တည်းရရှိခဲ့သည်ဟု ၎င်းတို့၏ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါပြိုင်ပွဲကို ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် စက်တင်ဘာလ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာဘီယာက ပုလင်းနှင့် စည်ဘီယာထုပ်ပိုးမှုပုံစံပြိုင်ပွဲ နှစ်မျိုးစလုံးတွင် ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲသည် တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ဘီယာ ၇၅၂ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း ကုမ္ပဏီမှ သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာ့စီးပွားရေးဦးပိုင်လိမိတက်နှင့် ပူးပေါင်း၍ မြန်မာဘရူဝါရီလိမိတက်သည် မြန်မာဘီယာအပါအဝင် Tiger Beer၊ ABC၊ ANCHOR၊ RA! Shandy တို့ကို ထုတ်လုပ်လျက်ရှိသည်။

Cosmics Airways နှင့် ရန်ကုန်-ခတ္တမန္ဒုခရီးစဉ်

နီပေါနိုင်ငံ ပဂ္ဂလိကလေကြောင်းလိုင်း Cosmics Airways မှ ရန်ကုန်–ခတ္တမန္ဒုခရီးစဉ်ကို ၂၀၀၅ ခုနှစ် နိုဝင်ဘာတွင် စတင်ပျံသန်းရန် စီစဉ်ခဲ့သော်လည်း မိခင်ကုမ္ပဏီမှ အခက်အခဲအချို့ကြောင့် ရန်ကုန်၊ ခတ္တမန္ဒုခရီးစဉ်ကို ပြေးဆွဲရန် အချိန်အကန့်အသတ်မရှိ ယာယီရပ်ဆိုင်းထားခဲ့သည်။ ၂၀၀၅ ခုနှစ်အတွင်း လောင်စာဆီဈေးနှုန်း မြင့်တက်လာမှုကြောင့် ပြည်ပလေကြောင်းလိုင်းများဖြစ်သည့် ထိုင်းအဲဝေး (TG)၊ မလေးရှားလေကြောင်း (MAS)၊ စင်ကာပူလေကြောင်း (Silk Air)၊ ဘန်ကောက်အဲဝေး၊ မြန်မာအဲဝေးအင်တာနေရှင်နယ် (MAI) စသည့် လေကြောင်းလိုင်းများ၏ လေယာဉ်စီးနင်းခများ တိုးမြှင့်ခဲ့သည်။ မြန်မာအဲဝေးအင်တာနေရှင်နယ် (MAI) လေကြောင်းလိုင်းမှ Code Share စနစ်ဖြင့် မလေးရှားနိုင်ငံခရီးစဉ်ကို မလေးရှားလေကြောင်း (MAS) နှင့်လည်းကောင်း၊ စင်ကာပူနိုင်ငံသို့ Jet Star Asia နှင့်လည်းကောင်း Air Lines Partner ပြုလုပ်၍ လာအိုနိုင်ငံ ဗီယန်ကျင်းသို့ (Lao Airlines)၊ ဟောင်ကောင်သို့ (Cathay Pacific)၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်သို့ Asiana Airline ဖြင့် စတင်ပျံသန်းသည်။

ထို့အတူ ဘန်ကောက်အဲဝေးမှလည်း နိုဝင်ဘာ ၂ ရက်မှ စတင်၍ ရန်ကုန်–ဂျပန် (ဟီရိရိုးမား) ခရီးစဉ်ကို တိုက်ရိုက်စတင်ပျံသန်းခဲ့သည်။

Online မှ လေယာဉ်လက်မှတ် ဝယ်ယူနိုင်သည့်စနစ်

၂၀၀၅ ခုနှစ်အတွင်း၌ ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ်များကို ဝယ်ယူခြင်း၊ ဈေးနှုန်းစုံစမ်းခြင်း၊ ခရီးစဉ်များကို လေ့လာခြင်း၊ လက်မှတ်ဝယ်ယူရန်အတည်ပြုခြင်း စသည်တို့ကို Online မှ တစ်ဆင့် ဝန်ဆောင်မှုပေးနိုင်သောစနစ်ကို စတင်ခဲ့သည်။

အဆိုပါ ဝန်ဆောင်မှုကို ပြည်တွင်းရှိ Sun Far ခရီးသွားလုပ်ငန်းကုမ္ပဏီနှင့် စင်ကာပူအခြေစိုက် Abosus ကုမ္ပဏီတို့ ပူးပေါင်း၍ ၎င်း၏အရောင်းကိုယ်စားလှယ်ဌာန ၁၈ ခုတွင် တစ်ကမ္ဘာလုံးရှိ လေယာဉ်ခရီးစဉ်များကို စုံစမ်းခြင်း၊ Booking ပြုလုပ်ခြင်း၊ လက်မှတ်ဝယ်ယူခြင်း စသည်တို့ကို Online မှ တစ်ဆင့် ဆောင်ရွက်နိုင်သည်။

အမေရိကန်သံရုံးရှေ့ ကုန်သည်လမ်းပြန်ဖွင့်

၂၀၀၁ ခုနှစ် စက်တင်ဘာ ၉ ရက်နေ့တွင် နယူးယောက်မြို့ရှိ ကုန်သွယ်မှုစင်တာနှင့် အခြားပစ်မှတ်များအား အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့ပြီးနောက် နိုင်ငံတကာရှိ အမေရိကန်ပြည်ထောင်စုသံရုံးတို့အား လုံခြုံရေးအရ အစောင့်အရှောက်များ၊ စစ်ဆေးရေးဂိတ်များ ထားရှိခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အမေရိကန်ပြည်ထောင်စုသံရုံးမျက်နှာစာ ကုန်သည်လမ်း (ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြား) ကို လုံခြုံရေးအရ အတားအဆီးများ ပြုလုပ်ထားခဲ့ရာ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှ စတင်၍ ယင်းအတားအဆီးများကို ဖယ်ရှားလိုက်သဖြင့် လူနှင့်ယာဉ်များ သွားလာနိုင်ပြီ ဖြစ်သည်။

ရန်ကုန်မြို့ ကမ်းနားလမ်း၊ ၃၉ လမ်း (အောက်ဘလောက်) နှင့် လမ်း ၄၀ (အောက်ဘလောက်)တို့ကိုမူ ဗြိတိသျှသံရုံးနှင့် ဗြိတိသျှကောင်စီတို့၏ လုံခြုံရေးအရ အတားအဆီးများ ရှိနေသေးသည့်အတွက် လူအသွားအလာများ ပိတ်ထားဆဲဖြစ်သည်။

ပြည်ပဆေးရုံ ရုံးခွဲများနှင့် ပန်းလျိုင်ဆေးရုံ

၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံဈေးကွက်သို့ ဝင်ရောက်လာသော နိုင်ငံခြားဆေးရုံများသည် ၂၀၀၅ ခုနှစ်တွင် ပိုမိုအရှိန်ကောင်းလာသည်ကို တွေ့ရသည်။ ယခင်က ဦးနှောက်အာရုံကြော၊ နှလုံးခွဲစိတ်မှု စသော မြန်မာပြည်တွင် ကုသရခက်ခဲသည့် ရောဂါများကို ပြည်ပရှိဆေးရုံများတွင် သွားရောက်ကုသကြသော်လည်း ယခုအခါတွင် နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှုများကိုပင် ပြည်ပဆေးရုံများ၌ သွားရောက်ပြုလုပ်လာကြပြီး အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်၏ ဖော်ပြချက်အရ စင်ကာပူဆေးရုံ

www.foreverspace.com.mm

တစ်ရက် ဆေးကုသမှုကုန်ကျစရိတ်
ကျပ်တစ်သိန်းဝန်းကျင်ရှိသည်

များတွင် လာရောက်ကုသသူ မြန်မာလူနာ တစ်လလျှင် ၂၀ ဦး ခန့်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာလူနာအများအပြား သွားရောက်ဆေးကုသသည့် ဘန်ကောက်ဆေးရုံကြီးမှလည်း မြန်မာလူနာများအတွက် သီးသန့်အလွှာတစ်လွှာကို အသစ်ဆောက်လုပ်မည့် ဆေးရုံကြီးတွင် ထည့်သွင်းရန်စီစဉ်လျက်ရှိရာ ထိုင်းနိုင်ငံသို့ သွားရောက်ဆေးကုသသူ မြန်မာလူနာများ မည်မျှများပြားသည်ကို မှန်းဆ၍ ရနိုင်သည်။

ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီးတွင် နှလုံးခွဲစိတ်ကုသမှုအတွက် အမေရိကန်ဒေါ်လာတစ်သောင်းခန့် ကုန်ကျနိုင်သော်လည်း စိတ်ချမ်းသာမှုအပြည့်အဝရရှိကြောင်း နှလုံးခွဲစိတ်သူလူနာတစ်ဦးက ဆိုသည်။ မြန်မာနိုင်ငံရှိ ပြည်ပဆေးရုံ ရုံးခွဲတစ်ခုမှ တာဝန်ရှိသူတစ်ဦးကမူ ဆေးရုံများတွင် မြန်မာလူနာများ ကုသမှုပိုမိုများပြားလာခြင်းသည် မြန်မာလူမျိုးများ နိုင်ငံရပ်ခြားသို့ ပိုမိုသွားရောက်မှု များပြားလာခြင်းကြောင့်ဖြစ်ကြောင်း၊ အလုပ်ကြောင့်ဖြစ်စေ၊ အလည်အပတ်ဖြင့်ဖြစ်စေ ပြည်ပသို့ သွားရောက်သူများသည် ပြည်ပတွင်ရှိနေစဉ်အတွင်း ဆေးကုသစစ်ဆေးမှုပိုမိုပြုလုပ်လာကြသည်ဟု ဆိုသည်။

နိုင်ငံတကာအဆင့်မီ ဆေးရုံဝန်ဆောင်မှုနှင့် မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် နိုင်ငံခြားသားများအတွက် ရည်ရွယ်၍ ဆေးရုံဈေးကွက်သို့ ဝင်ရောက်လာသည့် ဆေးရုံမှာ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်တွင်တည်ရှိသော ပန်းလှိုင် နိုင်ငံတကာဆေးရုံဖြစ်သည်။

၂၀၀၅ ခုနှစ် မေလတွင် ဖွင့်လှစ်ခဲ့သော ပန်းလှိုင်နိုင်ငံတကာဆေးရုံသည် ထိုင်းနိုင်ငံ ဘိုင်ရွန်ဂရုဏ်ဖဆေးရုံ၏ စီမံခန့်ခွဲမှုဖြင့် ကျပ်သန်းပေါင်း ၂၀၀၀ ခန့်အကုန်အကျခံ၍ နိုင်ငံတကာအဆင့်အတန်းမီ ဖွင့်လှစ်ထားသော ဆေးရုံဖြစ်ပြီး CEO မှာ မစ္စတာ မာတင်ပန်းဖြစ်သည်။

ပန်းလှိုင်ဆေးရုံတွင် ဆေးကုသရန်အတွက် တစ်ရက်ကုန်ကျငွေမှာ ကျပ်တစ်သိန်းဝန်းကျင်ဖြစ်သဖြင့် ဆေးရုံဖွင့်လှစ်ချိန်မှ ယခုအချိန်ထိ လာရောက်ကုသသူ မြန်မာ၊ နိုင်ငံခြားသား လူနာ ၂၀၀၀ ခန့် ရှိပြီဖြစ်သည်ဟု မစ္စတာ မာတင်ပန်းက ပန်းလှိုင်ဆေးရုံ၏ ဆွေးနွေးပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

ပန်းလှိုင်ဆေးရုံ စတင်ဖွင့်လှစ်စဉ်က ကံစမ်းမဲ ပူးတွဲပါဝင်သောကြော်ငြာတွင် ဆရာဝန်အစစ်များနှင့် ထည့်သွင်းကြော်ငြာထားသဖြင့် အဆိုပါကြော်ငြာများကြောင့် မြန်မာနိုင်ငံ ဆရာဝန်လောကတွင် ဆရာဝန်များဖြင့် ကြော်ငြာခွင့် ရှိမရှိ ဝေဖန်မှုများ ဂယက်ရိုက်ခတ်သွားခဲ့သည်။

အထူးသဖြင့် ရန်ကုန်ဆေးတက္ကသိုလ် (၁) ၏ ပါမောက္ခချုပ်ဟောင်း ဒေါက်တာလှမြင့်ကိုပါ ကြော်ငြာထည့်သွင်းရိုက်ကူးထားရာ ဆရာဝန်ကြီး ဒေါက်တာလှမြင့်အား မေလ ၅ ရက်နေ့တွင် သတင်းစာများတွင် ခွင့်ပြုချက်ထက်ကျော်လွန်၍ ကံစမ်းမဲကိစ္စနှင့် မှားယွင်းစွာ ပူးတွဲဖော်ပြမိသည့်အတွက် ပန်းလှိုင်ဆေးရုံမှ တောင်းပန်ကြောင်း ကြော်ငြာများထည့်သွင်းခဲ့သည်ကို တွေ့ရသည်။

ကျန်းမာရေးဝန်ဆောင်မှုဈေးကွက်တွင် နိုင်ငံခြားဆေးရုံများနှင့် ပန်းလှိုင်ဆေးရုံတို့ ထိုးဖောက်လာခြင်းအပေါ် မြန်မာနိုင်ငံပုဂ္ဂလိကဆေးခန်းများအနေဖြင့် အကျိုးသက်ရောက်မှုရှိမရှိ မေးမြန်းခဲ့ရာတွင် အင်းစိန်မြို့ရှိ သီရိစန္ဒာအထူးကုဆေးခန်းပိုင်ရှင် ဦးတင်မြင့်က ယင်းဆေးရုံများကြောင့် ပုဂ္ဂလိကဆေးခန်းများအား မထိခိုက်နိုင်ကြောင်း၊ ပြည်ပတွင်သွားရောက်၍ ဆေးကုသသူများနှင့် ပြည်တွင်းရှိ ပုဂ္ဂလိကဆေးခန်းများတွင် လာရောက်ကုသသူများမှာ သီးခြားစီရှိကြောင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ လက်ရှိပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် စီးပွားရေးဝေါဟာရဖြင့်ပြောရလျှင် Supply နှင့် Demand

www.foreverspace.com.mm

မမျှသည့်အတွက် ဝန်ဆောင်မှု မည်မျှပင်အားနည်းသော်လည်း ပုဂ္ဂလိကအထူးကုဆေးခန်းတိုင်း လူနာများပြည့်ကျပ်လျက်ရှိနေသည်။ ယခုကဲ့သို့ အဆင့်မြင့်ဆေးရုံကြီးများ ပေါ်ပေါက်လာသည့်အတွက် လောလောဆယ် ငွေကြေးတတ်နိုင်သူများကိုသာ ဈေးကွက်ပစ်မှတ်ထားနေသေးသော်လည်း မကြာမီ လူလတ်တန်းစားနှင့် အခြေခံလူတန်းစားတို့ကို ပစ်မှတ်ထားသည့် Economy ဖြစ်သော ပုဂ္ဂလိကဆေးရုံကြီးများ ပေါ်ပေါက်လာနိုင်ပေသည်။ ယင်းအချိန်တွင် ဈေးကွက်တွင် အစောပိုင်းကာလကတည်းက နေရာဦးပြီးသား ပုဂ္ဂလိကဆေးခန်းကြီးများအနေဖြင့် ဝန်ဆောင်မှု ဦးစားပေး ဝင်ရောက်လာမည့်အသစ်ဝင်ရောက်လာမည့်ပြိုင်ဘက်များကို ဈေးကွက်ဝေစုများစွာ ခွဲဝေပေးလိုက်ရဖွယ်ရှိမည်ဟု ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

ခရီးသည်တင်ဘတ်စ်ကားအားလုံး CNG ပြောင်းသွားမည်ဟုဆိုသည်

CNG သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်

မော်တော်ယာဉ်များ CNG သဘာဝဓာတ်ငွေ့ ပြောင်းလဲအသုံးပြုခြင်း

၂၀၀၅ ခုနှစ်အတွင်း မထသခရီးသည်တင် မော်တော်ယာဉ် ၁၀၃၆ စီးကို CNG (Compressel Netural Gas) ယာဉ်အဖြစ် ပြောင်းလဲသုံးစွဲခဲ့သည်။ CNG ပြောင်းလဲသောယာဉ်များအတွက် ဘဏ်ချေးငွေ သန်းရှစ်ထောင်ကို ယခုနှစ်အတွင်း မထသကချေးယူကာ CNG သုံးအင်ဂျင်အဖြစ် ပြောင်းလဲတပ်ဆင် အသုံးပြုမည့် ကုန်ကျစရိတ်အတွက် စိုက်ထုတ်ပေးခဲ့ကြောင်း၊ အဆိုပါသန်းရှစ်ထောင်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျပ်သန်းခုနစ်ထောင်နှင့် မြဝတီဘဏ်တွင် ကျပ်သန်းတစ်ထောင် ချေးယူရာ၌ မထသပိုင်မြေကို အပေါင်ထား၍ ချေးယူကြောင်း The Voice Weekly Vol.2/No.3 တွင် ဖော်ပြထားသည်။

ထို့ပြင် ရန်ကုန်မြို့တွင်း ကပရ၊ မထသ၊ ငြိမ်းချမ်းရေး၊ ပါရမီ စသည့် ခရီးသည်တင်မော်တော်ယာဉ်အသင်း ၁၃ သင်းသည် ယာဉ်လိုင်းအလိုက် တစ်လိုင်းလျှင် ယာဉ်နှစ်စီးနှုန်း သတ်မှတ်ကာ CNG ပြောင်းလဲတပ်ဆင်ရကြောင်း၊ မထသလက်အောက်ရှိ CNG ပြောင်းလဲမည့် ကုန်ကျစရိတ်အတွက် တစ်လလျှင် ကျပ်ငါးသောင်းပေးသွင်းကာ သုံးနှစ်စီမံကိန်း သတ်မှတ်ထားကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲနေသော သဘာဝဓာတ်ငွေ့သုံးယာဉ်များအတွက် စွမ်းအင်ဝန်ကြီးဌာနမှ CNG အရောင်းဆိုင် ရှစ်ဆိုင်ကို ၂၀၀၅ ခုနှစ်အတွင်း ဖွင့်လှစ်ခဲ့ပြီး နောက်ထပ် ၁၇ ဆိုင် ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း မထသမှ သိရသည်။

မထသ လျော်ကြေးငွေ

မထသစီမံမှုအောက်ရှိ ခရီးသည်တင်ယာဉ်များ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် အသက်ဆုံးရှုံးရသော ခရီးသည်တစ်ဦးကို ကွယ်လွန်မှုအတွက် နာရေးကူညီထောက်ပံ့ကြေးငွေ ကျပ်သုံးသိန်းပေးအပ်ခဲ့ကြောင်း၊ မထသနာရေးကူညီထောက်ပံ့မှု

www.foreverspace.com.mm

အတွက် တစ်နှစ်လျှင် ကျပ်သိန်း ၁၂၀ ကို ထောက်ပံ့ပေးမည်ဟု သတ်မှတ်ထားကြောင်း၊ နာရေးကူညီထောက်ပံ့ငွေကို တစ်နှစ်လျှင် သေဆုံးသူဦးရေ ၄၀ ဦးခန့်မှန်း၍ တစ်ဦးလျှင် ကျပ်သုံးသိန်းနှုန်း ထောက်ပံ့ပေးသွားရန် သတ်မှတ်ထားကြောင်း၊ ၂၀၀၄ ခုနှစ်တွင် သေဆုံးသူဦးရေ ၂၇ ဦး ထောက်ပံ့ပေးခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် သေဆုံးသူဦးရေ ၂၂ ဦးကို နာရေးကူညီထောက်ပံ့ငွေ ပေးအပ်ခဲ့ကြောင်း The Voice Weekly Vol.1/No.52 တွင် ဖော်ပြထားသည်။

လျော်ကြေးငွေပေးအပ်ခြင်းအပြင် မော်တော်ယာဉ်မတော်တဆ ထိခိုက်မှုများ ဖြစ်ပွားရာ၌ အခြားယာဉ်တစ်စီးမှ မထသယာဉ်အား ဝင်တိုက်၍ သေဆုံးမှုဖြစ်ပွားသည့်အခါတွင်လည်း လျော်ကြေးငွေပေးအပ်ကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ အတွင်းရေးမှူး ဦးမြတ်လှက ဆိုသည်။

ခရီးသည်တင်ယာဉ်လိုင်းများ၏ ယာဉ်စီးခအပြောင်းအလဲ

ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲနေသော ခရီးသည်ယာဉ်လိုင်းအားလုံး ယာဉ်စီးခများ တိုးမြှင့်ကောက်ခံမည်ဟု အောက်တိုဘာ ၁၉ ရက်နေ့ မထသရုံး၌ ပြုလုပ်သည့် အစည်းအဝေးတွင် အတည်ပြုသတ်မှတ်လိုက်သည်။ ခရီးစဉ်များ၏ အကွာအဝေးအရ မိုင် ၂၀ အတွင်း ခရီးကို မြို့တွင်းအဖြစ် သတ်မှတ်ပြီး မိုင် ၂၀ ကျော်လျှင် မြို့ပြင်ခရီးအဖြစ် သတ်မှတ်ခဲ့သည်။

ဇီဝလောင်စာ စမ်းသပ်ထုတ်လုပ်မှု

၂၀၀၅ ခုနှစ်အတွင်း၌ ပြည်တွင်းစက်သုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်နှင့် လောင်စာအခက်အခဲကို ဖြေရှင်းနိုင်ရန် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းသည် ပြည်တွင်းဆီအုန်းဆီကြမ်းမှ ဇီဝဒီဇယ်ဆီစမ်းသပ်ထုတ်လုပ်ခဲ့ရာ ဓာတ်ခွဲခန်းအဆင့် အောင်မြင်ခဲ့ခြင်းကိုလည်း မှတ်တမ်းတင်ရမည်ဖြစ်သည်။

ဇီဝလောင်စာစက်သုံးဆီရရှိရေးအတွက်လည်း ပြည်နယ်နှင့် တိုင်းများတွင် မြန်မာ့စိုက်ပျိုးလုပ်ငန်းနှင့် ပုဂ္ဂလိကစိုက်ပျိုးလုပ်ကိုင်မှုများ ပူးပေါင်းပြီး ကြက်ဆူပင်ဧကတစ်သိန်း စိုက်ပျိုးမည် ဖြစ်သည်။ ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးမဟာဗျူဟာ(ACMECS) အဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံတွင် ထိုင်းနိုင်ငံက အကြီးစားကန်ထရိုက်လယ်ယာလုပ်ငန်းများ လုပ်ကိုင်ပြီး ထွက်ရှိသော သီးနှံများကို ထိုင်းနိုင်ငံက ပြန်လည်ဝယ်ယူတင်သွင်းကာ ရေနံအစားထိုး ဇီဝလောင်စာများ ထုတ်လုပ်သွားမည် ဖြစ်သည်။ ထို့ပြင် တိရစ္ဆာန်များ၏ အညစ်အကြေးမှ စွမ်းအင်ထုတ်ယူသည့် ဇီဝဓာတ်ငွေ့ပေါင်းအိုးများ ပြည်တွင်းဈေးကွက်အတွင်း၌ အသုံးပြုသူ ယခင်ကထက်များပြားလာသည်မှာလည်း ယခုနှစ်၏ ထူးခြားချက်တစ်ရပ်ဖြစ်သည်။ ယင်းဇီဝဓာတ်ငွေ့သုံးလောင်စာဖြင့် ထမင်းချက်ပြုတ်ခြင်း၊ မီးအိမ်နှင့်ချိတ်ဆက်၍ မီးထွန်းခြင်းအပြင် ဓာတ်ငွေ့ကုန်ခန်းသွားသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝဓာတ်မြေဩဇာအဖြစ် သီးနှံစိုက်ခင်းများတွင် ပြန်လည်အသုံးပြုနိုင်ကြောင်း TAS. Co., Ltd. ထံမှ သိရသည်။

အောင်ဘာလေထီ သိန်း ၅၀၀ ဆု

ယခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်သော (၂၀၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုများမှစတင်၍ သိန်း ၅၀၀ ဆုသို့ တိုးမြှင့်ပေးခဲ့သည်။

ကျပ်သိန်း ၅၀၀ ဆုတစ်ခုပါဝင်သည့် အောင်ဘာလေထီလက်မှတ်များကို တစ်စောင်လျှင် ယခင် ကျပ် ၅၀ မှ၁၀၀ ကျပ်သို့ တိုးမြှင့်၍ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ရောင်းချခဲ့သည်။ အဆိုပါထီလက်မှတ်များကို အကွာရာ ၂၄ လုံး စတင်ထုတ်ဝေရောင်းချပြီး အုပ်ရေများအပြည့်အဝကုန်စင်အောင်ရောင်း ချရပါက ၁၀၀ကျပ်တန် ထီလက်မှတ်များမှ ကျပ်သိန်း ၅၀၀ ဆုမှစကာ ကျပ်နှစ်သောင်းဆုအထိ (စုစုပေါင်း ၁၅၈၂၄ ဆု) ဆုမဲများကို ရရှိနိုင်မည်ဖြစ်သည်။ အကွာရာစုံ ၂၄ ရွက်ပါ မင်္ဂလာစုံတွဲတစ်တွဲ ပေါက်ခဲ့ပါက အကွာရာနှင့် ဂဏန်းခြောက်လုံး အစဉ်လိုက်တူသော လက်မှတ်မှ ပထမဆု ကျပ် ၁၀၀ သိန်း ရရှိပြီးကျန် ၂၃ စောင်မှ အကွာရာလွဲပြီး ဂဏန်းခြောက်လုံး အစဉ်လိုက်တူသည့်အတွက် တစ်စောင်လျှင် ကျပ် ၁၀ သိန်းစီဖြင့် ၂၃ စောင်အတွက် ကျပ် ၂၃၀ သိန်း စုစုပေါင်း ကျပ် ၃၃၀သိန်း ရယူခံစားနိုင်သည်။ ထီအကြိမ် တစ်ကြိမ်အတွင်း ထီလက်မှတ်တစ်စောင်တည်းဖြင့် ဆုမဲအမျိုးမျိုးပေါက်ခဲ့ပါကလည်း ဆုမဲများအားလုံး ခံစားခွင့်ရှိသည်။ ယခုစတင်လိုက်သော အောင်ဘာလေထီစနစ်သစ်သည် ယခင် ပုဂ္ဂလိကထီဆိုင်များမှ စတင်ကျင့်သုံးခဲ့သောစနစ်အတိုင်းဖြစ်ပြီး ယင်းစနစ်အရ ထီပေါက်ခဲ့ပါက အနည်းဆုံးငွေကျပ် နှစ်သောင်း ရရှိမည်ဖြစ်သည်။

(၂၀၃)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် ကျပ်သိန်း ၅၀၀ ၏ပထမဆုံးကံထူးရှင်မှာရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ဒေါ်နီလာဖြစ်သည်။

အယ်ဒီတာအဖွဲ့

■

www.foreverspace.com.mm

၂၀၀၅ ခုနှစ် မှတ်တိုင်များ

၂

လူမှုရေး

အယ်ဒီတာအဖွဲ့

အခြေခံပညာကဏ္ဍ

၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အခြေခံပညာအထက်တန်းကျောင်း ၁၉၆၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂၆၀၄ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၅၅၄၅ ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ၃၀၄၃၄ ကျောင်း စုစုပေါင်းအရေအတွက် ၄၀၅၄၅ ကျောင်း ဖွင့်လှစ်ထားပြီး ဆရာဆရာမအရေအတွက် ၂၄၁၈၅၄ ဦးက ကျောင်းသူကျောင်းသား ၇၇၉၉၀၅၃ ဦးကို သင်ကြားပို့ချပေးလျက်ရှိသည်။ အခြေခံပညာကျောင်းအမျိုးအစားအလိုက် ဆရာဆရာမနှင့် ကျောင်းသူကျောင်းသားဦးရေကို ဇယားဖြင့် ဖော်ပြထားသည်။

ယင်းတို့အနက် မူလတန်းအဆင့် ဆရာနှင့် ကျောင်းသားအချိုးမှာ ၁း၃၂၊ အလယ်တန်းအဆင့် ဆရာနှင့် ကျောင်းသားအချိုး ၁း၃၇၊ အထက်တန်းအဆင့် ဆရာနှင့်ကျောင်းသားအချိုး ၁း၃၁ အသီးသီးရှိပြီး ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မူလတန်းအဆင့် သူငယ်တန်းကျောင်းဝင်မှုနှုန်းမှာ ၉၇.၅၈ ရာခိုင်နှုန်းရှိကြောင်း အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

၂၀၀၅ ခုနှစ်အတွင်း Multimedia စာသင်ခန်းများ ထားရှိသည့် အခြေခံပညာကျောင်း ၁၆၅၇ ကျောင်းရှိပြီး အဝေးသင် တက္ကသိုလ်ကျောင်းသားများအတွက်ပါ အထောက်အကူပြုသည့် e-Education Learning Center အခြေခံပညာကျောင်း ၅၅၂ ကျောင်း ဖွင့်လှစ်ထားရှိသည်။

၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ အခြေခံပညာကဏ္ဍအတွက် ထူးခြားသည့် မှတ်တိုင်တစ်ရပ်မှာ လူတိုင်းအကျုံးဝင်ပညာရေးစနစ်ကို စတင်အကောင်အထည်ဖော်လိုက်ခြင်းပင် ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးများ ကျောင်းဝင်ကျောင်းနေလာရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သူကလေးများ (ဥပမာ–မျက်မမြင်၊ နားမကြား၊ ကိုယ်ကာယနှင့် စိတ်ဉာဏ်ရည်ချို့ယွင်းသူများ၊ လူမှုဆက်ဆံရေးနှင့် ဘာသာစကားကွဲပြားသူများ၊ လူမှုစီးပွားရေးကြောင့် ကျောင်းမတက်နိုင်ဘဲ အလုပ်လုပ်နေရသူများ၊ HIV/AIDS ရောဂါစွဲကပ်နေသူများနှင့် ရောဂါရှိသူ၏ မိသားစုဝင်များ၊ အမြဲရွှေ့ပြောင်းနေထိုင်ရသူ မိသားစုဝင်များ၏ ကလေးများ စသည်တို့)ကို ကျောင်းတက်ရောက်နိုင်ရန် လက်ခံစီစဉ်ပေးခြင်း ဖြစ်သည်။ လက်ရှိမသန်စွမ်းအထူးကျောင်းများမှ အဆိုပါကျောင်းသားကလေးငယ်များအား အခြေခံပညာကျောင်းများတွင်

၂၀၀၅ ခုနှစ် အခြေခံပညာ ဆရာနှင့် ကျောင်းသားအရေအတွက်ပြဇယား

ကျောင်းအမျိုးအစား	ဆရာဦးရေ	ကျောင်းသားဦးရေ
အထက်တန်း	၂၁၂၄၃	၆၅၇၉၅
အလယ်တန်း	၅၇၀၀၉	၂၀၆၄၅၈၉
မူလတန်း	၁၆၃၆၀၂	၅၀၇၆၄၈၂
စုစုပေါင်း	၂၄၁၈၅၄	၇၇၉၉၀၅၃

www.foreverspace.com.mm

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

ပေါင်းစည်းသင်ကြားမှုအစီအစဉ်အဖြစ် ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၁၂ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၉၆ ဦး တက်ရောက်သင်ကြားနေလျက်ရှိပြီ ဖြစ်သည်။

ထို့အပြင် မွေးရာပါလက်နှစ်ဖက်နှင့် ခြေထောက်တစ်ဖက် မသန်စွမ်းချို့တဲ့သူ မစုပုံချစ်သည် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို အ.ထ.က(၃) လိုင်းသာယာတွင် ပညာကြိုးစားသင်ယူပြီး ဖြေဆိုခဲ့ရာ သခ်ၤာ၊ ဓာတု၊ ရူပ၊ ဇီဝ လေးဘာသာဂုဏ်ထူးဖြင့် နှစ်ချင်းပေါက် အောင်မြင်ခဲ့ခြင်းသည်လည်း ထူးခြားချက်တစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ မူလတန်းပညာရေးစနစ်ပြောင်းလဲပြဋ္ဌာန်းရန် ခြေလှမ်းသစ်အဖြစ် ကလေးဗဟိုပြုချဉ်းကပ်နည်း မြှင့်တင်ရေး ဆိုင်ရာစီမံချက် (SCCA)ကို ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန (DEPT)နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စတင်အကောင်အထည်ဖော်ခဲ့သည်။ မူလတန်းအဆင့် အခြေခံ ပညာရေးတွင် အရိုးစွဲနေခဲ့သည့် ဆရာဗဟိုပြုသင်ကြားနည်း (TCA)ခေါ် မှတ်ဉာဏ်ကိုအသုံးပြု၍ အလွတ်ကျက်မှတ်စေသော နည်းမှ ကလေးများ၏ တုံ့ပြန်နိုင်စွမ်းဗီဇနှင့် စွမ်းဆောင်ရည်ကို အခြေခံ၍ ကလေး၏ ကြိုးစားအားထုတ်မှုမှတစ်ဆင့် ပြဿနာ ဖြေရှင်းနိုင်ခြင်း၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်မြှင့်တင်ခြင်းတို့ဖြင့် တိုးတက်အောင်ပြုလုပ်နည်းဖြစ်သည့် ကလေးဗဟိုပြုချဉ်းကပ် နည်း (CCA) ကို ပြောင်းလဲရန်အတွက် SCCA စီမံချက်ကို ကြို့ပင်ကောက်၊ ချမ်းမြသာစည်၊ ချမ်းအေးသာဇံ၊ စစ်ကိုင်း၊ ဒလ၊ ပြည်၊ မိတ္ထီလာ၊ မုံရွာ၊ ရန်ကင်း၊ လှည်းကူး၊ သင်္ကန်းကျွန်း စသည့် မြို့နယ် ၁၁ မြို့နယ်၌ အကောင်အထည်ဖော်ခဲ့သည်။ DEPT နှင့် JICA တို့ ပူးပေါင်းကောက်ယူချက် စစ်တမ်းတွင် မန္တလေးတိုင်း၊ ချမ်းအေးသာဇံ မြို့နယ်သည် CCA သင်ရိုး အောင်မြင်မှုအရရှိဆုံး မြို့နယ်ဖြစ်ကာ ရန်ကင်းမြို့နယ်သည် အားအနည်းဆုံးဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အဆင့်မြင့်ပညာကဏ္ဍ

၂၀၀၅ ခုနှစ်အတွင်း ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၆၄ ခု၌ ဆရာ ဆရာမ ၁၀၂၅၄ ဦးက ကျောင်းသူ ကျောင်းသား ၇၀၅၇၈၄ ဦးကို အဆင့်မြင့်ပညာ သင်ကြားပို့ချလျက်ရှိကြောင်း အစိုးရ၏ တရားဝင် ထုတ်ပြန်ချက်များအရ သိရသည်။ ၂၀၀၅ ခုနှစ် အဆင့်မြင့် ပညာကဏ္ဍ၏ ထူးခြားချက်တစ်ရပ်မှာ ဒဂုံတက္ကသိုလ်နှင့် ကျောက်ဆည်တက္ကသိုလ်တို့တွင် အားကစားနည်းပညာ အထူးပြု ဘာသာရပ်ကို ပထမဦးဆုံး လက်ခံသင်ကြား ပို့ချခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်တစ်ခုတွင် ကျောင်းသားဦးရေ ၅၀ စီသာ လက်ခံပြီး သင်တန်းကာလ သုံးနှစ်ပြီးဆုံးသွားပါက ဝိဇ္ဇာဘွဲ့ (အားကစားနည်းပညာ)ကို ချီးမြှင့်မည်ဖြစ်သည်။

၂၀၀၅ ခုနှစ်အတွင်း အဆင့်မြင့်ပညာဦးစီးဌာနများ လက်အောက်ရှိ တက္ကသိုလ် ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ ပထမဘွဲ့အရေအတွက် ၅၄ မျိုး၊ ဒီပလိုမာအရေအတွက် ၂၂ မျိုး၊ ဂုဏ်ထူးတန်းအရေအတွက် ၃၀ မျိုး၊ မဟာဘွဲ့အရေအတွက် ၄၁ မျိုး၊ မဟာသုတေသနဘွဲ့အရေအတွက် ၂၄ မျိုး၊ ပါရဂူဘွဲ့ ၂၁ မျိုးတို့ကို တိုးမြှင့်သင်ကြားလျက်ရှိကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာစကား သင်ယူလေ့လာသူများအတွက် သီးသန့်ဌာနတစ်ခုအဖြစ် အမျိုးသားအင်္ဂလိပ်ဘာသာစကား လေ့ကျင့်သင်ယူမှုဌာနကို ရန်ကုန်တက္ကသိုလ်နယ်မြေမာလာဆောင်၌ တည်ထောင်ဖွင့်လှစ်လိုက်ခြင်းသည်လည်း ၂၀၀၅ ခုနှစ် အဆင့်မြင့် ပညာကဏ္ဍ၏ ထူးခြားမှု ဖြစ်သည်။ အဆိုပါဌာနသို့ ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနအစီအစဉ်ဖြင့် အင်္ဂလိပ်စာ ဌာနမှ တာဝန်ယူဖွင့်လှစ်လျက်ရှိသော Global English သင်တန်း များနှင့် ယမန်နှစ်က ဖွင့်လှစ်ခဲ့သော အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်၏ B.A (English for Professional Purposes) သုံးနှစ် သင်တန်းများကို လောလောဆယ် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ပါရဂူဘွဲ့

အဆင့်မြင့်ပညာကဏ္ဍတွင် အမြင့်ဆုံးဘွဲ့ ဒီဂရီဖြစ်သည့် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ရရှိသူတစ်ဦးအပါအဝင် ပါရဂူဘွဲ့

www.foreverspace.com.mm

နာမည်ကျော် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ

ရရှိသူအရေအတွက် ၂၆၃ ဦးကို ၂၀၀၅ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်က မွေးထုတ်ချီးမြှင့်ခဲ့ခြင်းသည်လည်း ထူးခြားသည့်မှတ်တိုင်တစ်ရပ်ပင် ဖြစ်သည်။ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့သော ရန်ကုန်တက္ကသိုလ်၏ (၁၀၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါမောက္ခဌာနမှူး ဒေါ်ခင်သိန်းကို ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor of Letters (Honories Causa) ကို ချီးမြှင့်အပ်နှင်းခဲ့သည်။ ယင်းဘွဲ့နှင်းသဘင်တွင် ပါရဂူဘွဲ့ ရရှိသူအရေအတွက် ၂၆၃ ဦးအနက် အရေအတွက် ၁၈၂ ဦး မှာ ရူပဗေဒဘာသာရပ် အထူးပြုဖြင့် ပါရဂူဘွဲ့ရရှိကြသူများ ဖြစ်သည်။

အဆင့်မြင့်ပညာဦးစီးဌာနများလက်အောက်၌ ပါရဂူဘွဲ့ သင်တန်းများကို ပုံမှန်သင်တန်းများအပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများသာမက ပြင်ပပညာရှင်များအတွက်ပါ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၀၅ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်၌ အရေအတွက် ၂၁၃၅ ဦး၊ မန္တလေးတက္ကသိုလ်၌ အရေအတွက် ၇၃၀ ဦး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ အရေအတွက် ၅၁ ဦး၊ ရန်ကုန်ပညာရေးတက္ကသိုလ်၌ အရေအတွက် ၂၆ ဦး စုစုပေါင်း သင်တန်းသားအရေအတွက် ၂၉၄၂ ဦး ပညာသင်ကြားလျက်ရှိကြောင်း အစိုးရ၏ထုတ်ပြန်ချက်များက ဆိုသည်။

Web Based Teaching System (သို့မဟုတ်) ပြည်တွင်း Online ဘွဲ့လွန်ပညာရေးစနစ်

ရန်ကုန်တက္ကသိုလ် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနတွင် ၂၀၀၅ ခုနှစ်အတွင်း မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)] နှင့် ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာ [Diploma in Computer Science(DCS)] တို့ကို Web Based Teaching System ကိုအသုံးပြု၍ Online မှ တစ်ဆင့် ပထမဦးဆုံး သင်ကြားနိုင်ခဲ့ခြင်းသည်လည်း အဆင့်မြင့်ပညာကဏ္ဍအတွက်သာမက ပညာရေးကဏ္ဍကြီးတစ်ခုလုံးအတွက် ထူးခြားသည့်မှတ်တိုင်သစ်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့သည့် အဆိုပါ M.Sc (Computer Science) သင်တန်းသို့ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာရရှိပြီးသူများ (သို့မဟုတ်) တက္ကသိုလ် တစ်ခုခုမှ မဟာဘွဲ့ဆက်တက်ရန် အရည်အချင်းပြည့်မီသော ဘွဲ့ရထားသူများ တက်ရောက်နိုင်ကြပြီး သင်တန်းကာလမှာ အနည်းဆုံး ၂ နှစ်ဖြစ်ကာ Module ၁၆ ခု သင်ယူရမည်ဖြစ်သည်။ ဒွန်လဆန်းတွင် ထပ်မံမိတ်ဆက်လာခဲ့သည့် DCS သင်တန်းတွင်မူ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ တက်ရောက်နိုင်ပြီး သင်တန်းကာလမှာ တစ်နှစ်ဖြစ်ကာ Module ရှစ်ခုသင်ယူရမည် ဖြစ်သည်။

အဆိုပါသင်ကြားရေးစနစ်အတွက် သင်ကြားမည့်သင်ခန်းစာများ၊ Assignment များ၊ Tutorial များကို www.wbts.com.mm Website တွင် ထည့်သွင်းထားရှိမည်ဖြစ်ပြီး သင်တန်းသားများသည် မိမိတို့အဆင်ပြေမည့်နေရာတွင် အင်တာနက်မှတစ်ဆင့် သင်ခန်းစာများကို လေ့လာဖတ်ရှုခြင်း၊ Assignment များ ပြုလုပ်ခြင်း၊ Tutorial များ ဖြေဆိုခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။ သင်တန်းကာလကို ၂ နှစ်နှင့် တစ်နှစ်ဟု အသီးသီးသတ်မှတ်ထားသော်လည်း သင်တန်းသား၏ ရွေးချယ်မှုနှင့် ဖြေဆိုမှုအပေါ်မူတည်၍ ပိုမိုကြာမြင့်နိုင်သည်။

စာမေးပွဲဖြေဆိုလိုပါက ဖြေဆိုမည့် Module နှင့် နေ့ရက်၊ အချိန်တို့ကို နှစ်ပတ်ကြိုတင်၍ လျှောက်လွှာတင် ရမည်ဖြစ်ပြီး Administrator က စီစဉ်ဆောင်ရွက်ပေးကာ ဖြေဆိုမည့်နေ့၊ အချိန်နှင့် စာဖြေဌာနကို အကြောင်းပြန်ကြားမည်ဖြစ်သည်။ စာဖြေဌာနသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ အင်တာနက် ချိတ်ဆက်မှုရှိသော တက္ကသိုလ်တစ်ခုခုသော်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မှ အသိအမှတ်ပြုထားသော အင်တာနက်ချိတ်ဆက်မှုရှိသည့် နေရာတွင်လည်းကောင်း ဖြစ်နိုင်သည်။ စာမေးပွဲကို သတ်မှတ်ထားသောနေ့၊ အချိန်နှင့်နေရာတွင် အင်တာနက်မှတစ်ဆင့်ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုချိန်မှာ သုံးနာရီဖြစ်သည်။ Administrator က စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ဖြေဆိုရာ

www.foreverspace.com.mm

တွင် သုံးမည့်ကွန်ပျူတာကို ကွန်ပျူတာသိပ္ပံပညာဌာန၏ Server သို့သာ ချိတ်ဆက်ထားမည်ဖြစ်သည်။

အဆိုပါ Web Based Teaching System ကို ကမ္ဘာတစ်ဝန်းတွင် အသုံးပြုလျက်ရှိကြပြီး စာသင်ခန်းများတွင် သတ်မှတ်ချိန်အတိုင်း တက်ရောက်မသင်ယူနိုင်သူများ၊ အလုပ်ခွင်မှ မိမိအစီအစဉ်ဖြင့် ပညာဆက်လက်ဆည်းပူးလိုကြသူများအတွက် များစွာ အဆင်ပြေစေသည့်အပြင် မြန်မာနိုင်ငံ၏ ICT နယ်ပယ်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုသည့်စနစ် ဖြစ်သည်။ အဆိုပါစနစ်၏ Website နည်းပညာပံ့ပိုးမှုအပိုင်းကို Inforithm-Maze က တာဝန်ယူထားခြင်းဖြစ်သည်။ www.wbts.com.mm Website မှတစ်ဆင့် Online မှ ကျောင်းဝင်ခွင့်လျှောက်ထားနိုင်သော်လည်း သင်တန်းကြေးနှင့် စာမေးပွဲကြေးတို့ကိုမူ သက်ဆိုင်ရာဌာနသို့ ကိုယ်တိုင်သွားရောက် ပေးသွင်းရမည်ဖြစ်သည်။

Online **မှ သင်ယူနိုင်သည့်** www.wbts.com.mm Website

နိုင်ငံတကာ ပညာရေးစျေးကွက် အခြေအနေ

နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်များမှ လာရောက်ပြုလုပ်သော ပညာရေးဟောပြောပွဲများ မကြာခဏပြုလုပ်ခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ နိုင်ငံတကာသို့ သွားရောက်ပညာသင်ယူလိုသူများကို ဝန်ဆောင်မှုပေးနေသည့် ပညာရေးအေဂျင်စီများ၏ စျေးကွက်မှာ ယခင်နှစ်များထက် အနည်းငယ် အေးစက်သွားခဲ့သည်ဟု ပညာရေးစျေးကွက်ကျွမ်းကျင်သူတို့က သုံးသပ်ကြသည်။

ထိုသို့အေးစက်သွားရခြင်းမှာ ဟိုတယ်ခန်းမကြီးများတွင် ပုံမှန်ပြုလုပ်နေကျ ဗြိတိန်ပညာရေးပြပွဲကဲ့သို့ ပြပွဲကြီးများမရှိခြင်းနှင့် အရင်းအနှီးကြီးမားသော နိုင်ငံခြားတက္ကသိုလ်များ၏ ပညာရေးကို လက်လှမ်းမီသူမှာ လူနည်းစုသာဖြစ်နေခြင်းတို့ကြောင့်ဖြစ်သည်ဟု ပညာရေးစျေးကွက်ထံမှ သိရသည်။

ထို့ပြင် မြန်မာကျောင်းသားများမှာလည်း အရည်အသွေးမြင့်မားပြီး စရိတ်စကကြီးမြင့်သော ကျောင်းများထက် အခမဲ့ပညာသင်ကြားနိုင်သည့် စကောလာရှစ်အစီအစဉ်နှင့် အထူးစျေးလျော့ပေးသော ကျောင်းများကို ပိုမိုစိတ်ဝင်စားကြသည်ကို တွေ့ရသည်။ ကျောင်းသားမိဘများ၏ ပြောကြားချက်အရ အင်္ဂလန်၊ ဩစတြေးလျ၊ အမေရိကန် တက္ကသိုလ်ကြီးများမှ လာရောက်၍ ပညာရေးဟောပြောပွဲများ ပြုလုပ်နေသော်လည်း မြန်မာကျောင်းသားအများစုတက်ရောက်နိုင်သည်မှာ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတက္ကသိုလ်ကောလိပ်များသာဖြစ်ကြောင်း သိရသည်။

သို့သော်လည်း အမေရိကန်တက္ကသိုလ်၊ ကောလိပ်အချို့နှင့် နယူးဇီလန်တက္ကသိုလ်များမှ ထူးချွန် မြန်မာကျောင်းသားများကို စကောလာရှစ်အစီအစဉ်ဖြင့် ခေါ်ယူခဲ့ရာ ထူးချွန်သူတို့အတွက်မူ နိုင်ငံတကာတက္ကသိုလ်များ တက်ရောက်ရန် အခွင့်အလမ်းများ ရှိလာကြောင်း တွေ့ရသည်။

ထို့ပြင် နိုင်ငံခြားတက္ကသိုလ်များ၏ ပထမနှစ်၊ ဒုတိယနှစ် အကြိုသင်တန်းများကို ရန်ကုန်ပုဂ္ဂလိက ပညာသင်ကျောင်းများမှ သင်ကြားလာခဲ့ရာ မြန်မာနိုင်ငံတွင် အဆိုပါ တက္ကသိုလ်များ၏ အခြေခံအတန်းများ တက်ရောက်ထားသူသည် အဆိုပါ တက္ကသိုလ်သို့ ဝင်ခွင့်နှင့် ဗီဇာရရှိရန် ပိုမိုလွယ်ကူသည့်အပြင် အခြေခံသင်တန်းများကို နိုင်ငံခြားတွင် တက်ရောက်သည်ထက် ငွေကြေးကုန်ကျမှုပိုမိုသက်သာသည့် နည်းလမ်းဖြစ်သဖြင့် ထိုကျောင်းများကို တက်ရောက်သူများလည်း ရှိလာသည်။

ပညာရေးဟောပြောပွဲများတွင် နိုင်ငံတကာ တက္ကသိုလ်များတွင် ကျောင်းတက်ပါက ကျောင်းသားအနေဖြင့် သက်ဆိုင်ရာ တက္ကသိုလ်ပတ်ဝန်းကျင်တွင် အချိန်ပိုင်းအလုပ်လုပ်ခွင့် ရရှိသည်ဟု ဟောပြောကြသော်လည်း များသောအားဖြင့် အဆိုပါအလုပ်မှာ နိုင်ငံသား ကျောင်းသားအများစု ဝင်ရောက်လုပ်ကိုင်နေသောကြောင့် နိုင်ငံခြားသားကျောင်းသားများမှာ အခွင့်အရေးမရနိုင်ကြောင်း၊ ထို့ကြောင့် ငွေကြေးလုံလောက်မှုမရှိဘဲ အလုပ်ကို မျှော်မှန်း၍ ကျောင်းတက်ရန်မဖြစ်နိုင်ကြောင်း မကြာသေးခင်က အင်္ဂလန်နိုင်ငံတွင် ပညာသင်ကြားပြီး ပြန်ရောက်လာသူ ဦးပြည့်ဖြိုးက ဆိုသည်။

၂၀၀၅ ခုနှစ်အတွင်း နိုင်ငံခြားပညာရေးစျေးကွက်အတွင်း

www.foreverspace.com.mm

ထူးခြားမှုမှာ မြန်မာကျောင်းသားများ ယခင်သင်ယူနေကျ ကွန်ပျူတာ၊ စီမံခန့်ခွဲမှု စီးပွားရေးဘာသာရပ်များထက် ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာဘာသာရပ်များကို သင်ယူမှုပိုမိုများပြားလာခြင်း ဖြစ်ကြောင်း ပညာရေးအတိုင်ပင်ခံ အေဂျင်စီများထံမှ သိရသည်။

ကျန်းမာရေးကဏ္ဍ

၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ၌ အထူးကုနှင့် မြို့နယ်ဆေးရုံ ၈၂၄ ခု၊ တိုင်းရင်းဆေးရုံ ၁၄ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၅၂ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၈၄ ခုနှင့် တိုင်းရင်းဆေးခန်း ၂၃၇ ခု ဖွင့်လှစ်ထားပြီး ဆရာဝန် အရေအတွက် ၁၇၅၆၄ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် အရေအတွက် ၁၃၆၅ ဦး၊ ကျန်းမာရေးမှူးအရေအတွက် ၁၇၆၇ ဦး၊ ကျန်းမာရေးကြီးကြပ်(၁)အရေအတွက် ၅၂၉ ဦး၊ ကျန်းမာရေးကြီးကြပ်(၂) အရေအတွက် ၁၃၃၉ ဦး၊ ကျန်းမာရေးဆရာမအရေအတွက် ၂၇၉၆ ဦး၊ သူနာပြုအရေအတွက် ၁၇၈၆၄ ဦး၊ သားဖွားဆရာမအရေအတွက် ၁၆၂၄၅ ဦးနှင့် တိုင်းရင်းဆေးဆရာအရေအတွက် ၇၆၀ ဦးတို့က ကုသဆောင်ရွက်ပေးလျက် ရှိကြောင်း အစိုးရကထုတ်ပြန်သော ကိန်းဂဏန်းများက ဆိုသည်။

ဆေးဘက်ဆိုင်ရာတက္ကသိုလ်များအနေဖြင့် ဆေးတက္ကသိုလ်လေးခု၊ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် သင်ကြားရေးဆေးရုံ

နှစ်ခု၊ ဆေးဘက်ပညာသည်တက္ကသိုလ်နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ်တစ်ခု၊ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခု၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှစ်ခုနှင့် သူနာပြုသင်တန်းကျောင်းအရေအတွက် ၂၃ ကျောင်း ဖွင့်လှစ်ထားပြီး ဝန်ထမ်းဆရာဝန်များအတွက် ဆေးလက်တွေ့အဆင့်မြင့်ပါရဂူဘွဲ့လွန်သင်တန်း ဘာသာရပ် ၃၀ မျိုး၊ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့လွန်သင်တန်း ဘာသာရပ်ခုနစ်မျိုး၊ ဆေးပညာမဟာသိပ္ပံသင်တန်းဘာသာရပ် အရေအတွက် ၂၉ မျိုး၊ ဒီပလိုမာသင်တန်း ၂၉ မျိုး၊ ပြင်ပဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာသင်တန်းနှစ်မျိုးနှင့် ပြင်ပဘွဲ့ရများအတွက် ဒီပလိုမာသင်တန်းသုံးမျိုးတို့ကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။

ပြည်နယ်နှင့် တိုင်းအဆင့်ဆေးရုံကြီးများတွင် ဆေးပညာ၊ ခွဲစိတ်ကု၊ သားဖွားနှင့် မီးယပ်၊ ကလေးကျန်းမာ၊ မွေ့ဆေး၊ မျက်စိ စသည့် အထူးကုဘာသာရပ် ၁၂ မျိုးအတွက် ပြည်နယ်နှင့်တိုင်း အထူးကုဆရာဝန်ကြီးအရေအတွက် ၁၈၀ နှင့် အထူးကုဆရာဝန်အရေအတွက် ၃၄ ဦး၊ ခရိုင်အဆင့်ဆေးရုံများတွင်လည်း အထူးကုဘာသာရပ်ခြောက်မျိုးအတွက် ခရိုင်အထူးကုဆရာဝန်ကြီးအရေအတွက် ၂၄၈ ဦးတို့ကိုခန့်ထားပြီး ကုသဆောင်ရွက်ပေးလျက်ရှိသည်ဟု ဆိုသည်။

၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ၌ ထူးခြားသည့်မှတ်တိုင်သစ်တစ်ရပ်မှာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၏ ခုတင်(၅၀)ဆံ့ သင်ကြားရေးဆေးရုံနှင့် စာသင်ဆောင်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ အထပ်သုံးထပ်ပါရှိသည့် အဆိုပါသင်ကြားရေးဆေးရုံနှင့် စာသင်ဆောင်ကို ဂျပန်နိုင်ငံ အစိုးရ၏ပံ့ပိုးကူညီမှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါသင်ကြားရေးဆေးရုံနှင့် စာသင်ဆောင်တွင် မေးရိုးနှင့် ခံတွင်းရောဂါရှာဖွေရေးဌာန၊ မေးရိုးနှင့်ခံတွင်း ဆေးပညာဆိုင်ရာ ဓာတ်ခွဲခန်းများ၊ ဓာတ်မှန်ဌာန၊ သွားဖုံးရောဂါကုပညာ၊ ကလေးသွားကျန်းမာရေးပညာ၊ သွားညှိကုပညာ၊ ခံတွင်းခွဲစိတ်ကုပညာ၊ သွားရောဂါကု ဆေးပညာ၊ သွားတုပညာ စသော ဘာသာရပ်ဆိုင်ရာ သင်ကြားရေးယူနစ်များ အပြည့်အစုံထားရှိပြီး မျက်နှာနှင့် မေးရိုးထိခိုက်ဒဏ်ရာရလူနာများနှင့် အရေးပေါ်လူနာများကိုလည်း သီးသန့် လက်ခံကုသပေးမည်ဟု သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အရိုးရောဂါ အထူးကုဆေးရုံကြီးတွင် ပြတ်တောက်သွားသော လက်မကို ခြေညှိုးဖြင့် အောင်မြင်စွာအစားထိုး ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း မတ်လ ၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

လက်မကို ခြေညှိုးဖြင့် အစားထိုးခွဲစိတ်ကုသမှု ခံယူခဲ့

www.foreverspace.com.mm

သော အသက် ၂၀ ရှိ မောင်ရီခိုင်သည် လှိုင်သာယာမြို့နယ်မှ လွှစက်အလုပ်သမားတစ်ဦးဖြစ်ပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်တွင် လွှစက်ထိခိုက်မှုကြောင့် ဝဲဘက်လက်မ ပြတ်တောက်မှုဖြစ်ပွားခဲ့သဖြင့် လှိုင်သာယာမြို့နယ် ပြင်ပဆေးကုခန်း၌ ဆေးဝါးကုသမှုခံယူပြီးမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ယင်းနောက် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် လူနာ၏ ဒဏ်ရာကို စစ်ဆေး၍ ရောဂါပိုးများသန့်စင်အောင် ကုသပေးခဲ့ပြီး ထိခိုက်သည့်လက်မကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်တွင် အစားထိုးခွဲစိတ်ကုသပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါလက်မကို ခြေညှိုးဖြင့် အစားထိုးခွဲစိတ်ကုသမှုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံများတွင် ပြုလုပ်နိုင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတွင်လည်း မြန်မာခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုရရှိခဲ့သည်။

ထို့ပြင် နောက်ထပ်အစီအစဉ်အနေဖြင့် မြောက်ဥက္ကလာပ မြို့နယ် ရွှေပေါက်ကံစက်မှုဇုန်မှ စက်ရုံလုပ်သား အသက် ၂၀ ရှိ မောင်မြင့်ဝေသည် စက်ထိခိုက်မှုဒဏ်ကြောင့် လက်ချောင်းလေးချောင်း ပြတ်တောက်မှုဖြစ်ပွားခဲ့ပြီး မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးမှ အရိုးရောဂါအထူးကုဆေးရုံကြီး လက်ပိုင်း ဆိုင်ရာခွဲစိတ်ဆောင်သို့ လွှဲပြောင်းပေးပို့သည့်အတွက် ခြေညှိုးများဖြင့် အစားထိုးခွဲစိတ်ကုသပေးရန် စီစဉ်လျက်ရှိကြောင်းလည်း အဆိုပါသတင်းစာတွင် ဖော်ပြခဲ့သည်။

(၁၁) ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု

ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် (၁၁)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ဇူလိုင်လ ၁၇ ရက်နှင့် ၁၈ ရက်နေ့များတွင် ပြုလုပ်အောင်မြင်ခဲ့သည်။

ယင်းခွဲစိတ်ကုသမှုတွင် ကျောက်ကပ်ပေးလှူသူနှစ်ဦးထံမှ ကျောက်ကပ်အစားထိုးကုသမှု ခံယူသူနှစ်ဦးတို့အား အစားထိုးကုသပေးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆု

ယခုနှစ် မေလ ၃၁ ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆု (World No Tobacco Day 2005)မြန်မာနိုင်ငံအတွက်ဆုကို ကမ္ဘာ့ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်မှု စီမံချက်မန်နေဂျာဒေါက်တာညီညီကြိုင်က ရရှိခဲ့သည်။ ၎င်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ တက်ကြွသော ဆေးလိပ်ကင်းစင်ရေး စီမံချက်မန်နေဂျာဖြစ်ပြီး ဆေးရွက်ကြီးထိန်းချုပ်ရေးလှုပ်ရှားမှုများတွင် တက်တက်ကြွကြွပါဝင်လှုပ်ရှားသည့် ပညာရှင်တစ်ဦး ဖြစ်သည်။ သူမသည် ဆေးလိပ်နှင့် ဆေးရွက်ကြီး ဆန့်ကျင်ရေးအစီအစဉ်များအတွက် များစွာသော ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများတွင် ခန့်ထားခြင်းခံရသည်။

ယမန်နှစ်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပခဲ့သော (၅၇) ကြိမ်မြောက် ကမ္ဘာ့ကျန်မာရေးညီလာခံတွင် အရှေ့တောင်အာရှဒေသနိုင်ငံများ၌ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ်ချီးမြှင့်သော အဆိုပါဆုကို ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ရရှိခဲ့သည်။

ဗြိတိသျှသံအမတ်ကြီး သွေးလှူဒါန်း

ယခုနှစ်အတွင်း ကျန်းမာရေးကဏ္ဍတွင် ထူးခြားမှုတစ်ရပ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး Vicky Bowman က နှစ်ကြိမ်တိုင်တိုင် သွေးလှူဒါန်းခဲ့သည်။

ဇွန်လ ၁၃ ရက်နေ့တွင် ၎င်း၏ မွေးနေ့အလှူအဖြစ် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် သွေးလှူဒါန်းခဲ့ပြီး အောက်တိုဘာလ ၁၃ ရက်နေ့တွင် ဒုတိယအကြိမ် သွေးလှူဒါန်းမှုအဖြစ် သံရုံးအမှုထမ်း ၁၀ ဦးနှင့်အတူ သွေးလှူဒါန်းခဲ့သည်။

UNICEF ၏ ပထမဆုံးအကြိမ် အမျိုးသားအဆင့် လူမှုရေးလုပ်ငန်းများနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစည်းအဝေး

မြန်မာနိုင်ငံတွင် အကြီးဆုံးကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF)သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် အမျိုးသားအဆင့် လူမှုရေးလုပ်ငန်းများနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအစည်းအဝေးကြီးကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်မှ ၁၀ ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် လူမှုရေးလုပ်ငန်းများသည် အသစ်အဆန်းဖြစ်နေပြီး အောက်ခြေရှိ ရပ်ရွာလူမှုရေးဝန်ထမ်းများမှာ ပညာသင်ကြားနိုင်ရန် အခွင့်အလမ်းနည်းပါးနေခြင်းကို အဆိုပါအစည်းအဝေးမှ မြွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း စာတမ်းဖတ်ကြားသူတို့က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၇၀ ခုနှစ်ကတည်းက ရုံးခန်းလာရောက်ဖွင့်လှစ်ခဲ့သော UNICEF သည် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ ကလေးသူငယ်များ၏ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများကို ၂၀၀၅ ခုနှစ်တွင် ပိုမိုဆောင်ရွက်လာခဲ့ပြီး နာမည်ကျော်ကြားသူငါးဦးကို မြန်မာနိုင်ငံ ကလေးများအတွက် စွမ်းဆောင်သူများအဖြစ် ရွေးချယ်ခဲ့သည်။ ထို့အပြင် ကလေးသူငယ်ဆိုင်ရာသတင်းစာပညာသင်တန်းများကို

www.foreverspace.com.mm

UNICEF က ရွေးချယ်ခဲ့သည့် ကျော်ကြားသူငါးဦးအနက် လေးဦး

၂၀၀၅ ခုနှစ်အတွင်း ဖွင့်လှစ်ပို့ချပေးခဲ့သည်။

၂၀၀၄ ခုနှစ် အကောင်းဆုံးအားကစားသမားဆု

ယခုနှစ်မတ်လ ၁၈ ရက်နေ့က ၂၀၀၄ ခုနှစ် အကောင်းဆုံးအားကစားသမားဆုများ ချီးမြှင့်ခဲ့ရာ ၂၀၀၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားအားကစားသမားဆုကို စိုးမြတ်မင်း၊ အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုကို မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် ဆွေဆွေသန့်နှင့် အထူးဆုအဖြစ် ၂၀၀၄ ခုနှစ်အတွက် အကောင်းဆုံးအားကစား အသင်းဆုကို ပထမအကြိမ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲချန်ပီယံဆုရ မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းတို့ကရရှိခဲ့သည်

ဆုရရှိသူများအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ ငွေကျပ် ၁၀ သိန်းစီ၊ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ငွေကျပ် ၁၀ သိန်းစီနှင့် ကမ္ဘောဇောဏ်လီမိတက်မှ ထပ်ဆင့်အပိုဆောင်းချီးမြှင့်ငွေအဖြစ် ငွေကျပ် ၁၀ သိန်းစီကို အကောင်းဆုံးအားကစားသမားဆုရ စိုးမြတ်မင်းနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းတို့အား ပေးအပ်ချီးမြှင့်ခဲ့သည်။

စိုးမြတ်မင်း

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက မြန်မာ့လက်ရွေးစင် ဘောလုံးသမား စိုးမြတ်မင်းကို 2005-IOC Trophy 'Sport and Fairplay' ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းဆုကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ထောက်ခံမှုဖြင့် ဇွန်လ ၆ ရက်နေ့တွင် ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်တွင်ပြုလုပ်သော (၅) ကြိမ်မြောက် တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲတွင် ဒုတိယအမှတ်အများဆုံးဆုရရှိခဲ့ပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့မှ ချီးမြှင့်သော အကောင်းဆုံးအမျိုးသား အားကစားဆုလည်း ရရှိခဲ့သည်။ ထို့ပြင် ဘောလုံးအားကစားကလောင်ရှင်များအသင်းမှ ချီးမြှင့်သည့် (၅) ကြိမ်မြောက် တိုက်ဂါးဖလားပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်း၏ အကောင်းဆုံးဘောလုံးသမားဆု၊ မြန်မာနိုင်ငံအစိုးရမှချီးမြှင့်သော လူမှုထူးချွန်ဆု (တတိယအဆင့်) ဂုဏ်ထူးဆောင်တံဆိပ်ကိုလည်း ရရှိခဲ့သည်။

ဤပါဝင်ကစားသည့်အသင်းများမှာ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့ဖြစ်ပြီး အမျိုးသားအဆင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူဖြစ်သည့်အပြင် အာရှဘောလုံးအဖွဲ့ချုပ် (AFC) က ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် ချစ်ကြည်ရေးသံတမန်အဖြစ် တာဝန်ပေးအပ်ခံခဲ့ရသည်။

အငယ်တန်း ကမ္ဘာ့အဆင့် သတ်မှတ်သည့် တင်းနစ်ပြိုင်ပွဲနှင့် ချစ်စုရည်၏ အောင်မြင်မှု

ရန်ကုန်မြို့တော်တွင် ဒုတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံ

2005-IOC Trophy 'Sport and Fairplay' ဆုရ စိုးမြတ်မင်း

www.foreverspace.com.mm

အဖြစ် လက်ခံကျင်းပခဲ့သော အငယ်တန်းကမ္ဘာအဆင့်သတ်မှတ်သည့် တင်းနစ်ပြိုင်ပွဲတွင် မြန်မာလူငယ်ကစားသမားများ ယခင်နှစ်ထက် အောင်မြင်မှုရရှိခဲ့သည့်အပြင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ချစ်စုရည်၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုမှတ်တမ်းတင်ရမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ဂရိတ် ၅ ရှိသော ပြိုင်ပွဲဖြစ်ပြီး ဥရောပနှင့် အာရှတိုက်တို့ရှိ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ၁၈ နှစ်အောက် အပျော်တမ်းအဆင့် လူငယ်တင်းနစ်သမားများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြု လူငယ်အမျိုးသားတင်းနစ်သမား ငါးဦးနှင့် အမျိုးသမီးလေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အောင်မြင်မှုလမ်းစ ပြန်လည်တွေ့ရှိလာသော မြန်မာ့ပြေးခုန်ပစ်

မြန်မာ့ပြေးခုန်အဖွဲ့သည် ၁၉၆၉ ခုနှစ်၌ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၀ ဆွတ်ခူးနိုင်ခဲ့သည့်နောက်ပိုင်းမှစ၍ ရွှေတံဆိပ်ရရှိမှု တဖြည်းဖြည်းလျော့ကျသွားခဲ့ရာမှ ၁၉၉၇၊ ၁၉၉၉ နှင့် ၂၀၀၃ ခုနှစ်တို့တွင် ရွှေတံဆိပ်လုံးဝဆွတ်ခူးနိုင်ခဲ့ခြင်းမရှိတော့ဘဲ ယခုနှစ် ဖိလစ်ပိုင်ဆီးဂိမ်းတွင် ရွှေတံဆိပ်လေးခု ပြန်လည်ရယူပေးနိုင်ခြင်းကို မှတ်တမ်းတင်အသိအမှတ်ပြုရမည် ဖြစ်သည်။

ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်သီဟက အမျိုးသားမီတာ ၁၅၀၀ ပြိုင်ပွဲတွင်လည်းကောင်း၊ ယဉ်ယဉ်ခိုင်က အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲတွင်လည်းကောင်း၊ ကေခိုင်လွင်က အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲတွင်လည်းကောင်း၊ ယဉ်ယဉ်ခိုင်၊ ကေခိုင်လွင်၊ မြင့်မြင့်အေး၊ လှလှဝင်းတို့က မီတာ ၄၀၀ လက်ဆင့်ကမ်းပြေးပြိုင်ပွဲတွင်လည်းကောင်း ရွှေတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်ခဲ့သည်။

အုပ်စုအဆင့်တွင် အရေးနိမ့်ခဲ့သည့် U-23 မြန်မာဘောလုံးအသင်း

ပြည်တွင်းတွင် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင်အသင်း၊ အိန္ဒိယ U-20 လက်ရွေးစင်အသင်းနှင့် တရုတ် U-20 လက်ရွေးစင်အရန်အသင်းတို့ကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သည့် International Beverages Trading Company (IBTC) ၏ ပံ့ပိုးမှုဖြင့် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတစ်ရပ် ကျင်းပပြုလုပ်အပြီး ချန်ပီယံဆုဖလားရရှိထားသော မြန်မာ U-23 လက်ရွေးစင်အသင်းသည် ဖိလစ်ပိုင်ဆီးဂိမ်းတွင်မူ အုပ်စုပွဲတွင်ပင် ပွဲစဉ်တိုင်း အရေးနိမ့်၍ စောစီးစွာ အိမ်ပြန်ခဲ့ရသည်။ ဆီးဂိမ်းပြိုင်ပွဲဝင်နိုင်ငံတိုင်း အလိုချင်ဆုံး ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုဖြစ်သည့်အလျောက် မြန်မာဘောလုံးအားကစားသမားများရော ပြည်သူလူထုကပါ မရဲတရဲ မျှော်လင့်ခဲ့ကြသော်လည်း ယခုကဲ့သို့ အုပ်စုပွဲတွင်ပင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။ အထူးသဖြင့် မည်သည့်အခါကမျှ မရှုံးခဲ့ဖူးသော လာအိုအသင်းကို ပွဲဦးထွက် ရှုံးနိမ့်ခဲ့ခြင်းသည် ကစားသမားများ၏ အင်အားနှင့် စိတ်ဓာတ်ကို အနည်းနှင့်အများ ထိခိုက်စေခဲ့သည်။ လူဦးရေခြောက်သန်းကျော်ကျော်သာရှိသည့် လာအိုအသင်းကို ရှုံးနိမ့်ခြင်းမှာ မြန်မာဘောလုံးလောကအဖို့ မိမိတို့၏ ပကတိအခြေအနေမှန်ကို ခါးသီးစွာ သိရှိလိုက်ရခြင်းလည်း ဖြစ်သည်။ ဆီးဂိမ်းအကြို လေးနိုင်ငံဖိတ်ခေါ်ပွဲ ချန်ပီယံဟူသော ပီတိအဟုန်ဖြင့် အားမာန်အပြည့် သွားရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ကျကျနန အရှုံးတွေ့ခဲ့ကြရသည်။ ဖိတ်ခေါ်ပွဲ ချန်ပီယံဖြစ်စဉ်က အကြီးအကျယ်ဂုဏ်ပြုထောပနာပြုခဲ့ကြသလို ရှုံးနိမ့်သောအခါတွင်လည်း လူသဘာဝအရ အားမလိုအားမရ ကရုဏာဒေါသောဖြင့် ဘယ်သူကြောင့် ဘယ်ဝါကြောင့်၊ ဘယ်နေရာအားနည်းနေ၍ စသဖြင့် ဝေဖန်မှုများရှိခဲ့ကြသည်။

ဤနေရာတွင် မြန်မာဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား ဝေဖန်ကြသည်ဆိုသော်လည်း အားကစားစာစောင်များ၊ မြန်မာပုံနှိပ်မီဒီယာများအနေဖြင့် အကျိုးနှင့် အကြောင်းတရားကို ကောင်းစွာသိနားလည်ဖို့ လိုအပ်ပြီး ရှုံးနိမ့်ရခြင်းဆိုသော အကျိုးတရားဖြစ်ပေါ်စေသည့် အကြောင်းတရားများကို မှန်ကန်စွာ ပိုင်းခြားစိတ်ဖြာနိုင်ဖို့ လိုအပ်မည်ဟု အားကစား၀ါသနာရှင် ၀ါရင့်သတင်းစာဆရာတစ်ဦးက သုံးသပ်သည်။ ဘောလုံးအားကစားသာမက မည်သည့်အားကစားမဆို အောင်မြင်မှုရခြင်း၊ မရခြင်းသည် သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် တိုက်ရိုက်အချိုးကျနေကြောင်းကို ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲ၏ ဆုတံဆိပ်ရရှိမှုဇယားကိုကြည့်လျှင် သိနိုင်သည်ဟု ၎င်းကဆိုသည်။

အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲချန်ပီယံ မြန်မာ U-20 ဘောလုံးအသင်း

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တော်၌ ၂၀၀၅ ခုနှစ် သြဂုတ်လအတွင်း ကျင်းပခဲ့သည့် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ဘက် မလေးရှားလူငယ်အသင်းကို ၁–၀ ဖြင့် အနိုင်ရကာ ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သည့် မြန်မာ U-20 ဘောလုံးအသင်း၏ အောင်မြင်မှုကို ဝမ်းမြောက်စွာ အသိအမှတ်ပြု မှတ်တမ်းတင်ရမည် ဖြစ်သည်။ မြန်မာ U-20 အသင်းသည် (က) အုပ်စုတွင် အိမ်ရှင်အင်ဒိုနီးရှားကို လေးဂိုး–သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဘရူနိုင်းကို သုံးဂိုး–ဂိုးမရှိ၊ ထိုင်းကို တစ်ဂိုး–ဂိုးမရှိနှင့် မလေးရှားကို နှစ်ဂိုး–တစ်ဂိုးတို့ဖြင့် သုံးပွဲဆက်တိုက် အနိုင်ရခဲ့သည်။ အုပ်စုပထမဖြင့် တစ်ဖက်အုပ်စုမှ အုပ်စုဒုတိယ ဗီယက်နမ်အသင်းနှင့် အကြိုဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ရာ တစ်ဦးစီ

www.foreverspace.com.mm

အနိုင်ရ U-20 **ဘောလုံးအသင်းကို ဆုတံဆိပ်နှင့်အတူ တွေ့ရစဉ်**

သရေကျနေ၍ ပင်နံနယ်လ်တီဖြင့် ဆုံးဖြတ်ရာ စုစုပေါင်း ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲတွင်မူ မလေးရှားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရကာ ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံ U-17 လူငယ်ဘောလုံးပြိုင်ပွဲ ချန်ပီယံ မြန်မာလူငယ် ဘောလုံးအသင်း

၂၀၀၅ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော အာဆီယံ အသက် ၁၇ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာ U-17 အသင်းက ထိုင်း U-17အသင်းကို ပင်နံနယ်လ်တီအဆုံးအဖြတ် စုစုပေါင်း ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည့်အပြင် ပြိုင်ပွဲတစ်လျှောက် အသန့်ရှင်းဆုံးဆကိုပါ ဆွတ်ခူးနိုင်ခဲ့ခြင်းကို ဂုဏ် ပြုမှတ်တမ်းတင်ရမည် ဖြစ်သည်။

အုပ်စုပွဲစဉ်များအတွင်း ထိုင်းအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းမှအပ ပြိုင်ဘက်အသင်းများကို ဂိုးပြတ်ခြေပြတ်ဖြင့် အနိုင်ယူခဲ့သည်။ အထူးသဖြင့် ရက်သတ္တနှစ်ပတ်အတွင်း ချန်ပီယံ ဆုဖလားနှစ်လုံး ရယူပေးနိုင်ခဲ့သည့် မြန်မာလူငယ် U-20နှင့် U-17အသင်းသားများနှင့် နည်းပြတို့၏ ထူးကဲလှသည့် စွမ်းဆောင်ရည်ကို တလေးတစားဂုဏ်ပြုရမည် ဖြစ်သည်။

၂၀၀၅ ခုနှစ် ဘောလုံးပွဲများ (နိုင်ငံတကာ)

၂၀၀၅ ခုနှစ်သည် မြန်မာလူငယ်ဘောလုံးလောကအတွက် အောင်မြင်သောနှစ်ဟု ဆိုရမည် ဖြစ်သည်။ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အာဆီယံအသက် (၁၇) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းကို ဗိုလ်လုပွဲ၌ အနိုင်ကစားကာ မြန်မာ ယူ ၁၇ လူငယ်ဘောလုံးအသင်း ချန်ပီယံဖြစ်ခဲ့သည်။

ယင်းကဲ့သို့ပင် အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ်လအတွင်းက ကျင်းပခဲ့သော အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲတွင်လည်း မြန်မာ ယူ ၂၀ ဘောလုံးအသင်းသည် မလေးရှားအသင်းကို ဗိုလ်လုပွဲ၌ ကျော်ဖြတ်ကာ အနိုင်ရဗိုလ်စွဲခဲ့သည်။

မြန်မာ ယူ ၂၀ အသင်းသည် ထိုင်းနိုင်ငံတွင် အောက်တိုဘာလအတွင်း ကျင်းပခဲ့သော အာရှ ယူ ၂၀ ခြေစစ်ပွဲတွင်လည်း အိမ်ရှင်ထိုင်းအသင်းကို ကျော်ဖြတ်ကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

အနိုင်ရ U-17 **ဘောလုံးအသင်း**

မြန်မာ ယူ ၂၃ အမျိုးသားဘောလုံးအသင်းသည် ၂၀၀၄ ခုနှစ်ကသို့ပင် မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့သည်။ ယင်းဘောလုံးအသင်းသည် ၂၀၀၄ ခုနှစ် တိုက်ဂါးဖလားပြိုင်ပွဲတွင် ၁၉၉၅ ခုနှစ်နောက်ပိုင်း ကိုးနှစ်ကြာမှ ဆီမီးဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်ရောက်ခဲ့သည့် မှတ်တမ်းထားခဲ့သည်။ ယခုနှစ် ၂၀၀၅ တွင်မူ ဆီးဂိမ်းတွင် ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲတစ်လျှောက် အုပ်စုအဆင့်မှ (၈) ကြိမ်မြောက် ထွက်ခဲ့ရသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အာရှအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်ဆီးဂိမ်းတွင် ပွဲစဉ်တစ်လျှောက် အနိုင်ကစားကာ ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းကို တစ်ဂိုး

www.foreverspace.com.mm

ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ ယင်းကဲ့သို့ပင် ၁၉၉၅ ဆီးဂိမ်းမှစ၍ ထည့်သွင်းကျင်းပခဲ့သော အမျိုးသမီးဘောလုံးပြိုင်ပွဲ တစ်လျှောက် ၁၀ နှစ်တာ ပွဲဦးထွက် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့သည်။

၂၀၀၅ ခုနှစ် ဘောလုံးပွဲများ (ပြည်တွင်း)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စီးပွားရေးလုပ်ငန်းရှင် ဦးဇော်ဇော်က အဖွဲ့ချုပ် ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းရယူဆောင်ရွက်ခဲ့သည်။

၂၀၀၅ ခုနှစ်မှစ၍ မြန်မာအဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲကို မြန်မာလိဂ်ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။

၂၀၀၅ ဩဂုတ်လအတွင်း ကျင်းပခဲ့သော (၈) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း (လူသစ်တန်း) ယူ ၂၁ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်း လူငယ်အသင်းက ၂ နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သည်။

၂၀၀၅ ဩဂုတ်လ၌ပင် ကျင်းပသော မြန်မာလိဂ်ကွင်းဖွင့်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကမ္ဘောဇအသင်းက ဗိုလ်စွဲခဲ့ပြီး ပထမဆုံးဗိုလ်စွဲသော ပဂ္ဂလိကဘောလုံးအသင်းအဖြစ် မှတ်တမ်းတင်ခဲ့သည်။

၂၀၀၅ ခုနှစ်အတွင်း၌ပင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဒုတိယအကြိမ်မြောက် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲကို တရုတ်ယူ ၂၀ အသင်း၊ အိန္ဒိယ ယူ ၂၀ အသင်းနှင့် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင်အသင်းများကို ဖိတ်ခေါ်ကျင်းပခဲ့ရာ မြန်မာ ယူ ၂၃ ဘောလုံးအသင်းက ဗိုလ်စွဲခဲ့သည်။

၂၀၀၅ ခုနှစ် ဘောလုံးအကယ်ဒမီ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဘောလုံးအကယ်ဒမီကို တည်ထောင်နိုင်ခဲ့ခြင်းသည်လည်း ၂၀၀၅ ခုနှစ် မြန်မာ့အားကစားလောက၏ ထူးခြားသည့်မှတ်တိုင်တစ်ရပ် ဖြစ်ခဲ့သည်။ ဘောလုံးအားကစားနည်းပညာပိုင်းကျွမ်းကျင်သည့် လူငယ်များပေါ်ထွန်းလာရန်အတွက် အဆိုပါအကယ်ဒမီ လိုအပ်သည်ဟု အဖွဲ့ချုပ်၏ ဥက္ကဋ္ဌသစ် ဦးဇော်ဇော်က ဆိုသည်။ ဘောလုံးအကယ်ဒမီကို မန္တလေးမြို့ ဗထူးအားကစားကွင်းတွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဘောလုံးအကယ်ဒမီကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ရော အခြားစေတနာရှင်များပါ MFF နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ MFF ၏ အထူးခြားဆုံးလုပ်ရပ်ဟုလည်း ဆိုနိုင်ကြောင်း၊ ကြေးစားဘောလုံးလောကအတွက် အသင့်စားသုံး၍ရသော လူငယ်ဘောလုံးသမားများထွက်ရှိလာရေးကို ရည်ရွယ်ကြောင်း MFF ဥက္ကဋ္ဌက ဇူလိုင်လအတွင်းက ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဘာသာရေး

မတ်လ ၂၀ ရက်နေ့တွင် ရွှေတိဂုံစေတီတော်အား ရွှေထီးတော် သံမဏိဆိုင်းကြိုးနှင့် ထီးတော်အားဖြည့်တန်းများ တပ်ဆင် ပူဇော်ခဲ့သည်။

မတ်လ ၂၁ ရက်နေ့တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၃)ဝါရှိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအား နိုင်ငံတော်သံဃမဟာနယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့သည်။

မေလ ၂၃ ရက်နေ့တွင် ယခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပသော ကဆုန်လပြည့် (ဗုဒ္ဓနေ့) အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တကေသရ ဦးဆောင်ပြီး ဆရာတော် ၉ ပါးနှင့် လူပုဂ္ဂိုလ် ၆ ဦးပါဝင်သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရာမှ ပြန်လည်ရောက်ရှိခဲ့သည်။

တိပိဋကဓရနှင့် သာသနာဘွဲ့ အပ်နှင်းမှုများ

(၅၇)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ပိဋကနှစ်ပုံခွဲ အာဂုံအောင် တစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံရေးဖြေအောင်သုံးပါး၊ ပိဋကနှစ်ပုံအာဂုံအောင်ငါးပါး၊ ပိဋကတစ်ပုံအာဂုံအောင် ၁၃ ပါး၊ ဝိနည်းပထမပိုင်း အာဂုံရေးဖြေအောင်သုံးပါးနှင့် ဝိနည်းပထမပိုင်းအာဂုံအောင် ၄၂ ပါး အောင်မြင်တော်မူခဲ့ကြပြီး ယင်းဆရာတော်စုစုပေါင်း ၆၇ ပါးတို့ကို ဇွန်လ ၄ ရက်နေ့တွင် ချီးကျူးပူဇော်ခဲ့သည်။

ထို့ပြင် ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပြည်တွင်းမှ မဟာဝိဇ္ဇာ (ဗုဒ္ဓဓမ္မ) ဘွဲ့ရ ရဟန်းတော်နှစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး၊ ဝိဇ္ဇာ (ဗုဒ္ဓဓမ္မ)ဘွဲ့ရ ရဟန်းတော် ၁၂ ပါး၊ သီလရှင်သုံးပါးနှင့် လူပုဂ္ဂိုလ် ၁၀ ဦး၊ ပြည်ပမှ ဝိဇ္ဇာ (ဗုဒ္ဓဓမ္မ)ဘွဲ့ရ ရဟန်းတော် ၁၈ ပါး၊ သီလရှင် တစ်ပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့ကို ဘွဲ့များ အပ်နှင်းခဲ့သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)ဖြင့် ထုတ်ပြန်ထားသော ပြည်တွင်းပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာ့ဝန်ယမင်

www.foreverspace.com.mm

၂၀၀၅ ခုနှစ်အတွင်း ကျင်းပခဲ့သော ပြည်တွင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာအားကစားသမားများ၏ ဆုရရှိမှု

ရက်စွဲ	ပြိုင်ပွဲအမည်	နေရာ	ဆုရသူအမည်	ရရှိသည့်ဆု
၁၀-၁-၂၀၀၅ မှ ၁၃-၁-၂၀၀၅	ပထမအကြိမ် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲ	ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း	မြန်မာအသင်း	ပထမ (ရွှေ-၉၊ငွေ-၅၊ ကြေး-၁၀)
၁၉-၂-၂၀၀၅ မှ ၂၅-၂-၂၀၀၅	(၁၄)ကြိမ်မြောက် ကာတာနိုင်ငံ ဆိုင်ရာရွက်လှေပြိုင်ပွဲ (14th Qutar International Sailing Regatta)	ကာတာနိုင်ငံ	အောင်မြင့်သူ၊ စိုင်းပြည့်စုံဟိန်း (နှစ်ယောက်တွဲ)	ရွှေ-၁
၂၃-၂-၂၀၀၅ မှ ၂၈-၂-၂၀၀၅	ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲ	ထိုင်းနိုင်ငံ ဘန်ကောက်မြို့	မြန်မာအသင်း	တတိယ (ရွှေ-၂၊ ငွေ-၁၊ ကြေး-၂)
၁၈-၃-၂၀၀၅	၂၀၀၄ ခုနှစ် အကောင်းဆုံးအမျိုးသမီး အားကစားဆုနှင့် အကောင်းဆုံး အသင်းဆု(အထူးဆု)		ဆွေဆွေသန့် မြန်မာ့လက်ရွေးစင်အမျိုး သမီးဘောလုံးအသင်း	
၂၀-၅-၂၀၀၅ မှ	မလေးရှားနိုင်ငံ အမျိုးသမီးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ	မလေးရှားနိုင်ငံ	မြန်မာ့လက်ရွေးစင်အနိုင်ရရှိ အမျိုးသမီးဘောလုံးအသင်း	
၂-၆-၂၀၀၅ မှ ၈-၆-၂၀၀၅	ပထမအကြိမ် အာရှ-ဥရောပ လူငယ်အားကစားပြိုင်ပွဲ(၂၀၀၅)	ထိုင်းနိုင်ငံ ဘန်ကောက်မြို့	ကျော်ဇောနိုင်နှင့် ချစ်စုရည် ချစ်စုရည် (နှစ်ယောက်တွဲ)	ရွှေ-၁ ကြေး ၂
၁၈-၆-၂၀၀၅	2005-IOC Trophy 'Sport and Fairplay' (အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီက ချီးမြှင့်သည်)		စိုးမြတ်မင်း	
၂၀-၇-၂၀၀၅ မှ ၂၅-၇-၂၀၀၅	(၂၉)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲ	မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့		ရွှေ-၅ ငွေ-၇၊ ကြေး-၆
၂၆-၇-၂၀၀၅	တတိယအကြိမ်မြောက် အာရှလူငယ် ပြိုင်ပွဲ	စင်ကာပူ		ရွှေ-၃၊ ငွေ-၃၊ ကြေး၂
၂၁-၇-၂၀၀၅ မှ ၂၆-၇-၂၀၀၅	တတိယအကြိမ်မြောက် အာရှလူငယ် ပြိုင်ပွဲ	စင်ကာပူ		ရွှေ-၃၊ ငွေ-၃၊ ကြေး-၂
၂၄-၇-၂၀၀၅ မှ ၂၈-၇-၂၀၀၅	ယန်ယန်းဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲ	ကိုရီးယားသမ္မတနိုင်ငံ ဂန်ဝန်ဒိုမြို့		ရွှေ-၄၊ ငွေ-၁၊ ကြေး-၅
၇-၈-၂၀၀၅	၂၀၀၅ ခုနှစ် အာဆီယံအသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ(AFF U-20 Youth Championship) 2005) ဗိုလ်လုပွဲ	အင်ဒိုနီးရှားနိုင်ငံ (Palenband)	မြန်မာလူငယ်အသင်း	ဗိုလ်စွဲ

www.foreverspace.com.mm

ရက်စွဲ	ပြိုင်ပွဲအမည်	နေရာ	ဆုရသူအမည်	ရရှိသည့်ဆု
၁၂-၈-၂၀၀၅	၂၀၀၅ ခုနှစ် တတိယအကြိမ် ဂျပန်ဖလားတံခွန်စိုက်ဂျူဒိုပြိုင်ပွဲ (The 3rd, Japan cup Judo Championship 2005) ဗိုလ်လုပွဲ	ရန်ကုန်မြို့၊ အောင်ဆန်း အားကစားပြိုင်ဝင်း	နွယ်နွယ်သန်း (စက်မှု-၁)	အမျိုးသမီး အကောင်းဆုံးဂျူဒို အားကစားသမားဆု
			အောင်ထွန်းကျော် (ရထားပို့ဆောင်ရေး)	အမျိုးသားအကောင်းဆု ဂျူဒိုအားကစားသမားဆု
၁၉-၈-၂၀၀၅ မှ ၂၃-၈-၂၀၀၅	စတုတ္ထအကြိမ်မြောက် အာရှသက်တမ်း အလိုက် ရေကူးနှင့် ဒိုင်ဗင်ပြိုင်ပွဲ	ထိုင်းနိုင်ငံ ဘန်ကောက်မြို့	နော်အဲစေးထီး ခင်လေးနု စိုးစန္ဒာညွှန့် လှလှသန်း	ရွှေ-၁၊ ကြေး-၁ ငွေ-၂ ငွေ-၁ ကြေး-၁
၂၆-၈-၂၀၀၅ မှ ၄-၉-၂၀၀၅	၂၀၀၅ ခုနှစ် အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ	ထိုင်းနိုင်ငံ ဘန်ကောက်မြို့	စုစုပေါင်း မြန်မာလူငယ် ဘောလုံးအသင်း	ရွှေ-၁၊ငွေ-၃၊ကြေး-၂ ဗိုလ်စွဲ
၅-၉-၂၀၀၅ မှ ၁၀-၉-၂၀၀၅	Korea Open 2005 တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် World junior Championship တိုက်ကွမ်ဒိုပြိုင်ပွဲ	ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့	မဆန်းငုဝါစူး	ရွှေ-၁
၇-၉-၂၀၀၅	၂၀၀၅ ခုနှစ် အသက်(၂၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတတိယနေရာလုပွဲ	ထိုင်းနိုင်ငံ ဘန်ကောက်မြို့	မြန်မာလူငယ်အသင်း	တတိယ
၂၀-၉-၂၀၀၅ မှ ၂၂-၉-၂၀၀၅	မြန်မာ-မလေးရှားချစ်ကြည်ရေး ပိုက်ကျော်ခြင်းခြေစမ်းယှဉ်ပြိုင်ပွဲ (၈၂) ကြိမ်မြောက်မလေးရှားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ	အမျိုးသားအားကစား ပြိုင်ပွဲရုံ (၁) မလေးရှားနိုင်ငံ ပီနန်မြို့		
၂၅-၉-၂၀၀၅ မှ ၂၈-၉-၂၀၀၅	Vegas Myanmar Snooker (Senior & Junior) Championship 2005	မန္တလေး၊တောင်ကြီး ပြည်၊ မော်လမြိုင် ရန်ကုန်		
၂၉-၉-၂၀၀၅ မှ ၂-၁၀-၂၀၀၅	ဒုတိယအကြိမ် မလေးရှားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ	မလေးရှားနိုင်ငံ ကွာလာလမ်ပူ		ငွေ-၄၊ကြေး-၃
၁၆-၁၀-၂၀၀၅	ဒုတိယအကြိမ် City FM အောင်လံလုပွဲ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲစဉ်	Myanmar Convention Center	ရွှေဆိုင်း၊လုံးချော	သရေ
၂၇-၁၀-၂၀၀၅ မှ ၂-၁၁-၂၀၀၅	ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ (Grand Royal 05 Challenge Cup)	လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း	မြန်မာလူငယ် ဘောလုံးအသင်း ရန်ပိုင် ရန်ပိုင်	ဗိုလ်စွဲ ဂိုးအများဆုံးသွင်းသူဆု (Golden Booth Award) အကောင်းဆုံးဘောလုံး သမားဆု(Best Player)
၂၇-၁၁-၂၀၀၅ မှ ၅-၁၂-၂၀၀၅	(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ	ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့		ရွှေ-၁၇၊ ငွေ-၃၄၊ ကြေး-၄၈

www.foreverspace.com.mm

သီလရှင်ဆရာကြီးများနှင့် ဥပါသက၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆပ်ကပ်ခဲ့သည်။

ယင်းဘွဲ့တံဆိပ်တော်များကို မတ်လ ၂၄ ရက်နေ့တွင် ဆက်ကပ်ခဲ့ရာ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါး၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးခြောက်ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရ ဘွဲ့တံဆိပ်တော်ရဆရာတော် နှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၁ ပါး၊ သာသနာပြုဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၃၅ ပါး၊ ဓမ္မကထိကဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၄ ပါး၊ စာချဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀၃ ပါး၊ စာချဘွဲ့တံဆိပ်တော်ရ သီလရှင် ၁၁ ပါး၊ သာသနာပြုဘွဲ့တံဆိပ်တော်ရ သီလရှင်ငါးပါး၊ သာသနာပြု ဘွဲ့တံဆိပ်တော်ရ အမျိုးသား ကိုးဦး၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၂၆ ဦး စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် ၃၈၄ တို့ကို ဆက်ကပ်အပ်နှင်းခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၈၉ ခုနှစ်နောက်ပိုင်း ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အရေအတွက်တဖြည်းဖြည်း တိုးချဲ့ဆက်ကပ်လာရာ ကမ္ဘာပေါ်တွင် ဘွဲ့တံဆိပ်အများဆုံး ဆပ်ကပ်နိုင်သည့်နိုင်ငံ ဖြစ်လာသည်။ ယခင်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တစ်ခုဆက်ကပ်ဖို့ဆိုလျှင် များစွာ ခက်ခဲစိစစ်လေ့ရှိသော်လည်း ယနေ့အချိန်တွင်မူ အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကကဲ့သို့သော ဘွဲ့ထူးမျိုးကိုပင် အရေအတွက် များပြားစွာ ဆက်ကပ်နိုင်လာသည်ကို မှတ်တမ်းတင်ရမည်ဖြစ်သည်။

ဒေါက်တာ သီလာနန္ဒာဘိဝံသ

ယခုနှစ်အတွင်း ဆုံးရှုံးမှုတစ်ရပ်မှာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ဘာသန္တရစွယ်စုံရသော၊ မြန်မာသာသနာသမိုင်း၌ ဒုတိယမြောက် သက္ကတဘာသာ အကျွမ်းကျင်ဆုံးဖြစ်သော ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဇောတိကဓဇ ဘဒ္ဒန္တဒေါက်တာ သီလာနန္ဒာဘိဝံသ (သိင်္ဂာတော် ၅၈ ဝါ၊ သက်တော် ၇၈ နှစ်) ပျံလွန်တော်မူသွားခြင်းဖြစ်သည်။

ဆရာတော်သည် ၁၃-၈-၂၀၀၅ ရက်နေ့၊ နံနက် ၇း၂၄ တွင် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ် Red Wood City မြို့၊ Kaiser ဆေးရုံတွင် ပျံလွန်တော်မူခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ပါမောက္ခချုပ်တာဝန်နှင့် အမေရိကန်နိုင်ငံရှိ ဟာမွန်းဘေးမြို့ ဓမ္မနန္ဒ ဝိဟာရကျောင်းတိုက်၏ ဦးစီးပဓာန နာယကအဖြစ် သာသနာ့တာဝန်များ ထမ်းဆောင်နေဆဲဖြစ်ပြီး မန္တလေးမြို့ အဘယရာမ ရွှေဂူကျောင်းတိုက်နာယကဆရာတော်လည်း ဖြစ်



ဒေါက်တာသီလာနန္ဒာဘိဝံသ

သည်။ ဆရာတော်သည် ပျံလွန်တော်မမူမီ လေးလခန့်က ဦးနှောက်အကျိတ်ရောဂါ ခွဲစိတ်မှုခံယူခဲ့ပြီး ဆရာတော်၏ နေ့စဉ်အခြေအနေကို အမေရိကန်ထေရဝါဒ ဗုဒ္ဓဘာသာအသင်း (TBSA) က အင်တာနက်ပေါ်တွင် အဆက်မပြတ် ဖော်ပြခဲ့သည်။

ဗုဒ္ဓကျမ်းစာများကို ပုံနှိပ်ထုတ်ဝေ၍ ကမ္ဘာအနှံ့ ဖြန့်ဖြူးသော ဗုဒ္ဓစာပေထုတ်ဝေရေးဌာနတစ်ခုဖြစ်သော သီရိလင်္ကာနိုင်ငံ ကန်ဒီမြို့ရှိ Buddhist Publication Society (BPS) မှ ထုတ်ဝေသောစာအုပ်များကို ရေးသားပြုစုသော မြန်မာနိုင်ငံမှ ပညာရှင်များထဲတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ သက္ကတစာပေများထဲမှ မြန်မာစာပေလောကၨ လူသိများသော ကာလီဒါသ၏ 'သကုန္တလာ' ပြဇာတ်ကို သက္ကတဘာသာမှ တိုက်ရိုက်အပြည့်အစုံမြန်မာပြန်ထားပြီး ယူနက်စကိုစာပေဆုရရှိခဲ့သော 'သကုန္တလာ' သည် ဘာသာပြန်သူ ရဝေထွန်းအမည်ဖြင့် ဆရာတော်ရေးသားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းမှ ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိမှု

ယခုနှစ်ဖေဖော်ဝါရီလ ၁၅ ရက်မှ ၂၂ ရက်အတွင်း ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန ရန်ကုန်/မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနနှင့် ဂျပန်နိုင်ငံ ကျိုတို တက္ကသိုလ်တို့က ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များပါဝင်သော

www.foreverspace.com.mm

၂၀၀၅ ခုနှစ်အတွင်း ပျံလွန်တော်မူသွားခဲ့ကြသော ဆရာတော်ကြီးများ

၁၅-၁-၂၀၀၄	-နိုင်ငံတော် ဩဝါဒါစရိယ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဇ္ဇာဝ (ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ဘုရားကြီးကျောင်းတိုက် ပဓာနနာယက)၊ သိက္ခာတော် (၆၄)ဝါ၊ သက်တော်က် (၈၄)နှစ်။
၅-၂-၂၀၀၅	-လောကဥယျောင်ကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုမနစာရ (အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ)၊ သိက္ခာတော်(၄၆)ဝါ၊ သက်တော် (၆၆)နှစ်။
၁၂-၃-၂၀၀၅	-တနင်္သာရီတိုင်း မြိတ်မြို့နယ် ရွှေတောင်ကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကေသရ (အဂ္ဂမဟာပဏ္ဍိတ)၊ သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၀)နှစ်။
၁၅-၃-၂၀၀၅	-ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကုလားပြင်ကျေးရွာ မဟာဗောဓိဝိဟာရကျောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇိန္ဒ၊ သိက္ခာတော်(၇၇)ဝါ၊ သက်တော်(၉၆)နှစ်။
၂-၄-၂၀၀၅	-နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဇဝနာဘိဝံသာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနာဘိဝံသ၊ သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ။
၃-၄-၂၀၀၅	မွန်ပြည်နယ် မော်လမြိုင်မြို့ မေဓာဝီကျောင်းတိုက် ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော်၊ ဓမ္မာနုဓမ္မ မဟာဒွါရနိုကာယ အနုနာယက မွန်ပြည်နယ် သံဃမဟာနာယကဥက္ကဋ္ဌ(မဟာဒွါရ) အဂ္ဂမဟာသဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂါလင်္ကာရ၊ သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၉)ဝါ။
၅-၅-၂၀၀၅	-နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် နာယကကျောင်းဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၃)ဝါ။
၁၅-၅-၂၀၀၅	-နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ၊ သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ။
၁၆-၅-၂၀၀၅	-နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင်၊ သကျသီဟနှင့် အစိုးရဓမ္မာစရိယ ဘဒ္ဒန္တသုမနာဘိဝံသ၊ သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်။
၂၉-၅-၂၀၀၅	-နိုင်ငံတော်ဩဝါဒါစရိယ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်ပရိယတ္တိ ပါရဂူစာသင်ကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာနန္ဒ၊ သိက္ခာတော်(၇၆)ဝါ၊ သက်တော်(၉၇)နှစ်။
၂၉-၅-၂၀၀၅	- ဆဋ္ဌသင်္ဂီတိကာရက ပါဠိဝိသောဓက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာနန္ဒ၊ သက်တော် (၉၇)နှစ်၊ သိက္ခာတော် (၇၇)ဝါ။
၂၃-၆-၂၀၀၅	-ရန်ကုန်တိုင်း၊ သဃ်နိုးကျွန်းမြို့နယ်၊ ကျိုက္ကစံအနောက်ရပ်ကွက်(မဂ္ဂင်ဆရာတော်)၊ သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်။
၁၆-၇-၂၀၀၅	-ဘဒ္ဒန္တသောဘိတာဘိဝံသ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၇)နှစ်။
၂၀-၇-၂၀၀၅	-နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇယမဟာထေရ် (ဧရာဝတီတိုင်း၊ ငါးသိုင်းချောင်း၊ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်တိုက်ကြီး၏ ဦးစီးပဓာနနာယက)၊ သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၀)နှစ်။
၁၃-၈-၂၀၀၅	-အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂုဏ်ထူးဆောင်စာပေ ပါရဂူ (D.Litt) ဘဒ္ဒန္တ ဒေါက်တာသီလာနန္ဒာဘိဝံသ၊ သက်တော်(၇၈)နှစ်၊ ဝါတော်(၅၈)ဝါ။
၁၈-၈-၂၀၀၅	-နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နိတုံကျေးရွာ နိတုံကျောင်းဟောင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပုဖ္ဖမ္မ အဂ္ဂမဟာ ဂန္ဆဝါစကပဏ္ဍိတ၊ သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်။
၁၇-၁၁-၂၀၀၅	-ဣန္ဒြိယာရာမ ရွှေဂူတိုက်ပဓာန မဟာနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တ နိုင်ငံတော်ဩဝါဒါစရိယဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ သာသနာဓဇသီရိပဝရဓမ္မာစရိယ၊ သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃) ဝါ။
၂-၁၂-၂၀၀၅	နိုင်ငံတော် ဩဝါဒါစရိယ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့ ရတနာမာန်အောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကလင်္ကာရ၊ သက်တော် (၇၄)နှစ်၊ သိက္ခာတော် (၅၄)ဝါ။

www.foreverspace.com.mm

ကျောက်ဖြစ်ရုပ်ကြွင်းလေ့လာရေးအဖွဲ့သည် မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်သို့ သွားရောက်ကွင်းဆင်းလေ့လာရှာဖွေခဲ့ရာ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ဆင်စွယ်အဝိုင်းအစများကို စုဆောင်း ရရှိခဲ့သည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းများမှာ စတီဂိုဒွန်ဆင်၊ ဝက်မူလမျိုးနွယ်နှင့် ကြံ့တို့၏ အောက်မေးရိုးနှင့် အံသွားများ၊ တောနွားတို့၏ အောက်မေးရိုး၊ အံသွားနှင့် ဦးချိုများ၊ ရေမြင်းမူလမျိုးနွယ်တို့၏ အံသွားများ၊ မိကျောင်း၏သွားများ၊ လိပ်၏ အရိုးမာချပ်ပြားများ၊ ခရုနှင့် ကမာကောင်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်ပြီး မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်းရှိ ချိုင်စောက်၊ ဆူးလေကုန်းနှင့် ခေါင်းပေါင်းကျေးရွာဝန်းကျင် ဒေသများမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိရသည့် ကျောက်လွှာမှာ ဧရာဝတီကျောက်စဉ်စုမှ ကျောက်လွှာများဖြစ်ကြပြီး ဘူမိသက်တမ်းအားဖြင့် Plio-Pleistocene (လွန်ခဲ့သည့်နှစ်ပေါင်း ငါးသန်းမှ တစ်သန်းခန့်) အချိန်ကာလက ဖြစ်သည်။ ယင်းအထောက်အထားများအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် လွန်ခဲ့သောနှစ်ပေါင်း ငါးသန်းမှ တစ်သန်းခန့် ကာလအတွင်းက ပင်လယ်ရေတိမ်ပိုင်း သို့မဟုတ် ကုန်းတွင်းရေအိုင်များ၊ ရွှံ့နွံတောများနှင့်သစ်တောကြီးများ ထူထပ်စွာပေါက်ရောက်ကာ ကုန်းနေသတ္တဝါနှင့် ရေနေသတ္တဝါများ အများအပြား ကျက်စားနေထိုင်ခဲ့ကြကြောင်း မတ်လ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြချက်အရ သိရှိရသည်။

မတ်လ ၁၁ ရက်နေ့က စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းကြီးမြို့ဟောင်း၏ ကြေးခေတ်ဦးသမိုင်းဟု ယူဆရသောနေရာမှ တစ်ဝက်တစ်ပျက် ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်တွေ့ရှိခဲ့သည်။

ရွှေဂူကြီးဘုရားအရှေ့တောင်ဘက် ကိုက် ၇၀၀ ခန့် အကွာတွင် ရေတွင်းစမ်းသပ်တူးဖော်ရာမှ မြေအနက် ၇ ပေခွဲခန့်တွင် လူရုပ်ကြွင်းအရိုးစုကို တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ရုပ်ကြွင်း၏ အရပ်မှာ ငါးပေလေးလက်မခန့်ရှိကာ ဦးခေါင်းအနေအထားနှင့် ခန္ဓာဗေဒ လေ့လာမှုအရ အမျိုးသမီးတစ်ဦး၏ ရုပ်ကြွင်းဖြစ်ပြီး အသက်မှာ (၄၀)မှ (၅၀)နှစ်အတွင်း ဖြစ်သည်။ ရုပ်ကြွင်းသည် တစ်ဝက်တစ်ပျက် ကျောက်ဖြစ်နေသည့်အဆင့်တွင်ရှိသဖြင့် သက်တမ်း ကြာမြင့်လှပြီဖြစ်ပြီး ရုပ်ကြွင်း၏ ခါးပိုင်းနေရာတစ်ဖက် တစ်ချက်တွင် အိုးကြီးတစ်လုံးနှင့် အိုးငယ်တစ်လုံးတို့ကိုပါ မြှုပ်နှံထားကြောင်း တွေ့ရှိရသည်။ ထိုရုပ်ကြွင်း၏ မြောက်ဘက် ပေ ၂၀ ခန့်အကွာ ရေတွင်းတူးဖော်ရာမှ လူဦးခေါင်းခွံသုံးခုကို ထပ်မံတွေ့ရှိခဲ့ရသည်။ ယင်းဦးခေါင်းခွံများသည်လည်း တစ်ဝက်တစ်ပျက် ကျောက်ဖြစ်နေပြီး အမျိုးသမီးရုပ်ကြွင်းနှင့် သက်တမ်းတူပင် ဖြစ်သည်။

ထို့ပြင် မတ်လအတွင်း သမိုင်းမတင်မီ ကျောက်ခေတ်ယဉ်ကျေးမှုလေ့လာရေးအဖွဲ့သည် မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်မြောက်ပိုင်းရှိ ခေါင်းပေါင်းကျေးရွာအနီးတွင် ဧရာ ဝတီမြစ်ဝှမ်းခြံ ထွန်းကားခဲ့သော အညာသားယဉ်ကျေးမှု၏ နောက်ဆက်တွဲဖြစ်သည့် အညာသားနှောင်း ကျောက်ခေတ်ယဉ်ကျေးမှု (Late Anyathian Culture) ကျောက်လက်နက် ၄၀ တို့ကို စုဆောင်းရရှိခဲ့သည်။

ထွေ့ရှိရသော ကျောက်လက်နက်ပစ္စည်းများသည် သက်တမ်းအားဖြင့် ပလိုင်စတိုဆင်း ခေတ်နှောင်းပိုင်း (Upper Pleistocene Epoch) ကာလတွင် အကျုံးဝင်မည်ဟု ယူဆထားရာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀၀ ကျော်အထက် သက်တမ်းရှိမည်ဟု ခန့်မှန်းရသည်။

ယင်းကျောက်ခေတ်ဟောင်းလက်နက်များ၏ ထူးခြားချက်မှာ ဧရာဝတီမြစ်ကမ်းဆင့်များ (Ayeyarwaddy River Terraces) တွင်တွေ့ရသော ကျောက်ခေတ်ဟောင်း လက်နက်များကဲ့သို့ တကွဲတပြားစီတွေ့ရခြင်းမဟုတ်ဘဲ ပုံတောင်တောင်တန်း၏ အရှေ့ဘက်ဆင်ခြေလျှောရှိ ကျောချောင်း၏ အနောက်ဘက်ရှိ ခေါင်းပေါင်းရွာ အရှေ့ဘက်ခင်ရိုး ကုန်းတန်းငယ်ပေါ်တွင်တွေ့ရခြင်းဖြစ်ရာ ကျောက်ခေတ်ဟောင်း နှောင်းပိုင်း ရှေးဦးလူသားတို့ အခြေချနေထိုင်ခဲ့ရာနှင့် ကျောက်လက်နက်ပြုလုပ်သုံးစွဲခဲ့သည့်နေရာ (Workshop Site) တစ်ခုအဖြစ် ရှေးဟောင်းသုတေသနပညာရှင်များက ကောက်ချက်ချကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

ဟန်လင်းမြို့ပြယဉ်ကျေးမှုပေါ်ထွန်းချိန်ကို ပြန်လည်စိစစ်ရမည့် တူးဖော်တွေ့ရှိမှုများ

၂၀၀၅ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း ဟန်လင်းမြို့ဟောင်းတွင် တူးဖော်သုတေသနပြုခဲ့ရာမှ တွေ့ရှိချက်များအရ ယခင်က ဟန်လင်းမြို့ပြယဉ်ကျေးမှုကို အေဒီ ၃ ရာစုမှ ၈ ရာစုအကြား တွင် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟူသော သမိုင်းအယူအဆကို ပြန်လည်စိစစ်သုံးသပ်ရမည့် အခြေအနေရှိကြောင်း မေလ ၂၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

ယင်းကဲ့သို့ တူးဖော်ရာ၌ ကုန်းအမှတ်(၂၆)တွင် မြေအနက် ၃ ပေ ၆ လက်မ၌ လူအရိုးစုတစ်ခု၊ မြေအနက် ၈ ပေခန့်မှ လူအရိုးစုနှစ်ခု၊ မြေအနက် ၁၁ ပေကျော်မှ လူအရိုးစုနှစ်ခု၊ မြေအနက် ၁၃ ပေခန့်မှ လူအရိုးစု ငါးခုနှင့် မြေအနက် ၁၆ ပေမှ လူအရိုးစုတစ်ခု စုစုပေါင်း ၁၁ ခု တူးဖော်တွေ့ရှိခဲ့သည်။ မြေလွှာအနက်အလိုက် လူအရိုးစုများနှင့်အတူ လူအသုံးအဆောင် မြေခွက်၊ မြေအိုး၊ မြေအိုးကြီးသုံးလုံး၊ ကြေးထည်ပစ္စည်း၊

www.foreverspace.com.mm

ကျောက်လက်နက်၊ ကျောက်ပုတီးစေ့များ၊ သံလက်နက်တို့ကို တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ လူ့အရိုးစုနှင့် ရှေးဟောင်းပစ္စည်းများတူးဖော်တွေ့ရှိသောနေရာသို့ မေလ ၁၇ ရက်မှ ၁၉ ရက်အထိ ပညာရှင်များသွားရောက်လေ့လာချက်အရ တစ်ဝက်တစ်ပျက် ကျောက်ဖြစ်နေသော(Semifossilized) လူအရိုးစုများအပါအဝင် အခြား လူအရိုးစုများကို မြေလွှာလေ့လာမှုအထောက်အထားအရ မြေအနက် ၁၆ ပေ စတုတ္ထမြေလွှာမှတွေ့ရှိရသော လူအရိုးစုသည် နှစ် ၅၀၀၀ ကျော်ကာလအထက်ကဖြစ်သည်ဟု ခန့်မှန်းကြောင်း၊ မြေအနက် ၈ ပေနှင့် ၇ ပေ အကြား ဒုတိယမြေလွှာမှ တွေ့ရှိရသော လူအရိုးစုများသည် နှစ် ၅၀၀၀ ဝန်းကျင်ခန့် ဖြစ်မည်ဟု ခန့်မှန်းကြောင်း၊ မြေအနက် ၈ ပေနှင့် ၇ ပေအကြား ဒုတိယမြေလွှာမှ တွေ့ရသော လူအရိုးစုများသည် နှစ် ၄၀၀၀ ခန့်ကဖြစ်မည်ဟု ခန့်မှန်းကြောင်းလည်း ဖော်ပြခဲ့သည်။

ထို့ပြင် ဟန်လင်းမြို့ဟောင်းတွင် ကျောက်ချောခေတ်သုံး ကျောက်လက်နက်များ တူးဖော်ရရှိခြင်း၊ ကြေးခေတ်လက်နက်များတူးဖော်ရရှိခြင်း၊ မြန်မာနိုင်ငံ ကြေးခေတ်ဒေသများဖြစ်သည့် ညောင်ကန်၊ မြင်းဦးလှည့်၊ နှောကန်၊ မြို့လှ စသော ဒေသများတွင် တူးဖော်ရရှိခဲ့သည့် ကြေးထည်အိုးခွက်များ ပုံသဏ္ဌာန်နှင့် မြေထည်မြေသားတူညီခြင်းတို့ကြောင့် ဟန်လင်းဒေသတွင် ပျူလူမျိုးတို့၏ ရှေးဦးအနွယ်များသည် ကျောက်ခေတ်၊ ကြေးခေတ် ကာလကတည်းက အခြေချနေထိုင်ခဲ့ကြကြောင်း၊ ကျောက်ခေတ်၊ ကြေးခေတ်မှသည် မြို့ပြနိုင်ငံပေါ်ထွန်းသည့်ခေတ်အထိ ယဉ်ကျေးမှုအဆင့်ဆင့်ကို ဖြတ်သန်းနေထိုင်ခဲ့ကြကြောင်း ရှေးဟောင်းသုတေသနအထောက်အထားများအရ ကောက်ချက်ချနိုင်ကြောင်း ဖော်ပြခဲ့သည်။

ယခုနှစ်အတွင်း မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းယောင်းမြို့ဟောင်းရှိ ရှေးဟောင်းကုန်းမှ ပျူခေတ်ဦး ရှေးဟောင်းဗုဒ္ဓရွှေဆင်းတုတော်များ၊ ငွေစေတီတော်များနှင့် ငွေဆင်းတုတော်များကို တွေ့ရှိရသော အထောက်အထားများအရ ပျူခေတ်ဦးမှာပင် မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့ကြောင်း၊ ရွှေပန်းထိမ်၊ ငွေပန်းထိမ်ပညာတို့၌ အလွန်ပင် လက်ရာပြောင်မြောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရုံပြီး တကောင်း၊ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ ရှေးဟောင်းပျူမြို့တော်များနှင့် မြို့ပြယဉ်ကျေးမှုဆက်နွယ်မှုရှိခဲ့ကြောင်း၊ ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့ကြောင်း ခိုင်မာသည့်သက်သေအထောက်အထား ဖြစ်ကြောင်း ပညာရှင်များကသုံးသပ်သည်။

မေလ ၁၅ ရက်နေ့ကလည်း ရန်ကုန်တိုင်းတွဲတောမြို့နယ် ပြသတိုက်အုပ်စု တံခွန်တိုင်ကျေးရွာတွင် ရှေးခေတ်ဦး ပျူခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်သုံးဆူ တွေ့ရှိခဲ့သည်။

အကြီးဆုံး အင်ကြင်းကျောက်တွေ့ရှိမှု

ဇူလိုင်လအတွင်း စစ်ကိုင်းတိုင်း ကန့်ဘလူမြို့အနီး ယာခင်းအတွင်းထွန်ယက်ရာမှ အလျားပေ ၁၅၀ ကျော် ရှည်လျားသော မြန်မာနိုင်ငံတွင် အကြီးဆုံး အင်ကြင်းကျောက်တုံးကြီးကို တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါကျောက်တုံးကြီး၏ အရှည်ပေ ၅၀ ခန့်တွင် ခါးလယ်လုံးပတ်ကိုတိုင်းတာရာ ၁၁ ပေ ရှစ်လက်မခန့်ရှိပြီး သက်တမ်းမှာ နှစ်သန်းပေါင်း ၁ ဒသမ ၂ သန်းမှ ၁ ဒသမ ၈ သန်းခန့်ရှိနိုင်သည်ဟု ပညာရှင်အချို့က ခန့်မှန်းသည်။

မြန်မာနိုင်ငံအတွင်း ဥက္ကာပျံခဲကျရောက်

မကွေးတိုင်း မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာအုပ်စုရုံးတော်ကျေးရွာ၊ မြင်းစုကျေးရွာနှင့် ခလုံးခန်း ရဲရင့်ကန်တိုက်တဲစုအနီးသို့ ဇွန်လ ၂၁ ရက်နေ့တွင် ဥက္ကာပျံခဲများ ကောင်းကင်မှ ကျရောက်ခဲ့ကြောင်း ဇူလိုင်လ ၁၆ ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြခဲ့သည်။

အဆိုပါ ဥက္ကာပျံခဲများအနက် အလေးချိန် ၁၅.၅ ကီလို ဂရမ်ရှိပြီး အရွယ်ပမာဏ အလျား ၁၁ လက်မ၊ အနံ ၉ လက်မရှိသော ဥက္ကာပျံခဲကို တိရစ္ဆာန်နှင့် ပန်းဥယျာဉ်(ရန်ကုန်) သဘာဝသမိုင်းပြတိုက်တွင် အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ဇူလိုင်လ ၁၄ ရက်နေ့မှ စတင်ပြသထားသည်။

တိရစ္ဆာန်ဥယျာဉ်သို့ ပို့ဆောင်သော ရှားပါးတိရစ္ဆာန်

သတ္တဗေဒအခေါ်အဝေါ်အားဖြင့် လိပ်ပုတ်သင်ညို (ခ) ဖွတ်လိပ် (ခ) လိပ်ကြက်တူရွေးဟုခေါ်ဝေါ်ပြီး မျိုးတုံးလုနီးပါး သတ္တဝါအမျိုးအစားဖြစ်သည့် အလွန်ရှားပါးသော လိပ်တစ်ကောင်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) နန့်စန်မြို့ နမ့်ပလပ်ချောင်းအတွင်းမှ မေလ ၂၆ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါလိပ်၏ ပုံသဏ္ဌာန်မှာ ကျောခွံစိမ်းညိုရောင်၊ ရင်ခွံအဝါရောင်ဖြစ်ပြီး ရင်ခွံနှင့်ကျောခွံကို အရွတ်ဆက်များဖြင့် ကျော၊ ရင်ဘတ်ခွံ(Bridge) ပုံသဏ္ဌာန်ဆက်ပေးထားသည်။ ထိုလိပ်အမျိုးအစားသည် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ရှိရောင်း၊ မြောင်းများ၌ ပေါက်ဖွား မျိုးပွားပျံ့နှံ့လျက်ရှိသည်။ ယခုတွေ့ရှိရသောလိပ်သည် ကျောပြင်အခွံ ၁၈ စင်တီမီတာရှိသည်။

ဖမ်းဆီးရမိသောလိပ်ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် တောင်ကြီးတက္ကသိုလ်သို့ သုတေသနပြုရန် ပေးအပ်ခဲ့ပြီး ဇွန် ၂၉ တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် လွှဲပြောင်းလှူဒါန်းခဲ့သည်။

www.foreverspace.com.mm

အာရှတိရစ္ဆာန်ဆေးသိပ္ပံပညာထူးချွန်ဆု

အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်များအသင်းသည် အကောင်းဆုံးစာတမ်းများကိုရွေးချယ်၍ ထူးချွန်ဆုချီးမြှင့်လေ့ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံမှ ဒေါက်တာကျော်ဆန်းတင်သွင်းသည့် စာတမ်းနှင့် အခြားတက္ကသိုလ်များမှ ပညာရှင်များတင်သွင်းသည့် စာတမ်းသုံးစောင်သည် အကောင်းဆုံးစာတမ်းများအဖြစ် ရွေးချယ်ခံရရာ ဒေါက်တာကျော်ဆန်းအား အာရှတိရစ္ဆာန်ဆေးသိပ္ပံပညာ ထူးချွန်ဆု (Asian Veterinary Science Prize, Hill's Award) နှင့် ဂုဏ်ပြုငွေ ဂျပန်ယန်း တစ်သိန်းချီးမြှင့်ခံရကြောင်း ဩဂုတ်လ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

အဆိုပါဆုရစာတမ်းအား ဩဂုတ်လ ၂၄ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပသော အာရှတိရစ္ဆာန် ဆေးကုတက္ကသိုလ်များအသင်း (The Asian Association of Veterinary Schools) က ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့ခြင်းဖြစ်ပြီး တိရစ္ဆာန်ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် အသားစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် သုတေသနစာတမ်းဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်များအသင်းက ချီးမြှင့်သည့် အာရှတိရစ္ဆာန် ဆေးသိပ္ပံပညာထူးချွန်ဆုကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဒေါက်တာမြင့်သိန်းက ရရှိခဲ့ပြီး ယခုနှစ်တွင် ဒေါက်တာကျော်ဆန်းက ထပ်မံရရှိခဲ့သဖြင့် မြန်မာနိုင်ငံမှ နှစ်နှစ်ဆက်တိုက် ထူးချွန်ဆု ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။ ဒေါက်တာကျော်ဆန်းသည် ၂၀၀၃ ခုနှစ်တွင် ဂျာမနီနိုင်ငံ Hannover School of Veterinary Medicine မှ ပါရဂူဘွဲ့ (Ph.D) ကို ရရှိခဲ့သူဖြစ်သည်။

အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံက ပထမဆုံးရရှိသည့် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး ဆောင်ရွက်မှုဆု

အမေရိကန်အခြေစိုက် Alexander Abraham Foundation မှသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဆောင်ရွက်မှုဆုကို ဇူလိုင်လ ၂၉ ရက်တွင် မီကာဆာဟိုတယ်၌ ချီးမြှင့်ခဲ့သည်။

အဆိုပါဆုမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်သူများအား ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံက ပထမဆုံးအကြိမ်ရွေးချယ်ချီးမြှင့်ခံရခြင်းဖြစ်သည်။

ASEAN ဆုများ

အရှေ့တောင်အာရှဆယ်နိုင်ငံ စုစည်းဖွဲ့တည်ထားသော အာဆီယံအဖွဲ့အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ စည်းလုံးညီညွတ်ရေးတို့အတွက် အာဆီယံနာမည်ဖြင့် နယ်ပယ်အသီးသီးအတွက် ဆုများအလှည့်ကျချီးမြှင့်ခဲ့ရာ ယခုနှစ်အတွင်း ASEAN Engineering Outstanding Awards (2004) ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့က ရရှိခဲ့ပြီး ASEAN Energy Awards (2005) ကို သစ်တောရေးရာဝန်ကြီးဌာနက ရရှိခဲ့သည်။

ASEAN Energy Awards (2005) ပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံများမှ New & Existing Building, Retrofitted Building, Propical Building, Special Submission ခေါင်းစဉ်လေးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲအတွက် ၁၉၉၄–၉၅ ခုနှစ်တွင် အာဆီယံနိုင်ငံများ၊ စွမ်းအင်အကျိုးရှိစွာအသုံးချသော အဆောက်အအုံများ၊ Energy Efficient Building များကို နှစ်စဉ်ရွေးချယ်ပြီး ဆုချီးမြှင့်နိုင်ရန် ဂျပန်နိုင်ငံမှ ရန်ပုံငွေထည့်ဝင်ထူထောင်ပေးခဲ့ပြီး နှစ်စဉ်ပြိုင်ပွဲများကျင်းပပေးခဲ့ခြင်းဖြစ်သည်။ ထိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ၂၀၀၂ ခုနှစ်၌ ပြည်လမ်းရှိ ကမ္ဘောဇောဏ်ရုံးချုပ်အဆောက်အအုံအား Special Submission ခေါင်းစဉ်ဖြင့် ပထမဆုချီးမြှင့်ခံခဲ့ရသည်။ အခြားသောခေါင်းစဉ်များနှင့် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆည်အများဆုံးဆောက်လုပ်နိုင်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတားအရှည်ဆုံး ဖောက်လုပ်တည်ဆောက်နိုင်မှု၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်ငွေ့ပိုက်လိုင်းအရှည်ဆုံး သွယ်တန်းနိုင်မှု စသည့်ဆုများပါ ရရှိခဲ့သည်။

အာဆီယံစွမ်းအင်ဗဟိုဌာန (ASEAN Centre for Energy) မှ ချီးမြှင့်သော ASEAN Energy Efficient Building Awards (2005) ကို Mount Popa Resort မှ ရရှိခဲ့သည်။ အဆိုပါ Resort ကို မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း၌ ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

တရုတ် - အာဆီယံကုန်စည်ပြပွဲ အကောင်းဆုံးပြခန်းဆု

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂွမ်ဆီပြည်နယ် နန်နင်းမြို့တွင် ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁၉ မှ ၂၂ အထိ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲတွင် အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်နိုင်ငံတို့က အမျိုးသားပြခန်းဆောင်နှင့် ပြခန်းများ ခင်းကျင်းပြသကြသည့်အနက် ပြခန်းအား

www.foreverspace.com.mm

လုံးကို ဆုအသီးသီးချီးမြှင့်ခဲ့ရာ မြန်မာအမျိုးသားပြခန်းဆောင်နှင့် ပြခန်းသည် China-ASEAN Expo Organizing Committee က ချီးမြှင့်သော အကောင်းဆုံးပြခန်းဆု (The Best Exhibitiion Award) ကို ရရှိခဲ့သည်။

ပြပွဲတွင် မြန်မာအမျိုးသားပြခန်းဆောင်ကို မန္တလေးနန်းမြို့ရိုးပုံစံ တည်ဆောက်ထားပြီး ပြခန်းဆောင်အတွင်းတွင် မြန်မာလက်မှုအနုပညာပစ္စည်းများ၊ တွင်းထွက်ကျောက်မျက်ရတနာပစ္စည်းများ၊ လယ်ယာထွက်ကုန်သီးနှံများ၊ သစ်တောထွက်ပစ္စည်းများ၊ သွင်းကုန်အစားထိုးပစ္စည်းများ၊ ပြည်တွင်းဖြစ်နိုင်ငံခြားဆေးဝါးများကို ခင်းကျင်းပြသထားခဲ့သည်။

ထို့ပြင် ပြပွဲသို့လိုက်ပါတက်ရောက်ကြသော ကုမ္ပဏီ ၂၆ ခုက သစ်တောထွက်ပစ္စည်းပြခန်း ၁၁ ခန်း၊ ကြိမ်ထည်ပစ္စည်းပြခန်း ၂ ခန်း၊ ကျောက်မျက်ရတနာပြခန်း ၁၁ ခန်း၊ စားသောက်ကုန်ပစ္စည်း တစ်ခန်း၊ တိုင်းရင်းဆေးဝါးပစ္စည်းပြခန်း တစ်ခန်း၊ လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းပြခန်း နှစ်ခန်း တို့ကို ခင်းကျင်းပြသခဲ့သည်။

ဘန်ဒေါင်းကုန်စည်ပြပွဲ အကောင်းဆုံးပြခန်းဆု

အာရှ–အာဖရိက Summit နှင့် အကြိမ် (၅၀)မြောက် Asia, Africa Jubliee Expo-2005 ပြပွဲကို အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ဧပြီလ ၂၀ မှ ၂၅ ရက်နေ့အထိကျင်းပခဲ့ရာ ပြခန်းပေါင်း ၇၀ အနက် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းမှ အကောင်းဆုံး ခင်းကျင်းပြသနိုင်သောပြခန်းပထမဆုကို ရရှိခဲ့သည်။

ပြခန်းတွင် မြန်မာ့ထွက်ကုန် ပဲအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ ပရိဘောဂနှင့် ပန်းပုရုပ်တုများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ အသင့်ချုပ်အထည်များ၊ ရေထွက်ပစ္စည်းများ၊ မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာများနှင့် ပုလဲများကို ခင်းကျင်းပြသခဲ့သည်။

အာဆီယံ လူငယ်စွမ်းဆောင်ဆု

အင်ဒိုနီးရှားနိုင်ငံ Samarang မြို့တွင် သြဂုတ်လ ၂၂ ရက်မှ ၂၅ ရက်နေ့အထိကျင်းပသော အာဆီယံလူငယ်နေ့ အစည်းအဝေးတွင် မြန်မာနိုင်ငံမှ အာဆီယံလူငယ်စွမ်းဆောင်ဆု ရရှိသည်။

Miss ASEAN ပြိုင်ပွဲတွင် Miss Talent ဆုရ အိရူပါဝင်း

အာဆီယံဒေသအတွင်း စီးပွားရေးဆိုင်ရာ အခမ်းအနားများ၊ လှုပ်ရှားမှုများတွင် ချစ်ကြည်ရေးသံတမန်အဖြစ် သွားရောက်ဆင်နွှဲရန်နှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို အထောက်အကူပြုရန် အာဆီယံ ၁၀ နိုင်ငံကိုယ်စားပြု Miss ASEAN အလှမယ်တစ်ဦးကို ရွေးချယ်သွားရန် အာဆီယံအစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)က အဆိုပြုခဲ့ရာမှ Miss ASEAN Culture Myanmar ပြိုင်ပွဲအစပြုခဲ့သည်။

၂၀၀၅ ခုနှစ် မတ်လ၌ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် Miss ASEAN-2005 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် UMFCCI မှ ကြီးမှူးု၍ Miss ASEAN Culture Myanmar ပြိုင်ပွဲကြီးကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ခမ်းနားစွာ ကျင်းပခဲ့ပြီး Miss ASEAN Culture Myanmar ကို ရွေးချယ်ခဲ့သည်။

Miss ASEAN Culture Myanmar ရွေးချယ်ပွဲ၏ ထူးခြားချက်မှာ သာမန်အလှမယ်ပြိုင်ပွဲများကဲ့သို့ ရုပ်အလှ၊ ခန္ဓာကိုယ်အလှထက် ဗဟုသုတ၊ ဉာဏ်စွမ်းရည်၊ ပညာအရည်အချင်းမြင့်မားမှု၊ အင်္ဂလိပ်စာကျွမ်းကျင်မှုနှင့် တူရိယာတစ်မျိုးမျိုး တီးခတ်နိုင်မှုတို့ကို အခြေခံထားပြီးရွေးချယ်ရာ လူငယ်များစုပေါင်းတည်ထောင်ထားသော Ice-Youth စာကြည့်တိုက်မှ လူထုဆက်ဆံရေးတာဝန်ခံ အိရူပါဝင်းမှာ မြန်မာနိုင်ငံ ကိုယ်စားပြု Miss ASEAN ဖြစ်လာပြီး ပထမဆုအဖြစ် ငွေကျပ်သိန်း ၃၀ ကို ရရှိခဲ့သည်။

အိရူပါဝင်းကို UMFCCI မှ စီစဉ်လေ့ကျင့်ပေးပြီးနောက် ၂၀၀၅ ခုနှစ် မတ်လ ၉ ရက်မှ ၁၅ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသော Miss ASEAN ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ရာ ပြိုင်ပွဲဝင် ရုစ်ဦးအနက် စတုတ္ထဆုဟုသတ်မှတ်၍ ရနိုင်သော Miss Talent ဆုကို ရရှိခဲ့သည်။ Miss ASEAN ဆုကိုမူ ဖိလစ်ပိုင်အလှမယ်က ဆွတ်ခူးရရှိသွားသည်။ အင်ဒိုနီးရှားနိုင်ငံ Miss ASEAN ပြိုင်ပွဲသို့ အိရူပါဝင်း၏ ကြီးကြပ်သူအဖြစ် လိုက်ပါသွားသော ဒေါ်ခင်မြင့်မြင့်က "ကျွန်မတို့မယ်က ပြိုင်ပွဲရက်အတွင်း ကိုယ်အလေးချိန်ကျသွားတယ်၊ ပြီးတော့ မျက်နှာအလှကလည်း အားနည်းပါတယ်" ဟု ပြိုင်ပွဲအတွေ့အကြုံကို ဂျာနယ်အချို့ကို အင်တာဗျူးမေးမြန်းရာတွင် ဖြေကြားသည်။ ပြိုင်ပွဲသို့ ကိုယ်တိုင်သွားရောက်ကြည့်ရှုခဲ့သူ ဒေါ်တင်မိုးလွင်ကလည်း Miss ASEAN ဖိလစ်ပိုင်မယ်မှာ အင်္ဂလိပ်စာအထူးကျွမ်းကျင်မှုရှိပြီး ရုပ်အလှမှာ Professional အလှမယ်တစ်ဦး၏ ပုံသဏ္ဌာန်ရှိသည်ဟု ပြောဆိုခဲ့သည်။

Miss Talent ဆုရရှိပြီးနောက် အိရူပါဝင်းသည် UMFCCI မှ ဆောင်ရွက်သော အခမ်းအနားများတွင် ပါဝင်လာသကဲ့သို့ ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးသော ကြော်ငြာတစ်ခုတွင်ပါ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံကလေးသူငယ်ရေးအဖွဲ့ (UNICEF)က မြန်မာနိုင်ငံအတွင်း နာမည်ကျော်ကြားသူငါးဦးကို UNICEF ၏ ကလေးများအတွက် စွမ်းဆောင်သူများအဖြစ် ရွေးချယ်ခဲ့ရာ အိရူပါဝင်းမှာ တစ်ဦးအပါအဝင်ဖြစ်သည်။

www.foreverspace.com.mm

အိရူပါဝင်းနှင့် Miss ASEAN **ဖြိုင်မွဲဝင်များ**

မူလက Ice-Youth လူငယ်စာကြည့်တိုက်၏ လူထုဆက်ဆံရေးတာဝန်ခံဖြစ်သော အိရူပါဝင်းသည် Miss ASEAN မြန်မာအဖြစ် ရွေးချယ်ခံရပြီးနောက် ၎င်း၏ မူလတာဝန်ကို မဆောင်ရွက်နိုင်တော့ဘဲ စာကြည့်တိုက်ကို တည်ထောင်သူတစ်ဦးအနေနှင့်သာ ပါဝင်ဆောင်ရွက်နိုင်တော့ကြောင်း Ice-Youth မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ

အောက်တိုဘာလ ၅ရက်နေ့တွင်ကျင်းပသော ၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ဆရာ/မ ခုနစ်ဦးတို့ကို ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များအဖြစ် ချီးမြှင့်ခဲ့ရာ ၎င်းတို့မှာ ဒေါက်တာခင်မောင်ဝင်း၊ ဒေါက်တာမောင်ဒီ၊ ဦးခင်မောင်ဖြူ၊ ဦးမောင်မောင်စိုးတင့်၊ ဦးတိုးအောင်နိုင်၊ ဒေါ်အက်စတာခင်နှင့် ဒေါ်မြဌေးတို့ဖြစ်သည်။

စိတ်ပညာဆိုင်ရာဆောင်းပါးများ ရေးသားလေ့ရှိသည့် ဒဿနိကဗေဒပညာရှင် ဒေါက်တာခင်မောင်ဝင်း၏ အဓိကစွမ်းဆောင်ချက်မှာ စာမတတ်သူပပျောက်ရေးအစီအစဉ်ဖြစ်သည့် 'အ' သုံးလုံးသင်တန်းကိစ္စများတွင် ဦးဆောင်ခဲ့ပြီး ဒေသကောလိပ်များ စတင်ဖွင့်လှစ်နိုင်ရေးနှင့် တက္ကသိုလ်စာပေးစာယူသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်ခဲ့ကာ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ယနေ့ထိတာဝန်ယူလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသူ ဒေါက်တာမောင်ဒီ၏ အဓိကစွမ်းဆောင်ချက်မှာ ရန်ကုန်တက္ကသိုလ်တွင် ယခင်က ရပ်ဆိုင်းထားသော အင်္ဂလိပ်စာ၊ မနုဿဗေဒ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေး အထူးပြုဘာသာရပ်များ သင်ကြားနိုင်ရန် စတင်ဆောင်ရွက်ခဲ့ပြီး သမိုင်းသုတေသနဖွဲ့စည်းရေးဆိုင်ရာအစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ဓာတုဗေဒဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ယူလျက်ရှိသည်။

ဦးခင်မောင်ဖြူ၏ အဓိကဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပညာတန်ဆောင်မဂ္ဂဇင်း ပိုမိုပြန့်ပွားတိုးတက်စေရန် ယနေ့ထိတာဝန်ယူလျက်ရှိသည်။

သံအမတ်ကြီးဟောင်းတစ်ဦးဖြစ်ပြီး ခေတ်အဆက်ဆက် နိုင်ငံပိုင်သတင်းစာများတွင် အကျိုးပြုဆောင်းပါးများ ရေးသားလေ့ရှိသူ ဦးမောင်မောင်စိုးတင့်၏ အဓိကစွမ်းဆောင်ချက်မှာ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ ဥက္ကဋ္ဌအဖြစ် ယနေ့ထိ ဆောင်ရွက်လျက်ရှိသည်။

၎င်းတို့အပြင် ဦးတိုးအောင်နိုင်သည် ၂၀၀၄ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့က စစ်တောင်းမြစ်အတွင်း စက်လေ့နစ်မြုပ်ရာတွင် ကျောင်းသားများအပါအဝင် စက်လေ့ပေါ်တွင်ပါလာသူများ၏အသက်ကို ကယ်တင်ခဲ့ခြင်း၊ ဒေါ်အက်စတာခင်သည် မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့က လေဆင်နာမောင်းတိုက်ခတ်ချိန်တွင် ကျောင်းသူကျောင်းသားများ၏အသက်အန္တရာယ်လုံခြုံအောင် စီမံညွှန်ကြားနိုင်ခဲ့ခြင်း၊ ဒေါ်မြဌေးသည် ၂၀၀၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင်

www.foreverspace.com.mm

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေဖြို့နယ် မိုင်းသောက်အင်းရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မိမိနေအိမ် မီးထဲပါသွားသည်ကို ပင် ဂရုမပြုနိုင်ဘဲ ကျောင်းသား ကျောင်းသူ ၇ ဦးနှင့် နာမကျန်းလူနာများကို မီးဘေးမှလွတ်မြောက်အောင် ကယ်တင်နိုင်ခဲ့ခြင်းတို့ကြောင့် ၎င်းတို့အား ထူးချွန်ဆရာများအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အာဆီယံ သုံးနိုင်ငံလေ့လာရေး

ယခုနှစ်တွင် အာဆီယံ တက္ကသိုလ်၊ ကောလိပ်နှင့် ပတ်သက်သော စာနယ်ဇင်းလုပ်ငန်းများ၌ပါဝင်သည့် ကျောင်းသား ကျောင်းသူများ အပြန်အလှန်လေ့လာရေးအစီအစဉ် အပိုင်း(၁)အရ ရန်ကုန်ဆေးတက္ကသိုလ် (၁)မှ တတိယနှစ်ကျောင်းသူ မခိုင်ဇင်ဦးနှင့် ပထမနှစ်ကျောင်းသူ မဆုဝင်းထိုက်တို့ကို သက်ဆိုင်ရာမှ ရွေးချယ်စေလွှတ်ခဲ့ရာ အောက်တိုဘာလ ၃ ရက်မှ ၂၀ ရက်နေ့အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး နောက် ၂၁ ရက်နေ့တွင် ပြန်လည်ရောက်ရှိသည်။

ဖုကုအိုက အာရုဓလေ့၏ ပညာရှင်ဆုရ ဦးသော်ကောင်း

အာရှတိုက်မှ ထူးချွန်ထင်ရှားသည့် ပညာရှင်များအား နှစ်စဉ်ဆုချီးမြှင့်လျက်ရှိသည့် ဂျပန်နိုင်ငံ ဖုကုအိုက အာရုဓလေ့ဆုချီးမြှင့်ရေးကော်မတီမှချီးမြှင့်သော ယခုနှစ်အတွက် ပညာရေးကဏ္ဍ (Academic Prize) ကို မြန်မာနိုင်ငံမှ စာကြည့်တိုက်ပညာရှင် ဦးသော်ကောင်းက ရရှိခဲ့သည်။

ယင်းဆုကော်မတီသည် ဂျပန်နိုင်ငံ ဖုကုအိုကမြို့ အခြေစိုက်ဖြစ်ပြီး ယခုနှစ်အတွက် (၁၆) ကြိမ်မြောက် ဖုကုအိုက အာရုဓလေ့ထူးချွန်ဆု ရရှိသူများစာရင်းကို ဧပြီလ ၁ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ဖုကုအိုကသည် ၁၉၉၀ ပြည့်နှစ်မှစ၍ Grand Prize၊ Academic Prize နှင့် Arts and Culture Prize ဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ယခုနှစ်အတွက် Academic Prize ကို မြန်မာနိုင်ငံ၌ တက္ကသိုလ်အဆင့် စာကြည့်တိုက်ပညာပို့ချနိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာဌာနကို စတင်တည်ထောင်ခဲ့သည့်အပြင် ရှားပါးမြန်မာ့ရှေးဟောင်းပေ၊ ပုရပိုက်များ၊ သတင်းစာများနှင့် အခြားစာအုပ်များစွာ ရှာဖွေစုစည်း၍ သုတေသနပြုလုပ်ထားနိုင်သူ တက္ကသိုလ်များဗဟို စာကြည့်တိုက်မှူးဟောင်း ဦးသော်ကောင်းအား ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဦးသော်ကောင်းသည် ယင်းဆုချီးမြှင့်ခံရသည့် မြန်မာနိုင်ငံမှ ဒုတိယမြောက်ပညာရှင်ဖြစ်ပြီး ကွယ်လွန်သူ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ၂၀၀၀ ပြည့်နှစ်တွင် အဆိုပါဆုကို ပထမ



စာကြည့်တိုက်ပညာရှင် ဦးသော်ကောင်း

ဦးဆုံး ရရှိခဲ့ပြီးဖြစ်သည်။

၂၀၀၅ - မိုးလေဝသ

၂၀၀၅ ခုနှစ်၏ နွေရာသီတွင် ရန်ကုန်မြို့၏ အပူချိန်သည် ၄၁ ဒီဂရီဖာရင်ဟိုက်အထိအောင် ပူပြင်းခဲ့သော်လည်း ရန်ကုန်မြို့အပူစံချိန်သက်တမ်းဝင် အပူဆုံးနှစ်၏ အပူချိန်ထိမရောက်ရှိခဲ့ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

မုတ်သုံလေသည် ၂၀၀၅ ခုနှစ် မေလနောက်ဆုံးပတ်တွင်မှ ဝင်ရောက်ခဲ့၍ သာမန်နှစ်များထက် ရက်သတ္တပတ် သုံးပတ်လောက် အထိ ဝင်ရောက်မှုနောက်ကျခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒသတင်းများအရသိရသည်။

၂၀၀၅ ခုနှစ်မိုးလေဝသ၏ ထူးခြားချက်အဖြစ် ယခင်နှစ်များ၏ မိုးရာသီ ဧလိုင်လတို့တွင် မုန်တိုင်းများဖြစ်ပေါ်၍ မိုးရွာသွန်းမြဲဖြစ်သော်လည်း ယခုနှစ်တွင် မုတ်သုံလေဝင်ရောက်မှုနောက်ကျသည့်အတွက် မြန်မာနိုင်ငံဒေသတချို့တွင် ရွာသွန်းမြဲအောက်လျော့နည်းခဲ့ကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအချို့တွင် မိုးရွာသီ၌ ရက်များစွာမိုးရွာသွန်းမှုမရှိခဲ့သဖြင့် လယ်ယာစိုက်ပျိုးသူအချို့ စိုက်ပျိုးချိန်ရက်အတန်ကြာဆိုင်းငံ့ခဲ့ရကြောင်း သိရသည်။ သို့သော်

www.foreverspace.com.mm

မကြာမီ မိုးပြန်လည်ရွာသွန်းခဲ့သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်မှုမရှိဟု ဒေသခံတို့ထံမှ သိရသည်။

၂၀၀၄ ခုနှစ်သည် မြန်မာနိုင်ငံ၏ မြစ်ရေကြီးသောနှစ် ဖြစ်သော်လည်း ၂၀၀၅ ခုနှစ် မြစ်ရေအခြေအနေမှာ ထူးထူးကဲကဲ စိုးရိမ်စရာမရှိဘဲ သာမန်မျှသာ မြစ်ရေရောက်ရှိမှုရှိခဲ့ပြီးသံလွင်မြစ်နှင့် စစ်တောင်းမြစ်နှင့် ချင်းတွင်းမြစ်တို့၏ ဒေသအနည်းငယ်မှလွဲ၍ ကျန်မြစ်များမှ စိုးရိမ်ရေမှတ်ရောက်ရှိခဲ့ခြင်းမရှိဟု မိုးလေဝသ သတင်းများက ဖော်ပြထားသည်။

အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာ ပထမပတ်တွင် မြန်မာနိုင်ငံမှ ဆုတ်ခွာခဲ့သော်လည်း ဒီဇင်ဘာလရောက်သည်အထိ မြန်မာနိုင်ငံတွင် ချမ်းအေးခြင်းမရှိဘဲ ဒီဇင်ဘာ ၅ ရက်နေ့၌ ရန်ကုန်မြို့တွင် မိုးများရွာသွန်းခဲ့သည်ကို တွေ့ရသည်။

ထိုကဲ့သို့ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းမှာ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်မုန်တိုင်းများကြောင့်ဖြစ်ပြီး၊ မိုးရွာသွန်းမှုကြောင့် ကချင်ပြည်နယ် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် အအေးပေါ့ခဲ့သည်ကို တွေ့ရသည်။

နာမည်ကျော်ကာတွန်းဆရာသုံးဦး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်

ယခုနှစ်အတွင်း မြန်မာ့ကာတွန်းလောက၏ ကြီးမားသည့် ဆုံးရှုံးမှုဟုဆိုရမည်မှာ သူနယ်ပယ်နှင့်သူ ဩဇာရှိသည့် ကာတွန်းဆရာသော်က၊ မောင်ဝဏ္ဏနှင့် ဆွေမင်း(ဓနဖြူ)တို့ သုံးဦးရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားကြခြင်းပင်ဖြစ်သည်။ အထူးသဖြင့် ယနေ့ မျိုးဆက်သစ်ကာတွန်းဆရာများ၏ သင်ဆရာ မြင်ဆရာ တစ်ဦးဖြစ်သည့်အပြင် ရိုးသားဖြူစင်သော၊ ရိုင်းပင်းကူညီစိတ်ရှိသော၊ မျိုးချစ်စိတ်အပြည့်ရှိသော၊ သနားညှာတာတတ်သော 'အရိုင်း' ဆိုသည့် ဇာတ်ကောင်ကို ဖန်တီးခဲ့ပြီး ထိုခေတ်ထိုကာလက လူငယ်လူရွယ်များကို အရိုင်း၏ စရိုက်သဘာဝကောင်းများနှင့် ယဉ်ပါးစေခဲ့သူ၊ ခေတ်ကာလ လူသဘာဝအဆိုးအကောင်းစရိုက်ကို ဟာသရသမြောက်စွာ ထင်ဟပ်သရုပ်ဖော်နိုင်သည့် 'ချက်ကြီးနှင့် အက်စ်အီး' ဇာတ်ကောင်နှစ်ဦးတို့ကို မွေးဖွားခဲ့သူ၊ မြန်မာဆန်ဆန် ဝေါဒဒစစနေ ကာတွန်းရုပ်များကို ရေးဆွဲနိုင်သူ ကာတွန်းသော်ကကို ဆုံးရှုံးလိုက်ရခြင်းမှာ မြန်မာကာတွန်းလောကအဖို့ နစ်နာလှသည်။

ထို့အတူ လွတ်လပ်ပေါ့ပါးသော၊ သဘာဝကျရိုးရှင်းသော ဇာတ်လမ်းများကို ပြောင်ချက်မိမိ၊ သရုပ်ပါပါ၊ ဟက်ဟက်ပက်ပက် မရယ်ဘဲမနေနိုင်အောင် စွမ်းဆောင်နိုင်သူ၊ ပြောင်ချော်ချော် မျက်နှာပေး၊ ပုတက်တက် ဂင်တိုတိုကိုယ်ခန္ဓာနှင့် အမြဲတစေ နောက်တီးနောက်တောက် ပြုမူပြောဆိုလေ့ရှိသည့် သမိန်ပေါသွပ်၊ နာမည်ကြီးရုံဖြင့် ရယ်ချင်စိတ်ပေါက်သွားစေနိုင်သည့်အပြင် နာမည်နှင့် ရုပ်ပုံလိုက်ဖက်ညီလှသည့် ရှင်ဂွမ်းဂွ၊ ညောင်ရမ်းဂွတို့၊ ဗညားပိစိ၊ အလကားကျော်စွာ၊ အာဖျံကွီး စသည့်ဇာတ်ကောင်များစွာတို့ကို ဖန်တီးခဲ့သူ၊ ဓနမဂ္ဂဇင်းနှင့် ကုမုဒြာဂျာနယ်တို့မှ ပင်တိုင်ဆောင်းပါးတို့ကို ထိမိရယ်ရွှင်ဖွယ်သရုပ်ဖော်ပုံများဖြင့် ပိုမိုကြွေတက်ထင်ရှားလာအောင် ရေးဆွဲပေးခဲ့သူ ကာတွန်းမောင်ဝဏ္ဏ ဆုံးပါးသွားခြင်းမှာလည်း ပရိသတ်ကို စိတ်လက်ပေါ့ပါးရွှင်မြူးသွားစေရန် အပန်းဖြေပေးနိုင်သူတစ်ဦး ဆုံးရှုံးသွားခြင်းပင်ဖြစ်သည်။

ထို့အပြင် နမော်နမဲ့နိုင်လွန်းလှသည့်အပြင် အမြဲတစေ အလွဲလွဲအချော်ချော်ဖြစ်နိုင်လွန်းသည့် ခါးတောင်းကျိုက် လည်ရှည်ဖိနပ်စီး နှလုံးပြူးကိုင် မုဆိုးကျော်မြိုင်ရာဇာတွတ်ပီနှင့် အူကြောင်ကြောင် ရိုးအအလူပျိုသိုး ဗိုက်ကလေးတို့ကို နိုင်ငံကျော်ဖြစ်အောင် စင်တင်ပေးခဲ့သူ၊ တွတ်ပီဇာတ်လမ်းများမှတစ်ဆင့် ကျေးလက်သဘာဝ၊ တောသဘာဝနှင့် ကျေးလက်မြန်မာ့လူမှုပတ်ဝန်းကျင်တွင် တွေ့ကြုံ ရလေ့ရှိသည့် စရိုက်သဘာဝများကို ဟာသနှောချ၍ ပီပီပြင်ပြင် ရေးဆွဲသရုပ်ဖော်နိုင်ခဲ့သူ၊ ခေတ်အခြေအနေနှင့် မဆီလျော်မအပ်စပ်သည်များ၊ လွဲမှားနေသည်များကို ပညာသားပါပါ သရော်ချက်မိမိ တစေ့တစောင်း မီးမောင်းထိုးပြလေ့ရှိသူ ကာတွန်းဆွေမင်း ကွယ်လွန်သွားခြင်းမှာလည်း ပရိသတ်များအတွက်ရော၊ မြန်မာကာတွန်းလောကအတွက်ပါ နစ်နာဖွယ်ရာ ဆုံးရှုံးမှုတစ်ရပ် ဖြစ်သည်။

မိုးရေချိန်စံချိန်သစ်

၂၀၀၅ ခုနှစ် မတ်လ ၁၆ ရက် မြန်မာစံတော်ချိန် ဝဂ္ဂး၃၀ နာရီအချိန်တွင် အောက်ဖော်ပြပါစခန်းများ၌ မတ်လ၏ ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ဖြစ်ကြောင်း မတ်လ ၁၇ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြခဲ့သည်။

၂၀၀၅ ခုနှစ် မေလ ၃၁ ရက် မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် ကြို့ပင်ကောက်မြို့တွင် တိုင်းတာရရှိသော မိုးရေချိန် ၁၂၃ မီလီမီတာ ၄.၈၄ လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်း မေလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီစံချိန်သစ် ဖြစ်သည်။ စံချိန်ဟောင်းမှာ ၉၅ မီလီမီတာ ၃.၇၄ လက်မဖြစ်ပြီး ၂၀၀၂ ခုနှစ် မေလ ၁၉ ရက်နေ့က ရွာသွန်းခဲ့ခြင်း ဖြစ်သည်။

၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၃ ရက် နံနက် မြန်မာစံတော်ချိန် ၉း၃၀ နာရီတွင် မြင်းခြံမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၈၅ မီလီမီတာ(၃.၃၅ လက်မ) သည် ယင်းမြို့၌ လွန်ခဲ့သော

www.foreverspace.com.mm

နှစ်ပေါင်း ၂၄ အတွင်း ဈေးလိုင်လအတွက် အများဆုံး တိုင်းတာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၄၆ မီလီမီတာ(၁.၈၁ လက်မ) ဖြစ်ပြီး ၂၀၀၃ ခုနှစ် ဈေးလိုင် ၂၄ နှင့် ၂၀၀၄ ခုနှစ် ဈေးလိုင် ၆ တွင် ရွာသွန်းခဲ့ခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နံနက် မြန်မာစံတော်ချိန် ၉း၃၀ နာရီအချိန်တွင် ပခုက္ကူမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၂၀ မီလီမီတာ(၄ ဒသမ ၇၂ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၉ နှစ်အတွင်း အောက်တိုဘာလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၆၆ မီလီမီတာ (၂ ဒသမ ၆၀ လက်မ)ဖြစ်ပြီး ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရွာသွန်းခဲ့ခြင်းဖြစ်သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်/စံချိန်ဟောင်း				နေ့ရက်	စခန်းမှတ်တမ်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ပြင်ဦးလွင်	၃၄	၁.၃၄	၃၃	၁.၃၀	၂၈.၃.၉၆	၁၃ နှစ်
၂။	ပင်လောင်း	၃၂	၁.၂၆	၃၁	၁.၂၂	၂၆.၃.၉၄	၃၈ နှစ်

သဘာဝဘေးဒဏ်များ

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းရှူးရတနာမြေသွယ်ဆောင်ထောက်တွင် ဈေးလိုင်လ ၃ ရက် မွန်းလွဲ ၃ နာရီ ၂၅ မိနစ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျွံကျမှုများဖြစ်ပွားခဲ့ရာ အဆောက်အအုံအချို့ ပျက်စီးပြီး လူအချို့ သေကျေဒဏ်ရာရခဲ့ကြောင်း ဈေးလိုင်လ ၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

မွန်ပြည်နယ်အတွင်း လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ချောင်းဆုံမြို့နယ် မူးယစ်ကလေးရွာသစ်ရှိ ဓမ္မာရုံတစ်ဆောင်နှင့် အိမ်ငါးလုံး၊ သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အောင်သုခရပ်ရှိ အိမ် ၃၇ လုံး၊ သထုံမြို့နယ် ဒေးဝရိန်းကျေးရွာရှိ အိမ် ၄ လုံး ပျက်စီးပြီး သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အောင်သုခရပ်ရှိ အိမ် ၄၀ အနည်းငယ်ယိုင်နဲ့သွားကြောင်းနှင့် ထိခိုက်သေဆုံးမှုမရှိကြောင်း ဩဂုတ်လ ၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

မြန်မာ့သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းကွယ်လွန်

မြန်မာနိုင်ငံတွင် မြန်မာ့သမိုင်းကို ခြေခြေမြစ်မြစ် ပကတိအရှိအတိုင်း သုတေသနပြု၍ ဖော်ထုတ်မှတ်တမ်းပြုစုနိုင်သူဖြစ်သည့်အပြင် မြန်မာ့သမိုင်းပညာရှင်လောကအတွက် အစားထိုးမရနိုင်သော သမိုင်းပညာရှင်စစ်စစ် ဒေါက်တာသန်းထွန်းသည် ၂၀၀၅



မြန်မာ့သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း

ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက် ၃ နာရီ ၃၀ မိနစ်က မန္တလေးတက္ကသိုလ်သမိုင်းဌာနတွင် ကွယ်လွန်အနိစ္စရောက်သွားခဲ့သည်။ ကွယ်လွန်ချိန်၌ ဇနီးဖြစ်သူ ဒေါ်ခင်ရီနှင့် သားသမီး ငါးဦး၊ မြေးကိုးဦး ကျန်ရစ်သည်။

မြန်မာ့သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းသည် ၎င်း၏ကျောင်းသားဘဝနှင့် ပညာရှင်သက်တမ်းတစ်လျှောက် ရိုးဖြောင့်မှုအပြည့်အဝဖြင့် မိမိယုံကြည်ရာကိုသာ တစိုက်မတ်မတ်ပြောဆို ကျင့်ကြံလုပ်ကိုင်ခဲ့သူတစ်ဦး ဖြစ်သည်။ အထူးသဖြင့် မြန်မာတို့၏ကနဦးပျူခေတ်ယဉ်ကျေးမှု၊ စာပေနှင့်ပတ်သက်၍ အစဉ်တစိုက် လေ့လာသုတေသနပြုခဲ့သော တစ်ဦးတည်းသောပညာရှင်ဖြစ်ပြီး ပျူစာပေကို အမှန်တကယ် မြန်မာဘာသာပြန်ဆို ဖတ်ရှုနိုင်သည့် တစ်ဦးတည်းသော ပျူစာပေကျွမ်းကျင်သူပညာရှင် ဖြစ်သည်။

'သမိုင်းသင်တာ မအအောင်လို့'ဟူသော မှတ်မှတ်သားသား စကား ချန်ထားရစ်ခဲ့သူ၊ အပြောမဟုတ် လက်တွေ့အလုပ်ဖြင့်သာ တိုင်းပြည်၊ လူမျိုးနှင့် ပညာရပ်အတွက် အကျိုးပြုခဲ့သူ ဒေါက်တာသန်းထွန်း ကွယ်လွန်သွားခြင်းသည် မြန်မာနိုင်ငံနှင့် မြန်မာ့သမိုင်းနယ်ပယ်အတွက် ကြီးမားသောဆုံးရှုံးမှုပင် ဖြစ်သည်။

မျက်နှာဆေးထိုးခဲ့သည့် လွင်မိုးနှင့် နာခေါင်းပြင်ခဲ့သူ ဆုပန်ထွာ

ပြည်ပနိုင်ငံအတော်များများမှ အနုပညာရှင် သရုပ်ဆောင်များသည် ၎င်းတို့၏မျက်နှာ၊ ကိုယ်ခန္ဓာအစိတ်အပိုင်းအချို့ကို

www.foreverspace.com.mm

၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွင်း လူပ်ခတ်သွားခဲ့သော ငလျင်များ

နေ့စွဲ	အချိန် (မြန်မာစံတော်ချိန်)	အချိန် (မြန်မာစံတော်ချိန်)	အင်အား(ရစ်ချ်တာစကေး)
၂၆.၁၂.၂၀၀၄	၉ နာရီ ၃၈ မိနစ် ၄၂ စက္ကန့်	ကိုကိုးကျွန်းအနောက်တောင်ဘက် မိုင် ၆၀ ခန့်အကွာ (၈ ကြိမ်မြောက်ဆူနာမီငလျင်)	၆ ဒသမ ၁
〃		ကိုကိုးကျွန်း၏ တောင်ဘက် မိုင် ၄၀၀ခန့် (၉ ကြိမ်မြောက် ဆူနာမီငလျင်)	၇ ဒသမ ၃
၂၉.၁၂.၂၀၀၄	၃ နာရီ ၃၂ မိနစ် ၂၇ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၃ ဒသမ ၀ (အနည်းငယ်)
၃၀.၁၂.၂၀၀၄	၇ နာရီ ၄၀ မိနစ် ၂၂ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် ၁၇၉မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၅ ဒသမ ၁ (အသင့်အတင့်)
၃၁.၁၂.၂၀၀၄	၆ နာရီ ၂၅ မိနစ် ၅၇ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏အရှေ့မြောက်ဘက်မိုင် ၃၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၅ ဒသမ ၅ (အသင့်အတင့်)
၆.၁.၂၀၀၅	၂၀ နာရီ ၅၁ မိနစ် ၂၆ စက္ကန့်	မန္တလေးမြေငလျင်စခန်း၏ မြောက်ဘက် မိုင် ၂၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၄ ဒသမ ၇ (အနည်းငယ်)
၉.၁.၂၀၀၅	၉ နာရီ ၄၇ မိနစ် ၆ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် ၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၄ ဒသမ ၅ (အနည်းငယ်)
၃.၂.၂၀၀၅	၉ နာရီ ၂၈ မိနစ် ၂၅ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် ၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၃ ဒသမ ၅ (အသင့်အတင့်)
၄.၂.၂၀၀၅	၂ နာရီ ၄၃ မိနစ် ၂၀ စက္ကန့်	မန္တလေး မြေငလျင်စခန်း၏ မြောက်ဘက် မိုင် ၄၀၀ ခန့်ကွာဝေးသော နေရာ	၅ ဒသမ ၃ (အသင့်အတင့်)
၁၀.၂.၂၀၀၅	၂၁ နာရီ ၃၉ မိနစ် ၀၀ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၂ ဒသမ ၃ (အနည်းငယ်)
၁၂.၃.၂၀၀၅	၁၀ နာရီ ၁၅ မိနစ် ၅၂ စက္ကန့်	မန္တလေးမြေငလျင်စခန်း၏ အနောက်ဘက် မိုင် ၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၄ ဒသမ ၄ (အနည်းငယ်)
၂.၄.၂၀၀၅	၂၃ နာရီ ၅၃ မိနစ် ၃၄ စက္ကန့်	မန္တလေးမြေငလျင်စခန်း၏ အရှေ့ဘက် မိုင် ၂၀၀ ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၅ ဒသမ ၀ (အသင့်အတင့်)
၁၅.၄.၂၀၀၅	၁၆ နာရီ ၄၉ မိနစ် ၄၄ စက္ကန့်	မန္တလေးမြေငလျင်စခန်းမှ အနောက်ဘက် ခုနှစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၃ ဒသမ ၈ (အနည်းငယ်)
၂၄.၅.၂၀၀၅	၁၄ နာရီ ၁၇ မိနစ် ၁၄ စက္ကန့်	မန္တလေးမြေငလျင်စခန်းမှ အနောက် တောင်ဘက် ၇ မိုင်ခန့်ကွာပြည်တွင်းနေရာ	၃ ဒသမ ၃ (အနည်းငယ်)

www.foreverspace.com.mm

နေ့စွဲ	အချိန်(မြန်မာစံတော်ချိန်)	အချိန်(မြန်မာစံတော်ချိန်)	အင်အား(ပစ်ချိတာစကေး)
၃၀.၅.၂၀၀၅	၂၀ နာရီ ၁၀ မိနစ် ၁၄ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် ၇၆ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်	၄ ဒသမ ၀
၃.၇.၂၀၀၅	၀၀ နာရီ ၄၃ မိနစ် ၂၆ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်းမှအနောက်ဆောင်ဘက် မိုင် ၃၀၀ခန့် ကွာဝေးသောမြန်မာ့ပင်လယ်ပြင်	၅ ဒသမ ၃ (အသင့်အတင့်)
၁၇.၇.၂၀၀၅	၇ နာရီ ၃၅ မိနစ် ၄၆ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၂၇၀ ခန့်ကွာဝေးသော ညောင်ဦးမြို့အနီး	၅ ဒသမ ၅ (အသင့်အတင့်)
၅.၈.၂၀၀၅	၁၇ နာရီ ၁၈ မိနစ် ၃၂ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက်မိုင် ၂၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ	၄ ဒသမ ၉ (အနည်းငယ်)
၁၉.၈.၂၀၀၅	၁၃ နာရီ ၄၃ မိနစ် ၅၉ စက္ကန့်	မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ	၄ ဒသမ ၃ (အနည်းငယ်)
၂၃.၈.၂၀၀၅	၅ နာရီ ၃၄ မိနစ် ၁၂ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာ	၄ ဒသမ ၂ (အနည်းငယ်)
၁၈–၉–၂၀၀၅	မွန်းလွဲ ၁ နာရီ၊ ၅၆ မိနစ်၊ ၄၆ စက္ကန့်	ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၉၅ မိုင်ခန့်ကွာဝေးသော	၅ ဒသမ ၇(အသင့်အတင့်)
၁၉–၁၁–၂၀၀၅	နံနက် ၁ နာရီ၊ ၂၈ မိနစ်၊ ၄၈ စက္ကန့်	ဟုမ္မလင်းမြို့အနီး မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၂၈၀ ခန့်ကွာဝေးသော မြန်မာ–အိန္ဒိယနယ်စပ်အနီး	၅ ဒသမ ၀(အသင့်အတင့်)

မျက်နှာပြုပြင်ခဲ့သည့် သရုပ်ဆောင်လွင်မိုး

ခွဲစိတ်၍ဖြစ်စေ၊ ပလတ်စတစ်ဆာဂျရီနည်းဖြင့်ဖြစ်စေ ပြုပြင်လေ့ရှိကြသော်လည်း မြန်မာနိုင်ငံမှ သရုပ်ဆောင်များအနေဖြင့်မူ ယင်းကိစ္စရပ်များနှင့် အကျွမ်းတဝင်မရှိလှပေ။ မြန်မာနိုင်ငံမှ သရုပ်ဆောင်အချို့အနေဖြင့် ပြည်ပတွင် ပြုပြင်ခဲ့သည်ကိုသာ တွေ့ရဖူးသော်လည်း နာမည်ရသရုပ်ဆောင်များအနက်မှ ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ပင် မျက်နှာလှပရေးအတွက် ပြုပြင်သူနှင့် ဆေးထိုးသူနှစ်ဦး ရှိခဲ့သည်ကို တွေ့ရသည်။

သရုပ်ဆောင်လွင်မိုးသည် ခွဲစိတ်ပြုပြင်ခြင်းမဟုတ်ဘဲ မျက်နှာကို ချောမွတ်လှပစေရန်နှင့် ပါးဖောင်းနေသည်ကို ချပ်စေရန်အတွက် ဆေးထိုး၍သာ အလှပြုပြင်ခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်း The Grand Mee Ya Hta Executive Residences ဒုတိယထပ်ရှိ Style Beauty Spa တွင် Plastic Surgery အဖွဲ့ချုပ်မှ ပါမောက္ခ Mr.Mar Yee က ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။ Mr.Mar Yee သည် မြန်မာနိုင်ငံသို့ ပထမအကြိမ်

www.foreverspace.com.mm

လာရောက်စဉ်က ၁၀ ဦးခန့် အလှပြင်ပေးခဲ့ရပြီး ယခု ဒုတိယ အကြိမ်ခရီးစဉ်အတွင်း လူဦးရေ ၂၀ ကျော် အလှပြုပြင်ပေးခဲ့ရ ကြောင်း မိဒီယာသတင်းများအရ သိရသည်။

သရုပ်ဆောင်ဆုပန်ထွာကို နှာခေါင်းအလှပေါ်လွင်စေရန် အောင်မြင်စွာ ခွဲစိတ်ပြုပြင်ပေးနိုင်ခဲ့သူမှာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ ဝါရင့်ကျွမ်းကျင်ဆရာမ Lu Zhi Xuan ဖြစ်သည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ Sakura Beauty Saloon တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ချုပ်ရိုးဖြေချိန်တွင် အနည်းငယ်စောင်းနေသည်ကိုလည်း အောင်မြင်စွာ ထပ်မံတည့်မတ်နိုင်ခဲ့သည်ကို တွေ့ရသည်။

ဒါရိုက်တာ စာရေးဆရာ ဦးသုခ ကွယ်လွန်

မြန်မာနိုင်ငံ စာပေအနုပညာလောကတွင် တေးသံရှင် သရုပ်ဆောင်တစ်ဦးဖြစ်သူ၊ သုခရုပ်ရှင် ထုတ်လုပ်ရေးထူထောင်ခဲ့သူ၊ အောင်မြင်ကျော်ကြားသော ရုပ်ရှင်ကားများစွာကို ရိုက်ကူးခဲ့သူ၊ နိုင်ငံကျော်စာရေးဆရာတစ်ဦးလည်းဖြစ်သူ၊ မိခင်များကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ မိခင်များနေ့ကို ဖြစ်မြောက်ရန် ဆော်သြခဲ့သူ ဦးသုခ (၉၆ နှစ်) သည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့ အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပြီဖြစ်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ဒေါ်ကျင်မေနှင့် သားသမီးလေးဦး၊ မြေး ၁၈ ဦး ကျန်ရစ်သည်။

စုစုပေါင်း ရုပ်ရှင်ကား ၃၃ ကား ရိုက်ကူးခဲ့သည့်အနက် ဒါရိုက်တာထူးချွန်ဆု ၆ ကြိမ်တိုင် ဆွတ်ခူးရရှိခဲ့သည့် ဦးသုခ ကွယ်လွန်သွားခြင်းသည် မြန်မာနိုင်ငံ ရုပ်ရှင်အနုပညာလောကအတွက် အစားထိုးမရသော ဆုံးရှုံးမှုတစ်ခုပင်ဖြစ်သည်။ ဦးသုခအား မြန်မာနိုင်ငံအစိုးရက မြန်မာနိုင်ငံတွင် အမြင့်ဆုံး ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ (D. Litt.) ကို အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တသီလ နန္ဒာဘိဝံသနှင့်အတူ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၀၁ ခုနှစ်တွင် ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အပြင် ၁၉၅၈ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့၊ ၁၉၉၄ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၁၉၉၇ ခုနှစ်တွင် အာဆီယံပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆု၊ ၂၀၀၂ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆု၊ ၂၀၀၅ ခုနှစ်တွင် ဓမ္မဗိမာန်တစ်သက်တာစာပေဆုများ ရရှိခဲ့သည်။

ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲများ၏ ဂယက်

ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုမှုများရှိသည့်အနက် အပတ်စဉ်ထုတ်ဂျာနယ်အချို့တွင် ကိုရီးယားဇာတ်လမ်းများတွင် ပါဝင်သော မိန်းကလေး သရုပ်ဆောင်များ၏ စရိုက်၊ မကြာခဏအရက်သောက်ခန်းများပါဝင်ခြင်း၊ ကောက်ကျစ်စွာကြိစည်ချောက်တွန်းခြင်းတို့ကို ဝေဖန်ပြစ်တင်သော ဆောင်းပါးအချို့ ရေးသားဖော်ပြသည်ကို တွေ့ရသည်။ မည်သို့ဆိုစေ မြန်မာဇာတ်လမ်းဖြစ်စေ၊ တရုတ်၊ ကိုရီးယားဇာတ်လမ်းဖြစ်စေ ကြည့်သူပရိသတ်၏ ကိုယ်ခံစွမ်းအား၊ လက်ခံနိုင်သည့် အရည်အချင်းနှင့် အသိပညာရေချိန်အပေါ်မူတည်ကာ သင်ခန်းစာယူစရာ၊ အတုယူ လိုက်နာဖွယ်ရာ ဆင်ခြင်သတိထားဖွယ်ရာများကို ရွေးစစ်ထုတ်နုတ်နိုင်ကြမည်သာ ဖြစ်သည်ဟု သတင်းစာဆရာတစ်ဦးက သုံးသပ်သည်။

ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများသည် မြန်မာနိုင်ငံတွင် သာမက အာရှတိုက်ရှိ စီးပွားရေးနှင့် အနုပညာအင်အားကြီးများသည့် တရုတ်နှင့် ဂျပန်နိုင်ငံတို့တွင်ပါ သဲသဲလှုပ်အားပေးနေကြသည့်အတွက် ယင်းဇာတ်ကားများ၏ ရိုက်ခတ်မှု မြန်မာနိုင်ငံတွင် တွေ့မြင်ရခြင်းမှာ မဆန်းဟု ဆိုရပေမည်။ အထူးသဖြင့် ကိုရီးယားစတိုင်လ် ဝတ်စားဆင်ယင်မှု၊ ကိုရီးယားစကားပြောသင်တန်း၊ ကိုရီးယားစားသောက်ဆိုင်၊ ကိုရီးယားဖက်ရှင်အရောင်းဆိုင်၊ ကိုရီးယားအလှပြင်ဆိုင်များ ရန်ကုန်မြို့တော်တွင် တိုးပွားများပြားလာသည်။ ထို့အတူ ပြီးခဲ့သည့်လပိုင်းများက ကိုရီးယားအနုပညာ

ကိုရီးယားသရုပ်ဆောင်များနှင့် ဒါရိုက်တာတင်သန်းဦး

www.foreverspace.com.mm

ရှင်များနှင့် မြန်မာအနုပညာလောကသားအချို့ ပူးတွဲဖျော်ဖြေပွဲတစ်ရပ်အပြီး ကိုရီးယားဂီတသမားတစ်ဦးတပ်ဆင်သော မျက်မှန်အတိုင်းလိုက်လံတုပတပ်ဆင်သော နာမည်ကျော်အချို့နှင့် ကိုရီးယားအနုပညာရှင်များထားရှိလေ့ရှိသည့် ဆံပင်ရှည်ရှည် ကပိုကရိဟန်ကို မြန်မာအမျိုးသားအမျိုးသမီးသရုပ်ဆောင်အချို့ တုပပြင်ဆင်လာကြသည်ကို ချက်ချင်းဆိုသလို တွေ့မြင်ရသည်။

မြန်မာဈေးကွက်အတွင်းတွင် မည်သည့်ပစ္စည်းအမျိုးအစားဖြစ်စေ ကိုရီးယားမိတ် ဟူသော ဝေါဟာရသည် အများစိတ်ဝင်စား ရောင်းအားတက်စေသော အကြောင်းအရင်းတစ်ရပ် ဖြစ်လာသည်မှာ ၂၀၀၅ ခုနှစ်၏ ထူးခြားချက်တစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။

မြဝတီရုပ်သံ၏ ကိုရီးယားကြယ်ပွင့်များနှင့် တွေ့ဆုံခြင်း

Digital ရုပ်သံအပြောင်းအလဲနှင့် Family Digital Receiver

Digital နည်းပညာသုံး ရုပ်သံထုတ်လွှင့်မှုတစ်ခုဖြစ်သော Family Entertainment မှ စီစဉ်သည့် Family Receiver သည် ၂၀၀၅ ခုနှစ် မေလတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် ရုပ်သံမီဒီယာလောကသို့ ဝင်ရောက်လာခဲ့သည်။ ၎င်းသည် DVB-T (Digital Video Broadcasting Terrestrial) စနစ်ခေါ် မြေပြင်အခြေစိုက်ထုတ်လွှင့်သည့်စနစ်ဖြင့် ထုတ်လွှင့်ခြင်းဖြစ်သည့်အတွက် ၎င်းကို ဖမ်းယူကြည့်ရှုရန် ပြုပြင်ထိန်းသိမ်းရသည့် ကရိကထများလှသော စလောင်းဘန်းများ တပ်ဆင်ရန်မလိုဘဲ Family Receiver နှင့်အတူ UHF (Ultra High Frequency) Antenna ဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်သည်။ MRTV၊ MRTV-4 နှင့် 5-movies၊ 5-cartoons တို့အပြင် ယခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော SEA Games ပြိုင်ပွဲမှစတင်ကာ 5-sports channel တို့ကိုပါ ယင်း Receiver ဖြင့် ဖမ်းယူကြည့်နိုင်သည်။

ယင်းရုပ်သံလိုင်းများကိုကြည့်ရှုရန် စက်၏ ကနဦးတပ်ဆင်ခနှင့် လစဉ်ကြေးဝန်ဆောင်မှုတို့ကို ပေးဆောင်ကြည့်ရှုရမည်ဖြစ်ပြီး လစဉ်ကြေးပေးသွင်းမှုစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ကတ်စနစ်ဖြင့် ထိန်းချုပ်ထားသည်။

MRTV တွင် မြန်မာ့ရုပ်မြင်သံကြားမှ ကောက်နုတ်ထားသော အစီအစဉ်များ၊ MRTV-4 တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် Forever Group တို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်သစ်များ၊ 5-movies တွင် မြန်မာဇာတ်ကားများနှင့် မြန်မာစာတန်းထိုး နိုင်ငံခြားဇာတ်ကားများ၊ 5-cartoons တွင် ကာတွန်းဇာတ်လမ်းတွဲများနှင့် 5-sports တွင် ပြည်တွင်းစလောင်းကြည့်ရှုသူ ပရိသတ်အများစု၏ စိတ်ကြိုက်ဖြစ်သည့် English Premier League နှင့် Champion League ဘောလုံးပွဲစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိနေသည်။

ယင်းမီဒီယာသစ်သည် ယခုလောလောဆယ် မြန်မာတစ်နိုင်ငံလုံးသို့ မပျံ့နှံ့သေးသော်လည်း နိုင်ငံခြားဘောလုံးပွဲစဉ်များ ထုတ်လွှင့်ပေးခြင်းဖြင့် ရန်ကုန်ပရိသတ်အများစု၏ စိတ်ဝင်စားမှုရရှိခဲ့ပြီး ဝယ်ယူသူများပြားလာသည့်အတွက် ဈေးကွက်အတွင်းလအနည်းငယ်အထိ ရောင်းချရန်ပစ္စည်း ပြတ်တောက်သွားခဲ့သည်အထိ ရန်ကုန်ဈေးကွက်တွင် အောင်မြင်ခဲ့သည်။

ယင်းသို့ နည်းပညာတိုးတက်မှုကို အသုံးပြုနိုင်ခဲ့ပြီး အစီအစဉ်ကောင်းများဖြင့် ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့ခြင်းတို့ကြောင့် ရုပ်သံမီဒီယာလောကတွင် ဖျော်ဖြေရေးသီးသန့်မီဒီယာကဏ္ဍ တစ်ခေတ်ဆန်းလာခြင်းဟု ဆိုရပေမည်။ ထို့ပြင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းမှုရလဒ်ကောင်းဟုလည်း ရှုမြင်နိုင်သည်။ နိုင်ငံတစ်ဝန်းလုံးမပျံ့နှံ့သေးခြင်း၊ ဝင်ငွေအသင့်အတင့်မြင့်မားသူပရိသတ်များသာ ဝယ်ယူကြည့်ရှုနိုင်သေးခြင်းတို့ကြောင့် ဈေးကွက်တွင် အကန့်အသတ်များရှိနေသေးသော်လည်း ယင်းမီဒီယာသစ် ပေါ်ပေါက်လာခြင်းသည် နိုင်ငံတကာတွင် အသုံးပြုနေသော Digital နည်းပညာကို မျက်ခြည်မပြတ်ဘဲ အမီလိုက်အသုံးပြုနိုင်ခဲ့သည့်အပြင် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဖြင့် ရုပ်သံမီဒီယာကဏ္ဍသည် သွက်လက်

www.foreverspace.com.mm

သောအသွင်ကို ဆောင်လာခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို တိုင်းတာရာတွင် အီလက်ထရွန်နစ်ရုပ်သံလိုင်းများ၏ကဏ္ဍကိုပါ ထည့်သွင်းနှိုင်းယှဉ်မည်ဆိုပါက ၂၀၀၅ ခုနှစ်သည် ယင်းကဲ့သို့ ရုပ်သံလိုင်းသစ်များ တိုးမွားလာခဲ့သည့်မီဒီယာကဏ္ဍအတွက် ထူးခြားသောနှစ်တစ်နှစ် ဖြစ်သည်။

အမျိုးသမီးဘဝမှ အမျိုးသားဘဝသို့ ပြောင်းလဲသွားသည်ဖြစ်ရပ် မောင်သန်းစိန် (သို့) မသင်းစန္ဒာ

ယခုနှစ်အတွင်း အမျိုးသမီးမှ အမျိုးသားဘဝသို့ ပြောင်းလဲသွားသည့်ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်ပွားခဲ့ရာ အများပြည်သူအကြား စိတ်ဝင်တစား ပြောဆိုဖွယ်ရာဖြစ်ခဲ့ပြီး အဆိုပါသတင်းကြောင့် သတင်းစာစောင်များ ရောင်းအားမြင့်တက်ခဲ့သည်ကို တွေ့ရသည်။

ဇွန်လ ၂၁ ရက်နေ့မှ စတင်၍ အမျိုးသားအင်္ဂါများ စတင်ထင်ရှားလာသည်ဟုဆိုသည့် အသက် ၂၁ နှစ်ရှိ မသင်းစန္ဒာအမည်ရှိ အမျိုးသမီးသည် လှိုင်သာယာမြို့နယ်တွင် နေထိုင်သူဖြစ်ပြီး ၎င်းအား လာရောက်ကြည့်ရှုသူပေါင်း နေ့စဉ် ထောင်နှင့်ချီရှိခဲ့သဖြင့် လုံခြုံရေးအတွက် အစောင့်အကြပ်များဖြင့် နေရာပြောင်းထားခဲ့ရသည်။ ၎င်း၏ပြောင်းလဲမှုကို SSC အထူးကုဆေးခန်း၊

အငြင်းပွားဖွယ် မောင်သန်းစိန်တစ်ဖြစ်လဲ မသင်းစန္ဒာ

လှိုင်သာယာမြို့နယ်ဆေးရုံ၊ ပုလဲသီတာအထူး ကုဆေးခန်းတို့မှ ကျွမ်းကျင်ဆရာဝန်ပါမောက္ခများ၊ ဓာတ်မှန် ပါရဂူများက စမ်းသပ်အတည်ပြုပေးခဲ့ပြီးနောက် မောင်သန်းစိန်ဟု အမည်ပြောင်းလဲခဲ့ပြီးနောက်ပိုင်းတွင် မောင်သန်းစိန်သစ်ဟု အမည်ဖြည့်စွက်ခဲ့သည်။

အဆိုပါအဖြစ်အပျက်အား ဂျာနယ်၊ မဂ္ဂဇင်းစာစောင်များတွင် နောက်ဆက်တွဲ သတင်းများအဆက်မပြတ်ဖော်ပြခဲ့ပြီး ဆေးပညာဆိုင်ရာ သုံးသပ်မှုဆောင်းပါးများလည်း ရေးသားဖော်ပြခဲ့သည်ကို တွေ့ရရာ ၎င်း၏ လိင်မှုဘဝပြောင်းလဲမှုကို ကောက်ချက်ချရန် စဉ်းစားဖွယ်ရာ ဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ မောင်သန်းစိန် (သို့) မသင်းစန္ဒာသည် ဂျာနယ်စာမျက်နှာအချို့၏ သတင်းသားကောင်အဖြစ် သတ်မှတ်ခံခဲ့ရကာ အပတ်စဉ်ထုတ် ဝေသော မဟာသတင်းဂျာနယ်၏ မျက်နှာဖုံးတွင် အသွင်နှစ်မျိုး ဝတ်စားဆင်ယင်စေကာ ဖော်ပြခဲ့ပြီး ၎င်းနှင့်တကွ မိသားစုဝင်များအား တွေ့ဆုံမေးမြန်းမှုကို အကျယ်ချဲ့ဖော်ပြခဲ့သည်ကို တွေ့ရသည်။

နှစ်တစ်ရာပြည့်သွားသည့် သိမ်ကြီးစျေး A ရုံနှင့် B ရုံ

၁၉၀၅ ခုနှစ်တွင် စတင်တည်ထောင်ဆောက်ခဲ့သော သိမ်ကြီးစျေး A ရုံနှင့် B ရုံမှာ ယခုနှစ်တွင် နှစ် ၁၀၀ ပြည့်သွားပြီဖြစ်သည်။ အဆိုပါအဆောက်အအုံများအနက် B ရုံမှာ ၁၉၃၈ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ပြီး ပြန်လည်တည်ဆောက်ထားခြင်း ဖြစ်သည်။ နှစ်တစ်ရာပြည့်ပွဲတော်ကို ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည်။

အချစ်ရောဂါသီချင်းခါးများ VCD ခိုးယူပြန့်ပွားမှု

ချိုကြည်သာဗီဒီယိုထုတ်လုပ်ရေးမှ ဖြန့်ချိရန် စီစဉ်နေဆဲဖြစ်သော အချစ်ရောဂါသီချင်းခါးများ ဗီစီဒီကာရာအိုကေ တရားမဝင်ခိုးကူးခွေ ထွက်ရှိလာခဲ့ခြင်းနှင့် ဒါရိုက်တာနှင့် စီစဉ်သူတို့၏ အမည်များဖော်ပြရန် မေ့လျော့ခဲ့ခြင်း အကြောင်းအရာများကို ဂျာနယ်စာမျက်နှာများတွင် အများအပြား ဖော်ပြခဲ့ကြသည်။

ဇွန်လ ၂ ရက်နေ့တွင်မှ တရားဝင် စတင်ဖြန့်ချိသော ယင်း ဗီစီဒီခွေဖြန့်ချိရန် စီစဉ်နေဆဲမှာပင် ခိုးကူးခွေထွက်ရှိလာမှုနှင့် ပတ်သက်၍ သျှင်မီးအနုပညာထုတ်လုပ်ရေးက စာနယ်ဇင်းများနှင့် တွေ့ဆုံပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာသို့ အကူအညီတောင်းထားကြောင်း ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဂီတကမ္ဘာဂျာနယ်တွင် ဖော်ပြခဲ့သည့် စီစဉ်သူ ဦးပီးပေါ်၏ ပြောကြားချက်များနှင့် ပတ်သက်၍ တရားစွဲဆိုမည်ဖြစ်ကြောင်းလည်း ဂျာနယ်စာမျက်နှာများတွင် ဖော်ပြခဲ့သည်။

www.foreverspace.com.mm

မူလသိမ်ကြီးဈေး C ရုံနှင့် B ရုံ

စွယ်တော် ဟောက်ထွင်းခံရမှု

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားသည့် စွယ်တော်မြတ်စေတီ၏ ဌာပနာတိုက်အတွင်းမှ စွယ်တော်ပွားထည့်ထားသည့် ရွှေကြုပ်နှင့်တကွ စွယ်တော်ပွားအပါအဝင် ရွှေကြာကလပ်နှင့် ရွှေကျောင်းဆောင်ငယ် များဟောက် ထွင်းခိုးယူမှု ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဖြစ် ပွားသည်။

ယင်းသို့ခိုးယူခဲ့သူမှာ မကွေးတိုင်း နတ်မောက်မြို့နယ် စခန်းမရွာသားဖြစ်သူ သန်းဝင်းနိုင် (အသက် ၂၅ နှစ်) ဖြစ်ပြီး ၎င်းအား ဩဂုတ်လ ၂၀ ရက်နေ့တွင် မန္တလေးမြို့၌ ဖမ်းဆီးရမိခဲ့ကာ ယင်းဟောက်ထွင်းမှု ကျူးလွန်ခဲ့ပုံ၊ ဟော်ထုတ်ဖမ်းဆီးခဲ့ပုံတို့ကို ဩဂုတ်လ ၂၈ ရက်နေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ထည့်သွင်းရှင်းလင်းသွားခဲ့သည်။

မြို့နေလူထုအတွင်း အထိတ်တလန့်ဖြစ်စေခဲ့သည့်မှုခင်းများ

တစ်နှစ်တာအတွင်း ဖြစ်ပေါ်ခဲ့သည့်မှုခင်းများအနက် ရန်ကုန်မြို့နေ လူထုအတွင်းထိတ်လန့်တုန်လှုပ်စေခဲ့သော မှုခင်းများသည် ၂၀၀၅ခုနှစ်နှစ်ကုန်ပိုင်းတွင် အများဆုံးဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တရားဝင်ထုတ်ပြန်ချက်မှတ်တမ်းများတွင် ဖော်ပြပါရှိသည်။

၂၀၀၅ ခုနှစ်အတွင်း ပြည်တွင်း၌ ဖြစ်ပွားခဲ့သည့်မှုခင်းအများစုတွင် ကျူးလွန်သည့်တရားခံများသည် ရဲတပ်ဖွဲ့မှတ်တမ်းဝင်ရာဇဝင်လူဆိုးများမဟုတ်ဘဲ ဥစ္စာဥစ္စကြေးကြောင့်သော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦးမကျေလည်မှုနှင့် အမျက်ဒေါသတို့ကြောင့်သော်လည်းကောင်း၊ တဒင်္ဂစိတ်လှုပ်ရှားမှုအပေါ် ခရီးသွားဟန်လွဲပြစ်မှုကျူးလွန်သူများ များပြားခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်က ပြောကြားသည်။

ဖြစ်ပွားသည့်ရက်/လ	ဖြစ်ပွားသည့်အမှုအခင်းအကြောင်းအရာ	ဖြစ်ပွားရာမြို့နယ်
ဩဂုတ် ၁၄	ဓမ္မပါလကုန်းမြေပေါ်ရှိ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားအပါအဝင် ရွှေကြာကလပ်နှင့် ရွှေကျောင်းဆောင်ငယ် ခိုးယူခံရခြင်း	မရမ်းကုန်းမြို့နယ်
စက်တင်ဘာ ၂၉	ပစ္စည်းယူဆောင်၍ သားအမိနှစ်ဦး၊ အိမ်ဖော်တစ်ဦး စုစုပေါင်းသုံးဦး အသတ်ခံရမှု	သင်္ကန်းကျွန်းမြို့နယ်
အောက်တိုဘာ ၆	ပစ္စည်းများဝင်ရောက်ခိုးယူစဉ် အိမ်ရှင်ဖြစ်သူနှင့် ထိပ်တိုက်ဆုံတွေ့သဖြင့် ဝင်ရောက်ခိုးယူသူက အိမ်ရှင်ကိုသတ်မှု	မင်္ဂလာတောင်ညွန့်မြို့နယ်
အောက်တိုဘာ ၁၉	မြေစေးအိုင်ကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးဓမာဝံသ (သက်တော် ၇၄ နှစ်)ကို မားဖြင့်ထိုးသတ်ခဲ့မှု	လှည်းကူးမြို့နယ်
အောက်တိုဘာလ	အငြိမ်းစားကျောင်းဆရာမနှစ်ဦး အသတ်ခံရမှု	မရမ်းကုန်းမြို့နယ်
အောက်တိုဘာလ	ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုမှ အရာရှိတစ်ဦး၏ နေအိမ်မှ အမေရိကန်ဒေါ်လာ ၂၃၅၀ တန်ဖိုးရှိ ရွှေထည်လက်ဝတ်ရတနာခုနစ်မျိုးနှင့် အမေရိကန်ဒေါ်လာ ၁၄၀၀၀၊ ဘတ်ငွေ လေးသောင်းကျော် ဟောက်ထွင်းခိုးယူခံရ။	ကမာရွတ်မြို့နယ်
နိုဝင်ဘာ ၁၅	၂၅ လမ်းတွင် နေထိုင်သော ဇနီးမောင်နှံနှင့်သားဖြစ်သူ စုစုပေါင်းသုံးဦး အသတ်ခံရမှု	ပန်းဘဲတန်းမြို့နယ်

www.foreverspace.com.mm

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် မှုခင်းဖြစ်စဉ်များကို လေးလတစ်ကြိမ် သုံးသပ်လေ့ရှိပြီး ၂၀၀၅ ခုနှစ် ဒုတိယလေးလပတ်အတွင်း မှုခင်း စုစုပေါင်း ၉၃ ခုနှင့် တတိယလေးလပတ်တွင်မူ အောက်တိုဘာလကုန်အထိ သုံးသပ်ချက်အရ ၈၃ မှုဖြစ်ပွားခဲ့ကြောင်း (၇/၂၀၀၅) သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ထည့်သွင်းပြောကြားသည်။

ဧယားဖော်ပြပါအမှုများတွင် ၆ မှုမှာ ဖမ်းဆီးရမိပြီးဖြစ်၍ တစ်မှုမှာ စုံစမ်းဆဲဖြစ်သည်ဟု အထက်ပါရှင်းလင်းမှုများအရ သိရသည်။

လှိုင်မြို့နယ် မီးလောင်ကျွမ်းမှု

နိုဝင်ဘာလ ၂၁ ရက်နေ့ နေ့လယ် ၁၂း၀၀ နာရီခန့်မှ မွန်းလွဲ ၃း၃၀ နာရီခန့်အထိ လှိုင်မြို့နယ် (၁၃) ရပ်ကွက် ပန်းခြံ (၇) လမ်းအတွင်း ဖိနပ်ပြုလုပ်သည့်နေအိမ်တစ်အိမ်မှစတင်၍ မီးလောင်ကျွမ်းခဲ့ရာ အိမ်ခြေ ၁၅၅၇ လုံး မီးသင့်ခံရပြီး အိမ်ထောင်စု ၁၉၆၂ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

အဆိုပါမီးလောင်ကျွမ်းမှုဖြစ်ပွားသည့် ရပ်ကွက်အတွင်းရှိ လမ်းများမှာ ကျဉ်းမြောင်းပြီး မီးသတ်ကားဝင်ရောက်ရန် ခက်ခဲခြင်း၊ နေအိမ်များမှာ တစ်အိမ်နှင့် တစ်အိမ် ပူးကပ်နေကြပြီး အများစုမှာ မီးလောင်လွယ်သည့် ခနိမိုး၊ ထရံကာ၊ ပျဉ်ထောင်အိမ်များဖြစ်ကြခြင်းတို့ကြောင့် မီးကို ချက်ချင်းမငြိမ်းသတ်နိုင်ဘဲ ကူးစက်ပျံ့နှံ့လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

မီးဘေးသင့်ဒုက္ခသည်များအား လှိုင်မြို့နယ် အမှတ် (၇) အခြေခံပညာအလယ်တန်းကျောင်း၊ လှိုင်မြို့နယ်အားကစားရုံ၊ ကျိုက္ကဆံအားကစားကွင်းနှင့် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းရှိ စစ်ကြောရေးနှင့် တည်ခိုရေးစခန်းတို့တွင် ကယ်ဆယ်ရေးစခန်းများဖွင့်၍ ယာယီနေရာချထားပေးခဲ့ပြီး ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်သို့ ပြောင်းရွှေ့နေရာချပေးခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းမှုသည် ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်း မီးလောင်ကျွမ်းခဲ့မှုများအနက် အကြီးမားဆုံးနှင့် အချိန်အကြာမြင့်ဆုံး မီးလောင်ကျွမ်းဖြစ်ခဲ့ပြီး မီးဘေးသင့်ခံရသူ အရေအတွက်ကိုမူ သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိချေ။

သက်ဆိုင်ရာမှတားမြစ်သော အစားအသောက်နှင့် ဆေးဝါးများ

ယခုနှစ်အတွင်း ဆေးဝါးအတုနှင့် စံမမီသောဆေးဝါးများ၊ အရည်အသွေးအာမခံချက်မရှိသောဆေးဝါးများ၊ သောက်ရေသန့်၊ အချိုရည်၊ အားဆေး၊ ယိုစုံ၊ စည်သွတ်အစားအသောက်တို့ကို အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ခဲ့သည်။

ယင်းအသိပေး နှိုးဆော်ချက်တွင် ဖော်ပြပါကုန်ပစ္စည်းအမှတ်တံဆိပ်များသည် ကျန်းမာရေးဦးစီးဌာန၏

လှိုင်မြို့နယ် မီးလောင်ကျွမ်းမှုမြင်ကွင်း

ထောက်ခံချက် လျှောက်ထားခြင်းမရှိသဖြင့် အရည်အသွေးအာမခံချက်မရှိကြောင်း၊ ယင်းဦးစီးဌာန၏ ထောက်ခံချက်လက်မှတ် ရရှိသေးခြင်းမရှိဘဲ ထုတ်လုပ်ခြင်းမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေးဖော်ပြပါရှိသည်။

၂၀၀၅ ခုနှစ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း

ယခုနှစ်အတွင်း အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပြင်ဆင်သတ်မှတ်ခဲ့ရာ ယခင်ထိရောက်ပြစ်ဒဏ်မှ ငွေဒဏ်သို့ လျှော့ပေါ့၍ အခြားနည်းလမ်းများဖြင့် အရေးယူခဲ့သည်။ ယင်းလျှော့ပေါ့အစီအစဉ်များမှာ အရာရှိဦးထုပ်အယောင်ဆောင်သုံးစွဲသောယာဉ်များအား ဒဏ်ငွေ ၅၁၅၀၀ ကျပ်ကိုလည်းကောင်း၊ ဟွန်းတီးဒဏ်ငွေကို ၃၁၅၀၀ ကျပ်သို့လည်းကောင်း၊ အခြားထိရောက်ပြစ်ဒဏ်၊ ငွေဒဏ်အပြင် ထိရောက်ငွေဒဏ်အားလုံး အကျုံးဝင်သည်။ ပြည်တွင်းထုတ် အချက်ပြမီးပွိုင့်များကို ပြည်လမ်းရှိ TTC ကျောင်းရှေ့တွင် စတင်စမ်းသပ်တပ်ဆင်ခြင်း၊ လမ်းဖြတ်ကူးမှုများပြားသောနေရာများတွင် အချက်ပြမီးပွိုင့် ၂၂ ခု တပ်ဆင်ခဲ့ခြင်း၊ ယာဉ်ရပ်နားရာနေရာများ ထပ်မံဖော်ထုတ်ခြင်းအစီအစဉ်များအပြင် ယာဉ်တိုက်မှုအန္တရာယ်ပညာပေးအစီအစဉ်အချို့လည်း ဆောင်ရွက်ခဲ့သည်။

အယ်ဒီတာအဖွဲ့

www.foreverspace.com.mm

၂၀၀၅ ခုနှစ် မှတ်တိုင်များ

၃

စာပေ၊ အနုပညာ

အယ်ဒီတာအဖွဲ့

အမျိုးသားစာပေတစ်သက်တာဆု

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် စာအုပ်များအနက် စိစစ်ရွေးချယ်ပြီး အမျိုးသားစာပေဆုများဆွတ်ခူးရရှိသော စာပေပညာရှင်များ ရွေးချယ်ရာတွင် အမျိုးသားစာပေတစ်သက်တာဆုကို ဦးလေးမြိုင်(လေးမြိုင်)က ရရှိခဲ့သည်။

စာရေးဆရာလေးမြိုင်သည် အသက် ခုနစ်နှစ်အရွယ်မှစ၍ ဟံဇာဘုန်းတော်ကြီးကျောင်း၌ ဘုန်းကြီးကျောင်းသားအဖြစ်ဖြင့် စာရေး၊ စာဖတ် သင်ကြားခဲ့ပြီး ရှင်အာစာရဟူသောဘွဲ့ဖြင့် ရှင်သာမဏေပြုကာ ဗုဒ္ဓဘာသာဆိုင်ရာစာပေများ သင်ယူခဲ့သည်။ ရဟန်းဘဝဖြင့်ပင် မဂ္ဂဇင်း၊ ဂျာနယ်တိုက်များသို့ စာမူများပို့ခဲ့ရာ ပထမဆုံးပုံနှိပ်စာမူအဖြစ် ၁၉၄၈ ခုနှစ် ဇူလိုင်လထုတ် မန္တလေးသူရိယသတင်းစာတွင် 'မမေ့တဲ့နိုင်' ဆောင်းပါးကို ဖော်ပြခံခဲ့ရသည်။ ၁၉၅၃ ခုနှစ်တွင် ဘိုးဝဇီရစာပေဟူသော အတ္ထုပ္ပတ္တိလုံးချင်းစာအုပ် ထုတ်ဝေခဲ့သည်။ ၁၉၅၇–၅၈ ခုနှစ်ခန့်မှစ၍ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများရေးသားခဲ့ပြီး ရှမဝနှင့် ပေဖူးလွှာအမှတ် (၁)မှ စတင်ရေးသားခဲ့ပြီးနောက်ပိုင်း စာပြင်ဆရာအဖြစ် မြဝတီတွင် လုပ်ငန်းတာဝန်အဆင့်ဆင့် ဆောင်ရွက်လာခဲ့ရာမှ ဒုတိယအယ်ဒီတာချုပ်တာဝန်ဖြင့် အငြိမ်းစားယူခဲ့သည်။ ထို့နောက် ဘာသာရေးဘက်တွင် ဦးစားပေးရေးသားဖြစ်ခဲ့ပြီး ဓမ္မရံသီမဂ္ဂဇင်း၊ ဓမ္မရတနာမဂ္ဂဇင်းတို့တွင်လည်း တာဝန်ခံအယ်ဒီတာအဖြစ် ဆောင် ရွက်ခဲ့သည်။

အဆိုပါဆုကို ဒီဇင်ဘာလ ၁ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည့် ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုနှင့် (၁၆)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆု ဆုနှင်းသဘင် အခမ်းအနားတွင် ချီးမြှင့်ခဲ့သည်။

၂၀၀၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ၂၀၀၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူ စာရင်းကို နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ ဘာသာရပ် ၁၂ မျိုး သတ်မှတ်ထားသည့်အတွက် နိုင်ငံရေးစာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများလက်ခံရရှိခြင်းမရှိခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဝတ္ထုတိုပေါင်းချုပ်ဆုနှင့် စာပဒေသာဆုတို့တွင် ပထမဆုများ၊ ပြဇာတ်စာပေဆုတွင် ပထမဆုနှင့် ဒုတိယဆု၊ ဘာသာပြန်စာပေဆုတွင် ဒုတိယဆုနှင့် တတိယဆုတို့ မရရှိသည်ကို တွေ့ရသည်။

၂၀၀၃ ခုနှစ် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရှင်များ

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့က ၂၀၀၃ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)များ ပေးအပ်ခဲ့ရာ ရွှေစင်ရုပ်ဆု ၁၁ ဆုကို ချီးမြှင့်ပေးအပ်ခဲ့သည်။

အကောင်းဆုံးထူးချွန်ဆုရရှိကြသူများမှာ (၁) အသံထူးချွန်ဆု–ခင်စံပယ်ဦးအဖွဲ့ (သူးမွဲထသစ္စာဇာတ်ကား)၊ (၂) ရုပ်ရှင်ဓာတ်ပုံဆု–ကျောက်ဖြူ(ပဒေသာ) (အမေ့နို့ဖိုးဇာတ်ကား)၊ (၃) ရုပ်ရှင်ဇာတ်ညွှန်းဆု–ငြိမ်းမင်း (အမေ့နို့ဖိုးဇာတ်ကား)၊ (၄) ရုပ်ရှင်ဇာတ်

www.foreverspace.com.mm

၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ	ထုတ်ဝေသူ
၁။	ဝတ္ထုတိုပေါင်းချုပ်	ခံစားမှုသိပ်သည်းဆအမှတ်တရဝတ္ထုတိုများ	ဒေါင်းနေမင်း	ကောင်းကင်စာအုပ်တိုက်
၂။	ကဗျာပေါင်းချုပ်	ရေကြည်တစ်မှုတ် ပန်းတစ်ဆုပ်ကဗျာများ	ရွှေမြိုင်မောင်ဖူးဝါ	စာပေဗိမာန်
၃။	စာပဒေသာ	မင်းယောကျ်ားတို့၏ စကားရာဇဝင်	ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)	နိုင်ငံ့ဂုဏ်ရည်စာပေတိုက်
၄။	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ	မြန်မာ့ရိုးရာ ပန်းရန်၊ ပန်းတော့်ပညာ	မုံရွာတိုးဝေ (ပန်းရန်)	စာပေဗိမာန်
၅။	ဘာသာပြန် (သုတ)	ဦးနှောက်များကို မီးညှိခြင်း	ဘိုးလှိုင်	မုံရွေးစာပေ
၆။	ဘာသာပြန် (ရသ)	တောင်ပံမဲ့သင်းကွဲတေးဆိုင့်က်	တင်မောင်မြင့်	ရာပြည့်စာအုပ်တိုက်
၇။	သုတပဒေသာ (ဝိဇ္ဇာ)	ကုန်းဘောင်ခေတ် ကျေးလက်လူမှုစီးပွားဘဝ (၁၇၅၂–၁၈၈၅)	ဒေါက်တာတိုးလှ	မြန်မာသမိုင်းအဖွဲ့
၈။	သုတပဒေသာ(ရိုးရိုးသိပ္ပံ)	မြန်မာ့ပတ္တမြားနှင့် နီလာ	ဦးဉာဏ်သင်း	မြင့်မြတ်သူစာအုပ်တိုက်
၉။	သုတပဒေသာ (အသုံးချသိပ္ပံ)	လိမ္မော်နှင့် နှစ်ရှည်သီးပင်စိုက်ပျိုးရေး	ဒေါက်တာချစ်	ယုံကြည်ချက်စာပေ
၁၀။	နိုင်ငံရေးစာပေ	ကိုယ်တွေ့ဖြစ်ရပ်များ၊ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ	ဗိုလ်မှူးချုပ်သန်းတင် (ငြိမ်း)	အောင်တံခွန်

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စီစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များမှ စီစစ်ရွေးချယ်သည့် အမျိုးသားစာပေဆုများကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ပြဇာတ်၊ ကလေးစာပေနှင့် လူငယ်စာပေတို့အတွက် ဆုချီးမြှင့်နိုင်ခြင်း မရှိခဲ့ပေ။ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၁ ရက် (တနင်္ဂနွေ)က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပခဲ့သည်။

၂၀၀၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

ကားတည်းဖြတ်ဆု–ဦးမြင့်ခိုင် (သူးမွဲထသစ္စာဇာတ်ကား)၊ (၅) အမျိုးသမီးဇာတ်ပို့ဆု–ချိုပြုံး (အမှေ့နို့ဖိုးဇာတ်ကား)၊ (၆) ရုပ်ရှင် တေးဂီတဆု–ဇော်မျိုးထွဋ် (နေကမွေးတဲ့လဇာတ်ကား)၊ (၇) အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု–ဇော်ဦး (အမှေ့နို့ဖိုးဇာတ်ကား)၊ (၈) အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု–အမျိုးသားရုပ်ရှင် (အမှေ့နို့ဖိုး ဇာတ်ကား)၊ (၉) အမျိုးသားဇာတ်ဆောင်ဆု–ကျော်ဟိန်း (နေကမွေးတဲ့လဇာတ်ကား)၊ (၁၀) ရုပ်ရှင်ဒါရိုက်တာဆု–ဒါရိုက်တာ ကျော်သူ(အမှေ့နို့ဖိုးဇာတ်ကား)၊ (၁၁) အမျိုးသမီးဇာတ်ဆောင်ဆု–ထွန်းအိန္ဒြာဗို (အမှေ့နို့ဖိုးဇာတ်ကား)တို့ ဖြစ်သည်။

ယခုနှစ်ထူးချွန်ဆုရရှိမှု၏ ထူးခြားချက်မှာ

www.foreverspace.com.mm

၂၀၀၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု

စဉ်	စာအုပ်အမျိုးအစား	ဆုအမျိုးအစား	အမည်	စာရေးသူ
၁။	ဝတ္ထုရှည်	ပထမဆု	နှင်းခါးရိုင်း	နေဖိုးသော်
		ဒုတိယဆု	အလွမ်းခေါ်၍ ကောင်းကင်မျှော်သူများ	အဏ္ဏဝါနေမင်းသိုက်
		တတိယဆု	မိုးခြည်တိမ်ခြေ ပျံနှင့်ချေ	ချစ်ညွှန့်ကျော်
၂။	ဝတ္ထုတိုပေါင်းချုပ်	ဒုတိယဆု	ရှင်မတောင်မိုးညိုမှိုင်းတော့ ရင်လှိုင်းခတ်လို့လွမ်းမိတယ်	နေမျိုးသန့်
		တတိယဆု	ပန်းတောတစ်ရွာလုံး မရွှေရီအပျော်ဆုံး	သိန်းဇော် (ရွှေလီဦး)
၃။	ကဗျာပေါင်းချုပ်ဆု	ပထမဆု	ဧရာဝတီနှင့် အခြားကဗျာများ	မြေပြန့်ဝင်းသွေး
		ဒုတိယဆု	မေတ္တာလွမ်းခြင် ပန်းသင်းထုံကဗျာများ	ဇေယျာဘုန်းမြင့်
		တတိယဆု	နှစ်ဦး ဆုမွန်ကဗျာများ	ရွှေဘိုတင်အောင်
၄။	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)	ပထမဆု	ရွှေဘုံရွှေနန်းအမရပူရကြွင်နန်း	အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)
		ဒုတိယဆု	စာပေရေးသားထုတ်ဝေခြင်းဆိုင်ရာ ဥပဒေရေးရာ	သတင်းထောက် သောင်းညွှန့် (ဖျာပုံ)
		တတိယဆု	မြန်မာ့ရိုးရာဓနိလုပ်ငန်း	ကျိုက်ထော်ခင်မိုးအေး (ဘီအေ)
၅။	သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)	ပထမဆု	အနာသိကဆေးရှိအံ့	ဒေါက်တာမြင့်သန်း (ညောင်လေးပင်)
		ဒုတိယဆု	မြန်မာနိုင်ငံတွင်တွေ့ရသောမြွေများနှင့် မြန်မာမြွေဆရာများ	ဦးမောင်ချစ် (ရတနာပုံ)
		တတိယဆု	မွေးမြူရေးလုပ်ငန်းပိုင်ရှင်များနှင့် ခြံမန်နေဂျာများ အတွက် ဆောင်ရန် ရှောင်ရန်	ဝင်းလွင် (လက်ပံတန်း)
၆။	စာပဒေသာဆု	ဒုတိယဆု	ဆို၊ က၊ ရေး၊ တီး ခရီးမှတ်တိုင်များ	ဇင်မင်း(သမိန်ထော)
		တတိယဆု	ဒလတောကျီးတန်းဒေသရှာပုံတော်	ဒေါက်တာမြင့်လှိုင်
၇။	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု	ပထမဆု	လွန်းရာကျော်ကြိုးကြီးချိတ်	ဦးရွှေထွန်း
		ဒုတိယဆု	မပြတ်တွေ့နိုင်သည့် ဖိနပ်ဓလေ့	ထန်လှိုင်
		တတိယဆု	မြန်မာ့ပန်းပဲ	မှတ်ကျောက်
၈။	ကလေးစာပေဆု	ပထမဆု	စေတနာနှင့် အခြားဝတ္ထုတိုများ	မြတ်မျိုးမြင့်
		ဒုတိယဆု	သက်ရှည်ကျန်းမာရင်သွေးရတနာ	ဒေါက်တာမြင့်သန်း (ညောင်လေးပင်)
		တတိယဆု	ရွှေပြည်စိုးရဲ့ တေးသံသာကလေးကဗျာများ	မြေလတ်မောင်မြင့်သူ
၉။	လူငယ်စာပေဆု	ပထမဆု	အလင်းတံခါးဖွင့်၍ကြိုမည်	နန္ဒာခင်(သက္ကလမြေ)
		ဒုတိယဆု	အမေမှသား၊ သားမှအမေ	သန်းအောင်(အညာမြေ)
		တတိယဆု	မြန်မာမနှင့် အခြားဝတ္ထုတိုများ	ရဲဘော်မြသိန်း (ဟိုပုန်း)
၁၀။	ပြဇာတ်စာပေဆု	တတိယဆု	အဖေ အမေ သားတို့ သမီးတို့	ဇင်မင်း(သမိန်ထော)
၁၁။	ဘာသာပြန်စာပေဆု	ပထမဆု	ကမ္ဘာ့ပေါင်းကူးယှက်နွယ်ဆက်စပ်မှုဖြစ်စဉ် (ဂလိုဘယ်လိုက်ဇေးရှင်း) သမိုင်းအကျဉ်း	မြနှင်းဆီ

www.foreverspace.com.mm

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲသမိုင်းစဉ်တစ်လျှောက် ဆုအရေအတွက် အများဆုံးအဖြစ် ခုနစ်ဆုကို ယမန်နှစ်က ရရှိခဲ့သော 'ငါသူတစ်ပါး ယောကျ်ား မိန်းမ' ဇာတ်ကားကဲ့သို့ပင် 'အမေ့နို့ဖိုး' ဇာတ်ကားမှ ထူးချွန်ဆု ခုနစ်ဆုရရှိခဲ့ခြင်း ဖြစ်သည်။

ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်ပွဲကို ပရိသတ်ကျယ်ကျယ်ပြန့်ပြန့်ကြည့်ရှုနိုင်ရန်အလို့ငှာ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၂)တွင် ကျင်းပခဲ့ခြိန်မှစ၍ ကြော်ငြာကုန်ပစ္စည်းကြော်ငြာများကိုလည်း မျက်စိနောက်မတတ် တွေ့မြင်လာရသည်။

ပုံနှိပ်မီဒီယာ အသစ်များ

ယခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေရေးလောကတွင် ဂျာနယ်၊ မဂ္ဂဇင်းသစ်များ အမြောက်အမြား ပေါ်ထွက်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ထုတ်ဝေခွင့်များကို စိစစ်ခွင့်ပြုခဲ့ရာ ဒီဇင်ဘာလဆန်းအထိ ဂျာနယ် ၁၆ စောင်၊ မဂ္ဂဇင်း ၂၄ စောင်နှင့် အခြားထုတ်ဝေခွင့် ၅၂ ခုတို့ ခွင့်ပြုခဲ့သည်။ ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေခွင့်များကို ငှားရမ်းထုတ်ဝေနေကြရသည့် ထုတ်ဝေသူများအဖို့ ကိုယ်ပိုင်ထုတ်ဝေခွင့် လျှောက်ထားနိုင်ကြခြင်းကြောင့် အမည်ပေါက်ထုတ်ဝေသူများ ထွက်ပေါ်ခဲ့သည်။ ယခုဆိုလျှင် ဈေးကွက်အတွင်း၌ ဂျာနယ်စုစုပေါင်း အစောင် ၁၅၇ ခန့်၊ မဂ္ဂဇင်း ၇၀ တို့ ထုတ်ဝေဖြန့်ချိလျက် ရှိသည်။

အသစ်ထပ်မံထွက်ပေါ်လာသော အပတ်စဉ်ထုတ်အများစုသည် သတင်းဦးစားပေးသောဂျာနယ်များဖြစ်သည်ကို တွေ့ရသည်။ ဤအတွက် စွမ်းဆောင်သူများအနေနှင့် မိမိစာနယ်ဇင်းရေရှည်ရပ်တည်ရန်နှင့် သက်ဆိုင်ရာစာနယ်ဇင်း မီဒီယာတို့တွင် စွမ်းဆောင်ရည် (Skillfull)ရှိသူများ ပိုမိုလိုအပ်လာသည်ကိုလည်း တွေ့ရသည်။ တစ်ချိန်တည်းတွင် စာနယ်ဇင်းထုတ်လုပ်မှုဆိုင်ရာ ပစ္စည်းများ ဈေးအမြင့်နှင့် ရင်ဆိုင်ကြရပြန်သောကြောင့် သတင်းဦး၊ သတင်းထူးရှိရေး၊ ဈေးကွက်ဝေစုရရှိရေးတို့ကိုလည်း အပြိုင်အဆိုင်ကြိုးပမ်းနေကြရသည်။ ဈေးကွက်အတွင်း အသစ်ထွက်ရှိလာသော သတင်းဦးစားပေးဂျာနယ်အဖြစ် သိသိသာသာ ထိုးဖောက်လာနေသည်မှာ Weekly Eleven, The Yangon Post, News Watch နှင့် The Yangon Times တို့ ဖြစ်သည်။

ယနေ့အသစ်ထွက်ပေါ်လာသော သတင်းဂျာနယ်များနှင့်ပတ်သက်၍ သုံးသပ်ချက်ဆောင်းပါးတစ်ရပ်ကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ထုတ် ခေတ်မြန်မာ Weekly Vol.3, No.5 တွင် အယ်ဒီတာတစ်ဦးက အောက်ပါအတိုင်း အမျိုးအစား ခွဲခြားပြထားသည်ကို တွေ့ရသည်။

"လက်ရှိ ထိပ်တန်းသတင်းဂျာနယ်များကို Layout မပါဘဲ အနှစ်သာရသက်သက် နှိုင်းယှဉ်ကြည့်လျှင် အမျိုးအစားအားဖြင့် သုံးမျိုးရှိနေသည်ကို တွေ့နိုင်ပေသည်။ ပထမအမျိုးအစားမှာ Hard News ခေါ် Scoop ခေါ် သတင်းဦး၊ သတင်းထူးများ၊ အစိုးရနှင့် တိုက်ရိုက်ဖြစ်စေ ဆက်စပ်နေသည့်သတင်းများကို အထူးပြသော ဂျာနယ်များဖြစ်ပြီး ထိုအမျိုးအစားတွင် 7 Day News၊ Flower News၊ The Voice Weekly၊ ခေတ်မြန်မာ Weekly တို့ ပါဝင်သည်။ အသစ်ထွက်ပေါ်လာသော The Yangon Times သည်လည်း ဤအမျိုးအစားထဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ပုံရသည်ကို တွေ့ရသည်။ ဒုတိယအမျိုးအစားမှာ အရပ်သတင်းထူးများကို သီးခြားအာရုံစိုက်၍ဖော်ပြသော သတင်းဂျာနယ်များ ဖြစ်သည်။ အဆိုပါဂျာနယ်များသည် ပထမအမျိုးအစားနှင့် ပစ်မှတ်ဈေးကွက်လည်း မတူညီရာ အာဆီယံသတင်း၊ မဲခေါင်သတင်း စသည့် သတင်းများကို ဖော်ပြလေ့မရှိပေ။ ကုမ္ပဏီဒေါ်နှင့် ကောင်းသတင်းဂျာနယ်များသည် ဒုတိယအမျိုးအစားတွင် ပါဝင်သည်ဟု ဆိုရမည်ဖြစ်သည်။

တတိယအမျိုးအစားမှာ သတင်းဆောင်းပါးများ၊ Features များကို အလေးထားသောဂျာနယ်များ ဖြစ်သည်။ လတ်တလော အဖြစ်အပျက်များကို ဦးစားမပေးဘဲ သတင်းဆောင်းပါးများ၊ ဆောင်းပါးများကို ဦးစားပေးလေ့ရှိပြီး သတင်းနောက်ခံများမှာမူ သတင်းကြီးများဖြစ်သည်ကို တွေ့ရသည်။ ဤအမျိုးအစားတွင် မြန်မာတိုင်းမ်ဂျာနယ်ပါဝင်ပြီး အသစ်ထွက်ပေါ်လာသော Weekly Eleven News သည် ဤအမျိုးအစားထဲတွင် ပါဝင်သည်ဟု ဆိုနိုင်သည်။ ..... *"Weekly Eleven News နှင့်*

www.foreverspace.com.mm

မြန်မာတိုင်းမ်တို့သည် မြန်မာနိုင်ငံရှိ ငွေကြေးချမ်းသာသောအလွှာကို ပစ်မှတ်ထားသည့်ဂျာနယ်များဖြစ်ပြီး။ 7 Day News, The Voice Weekly, ခေတ်မြန်မာ Weekly နှင့် Flower News တို့သည် ပညာတတ်စာဖတ်သူများကို ပစ်မှတ်ထားသောဂျာနယ်များဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပေသည်။ အင်္ဂလိပ်ဘာသာဖြင့် ပြောရလျှင် Newrich Elite များနှင့် Intellectual Elite များကို သီးခြားစီ ရည်ရွယ်ကြခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပေသည်"

ဆောင်းပါး၏ နိဂုံးပိုင်းတွင် စာရေးသူအယ်ဒီတာက မြန်မာပုံနှိပ်မီဒီယာလောကအတွင်းရှိ အပတ်စဉ်ထုတ်စာစောင်အသစ်အဟောင်းများတွင် အရည်အသွေးရှိသော Knowledge Worker ခေါ် သတင်းစာဆရာ လူသားအရင်းအမြစ်လိုအပ်ချက်နှင့် သတင်းစာလုပ်ငန်းနှင့် စာပေလုပ်ငန်းမကွဲပြားသောအချက်ဖြစ်သည်ဟု အကဲဖြတ်ထားပြီး သတင်းစာလုပ်ငန်းသည် သတင်းလုပ်ငန်းဖြစ်သည့်အတွက် စာပေနှင့်မပတ်သက်ဟု ကွဲပြားစွာ သိရှိကြပုံ မရခြင်းသည် အခြေခံအားနည်းချက်ဖြစ်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။

လတ်တလောစျေးကွက်အတွင်း၌ ထပ်မံထွက်ပေါ်လာသော အားကစားဂျာနယ်များနှင့် ယခင်ကတည်းက ရှိနှင့်ပြီးဖြစ်သော အားကစားဂျာနယ်များအပါအဝင် အားကစားဂျာနယ်တို့၏ အရေအတွက်သည် ဂျာနယ်စုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်ရှိနေကြောင်း စာပေဖြန့်ချိသူတစ်ဦးထံမှ သိရသည်။ ထိုဂျာနယ်တို့သည် နိုင်ငံတကာ ဘောလုံးရာသီတွင် စာဖတ်ပရိသတ်၏ စိတ်ဝင်စားမှု အခံရဆုံးဂျာနယ်များဖြစ်သည့်အတွက် ဘောလုံးအားကစားသမားပုံ အဖုံးပုံပါသည့် မည်သည့်ဂျာနယ်မဆို အရောင်းသွက်လေ့ရှိကြောင်း ဂျာနယ်လက်ကားအရောင်းဆိုင်တစ်ခုမှ သိရသည်။ ထိုရာသီမျိုးတွင် တစ်ပွဲတိုးအားကစားစာစောင်များလည်း ပေါ်ထွက်လာတတ်သည်။ ထိုသို့ အနိုင်အရှုံးတွက်ချက်သော စျေးကွက်တစ်ခုကြောင့် အားကစားဂျာနယ်တို့၏ စောင်ရေကောင်းလျက်ရှိသော်လည်း စစ်မှန်သော စျေးကွက်ဝေစု ရောက်ချိန်နှင့် လူအများ၏ Level of Being မြင့်တက်လာချိန်တွင် အပတ်စဉ်ထုတ်တို့၏ အရေအတွက်အချိုးအစားပြောင်းလဲ သွားနိုင်ကြောင်း သတင်းစာဆရာတစ်ဦးက (ခေတ်မြန်မာ Weekly Vol.3, No.10) တွင် သုံးသပ်သည်။

မည်သို့ပင်ဖြစ်စေ ပုံနှိပ်မီဒီယာတို့၏ ရေရှည်တွင် ရပ်တည်ရေးသည် ယင်းတို့၏ သမာသမတ်ကျစွာ စျေးကွက်ထိုးဖောက်မှု၊ မူဝါဒခိုင်မာမှု၊ ပရိသတ်အပေါ် ထားရှိသည့် စေတနာတို့အပေါ်တွင် များစွာ မူတည်သည်။ စက္ကူ၊ ပုံနှိပ်အရည်အသွေးထက် စာအရည်အသွေးကသာ စာဖတ်ပရိသတ်၏ ဦးနှောက်တံခါးကို ဖွင့်ပေးနိုင်မည်ဖြစ်ပေသည်။

၂၀၀၅ ခုနှစ်အတွင်း အသစ်ထွက်ရှိလာသော မဂ္ဂဇင်းနှင့် အပတ်စဉ်စာစောင်များ

Myanmar Partners Think Tank Group မှ ထုတ်ဝေသော Living Color စီးပွားရေးသတင်းမဂ္ဂဇင်း၊ The Voice Weekly တို့နှင့် ညီနောင်ဖြစ်သော ခေတ်မြန်မာ Weekly၊ ဩဂုတ်လတွင် စတင်ထုတ်ဝေသော မြန်မာသစ် ရသစုံမဂ္ဂဇင်း၊ Golf Master မဂ္ဂဇင်း၊ Standard Golf မဂ္ဂဇင်း၊ ဖတ်စရာဂျာနယ်၊ Family Health အနာဂတ် ကျန်းမာရေးဂျာနယ်၊ Tech Digest Journal၊ မိုးဆမ်းပန်းစီးပွားရေးသတင်းဂျာနယ်၊ Yangon Times၊

၂၀၀၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် ဂျာနယ်အချို့

www.foreverspace.com.mm

Weekly Eleven၊ အခွင့်အလမ်းဂျာနယ်၊ Viva၊ Violet၊ ယုံကြည်မှုသတင်းဂျာနယ်၊ အလင်္ကာဝတ်ရည်ဂျာနယ်၊ News Watch၊ သိပ္ပံနှင့်နည်းပညာဂျာနယ်၊ အာယုဒီဃ Health ကျန်းမာရေးနှင့် ဂန္ဓီရဂျာနယ်၊ ရွှမငြီး ဘဝရပ်စုံမဂ္ဂဇင်း၊ ယဉ်ကျေးလိမ္မာခမ္မရသ ကလေးဂျာနယ်၊ Horizontal Youth journal၊ ကမ္ဘာ့စကားဝိုင်း ဂျာနယ် စသည်တို့ကို ၂၀၀၅ ခုနှစ်အတွင်း အသစ်ထုတ်ဝေခဲ့ကြသည်။

၂၀၀၅ ကြော်ငြာသရုပ်ဆောင် အပြောင်းအလဲ

၂၀၀၅ ခုနှစ်အတွင်း ကြော်ငြာကဏ္ဍများတွင် ယခင်နာမည်ရသရုပ်ဆောင်များနေရာတွင် သက်မွန်မြင့်၊ ပုလဲဝင်း၊ ဇင်ဇင်ဧော်မြင့်၊ ချစ်သုဝေ၊ ထွန်းထွန်း (Examplez)၊ စိုင်းစိုင်းခမ်းလှိုင်တို့အပြင် ဟာသသရုပ်ဆောင်အချို့ အစားထိုးဝင်ရောက်လာသည်ကို တွေ့ရသည်။ ကြော်ငြာကဏ္ဍတွင် အသစ်ဝင်ရောက်လာသူအများစုမှာ အသက်ငယ်ရွယ်သူ မော်ဒယ်နှင့် တေးသံရှင်များဖြစ်ပြီး သက်ဆိုင်ရာနယ်ပယ်များတွင် အောင်မြင်မှုရရှိနေသူများလည်းဖြစ်သည်။ ယခင် ကြော်ငြာသရုပ်ဆောင်များ၏ အပ်ကြောင်းထပ်နေသော သရုပ်ဆောင်ချက်များကို ပရိသတ်က ရိုးအီငြီးငွေ့နေခြင်း၊ လူ့သဘာဝအရ အသစ်အသစ်ကို မြင်ချင်တွေ့ချင်လာခြင်းနှင့် ယခုအချိန်အထိ တေးသရုပ်ဖော်အဆင့်သာ ရှိနေသေးသည့်အတွက် ယခင် သရုပ်ဆောင်ဟောင်းများအတွက် ထူးခြားဆန်းသစ်သော သရုပ်ဆောင်ချက် မလုပ်နိုင်ကြတော့ခြင်းတို့ကြောင့် ယခုကဲ့သို့ သရုပ်ဆောင်အသစ်များ နေရာရလာခြင်း ဖြစ်သည်။ ယခုအခါ နေ့စဉ်လာရောက်နေသည့် ကြော်ငြာကဏ္ဍတွင် ယခင် ဆူပါမင်းသား၊ မင်းသမီးအချို့မှာ ဈေးကွက်ပျောက်သလောက် ဖြစ်သွားပြီး Billboard ၊ ကြော်ငြာဆိုင်းဘုတ်၊ ပြက္ခဒိန် အစရှိသည့် အခြားကြော်ငြာလုပ်ငန်းများတွင်ပါ အထက်ပါ လူငယ်များ အစားထိုးဝင်ရောက်လာသည်။

သရုပ်ဆောင်သစ်များ နေရာရလာသည်ဟုဆိုသော်လည်း ၎င်းတို့၏ ထူးခြားပြောင်မြောက်သောအရည်အချင်းများ၊ ဒါရိုက်တာတို့၏ ဖန်တီးတီထွင်မှုများကြောင့်မဟုတ်ဘဲ ပရိသတ်၏အဆင့်အတန်းနှင့် ခေတ်ရေစီးကြောင်းပြောင်းသွားခြင်း၊ ယခင် သရုပ်ဆောင်များကို ရိုးအီသွားခြင်းကြောင့် သာဖြစ်ကြောင်း မိဒီယာလောကသားတစ်ဦးက သုံးသပ်သည်။

ကိုရီးယား-မြန်မာ အပြန်အလှန် ဖျော်ဖြေပွဲနှင့် ကင်မ်ဂျေဝန်

ကိုရီးယားသမ္မတနိုင်ငံ(တောင်ကိုရီးယား)နှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးနှစ် (၃၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံမှ အနုပညာရှင်များ အပြန်အလှန်သွားလာပူးပေါင်းဖျော်ဖြေခဲ့ကြရာ မြန်မာနိုင်ငံသို့ လာရောက်သူများတွင် မြန်မာပရိသတ်က ချွဲခွာနှုးဟု လူသိများသော သရုပ်ဆောင်ကင်မ်ဂျေဝန်လည်း ပါဝင်ခဲ့ပြီး ဖျော်ဖြေပွဲကို စက်တင်ဘာ ၂၄ ရက်နေ့က ရန်ကုန်မြို့မြို့မကျောင်းလမ်းမရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပခဲ့သည်။

အဆိုပါဖျော်ဖြေပွဲတွင် ကင်မ်ဂျေဝန်က ပရိသတ်ကို မြန်မာစကားအချို့ ထည့်သွင်းနှုတ်ဆက်စကားပြောကြားခဲ့ပြီး Baby Vox အမျိုးသမီး Hip Hop အဖွဲ့၊ အဆိုရှင်နှစ်ဦး၏ The Cross နှင့် Wa Wa အဖွဲ့တို့က ၎င်းတို့၏ အကအဖွဲ့ဖြင့် စုစုပေါင်း

ရုပ်သံကြော်ငြာများ၌ နေရာယူလာသည့် သက်မွန်မြင့်

www.foreverspace.com.mm

ကိုရီးယား–မြန်မာ အနုပညာရှင်များ၏ အရည်အသွေးကို ယုဉ်တွဲအကဲဖြတ်နိုင်သော ပွဲဖြစ်သည်

၃၃ ဦး တွဲဖက်ဖျော်ဖြေခဲ့ရာ ယင်းအနုပညာရှင်များ၏ အဆိုပညာကို လာရောက်ကြည့်ရှုသူများက လှိုက်လှဲသော လက်ခုပ်သံများဖြင့် အားပေးခဲ့ကြသည်။

ယင်းဖျော်ဖြေပွဲ၌ မြန်မာနိုင်ငံမှ Examplez အဖွဲ့၊ စိုင်းစိုင်းခမ်းလှိုင်၊ ဖြူဖြူကျော်သိန်း၊ ဆုန်သင်းပါရ်တို့က ဖျော်ဖြေခဲ့ကြပြီး ယင်းဖျော်ဖြေပွဲမတိုင်မီက ကိုရီးယားနိုင်ငံတွင် ပြုလုပ်သော ဖျော်ဖြေပွဲသို့လည်း ၎င်းတို့ သွားရောက်ဖျော်ဖြေခဲ့ကြသည်။

မြန်မာနိုင်ငံသို့ လာရောက်သော ကိုရီးယားအနုပညာရှင်များ၏ ခရီးစဉ်အတွင်း ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့ပြီး ဖျော်ဖြေပွဲမတိုင်မီ မြန်မာ့ရုပ်မြင်သံကြား၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သရုပ်ဆောင် ကင်မ်ဂျေးဝန် လာရောက်ခဲ့ခြင်းမရှိချေ။ ယင်းအနုပညာရှင်များသည် စက်တင်ဘာ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ၂၅ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားခဲ့သည်။ ဤကဲ့သို့ နှစ်နိုင်ငံအပြန်အလှန်ချစ်ကြည်ရေးဖျော်ဖြေပွဲများ ကျင်းပခြင်းအားဖြင့် နှစ်နိုင်ငံစလုံးမှ အနုပညာရှင်များ၏ အရည်အသွေးကို မြန်မာ–ကိုရီးယားနှစ်နိုင်ငံမှ ပရိသတ်များ ခွဲခြားမြင်တွေ့နိုင်ခဲ့ကြသည်။

ယခုနှစ် နွေဘိုင်းတွင် မြဝတီရုပ်မြင်သံကြားနှင့် SAM Co. တို့၏ ပူးပေါင်းမှုဖြင့် ကိုရီးယားအနုပညာရှင်များအား ၎င်းတို့နိုင်ငံသို့ သွားရောက်မေးမြန်းခဲ့သော အင်တာဗျူးအစီအစဉ်များကို စနေ၊ တနင်္ဂနွေ ညပိုင်းသတင်းများအပြီးတွင် အနည်းငယ်စီ အပိုင်းလိုက်ထုတ်လွှင့်မှု စတင်ခဲ့သည်ကို တွေ့ရသည်။

ကမ္ဘာကျော်ရုပ်ရှင်ကားတစ်ကားဖြစ်သည့် သံခေါင်းစွပ်လူသား (The Man in the Iron Mask) ဇာတ်ကားတွင် ကမ္ဘာကျော် တိုက်တန်းနစ်မင်းသား လီယိုနာဒိုဒီကာပရီယိုနှင့်အတူ အမတ်ကြီးနေရာတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ပြင်သစ်ရုပ်ရှင်မင်းသားကြီး Mr.Gerad Depardicu သည် နိုဝင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် လာရောက်လည်ပတ်ခဲ့သည်။

မြန်မာရုပ်ရှင်ဇာတ်ကားများ နိုင်ငံခြားဈေးကွက်ရရှိရန် ကြိုးပမ်းလာခြင်းနှင့် နိုင်ငံခြားရုပ်ရှင်ပွဲတော်များသို့ သွားရောက်ပြသသော မြန်မာရုပ်ရှင်ကားများ

၂၀၀၅ ခုနှစ်အတွင်း မြန်မာရုပ်ရှင်လောက၏ ထူးခြားမှုတစ်ရပ်မှာ မြန်မာရုပ်ရှင်ဇာတ်ကားများကို နိုင်ငံတကာရုပ်ရှင်ပွဲတော်များသို့ သွားရောက်ပြသမှု သိသိသာသာများပြားလာပြီး၊ အချို့ဇာတ်ကားများသည် ရုပ်ရှင်စတင်ရိုက်ကူးစဉ်ကတည်းက နိုင်ငံခြားဈေးကွက်ကိုပါ ရရှိရန် ရည်ရွယ်ရိုက်ကူး ထုတ်လုပ်လာကြခြင်းပင်ဖြစ်သည်။

၂၀၀၅ ခုနှစ် ရုံတင်ပြသသောကားများအနက် အကျိုးပြုဇာတ်လမ်းများ မကြာခဏရိုက်ကူးလေ့ရှိသည့် ဒါရိုက်တာ စင်ရော်မောင်မောင်၏ 'လျှို့ဝှက်သောနှင်း'၊ သရုပ်ဆောင်မျိုးသန္တာထွန်းထုတ်လုပ်ရိုက်ကူးသော 'ပေးဆပ်သူတို့နှလုံးသား'၊ သရုပ်ဆောင် လွင်မိုး၏ 'တစ်ခါက ဧရာဝတီညဉ့်များ'၊ သရုပ်ဆောင်လူမင်း၏ 'ကျန်စစ်မင်း' ရုပ်ရှင်ကားတို့မှာ နိုင်ငံတကာရုပ်ရှင်ပြပွဲတော်များသို့ သွားရောက်ပြသခဲ့သော မြန်မာရုပ်ရှင်ဇာတ်ကားများ ဖြစ်သည်။

အဆိုပါဇာတ်ကားများအနက် အမေရိကန်ဒေါ်လာ ၁.၆ သိန်းအကုန်အကျခံရိုက်ကူးခဲ့သည်ဟုဆိုသော ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးသည့် 'လျှို့ဝှက်သောနှင်း' ရုပ်ရှင်ကားသည် စရိုက်ကူးကတည်းကပင် နိုင်ငံခြားဈေးကွက်ရရန် ရည်ရွယ်ရိုက်ကူးခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ ဂွမ်ကျိုးရုပ်ရှင်ပွဲတော်၌ ကိုရီးယားပရိသတ်များ၏ စိတ်ဝင်စားခဲ့မှုကိုရရှိခဲ့သည်ဟု စင်ရော်မောင်မောင်၏ အဆိုအရ သိရသည်။

သို့သော်လည်း စင်ကာပူနိုင်ငံ၌ ပြုလုပ်ခဲ့သော ရုပ်ရှင်ပွဲတော်တစ်ခုတွင် မြန်မာရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုအားပေးသူ အနည်းငယ်သာရှိသည်ဟု ကိုယ်တိုင်သွားရောက်ကြည့်ရှုသူတစ်ဦးက ပြောကြားသည်။

www.foreverspace.com.mm

ဒေသတွင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် ကိုရီးယားမှ ရုပ်ရှင်ကားများ မြန်မာရုပ်ရှင်စျေးကွက်ကို ထိုးဖောက်လွှမ်းမိုးလာသည့် အချိန်တွင် မြန်မာရုပ်ရှင်ကားများမှာလည်း နိုင်ငံခြားစျေးကွက်ရရှိရန်၌ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူများမှ ကြိုးပမ်းနေကြောင်း၊ သို့သော်လည်း စျေးကွက်ရရှိရန် လိုအပ်ချက်နှင့် အခက်အခဲများစွာ ရှိနေသေးကြောင်း ဒါရိုက်တာစင်ရော်မောင်မောင်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ပြုလုပ်သော အစည်းအဝေးတစ်ခုတွင် ပြောကြားသည်။

နိုင်ငံခြားစျေးကွက်သို့ တင်ပို့မည့်ရုပ်ရှင်ဇာတ်ကားများကို နိုင်ငံခြားတွင်သွားရောက်တည်းဖြတ်ကြပြီး အစီအစဉ်အစအဆုံးကို မိမိဘာသာပြုလုပ်ရလေ့ရှိကြောင်း ဇာတ်ကားတစ်ကားအတွက် အင်္ဂလိပ်စာတန်းထိုးရာတွင် ကုန်ကျမှုမှာ ကျပ်ငွေ ၁၆ သိန်းနီးပါးရှိကြောင်း ရုပ်ရှင်ထုတ်လုပ်သူများထံမှ သိရသည်။

သို့ရာတွင် မြန်မာရုပ်ရှင်ကားကို ဝေဖန်ကြည့်ရှုသူအချို့ကမူ မြန်မာရုပ်ရှင်ကားများ နိုင်ငံခြားစျေးကွက်ရရှိမှု နည်းပါးခြင်းမှာ ရိုက်ကူးထုတ်လုပ်တည်းဖြတ်မှု စသော စက်မှုပိုင်းနည်းပညာများထက် ဇာတ်ညွှန်း၊ သရုပ်ဆောင်၊ ဇာတ်လမ်း၊ ဇာတ်ကားအရည်အသွေးအဘက်ဘက်မှ အားနည်းနေမှုကြောင့်ဖြစ်သည်ဟု ဝေဖန်ပြောကြားကြသည်။

မြန်မာရုပ်ရှင်လောကသားများအနေဖြင့်လည်း မိမိတို့၏ လက်ရှိအခြေအနေနှင့် ပကတိအရည်အချင်းကို မှန်မှန်ကန်ကန် ရိုးဖြောင့်စွာ ရှုမြင်သုံးသပ်ရမည်ဖြစ်ပြီး အားနည်းရသည့်အကြောင်းများကို မည်သူ့ကိုမျှ အပြစ်တင်လွှဲချခြင်းမပြုဘဲ မိမိတို့၏အရည်အချင်းကိုသာ မြှင့်တင်ထားရန်လိုအပ်ကြောင်း၊ ထိုသို့လေ့လာရန်အတွက် ပြည်တွင်းမှ မိမိအကြောင်း ဟုတ်သည်မဟုတ်သည် ရေးသားနေသည့်စာများကိုသာဖတ်၍ တင်းတိမ်မနေကြဘဲ မိမိနယ်ပယ်နှင့်သက်ဆိုင်သော အကြောင်းအရာများ၊ အတွေးအခေါ်အဆင့်အတန်းမြှင့်တင်ပေးနိုင်သောစာများကိုလည်း အမြဲဖတ်မှတ်လေ့လာနေဖို့လိုအပ်ကြောင်း မိဒီယာလောကသားတစ်ဦးက သုံးသပ်သည်။

၂၀၀၅ ခုနှစ် နှစ်လယ်ပိုင်းတွင်မူ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာနမှ ဦးဆောင်၍ ပြင်သစ်သံရုံး၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကား ထုတ်လုပ်ရိုက်ကူးပေးသွားရန် ကမ်းလှမ်းခဲ့ရာ မြန်မာရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူတော်တော်များများက ဝတ္ထုများကို တင်ပြကြပြီး ထုတ်လုပ်သူ မျိုးသန္တာထွန်း၊ ဒါရိုက်တာချမ်းသာကြည်စိုးတို့၏ဇာတ်လမ်းကို ရိုက်ကူးထုတ်လုပ်ပေးရန် ရွေးချယ်ခဲ့သည်။

လျှော့ပေါ့လိုက်သော ဆင်ဆာမူဝါဒများနှင့် သရဲကားရိုက်ကူးခြင်း

မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ၂၀၀၅ ခုနှစ် ဧပြီလ၌ သတင်းစာများတွင် ကြေညာချက်များထည့်သွင်းပြီး ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် တစ်ရက်စီခေါ်၍တွေ့ဆုံကာ ရုပ်ရှင်သမားများ လုပ်ရကိုင်ရခက်ခဲသည်ဆိုသော ရုပ်ရှင်ဆင်ဆာမူဝါဒများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲများမှ သက်ဆိုင်ရာ အလွှာအလိုက် ကိုယ်စားလှယ်သုံးဦးစီရွေးချယ်ပြီး ဇွန်လတွင်ပြုလုပ်သည့် မြန်မာ့ရုပ်ရှင်အလုပ်ရုံဆွေးနွေးပွဲတွင် မိမိတို့၏ ဆန္ဒများကို တင်ပြခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲပြီးနောက် လျှော့ပေါ့ခွင့်ပြုခဲ့သော ဆင်ဆာမူဝါဒများအရ နှင်းဆီဝိုင်၊ တိမ်ပြိုမိုး အချစ်ဗီဒီယိုဇာတ်ကားများကို ရိုက်ကူးခဲ့သော ဒါရိုက်တာမောင်မျိုးမင်းက ပထမဆုံး သရဲကားဗီဒီယိုအခွေကို တစ္ဆေမကြောက်သူများရဲ့ညာ အမည်ဖြင့် ဒွေး၊ သားညီ၊ အိန္ဒြာကျော်ဇင်၊ ရတနာပုံတို့ ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့သည်။

သရဲဗီဒီယိုကား ရိုက်ကူးမှုနှင့်ပတ်သက်၍ ကုမ္ပဏီဘက်ကနယ်က သတင်းရေးသားရာ၌ မောင်မျိုးမင်းက မြန်မာသရဲကားများသည် နိုင်ငံခြားသရဲကားများကဲ့သို့မဟုတ်ကြောင်း၊ ဇာတ်လမ်းကို ပြန်ဖြည်ထားမှုများ ပါဝင်ထည့်သွင်းရိုက်ကူးထားကြောင်း ဆိုသည်။

၂၀၀၅ ခုနှစ်တွင် သရဲကားဗီဒီယိုဇာတ်လမ်း ၃ ကားခန့် ထွက်ပေါ်လာခဲ့သော်လည်း သရဲကားဗီဒီယိုလိုင်း သီးသန့်ထွက်ပေါ်လာသေးခြင်းမရှိဘဲ၊ သာမန်ဇာတ်လမ်းများနှင့်တန်းတူ ဌားရမ်းနေရသည့် အခြေအနေသာရှိသေးကြောင်း ဗီဒီယိုခွေဌားဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

မြဝတီနှင့် MRTV ၏ ရုပ်သံအစီအစဉ်များ

၂၀၀၅ ခုနှစ်အတွင်း နိုင်ငံပိုင် မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် တပ်မတော်ပိုင် မြဝတီရုပ်သံတို့မှ အစီအစဉ်သစ်များ ထုတ်လွှင့်ခဲ့ကြသည့်အပြင် ကိုရီးယားနှင့် တရုတ်ဇာတ်လမ်းတွဲအသစ်များ၊ ပြည်တွင်းရုပ်ရှင်၊ ဂီတအနုပညာရှင်များ တင်ဆက်သည့် ပျော်ရွှင်ဖွယ်ရာအစီအစဉ်သစ်များလည်း ထုတ်လွှင့်ခဲ့သည်။ ထိုအထဲမှ ကိုရီးယားရုပ်ရှင်ဇာတ်လမ်းတွဲများသည် မြန်မာရုပ်သံကြည့် ပရိသတ်အားလုံးကို ထမင်းမေ့ဟင်းမေ့သည်အထိ ဖမ်းစားနိုင်ခဲ့သည်။

ကိုရီးယားနှင့် တရုတ်ရုပ်သံဇာတ်လမ်းတွဲများကို နှစ်ခြိုက်စွာ နေ့စဉ်စောင့်စားအားပေးနေသူအချို့ကမူ မိနစ်အနည်းငယ်ခန့်သာ ကြော်ငြာနှင့်တစ်လှည့်စီ ထုတ်လွှင့်ပေးသော ရုပ်သံဇာတ်လမ်းတွဲများ၏အစ (သီချင်းနှင့် စာတန်းထိုး)ကို နေ့စဉ် အစအဆုံး ထုတ်လွှင့်နေခြင်းသည် ရုပ်သံထုတ်လွှင့်စရိတ် ပိုမိုကုန်ကျခြင်း၊ ရုပ်သံကြည့်ပရိသတ်များ နေ့စဉ်သိနေပြီးသားများကိုသာ ထပ်ချည်း

www.foreverspace.com.mm

တလဲလဲ ထုတ်လွှင့်နေခြင်း၊ ထုတ်လွှင့်ချိန်မှာလည်း ဇာတ်ကား တစ်ပိုင်းပြချိန်နီးပါးကြာမြင့်ခြင်းတို့ကြောင့် ထုတ်လွှင့်သူများ အနေဖြင့် ယင်းအချိန်ကို တည်းဖြတ်လျှော့ချလိုက်ပါက ဇာတ် ကားထုတ်လွှင့်ချိန် ပိုရလာနိုင်ကြောင်း သုံးသပ်အကြံပြုကြသည်။

ပြည်တွင်းအနုပညာရှင်များက တင်ဆက်ထားသော အစီ အစဉ်သစ်များအနက် သရုပ်ဆောင်ကမ္ဘာ၊သုတစုံလင်ရွှေဉာဏ်ရှင်၊ ပဟေဠိနန်းတော်တို့မှာ ပရိသတ်ကြိုက် အစီအစဉ်သစ်များ ဖြစ် သည်။ ထို့ပြင် MRTV မှ ထုတ်လွှင့်သည့် ကျန်းမာသုတအစီ အစဉ်သည်လည်း ပရိသတ်အတွက် စောင့်ကြည့်ခဲ့ရသော အစီ အစဉ်တစ်ခု ဖြစ်သည်။ တစ်နှစ်လုံးတွင် ပြသခဲ့သော ကိုရီးယားဇာတ်လမ်းတွဲများသည် သတ်မှတ်ချိန်အတွင်း ကြော်ငြာအရေအတွက် အပြည့်ရရှိခဲ့သည်ကို တွေ့ရသည်။

သျှားညို၊ စေစားရာ၊ အမည်မဲ့ (၂)နှင့် နှင်းကကြိုး

ရုပ်ရှင်ဗီဒီယိုများတွင် များသောအားဖြင့် အူ ကြောင်ကြောင်စရိုက်များကိုသာ ထင်ဟပ်သရုပ်ဆောင်လေ့ ရှိသည့် သရုပ်ဆောင်သျှားညိုသည် ၂၀၀၅ ခုနှစ် အတွင်း အမည်မဲ့ (၁)နှင့် အမည်မဲ့ (၂) ပန်းချီ ပြပွဲများကို အောင်မြင်ထူးခြားစွာ ပြသနိုင်ခဲ့သည်ကို တွေ့ရသည်။ ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ အမည်မဲ့ (၁) ပန်းချီပြပွဲကို AZADA ပန်းချီပြခန်းတွင် ပြုလုပ်ခဲ့ပြီး စက်တင်ဘာ ၄ ရက်မှ ၃၀ ရက်နေ့အထိ ပြသမည်ဟုဆိုထားသည့် အမည်မဲ့ (၂) ပန်းချီပြပွဲကိုမူ လှိုင်သာယာစက်မှုဇုန် (၁) ဒေါ်ဖွားရှင်လမ်းရှိ စေစားရာပန်းချီပြခန်းတွင် နောက် ခြောက်လသို့မဟုတ် တစ်နှစ်အထိ ဆက်လက်ပြသ သွားမည်ဖြစ်ကြောင်း သရုပ်ဆောင်သျှားညိုက ဆိုသည်။

ယင်းအမည်မဲ့ (၂)တွင် အရွယ်အစားကြီးများ သည့် ပန်းချီကားပေါင်း ၃၇ ကားပြသထားပြီး ၆၀ ပေ ၂ လက်မနှင့် ၁၉ ပေ ၈ လက်မ ပတ် လည်အရွယ်အစားရှိ အတွေးကမ္ဘာပန်းချီကားမှာ အရွယ်အစား အကြီးမားဆုံးဖြစ်သည်။ ပန်းချီကား ၃၇ ကားစလုံးမှာ အရွယ်ပမာဏကြီးမားသည့်အတွက် မြန်မာ့သမိုင်းတစ်လျှောက် ပြသခဲ့သည့်ပန်းချီကား များအနက် အရွယ်အစား အကြီးမားဆုံးဟုပင် ယူဆရ မည်ဖြစ်သည်။ ထို့အတွက် စေစားရာ ပန်းချီပြခန်းတွင် သာ ပြသထားရန်သင့်လျော်ပြီး သျှားညို၏ ကြိုးပမ်းအားထုတ်မှုကိုမူ အသိအမှတ်ပြုရမည် ဖြစ်သည်။ အဆိုပါ ပန်းချီကား များအား လူ ၁၅ ဦးခန့်နှင့် ၂ နှစ်ခန့် အချိန်ယူ စုပေါင်း လုပ်ကိုင်ခဲ့ပြီး ယနေ့အထိ သိန်းပေါင်း ၈၀၀ ကျော် ကုန်ကျခဲ့ပြီးဖြစ်သည်ဟု ၎င်း၏အဆိုအရ သိရသည်။ စေစားရာ ပန်းချီပြခန်းတွင် အခြားပန်းချီပြပွဲများလည်း ကျင်းပနိုင် သည်ဖြစ်ရာ အနုပညာလှုပ်ရှားမှုအချို့ကိုလည်း ဆောင်ရွက်နိုင် ခဲ့သည်ကို တွေ့ရသည်။

ယင်းတို့အနက် ၂၀၀၅ ခုနှစ် နိဝင်ဘာလ ၆ ရက်တွင် ပြုလုပ်ခဲ့သည့် 'နှင်းကကြိုး' အနုပညာပေါင်းစပ်ပွဲတစ်ရပ်မှာ ကဗျာ၊ ဂီတ၊ ပန်းချီချစ်သူများအကြား စိတ်ဝင်တစား ကြည့်ရှု အားပေးမှုကို ခံခဲ့ရသည်။ 'နှင်းကကြိုး'တွင် ကဗျာဆရာ ၇ ဦးက သျှားညို၏ ပန်းချီကားများ နောက်ခံထား၍ ကဗျာရွတ်ဆိုခြင်း၊ တယောပညာရှင် ချမ်းဟိန်းကြွယ်က ဂီတာနှင့် တယောတို့ဖြင့် Backing ပံ့ပိုးပေးခြင်းတို့အပြင် ပန်းချီဆရာမ ချောအိသိမ်း က အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပေးထားသည်။

ပန်းချီဆရာတစ်ဖြစ်လဲ ရုပ်ရှင်သရုပ်ဆောင် သျှားညို

www.foreverspace.com.mm



သျှားညို၏ ဧရာမ ပန်းချီကားတစ်ကား

သျှားညို၏ 'Desire' ဟုအမည်ပေးထားသည့် Installation အတွင်း 'We are not painter, We are painting' ဟု ရွတ်ဆိုမှု ပါဝင်သော Performance Art တစ်ရပ်ကို ပန်းချီဆရာ ထိန်လင်းနှင့် ပန်းချီဆရာမ ချောအိသိမ်းတို့က ပြသခြင်းဖြင့် အစီအစဉ်ကို အဆုံးသတ်ခဲ့သည်။ အဆိုပါ Combination Art အစီအစဉ်အတွင်း ပြသခဲ့သည့် 'ချစ်သောကမ္ဘာမြေ' Grouping Performance ကိုလည်း လူအများ အကြိုက်တွေ့ခဲ့သည်။ မည်သို့ပင်ဆိုစေ ပန်းချီ၊ ကဗျာ၊ ဂီတ၊ Performance Art၊ Installation Art တို့ကို တစ်စုတစ်စည်းတည်းခံစားရစေနိုင်သည့် 'နှင်းကကြိုး' အနုပညာ ပေါင်းစပ်မှုပြပွဲကိုမူ ထူးခြားမှုတစ်ရပ်အဖြစ် မှတ်တမ်းတင်ရမည် ဖြစ်သည်။

စောင်းလက်သံစီးရီးများ

ယခုနှစ်အတွင်း ဂီတနယ်ပယ်တွင် ထူးခြားမှုအဖြစ် စောင်း လှိုင်ဝင်းမောင်(မကွေး)၏ မြန်မာမှုသီချင်းကြီး၊ သီချင်းခန့် စောင်းတီး ခတ်မှုလက်သံ တေးစီးရီးသုံးခု ထွက်ရှိလာခဲ့ပြီး ပရိသတ်အသိအမှတ် ပြုအားပေးခဲ့သည်ကို တွေ့ရသည်။

ယင်းစီးရီးများမှာ ကျူးဇင်မြင့်ငြိမ့် ၁၊ ၂၊ ၃ တို့ဖြစ်ပြီး ပထမစီးရီးမှာ စောင်းတူရိယာနှင့်အတူ အခြားမြန်မာ့တူရိယာများ သိုင်းဝိုင်း တီးခတ်ထားသည့်စီးရီးဖြစ်ပြီး ကျန်စီးရီးနှစ်ခုမှာ စောင်းတူရိယာလက်သံသီးသန့် ဖြစ်သည်။

ပထမဆုံးထွက်ရှိလာသော ကျူးဇင်မြင့်ငြိမ့်တွင် ငြိမ့်ညောင်းသာယာသော မြန်မာ့စောင်းသံကို ရည်ညွှန်းဖွဲ့ဆိုသောတေးသွား ဖြစ်သည်။ ကျူးဇင်မြင့်ငြိမ့် အပါအဝင် ဆိုင်းဆရာကြီး ပခုက္ကူ စိန်ဘည့် တီထွင်ခဲ့သော လေးပေါက်အောင်ပြန်တွင် ဖွဲ့စည်းသည့် တေးထပ်၊ ယိုးဒယားသီချင်း တစ်ပုဒ်ဖြစ်သော တောင်တောသာယာ စသည့် တေးသီချင်းရှစ်ပုဒ်ကို အခြားတူရိယာများနှင့်အတူ တီးခတ်ထားသည်။ ကျူးဇင်မြင့်ငြိမ့်(၂)တွင် နန်းတော်ရှေ့ဆရာတင်၊ ရွှေတိုင်ညွှန့်၊ မြို့မငြိမ်း၊ ရွှေပြည်အေး စသူတို့၏ တေးလက်ရာများကို မြန်မာ့စောင်းဖြင့် တီးခတ်ထားသည်။

တီးခတ်သူသည် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)တွင် တွဲဖက်ပါမောက္ခ(ဂီတ)အဖြစ် ဆောင်ရွက်လျက်ရှိပြီး စောင်းပညာကို အသက် ခုနစ်နှစ်သားမှစ၍ လေ့လာခဲ့သူဖြစ်သည်ဟု ၎င်း၏ အဆိုအရ သိရသည်။

ဖြူဖြူကျော်သိန်း

အရေအတွက်နည်းပါးသော တစ်ကိုယ်တော် တေးစီးရီးများတွင် ယခုနှစ်အတွင်း အထိုက်အလျောက် အောင်မြင်သွားသည်မှာ အမျိုးသမီး Rock အဆိုရှင် ဖြူဖြူကျော်သိန်း၏ 'လုံးဝမသက်ဆိုင်တော့ပါ' စီးရီးအယ်လ်ဘမ်ဖြစ်ပြီး ဒါရိုက်တာ ပီတာရိုက်ကူး၍ သူမကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားသော VCD မှာ ပိုမိုအောင်မြင်ခဲ့သည်ဟု ဈေးကွက်အတွင်းမှ သိရသည်။

၎င်းသီဆိုသောသီချင်းများမှာ အနောက်တိုင်းတေးဂီတနှင့် မစိမ်းသော ပရိသတ်တို့ နားယဉ်ပြီးဖြစ်သည့် ကော်ပီသီချင်းများဖြစ်ပြီး အချို့သီချင်းပိုဒ်များ၌ မူရင်းစာသားအဓိပ္ပာယ်ကိုပါ ကူးယူထည့်သွင်းထားသည့်သီချင်းများဖြစ်သော်လည်း အဆိုကျွမ်းကျင်ပိုင်နိုင်ခြင်း၊ စကားလုံးတိုင်းကို Mood ထည့်၍ ပီသအောင်သီဆိုခြင်း၊ စာသားနှင့်လိုက်ဖက်သည့် အသံအပြောင်းအလဲဖြင့် သီဆိုခြင်း၊ အရေအတွက်နည်းသော အမျိုးသမီး Rocker များ၏ တစ်ကိုယ်တော် အယ်လ်ဘမ်ထွက်ရှိမှု ငြိမ်သက်နေခြင်းတို့ကြောင့် ယင်းကဲ့သို့ အထိုက်အလျောက်အောင်မြင်ရခြင်းဖြစ်သည်။

ကိုရီးယားအနုပညာရှင်များ ချစ်ကြည်ရေးလာရောက်၍

www.foreverspace.com.mm

ဖြူဖြူကျော်သိန်း၏ ဝတ်စားဆင်ယင်မှုနှင့် သီဆိုဟန်

နှစ်နိုင်ငံ ပူးတွဲဖျော်ဖြေပွဲတစ်ရပ်ကို အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့စဉ် ၎င်း၏ဝတ်စားဆင်ယင်မှုနှင့် သီဆိုဖျော်ဖြေသော ကော်ပီတေးသီချင်းတို့အပေါ် ပရိသတ်၏ဝေဖန်ပြောဆိုမှုများ သောသောညံကြားခဲ့ရသူလည်း ဖြစ်သည်။

ဖြူဖြူကျော်သိန်းသည် စင်တင်တေးဂီတဖျော်ဖြေပွဲများတွင် ထူးခြားဆန်းပြားသော ဝတ်စားဆင်ယင်မှု၊ သီဆိုဟန်တို့ဖြင့် ပရိသတ်သတိထားမိလာခဲ့သူဖြစ်ပြီး ယခုထွက်ရှိသော VCD တွင်လည်း ထူးခြားဆန်းပြားသော ဝတ်စားဆင်ယင်မှုဖြင့် သရုပ်ဆောင်ထားသည်ကို တွေ့ရသည်။

ပရိသတ်အချို့နှင့် မီဒီယာလောကသားအချို့၏ ဝေဖန်စောကြောမှုများရှိနေသော်လည်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ဖြူဖြူကျော်သိန်းကို မြန်မာကလေးများအတွက် စွမ်းဆောင်သူအဖြစ် နိုင်ငံကျော်စာရေးဆရာမဂျူး၊ သရုပ်ဆောင်လွင်မိုး၊ မြန်မာ့လက်တွေ့ကျော်လုံးချော၊ မြန်မာနိုင်ငံကိုယ်စားပြု အာဆီယံပြိုင်ပွဲဝင် အိရူပါဝင်းတို့နှင့် တစ်တန်းတစ်စားတည်း သတ်မှတ်ရွေးချယ်ခံရသည်မှာလည်း ယခုနှစ်အတွက် အံ့သြစွာ မှတ်တမ်းတင်ရမည့်အကြောင်းအရာ ဖြစ်သည်။

အငြင်းပွားဖွယ် ဘာသာရေးဒဿနစာအုပ်

ယခုနှစ်အတွင်း ထုတ်ဝေသော ဘာသာရေးဒဿနစာပေလက်ရာများအနက် အငြင်းပွားဖွယ်ဖြစ်ခဲ့သော စာအုပ်မှာ ချစ်ငယ် (ဒဿန) ၏ 'နိဗ္ဗာန်' စာအုပ်ငယ်ဖြစ်သည်။ နိဗ္ဗာန်စာအုပ် ထွက်ရှိလာပြီးနောက် The Voice Weekly (Vol.1, No.48) တွင် ဗုဒ္ဓစာပေလေ့လာသူတစ်ဦးအမည်ဖြင့် ဝေဖန်သူတစ်ဦးက ဝေါဟာရတွဆေဒရှုထောင့်၊ ဘာသာရေးခံယူချက်ရှုထောင့်၊ အယူအဆရေးရာရှုထောင့်တို့မှ သုံးသပ်ဆန်းသစ်သော ဝေဖန်ချက်ဆောင်းပါးတစ်ပုဒ် ရေးဦးစွာ ဖော်ပြခဲ့သည်။

ဝေဖန်ချက်ဆောင်းပါးပါ အဓိကအချက်များ စောဒကတက်သည့်အချက်များ မပါသော်လည်း လက်သင့်ခံနိုင်သည့် ထောက်ပြချက်အချို့ပါသော ပေးစာကောက်နုတ်ချက် တစ်စောင်သာ တုံ့ပြန်ချက်အနေဖြင့် The Voice Weekly တွင် ထပ်မံဖော်ပြသည်မှတစ်ပါး တစ်စုံတစ်ရာချေပရေးသားမှုကို မတွေ့ရပေ။ သို့သော် ဝေဖန်ချက်ဆောင်းပါးပါ အချက်အလက်များကို ရှင်းလင်းရန် စာရေးသူ ချစ်ငယ်(ဒဿန) နှင့် 'နိဗ္ဗာန်' စာအုပ်ကို ထုတ်ဝေသောတိုက်တို့က စာနယ်ဇင်းများကို ဖိတ်ခေါ်၍ IBC တွင် အခမ်းအနားတစ်ခု ကျင်းပခဲ့သည်။

၂၀၀၅ ခုနှစ် စက်တင်ဘာလထဲတွင် ဒေါက်တာအရှင်ဓမ္မပီယ၏ 'နိဗ္ဗာန်အယူအဆကို ထေရဝါဒရှုထောင့်မှလေ့လာသုံးသပ်ခြင်း" အမည် ရှိစာအုပ်လည်း ထွက်ရှိခဲ့သည်။ ဆရာတော် အရှင်ဓမ္မပီယသည် အမေရိကန်ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သော ပထမဦးဆုံး မြန်မာရဟန်းတော်ဖြစ်ပြီး အထက်ပါစာအုပ်မှာ ဆရာတော်၏ ပါရဂူဘွဲ့ယူကျမ်းဖြစ်သည်။ ဆရာတော် ဒေါက်တာဓမ္မပီယသည် လက်ရှိတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ် ထမ်းဆောင်နေသည်။ အထက်ပါ စာအုပ်နှစ်အုပ်သည် ဘာသာရေးဒဿနအမြင်ဖြင့် ထေရဝါဒ၏ အန္တိမပန်းတိုင်ကို ချဉ်းကပ်သော စာအုပ်နှစ်အုပ် ဖြစ်ပြီး ၂၀၀၅ ခုနှစ်အတွင်း နိဗ္ဗာန်နှင့်စပ်လျဉ်း၍ ထင်ရှားလူပ်ခတ်ခဲ့သော စာအုပ်နှစ်အုပ်အဖြစ် မှတ်တမ်းတင်ရမည် ဖြစ်သည်။

စုမီအောင်၏ ခေါင်းစဉ်နှစ်မျိုးနှင့် ဝတ္ထုတိုတစ်ပုဒ်

၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့ထုတ် အချစ်ဂျာနယ် အတွဲ(၄) အမှတ်(၃၄) စာမျက်နှာ(၇)တွင် ဖော်ပြခဲ့သည့် သော်မိုးဝင်းခန့်၏ 'ခေါင်းစဉ်နှစ်မျိုးနဲ့ မဂ္ဂင်းနှစ်အုပ်မှာ ဝတ္ထုတိုတစ်ပုဒ်တည်းကိုဖော်ပြလိုက်တဲ့ စာရေးဆရာမ' ဟူသော ဆောင်းပါးကို နောက်တစ်ပတ်ထုတ် အဆိုပါဂျာနယ်တွင်ပင် စုမီအောင်က

www.foreverspace.com.mm

အငြင်းပွားဖွယ် ချစ်ငယ်(ဒဿန)၏ နိဗ္ဗာန်

တုံ့ပြန်ဖြေရှင်းခဲ့သည်ကို တွေ့ရသည်။ စုမီအောင်၏ တုံ့ပြန်ဖြေရှင်းချက်ပေးစာတွင် ကိုသော်မိုးခန့်ဟု ရေးသားထားပြီး 'အချစ်မဂ္ဂဇင်း' ဟု လိပ်မူထားသည်ကို တွေ့ရသည်။

စုမီအောင်၏ ဝတ္ထုတိုတစ်ပုဒ်မှာ ၂၀၀၅ ခုနှစ် စက်တင်ဘာလထုတ် နှလုံးအိမ်မဂ္ဂဇင်းတွင် 'စောစောစီးစီး အဲဒီဆိုင်မှာ' ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၀၀၅ ခုနှစ် နိုဝင်ဘာလထုတ် ဖက်ရှင်မဂ္ဂဇင်းတွင် 'အဲဒီဆိုင်မှာ လက်သုတ်ဝတ်မရှိဘူး' ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ဖော်ပြခဲ့ရာ ခေါင်းစဉ်နှစ်မျိုးဖြင့် ဝတ္ထုတိုတစ်ပုဒ်တည်း ဖြစ်နေသည့်အပေါ် ဆောင်းပါးရှင် သော်မိုးခန့်က ဝေဖန်ရေးသားထားရာ စုမီအောင်က ပြန်လည် တုံ့ပြန်ဖြေရှင်းခဲ့ခြင်းဖြစ်သည်။ သော်မိုးခန့်၏ဆောင်းပါးတွင် "စာရေးဆရာမ စုမီအောင်အနေဖြင့်ကော ဖက်ရှင်မဂ္ဂဇင်းအယ်ဒီတာများကိုပါ ထိုအချက်ကို သတိပြုမိဖို့ကောင်းသည်ဟု ထင်ပါသည်" ဟူသော စာသားဖြင့် စာရေးဆရာမကိုသာမက ဖက်ရှင်မဂ္ဂဇင်းအယ်ဒီတာများကိုပါ ထောက်ပြရေးသားခဲ့သည်။

ယင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ စာရေးဆရာမစုမီအောင်က အောက်ပါအတိုင်း တုံ့ပြန်ဖြေရှင်းထားသည်ကို တွေ့ရသည်။ *"စတိုင်သစ်မဂ္ဂဇင်းကို ၂၀၀၁ ခုနှစ်က 'လက်သုတ်ဝတ်မရှိတဲ့ နံနက်ခင်း'ဆိုတဲ့ စာမူတစ်ပုဒ် ပို့ခဲ့ဖူးပါတယ်။ စတိုင်သစ်က မသုံးတဲ့အတွက် ဟန်သစ်မဂ္ဂဇင်းကို 'အဲဒီဆိုင်မှာ လက်သုတ်ဝတ် မရှိဘူး'ဆိုတဲ့ ခေါင်းစဉ်နဲ့ ထပ်ပို့ပါတယ်။ ဒီစာမူကျမှ နှစ်ကြိမ်တိတိ အငြင်းခံရတဲ့အခါ လက်သုတ်ဝတ်ဆိုတဲ့ စကားလုံးကြီး ခေါင်းစဉ်တင်ထားလို့ အယ်ဒီတာတွေ မကြိုက်တာများလားဆိုပြီး 'စောစောစီးစီး အဲဒီဆိုင်မှာ'လို့ ကွန်ပျူတာထဲမှာ ခေါင်းစဉ်ပြင်ပြီး File အသစ်သိမ်းလိုက်ပါတယ်။ .....အခု ၂၀၀၅ ခုနှစ်ကျမှ အဲဒီစာမူကို နှလုံးအိမ်မဂ္ဂဇင်းက ကိုသစ္စာပိုင်စိုးဆီ ပို့ခဲ့ပါတယ်"*

ဆောင်းပါးအဆုံးတွင်မူ စုမီအောင် ယခုကဲ့သို့ အဆုံးသတ်ထားသည်။ *"ခေါင်းစဉ်နှစ်မျိုးနဲ့ မဂ္ဂဇင်းနှစ်အုပ်မှာ ဝတ္ထုတိုတစ်ပုဒ်တည်းကို ဖော်ပြလိုက်တဲ့ စာရေးဆရာမလို့ ကိုသော်မိုးခန့်(မူရင်းစာလုံးပေါင်း ဖြစ်ပါသည်)က စွပ်စွဲပေမယ့် အမှန်က ကျွန်မက ဖော်ပြလိုက်တာ မဟုတ်ပါဘူး။ ဖော်ပြခြင်းခံလိုက်ရတာပါ။ ကိုသော်မိုးခန့်အပါအဝင် စာဖတ်ပရိသတ်များစီလည်သလို ကျွန်မကိုယ်တိုင်လည်း မျက်စိကျွတ်ကျမတတ် လည်ထွက်ခဲ့ရသူပါ။ ကျွန်မတို့ စာပေလောကမှာ ဒီထက် အဆမတန်ဆိုးရွားပြီး မသမာတဲ့ အခြားလုပ်ရပ်တွေ အပြည့်အသိပ်ရှိနေသေးလို့ အဲဒါတွေကိုလည်း သတင်းအချက်အလက် ပြည့်စုံမှန်ကန်စွာ ဖော်ထုတ်ပေးပါဦး"*

၂၀၀၄ ခုနှစ်အတွင်းကလည်း အလားတူ အပြန်အလှန် တုံ့ပြန်ရေးသားပြောဆိုကြသည်များကို ဂျာနယ်စာမျက်နှာများပေါ်တွင် အများအပြားတွေ့မြင်ခဲ့ရသည်။ ယင်းတို့အနက်မှ မှတ်မှတ်ထင်ထင်ဖြစ်ခဲ့သောအကြောင်းအရာများမှာ ဇာဂနာနှင့် ခင်စန္ဒာစော၏ ဗီဒီယိုဇာတ်ကား ၂၀ စာချုပ်ကိစ္စ၊ 'ဇာဂနာနှင့် တစ်ခိုင်လုံးရွှေ အနှစ်နှစ်ဆယ်ကိစ္စ'၊ ဇာဂနာ၏ 'ပျင်းလို့ရေးတာပါ' နှင့် ပြေ(ဆေး-၂)၏ 'ပျင်းရင်အိပ်နေပါ ဇာဂနာ'၊ 'ဆရာစွန်ရဲကို တွေ့ရင် ပြောပေးပါ'နှင့် 'ဆရာမြတ်ခိုင် မှန်မှန်ကန်ကန်သိစေ၊ ရေးစေချင်ပါတယ်'တို့ ဖြစ်သည်။

ဘီလူး (ပေလုဝ)

၂၀၀၄ ခုနှစ် မြန်မာ့ရုပ်ရှင်လောကတွင် တစ်ဟုန်ထိုးနာမည်ကျော်ကြားသွားသူမှာ ဘီလူးဇာတ်ကားတွင် အဓိကဇာတ်ရုပ်အဖြစ် သရုပ်ဆောင်ထားသည့် ဗေလုဝဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် လူသိများအောင်မြင်သွားသည့်နောက် မြို့တော်အသံလွှင့် ဌာနမှထုတ်လွှင့်သော အစီအစဉ်အချို့တွင်လည်း ပါဝင်ခဲ့ရပြီး ကုန်ပစ္စည်းကြော်ငြာများပင် ရိုက်ကူးခဲ့ရသည်အထိ အောင်မြင်ခဲ့သည်။

www.foreverspace.com.mm

ယခုကဲ့သို့ သရုပ်ဆောင်ကြေး လျော့နည်းသည့် 'ဟာသ' သရုပ်ဆောင်တစ်ယောက်၏ အောင်မြင်မှုဝင်ငွေ အချိုးမြင့်မား လာခြင်းနှင့် ငွေဝင်လမ်းတိုးပွားလာခြင်းတို့ကြောင့် အနာဂတ် မြန်မာ့ရုပ်ရှင်လောကအတွင်း 'ဘီလူး' ကဲ့သို့သော 'ဗေလုဝ' မဟုတ်သည့် ဟာသသရုပ်ဆောင်များ ကြိုးစားလုပ်ဆောင်ကြ သင့်ကြောင်း ဒါရိုက်တာတစ်ဦးက သုံးသပ်ပြောကြားသည်။

ပုဂံခေတ်ကျောရိုးပြု ရာဇဝင်ကားများ

၂၀၀၅ ခုနှစ်အတွင်း ပုဂံခေတ်ကျောရိုးပြုရုပ်ရှင်ကားကြီး နှစ်ကားရုံတင်ပြသခဲ့ရာ လူမင်းရိုက်ကူးသရုပ်ဆောင်သော 'ကျန်စစ်မင်း' နှင့် ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးပြီး လူမင်း ပါဝင်သရုပ်ဆောင်ထားသည့် 'ချစ်သော အရိမဒ္ဒနပူရ၏ မဟာ အောင်ပွဲ' ဇာတ်ကားတို့ ဖြစ်သည်။

အပတ်စဉ်ထုတ်ဂျာနယ်အချို့တွင် မျက်နှာဖုံးအကြောင်း အရာအဖြစ် ထူးထူးကဲကဲ ချီးပည္ဆန်းဆိုကာ မကြာခဏ သတင်း ဖော်ပြပေးခဲ့သည်ကို တွေ့ရသည်။ ကျန်စစ်မင်းဇာတ်ကားသည် ကျန်စစ်သား၏ အရည်အချင်းနှင့် ဂုဏ်အင်္ဂါများကို ဖော်ညွှန်း ရိုက်ကူးခဲ့သော်လည်း ဇာတ်ဝင်ခန်းစကားလုံး အသုံးအနှုန်းနှင့် မဏိစန္ဒာအဖြစ် သရုပ်ဆောင် သည့် ထက်ထက်မိုးဦး၏ ဇာတ်လမ်းပါ ခေတ်နှင့်မလျော်ညီသည့် သရုပ်ဆောင်မှုများ ကိုမူ ပရိသတ်၏ ဝေဖန်ထောက်ပြမှုများ ရှိခဲ့သည်။

'ကျန်စစ်မင်း'ဇာတ်ကားကို မလေးရှား၊ စင်ကာပူနှင့်ဩစတြေးလျနိုင်ငံများ၌ ပြသနေစဉ် မြန်မာနိုင်ငံအတွင်း ခိုးကူးခွေများ ထွက်ပေါ် နေသည်ဟူသော ကောလာဟလများကလည်း ထွက်ပေါ်ခဲ့ရာ ဒါရိုက်တာသရုပ်ဆောင် လူမင်းကမူ ယင်းဖြစ်ရပ်များနှင့် ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုကို ငြင်းဆိုခဲ့သည်။

'ကျန်စစ်မင်း' ဇာတ်ကားနှင့် 'ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ' ဇာတ်ကား တို့သည် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ မထွန်းကားသေးသောကာလ၊ အရည်းကြီးတို့ ၏ ဒိဋ္ဌအယူဝါဒများ ကြီးစိုးခဲ့စဉ်ကာလနှင့် ယင်းအယူဝါဒကို တွန်းလှန်ခဲ့သော အနော် ရထာဘုရင်၏ ဆောင်ရွက်ချက်များကို ရိုက် ကူးထားခြင်း ဖြစ်သည်။

လွဲမှားစွာ ယုံကြည်လက်ခံနေသော အယူဝါဒဟောင်းကို ပစ်ပယ်ပြီး အယူဝါဒ သစ်တစ်ခုကို လက်ခံလာသည်အထိ ဆင်နွှဲခဲ့ရသည့် အယူဝါဒ တိုက်ပွဲ အောင်မြင်မှုတစ်ရပ်အကြောင်းကို သာမန်စစ်ပွဲတစ်ပွဲ အောင်နိုင်မှုလောက်သာ ရိုက်ကူးတင်ဆက်သွားသည့်အတွက် စိတ်ကျေနပ်မှုအပြည့်အဝမရကြောင်း ပရိသတ်အချို့က ဝေဖန် သုံးသပ်ကြသည်။

ဖြိုးကြီး ၊ စိုးမြတ်နန္ဒာ မင်္ဂလာပွဲ

'အထည်ကြီးပျက်'သီချင်းဖြင့် လူသိများလာသူ တေးသံရှင် ဖြိုးကြီးနှင့် အကယ်ဒမီ စိုးမြတ်သူဇာ၏ညီမဖြစ်သူ အကယ်ဒမီ စိုးမြတ်နန္ဒာတို့၏ မင်္ဂလာပွဲသည် ပရိသတ်အတွင်း အထူးရေပန်း စားခဲ့ပြီး ထိုမင်္ဂလာပွဲအကြောင်း ဖော်ပြရေးသားသည့် ဂျာနယ်များ အရောင်းသွက်ခဲ့သည်။ မင်္ဂလာပွဲ၊ ညစာစားပွဲနှင့် အခြား ပြင်ဆင်မှုများပါသည့် မှတ်တမ်းဓာတ်ပုံစာအုပ်ကို ပြည်တွင်း မီဒီယာတစ်ခုက ဖြန့်ချိခဲ့ရာ တစ်ပတ်အတွင်း ပြတ်လပ်သွားသည် အထိ အရောင်းသွက်ခဲ့သည်။ ဈေးနှုန်းမှာလည်း မူရင်းရောင်းဈေး ၏ ထက်ဝက်ခန့် ဈေးတက်သွားခဲ့ကြောင်း အဆိုပါဓာတ်ပုံ

ဖြိုးကြီးနှင့် စိုးမြတ်နန္ဒာတို့ မင်္ဂလာမောင်နှံ

www.foreverspace.com.mm

၂၀၀၅ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ထင်ရှားသည့်ပုဂ္ဂိုလ်များ

စဉ်	အမည်	ကွယ်လွန်သည့်နေ့
၁	စာရေးဆရာတိမ်မိုးလှိုင်(ခ)ဦးခင်မောင်အေး၊ အသက်(၈၈)နှစ်။	၂၈-၁၂-၂၀၀၄
၂	စာရေးဆရာကြည်မြလွင်(ခ)ဦးကြည်လွင်၊ အသက်(၇၂)နှစ်။	၃၁-၁၂-၂၀၀၄
၃	စာရေးဆရာ ဝင်းဖေဝင်း(ခ)ဦးဝင်းဖေ၊ အသက်(၆၂)နှစ်။	၁၃-၁-၂၀၀၅
၄	ဒေါက်တာမောင်မောင်ခ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)၊ အသက်(၉၀)နှစ်။	၁၅-၂-၂၀၀၅
၅	ပန်းချီဆရာ၊ စာရေးဆရာ၊ အငြိမ့်ဆရာ ဒါရိုက်တာ ဦးဝင်းတင်(ခ)မောင်မြတ်မှိုင်း (လမင်းတရာအငြိမ့်)၊ အသက်(၅၉)နှစ်။	၁၇-၂-၂၀၀၅
၆	သခင်ချစ်မောင်(ဝိဓူရ)၊ အသက်(၉၀)နှစ်။	၃-၃-၂၀၀၅
၇	ဦးတင်စိုး(စာရေးဆရာ၊ ဒါရိုက်တာ)၊ အသက်(၈၀)နှစ်။	၆-၃-၂၀၀၅
၈	ဦးဇော်ဇော်မောင်(ခ)ပိုးဇော်ဇော်မောင် (ဇာတ်ညွှန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)၊အသက်(၄၀)	၉-၃-၂၀၀၅
၉	နိုင်ထင်(ဥက္ကဋ္ဌ၊ မွန်ပြည်သစ်ပါတီ)၊ အသက်(၈၄)နှစ်။	၁၄-၃-၂၀၀၅
၁၀	ဦးထွန်းမြင့်(တက္ကသိုလ်မင်းမော်)၊ ဂုဏ်ထူးဆောင်ပါမောက္ခ M.A,M.Phil(London)၊ ဘာသာဗေဒဌာန၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ အသက်(၇၂)နှစ်။	၂၀-၃-၂၀၀၅
၁၁	သိက္ခာတော်ရဆရာ ဒေါက်တာအောင်ဒင် (နာယက၊ သင်းအုပ်ဆရာတော်၊ မြို့မကရင်နှစ်ခြင်း အသင်းတော်၊ ဧမာန္တေလ၊ ရန်ကုန်)၊ အသက်(၉၂)နှစ်။	၃၁-၃-၂၀၀၅
၁၂	ဒေါ်မြင့်မြင့်ဌေး(ရုပ်ရှင်သရုပ်ဆောင်)၊ အသက်(၇၈)နှစ်။	၁၂-၄-၂၀၀၅
၁၃	ဘီတီဘရားသား ဦးဘသိန်း (ဦးဘသိန်း အသံဖမ်းစတူဒီယို)၊ မြန်မာနိုင်ငံ မဟာဗောဓိအသင်း နာယက၊ အသက်(၈၀)နှစ်။	၅-၅-၂၀၀၅
၁၄	ဦးတင့်ဆွေ (Senior Road Engineer UNOPS)၊ အသက်(၅၂)နှစ်။	၇-၅-၂၀၀၅
၁၅	ဦးသာကျော်၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)၊ ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အသက် (၈၅)နှစ်	၉-၅-၂၀၀၅
၁၆	ဒေါ်ကြည်ကြည်(ယုဝတီခင်ဘုန်းကြည်)၊ ယုဝတီကလောင်ရှင်အသင်းဥက္ကဋ္ဌ၊ အသက်(၉၀)နှစ်။	၂-၅-၂၀၀၅
၁၇	ဦးစိန်လွင်လေး(စာရေးဆရာ၊ မင်္ဂလာဘိသေကပညာရှင်)၊ အသက်(၇၆)နှစ်။	၁၁-၅-၂၀၀၅
၁၈	ဦးဘကြည် (ပုဂံစာအုပ်တိုက်)၊ အသက်(၇၅)နှစ်။	၁၇-၅-၂၀၀၅
၁၉	ဦးကြည်မြ၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်၊ အသက်(၈၈)နှစ်။	၂၇-၅-၂၀၀၅
၂၀	ဦးဇော်ထွဋ်နိုင်(ကိုနိုင်)၊ ကဗျာဆရာ၊ စာရေးဆရာ၊ အသက်(၄၇)နှစ်။	၁၉-၆-၂၀၀၅
၂၁	ဦးစံရင်(ပန်းချီ)၊ ပန်းပညာရှင်များအစည်းအရုံး(ဗဟို)(နာယက)၊ အသက်(၇၉)နှစ်။	၂၂-၆-၂၀၀၅
၂၂	စန္ဒရားချစ်ဆွေ(ဟသံဘတ)၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတစိစစ်ရေးအဖွဲ့ဝင်၊ အသက်(၇၁)နှစ်။	၁၀-၇-၂၀၀၅
၂၃	ဓာတ်ပုံဝင်းထိန်(စတိုင်လ်)၊ အသက်(၄၃)နှစ်။	၁၅-၈-၂၀၀၅
၂၄	စာရေးဆရာမောင်သိခ် (ဦးသန်းဆွေ)၊ အသက်(၇၈)နှစ်။	၃-၉-၂၀၀၅
၂၅	ဒေါက်တာသာလှ၊ အသက်(၉၃)နှစ်။	၁၆-၉-၂၀၀၅
၂၆	ဒါရိုက်တာမောင်နန္ဒ အသက်(၆၇)နှစ်။	၁၈-၉-၂၀၀၅
၂၇	ခင်မောင်နိုင်(အားကစားကလောင်ရှင်)၊ အသက်(၅၃)နှစ်။	၁၈-၉-၂၀၀၅
၂၈	စာရေးဆရာတက္ကသိုလ်ညီညီလေး (ခ) ဦးမောင်မောင်မိုး၊ အသက်(၈၇)နှစ်။	၂၉-၁၀-၂၀၀၅
၂၉	ဗိုလ်မှူးချုပ်ခင်အုန်း (ငြိမ်း) (သုတေသီရာမညကိုကိုနိုင်)၊ လွတ်လပ်ရေးမော်ကွန်းဝင်နှင့် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ အသက် (၈၄)နှစ်။	၂-၁၁-၂၀၀၅
၃၀	ဦးနိုဝင်းထွန်း (ရုပ်ရှင်ဒါရိုက်တာ) ၊ အသက် (၆၆)နှစ်။	၈-၁၁-၂၀၀၅
၃၁	ဦးလှိုင်ကြွယ် (ကာတွန်းမောင်ဝဏ္ဏ)၊ အသက် (၆၁)နှစ်။	၁၀-၁၁-၂၀၀၅

www.foreverspace.com.mm

စဉ်	အမည် ကွယ်လွန်သည့်နေ့	
၃၂	ဦးခင်မောင်မြင့် (ကာတွန်းဆွေမင်း (ခနဖြူ))၊ အသက် (၄၉)နှစ်။	၁၁-၁၁-၂၀၀၅
၃၃	ဦးတင့်လွင် (ခ) ကာတွန်းဆရာကြီးဦးသော်က၊ အသက်(၆၆)နှစ်။	၁၉-၁၁-၂၀၀၅
၃၄	ဒေါက်တာသန်းထွန်း၊ အငြိမ်းစားသမိုင်းပါမောက္ခ(မန္တလေးတက္ကသိုလ်)၊မြန်မာသမိုင်းကော်မရှင်အဖွဲ့ဝင်၊အရှိန်ပိုင်းပါမောက္ခ (ရန်ကုန်တက္ကသိုလ်ရှေးဟောင်းသုတေသနပညာဌာန၊သမိုင်းဌာန၊ အရှေ့တိုင်းပညာဌာန)၊ အသက် (၈၃)နှစ်။	၃၀-၁၁-၂၀၀၅
၃၅	ဒါရိုက်တာ၊ စာရေးဆရာကြီးဦးသုခ၊ အသက် (၉၆)နှစ်။	၇-၁၂-၂၀၀၅
၃၆	ဒေါ်မိမိခင်(ခ)ဒေါ်စောဝေ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်နာယက မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အမျိုးသမီးဂေါက်သီးရိုက် အသင်းဥက္ကဋ္ဌဟောင်း၊ အသက်(၆၉)နှစ်။	၉-၁၂-၂၀၀၅

မင်္ဂလာပွဲမုတ်တမ်းဇာတ်ပုံစာအုပ် ပြတ်လပ်သွားသည်အထိ ရောင်းချခဲ့ရသည့် မင်္ဂလာပွဲမုတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ်များ ရောင်းချသူတစ်ဦးက ဆိုသည်။ ထပ်မံ၍ မှတ်တမ်း VCD ထုတ်ဝေရန်လည်း ဗီဒီယိုထုတ်ဝေဖြန့်ချိရေး ကုမ္ပဏီတစ်ခုနှင့် သဘောတူပြီးဖြစ်ကြောင်း သိရသည်။

ထိုမင်္ဂလာဧည့်ခံပွဲနှင့် ပတ်သက်သည့် ကြိုတင်ပြင်ဆင်မှုများကို City FM မှ ကြိုတင်လွှင့်ထုတ်ပေးခဲ့ခြင်း၊ ကာယကံရှင်များနှင့်တွေ့ဆုံ၍ အင်တာဗျူးများ လွှင့်ထုတ်ခဲ့ခြင်းနှင့် Pop ဂျာနယ်များတွင် ကြိုတင်သတင်းများပါရှိခြင်းတို့ကြောင့် ယင်းမင်္ဂလာပွဲသည် ပိုမို၍ ပရိသတ်၏စိတ်ဝင်စားခြင်းခံခဲ့ရသည်။

၂၀၀၅ ခုနှစ်အတွင်း မင်္ဂလာသီချင်းများကို သရုပ်ဆောင်လူမင်းနှင့် ခင်စပယ်ဦးတို့၏ မင်္ဂလာဧည့်ခံပွဲမှတ်တမ်းရုပ်ပုံများဖြင့် VCD ဖြန့်ချိခဲ့ပြီးနောက် သရုပ်ဆောင်များဖြစ်သော ကြည်လဲလဲဦးနှင့် ဇာနည်တို့၏ မင်္ဂလာဧည့်ခံပွဲကိုလည်း ဖြန့်ချိခဲ့သည်ကို တွေ့ရသည်။

အင်္ဂလိပ်စကားပြော မြန်မာစာတန်းထိုး ဒီဗီဒီ

ယခုနှစ်အတွင်း ပထမဆုံးသော အင်္ဂလိပ်စကားပြော မြန်မာစာတန်းထိုးဇာတ်ကားဖြစ်သည့် 'လရောင်နမ်းတဲ့အလွမ်းသစ်ပင်' ဒီဗီဒီဇာတ်ကားကို ပြသခဲ့သည်။

ထိုဇာတ်ကားသည် မင်းခိုက်စိုးစန်၏ ဇာတ်ညွှန်းကို ဒါရိုက်တာ စင်ရော်မောင်မောင်ကရိုက်ကူး၍ ဂျပန်သရုပ်ဆောင် Michita Nagatsuka ၊ ညွှန့်ဝင်း၊ နှင်းဆီနှင့် ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်ထားသည်။

အယ်ဒီတာအဖွဲ့

■

www.foreverspace.com.mm

ဤကဏ္ဍတွင်.....

၅၂ မော်တော်ယာဉ်ဈေးကွက် ၂၀၀၅
၅၆ အဆောက်အအုံသစ်ပြန်လည်ဆောက်လုပ်ခြင်းနှင့် မြေရှင်၊ အခန်းရှင်တို့ကြား ညှိနှိုင်းနေရသည့်အကြောင်းကိစ္စများ
၆၀ မြန်မာကာတွန်းရုပ်ရှင်ဈေးကွက်အလားအလာ
၆၄ ဒစ်ဂျစ်တယ်မီဒီယာ
၆၆ ၂၀၀၅ ခုနှစ် မြန်မာ ICT ဈေးကွက်
၇၂ ၂၀၀၅ ရန်ကုန် ကုန်စည်ဈေးကွက်

မော်တော်ယာဉ်ဈေးကွက် ၂၀၀၅

ကျော်မျိုးညွှန့်

နှစ် ဦးပိုင်းတွင် ဈေးနှုန်းများ ကျဆင်းနေရာမှ နှစ်လယ်ခန့်တွင် ဈေးအနည်းငယ်ပြန်တက်ကာ နှစ်ကုန်ပိုင်း၌ ဈေးထိုးကျသွားသော ၂၀၀၅ ခုနှစ်၏ မော်တော်ယာဉ်အရောင်းအဝယ်ဈေးကွက်သည် လုပ်သက်ရင့်ဝယ်ရောင်းများ မျက်စိလည်ရသည်အထိ အလှည့်အပြောင်းများပြားလှသည်ကို တွေ့မြင်ရပါသည်။

ယာဉ်တင်သွင်းခွင့်နှင့် ဈေးကွက်အပြောင်းအလဲ

စီးရေထောင်နှင့်ချီသော ဆလွန်းယာဉ်ငယ်များကို ပို့ကုန်ဝင်ငွေ လက်ဝယ်ရှိ ကုမ္ပဏီများကို ခွဲဝေခွင့်ပြုစနစ်ဖြင့် တင်သွင်းခွင့်ပြုမည်ဟု ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပါသည်။ အဆိုပါအချက်မှာ ၂၀၀၅ ခုနှစ် နှစ်ဦးပိုင်းတွင် မော်တော်ယာဉ်ဈေးနှုန်းများ ကျဆင်းသွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ တင်သွင်းခွင့်ပြုသည့်အရေအတွက်မှာ အစီး ၁၀၀ ဖြစ်ပြီး လောင်စာဆီသုံးစွဲမှုချေတာစေရန်ရည်ရွယ်၍ ဓာတ်ဆီနှင့် CNG နှစ်မျိုး အသုံးပြုမောင်းနှင်နိုင်သည့် Dual System များကို တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

အထက်ပါဝန်ကြီးဌာနကပင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်တွင် မော်တော်ယာဉ်တင်သွင်းခွင့်ပြုရာ၌ အထက်အဖွဲ့အစည်းများ၏ လမ်းညွှန်မှုနှင့်အညီ တင်သွင်းခွင့်ပြုရာ၌ လိုအပ်မည်ဆိုပါက ထုတ်လုပ်သည့် တိုင်းပြည်နှင့် ခုနှစ်မသတ်မှတ်ဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ပါရှိပြီး သတ်မှတ်ချက်အရ ဆလွန်းယာဉ်များ တင်သွင်းခွင့်ပြုရာတွင် ၂၀၀၂ ခုနှစ်အထက် ထုတ်လုပ်

www.foreverspace.com.mm

သည့်ယာဉ်များသာ တင်သွင်းရမည်ဟူသော ကန့်သတ်ချက်ရှိခဲ့သည်။ Dual System ယာဉ်များ ယာဉ်ရောင်းဝယ်ရေးစခန်းသို့ ရောက်ရှိလာသည်ကို မတွေ့ရသော်လည်း အဆိုပါသတင်းကြောင့် ၂၀၀၅ ခုနှစ် နှစ်ဦးပိုင်းတွင် မော်တော်ယာဉ်ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်း အခြေစိုက် ဝယ်ရောင်းကြီးအများစုက ပြောကြားသည်။

လိုင်စင်မဲ့ယာဉ်နှင့် ဈေးကွက်အပြောင်းအလဲ

နှစ်ဦးပိုင်းတွင် မော်တော်ယာဉ်အသစ်များ ဝင်ရောက်မည်ဟုယူဆ၍ ဈေးနှုန်းကျဆင်းနေသော်လည်း ဖေဖော်ဝါရီလမှ ဧပြီလအတွင်း ဈေးနှုန်းများ ပြန်လည်ဦးမော့ရန် အကြောင်းဖန်လာခဲ့သည်။ သက်ဆိုင်ရာမှ မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ လိုင်စင်မဲ့မောင်းနှင်စီးနင်းနေသောယာဉ်များကို အပ်နှံရန် နှိုးဆော်ခဲ့သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်းတွင် လိုင်စင်မဲ့ယာဉ် ၂၅၀၀၀ ခန့် ရှိနိုင်သည်ဟု ခန့်မှန်းကြောင်း သိရပြီး မဖြစ်မနေအသုံးပြုရန် လိုအပ်ချက်ရှိသူများက တရားဝင်ယာဉ်များ ပြန်လည်ဝယ်ယူကြသဖြင့် ဧပြီလရောက်သည့်အခါ ယခင်ကျပ်သိန်း ၂၀၀ မှ ၃၀၀ ကြား ပေါက်ဈေးရှိ ယာဉ်များ မူလတန်ဖိုးထက် ကျပ်သိန်း ၅၀ မှ ၁၀၀ ကြား မြင့်တက်သွားခဲ့ပါသည်။ နှစ်ဦးပိုင်းတွင် အလဲအထပ်ပြုခြင်းဖြင့်သာ သက်တမ်းဆွဲဆန့်နေရသည့် ဝယ်ရောင်းနှင့် အကျိုးဆောင်များကလည်း ဈေးနှုန်းများ တတ်နိုင်သလောက် မြှင့်တင်ခဲ့သည်ကိုလည်း တွေ့ရပါသည်။

ဈေးနှုန်းများ ဦးမော့လာချိန်တွင် ဝယ်သူဘက်မှ လက်တွန့်မည်ဟု ယူဆရသော အပြောင်းအလဲတစ်ရပ်ရှိခဲ့သော်လည်း Supply Side Shortage ကြောင့် ဈေးနှုန်းများ ဆက်လက်ဦးမော့နိုင်ကြောင်း တာမွေမြို့နယ် သတိပဋ္ဌာန်လမ်းမှ ဆလွန်းမော်တော်ယာဉ်သုံးစီးပိုင်ရှင် ဝယ်ရောင်းတစ်ဦးကသုံးသပ်ပြသည်။ ဖော်ပြပါအပြောင်းအလဲမှာ ဧပြီလ ၁ ရက်နေ့မှစတင်၍ မော်တော်ယာဉ်ဝယ်ခွန်ကို ငါးရစ်မှ သုံးရစ်သို့ ပြောင်းလဲကောက်ခံခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့သော ၁၉၉၉ ခုနှစ်နောက်ပိုင်း မော်တော်ယာဉ်ဝယ်ယူသူများကို ယာဉ်တန်ဖိုးဖြတ်အဖွဲ့မှ သတ်မှတ်တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းကို ခြောက်လတစ်ကြိမ် ငါးရစ်ခွဲ၍ ကောက်ခံနေရာမှ ယခုကဲ့သို့ ပြောင်းလဲလိုက်ခြင်းဖြစ်သည်။

စက်သုံးဆီနှင့် ဈေးကွက်အပြောင်းအလဲ

၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် မော်တော်ယာဉ်ဈေးနှုန်းများ ကျဆင်းသွားရခြင်းကို အစပျိုးပေးသည်မှာ စက်သုံးဆီဈေးနှုန်းအပြောင်းအလဲပင် ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ် ဇူလိုင် ၂၀ ရက်မှစတင်၍ ဓာတ်ဆီတစ်ဂါလန် ၁၈၀ ကျပ်နှင့် ဒီဇယ်တစ်ဂါလန် ၁၆၀ ကျပ် ရောင်းချနေခဲ့ရာမှ ဈေးကွက်စီးပွားရေးနှင့် အတတ်နိုင်ဆုံး လျော်ညီအောင် ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှ စတင်၍ ဓာတ်ဆီနှင့် ဒီဇယ်တစ်ဂါလန် ဈေးနှုန်းကို ၁၅၀၀ ကျပ်သို့ နှုန်းတူပြောင်းလဲသတ်မှတ်ခဲ့ရာ အောက်ကားခေါ် ကျပ်သိန်း ၁၀၀ အောက် ကားများ ဈေးကွက်တွင် မျက်နှာပန်းလှမှု နိဂုံးချုပ်သွားသည်ကို တွေ့ရသည်။ ယခင်က စက်သုံးဆီအရောင်းဆိုင်သို့ ကားတွန်း၍ သွားရောက်သူ ဖင်မလီယာ (Mazda Familia) '၈' အက္ခရာပိုင်ရှင်တစ်ဦး၏ အဆိုအရ ၎င်း၏ မော်တော်ယာဉ်မှာ ဆီဈေးနှုန်းပြောင်းလဲပြီး နောက်ပိုင်း ယခင်ပေါက်ဈေးထက် ကျပ်သိန်း ၃၀ လျှော့၍ ဈေးခေါ်သည့်တိုင် ရောင်းမထွက်ဟု သိရပါသည်။

စက်သုံးဆီဈေးနှုန်းပြောင်းလဲပြီး နောက်ပိုင်း နယ်မြို့များတွင် ကုန်တန်ချိန် တစ်တန်ကျော်တင်၍ တစ်ဂါလန် မိုင် ၃၀ ကျော် မောင်းနှင်နိုင်သော ပြည်တွင်းတပ်ဆင်သည့် သုံးဘီးဆိုင်ကယ်များကိုသာ

www.foreverspace.com.mm

ဒီဇယ်ကုန်တင်ယာဉ်များနေရာတွင် အစားထိုးအသုံးပြုလာကြောင်း ဒေသခံအချို့ထံမှ သတင်းရရှိသည်။ ဈေးမချသည့်အပြင် ဆီစားသော မော်တော်ယာဉ်များအစား သုံးဘီးဆိုင်ကယ်များ အသုံးပြုမှုများပြား လာရာ ပဲခူးမြို့တွင် သုံးဘီးဆိုင်ကယ် ယာဉ်လိုင်းများပင် ပေါ်ပေါက်လာကြောင်း Phoenix News ၏ သတင်းပေးပို့ချက် အရ သိရသည်။

လေလံယာဉ်နှင့် ဈေးကွက်အပြောင်းအလဲ

၂၀၀၅ ခုနှစ်သည် မော်တော်ယာဉ် အရောင်းအဝယ်ဈေးကွက်သို့ လေလံယာဉ် များ သိသိသာသာ ဝင်ရောက်မှုများပြား သော နှစ်တစ်နှစ်ဖြစ်သည်။ ဖေဖော်ဝါရီလ တွင် မန္တလေးမြို့တော်၌ မူးယစ်ဆေးဝါး မှုခင်းများနှင့်စပ်လျဉ်း၍ တရားရုံးဆုံးဖြတ် ချက်အရ နိုင်ငံပိုင်သိမ်းဆည်းထားသော ယာဉ်များ လေလံပစ်ခဲ့သည်။ လူကြိုက် များသော ယာဉ်ငယ် ၁၀ စီးကျော် လေလံ ပစ်ခဲ့သည်။ အဆိုပါလေလံယာဉ်များ ကြောင့် ဈေးကွက်သို့ သိသာသော ရိုက် ခတ်ချက်များ မဖြစ်ပေါ်သေးသော်လည်း နှစ်ကုန်ပိုင်းတွင် ပြုလုပ်သော လေလံပွဲ များသည် မော်တော်ယာဉ်ဈေးကွက်ကို သိသာသောအပြောင်းအလဲများ ဖြစ်ပေါ် စေခဲ့ပါသည်။

အောက်တိုဘာလ ၂၁ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန လက်အောက်ရှိ နိုင်ငံပိုင်သိမ်းဆည်းထား သောပစ္စည်းများ စီမံခန့်ခွဲရေးကော်မတီမှ ပထမဆုံးအကြိမ် လေလံပွဲပြုလုပ်ပြီး မော်တော်ယာဉ် ၈၃ စီးကို လေလံတင် ရောင်းချခဲ့သည်။ ယင်းမော်တော်ယာဉ် များမှာ လိုင်စင်မဲ့ဖမ်းဆီးထားသော ယာဉ် များမဟုတ်သေးဘဲ အမှုဖြင့်ဖမ်းဆီးထား သောယာဉ်များဖြစ်ကြောင်း သတင်းစာ ရှင်းလင်းပွဲ (၇/၂၀၀၅) ထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာလ ၁၁ ရက်နေ့တွင်လည်း အထက်ပါကော်မတီမှ မော်တော်ယာဉ် စီးရေ ၈၀ ကို ထပ်မံလေလံပွဲပြုလုပ်ရောင်း ချသည်ကိုလည်း တွေ့ရပြီး ပထမအကြိမ် လေလံပွဲထက် တင်ဒါတင်သွင်းသူ လျော့ နည်းခဲ့ကြောင်း အပတ်စဉ်ထုတ် သတင်း စာစောင်များက ဖော်ပြခဲ့ကြသည်။ အကြောင်း ရင်းမှာ ပထမအကြိမ် လေလံပွဲအပြီး၌ပင် ဈေးနှုန်းများ ကျဆင်းလာ၍ ဖြစ်သည်။ လေလံတင်သည့် မော်တော်ယာဉ်များတွင် Toyota Landcruiser၊ ဈေးကွက်အခေါ် ဖင်ထောင် (Toyota Corolla Saloon)၊ ဈေးကွက်အခေါ်ဖင်ကောက် (Toyota Corolla Van 92 model အထက်)၊ Suzuki Wagon R+ အစရှိသည့် ဈေးကွက်ကြိုက် မော်တော်ယာဉ်များပါဝင်ပြီး နောက်ဆုံး အကွာရာဖြင့် (နိုဝင်ဘာလတွင် ဈေးကွက် အတွင်း ၈၁/၃၃၃× အထိတွေ့မြင်နေရပြီး

www.foreverspace.com.mm

ဖြစ်သည်။) စီးနင်းခွင့်ရရှိမည် ဖြစ်သည်။ နောက်ဆုံးအကွာရာဟူသော မက်လုံးကြောင့် လည်း လေလံပွဲတွင် ပြင်ပပေါက်ဈေးထက် ပိုပေးကြခြင်းဖြစ်သည်။ သို့သော် လေလံပွဲများအပြီး ယာဉ်ရောင်းဝယ်ရေးစခန်းများ၌ ဈေးကွက်တင်ရာတွင် ဈေးပေးသူမရှိကြောင်း၊ အချို့မှာ မော်ဒယ်လ်တူ၊ အမျိုးအစားတူ '၅က' အကွာရာ၏ မတိမ်းမယိမ်း ခေါ်ဈေးဖြင့် ရောင်းချသည်များရှိ၍ ဝယ်လိုအားနည်းနေသည့် ဈေးကွက်အတွင်းမှ မော်တော်ယာဉ်ဈေးနှုန်းများကို ထပ်မံကျဆင်းစေကြောင်း လုပ်သက် နှစ် ၂၀ ကျော်ရှိ ဝယ်ရောင်းကြီးတစ်ဦးက ရှင်းပြသည်။ ဝယ်လိုအားနည်းနေရခြင်းမှာ ပြင်ပဝယ်လက်များအနေဖြင့် (၁) စက်သုံးဆီဖြင့် ဝင်ငွေရှာ၍မရတော့ခြင်း၊ (၂) ဩဂုတ်လ ၂၈ ရက်နေ့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူများက ဘဏ်များနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုမရှိရန် အာမခံပြောကြားထားခြင်းတို့ကြောင့် ရှိသမျှငွေကို မော်တော်ယာဉ်တွင် မြှုပ်နှံလိုခြင်းမျိုးမရှိတော့ခြင်းဖြစ်ကြောင်း လည်း အဆိုပါဝယ်ရောင်းကြီးက ဆက်လက် ရှင်းပြသည်။

အချိန်များများစားစားမကျန်

Living Color မဂ္ဂဇင်း၏ညီနောင် မီဒီယာဖြစ်သော ရူလိုင်လ ၄ ရက်နေ့ထုတ် The Voice Weekly သတင်းစာတွင် သတင်းဆောင်းပါးရှင်ထွန်းအောင်၏ 'ကားဈေးကွက် အချိန်များများစားစားမကျန်' ဟူသော အထူးသတင်းပေးပို့ချက်တစ်ပုဒ်ကို ဖော်ပြခဲ့ပါသည်။ သတင်းဆောင်းပါးရှင်က ၁၉၉၇ ခုနှစ်မတိုင်မီ ကျပ်သိန်းဆယ်ဂဏန်းမပြည့် သော Nissan Sunny Supersaloon 85-87 model တစ်စီးသည် ၂၀၀၀ ပြည့်နှစ်ကျော်တွင် ကျပ်သိန်း ၂၀၀ ကျော်သို့ ရောက်ရှိလာကြောင်း၊ အကြောင်းရင်းမှာ ယင်းကာလများအတွင်းဖြစ်ပေါ်သော Supply Side Shortage ကြောင့်သာဖြစ်ကြောင်း၊ နိုင်ငံတကာမော်တော်ယာဉ်အရောင်းအဝယ် ဈေးကွက်တွင် မပြောင်းမလဲတည်ရှိခဲ့သော သီအိုရီဖြစ်သည့် 'ဝယ်ယူလိုက်သည်နှင့် အတိုင်းအတာတစ်ခုအထိ ငွေကြေးအရှုံး ရှိလိမ့်မည် ယူဆချက်'နှင့် ဆန့်ကျင်နေကြောင်း သုံးသပ်ထားပါသည်။

၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် စက်သုံးဆီမက်လုံးကြောင့် ဖြစ်ပေါ်သော ဝယ်လိုအားများ ဆုတ်ခွာသွားသည့်အချိန်တွင် အစီး ၁၀၀ ကျော်သာရှိသော လေလံယာဉ်များက မော်တော်ယာဉ်ဈေးနှုန်းများကို ဆွဲချသွားပြီဖြစ်သည်။ ဤသည်မှာ ဈေးကွက်စီးပွားရေးပုံစံမှန် အစပျိုးမှုလည်းဖြစ်ရာ မကြာမီဖြစ်ပေါ်လာမည့် ဈေးကွက်လားရာကို အထက်ဖော်ပြပါ အထူးသတင်းပေးပို့ချက်မှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

"စီးပွားရေးပညာရှင်တစ်ဦးကမူ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် AFTA ခေါ် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များကို လိုက်နာကျင့်သုံးရန်ရှိနေကြောင်း၊ ဤအချက်ကို အထူးတလည် သဘောပေါက်ရန်လိုကြောင်း ရှင်းပြသည်။ AFTA သဘောတူညီချက်အရ နိုင်ငံအသီးသီးက အဓိကကျသည်ဟု ယူဆထားသည့် ဆန်ကဲ့သို့သော ကုန်စည်မျိုးမှလွဲ၍ ကျန်အာဆီယံထွက်ကုန်အားလုံးကို ၂၀၀၇ ဒီဇင်ဘာလ (မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများအတွက်) နောက်ဆုံးထား၍ အကောက်ခွန် ၀–၅ ရာခိုင်နှုန်းသို့ လျော့ချပေးရမည်ဖြစ်ပြီး အခွန်မဟုတ်သော အတားအဆီး (ဥပမာ–သွင်းကုန်လိုင်စင်)များ ဖျက်သိမ်းပေးရမည်ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ထုတ်လုပ်သော မော်တော်ကားများကို Common Effective Preferential Tariff (CEPT) Scheme တွင် ထည့်သွင်းထားရာ အာဆီယံ၏ မူလအဖွဲ့ဝင်နိုင်ငံများက ၂၀၀၅ ခုနှစ်မှစ၍ အခွန်မဟုတ်သော အတားအဆီး

များကို ဖယ်ရှားပေးခဲ့ပြီး ဖြစ်သည်။

အာဆီယံနိုင်ငံများတွင် ထုတ်လုပ်သည့်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အခွန်နှင့် အခွန်မဟုတ်သော အတားအဆီးများ ဖယ်ရှားပေးရာတွင် အဓိက ကန့်သတ်ချက်မှာ Single Country Content ခေါ် အဆိုပါနိုင်ငံတွင် ထုတ်လုပ်သည့်ပစ္စည်း အမှန်အကန်ပါဝင်ရမည့် ရာခိုင်နှုန်း ဖြစ်သည်။ အခွန်နှင့် အခွန်မဟုတ်သော အတားအဆီးများကို ဖယ်ရှားပေးနိုင်ရန်အတွက် မော်တော်ယာဉ်တစ်စီး၏ အစိတ်အပိုင်း ၄၀ ရာခိုင်နှုန်းသည် အာဆီယံနိုင်ငံများ၌ အမှန်တကယ် ထုတ်လုပ်သော အစိတ်အပိုင်းများဖြစ်ရမည်ဟုဆိုရာ ထိုင်းနိုင်ငံသည် အဆိုပါ အချက်ကို အထူးပြင်ဆင်နေခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၏ နိုင်ငံစုံပါဝင်သော အခမဲ့အနားကြီးများ၊ အထူးသဖြင့် နိုင်ငံအကြီးအကဲအားလုံးပါဝင်တက်ရောက်မည့် အခမဲ့အနားကြီးများကိုလည်း တစ်နေ့တွင် မလွဲမသွေလက်ခံကျင်းပရမည်ဖြစ်ရာ ရန်ကုန်မြို့တော်ကို အဆင့်မီဖြစ်စေရေးအတွက် ကားသစ်များဖြင့် အလှဆင်ရန် အစီအစဉ်များလည်း မပေါ်ပေါက်ဟု မပြောနိုင်ရာ လုပ်သက်ရှည် ရွှေမီနောက်မီ ဝယ်ရောင်းကြီးများက ယခင်ကဲ့သို့ မစွန့်စားရဲကြကြောင်း၊ ထို့ကြောင့် လွန်ခဲ့သော ခုနစ်နှစ်တာအတွင်း အောင်မြင်ခဲ့ကြသူများမှာ လူငယ်များသာဖြစ်ကြောင်း ဝယ်ရောင်းကြီးတစ်ဦးက ရှင်းပြသည်"

ကျော်မျိုးညွန့်

www.foreverspace.com.mm

အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ခြင်းနှင့် မြေရှင်၊ အခန်းရှင်တို့ကြား ညှိနှိုင်းနေရသည့် အကြောင်းကိစ္စများ

ဇော်ထွဋ်မောင်

၁၉၈၀ မှ ၁၉၉၀ ကြားကာလများအတွင်း တည်ဆောက်ခဲ့သော ကန်ထရိုက်အဆောက်အအုံများမှာ နှစ်ကာလကြာလာသည်နှင့်အမျှ ရာသီဥတုဒဏ်ကို ကြိမ်ဖန်များစွာ ခံစားလာခဲ့ရခြင်းကြောင့် လည်းကောင်း၊ စတင်တည်ဆောက်စဉ်က ပင်လျှင် အသုံးပြုထည့်သွင်းသည့် အိမ်ဆောက်ပစ္စည်းများ၏ အရည်အသွေး၊ အတိုင်းအထွာနှင့် အချိုးအစားမမှန်ကန်မှုကြောင့် လည်းကောင်း ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာသည့်အပြင် အဆောက်အအုံပုံစံ ခေတ်မမီတော့ခြင်း၊ အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများ (ဥပမာ–ရေပိုက်သွယ်တန်းမှု၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းမှု၊ မိလ္လာကန်၊ မိလ္လာပိုက်များ စသည်...) ချို့ယွင်းမှုများရှိလာခြင်း အစရှိသည့် အကြောင်းကိစ္စအရပ်ရပ်တို့ကြောင့် အဆိုပါကာလအတွင်း ဆောက်လုပ်ခဲ့ကြသော ကန်ထရိုက်အဆောက်အအုံများကို မြေပိုင်ရှင်နှင့် အခန်းပိုင်ရှင်များညှိနှိုင်း၍ အသစ်ပြန်လည်ဆောက်လုပ်ခြင်းများကို ပြုလုပ်လာကြသည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တရားဝင်လိုင်စင်ရရှိထားသော ကန်ထရိုက်တာကြီးတစ်ဦးက ပြောကြားသည်။

ယင်းသို့ ကန်ထရိုက်အဆောက်အအုံဟောင်းများကို အသစ်ပြန်လည်ဆောက်လုပ်ကြခြင်းမှာ နှစ်ခန်းတွဲ နှစ်ထပ်အဆောက်အအုံများနှင့် နှစ်ထပ်ခွဲဟောင်ကောင်ပုံ အဆောက်အအုံများက အများဆုံးဖြစ်သည်ဟု အဆိုပါကန်ထရိုက်တာကြီးက ဆက်လက်ပြောကြားသည်။ ယင်းအဆောက်အအုံများမှာ မြန်မာနိုင်ငံတွင် ကန်ထရိုက်တိုက်များ ပေါ်ထွန်းကာစ ကနဦးကာလများက ဆောက်လုပ်ခဲ့သော အဆောက်အအုံပုံစံများ ဖြစ်သည်။ ထိုအဆောက်အအုံများကို အသစ်ပြန်လည်ဆောက်လုပ်ရန် အတွက် မြေရှင်နှင့် အခန်းရှင်များက ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကြရသည်။ ယင်းသို့ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကြသော်လည်း အချို့မှာ ညှိနှိုင်းမရသည့် ဖြစ်ရပ်များနှင့် ကြုံတွေ့ရကာ အပြန်အလှန် သဘောထား တင်းမာကြသောကြောင့် အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ရန် အချိန်ကြန့်ကြာပြီး အဆောက်အအုံမှာလည်း ပိုမိုအန္တရာယ်ရှိလာနိုင်သည်ဟု အဆိုပါကန်ထရိုက်တာကြီးက ဆိုသည်။

ကန်ထရိုက်အဆောက်အအုံဟောင်းများကို အသစ်ပြန်လည်ဆောက်လုပ်ရန် အတွက် အဓိကဆွေးနွေးညှိနှိုင်းကြရမည့် သူများမှာ ပြန်လည်ဆောက်လုပ်မည့်

www.foreverspace.com.mm

အဆောက်အအုံတည်ရှိရာမြေကို ပိုင်ဆိုင်သောမြေရှင်နှင့် အဆောက်အအုံရှိ အခန်းများကို ကိုယ်ပိုင်ဝယ်ယူထားကြသော အခန်းပိုင်ရှင်များ ဖြစ်သည်။ မြေရှင်နှင့် အခန်းပိုင်ရှင်များသည် မိမိတို့၏ ကန်ထရိုက် အဆောက်အအုံဟောင်းကို အသစ်ပြန်လည်ဆောက်လုပ်ရန်အတွက် ကနဦးသဘောတူညီချက်ရရှိပြီးပါက အသေးစိတ် ထပ်မံညှိနှိုင်းဆွေးနွေးကြရသည်။ ယင်းသို့ အသေးစိတ် ထပ်မံဆွေးနွေးညှိနှိုင်းကြသည့် အချိန်တွင် ညှိနှိုင်း၍မရသည့်အကြောင်းကိစ္စများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

မြေပိုင်ရှင်တို့၏စကားသံများ

အဆောက်အအုံသစ် ဆောက်လုပ်ရန် အဆောက်အအုံဟောင်းတည်ရှိရာမြေကို ပိုင်ဆိုင်သော မြေပိုင်ရှင်များမှာ အဓိကအရေးပါသူများဖြစ်ပြီး အဆိုပါမြေပိုင်ရှင်များကို အသွင်နှစ်မျိုးကွဲစွာ တွေ့မြင်ရမည်ဖြစ်သည်။ ပထမအသွင်မှာ အဆောက်အအုံဟောင်း၏ ယိုယွင်းမှုအစုစုတို့ကြောင့် ဆက်လက်နေထိုင်ရန် စိုးရိမ်ပူပန်စိတ်များဖြစ်ပေါ်လာကာ အဆောက်အအုံသစ်အဖြစ် ပြန်လည်ဆောက်လုပ်ရန် ဆန္ဒရှိလာသော မြေပိုင်ရှင်အသွင် ဖြစ်သည်။ နောက်အသွင်တစ်မျိုးမှာ အဆောက်အအုံဟောင်း၏ တည်တံ့ခိုင်ခံမှုအပေါ် ယုံကြည်စိတ်ချမှုရှိထားသော်လည်း အထပ်အရေအတွက် နည်းပါးသည့်အတွက်၊ အခန်းအရေအတွက် နည်းပါးသည်ဖြစ်ရာ ရရှိလျက်ရှိသော အိမ်လခ ခံစားခွင့်မှာ နည်းပါးလျက်ရှိသောကြောင့် အထပ်အရေအတွက်များ၍ အခန်းအရေအတွက်များမည့် အဆောက်အအုံသစ်ကို ပြန်လည်ဆောက်လုပ်ရန်ဆန္ဒရှိလာသည့် မြေပိုင်ရှင်အသွင်ဖြစ်သည်။ မြေပိုင်ရှင်နှစ်မျိုးစလုံးသည် မြော်မြင်ကွယ်ဝသော ဆွေးနွေးပွဲများနှင့် အငြင်းပွားမှုများကို ဖြတ်သန်းကျော်လွှားပြီးမှသာ အဆောက်အအုံသစ်ကို ပြန်လည်ဆောက်လုပ်နိုင်ကြခြင်းဖြစ်သည်။

"တစ်လထဲမှာတင် ဆွေးနွေးကြတာ ခြောက်ကြိမ်ရှိပြီ။ အသစ်ပြန်ဆောက်ဖို့ကို အကြမ်းဖျင်းသဘောတူထားကြပေမယ့် အခုအချိန်အထိ အပြီးသတ်ဆုံးဖြတ်ချက် မချနိုင်သေးဘူး" ဟု ကျောက်မြောင်းမှ မြေပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ၿငိး၏ လက်ရှိအဆောက်အအုံမှာ ၁၉၈၄ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်သောကြောင့် အဆောက်အအုံ၏ သက်တမ်းမှာ နှစ်ဆယ့်တစ်နှစ်ရှိပြီဖြစ်ကြောင်း၊ အဆောက်အအုံဖြစ်ပြီး အခန်းတိုင်းတွင် ထပ်ခိုးပါရှိကြောင်း၊ နောက်ဖေးမီးဖိုချောင်မှလွဲ၍ ကျန်နေရာများကို လျှာထိုးပျဉ်များ ခင်းထားကြောင်း၊ ယခုအခါ အဆောက်အအုံ၏ နံရံများတွင် အက်ကြောင်းရာများ ထင်ထင်ရှားရှား တွေ့မြင်လာရပြီး အချို့နေရာများတွင် အက်ထားများ ကွာကျနေပြီဖြစ်ကြောင်း ပြောကြားသည်။

"ကျွန်မတို့ အိမ်အောက်ထပ်က ကောင်မလေးဆို ထပ်ခိုးမှာ မအိပ်ရဲလို့ အောက်ဆင်းပြီး ဧည့်ခန်းမှာ ထွက်အိပ်ရတယ်" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းမှ မြေပိုင်ရှင်တစ်ဦးဖြစ်သူ ဦးစိုးဝင်းကလည်း "ကျွန်တော်တို့လည်း အဆောက်အအုံသစ်ပြန်ဆောက်ဖို့ လုပ်နေတာကြာပြီဗျ။ အခုပြန်ဆောက်မယ့်အစီအစဉ်ကို ရပ်လိုက်ပြီ။ ပြိုကျကာမှ ပြိုကျတော့ မတတ်နိုင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြေညီထပ်က အခန်းပိုင်ရှင်တစ်ယောက်က သူ့အခန်းရဲ့ အမြင့်ကို သူ့အရပ်လွတ်အောင် ဆောက်ပေးရမယ်လို့ တောင်းဆိုတယ်လေ။ တစ်လွှာနဲ့တစ်လွှာ အမြင့်ဘယ်လောက်ထားပြီး ဆောက်ရမယ်ဆိုတာ ကျွန်တော်လည်း သတ်မှတ်ပေးလို့ မရဘူး၊ ကန်ထရိုက်လည်း သတ်မှတ်လို့ မရဘူး။ စည်ပင်က သတ်မှတ်တာ" ဟု အဆောက်အအုံသစ်

www.foreverspace.com.mm

ပြန်လည်ဆောက်လုပ်ရန် ညှိနှိုင်းစဉ်းစားတွေ့ရုံကို ပြောပြသည်။

ကန်ထရိုက်အဆောက်အအုံဟောင်းများကို အဆောက်အအုံသစ်အဖြစ် ပြန်လည်ဆောက်လုပ်ကြရာတွင် ယင်းသို့သောပြဿနာများမှာ အမြဲပင်ကြုံတွေ့ရကြောင်း၊ တစ်နေရာနှင့်တစ်နေရာ အဆောက်အအုံတစ်ခုနှင့်တစ်ခု ပြဿနာဖြစ်ပွားပုံသာကွာခြားကြောင်း မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ဗဟန်းနှင့် စမ်းချောင်းမြို့နယ်များတွင် အဆောက်အအုံများ ဆောက်လုပ်လျက်ရှိသော ကန်ထရိုက်တာတစ်ဦးက ဆိုသည်။

"ကျွန်မတို့လည်း အသစ်ပြန်ဆောက်ဖို့ ညှိနေကြတာပါ။ ဒါပေမဲ့ အခန်းပိုင်ရှင်တွေက မလွယ်ဘူး၊ သူတို့အတွက်က အကျိုးအမြတ် ဘယ်လိုရမှာလဲ၊ ဘာလဲနဲ့ လုပ်ကြတယ်၊ ကုန်ကုန်ပြောရရင် ကန်ထရိုက်ဆီကရမယ့် ပွဲစားခကိုတောင် ခွဲပေးရမယ်လို့ တောင်းကြတယ်။ အဲ...တကယ်လည်း အဆောက်အအုံသစ်လည်း ဆောက်ပြီးရော အခန်းခကို အလိုက်ထပ်ပေးရတဲ့ အခါကျတော့ များတယ်နည်းတယ်နဲ့ လုပ်ကြပြန်တယ်။ ဒီလိုနဲ့ ဆောက်တဲ့အဆင့်မရောက်ဘဲ ညှိတဲ့အဆင့်မှာတင် တော်တော်ကြာနေတယ်"ဟု စမ်းချောင်းမြို့နယ်မှ အမည်မဖော်လိုသူမြေပိုင်ရှင်တစ်ဦးက ဆိုသည်။

အခန်းပိုင်ရှင်တို့၏စကားသံများ

ကန်ထရိုက်အဆောက်အအုံဟောင်းကို အသစ်ပြန်လည်ဆောက်လုပ်ကြရာတွင် မြေပိုင်ရှင်များကဲ့သို့ အရေးပါသူများမှာ အခန်းပိုင်ရှင်များ ဖြစ်သည်။ မြေပိုင်ရှင်သည် အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ရန်အတွက် မိမိ၏သဘောထားတစ်ခုတည်းနှင့် ဆောက်လုပ်၍မရဘဲ အခန်းပိုင်ရှင်တို့၏သဘောတူညီမှုကို ရယူကြရမည်ဖြစ်သည်။ ဤတွင် အခန်းပိုင်ရှင်များဘက်က လက်ရှိအဆောက်အအုံဟောင်းမှ မိမိပိုင်ဆိုင်သောအခန်းထက် သစ်လွင်သော၊ ခိုင်ခံ့သောအခန်းကို သက်သာသောနှုန်းတစ်ရပ်ဖြင့် အလိုက်ပေးနိုင်ရေးအတွက် အလေးပေးပြောဆိုကြရာမှ ညှိနှိုင်းမရသည့် ပြဿနာများ ပေါ်ပေါက်လာခဲ့သည်။

"ဒီအခန်းကို ကျွန်တော်တို့က ပါကေးခင်းထားတယ်။ ရေချိုးခန်း၊ အိမ်သာနဲ့ မီးဖိုချောင်နေရာတွေကို ကြွေပြားကပ်ထားတယ်။ အိမ်ရှေ့ဝရန်တာနဲ့ နောက်ဖေးဝရန်တာတွေမှာ သံပန်းတပ်ထားတယ်၊ အဆောက်အအုံသစ် ပြန်ဆောက်မယ်ဆိုတော့ ဒီပစ္စည်းတွေကို ဘယ်လိုလုပ်မလဲ၊ ကန်ထရိုက်က လျော်ပေးမှာလား၊ ဒါမှမဟုတ် အိမ်ရှင်က လျော်ပေးမှာလား။ ဒီအဆောက်အအုံဟောင်းကို ပြန်ရောင်းလို့ရမယ့်ငွေက အိမ်ရှင်က ယူမှာလေ၊ ကျွန်တော်တို့က ကိုယ့်ပစ္စည်းကို ဖြုတ်ယူပြန်တော့ တချို့ပစ္စည်းတွေက ပြန်သုံးလို့ကောင်းမှာ မဟုတ်ဘူး"ဟု ဗဟန်းမြို့နယ်ဆရာစံ(တောင်)ရပ်ကွက်မှ အခန်းပိုင်ရှင်တစ်ဦးဖြစ်သူ ဦးစိုင်းရော်က ပြောကြားသည်။

"အဆောက်အအုံအသစ် ပြန်ဆောက်တဲ့အခါမှာ အဆောက်အအုံဟောင်းမှာရှိတဲ့ အခန်းပိုင်ရှင်တွေကို အဆောက်အအုံဆောက်လုပ်နေစဉ်ကာလမှာနေဖို့အတွက် အခန်းငှားပေးရတယ်။ ကန်ထရိုက်ကငှားပေးမှာလား၊ အိမ်ရှင်က ငှားပေးမှာလား။ ဒါရှင်းရှင်းလင်းလင်းသိဖို့လိုတယ်။ နောက်ပြီး ဘယ်အလွှာမှာ ငှားပေးမှာလည်း ဒါလည်း ထည့်စဉ်းစားရမယ့်ကိစ္စပဲ"ဟု ကန်တော်ကလေးတွင်နေထိုင်သော အခန်းပိုင်ရှင်တစ်ဦးက ဆိုသည်။

ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု၏ မန်နေဂျာတစ်ဦးက အဆောက်အအုံဆောက်ပြီးသည့်အခါတွင် မည်သည့်အထပ်၊ မည်သည့်အခန်းတွင်နေထိုင်ပြီး ငွေအလိုက် မည်မျှထပ်မံပေးချေရမည်ကိုလည်းကောင်း၊ အဆောက်အအုံဟောင်းရှိ အခန်းတွင် အသုံးပြုပြင်ဆင်ထားသည့်ပစ္စည်းများကိုစွန့်သည်လည်းကောင်း၊ အဆောက်အအုံဆောက်လုပ်နေစဉ်ကာလတွင် နေထိုင်ရမည့် အခန်းတည်နေရာသည်လည်းကောင်း စသည်တို့မှာ ဦးစားပေးညှိနှိုင်းဆွေးနွေးကြသည့်ကိစ္စများဖြစ်သည်ဟု ပြောဆိုသည်။

"ကျွန်မတို့လည်း အဆောက်အအုံအသစ် ပြန်ဆောက်ဖို့ ညှိနေကြတယ်။ အဲဒီလို ညှိတဲ့အထဲမှာ ဘယ်ကန်ထရိုက်နဲ့ ဆောက်မလဲဆိုတာကိုပါ ညှိကြတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်

www.foreverspace.com.mm

မတီက တရားဝင်ထုတ်ပေးထားတဲ့ လိုင်စင်ရ ကန်ထရိုက်နဲ့ပဲ ဆောက်ဖို့အားလုံးသဘော တူကြတယ်။ ဒါမှ ပြဿနာတစ်ခုခုပေါ်ရင် ဖြေရှင်းလို့ရမှာ၊ တချို့ကန်ထရိုက်က အဲဒီ လိုလိုင်စင်မရှိဘူး။ လိုင်စင်ရှိတဲ့ ကန်ထရိုက် ရဲ့နာမည်ကို ငှားပြီးလုပ်ကြတယ်။ ကျွန်မ တို့နားက အဆောက်အအုံတစ်ခုမှာ အဲဒီ လိုပဲ၊ မြို့တော်စည်ပင်ခွင့်ပြုချက်နဲ့ ဆောက် လုပ်နေပါတယ်ဆိုတဲ့ ဆိုင်းဘုတ်မှာ ရေး ထားတော့ ကန်ထရိုက်နာမည်ကတစ်မျိုး၊ လိုင်စင်အမှတ်ပါ ပါသေးတယ်။ တကယ် ငွေထုတ်ပြီး ကြီးကြပ်ဆောက်နေတာက တစ်ယောက် အဲဒီလိုမျိုး မဖြစ်စေချင်ဘူး" ဟု ကျောက်မြောင်းမှ အခန်းရှင်တစ်ဦးက ပြောသည်။

အသစ်ပြန်လည်ဆောက်လုပ်မည့် အဆောက်အအုံသည် လူနေထိုင်ရန် အမှန် တကယ် အန္တရာယ်ရှိသည်ဆိုပါက ထို အဆောက်အအုံ အမြန်ဆုံးပြန်လည် ဆောက်လုပ်ဖြစ်စေရန် မြေပိုင်ရှင်နှင့် အခန်း ပိုင်ရှင်များကြားတွင် ဝင်ရောက်၍ စေ့စပ် ညှိနှိုင်းပေးမည့် အဖွဲ့အစည်းတစ်ခုရှိသင့် ကြောင်း အငြိမ်းစားအရာထမ်းတစ်ဦးက သုံးသပ်သည်။

သုံးသပ်ချက်

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာ အဆင့်မီမြို့တော်ကြီးအသွင်ပြောင်းရာတွင် မြို့တော်၏ သန့်ရှင်းသပ်ရပ်မှု၊ စိမ်းလန်း စိုပြည်မှု၊ မြို့တွင်းမြို့ပြင်လမ်းမကြီးများ အရည်အသွေးမြင့် မားမှုများသာမကဘဲ မြို့တော်ရှိ အဆောက်အအုံများ၏ သစ်လွင် လှပမှုနှင့် တည်တံ့ခိုင်ခံ့မှုတို့မှာလည်း အရေးပါသောကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါသည်။ ထို့အပြင် ခိုင်ခံ့၍ သစ်လွင် လှပသော အဆောက်အအုံများစွာ ပေါ်ထွက် လာခြင်းသည်လည်း မြို့တော်တွင် နေထိုင် သူများ၏ လူနေမှုအဆင့်အတန်းတစ်ရပ် ကို ဖော်ညွှန်းနေပါသည်။

ယင်းသို့ ခိုင်ခံ့၍ သစ်လွင်လှပသော အဆောက်အအုံသစ်များ မြို့တော်တွင် အမြောက်အမြား ပေါ်ထွက်လာစေရန်မှာ မြေပိုင်ရှင်၊ အခန်းပိုင်ရှင်နှင့် ကန်ထရိုက် တာများသာမက မြေယာအဆောက်အအုံ များနှင့် သက်ဆိုင်သော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းကာ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

၁၉၈၀ မှ ၁၉၉၀ ကြားကာလများ အတွင်း တည်ဆောက်ခဲ့သော နှစ်ခန်းတွဲ နှစ်ထပ်အဆောက်အအုံများ၊ နှစ်ခန်းတွဲ နှစ်ထပ်ခွဲအဆောက်အအုံများကို အသစ် ပြန်လည်ဆောက်လုပ်ရန် ညှိနှိုင်းကြရာတွင် အထပ်နှင့် အခန်းအရေအတွက် နည်းပါး သည့်အတွက် ညှိနှိုင်းသည့်လူအရေအတွက် အနည်းငယ်သာရှိသော်လည်း ညှိနှိုင်း မရသည့်ပြဿနာများ ရှိနေသည်ဖြစ်ရာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပေါ်ထွက်လာ သည့် နှစ်ခန်းတွဲ၊ ခုနစ်ထပ် ရှစ်ထပ် အဆောက်အအုံများကို နောင်တစ်ချိန်တွင် အသစ်ပြန်လည်ဆောက်လုပ်ပါက အထပ် နှင့် အခန်းအရေအတွက် များလာသည် ဖြစ်ရာ ညှိနှိုင်းရမည့်သူများလာကာ ညှိနှိုင်း မရသည့်ပြဿနာ အမြောက်အမြား တွေ့ကြုံ လာဖွယ် ရှိနေပါသည်။

ထို့အပြင် အဆောက်အအုံဆောက် လုပ်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိ သော အဆောက်အအုံထိန်းသိမ်းရေးကို လည်း ထည့်သွင်းစဉ်းစားရန် များစွာ လို အပ်လာပါသည်။ ဟောင်းနွမ်းယိုယွင်းလာ သော အဆောက်အအုံများကို အသစ်ပြန် လည်ဆောက်လုပ်ခြင်း၊ ယင်းသို့ဆောက် လုပ်နိုင်ရန်အတွက် မြေပိုင်ရှင်၊ အခန်းပိုင် ရှင်များ ညှိနှိုင်းကြရာတွင် ပြဿနာများ ပေါ်ပေါက်လာခြင်း စသည်တို့မှာ အဆောက် အအုံထိန်းသိမ်းရေးနှင့် တိုက်ရိုက်ဆက် စပ်လျက် ရှိနေပါသည်။ အထူးသဖြင့် အဆောက်အအုံထိန်းသိမ်းရေးကို အိမ်ရာ ဝင်းများ၊ ကွန်ဒို များ၊ တာဝါများတွင်သာ မက ကန်ထရိုက်တိုက်များတွင်လည်း ထားရှိကြရန် အမှန်တကယ် လိုအပ်လျက် ရှိနေပါသည်။ မျက်မှောက်ခေတ် ကန်ထရိုက် အဆောက်အအုံများမှာ အဆောက်အအုံကို ကန်ထရိုက်ဆောက်၍ ပြီးစီးသွားပါက ယင်းအဆောက်အအုံကို ကန်ထရိုက်တာက လုံးဝလှည့်ကြည့်ခြင်းမရှိသည့်အပြင် မြေရှင် အခန်းရှင်တို့မှာလည်း ကိုယ့်အခန်းကိုယ်သာ ဂရုစိုက်နေထိုင်နေကြသည်ဖြစ်ရာ မြို့တော် ရှိ ကန်ထရိုက်အဆောက်အအုံများမှာ ထိန်း သိမ်းခြင်းကင်းမဲ့၍ ပျက်စီးယိုယွင်းသော အခြေအနေသို့ ရောက်ရှိလာခြင်း ဖြစ် သည်။ သို့ဖြစ်ရာ မြို့တော်ရှိ အဆောက် အအုံများ အစဉ်အမြဲခိုင်ခံ့၍ သစ်လွင်လှပ နေရန် မြေပိုင်ရှင်၊ အခန်းပိုင်ရှင်များသာ မက အဆောက်အအုံနှင့် သက်ဆိုင်သော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများကပါ အမြဲမပြတ်ဆန်းစစ်ကြည့်နေရန် လိုအပ် ကြောင်း မြို့တော်သာယာလှပစေလိုသူ များက အကြံပြုကြသည်။

နိဂုံး

ရန်ကုန်မြို့တော်တွင် မှီတင်းနေထိုင် ကြသော မြို့တော်သူမြို့တော်သားများ သည် မိမိတို့၏ မိသားစု စား၊ ဝတ်၊ နေ၊ ရေးအတွက် လုပ်ငန်းကိစ္စအမျိုးမျိုးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လုပ်ကိုင်ဆောင် ရွက်နေကြသည်မှန်သော်လည်း တစ်ခါ တစ်ရံ နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုး စီးပွားကို ရှေးရှုလုပ်ကိုင်ကြရန်လိုမည်ဟု လေ့လာဆန်းစစ်သူများက ဆိုသည်။

ရန်ကုန်မြို့တော်ကြီး နိုင်ငံတကာ အဆင့်မီမြို့တော်ဖြစ်လာစေရေး၊ တည်တံ့ ခိုင်ခံ့၍ သစ်လွင်လှပသော အဆောက်အအုံ များ အမြောက်အမြား ပေါ်ထွက်လာစေရေး တို့အတွက် အဆောက်အအုံဆောက်လုပ် ခြင်းနှင့် စပ်ဆိုင်သူအားလုံးအနေဖြင့် အတွ နှင့်ပရ ချိန်ညှိလုပ်ဆောင်ကြရန် လိုပါ သည်။

ဇော်ထွဋ်မောင်

■

www.foreverspace.com.mm

မြန်မာကာတွန်းရုပ်ရှင်ဈေးကွက် အလားအလာ

သန်းထိုက်သူ

မြန်မာနိုင်ငံတွင် လူငယ်များအနေဖြင့် ခေတ်မီနည်းပညာသုံးပစ္စည်းများ လက်ပွန်းတတီး အသုံးပြုနိုင်လာသည်နှင့်အညီ ဖျော်ဖြေရေးအတွက်သာမက စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်ချဲ့ထွင်မှုတွင်ပါ များစွာအသုံးဝင်သည့် Animation ခေါ် ကာတွန်းရုပ်ရှင်အထူးပြုလုပ်ချက် နည်းပညာဈေးကွက်ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာသည်ကို တွေ့မြင်ရသည်။

ကာတွန်းရုပ်ရှင်၏သဘောသဘာဝ

လူတစ်ယောက် လမ်းလျှောက်လာသည်ကို ရုပ်ရှင်ရိုက်ကူးလျှင် ရုပ်ရှင်ကင်မရာတစ်ခုထောင်၊ လိုချင်သော ဇာတ်လမ်းဇာတ်ကွက်ကို ရွေးချယ်ပြီး ရိုက်ကူးလျှင် နောက်ခံ (Background) ကိုပါ ရရှိပြီး ဇာတ်လမ်းဇာတ်ကွက်တစ်ခုဖြစ်လာပါသည်။ ကာတွန်းရုပ်ရှင် (Animation) ဇာတ်ကားတွင်မူ လူဆိုသော ပုံရိပ်လမ်းလျှောက်လာသောပုံ၊ မြေနီလမ်း၊ လမ်းဘေးတစ်ဖက်တစ်ချက်ရှိ မြက်ပင်များ၊ အုံ့ဆိုင်းနေသော သစ်ပင်နှင့် ပြာလဲ့သောကောင်းကင်တို့ကို သဘာဝကျကျ ပီပီပြင်ပြင်ဖြစ်ပေါ်လာစေရန် အစမှအဆုံး ဖန်တီးယူရခြင်းဖြစ်၍ ပိုကာခဲနက်နဲသည့် သဘောသဘာဝရှိကြောင်း ကာတွန်းရုပ်ရှင်နှင့်ပတ်သက်၍ သင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး ကာတွန်းရုပ်ရှင်ဇာတ်ကားများနှင့် ကာတွန်းရုပ်ရှင် (Animation) ကြော်ငြာများ ရိုက်ကူးထုတ်လုပ်လျက်ရှိသူ WUNNA KYAW Media Production မှ ဦးဝဏ္ဏကျော်က ရှင်းလင်းပြောကြားသည်။

သဘာဝကျသော လူပ်ရှားမှုရရှိစေရန် ဖန်တီးခြင်းနှင့်ပတ်သက်၍ သဘာဝကျမကျမှာ Animation ၏ အသက်ပင်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ သဘာဝကျသော လူ၏ လူပ်ရှားမှုကိုရစေရန် ပထမဦးစွာ လူပုံစံကို ရေးဆွဲရပြီး လူတစ်ယောက်လမ်းလျှောက်လျှင် ပထမဦးဆုံး လက်စလွဲသည့်အချိန်မှစ၍ တဖြည်းဖြည်းအပေါ်ဆုံးရောက်သွားသည့်အချိန်အထိ တစ်စက္ကန့်စာအတွက် ပုံပေါင်းများစွာကို ဆွဲရသည်။ ထိုကဲ့သို့ လူတစ်ယောက်လက်လွဲသည့်ပုံစံတိုင်းကို အဆင့်ဆင့်လုပ်ပြီး စိတ်တိုင်းကျလျှင် စက္ကူပေါ်တွင်ရေးထားသော ပထမဆုံးလိုင်းကို အပေါ်မှ Celluloid ဟုခေါ်သော ပလတ်စတစ်အကြည်စားတစ်မျိုးကိုတင်ပြီး ၎င်းအပေါ်တွင်ရေး၍ရသော မင်တစ်မျိုးဖြင့် လက်လွဲသည့်ပုံကို လိုင်းပြန်ဆွဲကာ ဆေးရောင်ခြယ်ရသည်။ ပုံရိပ်အားလုံး ဆေးခြယ်ပြီးလျှင် ဖန်တီးယူထားသော Background ပေါ်တွင် ရုပ်ရှင်ကင်မရာဖြင့် ဓာတ်ပုံရိုက်သကဲ့သို့ ရိုက်ပြီး အလွှာပေါင်းများစွာ ရိုက်ယူပြီးသောအခါ နောက်ခံသဘာဝပတ်ဝန်းကျင်ပေါ်တွင် လူဆိုသော Animation တဖြည်းဖြည်း အသက်ဝင်လာပြီး သဘာဝကျသော လူ၏လူပ်ရှားမှု တစ်စက္ကန့်စာကိုရရှိပြီဖြစ်သည်ဟု ဦးဝဏ္ဏကျော်က ရှင်းပြသည်။

သဘာဝကျကျ အဆင့်မီ Animation ဇာတ်ကားကောင်းကောင်းတစ်ခုဖြစ်စေရန် တစ်စက္ကန့်စာကို ထိုကဲ့သို့ အဆင့်ပေါင်းများစွာ ဖန်တီးရယူထားပြီး တစ်ကားလုံးအတွက် အချိန်ယူဖန်တီးမှသာ ရရှိမည်

www.foreverspace.com.mm

ဖြစ်ကြောင်း ၎င်းက ဆိုသည်။

Animation နှင့် ပူးပေါင်းဆောင်ရွက်မှု

ကာတွန်းရုပ်ရှင် Animation ဇာတ်ကားကောင်းတစ်ခုဖြစ်စေရန် တစ်ဦးတစ်ယောက်၊ လူအနည်းငယ်ဖြင့် "ငါလုပ်တတ်ပါတယ်"ဟူသော အမြင်ဖြင့် ပြုလုပ်လျှင် အဖြစ်ကာတွန်းရုပ်ရှင်ဇာတ်ကားများသာ ထွက်လာမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ရန် အရေးအကြီးဆုံးဖြစ်သည်ဟု ဦးဝဏ္ဏကျော်က ပြောကြားသည်။

ကာတွန်းရုပ်ရှင်ဇာတ်ကားထုတ်လုပ်ဖန်တီးရာတွင် ပါဝင်ဆောင်ရွက်ခဲ့ဖူးသော အနုပညာဒါရိုက်တာတစ်ဦးက ရုပ်ရှင်ဇာတ်ကားတစ်ကားကိုအခြေခံ၍ စဉ်းစားလျှင် နာမည်ကြီးဝတ္ထုဆရာတစ်ဦး၏ဝတ္ထုနှင့် ကျွမ်းကျင်သော ဇာတ်ညွှန်းဆရာတို့ပူးပေါင်း၍ ရုပ်ရှင်ရိုက်နိုင်သော စကားလုံးများ ထွက်ပေါ်လာမည်ဖြစ်သည်။ ထို့နောက် ဇာတ်အိမ်အင်အားနှင့် ဇာတ်ညွှန်းဆရာ၏ စကားလုံးအင်အား ပူးပေါင်း၍ ဇာတ်ညွှန်းကောင်းကောင်း ထွက်လာမည်ဖြစ်ပြီး ယင်းကိုအခြေခံ၍ အလုံးစုံညွှန်ကြားပြသနိုင်သော ဒါရိုက်တာ၊ သရုပ်ဆောင်အင်အား၊ ရိုက်ကူးပြီးစီးသွားသည့် နောက်ကွယ်တွင်ရှိသည့် တည်းဖြတ်သူ၊ ကင်မရာအင်အား၊ အရုပ်တည်းဖြတ်သူ၊ အသံတည်းဖြတ်သူ၊ အသံဖမ်းအင်ဂျင်နီယာတို့ လိုအပ်သည့်အပြင် ဇာတ်ကားအစအဆုံးပြန်လည်ကြည့်ရှု၍ လိုအပ်သည်များကို

3D ကာတွန်းကားစီဒီတစ်ခု

ပြန်လည်တည်းဖြတ်ရလေ့ရှိသည်။ Animation ဇာတ်ကားတွင် အဆိုပါပညာရှင်များပါဝင်သည့်အပြင် Animation ရေးဆွဲသောပညာရှင်၊ ကွန်ပျူတာအထူးပြုလုပ်ချက် ပညာရှင်တို့ ပူးပေါင်းဆောင်ရွက်ရသဖြင့် အရည်အသွေးမီ Animation ဇာတ်ကားတစ်ကားဖြစ်လာရန် များစွာအားထုတ်ရသည်ဟု ကာတွန်းရုပ်ရှင်များ ဖန်တီးရိုက်ကူးနေသူတစ်ဦးက မှတ်ချက်ပြုသည်။

ကာတွန်းရုပ်ရှင် Animation ဇာတ်ကားတစ်ကားအတွက် ဇာတ်ကောင်အသစ်ကို မဖန်တီးဘဲ မူလနာမည်ကျော် ရုပ်သေကာတွန်းဇာတ်ကောင်ကို Animation ဖြင့် အသက်သွင်းလိုလျှင် မူရင်းဇာတ်ကောင်၏ ကာတွန်းဆရာ (ဥပမာ–သမိန်ပေါသွပ်၊ ပြာဂလောင်ပြာလချောင်၊ မုဆိုးကျော်ဖိုးထော်)၏ လက်ရာနှင့် Animation လှုပ်ရှားမှုရေးဆွဲမည့် ကာတွန်းဆရာ၏ လက်ရာကို တစ်ထပ်တည်းကျစေရန် ထိုနှစ်ဦးပူးပေါင်း၍ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ လေ့ကျင့်မှသာ မူရင်းဇာတ်ကောင်၏ရုပ်ပုံကို တစ်ထပ်တည်းကျအောင် ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ Animation ပညာရှင်က သဘာဝကျသောပုံကို မဆွဲပေးနိုင်လျှင် ကွန်ပျူတာပညာရှင်က ဇာတ်ကားကောင်းကောင်း ဖြစ်လာစေရန် ဖန်တီး၍မရနိုင်ကြောင်း၊ Animation ရေးဆွဲသူ၊ ကွန်ပျူတာပညာရှင်နှင့် ရုပ်ရှင်နယ်ပယ်တွင် ပါဝင်ပတ်သက်နေသော

မြန်မာ့ကာတွန်းရုပ်ရှင်ဇာတ်ကားများ တစ်ခေတ်ဆန်းစေလိုလျှင် ငွေကြေးအင်အားတောင့်တင်းသည့်အဖွဲ့အစည်း၊ ကွန်ပျူတာပညာရှင်၊ Animation ရေးဆွဲသူနှင့် အနုပညာနယ်ပယ်တွင် ပါဝင်ပတ်သက်သူများ ပူးပေါင်း၍ မြန်မာ့ဟန်၊ မြန်မာ့လူနေမှုဘဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ပါဝင်သော ဇာတ်ကားကို ပူးပေါင်းထုတ်လုပ်ရန် နိုင်ငံအတွင်း လှည့်လည်၍ ရှာတင်ပြသနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန် လိုပေသည်။

www.foreverspace.com.mm

ပညာရှင်အားလုံးပါဝင်မှသာ အရည်အသွေးမီ၊ အဆင့်အတန်းမီသော ကာတွန်းရုပ်ရှင်ဇာတ်ကားဖြစ်လာမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုသည် အရေးအကြီးဆုံးအခန်းကဏ္ဍတစ်ရပ်ဖြစ်သည်ဟု ဦးဝဏ္ဏကျော်က ဆိုသည်။

ထွက်ရှိပြီးသော ကာတွန်းရုပ်ရှင် ဇာတ်ကားများအခြေအနေ

မြန်မာနိုင်ငံတွင် လက်ရှိထွက်ပေါ်နေသော ဇာတ်ကားများတွင် ကာတွန်းကို 3D နှင့် တူအောင် ရေးဆွဲထားခြင်းများအပြင် 2D ၊ 3D ပုံစံအမျိုးမျိုးတွေ့ရပြီး အချို့ဇာတ်ကားများမှာ လက်ခံနိုင်သည့် အရည်အသွေးရှိသော်လည်း အများစုမှာ လူပ်ရှားမှုသဘာဝမကျခြင်း၊ နောက်ခံစကားပြောသောအသံမကောင်း၍ ခံစားကြည့်ရှုမရခြင်း စသော အရည်အသွေးညံ့အခွေများသာများကြောင်း ကွန်ပျူတာအထူးပြုလုပ်ချက်သင်တန်း တက်ရောက်နေသူ ရွှေဂုံတိုင်မှ ကိုကျော်ကျော်ထွန်းက ဆိုသည်။

"မြန်မာပြည်ရဲ့ ပထမဆုံးကာတွန်းရုပ်ရှင်ဇာတ်ကား၊ 3D ဇာတ်ကားဆိုပြီး

ကလေးအကြိုက်ဇာတ်ကောင်သမိန်ပေါသွပ်

TV မှာ ခဏခဏကြော်ငြာတော့ သမီးဝယ်ကြည့်ဖြစ်တယ်။ စကားပြောတာတွေ၊ လူပ်ရှားမှုတွေက သမီးတို့အရွယ်အတွက်တောင် ရယ်စရာကြီးဖြစ်နေတယ်။ သူငယ်တန်းတက်နေတဲ့ သမီးရဲ့ မောင်လေးကတော့ ဂြိုဟ်သားလို သတ္တဝါတွေနဲ့ ပစ်ခတ်နေတဲ့ ပုံတွေကိုကြည့်ပြီး သဘောကျအကြိုက်တွေ့နေတယ်" ဟု အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ သတ္တမတန်းကျောင်းသူ မငြိမ်းပြည့်စုံက ပြောကြားသည်။

မောင်ဝဏ္ဏ၏လက်ရာ ရှင်ဂွမ်းဖွ

ပုဇွန်တောင် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မအိရွှေစုင်ကမူ "သမီး နိုင်ငံခြားကာတွန်း ရုပ်ရှင်ဇာတ်လမ်းအတော်များများကို ငယ်ငယ်ကတည်းက အခုထိ နှစ်နှစ်သက်သက်ကြည့်ခဲ့တာပါ။ မြန်မာဇာတ်ကားတချို့ကို နှစ်သက်ပေမယ့် နိုင်ငံခြားကနာမည်ကြီးတဲ့ ပါဝါရိန်းဂျားကို ပြန်တုပြီး မြန်မာပါဝါရိန်းဂျားလိုက်လုပ်တော့ ပိုပြီးရုပ်ဆိုးတယ်။ ကိုယ့်ရဲ့ဇာတ်ကောင်တွေအများကြီးရှိတာ မဖန်တီးနိုင်ကြလို့လား၊ ဒါမှမဟုတ် ကိုယ့်လမ်းကိုယ်မဖောက်ဘဲ ပုံတူကူးချဖို့သက်သက်ပဲ အားထုတ်နေသလားလို့ ဇာတ်ကားထုတ်လုပ်တဲ့သူကို ဘဝင်မကျ ဖြစ်မိတယ်။ သူတို့လို လိုက်လုပ်တော့ ယှဉ်ကြည့်ရင် အားနည်းချက်တွေ ပိုမြင်ရတယ်။ သမီးတို့နိုင်ငံအတွက်လည်း သိက္ခာကျသလို အတုဟာအတုပဲ အစစ်နဲ့အရည်အသွေး ထပ်တူကျမလာနိုင်ဘူးလေ" ဟု မြန်မာပါဝါရိန်းဂျားဇာတ်ကားများကို ဝေဖန်ထောက်ပြသည်။

ကာတွန်းရုပ်ရှင်ကားများ၏ အဓိကပရိသတ်ဟု ဆိုနိုင်သည့် ဆိုခဲ့ပါ ကျောင်းသူလေးများ၏ ဝေဖန်သုံးသပ်ချက်အပေါ်တွင် ကိုကျော်ကျော်ထွန်းက ယခုကဲ့သို့ မှတ်ချက်ပြုသည်။ ကာတွန်းဇာတ်ကား

www.foreverspace.com.mm

တွေကို ထုတ်လုပ်တဲ့အဖွဲ့အစည်းတစ်ခုမှာ ကိုယ်သင်တန်းတက်ရောက်စဉ်ကာလ တစ်လအတွင်း ဇာတ်ကားတစ်ကားနှုန်း၊ နည်းနည်းတတ်စပြုနေတဲ့ သင်တန်းသားတွေကို ဖန်တီးခိုင်း၊ ပြီးတာနဲ့ ငွေအင်အားနဲ့ ကြော်ငြာများများသုံးပြီး ဈေးကွက်ထဲ အတင်းထိုးပို့နေတယ်။ တချို့ဆို သူငယ်ချင်းနှစ်ယောက်သုံးယောက်လောက် ပေါင်းပြီးထုတ်နေကြတယ်။ အဲဒီလို အရည်အသွေးမမီတဲ့ ဇာတ်ကားတွေ ပရိသတ်ထဲ ဆက်တိုက်ရောက်နေရင် ဖွံ့ဖြိုးစပြုလာနေတဲ့ ကာတွန်းရုပ်ရှင် ပြန်တိမ်မြုပ်သွားဖို့ပဲ ရှိမယ်"

မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလတွင် ကာတွန်းဆရာကြီး ဦးဘဂျမ်း၊ ဦးဟိန်စွန်းတို့က 'သိကြားနှင့် အသူရာ'၊ 'ကြက်တောင်ကွ' တို့ကဲ့သို့သော ဇာတ်ကားများကို နည်းပညာ အလွန်ချို့တဲ့သည့်ကြားမှပင် သဘာဝကျအောင် ဖန်တီး၍ ရံတင်ပြသနိုင်ခဲ့သည်အထိ အောင်မြင်မှုရရှိခဲ့သည်ဟု မြန်မာ့ရုပ်ရှင်စိန်ရတုအခမ်းအနားများတွင် ပြန်လည်ပြသချက်များအရ သိရှိခဲ့ရကြောင်း၊ ယခု Digital ခေတ်ကြီးတွင် မြန်မာပညာရှင်များအနေဖြင့် ထိုအခြေအနေမျိုးရောက်အောင် ပြန်လည်ကြိုးပမ်းသင့်ကြောင်း ကိုကျော်ကျော်ထွန်းက ထပ်လောင်းပြောကြားသည်။

အနာဂတ်ကာတွန်းရုပ်ရှင် တစ်ခေတ်ဆန်းလိုလျှင်

ကာတွန်းရုပ်ရှင်နှင့် ပတ်သက်လျှင် ကမ္ဘာပေါ်တွင် ကလေးပရိသတ်ကို အဆွဲဆောင်နိုင်ဆုံးသော အဖွဲ့အစည်းသည် ဝေါဒစွဲနေပင်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့သည် ကွန်ပျူတာဂရပ်ဖစ်နည်းပညာတွင် ထင်ရှားသော PIXER ဟုခေါ်သည့် အဖွဲ့နှင့် ပူးပေါင်းသောအခါ 2D မှ 3D စသည်ဖြင့် ပြောင်းလဲလာပြီး အရပ်၊ အသံ၊ အရည်အသွေး အစစအရာရာပြည့်စုံသော



အရည်အသွေးမီ ကာတွန်းစီဒီများ ပေါ်ထွန်းရန် ပူးပေါင်းဆောင်ရွက်ရန်လိုသည်

မစ်ကီမောက်စ်၊ ဒေါနယ်ဒတ်ခ်အပါအဝင် စွမ်းအင်ရထားသော မိသားစုတစ်စုအကြောင်းကို ဖန်တီးထားသော The Incredibles ဇာတ်ကား၊ NEMO ဆိုသည့် ငါးကလေးဇာတ်ကား စသည့် အရည်အသွေးမီဇာတ်ကားပေါင်းများစွာ ထွက်ရှိလာခဲ့သည်ဟု ဦးဝဏ္ဏကျော်က ဆိုသည်။

မြန်မာ့ကာတွန်းရုပ်ရှင်ဇာတ်ကားများ တစ်ခေတ်ဆန်းစေလိုလျှင် ငွေကြေးအင်အားတောင့်တင်းသည့်အဖွဲ့အစည်း၊ ကွန်ပျူတာပညာရှင်၊ Animation ရေးဆွဲသူနှင့် အနုပညာနယ်ပယ်တွင် ပါဝင်ပတ်သက်သူများ ပူးပေါင်း၍ မြန်မာ့ဟန်၊ မြန်မာ့လူနေမှုဘဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ပါဝင်သော ဇာတ်ကားကို ပူးပေါင်းထုတ်လုပ်ရန် နိုင်ငံအတွင်း လှည့်လည်၍ ရံတင်ပြသနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန်လိုပေသည်။ အောင်မြင်လာလျှင် နိုင်ငံတကာသို့ မြန်မာကာတွန်းရုပ်ရှင်ဇာတ်ကားကို သွားရောက်ပြသပြီး မြန်မာကို ကမ္ဘာကသိစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ပါက ကမ္ဘာကျော်ဝေါဒစွဲနေကဲ့သို့ အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ ပညာရှင်များ လာရောက်ပူးပေါင်းခြင်း၊ အကူအညီပေးခြင်း စသော အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ကာတွန်းရုပ်ရှင် Animation လောကသားအချို့က သုံးသပ်ကြသည်။

မည်သို့ဆိုစေ ကာတွန်းရုပ်ရှင်ခေတ်ဦးကာလဖြစ်နေ၍ လူအဖွဲ့အစည်းတစ်ခုတွင် ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာအခက်အခဲကလေးများကိုတော့ တွေ့ကြုံကြရသည်။ ပို၍ရင့်ကျက်သော ပတ်ဝန်းကျင်တစ်ခုဖြစ်လာသည်နှင့်အမျှ ကာတွန်းရုပ်ရှင်လောကအပါအဝင် အခြားအခြားသော နယ်ပယ်များတွင်လည်း ဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်အပေါ် ရင့်ကျက်မှုရှိရှိ တုံ့ပြန်နိုင်သူများ တဖြည်းဖြည်းတိုးပွားလာမည် ဖြစ်ပါသည်။ ယာယီကာလတွင်တော့ ရင့်ကျက်မှုအားနည်းနေသေးသော သဘောထားအမြင်နှင့် ဈေးကွက်အပေါ် ရှုမြင်ပုံတို့ လွဲမှားနေနိုင်ပါသေးသည်။ ဤအခြေအနေကို မြင့်တင်သွားရန် ကာတွန်းရုပ်ရှင်လောကသားများသာမကမူဝါဒရေးရာ ချမှတ်နိုင်သူများရော၊ ပရိသတ် (ဝါ) နိုင်ငံသားအားလုံး ဝိုင်းဝန်းကူညီကြရမည် ဖြစ်ပါသည်။

သန်းထိုက်သူ

■

www.foreverspace.com.mm

ဒစ်ဂျစ်တယ်မီဒီယာ

ပိုးစျာန်

ပြောင်းအလဲမြန်ဆန်လွန်းသည့် ကမ္ဘာကြီးတွင် နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ သတင်းဆက်သွယ်ရေး အလျင်နှုန်းသည်လည်း တစ်စတစ်စ မြန်ဆန်မြင့်မားလာသည့်နည်းတူ ကမ္ဘာပြုမူဖြစ်စဉ်အရ ယင်းကဲ့သို့ နည်းပညာများသည် ကမ္ဘာပေါ်ရှိ လုပ်ငန်းကဏ္ဍနယ်ပယ်အသီးသီး၌ ဝင်ရောက်နေရာယူလာနေပြီဖြစ်သည်။ မြန်မာပုံနှိပ်မီဒီယာလောကတွင်လည်း နည်းပညာမြင့် ဒစ်ဂျစ်တယ်စနစ်အသုံးပြုမှု များပြားလာကာ ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံဆက်စပ်ပြောင်းလဲမှုဖြစ်စဉ်၌ မျောပါလျက်ရှိသည်။

လက်ရှိမြန်မာပုံနှိပ်မီဒီယာလောကတွင် ယခင်က အသုံးပြုသော Manual စနစ်များအစား ဒစ်ဂျစ်တယ်စနစ်များ ပြောင်းလဲအသုံးပြုလာသည်။ ခဲစာလုံးအစား ကွန်ပျူတာစာစီ၊ ကွန်ပျူတာဖြင့် ဒီဇိုင်းရေးဆွဲခြင်း၊ Graphic ဒီဇိုင်း စသဖြင့် ပြောင်းလဲလာသည်။ တိပ်ခွေသုံးအသံဖမ်းစက်အစား ဒစ်ဂျစ်တယ်အသံဖမ်းစက်၊ လက်ခွဲအော့ဖ်စက်ဖလင်များအစား Computerized ဖလင်များ၊ ဖလင်အသုံးပြုကင်မရာများအစား ဒစ်ဂျစ်တယ်ကင်မရာများဖြင့် ပြောင်းလဲလုပ်ကိုင်လာသည်။ ပုံနှိပ်သည်ကိုပင် ဒစ်ဂျစ်တယ်စနစ်ဖြင့် အရောင်းချိန်ညှိနှိုင်းသည့် စနစ်များပင် ပေါ်ပေါက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံသို့ ၁၉၉၂ ခုနှစ်ဝန်းကျင်တွင် Word Processing ခေါ် ကွန်ပျူတာစာစီစာရိုက်စနစ် စတင်ဝင်ရောက်လာပြီး မြန်မာပုံနှိပ်မီဒီယာအချို့ ခဲစာလုံးအစား ကွန်ပျူတာစာစီခြင်းကို ပြောင်းလဲအသုံးပြုကြသည်။ ထိုအချိန်က အမေရိကန်စင်တာမှ ထုတ်ဝေသည့် လင်းရောင်ခြည်မဂ္ဂဇင်း၊ လူထုစာအုပ်တိုက်၊ မြန်မာနေ့စဉ်ထုတ် သတင်းစာများ၊ ရန်သစ်၊ မြန်မာဓနမဂ္ဂဇင်းတို့က အဦးဆုံး ကွန်ပျူတာစာစီအသုံးပြုခဲ့ကြောင်း မြန်မာဝါရင့်သတင်းစာဆရာတစ်ဦးက ဆိုသည်။ နောက်ပိုင်းတွင် ကွန်ပျူတာသုံးစွဲမှုများ တစ်စတစ်စ ခေတ်စားလာကာ Software အသစ်များ၊ Image Sector များ ဝင်ရောက်လာသည်။ ဒီဇိုင်းရေးဆွဲသည်ကိုပင် Pagemaker, Photoshop တို့ဖြင့် ရေးဆွဲလာခဲ့ကြသည်။ ၁၉၉၅ ခုနှစ်ခန့်တွင် ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းများ၊ ကွန်ပျူတာကာလာခွဲခြင်းလုပ်ငန်းများ ခေတ်စားလာကာ C.S.S သည် မြန်မာနိုင်ငံ၏ ပထမဆုံး ကွန်ပျူတာကာလာခွဲလုပ်ငန်း ပေါ်ပေါက်လာခဲ့သည်။ ထိုသို့ ပြောင်းလဲခဲ့သည့်အတွက် ယခင်က နှစ်ရက်သုံးရက်လုပ်ဆောင်ရမည့် ဒီဇိုင်းမျိုးကို နာရီပိုင်းအတွင်း စွမ်းဆောင်နိုင်လာခဲ့သည်။

ယခုအခါ မြန်မာပုံနှိပ်မီဒီယာဈေးကွက်တွင် အပတ်စဉ်ထုတ်ဂျာနယ်များ၊ မဂ္ဂဇင်းများ တိုးပွားလာနေသည်။ ယင်းတို့၏ ဈေးကွက်သည်လည်း ကျယ်ပြန့်လာသည်။ ယင်းဈေးကွက်တွင် အထူးသဖြင့် သတင်းဂျာနယ်များ၊ အားကစားဂျာနယ်များသည် ပြိုင်ဆိုင်မှုများလာသည်ကို တွေ့ရသည်။

ထို့ကြောင့် ပုံနှိပ်မီဒီယာတို့သည် ၎င်းတို့၏ သတင်းဦးရရန်၊ ၎င်းတို့ပုံနှိပ်မီဒီယာအောင်မြင်မှုရရန်အတွက် နောက်ဆုံးပေါ်နည်းပညာသုံး ဒစ်ဂျစ်တယ်စနစ်များကို အသုံးပြုလာကြသည်။

"အားကစားဂျာနယ်တွေအနေနဲ့ အင်တာနက်မသုံးနိုင်ခင်က နိုင်ငံခြားစာစောင်တွေကိုပဲ အားကိုးရတာ။ အဲဒါတွေက ထွက်ပြီး တစ်ရက်၊ နှစ်ရက် နောက်ကျပြီးမှ ရတာ။ နောက်ပိုင်း Bagan Net (ယခု

www.foreverspace.com.mm

Myanmar Info-Tech) ပေါ်လာတော့ အင်တာနက်ကနေ သတင်းတွေ Up to date ရတယ်။ ဒီနေ့ ကစားတဲ့ပွဲနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ဒီနေ့ချက်ချင်း သိလာရတယ်။ အခုဆို ပိုပြီး မြန်လာပြီ" ဟု တက်လမ်းအားကစားဂျာနယ်နှင့် ရန်သစ်မဂ္ဂဇင်း အယ်ဒီတာချုပ်ဖြစ်သူ ဦးချစ်ဝင်းမောင်က အင်တာနက်သတင်းဆက်သွယ်မှုကြောင့် များစွာထိရောက်ကြောင်း ရှင်းပြသည်။

ယခုအခါ ပုံနှိပ်မီဒီယာများသည် တစ်ခုနှင့်တစ်ခု ယှဉ်ပြိုင်မှုအားကောင်းလာသည်နှင့်အမျှ အဆင့်မြင့်နည်းပညာများဖြစ်သည့် ဒစ်ဂျစ်တယ်စနစ်များသည်လည်း မရှိမဖြစ်လိုအပ်လာသည်။ သတင်းအတွက် အထောက်အကူပြုပစ္စည်းများလည်း ပြောင်းလဲတိုးတက်လာသည်။ ထို့ကြောင့် သတင်းနည်းပညာပြောင်းလဲမှုတွင် ကြို တင်ပြောင်းလဲထားနိုင်သည့် မီဒီယာများရှိသလို နောက်မှလိုက်၍ ပြောင်းလဲသည့် မီဒီယာနှင့် လုံးဝမပြောင်းလဲသေးဘဲ နဂို ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကျန်ရှိနေသည့် မီဒီယာများလည်း ရှိသည်။

ထို့ကြောင့် နည်းပညာပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိနေပြီဖြစ်သောနာမည်ကျော် မြန်မာဒီဇိုင်းနာတစ်ဦးက– "ဒစ်ဂျစ်တယ်ကင်မရာနဲ့ ရိုက်တဲ့ပုံတွေကို ကွန်ပျူတာထဲ တစ်ခါတည်းထည့်၊ ဖိုင်ဆိုက်ညှိပြီး ဒီဇိုင်းတစ်ခါတည်း ထုတ်နိုင်တယ်။ အခု ကျွန်တော့်စက်ဆိုရင် ဖွင့်ထားပြီး Movie ထဲက ကိုယ်လိုချင်တဲ့ပုံကို Still လုပ်ပြီး တစ်ခါတည်း ကူးနိုင်တယ်။ ပြီးရင် ဒီဇိုင်းတစ်ခါတည်း လုပ်လို့ရတယ်" ဟု ဆိုသည်။

အချို့အားကစားဂျာနယ်၊ နိုင်ငံတကာရေးရာဂျာနယ်တို့သည် ဂြိုဟ်တုစလောင်းများထားရှိကြသည်။ အားကစားဂျာနယ်များဖြစ်သည့်အလျောက် အားကစားပွဲများ ဘောလုံးပွဲများကို အဆက်မပြတ်ကြည့်ရှုရသည်။ လေ့လာရသည်။ ထို့ကြောင့်

ဂင်းမီဒီယာများအတွက် ရုပ်သံဂြိုဟ်တုစလောင်းများ လိုအပ်လာသည်။ အောင်မြင်သောအားကစားဂျာနယ်ကြီးတစ်စောင် ဆိုလျှင် ဒစ်ဂျစ်တယ်စလောင်းနှင့် ချိတ်ဆက်၍ TV နှစ်လုံး၊ သုံးလုံးဖြင့် ခွဲ၍ ဆောင်းပါးရှင်များက ကြည့်ရှုကြသည်ဟု ဆိုသည်။ ထို့ပြင် အင်တာနက်သုံးစွဲမှုကိုလည်း ရုံးတွင် ကွန်ပျူတာများကို Share လုပ်၍ အသုံးပြုထားကြောင်း ဆိုသည်။ ထို့ကြောင့် ယနေ့မြန်မာပုံနှိပ်မီဒီယာစျေးကွက်သည် ကြီးမားကျယ်ပြန့်လာသည်နှင့်အတူ (၁) ပြိုင်ဆိုင်မှု အားကောင်းလာခြင်း၊ (၂) ဒစ်ဂျစ်တယ်စနစ်များ သုံးစွဲရန် လိုအပ်လာခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှု ပမာဏလည်း မြင့်တက်လာသည်ကို တွေ့ရသည်။

အနည်းဆုံး သိန်းရာဂဏန်း လိုအပ်သည်။ ရုံးခန်းနှင့် တယ်လီဖုန်းများအပါအဝင် အသုံးအဆောင်ပစ္စည်းများ လိုအပ်သကဲ့သို့ အင်တာနက်၊ ဂြိုဟ်တုစလောင်းတို့သည်လည်း လိုအပ်လာသည်။ ထိုအရာများ မီဒီယာလက်နက်များ ဖြစ်လာသည်။ အထူးသဖြင့် သတင်းဦးစားပေး အပတ်စဉ်ထုတ်များ၊ အားကစားနှင့် နိုင်ငံတကာဂျာနယ်များအတွက် မရှိမဖြစ်လိုအပ်လာနေပြီ။ ယနေ့နိုင်ငံတကာရေးရာအဖြစ်အပျက်များ၊ ယနေ့ယှဉ်ပြိုင်သော အားကစားပွဲများကို နောက်တစ်နေ့ထုတ် မြန်မာအားကစားဂျာနယ်များတွင် ဖော်ပြနိုင်လာသည်။ ယခုလို မဖော်ပြနိုင်ပါကလည်း ကျယ်ပြန့်လာသော မြန်မာပုံနှိပ်မီဒီယာစျေးကွက်တွင် နောက်ကောက်ကျနေမည်ဖြစ်သည်။ မဂ္ဂဇင်းအယ်ဒီတာတစ်ဦးကမူ "ကမ္ဘာကြီးမှာ နည်းပညာတွေ၊ အယူအဆတွေ၊ တင်ဆက်ပုံတွေက အမြဲပြောင်းလဲနေတာ၊ ကိုယ်က လိုက် Change ရမှာပဲ၊ မလိုက်နိုင်တဲ့သူ ကျန်ခဲ့မှာပဲ။ လုပ်နေတဲ့သူတွေမှာလည်း နည်းပညာ Awareness ရှိဖို့လည်း လိုတယ်။ ကျွန်တော်တို့တိုင်းပြည်က နည်းပညာပိုင်းမှာ နောက်ကျနေတော့ နည်းပညာသစ်တွေနဲ့ ထိတွေ့မှုနည်းသေးတယ်" ဟု သုံးသပ်ပြောကြားသည်။

ယခုအခါဒစ်ဂျစ်တယ်နည်းပညာများသည် ကမ္ဘာကြီး၏နယ်ပယ်တိုင်း အဓိကနေရာတွင် ပါဝင်လျက်ရှိနေလေပြီ။ ဒစ်ဂျစ်တယ်နည်းပညာသုံးပစ္စည်းများနှင့် မယှဉ်ပါးသေးသောသူဖြစ်ပါက ၂၁ ရာစုဌ မည်သည့်နယ်ပယ်တွင်မဆို ကြာရှည်စွာ မရပ်တည်နိုင်ဘဲ အလိုလိုရှုံးနိမ့်သလို ခံစားနေရလိမ့်မည်ဟု ပညာရှင်တစ်ဦးက ဆိုသည်။ ထို့ကြောင့် သတင်းမီဒီယာသမားများအဖို့ IT ၊ အင်တာနက်နှင့် အင်္ဂလိပ်စာတည်ဟူသော ရာစုသစ်၏ 'အ' သုံးလုံးကို ယဉ်ပါးကျေညက်ထားရန် လိုအပ်သည့်အပြင် သတင်းသမားများဖြစ်သည့်အလျောက် Click လုပ်ရုံဖြင့် သိရှိနိုင်သော အမြန်လမ်းမကြီးတွင် လိုက်လျောညီထွေ လိုက်ပါစီးမျောနိုင်ရန် လိုအပ်လှပါသည်။

မိုးစျာန်

■

www.foreverspace.com.mm

ဝန်ထမ်းစီမံခန့်ခွဲရေးဆိုင်ရာ Software တစ်ခု

၂၀၀၅ ခုနှစ် မြန်မာ ICT ဈေးကွက်

ကျော်နိုင်

၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ကဏ္ဍနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဈေးကွက်တစ်ခုလုံးသည် ယမန်နှစ်ကကဲ့သို့ပင် သိသာထင်ရှားသည့် တိုးတက်ပြောင်းလဲမှုများနှင့် မကြုံတွေ့ခဲ့ရသော်လည်း Computer Literacy ဟုခေါ်ဆိုနိုင်သည့် နိုင်ငံတစ်ဝန်း ကွန်ပျူတာနှင့် အင်တာနက်အသုံးချမှုများမှာမူ ယခင်နှစ်များကထက် တိုးတက်လာသည်ဟု ဆိုရပေမည်။

Software ဈေးကွက်

ငွေကြေးအကျပ်အတည်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းရှိ ပုဂ္ဂလိကကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းအများစုမှာ ကွန်ပျူတာအသုံးချ Software များကို ယခင်နှစ်များကကဲ့သို့ ဝယ်ယူအသုံးချနိုင်မှု လျော့နည်းသွားပြီး Software ရေးဆွဲထုတ်လုပ်သည့် IT ကုမ္ပဏီအများစုမှာလည်း ပြည်တွင်းဈေးကွက်ကို အားကိုးအားထားပြုရန် အခက်အခဲရှိလာကြသည်ကို တွေ့ရသည်။ Software ကုမ္ပဏီအချို့မှာ ယင်းတို့၏ ဈေးကွက်ထိုးဖောက်မှု (Marketing) ဗျူဟာကို ပြုပြင်ပြောင်းလဲခဲ့ရသလို အချို့မှာမူ ပြည်ပဈေးကွက်သို့ ခြေလှမ်းလှမ်းခဲ့ကြသည်။

"ကျွန်တော်တို့ Products တွေက Local စီးပွားရေးလုပ်ငန်းတွေကိုပဲ အားထားနေရတော့ သူတို့တက်ရင် လိုက်တက်၊ သူတို့ကျရင် လိုက်ကျတာ။ ဒီနှစ်ထဲမှာ Software ရေးတဲ့ IT ကုမ္ပဏီတွေ ထူးထူးခြားခြားပေါ်ထွက်လာတာ မတွေ့ရသလို Products တွေအနေနဲ့လည်း ထူးထူးခြားခြားပေါ်ထွက်လာတာ သိပ်မတွေ့ရဘူး" ဟု Integra Systems မှ အုပ်ချုပ်မှုဒါရိုက်တာဦးနေထွန်းသိန်းက ဆိုသည်။

"Product ချင်းတူနေတယ်ဆိုရင် Competition က ပိုလာတယ်။ အရင်ကထက် သူ့ထက်ငါ Promotion လုပ်လာကြတယ်။ ဈေးနှုန်းတွေလည်း လျော့ချပြီးရောင်းလာကြတယ်။ အဲဒီမှာ အတွေ့အကြုံနဲ့ သင်ခန်းစာတွေ အများကြီးရလိုက်တယ်။ ကိုယ့် Product ကို ကိုယ် ပိုကောင်းအောင် လုပ်လာနိုင်ခဲ့တယ်။ အရင်နှစ်တွေက ဒီလောက်ကြီး အပြိုင်အဆိုင်မဖြစ်ဘူး။ စီးပွားရေးလုပ်ငန်းတွေက အများကြီး။ အားလုံးလိုလိုကလည်း ကောင်းနေတော့ သမုဒ္ဒရာရေ သောက်လို့မကုန်သလိုပေါ့။ လုစရာ၊ ပြိုင်စရာအကြောင်းမရှိခဲ့ဘူး။ အခု Market ကကျဉ်းသွားတော့ နည်းနည်းလုရတဲ့သဘောရှိလာတယ်။ တချို့လုပ်ငန်းတွေဆို Marketing ကို ကျွမ်းကျွမ်းကျင်ကျင် ဖိဖိစီးစီး လုပ်လာကြတာကို တွေ့ရတယ်။ သူတို့နဲ့ယှဉ်လို့ ကိုယ်နောက်ကျရင်ခံရမှာပဲ။ အဲဒီက သင်ခန်းစာတွေ ရယူရင်း ပြင်ခဲ့ရတာတွေရှိတယ်။ Marketing ကို သေသေချာချာလုပ်နိုင်ရင် လုပ်နိုင်သလောက် အကျိုးအမြတ်ရတာ တွေ့လာရတယ်" ဟု ၎င်းက ဈေးကွက်ယှဉ်ပြိုင်ထိုးဖောက်ရမှု အတွေ့အကြုံနှင့်စပ်လျဉ်းပြီး ရှင်းပြသည်။

၎င်း၏ ကုမ္ပဏီ Integra Systems သည် iLedger, iStock, iCare နှင့်

www.foreverspace.com.mm

People Manager အမည်ရှိ Package Software လေးမျိုးကို ပြည်တွင်းဈေးကွက်သို့ အဓိကထားဖြန့်ချိနေလျက်ရှိပြီး အသုံးပြုသူဦးရေ ၃၀၀ ကျော်ရှိသွားပြီဟု ၎င်း၏ အဆိုအရ သိရသည်။

တောင်ကြီး၊ မကွေး စသည့်မြို့များတွင် ရောင်းအားအနည်းငယ်တက်လာသကဲ့သို့ မြိတ်၊ ထားဝယ် စသည့်မြို့များမှပင် ဝယ်ယူအသုံးပြုလာကြသည်ကိုကြည့်ခြင်းဖြင့် အရေအတွက်အားဖြင့် မများသော်လည်း IT ကိုအသုံးချရခြင်း၏အကျိုးကို ပိုမိုလက်ခံသိရှိလာကြကြောင်း ၎င်းက ထောက်ပြပြောဆိုသည်။

"အရင်ကလို ကုမ္ပဏီက ဘယ်လို Software တွေထုတ်တယ်၊ ရတယ်ဆိုတာကို Customer သိရုံလောက် ကြော်ငြာလို့ မရတော့ဘူး။ Software ကို နားလည်လွယ်အောင် ပြောင်းပြီးကြော်ငြာခဲ့ရတယ်။ အထူးသဖြင့် လူလတ်ပိုင်း Customer တော်တော်များများက ဒီ Software ကို သုံးလိုက်တဲ့အခါ သူတို့ရဲ့လုပ်ငန်းတွေ ဘယ်လောက်ယိုပေါက်ပိတ်သွားတယ်၊ လူအင်အားဘယ်လောက်သက်သာတယ်၊ ဘယ်လောက်အကျိုးရှိလာတယ်ဆိုတာ သဘောပေါက်လာကြတယ်" ဟု ကြော်ငြာအားပါ ထိုးဖောက်ခဲ့ရပုံနှင့်စပ်လျဉ်း၍ ၎င်းက ဖြည့်စွက်ရှင်းပြသည်။

"တချို့ Software ကုမ္ပဏီတွေဆိုပြည်တွင်းမှာ ဈေးကွက်နည်းပါးသွားတဲ့အခါမှာ ပြည်ပဈေးကွက်ကိုရယူဖို့ ကြိုးစားလာကြတယ်။ Marketing ထိုးဖောက်လာကြတယ်။ Outsourcing ရဖို့ ကြိုးပမ်းလာကြတယ်။ Point of Sales တို့လို ရိုးရိုး Application တွေ ရေးဆွဲနေရာကနေ ပိုပြီးအသေးစိတ်တဲ့ Embeded System တွေဘက်ကို ပြောင်းပြီးရေးလာကြတယ်။ နိုင်ငံခြားရဲ့ Standard ကိုမီအောင် ရေးကြရတာမို့ Software Industry ရဲ့ အဆင့်ကို မြှင့်မေးလိုက်သလို ဖြစ်သွားတယ်။ အခြား Business တွေက Oversea Market ကို ထိုးဖောက်ဖို့ အတော်ခက်မေမယ့် IT အနေနဲ့က ရနိုင်တယ်။ Oversea Market မှာ မြန်မာဆိုတဲ့ Brand ကလေးရလာမယ်လို့မျှော်လင့်မိတယ်" ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်က သုံးသပ်ပြောကြားသည်။

၂၀၀၅ ခုနှစ်အတွင်း အထူးရေပန်းစားလာခဲ့သည့် Memory Stick များ

"Oversea ရဲ့ Quality နဲ့ ပြည်တွင်း Quality ကမတူတော့ အတော်ကို ကြိုးပမ်းရတယ်။ သူတို့စံကိုမီဖို့ ဒီကဝန်ထမ်းတွေကို တစ်အား Push လုပ်ရတယ်။ သုံးဆလောက်ကို ပိုပြီးကြိုးစားရတယ်။ တစ်ဖက်ကလည်း ဝန်ထမ်းတွေရဲ့ Skill ကို မြှင့်တင်ပေးရတယ်။ အပြင်ရဲ့ Quality ကို မီအောင်ကြိုးစားကြရင်း ပြည်တွင်းဈေးကွက်အတွက်ပါ အရည်အသွေးတက်လာတာပေါ့။ အခုဆို ပြည်ပ Clients ၁၀ ဦး ရှိသွားပါပြီ" ဟု Myanmar Information Technology Pte., Ltd. (MIT) မှ ဒါရိုက်တာ ဦးအောင်စိုးသာက ရှင်းပြ သည်။

ပြည်တွင်း Software ဈေးကွက်ကို ဦးဆောင်လျက်ရှိပြီး Software Developer ဝန်ထမ်းဦးရေ အများဆုံးဖြစ်သည့် ၎င်းတို့ကုမ္ပဏီသည် ပြည်တွင်းဈေးကွက်အတွင်းသို့ Package Sotware ၁၂မျိုးခန့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပြီး အသုံးပြုသူဦးရေ ၆၀၀ ဦးကျော်ရှိကြောင်း ၎င်း၏ အဆိုအရ သိရသည်။

"၂၀၀၅ ခုနှစ်ထဲမှာ အရင်ကလို ပြပွဲတွေသိပ်မလုပ်ဖြစ်တော့ Software တွေကို လူသိနည်းသွားတယ်။ လူအားပိုစိုက်ပြီး Marketing ဆင်းရတယ်။ မမျှော်လင့်ဘဲ

www.foreverspace.com.mm

နယ်မြို့တွေမှာ Package တွေ ရောင်းအား တက်ခဲ့တယ်။ အသုံးပြုတဲ့သူတွေရဲ့ Knowledge နဲ့ Awareness ပိုတက်လာတယ်လို့ ထင်မိတာပဲ။ ပဲခူးက ဝယ်သုံးတာ ပိုများတယ်" ဟု MIT မှ ဈေးကွက်မန်နေဂျာ ဒေါ်သင်းကလျာလှိုင်က ရှင်းပြသည်။

၂၀၀၅ ခုနှစ်အတွင်း ပြည်တွင်း Software ထုတ်လုပ်မှု၌ ထူးခြားချက်တစ်ခုမှာ မန္တလေးမြို့အခြေစိုက် Alpha Info Tech ကုမ္ပဏီမှ ရေးဆွဲတီထွင်ထုတ်လုပ်သည့် Digital ချိန်ခွင်သုံး Software စနစ်ဖြစ်သည်။ Digital ချိန်ခွင်များ ရေပန်းစားအသုံးပြုမှုများလာသည့်အချိန်နှင့် ကိုက်ညီအောင် ထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး အလေးချိန်စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ပြောင်းလဲပေးနိုင်သည့်အပြင် မှတ်သားထားပေးနိုင်သည်။

Hardware ဈေးကွက်

ကွန်ပျူတာ ဝယ်ယူအသုံးပြုမှုများပြားသည့် ပုဂ္ဂလိကဘဏ်ကြီးအချို့ လုပ်ငန်းရပ်ဆိုင်းသွားခြင်း၊ အစိုးရဌာနဆိုင်ရာများမှ တင်ဒါခေါ်ယူမှုနည်းပါးသွားခြင်းနှင့် ပုဂ္ဂလိကစီးပွားရေးကုမ္ပဏီအချို့၏ ငွေကြေးအကျပ်အတည်းများကြောင့် ကွန်ပျူတာအရောင်းဆိုင်များမှ ၂၀၀၅ ခုနှစ်အတွင်း ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအမြောက်အမြားတင်သွင်းရောင်းချရမှုလျော့ပါးသွားသော်လည်း Stand-alone ခေါ် တစ်ဦးချင်း ကွန်ပျူတာ ဝယ်ယူအသုံးပြုမှုများ ပိုမိုလာသည်ကိုတွေ့ရသည်။

၂၀၀၅ ခုနှစ် အောက်တိုဘာလဝန်းကျင်၌ ငွေစျေးကွာဟမှုကြောင့် ဈေးနှုန်းများအနည်းငယ်မြင့်တက်ခဲ့သည်မှအပ ငွေ လဲလှယ်နှုန်းတည်ငြိမ်နေသည့် ကာလတစ်လျှောက်လုံး ဈေးနှုန်းပြောင်းလဲမှုမရှိခြင်း၊ Model နှင့် စွမ်းဆောင်ရည် (Performance) တစ်စတစ်စ ပိုမိုမြင့်မားလာသော်လည်း ဈေးနှုန်းမှာ မမြင့်တက်လာခြင်းတို့ကြောင့် အခြားသော အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း (Hardware) ဈေးကွက်သည် ကျရိပ်ဘက်တွင်ရှိခဲ့သည်ဟု ဆိုနိုင်သည်။

၂၀၀၅ ခုနှစ်အတွင်း ထူးထူးခြားခြား အသုံးတွင်ကျယ်လာခဲ့သည့် ကွန်ပျူတာဆက်စပ်ပစ္စည်းများမှာ MP3, MP4 Player များနှင့် Memory Stick ခေါ် Data Storage Divice ကလေးများပင်ဖြစ်သည်။ ယခင်နှစ်များက MP3 Player ကို သီချင်းနားထောင်ရုံသက်သက်၊ Storage Divice ကို Data သိမ်းဆည်းရုံသက်သက်သာ အသုံးပြုခဲ့ကြပြီး ယခုအခါတွင်မူ အသံသွင်းယူနိုင်ခြင်း၊ ပမာဏပိုဆံ့လာခြင်း၊ အချိန်ကိုမှတ်သားနိုင်ခြင်း စသည့် Function များ ပိုမိုစုံလင်လာသည့်အပြင် ဈေးနှုန်းပါသက်သာလာသဖြင့် လူငယ်များအကြားနာရီ၊ ဘောပင်သဖွယ် မရှိမဖြစ် ရေပန်းစားအသုံးများလာကြသည်။ "အဲဒီ Divice တွေကို ကွန်ပျူတာ Accessories ဆိုင်တွေမှာ သာမကဘဲ စိန်ဂေဟာတို့လို ဆူပါမားကက်တွေမှာပါတင်ရောင်းလာကြတယ်။ ဈေးနှုန်းသက်သာပြီး အသုံးပြုရတာလည်းလွယ်လို့ ကွန်ပျူတာနဲ့ သိပ်မရင်းနှီးတဲ့သူတွေတောင် ဝယ်သုံးလာကြတယ်" ဟု KMD Computer Sales Centre မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၂၀၀၅ ခုနှစ် ပြည်တွင်း Hardware ဈေးကွက်၏ ထူးခြားချက်တစ်ရပ်မှာ Notebook များ ဈေးနှုန်းသက်သာလာခြင်းပင် ဖြစ်သည်။ "Notebook တွေ ဈေးနှုန်းသက်သာလာသလို Powerful ပိုဖြစ်လာတယ်။ PC တွေနဲ့ ဈေးသိပ်မကွာတော့ဘူး။ အရင်က ငါးဆခြောက်ဆလောက် ဈေးကွာခဲ့တာ အခု နှစ်ဆလောက်ပဲရှိတော့တယ်။ Desktop ကိုယ်စားပြုသုံးလာကြပြီ။ အရင်တုန်းကလို ခရီးသွားလာတဲ့အခါမှသာ သုံးရုံမကတော့ပဲ ရုံးတွေနဲ့အိမ်တွေမှာပါ သုံးလာကြတယ်။ ဒီနှစ်ထဲမှာ Notebook ချည်းပဲ သီးသန့်တင်သွင်းရောင်းချတဲ့ဆိုင်တွေ ပေါ်လာသလို Service ပါပေးလာကြတာကို တွေ့ရတယ်။ Branded ကို ဝယ်သုံးကြတာများတယ်။ Used ဖြစ်နေရင်တောင်မှ Branded ကိုပဲ ဝယ်သုံးကြတယ်" ဟု ရန်ကုန်မြို့လယ်မှ ကွန်ပျူတာအရောင်းဆိုင်ရှင်တစ်ဦးက

Microsoft **အသိအမှတ်ပြု အောင်လက်မှတ်**

www.foreverspace.com.mm

ရှင်းပြသည်။

ထို့အပြင် ၂၀၀၅ ခုနှစ်အတွင်း ဈေးနှုန်းပိုမိုသက်သာသည့် Branded Digital Camera အမျိုးအစားသစ်များနှင့် PC မလိုဘဲ Digital Camera မှ တိုက်ရိုက် Print ထုတ်ယူနိုင်သည့် Ink Jet Color Photo Printer အမျိုးအစားသစ်များကို ကုမ္ပဏီကြီးအချို့က အပြိုင်အဆိုင်မိတ်ဆက်တင်သွင်းလာခဲ့သည်။

"ကွန်ပျူတာ Hardware ဈေးကွက်က သိပ်ကြီး ကြီးသွားတာ မတွေ့ရပေမယ့် Sales & Service ဆိုင်တွေ ပိုတိုးလာတာတွေ့ရတယ်။ အရင်ကလို ကွန်ပျူတာကို ပျက်မှသွားပြင်တာမျိုးမဟုတ်တော့ဘဲနဲ့ Up-grade လုပ်တာ၊ Virus ရှင်းတာ၊ Network ချိတ်သုံးတာတွေကြောင့် Service လုပ်ငန်းတွေ ပိုပြီးတွင်ကျယ်လာတယ်။ နောက်တစ်ခုက ဒီနှစ်ထဲမှာ PC ကို Stand-alone သုံးတာထက် LAN (Network) ချိတ်ပြီးတော့ ပိုသုံးလာကြတယ်။ အဓိုးရရုံးတွေကအစ Server ထားပြီးတော့ Network ချိတ်သုံးလာကြတယ်" ဟု ဦးသောင်းတင်က ၎င်း၏အမြင်ကို ပြောကြားသည်။

ကွန်ပျူတာသင်တန်းဈေးကွက်

၂၀၀၅ ခုနှစ်အတွင်း ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များမှ ကွန်ပျူတာဘွဲ့ရများ ပုံမှန်မွေးထုတ်ပေးနိုင်ခဲ့သော်လည်း ပုဂ္ဂလိက ကွန်ပျူတာသင်တန်းကျောင်းများမှ Professional ဘွဲ့ဒီဂရီနှင့် ဒီပလိုမာ ရရှိသူများကို မွေးထုတ်နိုင်မှုမှာ လျော့နည်းသွားသည်။ "သင်တန်းနှုန်းထား ကြီးမြင့်တာကြောင့်ရယ်၊ ပြည်ပကျောင်းတွေရဲ့ ဝင်ခွင့်ကျပ်လာလို့ရယ်၊ Scholarship သိပ်မပေးတော့တာကြောင့်ရယ်ကြောင့် ထင်တာပဲ။ အများစုက ဒီမှာ သင်တန်းတက်ပြီး ဟိုမှာဆက်တက်ရင်တက်၊ ဒါမှမဟုတ် အလုပ်သွားလုပ်ရင်လုပ်ကြတာ" ဟု လေ့လာသူ



www.myanmarmyanmar.com Web Portal

တစ်ဦးက သုံးသပ်သည်။

Software Engineer တစ်ဦးဖြစ်ရန်အတွက် Program ရေးတတ်ရုံဖြင့် မလုံလောက်တော့ဘဲ အခြားဓရိယာနှင့် Application များ (ဥပမာ– Domain Knowledge) ကိုပါ လေ့လာထားရန် လိုအပ်သည်ကို သဘောပေါက်လာကြကြောင်း၊ Professional သင်တန်းများထက် ကွန်ပျူတာစာရင်းကိုင်၊ Auto Cad ၊ Video/ Animation Effect စသည့် Vocational သင်တန်းအရေအတွက် ပိုများလာသည်ကို တွေ့ရကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်က ပြောကြားသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအကြား ရေပန်းစားခဲ့ပြီး ပြည်တွင်းတွင် တက်ရောက်ရယူနိုင်သည့်အခြင့်ဆုံးဘွဲ့ဒီဂရီဖြစ်သော အင်္ဂလန်နိုင်ငံ NCC မှ ပေးအပ်ချီးမြှင့်သည့် B.Sc (Hons:) (CIS) ဘွဲ့ကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပစစ်ဆေးလျက်ရှိရာ ၂၀၀၅ ခုနှစ်အတွင်း KMD Computer Centre မှ ၆၁ ဦးနှင့် Myanma Computer Co., Ltd. မှ ၂၀ ဦး ရရှိခဲ့သည်။ ယင်းတို့အနက် First Class ရရှိခဲ့သူ ၁၃ ဦး ပါဝင်ခဲ့သည်။

၂၀၀၅ ခုနှစ်အတွင်း ပြည်တွင်းကွန်ပျူတာသင်တန်းလောက၏ ထူးခြားမှုတစ်ရပ်မှာ နိုင်ငံတကာအသိအမှတ်ပြု ICT Certificate များကို Online မှ ဖြေဆိုနိုင်ရန် လေ့ကျင့်စီစဉ်ပေးသည့် အဖွဲ့အစည်းအရေအတွက် တိုးပွားလာခဲ့ပြီး ဝင်ရောက်ဖြေဆိုသည့် ဦးရေမှာလည်း ယမန်နှစ်ကထက် ပိုမိုများပြားလာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ Online Certification စနစ်ကို ယမန်နှစ် ဩဂုတ်လက ပထမဦးဆုံး စတင်မိတ်ဆက်ပေးခဲ့သည့် GlobalNet တွင် ယခုနှစ် ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဝင်ရောက်ဖြေဆိုသူ ၃၁၀ ဦး ရှိသည့်အနက် Microsoft ၏ အသိအမှတ်ပြု Certificate ရရှိခဲ့သူ ၁၁၀ ဦးရှိကြောင်း သိရသည်။ ၂၀၀၅ ခုနှစ် ဧန်နဝါရီလဆန်းတွင် ဖွင့်လှစ်ခဲ့သည့် Myanmar Impirations ၏ Test Center တွင် ၂၀၀၅ ခုနှစ်အတွင်း ဝင်ရောက်ဖြေဆိုသူပေါင်း ၂၀၀ ဦးကျော်ရှိသည့်အနက် Microsoft Certified Partner အဖြစ် MCSE လေးဦး၊ MCSD တစ်ဦး၊ MCAD တစ်ဦးအပါအဝင် စုစုပေါင်း ၁၀၀ ဦး

www.foreverspace.com.mm

အောင်မြင်ခဲ့သည်။ ထိုနှစ် ဩဂုတ်လ အတွင်း ထပ်မံဖွင့်လှစ်ခဲ့သည့် Myanmar Professional Education Center မှ ဝင်ရောက်ဖြေဆိုသူ ၃၀ ဦးရှိပြီး ရာနှုန်းပြည့် အောင်မြင်ခဲ့ကာ အမှတ် ၁၀၀၀ အမှတ်ပြည့်ရရှိခဲ့သူတစ်ဦး ပါဝင်ခဲ့ကြောင်း သိရသည်။

"ဒီ Certificate ကို ဖြေကြဖို့ အဲဒီ Certificate လိုအပ်တယ်ဆိုတဲ့ Awareness ရှိနေဖို့ လိုပါတယ်။ ဒီ Filed ကို တကယ်လေ့လာစိတ်ဝင်စားတဲ့သူအဖို့က ဒီမှာဖြေရတာ တကယ်တန်ပါတယ်။ နိုင်ငံခြားမှာ သွားမဖြေရတာဘဲ ကွာမယ်။ ရလဒ်ကအတူတူပဲ။ စရိတ်က ၁၀ ပုံတစ်ပုံလောက် ကွာသွားတယ်" ဟု Myanmar Professional Education Center မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

Web Development ဈေးကွက်

အင်တာနက်ပေါ်တွင် ရုံးခန်းဖွင့်လှစ်ခြင်း သို့မဟုတ် Website တည်ဆောက်ခြင်း၏ အကျိုးကျေးဇူးကို သိလာကြသဖြင့် ၂၀၀၅ ခုနှစ်အတွင်း ဈေးကွက်ကျဆင်းသွားလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော ပြည်တွင်း Web Development ဈေးကွက်သည် ကျဆင်းမှုမရှိခဲ့ဘဲ Web Developer အဖွဲ့အစည်းအရေအတွက်ပင် တိုးပွားလာခဲ့ကြောင်း လေ့လာသူတို့က ဆိုကြသည်။

"၂၀၀၅ မှာ ဈေးကွက်ကျသွားမယ်လို့ ထင်ထားခဲ့တာ၊ လက်တွေ့မှာ မဟုတ်ဘူး။ Domain ဖိုဝ နီးပါးလောက်ကို လုပ်ပေးခဲ့ရတယ်။ ၂၀၀၄ ခုနှစ် ရှေ့ပိုင်းက Presentation Media အနေနဲ့ပဲ Website ကို အသုံးချခဲ့ကြတာ။ အခု ၂၀၀၅ ထဲမှာ လိုအပ်တဲ့ Service (Internal Search, Order Receiving, Directory) တွေကို ပိုလုပ်ပေးလာရတယ်။ Website အပ်တဲ့ Customer တွေကလည်း Awareness ပိုရှိလာကြတယ်။ Innovation တွေကိုလည်း

ယခုအခါ အင်တာနက်ပေါ်၌ မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် Website စုစုပေါင်း ၁၂၃၅ ခု ရှိသွားပြီဖြစ်ကြောင်း www.myanmarmyanmar.com ၏ သုတေသနပြုချက်အရ သိရသည်။

လက်ခံလာကြတယ်" ဟု Solveware Solution မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးငွေထွန်းက ရှင်းပြသည်။

၂၀၀၅ ခုနှစ်အတွင်း ပြည်တွင်းမှ Web Portal ၁၀ ခုကျော် ပေါ်ထွန်းခဲ့ရာ ယင်းတို့အနက် ခရီးသွားလမ်းညွှန် Web Portal တစ်ခုဖြစ်သော www.7courrier.com ၊ မီဒီယာ Web Portal တစ်ခုဖြစ်သော www.popularmyanmar.com ၊ Indexing Web Portal တစ်ခုဖြစ်သော www.myanmarmyanmar.com စသည်တို့မှာ ထင်ရှားခဲ့သည်။

"တချို့ Customer တွေက Website လုပ်ထားပြီး ကိုယ်ပိုင် Internet Access မရှိကြဘူး ဖြစ်နေတယ်။ ကိုယ့် Website ထဲကနေ ကိုယ်တိုင် Oversea နဲ့ ဆက်သွယ်ဖို့၊ Marketing လုပ်ဖို့ အခက်အခဲကြုံတွေ့ရတယ်။ တချို့ကျတော့ Internet Access ရမှပဲ Website လုပ်လိုကြတာ တွေ့ရတယ်" ဟု Myanmars.net မှ ဈေးကွက်ဒါရိုက်တာ ဦးမောင်မောင်မြင့်ဝင်းက ရှင်းပြသည်။

ယခုအခါ အင်တာနက်ပေါ်၌ မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် Website စုစုပေါင်း ၁၂၃၅ ခု ရှိသွားပြီဖြစ်ကြောင်း www.myanmarmyanmar.com ၏ သုတေသန ပြုချက်အရ သိရသည်။

မြန်မာနိုင်ငံ၌ Web Development နှင့် စပ်လျဉ်း၍ ဥပဒေဖြင့် အရေးယူအပြစ်ပေးမှုမရှိသေးကြောင်း၊ ပြုလုပ်ပြီးသား Website တစ်ခုမှ အခြား Website တစ်ခုသို့ ပုံတူကူးယူကာ တည်ဆောက်သည့် သာဓကများရှိခဲ့ကြောင်း၊ အထူးသဖြင့် ခရီးသွားလမ်းညွှန် Website များတွင် ပုဂံဘုရားပုထိုးများ၏ ဓာတ်ပုံများကို အင်တာနက်ပေါ်မှ လွယ်လွယ်ရယူကာ Copy ပွား၍ အသုံးပြုထားကြသည်ကို တွေ့ရကြောင်း ဦးငွေထွန်းက ထောက်ပြပြောဆိုသည်။

နိဂုံး

ICT ကဏ္ဍနှင့် ဈေးကွက်သည် အိမ်နီးချင်းအာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာ၌ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော်လည်း မြန်မာနိုင်ငံ၌မူ အကြောင်းအမျိုးမျိုးကြောင့် သိသာထင်ရှားသည့် ပြောင်းလဲမှုများ မကြုံတွေ့ရလင့်ကစား ၂၀၀၅ ခုနှစ်အတွင်း နိုင်ငံနှင့် အဝန်း ဖွင့်လှစ်ပေါ်ထွန်းခဲ့သည့် PAC ခေါ် အများပြည်သူသုံးအင်တာနက်စင်တာများနှင့် အင်တာနက်ကဖီးများကြောင့် ဒစ်ဂျစ်တယ်နည်းပညာကွာဟမှု (Digital Divide) မှာ မကြာမီ ပယောက်သွားမည်ဟု မျှော်လင့်ရသည်။

သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ထိရောက်သောပံ့ပိုးအားပေးမှု၊ တယ်လီဖုန်း၊ အင်တာနက် စသည့် Physical Infrastructure (အခြေခံအဆောက်အဦ) များ ပြည့်စုံလုံလောက်မှု၊ လျှပ်စစ်ဓာတ်အားမှန်ကန်မှု၊ Online မှ Credit စနစ်ဖြင့် ငွေပေးချေနိုင်သည်အထိ Online Banking ကို အသုံးချနိုင်မှု စသည့် အခြေခံလိုအပ်ချက်များ ပြည့်စုံလာပါက မရှိမဖြစ် လက်ခံလာကြသော မြန်မာနိုင်ငံ၏ ICT ကဏ္ဍနှင့် ဈေးကွက်တစ်ခုလုံးသည် အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲပေ။

ကျော်နိုင်

■

www.foreverspace.com.mm

၂၀၀၅ ရန်ကုန် ကုန်စည်ဈေးကွက်

သန်းထိုက်သူ ၊ သစ်ထွဋ်

ဘုရင့်နောင်ပွဲရုံ ဆန်ဈေးငြိမ်၊ ဆန်ကွဲဈေးမြင့်တက်

ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုသည် ဈေးကွက်အတွင်း တိုက်ရိုက် ရိက်ခတ်မှု မဖြစ်ပေါ်ဘဲ နယ်စုံမှ ဝယ်လိုအားနှင့် ထွက်ရှိမှုအပေါ်မူတည်နေသော ဆန်ဈေးကွက်သည် တစ်နှစ်ပတ်လုံးတွင် သက်ြန်ပွဲတော်ရက်အပြီးတွင် ရုတ်တရက်မြင့်တက်လာခဲ့ပြီး နောက်ပိုင်းတွင် ပုံမှန်ဈေးနှုန်းအတိုင်း ပြန်လည်ငြိမ်သက်သွားသည်ကို တွေ့မြင်ရကြောင်း၊ စက်တင်ဘာ၊ နိုဝင်ဘာလများတွင် ဆန်ဈေး တဖြည်းဖြည်း ပြန်လည်မြင့်တက်လာသည်ကို တွေ့မြင်ရကြောင်း ဆန်ပွဲရုံအချို့က ပြောကြားသည်။ နှစ်ဆန်းပိုင်းတွင် တစ်အိတ် ၅၀၀၀ ကျပ်ဝန်းကျင် နှုန်းဖြင့်စတင်ခဲ့သော ဆန်အကြမ်းသည် သက်ြန်ရက်အပြီးတွင် ၆၀၀၀ကျပ် ပတ်ဝန်းကျင်တွင်ရှိခဲ့သည်။ ၂၀၀၅ ခုနှစ်အကုန် ဒီဇင်ဘာလဆန်းပိုင်းတွင် ဆန်အသစ်များ နယ်စုံမှ ဝင်ရောက်လာပြီးနောက် ယခင်နှစ် မိုးစပါး အဟောင်း(ရှယ်)တစ်အိတ်လျှင် ၈၅၀၀ ကျပ်၊ နွေစပါးအဟောင်း(ရှယ်)တစ်အိတ်လျှင် ၇၈၀၀ကျပ်နှင့် ၈၀၀၀ ကြားတွင် ဈေးတန့်လျက်ရှိပြီး ပေါ်ဆန်းအဟောင်း(ရှယ်)မှာ ၁၆၅၀၀ ကျပ်ဈေး ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ယခုအချိန်တွင် နယ်စုံမှဆန်ကြမ်းအသစ်များ ဆက်တိုက်ဝင်ရောက်လာကြပြီး ၇၀၀၀ ကျပ် ဈေးနှုန်းပတ်ဝန်းကျင်တွင် ဈေးတန့်နေကြောင်း ဆန်အသစ်(ရှယ်)မှာ တစ်အိတ်လျှင် ၇၉၀၀ ကျပ်ဈေးရှိကြောင်း ဆန်ကုန်သည်တစ်ဦးက ပြောကြားသည်။ ဆန်အရောင်းအဝယ်မှာ လတ်တလောအခြေအနေတွင် ပုံမှန်အရောင်းအဝယ်သာရှိပြီး အဝင်အနည်းအများပေါ်တွင် မူတည်၍ ၅၀၊ ၁၀၀ကျပ်သာ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်း၊ နှစ်စဉ်ဖြစ်ပေါ်နေသော ပုံစံအတိုင်း သက်ြန်ပွဲတော်ရက်အပြီးတွင်သာ ဈေးနှုန်းအနည်းငယ်တက်နိုင်ပြီး နောက်ပိုင်းဈေးကွက်ကို ခန့်မှန်း၍မရနိုင်သေးကြောင်း အဆိုပါဆန်ကုန်သည်က သုံးသပ်ပြောကြားသည်။

ဆန်အဟောင်းဈေးနှုန်းသည် မုန့်လုပ်သူများအတွက် လက်လှမ်းမမီသော ဈေးနှုန်းတစ်ရပ်သို့ရောက်ရှိနေချိန်တွင် အသစ်ဝင်လာသောဆန်များမှာ မုန့်လုပ်ရန်အသုံးမပြုနိုင်ခြင်းကြောင့် ဆန်ကွဲဈေးများ ရုတ်တရက်မြင့်တက်လာသည်ကို တွေ့မြင်ရကြောင်း ဆန်ကွဲဝယ်ယူသူတို့၏ အဆိုအရသိရသည်။ ဆန်ဈေးအားလုံးမြင့်တက်ချိန်တွင် ထူးထူးခြားခြားငြိမ်သက်နေသောဆန်ကွဲသည် ဒီဇင်ဘာလပိုင်းအတွင်း ပြည်တွင်းအသုံးပြုသူများ၏ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ဈေးကောင်းလာခြင်းဖြစ်သည်ဟု ဆန်ကုန်သည်တစ်ဦးက ပြောကြားသည်။ ပြည်တွင်းမုန့်လုပ်သူများ၏ ဝယ်လိုအားမြင့်တက်လာသော ဆန်ကွဲ (သုံးပိုင်းတစ်ပိုင်းကျိုး)သည် တစ်အိတ်လျှင် ၅၉၀၀ ကျပ်နှင့် ထက်ပိုင်းကျိုး တစ်အိတ်လျှင် ၆၁၀၀ ကျပ်အထိ ဖြစ်လာသည်မှာ ဆန်အသစ် ရိုးရိုးတစ်အိတ်ဈေးနှုန်းနှင့် တူညီနေပြီဖြစ်ကြောင်း အဆိုပါ ဆန်ကုန်သည်က ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm

ဆီ

တင်သွင်းသည့်ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် အောက်တိုဘာလ ၁၈ ရက်နေ့မှစတင်၍ အပြောင်းအလဲဖြစ်ပေါ်လာခဲ့သော ဦးပိုင်မှ ခွဲတမ်းဖြင့်ရောင်းချပေးသော စားအုန်းဆီသည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်မြို့နယ်များတွင် ဒိုင်ဖြန့်ဈေး တစ်ပိဿာ ၁၁၀၀ ကျပ်၊ ပြင်ပဖြန့်ဈေး ၁၁၅၀ ကျပ်ဖြင့်သာ ဝိုမ်သက်ဖွယ်ရှိကြောင်း ကိုယ်စားလှယ်ရောင်းချသူတစ်ဦးက ပြောကြားသည်။ အခြားနယ်အသီးသီးအတွက် ရောင်းချပေးရန်သတ်မှတ်ထားသောဈေးနှုန်းမှာ မြောက်ပိုင်းခရိုင်အတွင်းရှိ မော်ဘီနှင့် လှည်းကူးမြို့နယ်များနှင့် တောင်ပိုင်းခရိုင်အတွင်းရှိ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များတွင် ၁၁၇၀ ကျပ်၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်များတွင် ၁၁၈၀ကျပ်၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းတွင် ၁၁၈၀ ကျပ်၊ ကျောက်တံခါးမြို့တွင် ၁၁၉၀ ကျပ်နှင့် အခွန်လွတ်ဈေးများတွင် ၁၁၃၀ ကျပ် အသီးသီးရောင်းချရန် ဆီလုပ်ငန်းရှင်များ အသင်းက ထုတ်ပြန်ကြေညာထားသည်။

ပြင်ပစားအုန်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၄၀၀ ကျပ်ပတ်ဝန်းကျင်တွင် ရှိပြီး မြေပဲဆန်ဈေးနှုန်း အတက်အကျနှင့် အထွက်နှုန်းအပေါ်မူတည်သော ပဲဆီမှာ တစ်ပိဿာလျှင် ၂၀၀၀ ကျပ်ဝန်းကျင်တွင် ရှိပြီး ဈေးနှုန်းအပြောင်းအလဲကို ခန့်မှန်း၍ မရနိုင်သေးကြောင်း ဆီကုန်သည်တစ်ဦးက ပြောကြားသည်။

ပဲမျိုးစုံဈေးထိုးဆင်း

တစ်နှစ်ပတ်လုံး ဈေးနှုန်းမငြိမ်မသက်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံဈေးနှုန်းသည် ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်အေးလျက်ရှိပြီး ဈေးနှုန်းပြန်ဆင်းလာသည်ကို တွေ့ရကြောင်း ပဲမျိုးစုံပွဲရုံတစ်ရုံမှ ဦးအောင်ထွန်းထွန်းကဆိုသည်။ ပြည်ပဝယ်လက်နည်းသော ပဲလွန်းဖြူတစ်အိတ်လျှင်

၃၈၀၀ ကျပ်၊ ပဲလွန်းနီအညာစ ၂၈၀၀ ကျပ်ဈေးနှုန်းသို့ ထိုးဆင်းလာပြီး ပြည်တွင်းတွင် အကြော်အလှော်လုပ်ငန်းများ၏ ဝယ်လိုအားရှိသည့် ဘိုကိတ်ပဲမှာ တစ်အိတ်လျှင် ၄၀၀၀၀ ကျပ် ဈေးနှုန်းဖြင့် ဈေးမာနေသည်ဟု ၎င်းကဆိုသည်။ ပြည်တွင်းအသုံးပြုသော ပဲများဖြစ်သည့် ပဲနီပြား၊ ပဲနီလုံး၊ ပဲထောပတ်၊ ပဲကြီးများသည် နှစ်ဆန်းပိုင်းတွင် ၂၂၀၀ ကျပ်ဝန်းကျင်ဖြင့် ဈေးနှုန်းစတင်ခဲ့ပြီး နှစ်လယ်ပိုင်းတွင် ပြည်တွင်းစားသုံးမှုမြင့်တက်လာခြင်းကြောင့် တစ်အိတ် ၃၀၀၀၀ ကျပ်အထိ ဈေးမြင့်တက်ခဲ့ကြောင်း၊ ပဲကြီးတစ်မျိုးသာ ဒီဇင်ဘာလဆန်းပိုင်းအထိ ၄၃၀၀၀ ကျပ်အထိ တင်းခံနေပြီး ကျန်ပဲသုံးမျိုးမှာ ၂၈၀၀၀ ကျပ်ဝန်းကျင်ထိ ဈေးနှုန်းပြန်ဆင်းခဲ့ကြောင်း ပဲမျိုးစုံပွဲရုံမှ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ပြည်ပအဝယ်များသော မတ်ပဲသည် နှစ်ဆန်းပိုင်းတွင် တစ်အိတ် ၂၃၀၀၀ ကျပ်ဖြင့် ဈေးနှုန်းစတင်ခဲ့ပြီး အိန္ဒိယအဝယ်များသော အောက်တိုဘာလပိုင်းတွင် ၅၉၀၀၀ ကျပ်၊ ၆၂၀၀၀ ကျပ်အထိ အမြင့်ဆုံးဈေးနှုန်းတစ်ရပ်ကို ရောက်ရှိခဲ့ကြောင်း၊ ဒီဇင်ဘာလဆန်းပိုင်းတွင် ပြည်တွင်းပြည်ပအရောင်းအဝယ်မရှိခြင်းနှင့် ပစ္စည်းဟောင်းပြတ်နေခြင်းတို့ကြောင့် ၄၈၀၀၀ ကျပ်တွင် ဈေးတန့်နေပြီး ဒီဇင်ဘာလ အကုန် ပဲသစ်ပေါ်စအချိန်နှင့် ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွင် ၄၃၀၀၀ ကျပ်အထိ ဈေးဆင်းနိုင်ကြောင်း ပဲမျိုးစုံလုပ်ငန်းရှင်အများစုက သုံးသပ်သည်။ ပဲတိုစိမ်းဈေးကွက်မှာလည်း မတ်ပဲကဲ့သို့ပင် အရောင်းအဝယ်အေးလျက်ရှိပြီး တစ်အိတ်လျှင် ကျပ် ၃၅၀၀၀ ဈေးနှုန်းရှိကြောင်း၊ အခြားပဲများဖြစ်သည့် ကုလားပဲလုံးတစ်ပိဿာ ၇၃၀ ကျပ်၊ ပဲခြမ်း ၉၀၀ ကျပ်နှင့် အညာဒေသမှ စတင်ဝင်ရောက်လာသော မြေပဲဆန်မှာ တစ်ပိဿာ ၁၀၀၀ ကျပ်မှ ၁၁၀၀ ကျပ်ဝန်းကျင်တွင် ဝိုမ်သက်လျက်ရှိကြောင်း ကုန်သည်များ၏ ပြောပြချက်အရ သိရှိရသည်။

ယခုလအတွင်း ပဲမျိုးစုံဈေးထိုးဆင်းလာခြင်း၏ အဓိကအချက်မှာ ပြည်ပအဝယ်နည်းခြင်းကြောင့်ဟုဆိုနိုင်သော်လည်း ယခုအချိန်သည် မျိုးအတွက်ပြန်လည်ဝယ်ယူရမည့် အချိန်အခါဖြစ်နေကြောင်း၊ နယ်ဒေသများရှိ ပဲစိုက်တောင်သူများ၏ မျိုးဝယ်ယူမှုနည်းပါးခြင်းကြောင့် ဈေးထိုးဆင်းရခြင်းဖြစ်ကြောင်း၊ အဆိုပါအချက်မှာ ပဲစိုက်တောင်သူများ၏ မျိုးအလုံအလောက်ရှိခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း အတွေ့အကြုံရင့်ပဲမျိုးစုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ဒီဇင်ဘာလ ၅ ရက်၊ ဖြူရက်နေ့တွင် မော်လမြိုင်၌ မိုးရွာသွန်းမှုများ

www.foreverspace.com.mm

ဖြစ်ပေါ်ခဲ့ပြီး အဆိုပါမိုးသည် တစ်ပတ်ခန့် ဆက်တိုက်ရွာသွန်းပါက မတ်ပဲထွက်ပေါ်ချိန်မှာ တစ်လတိတိနောက်ကျသွားနိုင်ပြီး ၂၀၀၆ ခုနှစ်အတွက် ပဲမျိုးစုံစျေးကွက်တွင် အပြောင်းအလဲများစွာ ပေါ်ပေါက်လာနိုင်ကြောင်း ၎င်းကသုံးသပ်ပြောကြားသည်။

ပဲမျိုးစုံ စျေးထိုးဆင်းလာသည်ဟု ဆိုသော်လည်း အဆိုပါစျေးနှုန်းများသည် နှစ်လယ်ပိုင်းနှင့် အောက်တိုဘာလများအတွင်း အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော စျေးနှုန်းထက် လျော့နည်းခြင်းသာဖြစ်ပြီး နှစ်ဆန်းပိုင်းတွင် စတင်ခဲ့သော စျေးနှုန်းထက် မြင့်မားနေသည်ကို တွေ့ရမည်သာ ဖြစ်သည်။

ကုန်သည်အများစုအရှုံးပေါ်သော ကြက်သွန်နီနှင့် စျေးကွက်ပျက်သောငရုတ်

ရာသီဥတုမကောင်းခြင်း၊ အထွက်နည်းခြင်းနှင့် ပြည်တွင်းထွက်ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်မှ ထွက်သလောက် ဝယ်ယူမည်ဟူသော ပုံနှိပ်မီဒီယာအများစုတွင် ပါဝင်လာသော သတင်းများ၏ ဂယက်ကြောင့် နှစ်ဆန်းပိုင်းတွင် တစ်ပိဿာ ၂၅၀၊ ၃၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူသိုလှောင်ထားသူကုန်သည်အများစုမှာ အရှုံးပေါ်ခဲ့ရကြောင်း ကြက်သွန်ပွဲရုံများက ဆိုသည်။ နောက်ပိုင်းတွင် တစ်စထက်တစ်စ အထွက်နှုန်းများလာသော ကြက်သွန်နီသည် စျေးကွက်အတွင်း ဆက်တိုက်ဝင်ရောက်လာခဲ့ပြီး စျေးနှုန်းမှာ အဆမတန် ထိုးဆင်းလာခဲ့သည်။ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများသာ တင်ပို့ရမည်ဟူသောစနစ်ကြောင့် အဆိုပါကုမ္ပဏီတို့မှ မျိုးအတွက်ဝယ်ယူခြင်းနှင့် ပြည်ပတင်ပို့ရန်လိုအပ်မှသာ စျေးကွက်အတွင်းမှ မှာယူတင်ပို့ခြင်းအပေါ် မှီခိုခဲ့ရပြီး ပြည်တွင်းဖြုန်းအားမရှိသော ကြက်သွန်နီသည် ကုန်သည်အများစုကို အရှုံးပေါ်စေခဲ့ခြင်းဖြစ်ကြောင်း ကုန်သည်အများစုက ဆိုသည်။ နယ်စပ်ထွက်ခွင့်ရပါက တစ်ပိဿာလျှင် ၇၀၀ ကျပ်အထိ ဖြစ်လာရန် ရှိသော ကြက်သွန်နီသည် ကန့်သတ်ကုန်စည်ဖြစ်လာခြင်းကြောင့် ပြည်တွင်းစားသုံးမှုထက် ပိုလျှံလာခဲ့ပြီး ဆောင်းလေတိုက်ခတ်ချိန် အညောင့်ထွက်လာခြင်း၊ အခွံကျွတ်လာခြင်းတို့ကြောင့် ၄၀ ရာခိုင်နှုန်း အပျက်အစီးများခဲ့ကြောင်း၊ စျေးနှုန်းမှာ တစ်ပိဿာလျှင် ၂၀၀ ကျပ်မှ ၃၅၀ ကျပ်ဝန်းကျင်ဖြင့် ရောင်းချနေရကြောင်း ကုန်သည်များက ပြောကြားသည်။

ကြက်သွန်အဖြူမှာမူ ရှမ်းသီးတစ်ပိဿာလျှင် ၆၅၀ ကျပ်ဝန်းကျင်စျေးနှုန်းရှိပြီး ငွေစျေးအတက်အကျပေါ်မူတည်နေသော ကြူကုတ်ကြက်သွန်မှာလည်း တစ်ပိဿာ ကျပ် ၁၃၀၀ ဝန်းကျင်တွင်ရှိပြီး စျေးနှုန်း အပြောင်းအလဲများစွာ ဖြစ်ပေါ်ရန်မရှိကြောင်း ကြက်သွန်ပွဲရုံမှ လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ယခင်က ထိုင်း၊ မလေးရှားနှင့် ကိုရီးယားသို့ တင်ပို့မှုရှိခဲ့သော ငရုတ်မှာ ယခုအခါ တင်ပို့၍မရနိုင်ခြင်းကြောင့် ယခုနှစ်အတွက် စျေးကွက်ပျက်ခဲ့သော ကုန်စည်ဖြစ်သွားသည်ဟု ငရုတ်ပွဲရုံလုပ်ငန်းရှင်ဦးအေးငွေက ပြောကြားသည်။ ယခင်နှစ်က စျေးကောင်းရခဲ့ခြင်းကြောင့် ယခုနှစ်အတွင်း စျေးကွက်တွင် ပြတ်လပ်ရန်ရှိသည်ဟု ခန့်မှန်းကြပြီး ဝယ်ယူထားကြသော်လည်း ပြည်တွင်းဖြုန်းအားမရှိခြင်းနှင့် ပစ္စည်းအထွက်များလာခြင်းကြောင့် နောက်ပိုင်းတွင် စျေးနှုန်းကျဆင်းလာပြီး ပြည်တွင်းစားသုံး၍မကုန်နိုင်သော အနေအထားဖြစ်ခဲ့ပြီး စျေးကွက်ပျက်သောအခြေအနေကို ကြုံတွေ့ခဲ့ရသည်။ ယခုလအတွင်း ဖြစ်ပေါ်နေသောစျေးနှုန်းမှာ ငရုတ်ရှည်တစ်ပိဿာလျှင် ၆၀၀ ကျပ်ဝန်းကျင်၊ သာစည်မှ အသစ်ဝင်လာသော မိုးထောင်ငရုတ်မှာ ကျပ် ၇၅၀၊ ကျပ် ၈၀၀ ဝန်းကျင်တွင်ရှိပြီး ငရုတ်ပွမှာ ယခင်ကတည်းက ပြည်တွင်းသုံးစျေးကွက်ဖြစ်၍ အပြောင်းအလဲသိပ်မရှိဘဲ၊ သီးပွတစ်ပိဿာ ၁၃၀၀ ကျပ်မှ ၁၄၀၀ ကျပ်ကြား၊ ဆင်ဖြူကျွန်း ၂၅၀၀ ကျပ်မှ ၃၀၀၀ ကြားနှင့် စိမ်းစားပွ ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်ကြားတွင် စျေးငြိမ်လျက်ရှိကြောင်း စျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အာလူး

ပြည်တွင်းစားသုံးသူများနှင့် အာလူးကြော်ရောင်းချသူ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၏ ဝယ်လိုအားသာရှိသာ အာလူးမှာ ဆင်ဖြူကျွန်း၊ မကွေး၊ အောင်ပန်း၊ တပ်ကုန်း၊ ဟဲဟိုးတို့မှ တစ်နှစ်ပတ်လုံး အလှည့်ကျထွက်ရှိနေသောကြောင့် စျေး

www.foreverspace.com.mm

ငြိမ်သော ကုန်စည်တစ်ခုဖြစ်နေသည်ဟု ကုန်သည်များကဆိုသည်။ ၂၀၀၅ ခုနှစ် တစ်နှစ်လုံးကို လေ့လာကြည့်လျှင် မိုးမိ၍ အထားမခံဖြစ်သော အပျက်အစီးမျိုး အနည်းငယ်သာရှိပြီး ရာသီဥတုပေါ် မူတည်ကာ အဝင်အနည်းအများကိုကြည့်၍ ၁၀၊ ၁၅ ကျပ်သာ ဈေးနှုန်းအလျော့အတင်း ရှိခဲ့သည်ဟု ကုန်သည်တစ်ဦးကဆိုသည်။ တစ်နှစ်ပတ်လုံး ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ ၁၅၀ ကျပ်ဝန်းကျင်မှ ၂၅၀ ကျပ် အတွင်းတွင်သာ ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်တတ်သည်ကို တွေ့ရသည်။

ညောင်ပင်လေးဈေး

ရန်ကုန်မြို့တော်၏ အခြေခံစားသောက်ကုန်များ အဓိကရောင်းချရာဖြစ်သော ညောင်ပင်လေးဈေး ဈေးကွက်အတွင်း ၂၀၀၅ ခုနှစ်တစ်ခုလုံးတွင် ရာသီအလိုက် ဈေးနှုန်းနှင့် ရောင်းအားမှာ ပုံမှန်သဘောသာရှိခဲ့ပြီး စက်တင်ဘာလဆန်းတွင် ပြည်တွင်း ရွှေပေါက်ဈေးနှုန်းများ ပြောင်းလဲမှုနှင့် နိုဝင်ဘာလအတွင်း ပြင်ပလောင်စာဆီဈေးနှုန်းများမြင့်တက်လာမှုကြောင့် အဆိုပါကာလအတွင်း ကုန်စည်ဈေးနှုန်း အချို့ပြောင်းလဲသည်မှလွဲ၍ ယခုလက်ရှိ အချိန်တွင် အဆိုပါကာလက ဈေးမာခဲ့သောကုန်စည်အချို့ ပုံမှန်အရောင်းအဝယ် ပြန်ဖြစ်လျက်ရှိပြီး အချို့ကုန်ပစ္စည်းများမှာ ဆက်လက်ဈေးမာလျက်ရှိသည်။ ထို့အပြင် နိုင်ငံတကာကုန်သွယ်မှု ဖလှယ်နှုန်းထားများ အပြောင်းအလဲအရလည်း ကုန်စည်ဈေးနှုန်းအနေအထားမှာ ပြောင်းလဲမှုရှိခဲ့ခြင်းဖြစ်သည်။

အချိုရည်

၂၀၀၄ ခုနှစ်ကုန်ပိုင်းမှ ဦးမော့လာခဲ့သော အချိုရည်ဈေးနှုန်းများမှာ ၂၀၀၅ ခုနှစ်အဝင်တွင် ဈေးငြိမ်သွားသည့်အနေအထားသို့ ရောက်ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် ၂၀၀၄ ခုနှစ်ကုန်ပိုင်းထက် တစ်ပါကင်လျှင် ၂၀၀ ကျပ်ခန့် ပြန်လည်ကျဆင်းခဲ့သည်။ အချိုရည်ဈေးနှုန်းနှင့် အရောင်းအဝယ်မှာ လစဉ်ဆိုသလို ပုံမှန်ရှိခဲ့ရာ သီတင်းကျွတ်ကာလတွင် အချိုရည်ရောင်းအားအမြင့်ဆုံးဖြစ်ခဲ့သော်လည်း ယမန်နှစ်က ရောင်းအားကို မမီသည်ကိုတွေ့ရသည်။ ထို့အပြင် ညြဂုတ်လအတွင်း သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနမှ ပြည်တွင်းထုတ်အချိုရည်အမှတ်တံဆိပ်လေးမျိုးကို သောက်သုံးရန် မသင့်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့ရာ အချိုရည်ဈေးကွက်အတွင်း အမှတ်တံဆိပ်သစ်များဖြင့် ဝင်ရောက်လာသော အချိုရည်များကို ရောင်းချသူအများစုက ရင်းနှီးမြှုပ်နှံရန် ယုံကြည်မှုလျော့ကျသွားပြီး ကုန်စည်ဈေးနှုန်းအချို့လည်း ပြောင်းလဲမှုရှိခဲ့သည်။ ယင်းကဲ့သို့ ကြေညာပြီးနောက်ပိုင်းတွင် ပြည်တွင်းထုတ်အချိုရည်ပါကင်ပုံးများ၏ အပြင်ဘက်တွင် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန (FDA) ၏ ခွင့်ပြုချက်အမှတ်အား ဖော်ပြရန် သတ်မှတ်လိုက်သည်ကို တွေ့ရသည်။ ထို့အပြင် ၂၀၀၅ ခုနှစ်အတွင်း စံချိန်တင်လောက်သည်အထိ ပြည်တွင်းထုတ် အချိုရည်အမှတ်တံဆိပ်အသစ်များ ဝင်ရောက်ခဲ့ရာ ယခင်နာမည်ရအချိုရည်အမှတ်တံဆိပ်အချို့၏ ဈေးကွက်ဝေစုများ ခွဲပေးလိုက်ရသည်။

ပြည်တွင်းထုတ်အချိုရည်များ၏ ထုပ်ပိုးပုံမှာလည်း ပြောင်းလဲခဲ့ရာ ထုပ်ပိုးမှုသုံးကုန်ကြမ်းများ၏ ကုန်ကျစရိတ်အနေအထားအရ ယခင်ကိုင်းခွက်ဖြင့် ထုပ်ပိုးမှုပုံစံမှ ကော်ခွက်ဖြင့်ထုပ်ပိုးမှုပုံစံသို့ ပြောင်းလဲသွားသည်။ ပြည်ပအချိုရည်များမှာမူ နယ်စပ်ကုန်သွယ်မှုငွေကြေးဖလှယ်နှုန်းထားများ၊ သယ်ယူပို့ဆောင်ရေးစရိတ်များအပေါ်တွင် အဓိကတည်မှီ၍ ဈေးနှုန်းအပြောင်းအလဲရှိခဲ့သည်။ အဆိုပါအခြေအနေနှစ်ချက်သည် ကုန်ပစ္စည်းအဝင်အထွက်ပေါ်လည်း သက်ရောက်မှုရှိကြောင်း တွေ့ရသည်။ ပြင်ပလောင်စာဆီပေါက်ဈေးများ ပြောင်းလဲချိန်တွင် ပြည်တွင်းအချိုရည်အချို့ ဈေးနှုန်းအပြောင်းအလဲ အနည်းငယ်သာရှိခဲ့ပြီး၊ ပြည်ပအချိုရည်များမှာမူ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ကြောင်း တွေ့ရှိရသည်။ လက်ရှိအချိုရည်ဈေးကွက်၏ အနေအထားမှာ ပြည်တွင်းထုတ် အချိုရည်အမှတ်တံဆိပ်အသစ်များထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံသူ များပြားလာသော်လည်း ဈေးကွက်ကို မချဲ့ထွင်နိုင်သေးဘဲ လက်ရှိအနေအထားကို သာ ခွဲဝေယူနေရခြင်းဖြစ်သည်။ ပြည်တွင်းထုတ်အချိုရည်အချို့၏ အရည်အသွေးစံမီအောင် ထုတ်လုပ်မှုနှင့် စားသုံးသူပေါ် စေတနာထားဆောင်ရွက်မှုမှာ စားသုံးသူဈေးကွက်ကို ချဲ့ထွင်နိုင်မည့်

www.foreverspace.com.mm

နည်းလမ်းဟု အချို့ရည်ဖြန့်ချိရေးလုပ်ငန်း ရှင်တစ်ဦးက သုံးသပ်သည်။ ယခုလက်ရှိ အချို့ရည်ရောင်းအား ပုံမှန်ရှိပြီး ဈေးနှုန်း ငြိမ်နေသည်။

ဆပ်ပြာမှုန့်၊ ဆပ်ပြာ

ဆပ်ပြာမှုန့်မှာ အဓိကအားဖြင့် ပြည်ပမှတင်သွင်းလာသော ကုန်ကြမ်းများ ပေါ်တွင်အခြေခံ၍ ထုတ်လုပ်လျက်ရှိရာ နိုင်ငံတကာကုန်သွယ်မှု ငွေကြေးဖလှယ် နှုန်းထားများ အပြောင်းအလဲ၊ ကုန်ကြမ်း အဝင် အနည်းအများပေါ်ကိုလိုက်၍ ဈေး နှုန်းအပြောင်းအလဲရှိခဲ့သည်။ ဆပ်ပြာမှုန့် ဈေးကွက်အတွင်း အမှတ်တံဆိပ်အသစ် များ ဝင်ရောက်မှုမရှိသော်လည်း ရှိရင်းစွဲ ဆပ်ပြာမှုန့်အမှတ်တံဆိပ်များ ဈေးကွက် ပြိုင်ဆိုင်နေရသည်ကို တွေ့ရသည်။ နိုင်ငံ ပိုင်စက်ရုံများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်း များ အဝင်အထွက်အရလည်း ဈေးကွက် အတွင်း ဈေးနှုန်းအပြောင်းအလဲရှိခဲ့သည်။ ဩဂုတ်လ၏ တရုတ်ယွမ်ငွေဈေးအပြောင်း အလဲကြောင့် ဆပ်ပြာမှုန့်များ စံချိန်တင် အောင် မြင့်တက်ခဲ့ပြီး အချို့မှာ ၃၀ ရာခိုင် နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ သည်။ ဆပ်ပြာဈေးကွက်တွင်မူ ပြည်တွင်း လုပ်အမှတ်တံဆိပ်အသစ်များအပြင် အမှတ် တံဆိပ်ဟောင်းများဖြင့် အမျိုးအစား ကွဲပြား သည့်ဆပ်ပြာများ ဝင်ရောက်ခဲ့ရာ အချို့မှာ ဝယ်လိုအားအများအပြားရှိခဲ့သော်လည်း အခြေခံအကြမ်းသုံးဆပ်ပြာများမှာ နိုင်ငံ ပိုင်စက်ရုံများမှ ပစ္စည်းအသွင်းအထုတ်ပေါ် မူတည်၍ ဈေးနှုန်းများ လစဉ် အပြောင်း အလဲရှိခဲ့သည်။ ထို့အပြင် ၂၀၀၅ ခုနှစ် အတွင်း ခေါင်းလျှော်ရည်အမှတ်တံဆိပ် အသစ်အများအပြား ဈေးကွက်အတွင်းသို့ ဝင်ရောက်ခဲ့ရာ ဆပ်ပြာခဲများ၏ ရောင်းအား အနေအထားကိုလည်း တစ်နည်းတစ်ဖုံ သက်ရောက်မှု ဖြစ်စေခဲ့သည်။ အဓိက အားဖြင့် ၂၀၀၅ ခုနှစ်တွင် အချို့ဆပ်ပြာမှုန့် နှင့် ဆပ်ပြာခဲများ ဈေးနှုန်းမြင့်တက်ခဲ့

သော်လည်း အများစုမှာ ပုံမှန်အတိုင်းသာ ရှိ၍ အဓိကမှာ ငွေကြေးဖလှယ်နှုန်းထားက သာ ဈေးကွက်ကိုသက်ရောက်မှုများစေခဲ့ သည်။

နို့ဆီ၊ သကြား

၂၀၀၅ ခုနှစ်အတွင်း နို့ဆီဈေးနှုန်း များ ဆက်တိုက်ဆိုသလို မြင့်တက်ခဲ့ရာ လက်ဖက်ရည်ဈေးနှုန်းပါ အပြောင်းအလဲ ဖြစ်ခဲ့သည်။ နို့ဆီမှာ ယမန်နှစ်ထက် ၁၀၀ ကျပ်ခန့် မြင့်တက်သွားခဲ့ပြီး အဓိကအား ဖြင့် အောက်တိုဘာလနောက်ပိုင်းတွင် ဈေးနှုန်းမြင့်တက်ခဲ့သည်။ သကြားမှာလည်း နိုင်ငံပိုင်စက်ရုံများမှ ပစ္စည်းအဝင်အထွက် နှင့် ကုန်ကြမ်းရရှိမှုအနေအထားအရ ဈေး နှုန်းအပြောင်းအလဲရှိခဲ့ပြီး၊ အောက်တိုဘာ လတွင် သကြားမှာ စံချိန်တင်သည်အထိ တစ်ပိဿာ ၁၀၀၀ ကျပ်ဝန်းကျင်ခန့် ရောက်ရှိခဲ့သည်။ နို့ဆီအမှတ်တံဆိပ်အသစ် အချို့လည်း ပြည်ပမှဝင်ရောက်လာခဲ့ပြီး အဓိကရောင်းအားအမြင့်ဆုံးမှာ ပြည်တွင်း ထုတ် နို့ဆီများသာ ဖြစ်ခဲ့သည်။ ပဂ္ဂလိက နို့ဆီဘူးစက်ရုံအသစ်များလည်း နှစ်ကုန် ပိုင်းတွင် ဆောက်လုပ်ခဲ့ကြသည်။ နို့ဆီ၊ သကြားမှာ လူသုံးများသည့် ကုန်ပစ္စည်း ဖြစ်သောကြောင့် တစ်နှစ်လုံး ဝယ်လိုအား နှင့် ဈေးနှုန်းအပြောင်းအလဲများရှိသော် လည်း ရောင်းအားပုံမှန်ပင်ရှိခဲ့သည်။

၂၀၀၅ ရန်ကုန်ဈေးကွက်

မည်သို့ဆိုစေ မကြာခဏဆိုသလို အပြောင်းအလဲဖြစ်ပေါ်တတ်သည့် ဈေး ကွက်သဘောနှင့် လိုက်လျောညီထွေဖြစ် စေရန် ကြိုးစားရပ်တည်လျက်ရှိသည့် မြန်မာဈေးကွက်အတွင်းမှ တိုင်းရင်းသား လုပ်ငန်းရှင်များ၏အရည်အချင်းကို အသိ အမှတ်ပြုရမည်ဖြစ်သည်။ ၂၀၀၅ ခုနှစ် သည် ကမ္ဘာကြီးတစ်ခုလုံး ကြုံတွေ့ရသည့် ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တ ရာယ်၊ စစ်မက်ဖြစ်ပွားမှုနှင့် အလှူပ်အယမ်း များသော နိုင်ငံရေး၊ စီးပွားရေးအခြေအနေ တို့က ဈေးကွက်အပေါ် ကြီးစွာရိုက်ခတ်မှု ရှိပါသည်။ အထူးသဖြင့် အခြားနိုင်ငံများနှင့် မူကွဲအသွင်ခြားနားသော လှိုင်းထမှုများ ကြောင့် ရန်ကုန်ဈေးကွက် ယနေ့အချိန် အထိ ထူမတ်နေနိုင်ခြင်းမှာ ဈေးကွက် အတွင်း ပတ်သက်ကျင်လည်နေသူများ၏ စွမ်းဆောင်မှု ဖြစ်ပါသည်။ လာမည့် ၂၀၀၆ ခုနှစ်တွင်မူ ပိုမိုပီပြင်သော ဈေးကွက်စီးပွား ရေး၏ သဘောသဘာဝကို မြင်တွေ့လိုကြ ကြောင်း ရန်ကုန်ကုန်စည်ဈေးကွက်အတွင်းမှ တညီတညွတ်တည်း ဆန္ဒပြုပြောဆိုလျက် ရှိပါသည်။

သန်းထိုက်သူ၊ သစ်ထွဋ်

■

www.foreverspace.com.mm

ဤကဏ္ဍတွင်.....
၇၈ လယ်ယာကဏ္ဍနှင့် ဖွံ့ဖြိုးရေးလမ်းကြောင်း
၈၂ မြန်မာ့သရက်ပါရာဒိုင်းအရွေ့

လယ်ယာကဏ္ဍနှင့် ဖွံ့ဖြိုးရေးလမ်းကြောင်း

ဒေါက်တာမောင်မောင်စိုး (ဘောဂပေဒ)

ဖွံ့ဖြိုးမှုလမ်းကြောင်းနှင့် ဖွံ့ဖြိုးမှုမဟာဗျူဟာများသည် နိုင်ငံအလိုက်ကွဲပြားသောသဘော ရှိပါသည်။ နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ရာတွင် မိမိနိုင်ငံနှင့် ကိုက်ညီမည့်လမ်းကြောင်းမျိုးကိုသာ ရွေးချယ်တတ်ကြပါသည်။ ထိုသို့ ရွေးချယ်သတ်မှတ်ရာတွင် အချိန်အခါကိုလည်း အလေးထားရပါသည်။ သယံဇာတပိုင်ဆိုင်မှုကိုလည်း ကြည့်ရပါသည်။ မည်သည့်အဆင့်မှ စတင်လုပ်ဆောင်သင့်သည်ကိုလည်း သိထားရပါမည်။

ကုန်းတွင်းပိတ်နိုင်ငံများ၏ ဖွံ့ဖြိုးရေးလမ်းကြောင်းသည် ရေပတ်လည်ဝိုင်းသော ကျွန်းနိုင်ငံလိုမျိုး၏ ဖွံ့ဖြိုးမှုလမ်းကြောင်းအတိုင်းသွား၍ မရနိုင်ပါ။ မြေပိုင်ဆိုင်မှုများသောနိုင်ငံသည်ပင် စိုက်ပျိုးရေးလုပ်ကိုင်မည်ဆိုပါက လိုချင်သော သီးနှံများကို စိုက်ပျိုး၍ မရနိုင်ပါ။ ရေမြေသဘာဝ၊ ရာသီဥတုနှင့် ကိုက်ညီမည့် သီးနှံမျိုးများကိုသာ စိုက်ပျိုးသင့်သည်။ လိုချင်သောသီးနှံ မြေရှိတိုင်း စိုက်ပျိုး၍ မရတော့ မဟုတ်ပါ။ စိုက်ပျိုးနိုင်ပါသည်။ သို့သော်လည်း အကျိုးကျေးဇူးပြန်ရချက်နှင့် ကုန်ကျသည့်စရိတ်အချိုးအစားကို ဆန်းစစ်သင့်သည်။ ထို့အပြင် စိုက်ပျိုးသောမြေသည် စမ်းသပ်ကစားကောင်းသော အရာ မဟုတ်ပါ။ မြေစမ်းခရမ်းပျိုးမှုသည် အတိုင်းအတာတစ်ခုထိသာ ခွင့်ပြုလေ့ရှိသည်။ အကြောင်းမှာ သီးနှံအတွက် စိုက်ပျိုးရန် ပြင်ဆင်ထားမှုစရိတ်သည် ကြီးမြင့်သောကြောင့်ဖြစ်သည်။ သီးနှံတစ်မျိုးအတွက် ပြင်ထားသော မြေပေါ်တွင်လည်း ထိုသီးနှံနှင့် ထိုသီးနှံလို အလားတူ မျိုးနွယ်တူသော သီးနှံမျိုးများသာ စိုက်ပျိုးနိုင်သည်။ ကြံအတွက် ပြင်ထားသောမြေကို စပါးစိုက်၍မရ မဟုတ်ပါ။ စိုက်နိုင်ပါသည်။ သို့သော် တန်ဖိုးထက် လက်ခကြီးတတ်ပါသည်။ ကော်ဖီ၊ ကိုကိုး၊ လက်ဖက်စိုက်ခင်းများနှင့် လယ်ယာစိုက်ခင်းများသည် စိုက်ခင်းခြင်းတူသည့်တိုင် မြေအမျိုးအစား၊ ရာသီဥတု၊ နည်းစနစ်၊

www.foreverspace.com.mm

အချိန်ကာလ၊ သွင်းအားစုများ အသုံးပြုရမှု စသည့်အချက်အလက်များနှင့် ပတ်သက်သည့်အခြေခံများ မတူကြပါ။

ယနေ့ကမ္ဘာပေါ်တွင် ရွေးချယ်မှုလမ်းကြောင်းများခဲ့ကြသဖြင့် ဖွံ့ဖြိုးမှုလမ်းကြောင်းမှန်နှင့် မတည့်နေသေးသော နိုင်ငံများစွာရှိနေပါသည်။ ရေလိုက်လွဲမှုများရှိသော ဖွံ့ဖြိုးမှုလမ်းကြောင်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများတွင် တွေ့ရတတ်ပါသည်။ ကုန်သည်စကားနှင့် ပြောမည်ဆိုပါက မတန်မရာသောဈေးနှုန်းဖြင့်လည်း ဝယ်လိုက်ရသေးသည်၊ ဝယ်လိုက်သော ကုန်စည်အမျိုးအစားကလည်း မိမိနှင့်အသုံးမတည့်သော ကုန်စည်မျိုးမှ များဝယ်မိသည့်အတွက် ကုန်ကျမှုများနှင့်သာ အဖတ်တင်ကျန်ခဲ့ရသည့် အခြေအနေမျိုးဖြစ်သည်။ သို့အတွက် ဆင်းရဲတွင်းနက်နေဆဲနိုင်ငံများအဖြစ် ရပ်တည်နေရဆဲဖြစ်နေကြသည်။ ဥပမာ–အာဂျင်တီးနားနိုင်ငံ။ စိုက်ပျိုးရေးအတွက် အလွန်ကောင်းမွန်သော မြေယာသယံဇာတများဖြင့် ပေါကြွယ်ဝသော နိုင်ငံ ဖြစ်သည်။ သို့သော်လည်း ၁၉၄၀ နှင့် ၁၉၅၀ ခုနှစ်များကြားတွင် စက်မှုနိုင်ငံအဖြစ် လမ်းကြောင်းရွေးချယ်ခဲ့သည့်အပြင် စိုက်ပျိုးရေးကို လုံးဝလျစ်လျူရှုခဲ့သည်။ ထိုနှစ်များမတိုင်မီက အာဂျင်တီးနားနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ခြင်းမှ အဓိကဝင်ငွေရရှိခဲ့သော နိုင်ငံဖြစ်သည်။ ၁၉၅၀ ခုနှစ်နောက်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းလည်း ကျဆင်းလာသလို ပို့ကုန်မှ ဝင်ငွေရရှိမှုသည်လည်း နည်းပါးလာခဲ့သည်။ ပိုဆိုးသည့်အဖြစ်မှာ စက်မှုထူထောင်ရေးအတွက် တင်သွင်းရသည့် အရင်းအနှီး၊ စက်ကိရိယာများ တင်သွင်းနိုင်မှုအနေအထားလည်း ကျဆင်းလာတော့သည်။ ဖွတ်လည်းမရ၊ ဓားမလည်း ဆုံးသော အာဂျင်တီးနားနိုင်ငံ ဖြစ်သွားသည်။ နောက်ဆုံး စီးပွားရေးကျဆင်းမှုဒဏ်ကို ခံစားရသည်။ အိန္ဒိယနိုင်ငံသည်လည်း ထို့အတူပင်ဖြစ်သည်။ စက်မှုထူထောင်ရေးဟူသော ကြွေးကြော်သံများဖြင့် ၁၉၅၀ နှင့် ၁၉၆၀ ခုနှစ်များအတွင်းတွင် ကြွေးကြော်ခဲ့သည်။ ထိုအချိန်က အိန္ဒိယနိုင်ငံ၏ စီးပွားရေးအခြေအနေသည် စိုက်ပျိုးရေးကိုသာ အားထားနေရဆဲဖြစ်သည်။

အားထားနေရသော စိုက်ပျိုးရေးကိုမှ အာခံပြီး၊ အဘယ့်ကြောင့် စက်မှုထူထောင်ရေးလမ်းစဉ်နောက်လိုက်လိုကြသနည်း ဟူသော မေးခွန်းသည် မေးစရာဖြစ်လာနိုင်ပါသည်။ မေးထိုက်သောမေးခွန်းလည်းဖြစ်ပါသည်။

များသောအားဖြင့် ဝင်ငွေအဆင့်နိမ့်ကျသောနိုင်ငံများတွင် လယ်ယာကဏ္ဍ၏ ကုန်ထုတ်စွမ်းအား (Productivity) သည် နိမ့်ကျသည်။ လူဦးရေအများစုသည် လယ်ယာကဏ္ဍတွင် အမှီပြုနေထိုင်ကြသည်။ လယ်ယာဖြင့်သာ လုပ်ကိုင်စားသောက်နေကြသည်။ တိုင်းပြည်ဝင်ငွေ၏ ရာခိုင်နှုန်းအများစု (တိုင်းပြည်ဝင်ငွေ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းအထိ) မှာလည်း လယ်ယာမှ ရရှိကြသည်။ လယ်ယာမှပင် စားသောက်ကုန်စည်များကို ထုတ်လုပ်ပေးသည်။ လယ်ယာမှပင် အလုပ်အကိုင်များ ရရှိသည်။ လယ်ယာမှပင် အရင်းအနှီးစုဆောင်းမှုများကို ရယူတတ်ကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုင်းပြည်ဝင်ငွေ (GDP) သည် လယ်ယာကဏ္ဍမှ အများဆုံး ရရှိကြသည်။ သို့သော်လည်း လယ်ယာထုတ်လုပ်မှုအခြေအနေသည် စက်မှုလယ်ယာအဆင့်ကို မရောက်သရွေ့ ထုတ်လုပ်နိုင်မှုစွမ်းအားလည်း နိမ့်နေသေးသည်ဖြစ်ရာ ထိုအခြေအနေတွင် တိုင်းပြည်ဝင်ငွေ (GDP) သည်လည်း လယ်ယာကဏ္ဍအပေါ် အားထားသည်နှင့်အမျှ ထိုတိုင်းပြည်၏ ဖွံ့ဖြိုးရေးမှာလည်း နိမ့်ကျဆဲ ဖြစ်နေပါမည်။ ထို့ကြောင့် လယ်ယာကဏ္ဍသည် အရေးပါသောအခြေအနေလည်း ရှိနေဆဲတွင်ပင် ဖွံ့ဖြိုးတိုးတက်မှုလည်း မြင့်မားစေလိုသော နိုင်ငံများအနေဖြင့် စက်မှုထူထောင်ရေးလမ်းစဉ်ကို လိုက်ကြရာ၌ စက်မှုအခြေခံသော လယ်ယာစီးပွားရေး တစ်နည်းအားဖြင့် ဝမ်းစာဖူလုံမှုအဆင့် စိုက်ပျိုးရေး (တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး Subsistence Agriculture) မှ စီးပွားဖြစ်စိုက်ပျိုးရေးသို့မဟုတ် စက်မှုလယ်ယာစိုက်ပျိုးရေးအဆင့် (Commercial Level Agriculture) သို့ ရောက်ရှိစေရန် ကြိုးပမ်းကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စက်မှုနိုင်ငံထူထောင်သည့်တိုင် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စက်မှုနိုင်ငံကိုသာ ထူထောင်ကြခြင်းဖြစ်သည်။ Chip ချင်းတူသည့်တိုင် Potato Chip သည်လည်း Potato Chip အလိုက် တိုးတက်နိုင်သလို Micro Chip သည်လည်း Micro Chip အလိုက် တိုးတက်နိုင်ပါသည်။ Potato Chip မှ Micro Chip သို့ ကူးပြောင်းမည်ဆိုလျှင်မူကား အခြေအနေများစွာကို စဉ်းစားသင့်သည်။

လယ်ယာတိုးတက်ရေးအတွက် လုပ်ဆောင်ချက်များ (Improving Agriculture)

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာကဏ္ဍအနေဖြင့် မည်ကဲ့သို့ တိုးတက်အောင်ပြုလုပ်မည်နည်းဟူသော မေးခွန်းရှိလာပါသည်။ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများတွင် စိုက်ပျိုး၍ မရနိုင်သော မြေများစွာ ရှိပါသည်။ ထို့အပြင် ပလပ်မြေများစွာလည်း ကျန်နေပါသေးသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် စိုက်ပျိုးထုတ်လုပ်နိုင်သော မြေရိုင်းများစွာရှိပါသေးသည်။ ယင်းသည် ဖွံ့ဖြိုးရေးအတွက် လမ်းစတစ်ခုဖြစ်သည်။ ထိုမြေများအတွက် လိုအပ်သော ဆည်မြောင်းများ၊ နည်းပညာများ၊ သုတေသနလုပ်ငန်းများစွာ ပံ့ပိုးနိုင်သည်နှင့်အမျှ လယ်ယာစိုက်ပျိုးနိုင်သောမြေအဖြစ် ဖန်တီးနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများ၊ ဆက်သွယ်ရေးသတင်းအချက်အလက်များ ရရှိနိုင်မှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း လိုအပ်ပါသည်။ ထို့အပြင် လယ်ယာမြေ

www.foreverspace.com.mm

စနစ်၊ ချေးငွေရရှိမှုအတွက် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၊ လိုအပ်သောမျိုးမှစ၍ သွင်းအားစုများအပြင် ဈေးနှုန်းပေါ်လစီများ ချမှတ်ကျင့်သုံးရန်လည်း လိုအပ်သည်။ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရေးတွင် အရေးကြီးသော လိုအပ်ချက်မှာ စက်မှုအတွက် အသုံးတည့်မည့် တစ်ဆက်တစ်စပ်တည်းရှိ လယ်ယာမြေများ ဖော်ထုတ်နိုင်ရေးဖြစ်သည်။ ယင်းသည် ပေါ်လစီနှင့် များစွာ သက်ဆိုင်သလို လုပ်ဆောင်ရာတွင်လည်း အခက်အခဲအရှိဆုံး ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံရှိ လယ်ယာမြေလုပ်ကွက်များသည် များသောအားဖြင့် လယ်ယာအရွယ်အစားများသေးငယ်သည်နှင့်အမျှ လယ်ယာမြေလုပ်ကွက် အရွယ်အစားများကလည်း ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တည်ရှိကြသည်။ ယင်းသည် စက်မှုလယ်ယာထူထောင်သည်ဖြစ်စေ၊ စီးပွားဖြစ် လယ်ယာစိုက်ပျိုးထုတ်လုပ်သည်ဖြစ်စေ အဟန့်အတားကြီးတစ်ခုအဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တွေ့ရှိနေရဆဲဖြစ်သည်။

လယ်ယာကဏ္ဍတိုးတက်ရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ သတင်းအချက်များ လျင်မြန်စွာနှင့် မှန်ကန်စွာရရှိနိုင်မှုတို့အပေါ်လည်း မူတည်နေပါသည်။ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၏ အဟန့်အတားများ ရှိခဲ့သည်။ 'ငှက်ပျောပင်စိုက်၊ မိလိုက်ဖလာ' ဆိုသည့် စကားမျိုးများသည် ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုတွင် အခြားသောလူများ မလုပ်ကိုင်နိုင်ရန် ဟန့်တားထားသလို မိဘရိုးရာရှိမှသာ စိုက်ပျိုးရသည့်သဘောမျိုးလည်း ရှိသည်။

လူတိုင်းအတွက် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိလာသည့်တိုင် စိုက်ပျိုးရေးနှင့်ဆိုင်သော သတင်းအချက်အလက်ရရှိနိုင်မှု၊ စိုက်ပျိုးထုတ်လုပ်ရေးအတွက် လိုအပ်သောနည်းပညာ၊ သွင်းအားစုများ၊ အရင်းအနှီးအတွက် ချေးငွေရရှိနိုင်မှုများနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ရရှိမှုတို့လည်း လိုအပ်လာပါသည်။ ထိုအချက်များ ရရှိနိုင်သည်နှင့်အမျှ စိုက်ပျိုးလုပ်ကိုင်သူအတွက်လည်း အကျိုးအမြတ် များလာနိုင်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်ပါသည်။ ထို့လိုအပ်ချက် ငွေကြေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်မှ ရယူနိုင်သော အခွင့်အရေးလည်း ရှိရမည်ဖြစ်ပါသည်။

များသောအားဖြင့် ထိုလိုအပ်သော စိုက်ပျိုးစရိတ် အရင်းအနှီးများကို အစိုးရအနေဖြင့် ထုတ်ချေးလေ့ရှိကြသည်။ ယင်းအတွက် အားသာချက်များရှိသလို အားနည်းချက်များလည်း ရှိနိုင်ပါသည်။ အားသာချက်မှာ စိုက်ပျိုးစရိတ်အတွက် လိုအပ်သော အရင်းအနှီးကို အတိုးသက်သက်သာသာဖြင့် ရရှိခြင်းဖြစ်သည်။ အားနည်းချက်ကတော့ အတိုးသက်သက်သာသာဖြင့် ရရှိခွင့်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်ရာတွင် Motivation နည်းတတ်ကြခြင်းဖြစ်သည်။ များသောအားဖြင့် လွယ်လွယ်ရသော အရင်းအနှီးကို လွယ်လွယ်သုံးမိတတ်လျှင် အရင်းအနှီးလည်း ဆုံးရှုံး၊ စိုက်ပျိုးရေးလည်း အညွှန့်တုံး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း ကတုံးအတိုင်း ရှိတတ်ပါသည်။ ယင်းသာဓကမျိုးများသည် လက်တင်အမေရိကနိုင်ငံအတော်များများနှင့် အရှေ့

www.foreverspace.com.mm

တောင်အာရှရှိ ဖိလစ်ပိုင်လို နိုင်ငံမျိုးများတွင် တွေ့ရှိရတတ်ပါသည်။

ဖြစ်ပေါ်လာခဲ့သော လယ်ယာစိုက်ပျိုးရေး (Historical Perspective on Agricultural Development)

လယ်ယာများဖွံ့ဖြိုးတိုးတက်လာမှုသမိုင်းကို လေ့လာမည်ဆိုပါက အုပ်စိုးလေးပိုင်းခွဲခြားပြီး လေ့လာနိုင်ပါသည်။ ပထမကာလသည် အကြမ်းဖျင်းအားဖြင့် ဘီစီ နှစ် ၁၀,၀၀၀ (10,000 years B.C) လောက်က မြေယာများကို ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးခဲ့ချိန်ဖြစ်သည်။ ထိုစဉ်အခါက လူတို့သည် အမဲလိုက်ခြင်းနှင့် စုပေါင်းနေထိုင်ခြင်းဓလေ့ ရှိခဲ့သည်။ ရာသီဥတုများပြောင်းလဲလာခြင်း၊ အအေးလွန်နှစ် (Ice Age) နောက်ပိုင်းတွင် လူတို့သည် မြေကြီးပေါ်တွင် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်လာကြသည်။ အရှေ့အလယ်ပိုင်းဒေသများတွင် ဘာလီပင်ရိုင်းများ၊ ဂျုံရိုင်းပင်များမှ စိုက်ပျိုးနိုင်သည့်အပင်များဖြစ်လာအောင် ပြုလုပ်လာကြသည်။ အရိုင်းပင်များမှ ဆွတ်ယူစားသုံးခြင်းထက် စိုက်ပျိုးခဲ့သောသီးနှံများမှ ဆွတ်ယူစားသုံးနိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့သည်။

ဒုတိယအဆင့်တွင် စိုက်ပျိုးမြေယာများဖော်ထုတ်လာခြင်း၊ မိရိုးဖလာစိုက်ပျိုးသည့်ဓလေ့ကို အစဉ်တစိုက်အသုံးပြုလာပြီး တိရစ္ဆာန်များကိုပါ တွဲဖက်မွေးမြူလာကြသည်။ ယင်းစနစ်သည် မျက်မှောက်ကာလတိုင်သည့်အထိ အချို့ဒေသများတွင် ရှိဆဲဖြစ်သည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ စားနပ်ရိက္ခာ၏ အရေးပါမှုကိုလည်း သိမြင်လာကြသည်။ စိုက်ပျိုးသည့် နည်းစနစ်များသည်လည်း ဒေသများကွာခြားသည်နှင့်အမျှ နည်းစနစ်နှင့် စိုက်ပုံစိုက်နည်းများ၊ စိုက်ပျိုးသည့် သီးနှံအမျိုးအစားများလည်း ကွဲပြားလာကြသည်။

တတိယကာလသည် ၁၉ ရာစုအလယ်ပိုင်းလောက်ဆီမှ စတင်ပါသည်။ သိပ္ပံနည်းပညာများထွန်းကားလာသော အချိန်၊ စက်မှုလုပ်ငန်းများ ထွန်းကားလာသောအချိန်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးသည် စိုက်ပျိုးထုတ်လုပ်ခြင်းများအပြင် လယ်ယာထွက်ကုန်များကို ကူးသန်းရောင်းဝယ်မှုအဆင့်ထိ တိုးတက်လာခဲ့သည်။ စိုက်ပျိုးရေးတွင် စီးပွားဖြစ်သီးနှံများကို စိုက်ပျိုးလာကြပြီး တိရစ္ဆာန်မွေးမြူရေးကိုလည်း စီးပွားဖြစ်မွေးမြူ၍ ရောင်းဝယ်ဖောက်ကားလာသည့်ကာလဖြစ်သည်။ ဓာတ်မြေဩဇာများကို အသုံးပြုလာခြင်း၊ ပိုးမွှားများကျရောက်မှုများကို ကာကွယ်လာနိုင်သော ကာလပိုင်းလည်းဖြစ်သည်။ စက်မှုထွန်းကားလာခြင်း၊ ပြည်သူ့လုပ်ငန်းဆိုင်ရာ လမ်းတံတား၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများလည်း ကောင်းမွန်လာသော ကာလလည်းဖြစ်သည်။ ယင်းတို့သည် လယ်ယာစိုက်ပျိုးရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။ လယ်ယာစိုက်ပျိုးရေးအား ခေတ်မီသည့်အဆင့်ကို ရောက်စေသည်။ ထိုကာလတွင် လယ်ယာ ထွက်ကုန်ထုတ်လုပ်မှုများတိုးတက်လာသည့် အလျောက်၊ စူးစိုက်အားထုတ် စိုက်ပျိုးလုပ်ကိုင်မှု (Intensive Farming) အနေအထားသို့ ရောက်ရှိစေသောကာလ ဖြစ်သည်။

စတုတ္ထကာလကား လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်သော အစိုးရပေါ်လစီများ၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ၊ လယ်ယာသီးနှံများအတွက် ဈေးကွက်အနေအထားဖြစ်တည်လာမှုများ စသည်တို့ထွန်းကားခဲ့သောကာလ ဖြစ်သည်။ တတိယကာလအတွင်း ထွန်းကားခဲ့သော စိုက်ပျိုးရေးဆိုင်ရာဖွံ့ဖြိုးမှုအသီးအပွင့်များကို စနစ်တကျ စီးပွားဖြစ် အသုံးချလာသောကာလဖြစ်သည်။ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် စနစ်တကျအသုံးချခြင်း မရှိခဲ့မှုကြောင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် ထိန်းချုပ်နိုင်မှုအားနည်းခဲ့ခြင်းများရှိခဲ့သည့်အလျောက် စတုတ္ထကာလတွင် အကျိုးအမြတ်ရရှိနိုင်မှုအခွင့်အလမ်းနည်းခဲ့ရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများအဖို့ အဖွဲ့အစည်း၊ အသိုင်းအဝိုင်း (Institutional Factors) ဖြင့် အခွင့်သာခဲ့သောကာလဖြစ်သည်။ များသောအားဖြင့် ဖွံ့ဖြိုးမှုကို ထူထောင်ရာတွင် အဖွဲ့အစည်းအနေအထား (Institutional Environment) သည် အရေးပါသော ကာလဖြစ်သည်။ အဖွဲ့အစည်းအနေအထား ကောင်းလျှင် တည်ရှိသော ဈေးကွက်အနေအထားလည်း ခိုင်မာသည်။ စိုက်ပျိုးရေးတွင် ထုတ်လုပ်မှုအရဖြစ်စေ၊ ရောင်းဝယ်ဖောက်ကားမှုတွင်ပင်ဖြစ်စေ အခွင့်သာသည်။ အဖွဲ့အစည်းကောင်းလျှင် လယ်ယာစိုက်ပျိုးထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ပညာပေးလုပ်ငန်းများလည်း ထိရောက်အောင်မြင်သည်။ ထို့ကြောင့် လယ်ယာဖွံ့ဖြိုးတိုးတက်ရေး၏ စတုတ္ထကာလအုပ်စိုးအခြားကို Institutional Revolution ခေတ်ဟုလည်း တင်စားပြောဆိုကြပါသည်။

လယ်ယာကဏ္ဍတိုးတက်ရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ သတင်းအချက်များ လျင်မြန်စွာနှင့် မှန်ကန်စွာရရှိနိုင်မှုတို့အပေါ်လည်း မူတည်နေပါသည်။ မိရိုးဖလာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၏ အဟန့်အတား များ ရှိခဲ့သည်။

ဒေါက်တာမောင်မောင်စိုး
(ဘောဂဗေဒ)

■

www.foreverspace.com.mm

မြန်မာ့သရက် ပါရာဒိုင်းအရွေ့

ဟံသာထွန်း

မြန်မာနိုင်ငံ၌ စိုက်ပျိုးထွက်ရှိသည့် သရက်မျိုးများတွင် စိန်တစ်လုံး၊ မြကျောက်၊ ရွှေဟင်္သာ၊ အောင်ဒင်တို့သည် နာမည်ကျော် သရက်မျိုးကောင်းများဖြစ်ပြီး ပြည်ပဈေးကွက်အရည်အသွေးမီ သရက်မျိုးများဖြစ်ကြောင်း သရက်ဈေးကွက်ကျွမ်းကျင်သူများက ဆိုကြသည်။ ပြည်တွင်းစားသုံးမှုတွင် မချစ်စု၊ ရင်ကွဲသရက်မျိုးများမှာ ထင်ရှားပြီး လူကြိုက်များသည့် သရက်မျိုးများဖြစ်သည်။

သရက်သည် ပြည်ပပို့ကုန်တန်းဝင် သစ်သီးဝလံတစ်မျိုးဖြစ်သော်လည်း မြန်မာ့သရက်မျိုးများကို ပြည်ပဈေးကွက်သို့ တင်ပို့ခြင်းမှာမူ မကြာမြင့်သေးပေ။ မိမိနိုင်ငံနှင့် ရေမြေသဘာဝရာသီဥတု နီးစပ်မှုရှိသည့် နိုင်ငံများသည် သရက်ပြည်ပပို့ကုန်လုပ်ငန်းနှင့် ကမ္ဘာ့ဈေးကွက်ထဲမှ ဒေါ်လာများ သွဲ့ယူနေခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သော်လည်း မြန်မာ့သရက်၏ ကမ္ဘာ့ဈေးကွက်တိုးဝင်မှုမှာ ကနဦးအစ အဆင့်မျှသာ ရှိပါသေးသည်။

အသီးမှာသရက်ဆိုသည့် ဆိုရိုးအတိုင်း မြန်မာများသည် သရက်သီးပေါ်ခိုန်ဆိုလျှင် သရက်သီးကို နှစ်နှစ်ခြိုက်ခြိုက် စွဲစွဲလမ်းလမ်း စားသုံးတတ်ကြသည်။ မြန်မာ့သရက်မျိုးများထဲတွင် စိန်တစ်လုံးသရက်သည် အချိုဆုံးနှင့် အကောင်းဆုံးဆိုသည်ကို သုတေသီများက ဖော်ထုတ်လေ့လာခဲ့ကြသည်။ ကမ္ဘာ့ဈေးကွက်၌ တွင်ကျယ်နေသည့် ဖိလစ်ပိုင်သရက်ဆိုင်ဆိုလျှင် အချိုဓာတ် ၁၄ ရာခိုင်နှုန်းခန့် ရှိနေခိုန်တွင် မြန်မာ့စိန်တစ်လုံးသည် အချိုဓာတ် ၂၀ ရာခိုင်နှုန်းကျော် ရှိနေသည်ကိုလည်း ပြည်ပနိုင်ငံမှ သစ်သီးဝလံသုတေသီများကိုယ်တိုင် လက်ခံအတည်ပြုခဲ့ပြီး ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် နေရာယူထားသည့် ဖိလစ်ပိုင်၊ အိန္ဒိယ၊ ပါကစ္စတန် သရက်တို့ထက် မြန်မာ့စိန်တစ်လုံးသည် အချိုဓာတ်ကဲသောကြောင့် ပြည်ပဈေးကွက်တွင် နေရာယူရန် တာစူလျက်ရှိသည်။ မြန်မာများသည် သရက်ကို ခုံခုံမင်မင်စားကြလေ့ရှိသော်လည်း စိန်တစ်လုံးမစားရရင် မနေနိုင်ပါဟုဆိုခြင်းမျိုးတော့ မရှိပေ။ မချစ်စု၊ ရင်ကွဲစားရလျှင်ပင် လုံလောက်သောကြောင့် စိန်တစ်လုံးကို နိုင်ငံခြားဈေးကွက်ပို့သည့်အတွက် မြန်မာ့သရက်သီး

www.foreverspace.com.mm

ဈေးကွက်စီးပွားရေးမတိုင်မီကာလများတွင် မြန်မာ့သရက်မျိုးကောင်းများ ဖြစ်သည့် စိန်တစ်လုံး၊ မြကျောက်သရက်များအား ဌာနဆိုင်ရာမှ ပြည်ပသို့ တင်ပို့ခဲ့ကြဖူးသည်။ ထိုစဉ်က ဥစ္စာရင်လို ဥစ္စာရင်ခဲ ဖိဖိစီးစီးမဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ပသို့ သရက်တင်ပို့သည့်လုပ်ငန်းသည် ထင်သလောက်ခရီးမပေါက်ခဲ့ဘဲ အခက်အခဲများနှင့် တွေ့ကြုံခဲ့ရသည်။

စားသုံးမှုလောကၭ ထူးထူးခြားခြားသက်ရောက်မှု မရှိနိုင်ပေ။ စိန်တစ်လုံးများအား ပြည်ပဈေးကွက် ပို့မိုတင်ပို့နိုင်လေ နိုင်ငံအတွက် နိုင်ငံခြားငွေ ပိုမိုတိုးလာမည်ဖြစ်သောကြောင့် အားပေးကြရမည်ဖြစ်သည်။

မြန်မာ့သရက်သီးများ ပြည်ပဈေးကွက်သို့တင်ပို့ရာတွင် သတိပြုသင့်သည့် အချက်များမှာ ရင့်မှည့်မှုညီညာရန်၊ အသီးလုံး အရွယ်ညီရန်၊ နွမ်းရိခြင်းကင်းမဲ့ပြီး မရှုံ့မတွဲဘဲ တင်းရင်းနေရန်၊ နေလောင်ခြင်း လက္ခဏာကင်းရန်၊ ပိုးထိုးပိုးကိုက်ရာမရှိ စေရဘဲအခွံပေါ်တွင်လည်း အစက်အပြောက်ကင်းရန် လိုအပ်သည်။ မွှေးရနံ့ရှိလျှင်လည်း ဈေးကွက်က ပိုမိုအကြိုက်တွေ့တတ်ပါသည်။ ယင်းတို့မှာ အပြင်ပန်းလက္ခဏာများဖြစ်ပြီး၊ အတွင်းပိုင်းဆိုင်ရာ အရည်အသွေးများမှာ အချိုဓာတ်အနည်းဆုံး ၂၀ ရာခိုင်နှုန်း ပါဝင်ရန်၊ ပျမ်းမျှအချဉ်ဓာတ် ၀.၄ ရာခိုင်နှုန်းမှ ၀.၄၅ ရာခိုင်နှုန်းရှိရန်၊ ခွဲကြည့်ပါက အတွင်းသားတွင် ပိုးပါခြင်းနှင့် ပိုးဝင်ထားသော လက္ခဏာများမရှိရန် လိုအပ်သည်။ အမျှင်နည်း၊ အသားထူ၊ အစေ့သေးလျှင် ပိုမိုကောင်းမွန်ပြီး ထိုအချက်များသည် မြန်မာ့သရက်များကို ပြည်ပတင်ပို့မည့်သူများ သိထားသင့်သည့် အဓိကအချက်များ ဖြစ်သည်။

ဈေးကွက်စီးပွားရေးမတိုင်မီကာလများတွင် မြန်မာ့သရက်မျိုးကောင်းများဖြစ်သည့် စိန်တစ်လုံး၊ မြကျောက်သရက်များအား ဌာနဆိုင်ရာမှ ပြည်ပသို့တင်ပို့ခဲ့ကြဖူးသည်။ ထိုစဉ်က ဥစ္စာရင်လို ဥစ္စာရင်ခဲ ဖိဖိစီးစီးမဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ပသို့ သရက်တင်ပို့သည့်လုပ်ငန်းသည် ထင်သလောက်ခရီးမပေါက်ခဲ့ဘဲ အခက်အခဲများနှင့် တွေ့ကြုံခဲ့ရသည်။ ပြည်ပဈေးကွက်အရောက်တင်ပို့လိုက်သည့် သရက်များသည် မှည့်ဝင်းမနေဘဲ စိမ်းနေခြင်းမျိုး၊ လမ်း၌ စနစ်တကျသယ်ယူပို့ဆောင်မှုမလုပ်ခဲ့၍ အသီးနာရခြင်းမျိုး၊ အလုပ်ဖြစ်ပြီးရော ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဈေးကွက်တင်သည့်အခါ အသီးများ အကြီးအသေးမညီဖြစ်ခဲ့ရခြင်းမျိုး၊ ပြည်ပဈေးကွက်ရောက်သည့်အခါမှ ပိုးပြဿနာများတွေ့ရခြင်းမျိုး စသည်တို့သည် သရက်ပြည်ပပို့ကုန်လုပ်ငန်း၏ အတိုက်မှ သင်ခန်းစာများပင်ဖြစ်သည်။

သစ်သီးဝလံတစ်မျိုးကို ပြည်ပတင်ပို့ရန် ရည်ရွယ်စိုက်ပျိုးပြီဆိုပါက မြေစမ်းခရမ်းပျိုး ကနဦးလုပ်ငန်းအစကို ဂရုတစိုက်ဆောင်ရွက်တတ်သည့်အလေ့အကျင့်မွေးမြူကြရန် လိုအပ်သည်။ ပြည်တွင်းစားသုံးမှုအတွက် လုပ်ရိုးလုပ်စဉ်စိုက်ပျိုးထုတ်လုပ်မှုပုံစံမျိုးနှင့် မရပေ။ နိုင်ငံခြားဝင်ငွေရမည့်ကိစ္စဖြစ်သောကြောင့် အရေးတယူ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းလည်းဖြစ်ပါသည်။ သစ်သီးဝလံတင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေ သဲ့ရှာနေသော ကမ္ဘာ့နိုင်ငံများတွင် မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်နေသည်ကိုပါ အတုယူလေ့လာသင့်သည်။

ထို့ပြင် ပြည်တွင်းမှ သရက်စိုက်ပျိုးမှုပုံစံကိုလည်း ပြန်ပြောင်းလေ့လာသင့်သည်။ မြန်မာနိုင်ငံတွင်မူ မိဘရိုးရာဘိုးဘွားအစဉ်အလာအရ သရက်ပင်ကို ကိုယ့်အိမ်ကိုယ့်ယာတွင်ပင် အစိုက်များပြီး စီးပွားဖြစ်မြေဧရိယာကျယ်ကျယ်တွင် စိုက်ခင်းကြီးများနှင့် စိုက်ခြင်းမျိုးနည်းသည်။ စိုက်ခင်းများနှင့် စနစ်တကျမစိုက်ခဲ့ကြသောကြောင့် ပြည်ပတင်ပို့ရန်ကိစ္စ ပေါ်ပေါက်လာသည့်အခါ အိမ်ခြံများအတွင်းမှ ကောက်သင်းကောက် လိုက်လံစုဆောင်းရသည်။ အချိန်နှင့်စရိတ် ကုန်စေ၍ နောက်ပိုင်း ပြည်ပဈေးကွက်ဝင်လာသည်နှင့်အမျှ အမြော်အမြင်ကြီးသူများက သရက်ကို စနစ်တကျ စိုက်ခင်းကြီးများနှင့် စီးပွားဖြစ်လုပ်ကိုင်လာကြသည်။ သရက်ခြံကြီးများဖြင့် စနစ်တကျလုပ်ကိုင်သည့်အတွက် ပြည်ပတင်ပို့မည်ဆိုပါက လွန်စွာအထောက်အကူဖြစ်စေပြီး ထိန်းသိမ်းစောင့်ရှောက်ရသည်မှာ ပိုမိုစနစ်ကျလာသည်။ ထို့ကြောင့် သရက်ပြည်ပတင်ပို့မည်ဆိုပါက စနစ်တကျစိုက်ပျိုးလုပ်ကိုင်မှု (Farm Management) အပိုင်းမှာ လွန်စွာအရေးပါလာသည်ကိုတွေ့ရသည်။ ဥပမာ–စိန်တစ်လုံး၏ မူလနယ်မြေမှာ မန္တလေး၊ ကျောက်ဆည်နယ်တစ်ဝိုက်ရှိ ဟန်မြင့်မိုရ်ဖြစ်သည်။ တစ်ချိန်က စိန်တစ်လုံးနယ်မြေသည် ကျောက်ဆည်နယ်ဘက်ဟုပြောနိုင်သော်လည်း ယခုအခါ စိန်တစ်လုံးသရက်များ အင်နှင့်အားနှင့် လုပ်ကိုင်လာနေသည့် ရပ်စောက်နယ်မြေကို စိန်တစ်လုံးနယ်မြေအဖြစ် လက်ညှိုးညွှန်ပြလာကြရတော့မည်ဖြစ်သည်။ ဈေးကွက်ရလာသည်နှင့်အမျှ အရည်အသွေးမြင့်ထုတ်လုပ်မှုများ အံ့နှင့်ကျင်းနှင့်လိုက်လာမည့်သဘော တွေ့နေကြရသည်။

ဈေးကွက်စီးပွားရေးစနစ် ဖွင့်ခဲ့ပြီးသည့်နောက် မြန်မာ့သရက်ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း သိသိသာသာလိုက်မလာခဲ့သေးဘဲ နယ်စပ်ကုန်သွယ်ရေးမှ ဈေးဝယ်ပို့မပို့ရခြင်းမျိုးနှင့်ပင် စခန်းသွားနေခြင်းမျိုးတွေ့ခဲ့ကြရသည်။ အချို့နှစ်များတွင်မူ ဝယ်ယူနေရာမှ ရုတ်တရက် မဝယ်တော့

www.foreverspace.com.mm

ခြင်းမျိုး ကြုံခဲ့ရသည့် နှစ်များလည်း ရှိခဲ့သည်။ အကြောင်းမှာ မြန်မာသရက်မျိုးများကို ပြည်ပမှ ဝယ်ယူ၊ ဝယ်ယူလိုက်သည့် သရက်မှအစေ့ကို ပြည်ပတွင် ပြန်စိုက်၊ အသီးစမ်းသည့်နှစ်ရောက်သော် မဝယ်တော့သည့်ပုံစံမျိုးဖြစ်သည်။ သို့သော် ရေမြေကိုလိုက်၍ စိန်တစ်လုံးမှာ မြန်မာ့ရေမြေကထွက်သည့် စိန်တစ်လုံးအရသာကိုဖြင့် မမြိကြပေ။ စိန်တစ်လုံးသည် မြန်မာ့မျိုးရင်းစစ်စစ်ဖြစ်၍ ဒီအင်နှံအများအရ မူပိုင်လုပ်ရန်ကိုပင် သက်ဆိုင်ရာက ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်သည်။ သီးလာသည့်အသီးမှာ အရသာမမီ၍ အရသာကောင်းမွန်သည့် မြန်မာ့သရက်ကိုပင် နယ်စပ်မှ ပြန်တင်ပို့လာကြသည်ကိုတွေ့ရသည်။ နယ်စပ်ကုန်သွယ်ရေးစနစ်ဖြင့် အိမ်နီးချင်းနိုင်ငံများအား သရက်သီးတင်ပို့ခဲ့စဉ်က ရောင်း မက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀ ဈေးခန့်သာရ၍ သရက်တန်ချိန် တစ်သောင်းခန့် ရောင်းလျှင် အမေရိကန်ဒေါ်လာနှစ်သန်းခန့်သာ ရခဲ့သည်။ ပျမ်းမျှအားဖြင့် သုံးလုံး တစ်ကီလိုစီးသည့်အသီးမျိုးမှ ပြည်ပဈေးကွက်ဝင် ရောင်းပန်းလှသောကြောင့် သီးလုံးရေသန်း ၃၀ ခန့်တင်ပို့မှ ဒေါ်လာနှစ်သန်းလောက်သာရသဖြင့် တစ်လုံးအတွက် ရသည့်ဈေးမှာ ဝ.၀၆ ဒေါ်လာ (မြန်မာငွေ ၆၀ ကျော်ခန့်)ပင် ရခဲ့သောကြောင့် ပြည်ပတင်ပို့၍ရသော နိုင်ငံခြားဝင်ငွေမှာ မပြောပလောက်သောပမာဏသာ ဖြစ်ခဲ့သည်။

မြန်မာသရက်များ ပြည်ပတင်ပို့မှုတွင် အဓိကအဟန့်အတားပြဿနာမှာ အရည်အသွေးထိန်းသိမ်းနိုင်မှုပင်ဖြစ်ပြီး ယင်းကို ဖြေရှင်းနိုင်ရန် ပြင်ဆင်ပြောင်းလဲမှုတစ်ခု မြန်မာ့သစ်သီးဝလံလုပ်ငန်းတွင် ပေါ်ထွက်လာခဲ့သည်။ ယင်းမှာ ပြည်ပပညာရှင်များအကူအညီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အစေးခန်းနှင့် ထုပ်ပိုးစက်ရုံကို ပထမဆုံးထူထောင်နိုင်ခဲ့ခြင်းပင်ဖြစ်ပြီး သစ်သီးပို့ကုန်သမားများ အထူးအားကိုးအားထားပြုရမည့် နေရာဌာနတစ်ခု ဖြစ်လာခဲ့သည်။ မြန်မာ့သရက် ပြည်ပတင်ပို့မှုအနေအထားကို ဆွေးနွေးကြည့်ပါက ၂၀၀၅–၂၀၀၆ သရက်သီးရာသီကုန်သည့် ဇူလိုင်လထိ ၂၀၀၄–၂၀၀၅ ခုနှစ်ကထက် တင်ပို့မှု ၁၁၂ ရာခိုင်နှုန်းတိုးတက်တင်ပို့နိုင်ခဲ့သည်။ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ သရက်သီး (စိန်တစ်လုံး) တန် ၂၀ ခန့် စမ်းသပ်၍ ပြည်ပဈေးကွက်များဖြစ်သည့် စင်ကာပူနှင့် ဟောင်ကောင်သို့ စတင်တင်ပို့နိုင်ခဲ့ရာ ဈေးကွက်တုံ့ပြန်မှု ကောင်းမွန်ခဲ့သည်။ ဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀ ဈေးရ ခဲ့၍ နယ်စပ်ကုန်သွယ်ရေးဘက်မှလည်း မြန်မာ့စိန်တစ်လုံးကို ဈေးပိုပေးလာကြသည်ကို တွေ့ရသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် သရက်သီးအများဆုံးထုတ်လုပ်သော ထိပ်တန်းနိုင်ငံ ငါးခုမှာ တရုတ်၊ ပါကစ္စတန်၊ ဘရာဇီး၊ မက္ကဆီကို နှင့် အိန္ဒိယတို့ဖြစ်သည်ဟု သိရသည်။ ယင်းနိုင်ငံများအနက် တရုတ်၊ ပါကစ္စတန်၊ အိန္ဒိယတို့မှာ အာရှတိုက်နိုင်ငံများဖြစ်ပြီး တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် မြန်မာ့အိမ်နီးချင်းနိုင်ငံများလည်းဖြစ်သည်။ တရုတ်နှင့် အိန္ဒိယတို့သည် ကမ္ဘာပေါ်၌ လူဦးရေထူထပ်သောနိုင်ငံများဖြစ်သဖြင့် သရက်ကိုစိုက်ပျိုးသရွေ့ စားသုံးပစ်ကြပုံရသည်။ အိန္ဒိယသည် ကမ္ဘာပေါ်တွင် သရက်နှင့် ပတ်သက်၍ နာမည်ကျော်ကြားပြီး သရက်ကိုလည်း ခုံခုံမင်မင်ကြိုက်နှစ်သက်ကာ စားသုံးမှုမှ ပိုလျှံသည်များကို မူတစ်နည်းတစ်ဖုံ ပြုပြင်ပြောင်းလဲပြီး စားကုန်သစ်များအဖြစ် ထုတ်လုပ်ကြသည်ကို တွေ့ရသည်။ ဥပမာ–သရက်ယို၊ သရက်သီးသနပ်၊ သရက်သီးခြောက်၊ သရက်ဖျော်ရည် စသည်တို့ဖြစ်ပြီး အိန္ဒိယထွက်ကုန်များအဖြစ် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့သည်။

www.foreverspace.com.mm

အိန္ဒိယသည် သရက်သီးကို ပြည်ပနိုင်ငံများသို့ အသီးအတိုင်း တင်ပို့ရုံမက သရက်သီးထွက်ကုန်များကိုလည်း တင်ပို့နေပြီး တရုတ်ကမူ ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတသဖြင့် မိမိနိုင်ငံမှ ထွက်ရှိသော သရက်သီးကိုပင် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဝယ်ယူနေရသည်။

ပါကစ္စတန်သရက်သည် ကမ္ဘာ့သရက်ပို့ကုန်လောက၌ နာမည်ရသည်။ ၂၀၀၄ ခုနှစ်က ပါကစ္စတန်သရက်ကို ပြည်ပသို့ တန်ချိန် ၇၇,၀၀၀ တင်ပို့ခဲ့ပြီး ၂၀၀၅ ခုနှစ်၌ တန်ချိန်တစ်သိန်းတင်ပို့ရန် မျှော်မှန်းထားကာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ ရရှိရာမှ ၄၀၀ ဈေးခန့်အထိ ရလာမည့် အလားအလာ ရှိနေသည်။ ၂၀၀၄ ခုနှစ် ပါကစ္စတန်သရက်ထုတ်လုပ်မှု တန်ချိန်တစ်သိန်းနှင့် နှိုင်းယှဉ် ကြည့်ပါက ပြည်ပတင်ပို့မှုသည် ၇၀ ရာခိုင်နှုန်းခန့်ဖြစ်သည်။ ပါကစ္စတန်သရက်သည် လတ်တလော မြန်မာနိုင်ငံမှ သရက်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက အရေအတွက်အားဖြင့်များပြီး ဈေးနှုန်းအားဖြင့် သက်သာကာ ယှဉ်ပြိုင်ရမည့်အနေအထား၌ ရှိနေသည်။

ဘရာဇီးနှင့် မက္ကဆီကိုတို့သည် အီကွေတာနှင့်နီးသောဒေသများဖြစ်သောကြောင့် သရက်သီးစိုက်ပျိုးထွက်ရှိ အောင်မြင်သော်လည်း မြန်မာ့သရက်အတွက်မူ ဈေးကွက်ယှဉ်ပြိုင်ဘက်ဖြစ်လာရန် အကြောင်းမရှိပေ။ သရက်သီးသည် တာရှည်ခံသီးနှံတစ်ခုမဟုတ်သဖြင့် ဘရာဇီး၊ မက္ကဆီကို ထွက် သရက်များသည် သူ့ဈေးကွက်နှင့် သူ့သရက် အဆင်ပြေနေသောသဘော ရှိနေပါသည်။ မြန်မာ့သရက်ဈေးကွက်သို့ ဘရာဇီးနှင့် မက္ကဆီကိုသရက်များ ဝင်မလာနိုင်သကဲ့သို့၊ ဘရာဇီးနှင့် မက္ကဆီကို သရက်ဈေးကွက်သို့လည်း မြန်မာသရက်များ ထိုးဖောက်ဝင်ရောက်သွားဖွယ်ရာ မရှိပေ။ သရက်သည် တာရှည်ခံသစ်သီးဝလံတစ်ခု မဟုတ်သဖြင့် ၎င်း၏ စင်တင်သက်တမ်းသည် အကန့်အသတ်ဖြင့် ရှိနေသည်။

၂၀၀၄–၂၀၀၅ ခုနှစ်(ဧပြီလမှ ဇွန်လအတွင်း)သရက်ရာသီအတွင်း ပြည်ပသို့ သရက်သီးတန်ချိန် ကိုးထောင်ကျော် တင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၁.၈ သန်း ရရှိခဲ့သည်။ ၂၀၀၅–၂၀၀၆ သရက်ရာသီအတွင်းတွင်မူ တန်ချိန်နှစ်သောင်းကျော်တင်ပို့ခဲ့ရာမှ အမေရိကန်ဒေါ်လာ ၁၂ သန်းကျော် ရရှိခဲ့သည်။ ယင်း တစ်နှစ်တာကာလအတွင်း ပြည်ပတင်ပို့မှုပမာဏမှာနှစ်ဆကျော် တိုးတက်လာခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားဝင်ငွေခြောက်ဆကျော် တိုးတက်လာသည်ကို တွေ့ရပါသည်။ တင်ပို့မှုပမာဏနှစ်ဆတက်လာသဖြင့် ဝင်ငွေအနေနှင့် ယခုနှုန်းထားထိ တိုးလာသင့်သည် မှန်သော်လည်း နိုင်ငံခြားဝင်ငွေခြောက်ဆ တိုးလာသည်ကိုကြည့်ခြင်းဖြင့် မြန်မာ့သရက်ဈေးပို ရလာသည်ကို သိသာစွာတွေ့နိုင်ပါသည်။ သရက်သီးကလည်း ဈေးကောင်းရ၊ တင်ပို့မှုပမာဏကလည်း ဆထက်တိုးလာလျှင် မြန်မာ့သရက် ပြည်ပတင်ပို့သည့် လုပ်ငန်း၏ အလားအလာမှာ အထူးပင် ကောင်းမွန်နိုင်သည်။ ယခုနှစ်၌ ယခင်နှစ်ကထက်သရက်ပို့ကုန်မှာ ဝင်ငွေခြောက်ဆပိုရခဲ့သည်ကိုပြန်ကြည့်လျှင် နယ်စပ်ကုန်သွယ်ရေးမှတင်ပို့ခြင်းက အဓိကဖြစ်သည်။ ယခုနှစ် ပြည်ပသို့တင်ပို့သည့် သရက်သီးများတွင် စိန်တစ်လုံးသရက်သီးသည် ယခင်ကအတိုင်း ထိပ်ဆုံးနေရာတွင် ရှိနေသည်။

ယခုနှစ် မြန်မာ့သရက် ပြည်ပတင်ပို့မှုတိုးတက်မှုကို ပြန်ဆန်းစစ်ကြည့်ပါက သက်ဆိုင်ရာ၏ အားပေးမှုနှင့် မီဒီယာများမှ ဝိုင်းဝန်းပံ့ပိုး အလေးထားပေးမှုကြောင့် ဖြစ်သည်။ ထို့ပြင် လိုအပ်သောနည်းပညာများ ကူးလူးရောက်ရှိလာခြင်း၊ စက်ကိရိယာ၊ အအေးခန်းနှင့်ထုပ်ပိုးစက်ရုံတို့ကဲ့သို့ လိုအပ်ချက်များအတွက် အခြေအနေကောင်းများ ပေါ်ပေါက်မှု၊ စိုက်ပျိုးထုတ်လုပ်သူပိုင်း၏ စိတ်ပါဝင်စားအားထည့်လုပ်ဆောင်မှု၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ ကိုယ်ဖိရင်ဖို ဆောင်ရွက်ခဲ့မှုများကြောင့်လည်းဖြစ်သည်။ ကြီးကြပ်ပေးသောဌာနဆိုင်ရာများ၏ သရက်သီးပြည်ပတင်ပို့ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးမှု၊ အချိန်ကိုက် လှုပ်ရှားနိုင်အောင် ကူညီပံ့ပိုးပေးခဲ့မှုများကြောင့်လည်း ယခုကဲ့သို့ တိုးတက်ရခြင်းဖြစ်သည်။

မြန်မာ့သရက်မျိုးများသည် အမှန်တကယ်အရည်အသွေးကောင်းခြင်းကြောင့် ယခုထက်ပို၍ ကမ္ဘာ့ဈေးကွက်ထဲတွင် ထိုးဖောက်သင့်ပါသည်။ ဤကဲ့သို့ ဈေးကွက်အတွင်း ပိုမိုထိုးဖောက်ရန်၊ လူသိများရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာသွားကြရန်လိုပြီး မြန်မာ့သရက်ကို ကမ္ဘာက ယခုထက်ပိုသိလာပါက ဈေးကွက်ကောင်းများကို ပိုမို လက်လှမ်းမီလာမည်ဖြစ်သည်။

ဟံသာထွန်း

■

www.foreverspace.com.mm

(ယခင်လမှအဆက်)

really matters. ကျန် တဲ့ 80 percent က အရေးမကြီးဘူး။ ဒါပေမဲ့ Sometime we find that managers focusing on the less important 80 percent and not on the 20 percent. What is that 20 percent? UN မှာလည်း အခု အခက်အခဲဖြစ်နေတယ်။ Because we want to do everything for everyone. Now we are realizing that is not possible. အခု UN Staff College အနေနဲ့ UN country teams တွေအားလုံးကိုလုပ်တာက You do a few things well rather than doing many things not so well လို့ ပြောတယ်။

You need to be strategic. နိုင်ငံတစ်နိုင်ငံမှာ UN အနေနဲ့ သုံးလေးခုပဲလုပ်ပါ။ ကျန်တဲ့သူတွေ လုပ်လိမ့်မယ်။ Private sector တွေရှိတယ်။ NGO တွေရှိတယ်။ There are so many things that we can do. UN need not do this. UN forces focus. အဲဒီတော့ လုပ်ငန်းမှာလည်းပဲ Try to think where your focus should be doing what matters. Execution က အဲဒါကိုရွေးပြီးတဲ့အခါမှာ When you have selected where you will focus then you making it happen. Automatic မဖြစ်ဘူးနော်။ You must make it happen. You need to be proactive. အဲဒါကို စဉ်းစားလို့ရတယ်။ အဲဒီတော့ Execution က Focus on the wildy important. သုံးတဲ့စကားလုံးက Wildy ။ တကယ်ကို အရေးကြီးတာပဲလုပ်။

နောက်တစ်ခုက Create a compelling scoreboard.

From Effectiveness to Greatness

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

Focus & Execution

Leadership ကို ပြောလို့ရှိရင် There are only two issues of leadership. (1) is the **Focus.** လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကိုလုပ်တာဟာ Leadership ပဲ။ We need to keep the focus very sharp. ကိုယ်ဘာလုပ်မလဲဆိုတာသိဖို့ လိုတယ်။ And next issue is **Execution.** Focus ဖြစ်ရုံတင်မကဘူး။ You must execute. အကောင်အထည်ဖော်ဖို့လိုတယ်။ It's not enough to know what are you doing? Focusing ကောင်းနေရုံနဲ့မရဘူး။ သိနေရုံနဲ့မရဘူး။ လုပ်ဖို့အနေအထားရှိရမယ်။ Focus means doing what matters most. အဲဒီတော့ ဒီနေရာမှာ (ငယ်ငယ်တုန်းကတည်းက သင်ထားတာ) 80:20 rule ရှိတယ်နော်။ Everything that you do only 20 percent

တင်းနစ်ရိုက်တဲ့အခါကျလို့ရှိရင် ကိုယ့်ရဲ့ scoreboard ဘယ်လောက်ဖြစ်နေသလဲဆိုတာ သိလို့ရှိရင် (That is very empowering) ကိုယ်ရှုံးလား နိုင်သလား သိတယ်။ ဘောလုံးကန်တဲ့အခါမှာလည်း scoreboard တွေရှိတယ်။ Try to keep a compelling scoreboard . ငါ့အခြေအနေ ဘယ်လိုဖြစ်နေသလဲဆိုတာ အမြဲတမ်းသိအောင် ကြိုးစားပါ။ You have to make that review. You have to have the feedback. Human Resource နဲ့ပတ်သက်လို့ UN မှာတော့ We are trying to promote what is known as 360˚ feedback. လူတစ်ယောက်ကိုကြည့်လို့ရှိရင် အရင်တုန်းကတော့ There is only a 90˚ relationship. ကိုယ့်ရဲ့ Supervisor ကျေနပ်ရင်ပြီးရော။ ကိုယ့်ရဲ့လူကြီးကျေနပ်ရင်ပြီးရော။ ဒီ Personal evaluation report ရေးတဲ့သူက အရေးကြီး

www.foreverspace.com.mm

တော့ သူကျေနပ်အောင် အမြဲပဲလုပ်တာပဲ။ ဒါ ထုံးစံပဲ။ အခုတော့ We are asking 360º. Supervisor ကရေးတယ်။ Co-worker လုပ်ဖော်ကိုင်ဖက်ကရေးတယ်။ ပိုပြီး စိတ်ဝင်စားဖို့ကောင်းတာက Your subordinates ကိုယ့်ရဲ့အောက်လက်ငယ်သားက ကိုယ့်ကို report ရေးတယ်။ သေချာစဉ်းစားကြည့်။ Report တစ်ခုကတက်လာတယ်။ ကိုယ့်ရဲ့လူကြီးတစ်ယောက်ကပြောတာတင်မကဘူး၊ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေ၊ ကိုယ့်အောက်ခြေကရယ်။ Then you have a 360˚ ပေါ့။ လုံးဝဥဿုံ အဲဒီလူရဲ့အနေအထား ဘယ်လိုရှိသလဲဆိုတာ သေချာသိနိုင်တယ်။ နောက် Translate lofty goals into specific goals. Specific ဖြစ်ဖို့လိုတယ်။ ပြတ်သားဖို့လိုတယ်။ တိတိကျကျရှိဖို့လိုတယ်။ And hold each other accountable. We need accountability. တာဝန်ယူတဲ့သူဟာ တာဝန်ယူကိုယူရမယ်နော်။ ရာထူးကြီးကြီးယူထားပြီးတော့ တာဝန်မယူရင် That is not accountable. အခေါ်အဝေါ်ကတော့ CEO (အခုဆိုခေါ်တယ် CIO တို့ CFO တို့ Chief တွေကြီးပဲ) But are they accountable? တာဝန်ယူကို ယူရမယ်။ Responsibility မဟုတ်ဘူးနော်။ You are accountable. ဖြစ်သမျှအားလုံးက ငါ့အပေါ်မှာရှိနေတယ်ဆိုတာကို We must accept it.

လူတစ်ယောက်ကို အင်တာဗျူးလုပ်တယ်။ He is a very successful. ဆိုတော့ What is your secret of success? လို့မေးတော့ Two words တဲ့။ What are the two words? Right decision တဲ့။ ဆိုတော့ Interviewer က ကျေနပ်သွားတယ်။ How do you make right decision? One word ဘာလဲဆိုတော့ Experience တဲ့။ ဆိုတော့ Success depends on right decision. How do you make right decision through experience? How do you get experience? ဆို တော့ Two words တဲ့။ Wrong decision တဲ့။ အဲဒီတော့ We must make wrong decision. Wrong Decision လုပ်လေတိုင်း then you build experience. အမြဲတမ်းပြောတယ်။ You must make mistake. ဒီမှာ တာဝန်ရှိတဲ့လူကြီးတွေ ဝန်ထမ်းတွေကို အမှားလုပ်ပါစေ။ Have them make mistake. That is how they learn. အမှားလုံးဝမရှိတဲ့သူဟာ အလုပ်လုံးဝမလုပ်တဲ့သူပဲ။ If you are not making any mistake, image you are not doing anything. အဖွဲ့အစည်းတွေမှာ အမှားမရှိတဲ့ အဖွဲ့အစည်းမရှိဘူး။ အမှားမလုပ်တဲ့သူဆိုလို့ရှိရင် အဲဒီလူဟာ လုံးဝအလုပ်မလုပ်တဲ့ သူဆိုတာ သေချာတယ်။ Try to encourage making mistake. You create the culture making mistake, you take risk. Calculative risk နော်။ ဆင်ကန်းတောတိုးတာမဟုတ်ဘူး။ You must promote it people taking mistake. ချိန်ပြီးဆပြီးတော့ Risk ယူတာ။ Without risk, there is no return. အဲဒီတော့ Risk taking ကို ဦးစားပေးပါ။ Accountable ဖြစ်အောင်လုပ်ဖို့လိုတယ်လို့ စဉ်းစားကြပါ။

Execution Gap

ဘာဖြစ်လို့ Execute လုပ်လို့မရတာလဲ။ Reason တွေကတော့ရှိတယ်။ လုပ်တဲ့အခါမှာ မအောင်မြင်ဘူး။ ဘာဖြစ်လို့ မအောင်မြင်ဘူးလဲလို့ စဉ်းစားလို့ရှိရင်... Clarity လူတိုင်းက မသိဘူး။ They are not very clear of the goals. ဘာမှန်းကိုမသိဘူး။ ဧဝေဧဝါတွေ။ Not Transparent. Clarity ရှိဖို့လိုတယ်။ နောက် တစ်ခုက Commitment. CEO ကတော့ ပြောပါရဲ့။ ကိုဇီအာနန်ကတော့ ပြောပါရဲ့။ ဒါပေမဲ့ ကျန်တဲ့သူက မလိုက်နာဘူး။ We need ownership လို့ပြောတယ်။ The ownership of everyone. အဲဒီဟာ ငါပိုင်တယ်။ ဒီ goal က ငါပိုင်တဲ့ဟာ၊ ငါလုပ်မယ့်ဟာ၊ အဲဒီလို Commitment ရှိဖို့လိုတယ်။ Translation; ရည်ရွယ်ချက်တွေအောင်မြင်ဖို့အတွက် ဘာလုပ်ရမှန်းကိုမသိတာ။ They cannot translate the goals into actions. အဲဒါဖြစ်ဖို့လိုတယ်။

သင်တန်းပေးတဲ့အခါမှာ သင်တန်းပေးရုံနဲ့မရဘူးနော်။ That is not the end နော်။ You must create. ဆရာတို့ UN

www.foreverspace.com.mm

မှာတော့ သုံးခုလုပ်တယ်။ First; Individual Capacity Building. You need to build capacity. လူတစ်ဦးချင်း Capacity Building နဲ့မရဘူး။ You must build executional capacity. အဖွဲ့အစည်းအလိုက်လည်း You must built that capacity. ဒီတစ်ခုတည်းနဲ့မရဘူး။ You must also create the enabling environment. လုပ်ချင်တယ်။ Procedure က မပါလာဘူး။ Financial Rule တွေက ခက်နေတယ်။ ဥပဒေတွေက လုပ်လို့မရဘူးဆိုရင် ဘယ်လောက်ချည်းသင်သင် ပိုးသာကုန် မောင်ပုံစောင်းမတတ်ဘဲ။ UN မှာလည်း ဖြစ်တယ်။

We give them new training and new skills, but inplace, their procedure are very outdated. You must change structure, system or freedom to do their jobs well. ပြီးတော့ Synergy. အမြဲတမ်းပြောတယ်။ System Theory မှာ Synergy is the key. We are working together to have synergic effect. Synergy ကိုပြောလို့ရှိရင် သုံးတဲ့စာလုံးက Synthesis and Energy စကားလုံးနှစ်ခုပေါ့။ ပေါင်းတဲ့အခါမှာ ရလာတဲ့အားကိုပြောတာ။ This is synergy. တစ်ယောက်တည်းလုပ်လို့မရဘူး။ အားကစားလုပ်တဲ့သူတိုင်းသိတယ်။ ဥပမာ–အားကစားမှာ ဘော်လီဘော ခြောက်ယောက်ဝင်ပုတ်တယ်။ It is not just the six. It's a team. ဘောလုံးကန်တယ်။ ၁၁ ယောက်။ It's not just the eleven. It's the synergy that we create. Accountability. We must hold everyone accountable.

Leadership နဲ့ပတ်သက်လို့ အဆုံးသတ်ရမယ်ဆိုရင် Why do people follow leaders? ဘာကြောင့် Leaders နောက်ကိုလိုက်ကြလဲ။ Now we are try to followership. Leadership ကို မပြောတော့ဘူး။ Followership နောက်လိုက်ကောင်းဖို့လည်းလိုတယ်နော်။ ခေါင်းဆောင်ချည်းကောင်းလို့လည်း မရသေးဘူး။ နောက်လိုက်တွေလည်း ကောင်းဖို့လိုတယ်။ If we can understand this, then we will be a long way down the road to creating those followers and hence becoming an effective leader. ကိုယ့်ကို ဘာကြောင့် လိုက်တယ်ဆိုတာသိမှ ကိုယ်လည်း ဦးဆောင်နိုင်မှာ။ Unless we understand followership, we will understand leadersip. လို့ ပြောလာတဲ့ အနေအထားရှိတယ်။

People don't just follow anyone. ငါ့နောက်လိုက်ပါလို့ ပြောလိုက်တာနဲ့ အနောက်ကပါလာမှာ မဟုတ်ဘူးနော်။ အဲဒီတော့ You can't just say 'follow me' and expect people to follow out of the goodness of their hearts. You have to give them good reason for them to follow.

Leader သည် အစေခံနှင့်တူ၏

အခု UN မှာ ဆရာတို့သင်နေတာ Servant-leadership ပေါ့။ Leader ဟာ တကယ်တော့ အစေခံပဲ။ The leader become the servant. The servant of those that we lead. The higher you go out then you have to exercise the idea of being servant. အလုပ်အကျွေးပြုတာ၊ အစေခံတာကို ဆိုတယ်။ အစေခံလို့ပြောတာမဟုတ်ဘူးနော်။ အစေခံတယ်။ ကိုယ့်ရဲ့ကုမ္ပဏီအတွက်၊ ကိုယ့်ရဲ့အဖွဲ့အစည်းအတွက်၊ ကိုယ့်ရဲ့လုပ်ငန်းအတွက်။



အဲဒီတော့ Leadership အနေနဲ့ ခုနကလေးခုကိုပဲကြည့်။ You **do** something. This is part of the body. You **plan.** Leader တိုင်း Plan လုပ်တယ်။ Organization တိုင်း Plan ရှိတယ်။ This is the mind. You **evaluate** ပြန်ပြီးဆန်းစစ်တယ်။ This is the heart. You **serve** which is the spirit. Leadership က that is all we can talk about you do, you plan, you evaluate and you serve ပေါ့။ That is the essence of leadership လို့ပြောလို့ရတယ်။ Review အနေနဲ့က I talked about the **context.** I talked about **the two roads.** လမ်းနှစ်လမ်းရှိတယ်။ The choice is yours နော်။ If you really want to be great, if you really want your organization to be great, there is

www.foreverspace.com.mm

the two roads that you can follow. (ဒီလမ်းချည်းသွားနေရရင် ငါတော့ဒုက္ခပဲ၊ ငါ့ဘာသာ အေးအေးဆေးဆေးနေတော့မယ်ဆိုရင်လည်း It's up to you.) The road was from effectiveness to greatness လို့ ပြောလို့ရတယ်။ **Find your voice.** ကိုယ်ဟာ ဘာလဲဆိုတာသိအောင် လုပ်ရမယ်။ You need to develop this. And then leadership challenge how do you **inspire others?** Inspiration အရေးကြီးတယ်နော်။ နမူနာပြရမယ်။ You must create that energy. ကိုယ့်နောက်က ပါကိုပါလာတယ်။ ဒီလူတွေ။ If you do that.

Three Generations Principle-Centered Living

If you think of the three generation ပေါ့နော်။ What we need is parents then you have the child and then we have the grand children. သုံးဆက်ပေါ့။ ပထမက Humility မမောက်မာပါနဲ့။ ငါ သိပ်တတ်တာပဲ၊ သိပ်တော်တာပဲ မလုပ်ပါနဲ့။ The more you know than less we know. As the cycle of knowledge expand, the space of ignorance also expand. Cycle of knowledge ကျယ်လာတာနဲ့ Space of ignorance မလျော့သွားဘူးနော်။ အဲဒါ စိတ်ညစ်စရာမဟုတ်ဘူးနော်။ This is the recognization that we need to know more and more ... . It's the engine that we need to drive for learning ပေါ့။

နှိမ့်ချတာကောင်းတယ်။ ရိုကျိုးတာကောင်းတယ်။ တစ်ခု ရှိတယ်။ အခါတိုင်းနေရာတိုင်း ရှိခိုးခိုင်းတာမဟုတ်ဘူးနော်။ You know yourself ငါဘာလဲဆိုတာ ငါသိတယ်။ ကိုယ့်ဟာကိုယ်သိအောင် ကြိုးစားပါ။

နောက် ဒုတိယတစ်ခုက Courage သတ္တိရှိဖို့လိုတယ်။ အရမ်းသတ္တိရှိတာပြောတာ မဟုတ်ဘူးနော်။ We are talking about deeper courage. အဲဒီ Humility နဲ့ Courage မိဘတွေမှာရှိရင် ကလေးမှာ ဘာရှိလာသလဲဆိုရင် Integrity ရှိတယ်။ Without humility and courage, you will never have integrity. အဲဒီတော့ Management Training တွေမှာ We need to encourage how do you develop the sence of integrity. Integrity ရှိရင် ဘာရလာသလဲဆိုရင် ကိုယ့်မြေးတွေအလှည့်ကျတော့ Wisdom အသိတရားတွေရတယ်။ နောက်တစ်ခုက Abundance Mentality ကိုယ့်မှာ ပြည့်လျှံနေတဲ့အတွက် ရှိသမျှ အားလုံးကို သူများပေးချင်တယ်။ ကိုယ်တတ်တာကို သူများသိစေချင်တယ်။ ကိုယ်ရှိတာကို သူများကို ဝေချင်တယ်။ You are not stingy. ကပ်စေးနဲတာ မကောင်းဘူးနော်။ ဒီ Abundance mentality ရှိတာကို ပေးနိုင်တယ်၊ ရတာလေးကို ဝေနိုင်တယ်၊ မျှနိုင်တယ်ဆိုတဲ့အသိရှိအောင် ကြိုးစားကြရအောင်။ အဲဒါရဲ့ပြောင်းပြန်က Arrogance သိပ်မောက်မာတာ။ ကြည့်လိုက်တာနဲ့ အမြင်ကတ်စရာကောင်းတယ်။ စတိုင်ကတစ်မျိုး။ Very arrogance. သူ့ကိုယ်သူ CEO ကြီး၊ MD ကြီးဆိုပြီး စတိုင်ကတစ်မျိုးနဲ့။ အဲဒီလိုဖြစ်တယ်။ အချို့တွေက သတ္တိမရှိဘူး၊ ကြောက်တယ်။ (Cowardice). If you have arrogance and if you have cowardice, Instead of integrity you have duplicity. Duplicity က သူများပြောတာ လုပ်တယ်။ You can never trust that person. ဒီနေ့ပြောရင် ဒီလို၊ နောက်နေ့ပြောရင် ဟိုလို။ တစ်ခါတလေပြောတယ် A person with a folk toung. လျှာနှစ်ခွဖြစ်နေတယ်။ ဘာပြောမှန်းကို မသိဘူး။ Insted of wisdom we have foolishness and instead of abundance mentality we have scarcity mentality (ကပ်စေးနဲတာကိုပြောတာ)။ အဲဒီ Three Generations Issue ကို ကြည့်ပါနော်။ As a parent you develop humility and courage. As a child, you would have integrity and then your grand children would have wisdom and abundance mentality. Organization အကြောင်း ပြောပေမယ့် From Effectiveness to Greatness ကို ပြောတဲ့အခါမှာ ဒီ Three Generations ကို စဉ်းစားဖို့လိုတယ်။



www.foreverspace.com.mm

သတ္တိရှိပါ

Courage လို့ပြောလို့ရှိရင် It is not the absence of fear. မကြောက်တာကို သတ္တိရှိတာလို့ပြောတာ မဟုတ်ဘူးနော်။ Rather, the judgement that something else is more important than fear. မကြောက်တာထက် ပိုအရေးကြီးတာရှိရင် သတ္တိရှိတာပဲ။ သတိထားနော်။ Courage that is not only mean absence of fear. မကြောက်ဘူးဆိုတာ သတ္တိရှိတာ မဟုတ်ဘူး။ သတ္တိရှိတာက မကြောက်တာထက် ပိုပြီး အရေးကြီးတာကိုပြောတာ။

The Three Kind of Greatness

အခု Seminar ရဲ့ Topic က Greatness နော်။ How can we develop greatness? ဆိုတော့ First Greatness က Personal Greatness. ဟိုတုန်းက ကိုဗီရဲ့ 7 Habits ရှိတယ်။ အဲဒီ 7 Habits ထဲက တစ်ခုပဲမှာချင်တာက Sharping your saw. (No.7 ပေါ့နော်) ကိုယ့်ရဲ့ လွှကို အမြဲတမ်းသွေးနေပါတဲ့။ အဲဒါ Learning နဲ့ဆိုင်တာမို့လို့။ You must always keep learning. ဓားဟာ အမြဲတမ်းသွေးနေမှရတယ်။ အချို့ဓားတွေ သံချေးတွေတက်နေပြီ။ ငါ့မှာရှိထားပြီးပြီ။ Ph.D ရှိတယ်ဆိုပြီး ဒါကြီးကို အထဲထည့်ပြီး အိပ်ထားတယ်။ သံချေးတက်လာတာပေါ့။ Sharping your saw ပြောတဲ့အခါမှာ ပညာရေးတစ်ခုတည်း မပြောဘူးနော်။ တချို့ Talents တွေရှိတယ်။ တချို့ Skills တွေရှိတယ်။ Try to sharp it anything that you have as talent. That is the personal greatness နော်။

ဒုတိယက Leadership Greatness. As leaders all of you around the table 4 roles of leadership. Modeling လုပ်တာ။ Pathfinding လုပ်တာ၊ Aligning လုပ်တာ၊ Empowering လုပ်တာ။ You can exercise these roles of leadership.

Organization; အလုပ်လုပ်တဲ့အခါမှာ အဖွဲ့အစည်းတွေမှာ Vision ရှိရတယ်၊ Mission ရှိရတယ်၊ Values ရှိရတယ်။ အဲဒီထဲက Values က We need to be careful. အမြီးကျက် အမြီးစားခေါင်းကျက် ခေါင်းစားလို့ မရဘူး။ မတရားလုပ်တာအားလုံးဖြစ်တယ်၊ မတရားဘူးဆိုတာမရှိဘူး။ There is no fair in love and war. အဲဒီလိုပြောလို့မရဘူး။ Principles တွေရှိတယ်။ Fairness, Integrity, Kindness အစရှိသဖြင့်။ ဒါတွေအားလုံးကို မမှေပါနဲ့။ အဖွဲ့အစည်းတွေမှာ။ If you want to be really great, you have to take care of personal greatness, leadership greatness and organizational greatness which is the 8th habit လို့ ပြောလို့ရတယ်။

Open Your Heart

Open your heart to new ideas. Open your heart to new relationship. တစ်ခါတလေပြောတယ်။ ခရီးသွားတာဟာ Where you have to is less important than the journey? လို့ပြောတယ်။ ခရီးသွားတာက ဘယ်ရောက်ဖို့သွားတာထက်ကို သွားတဲ့ Journey က ပိုအရေးကြီးတယ်။ အဲဒီတော့ Try to open yourself. First, Know Thyself ကိုယ့်ကိုယ်ကိုယ်သိဖို့လိုတယ်။ Unless you know thyself, you cannot open your heart. Control Thyself, ကိုယ့်ဟာကိုယ်သိရင် You can control yourself. ငါဘာဖြစ်နေတယ်၊ ငါဘာအားနည်းနေတယ်ဆိုတာသိတာ။ Finally, Give Thyself. လူဘဝမှာနေတာ ပေးဖို့နေတာနော်။ We are here to give, not to take. တချို့တွေရှိမယ်။ I want to take only. That is up to them. That is your choice. ငယ်တာ၊ ကြီးတာ၊ တာဝန်သေးတာ၊ တာဝန်ကြီးတာမဟုတ်ဘူး။ လုပ်စေချင်တယ်။ Each of us has something to give. မလျှော့ပါနဲ့။ I always want to keep find your potential and value. Each of us has this. မမေ့နဲ့၊ အခြေအနေအမျိုးမျိုးကြောင့် စိတ်တွေပျက်ပြီး ဟာ ငါ့မှာ ဘာတန်ဖိုးမှ မရှိတော့ပါလား၊ မစဉ်းစားပါနဲ့။ အခြေအနေတွေက အခြေအနေပဲ။ What you can do it? You can be very proactive. That's what you are doing ပေါ့။

ဆုတောင်းပါ

နိဂုံးချုပ်အနေနဲ့ပေါ့နော်။ A Prayer ဆုတောင်းပါ။ I want to end with a prayer. Grant me the serenity. အေးချမ်းမှုကိုပြောတာ၊ ငြိမ်းချမ်းမှုကိုပြောတာ။ To accept the things I cannot change. ပြင်လို့မရတာကိုလက်ခံဖို့ ငြိမ်းချမ်းဖို့လိုတယ်။ တချို့ကိစ္စက ကိုယ်ပြင်လို့မရဘူး။ You can't do it. ကိုယ့်အရပ်က ဒီလောက်ပဲရှိတယ်။ I can't change. I have to accept this. I'm what I am. You are what you are. You can't change it now. အဓိပ္ပာယ်က Don't go into unuseful effort ပေါ့နော်။ အကျိုးမရှိတာတွေ မလုပ်ပါနဲ့။ ဒါက ကိုယ့် ကိုယ်ကိုယ် သတိပေးတာ။ More empowering message က Courage to change the things I can. ကိုယ်လုပ်နိုင်တာတွေကိုတော့ ကိုယ်လုပ်ဖို့လိုတယ်။ You have to have that courage to change. အဲဒီ Accept လုပ်တာရယ်၊ Courage ရှိတာရယ်၊ ပြီးတော့ The more important thing is the wisdom to know the difference! အဲဒါ အရေးကြီးတယ်နော်။ And I do hope all of us know the difference between acceptance and courage. Thank you very much.

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

(Ref: www.mit.com.mm/seminar)

■

www.foreverspace.com.mm

ဈေးဝယ်လမ်းညွှန်

ပုဂံ သီရိပစ္စယာဟိုတယ် အထူးအစီအစဉ်

ပုဂံမြို့ ဧရာဝတီမြစ်ကမ်းနဖူးမှာတည်ရှိတဲ့ ပုဂံသီရိပစ္စယာဆာကူရာဟိုတယ်က ပွင့်လင်းရာသီ အထူးအစီအစဉ်အဖြစ် ပြည်တွင်းခရီးသွားဧည့်သည်များအတွက် နှစ်ယောက်ခန်းတစ်ခန်းကို နံနက်စာနဲ့ လေဆိပ်အကြိုအပို့ အပါအဝင် တစ်ရက်လျှင် ၄၅ US$နှုန်းနဲ့ လက်ခံဆောင်ရွက်ပေးလျက်ရှိတယ်လို့ ဆိုပါတယ်။ ဘန်ဂလိုပုံစံတည်ဆောက်ထားတဲ့ Superior နဲ့ Duluxe အခန်းတွေမှာ အဆင့်မြင့်မြင့် တည်းခိုအပန်းဖြေရင်း ဧရာဝတီရဲ့ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်ကြပါတယ်။

လိပ်စာ–
ပုဂံသီရိပစ္စယာ ဆာကူရာဟိုတယ်
ပုဂံမြို့ဟောင်း၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း။
ဖုန်း–၀၆၁–၆၀၀၄၈၊ ၆၀၀၄၉၊ ဖက်စ်–၀၆၁–၆၀၀၃၃
E-mail : thiri@myanmar.com.mm
Website : www.bagan-thiripyitsaya-sakura-hotel.com

ရန်ကုန်–ဖုန်း–၂၅၅၃၃၃၊ ဖက်စ်–၂၅၅၂၂၉

မျက်စိအာရုံစိုက်ရသူများအတွက်

တစ်နေကုန်အညောင်းထိုင်အလုပ်လုပ်ရသူတွေနဲ့ မျက်စိအာရုံစိုက်ရသူတွေအတွက် မြန်မာနိုင်ငံမှာထုတ်လုပ်ထားတဲ့ မျက်စိကြည်အကြောဖြေဆေးတစ်ခုကို လမ်းညွှန်လိုပါတယ်။ မျက်စိဝေခြင်း၊ သီခြင်း၊ မှုန်ခြင်း၊ မျက်ရည်ပူကျခြင်း စတဲ့ မျက်စိဝေဒနာအမျိုးမျိုးနဲ့ ခေါင်းထိုးခြင်း၊ ဇက်ကြောတက်ခြင်းတွေကိုပါ သက်သာစေတယ်လို့ ဒီဆေးထုတ်လုပ်သူတွေရဲ့ အဆိုအရ သိရပါတယ်။ ဝမ်းမှန်၊ ဝမ်းပျော့စေပြီး ဝမ်းနုတ်ဆေးမဟုတ်ဘူးလို့လည်း ဆိုထားပါတယ်။ ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–0808Y 07644 ၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ်–၄/၂၀၀၃၊ တဆထလ၊ တိုး(၀၅၇၉) နဲ့ ထုတ်လုပ်ထားတာပါ။

လိပ်စာ – မဟာနွယ်စဉ် မျက်စိကြည်အကြောဖြေဆေးအေးသိဒ္ဓိဆေးတိုက်၊ အမှတ်–၃၈၊ ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၅၆၇၂

ရွှေဂုံတိုင်မီးပွိုင့်အနီးက လက်ဖက်ရည်ဆိုင်

ရွှေဂုံတိုင်မီးပွိုင့်အနီးမှာ မကြာသေးမီကမှ ဖွင့်လှစ်လိုက်တဲ့ လက်ဖက်ရည်ဆိုင်ဖြစ်ပါတယ်။ လက်ဖက်ရည်၊ ကော်ဖီတို့နဲ့ အတူ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ နံပြား၊ အီကြာကွေး၊ ရှမ်းခေါက်ဆွဲ၊ နန်းကြီးသုပ် စတဲ့နံနက်ခင်းစာတွေကိုပါ သုံးဆောင်နိုင်မှာပါ။ သန့်ရှင်းမှုကိုအဓိကဦးစားပေးထားတာ တွေ့ရပြီး နံရံတွေကို မှန်ချပ်တွေနဲ့ကပ်ထားလို့ ဆိုင်ကို ကျယ်တယ်လို့ခံစားရအောင် ပြင်ဆင်ထားတာ တွေ့ရပါတယ်။ မီးပွိုင့်အနီးအနားမှာဖြစ်လို့ ကိုယ်ပိုင်ယာဉ်ထိန်းတွေရပ်နားဖို့ မလွယ်ကူပေမယ့် ကုမ္ပဏီဝန်ထမ်းတွေ၊ လူငယ်တွေအတွက်တော့ ခဏတစ်ဖြုတ် ချိန်းဆိုစကားပြောလို့ကောင်းတဲ့နေရာ ဖြစ်မှာပါ။ ဈေးနှုန်းသင့်တင့်တာတွေ့ရပြီး ည ၇ နာရီဝန်းကျင်လောက်မှာ ဆိုင်ပိတ်ပါတယ်။

လိပ်စာ – မိုးမခ လက်ဖက်ရည်ဆိုင်
ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

ပြည်တွင်းလေကြောင်းလိုင်းများနှင့် နှုန်းထားများ

မြန်မာ့လေကြောင်းက ရန်ကုန်မြို့မှ ပြည်တွင်းရှိ လေဆိပ်မြို့အသီးသီးသို့ ဆက်သွယ်ပျံသန်းပြေးဆွဲပေးလျက်ရှိတဲ့ လေကြောင်းခရီးစဉ်များနဲ့ လေယာဉ်လက်မှတ်ခနှုန်းထားများကို စုစည်းဖော်ပြပေးလိုက်ပါတယ်။ လေယာဉ်လက်မှတ်ကို စီးနင်းလိုက်ပါမယ့် ခရီးသည်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသပြီး တစ်ရက်ကြိုတင်လျှောက်ထားဝယ်ယူရမှာ ဖြစ်ပါတယ်။ လက်မှတ်လျှောက်လွှာလက်ခံချိန်ကတော့ နေ့စဉ်မနက် ၈ နာရီခွဲမှ ၉ နာရီခွဲအထိဖြစ်ပြီး လက်မှတ်ရောင်းချချိန်ကတော့ ၁၀ နာရီခွဲ ဖြစ်ပါတယ်။

စဉ်	မြို့အမည်	F-27 နှုန်းထား			F-28 (ဂျက်)နှုန်းထား		
		နှုန်းအပြည့်	ဝန်ထမ်း	ခေါ်လာ	နှုန်းပြည့်	ဝန်ထမ်း	ခေါ်လာ
၁။	ကလေး	၂၄၀၀၀	၁၄၄၀၀	၁၂၀	၂၇၀၀၀	၁၆၂၀၀	၁၃၀
၂။	ကျိုင်းတုံ	၂၂၀၀၀	၁၃၂၀၀	၁၀၅	၂၄၀၀၀၀	၁၄၄၀၀	၁၁၅
၃။	ကော့သောင်း*	၂၆၀၀၀	၁၅၆၀၀	၁၃၀	၃၅၀၀၀	၂၁၀၀၀	၁၄၅
၄။	ကျောက်ဖြူ	၁၃၅၀၀	၈၁၀၀	၇၀	၁၅၀၀၀	၉၀၀၀	၈၀
၅။	ပုသိမ်	၆၀၀၀	၃၆၀၀	၃၅	၇၅၀၀	၄၅၀၀	၄၀
၆။	ညောင်ဦး	၁၆၅၀၀	၉၉၀၀	၈၀	၁၈၅၀၀	၁၁၀၄၀	၉၀
၇။	စစ်တွေ*	၁၆၇၀၀	၁၀၀၂၀	၈၀	၁၈၄၀၀	၁၁၀၄၀	၉၀
၈။	တာချီလိတ်	၂၂၀၀၀	၁၃၂၀၀	၁၀၀	၂၄၀၀၀	၁၄၄၀၀	၁၁၀
၉။	တောင်ငူ	၈၀၀၀	၄၈၀၀	၄၀	၈၅၀၀	၅၁၀၀	၄၅
၁၀။	ထားဝယ်*	၁၃၀၀၀	၇၈၀၀	၆၅	၁၄၀၀၀	၈၄၀၀	၇၅
၁၁။	ဗန်းမော်	၂၈၀၀၀	၁၆၈၀၀	၁၃၀	၃၀၀၀၀	၁၈၀၀၀	၁၄၅
၁၂။	မကွေး	၁၃၀၀၀	၇၈၀၀	၇၀	၁၄၅၀၀	၈၇၀၀	၈၀
၁၃။	မန္တလေး*	၁၇၀၀၀	၁၀၂၀၀	၉၀	၁၈၀၀၀	၁၀၈၀၀	၁၀၀
၁၄။	မြိတ်*	၂၀၀၀၀	၁၂၀၀၀	၉၀	၂၁၀၀၀	၁၂၆၀၀	၁၀၀
၁၅။	မော်လမြိုင်	၆၀၀၀	၃၆၀၀	၃၅	–	–	–
၁၆။	မိုင်းဆတ်	၂၀၀၀၀	၁၂၀၀၀	၉၀	–	–	–
၁၇။	မုံရွာ	၂၀၃၀၀	၁၂၂၀၀	၁၀၅	၂၂၅၀၀	၁၃၅၀၀	၁၃၅
၁၈။	မြစ်ကြီးနား*	၃၂၀၀၀	၁၉၂၀၀	၁၅၀	၃၅၀၀၀	၂၁၀၀၀	၁၅၆
၁၉။	ဟဲဟိုး	၁၄၄၀၀	၈၆၄၀	၇၅	၁၅၉၀၀	၉၅၄၀	၈၅
၂၀။	ဟုမ္မလင်း	၃၂၀၀၀	၁၉၂၀၀	၁၅၀	၃၅၀၀၀	၂၁၀၀၀	၁၆၅
၂၁။	လားရှိုး	၂၃၅၀၀	၁၄၁၀၀	၁၁၀	၂၆၀၀၀	၁၅၆၀၀	၁၂၅
၂၂။	လွိုင်ကော်	၁၁၀၀၀	၆၆၀၀	၅၅	–	–	–
၂၃။	သံတွဲ*	၉၀၀၀	၅၄၀၀	၅၀	၁၁၀၀၀	၆၆၀၀	၅၅
၂၄။	အမ်း	၁၄၅၀၀	၈၇၀၀	၇၅	၁၆၀၀၀	၉၆၀၀	၈၅
၂၅။	ဘုတ်ပြင်း	၂၅၃၀၀	၁၅၂၀၀	၁၂၅	၂၈၀၀၀	၁၆၈၀၀	၁၃၅
၂၆။	ကျောက်ထု	၁၉၂၀၀	၁၁၅၀၀	၉၀	၂၁၂၀၀	၁၂၇၀၀	၁၀၀
၂၇။	ပခုက္ကူ	၁၇၀၀၀	၁၀၂၀၀	၉၀	၁၈၀၀၀	၁၀၈၀၀	၁၀၀
၂၈။	ပျဉ်းမနား*	၁၀၀၀၀	၁၀၀၀၀	–	–	–	–

Source - မြန်မာ့လေကြောင်းလက်မှတ်အရောင်းဌာန

*ခရေပွင့်ပြသထားတဲ့မြို့များကို နေ့စဉ်ပျံသန်းပြေးဆွဲပေးလျက်ရှိတယ်လို့ ကြေညာထားပေမယ့် စီးနင်းလိုက်ပါမယ့်ခရီးသည်ဦးစားပေးအရေအတွက်နဲ့ လေယာဉ်အခက်အခဲအပေါ် မူတည်ပြီး လက်မှတ်ကြန့်ကြာတတ်ပါတယ်။

လိပ်စာ – မြန်မာ့လေကြောင်း (လက်မှတ်အရောင်းဌာန)၊ အမှတ်–၁၀၄၊
ကမ်းနားလမ်း (၃၇ လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၁၅၈၇၊ ၃၇၁၁၃၀၊ ၃၇၄၈၇၄၊ ၃၇၃၈၂၈

www.foreverspace.com.mm

မီးစက်နဲ့ပတ်သက်ရင်

မီးစက်နဲ့ပတ်သက်လို့ ဝန်ဆောင်မှုအမျိုးမျိုးပေးနေတဲ့ နေရာဖြစ်ပါတယ်။ မီးစက်အမျိုးမျိုးပြုပြင်ပေးခြင်း၊ မီးစက်အဟောင်းနဲ့အသစ်လဲလှယ်ပေးခြင်း၊ မီးစက်အသစ်ရောင်းချခြင်းများကို အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ – အောင်သီရိမီးစက်ဆိုင်

တိုက်–၃၊ အခန်း (၁)၊ သီရိမင်္ဂလာအိမ်ရာဝင်းအတွင်း၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၀၄၁၃၃

မုံရွာမှာ ကာလာပုံကြီးချဲ့မယ်ဆို

မုံရွာမှာ ကာလာဓာတ်ပုံ ပုံကြီးချဲ့လိုသူတွေအတွက် နေ့ချင်းပြီး အမြန်အားချင်း ကူးချဲ့ပေးနေတဲ့နေရာတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ အသေးဆုံး ½ PC ကနေ ၁၂ လက်မ × ၃၆ လက်မအရွယ် ဆိုဒ်ကြီးအထိကို NORITSU Q SS 3201 လေဆာဒစ်ဂျစ်တယ်စက်သစ်တွေနဲ့ ကူးချဲ့ပေးနေတာလို့ဆိုပါတယ်။ ဖလင်အလိပ်လိုက်ကူးချင်ရင်လည်း တစ်နာရီကို ၂၈ လိပ် ပုံထွက်နှုန်းဖြင့် ကူးနိုင်အောင် စီစဉ်ပေးထားတယ်လို့ သိရပါတယ်။

လိပ်စာ – တက်နေဝင်း ဓာတ်ပုံတိုက်

အခန်း–၁၁/၁၂၊ ရွှေစည်းခုံတိုက်တန်း၊ ရုံးကြီးလမ်း၊ မြစန္ဒာရုပ်ရှင်ရုံတောင်ဘက်၊ မုံရွာမြို့။

ဒဂုံစင်တာက စားသောက်ဆိုင်

ဒဂုံစင်တာမှာဈေးဝယ်ရင်း တတိယထပ်မှာရှိတဲ့ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ကိုရီးယားအစားအစာတွေရောင်းတဲ့ စားသောက်ဆိုင်တွေမှာ သက်သောင့်သက်သာဝင်နားပြီး နှစ်သက်ရာမှာယူစားသုံးနိုင်ပါတယ်။ အဲဒီဆိုင်တွေအနက် ကိုရီးယားအစာဖြစ်တဲ့ Kimchi မှာ လူကြိုက်များပါတယ်။ Kimchi စားနေစဉ် ကိုရီးယားလူမျိုးများရော၊ ကိုရီးယားသရုပ်ဆောင်များကဲ့သို့ ဝတ်ဆင်ထားသူများပါ လာရောက်စားသုံးတတ်တဲ့အတွက် ကိုရီးယားအငွေ့အသက်များပါ ခံစားရရှိနိုင်ပါတယ်။

အရည်အသွေးကောင်း စိန်ထည်ဝယ်မယ်ဆို

စိန်ကိုမှ ကြိုက်နှစ်သက်ကြတဲ့သူတွေအတွက် အရည်အသွေးကောင်း စိန်ထည်အမျိုးမျိုးရောင်းချပေးနေတဲ့ နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။ စိန်ထည်ကို အဓိကရောင်းချပေးနေတာဖြစ်ပြီး ပုလဲနဲ့ မိုးကုတ်ကျောက်ထည်တွေဖြစ်တဲ့ ပတ္တမြား၊ နီလာ စတဲ့ ကျောက်မျက်ရတနာတွေကိုလည်း ဝယ်ယူနိုင်တာတွေ့ရပါတယ်။ စိတ်ကြိုက်ဒီဇိုင်းပုံစံကို အော်ဒါ အပ်နှံချင်တယ်ဆိုရင်လည်း အပ်နှံသူစိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေတယ်လို့ဆိုပါတယ်။

လိပ်စာ – ခေတ်ဆန်းရတနာ၊ ဗဟိုရုံ၊ ဆိုင်အမှတ်–၂၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

နေရာပြောင်း ၊ လိပ်စာသစ်

- **Paul Mitchellနှင့် L'anzaပစ္စည်းဖြန့်ဖြူးရောင်းချခြင်း**
  Office & Show Room
  အမှတ်–၂(ခ)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၀၉၅၂၊ ဖက်စ်–၆၆၆၄၁၅
  E-mail: manawmaya@mptmail.net.mm
- **Asia Tech Computer Center**
  အမှတ်–၂၇၄/၂၇၈၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၀၆၆၉၆၊ ဝ၉–၅၀၀၇၀၇၀
- **စံပြတီဗီ**
  အမှတ်–၂၃၈၊ ၃၅ လမ်း (အထက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Cute Care Company Limited**
  အမှတ်–၅၁၀(အေ)၊ အောက်ကြည့်မြင်တိုင်လမ်း၊
  ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၉၂၃၈
- **Myanmar Speedmark Transportation Ltd.**
  အခန်း–၁၀၊ ပဥ္စမထပ်၊ United Condo Tower 1၊
  အမှတ်–၃၉၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၂၃၉၈၊ ၃၈၀၄၀၇၊ ဖက်စ်–၃၈၀၀၄၃
- **Myanmar Technology Zone Co., Ltd.**
  အမှတ်–၁၂၅ (ဘီ)၊ ရွှေဂုံတိုင်လမ်း (ယုဇနစင်တာ)၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၂၅၆၉၊ ၇၂၃၀၀၉
- **မြန်မာကာဘွန်နိစ်လီမိတက်**
  အမှတ်–၆၉၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၅၀၂၁၊ ၅၀၃၃၅၆၊ ၅၂၅၀၃၆၊ ဝ၉–၅၀၀၇၂၆၉၊
  ၅၂၆၅၈၅၊ ဝ၉–၅၀၄၁၈၄၆
- **ASN Trading Co., Ltd.**
  Bed Head (Tigi) Hair Care Product
  အမှတ်–၇၉၇၊ တိုက်– B၊ ဆိုင်အမှတ်–၁၀၂၊ ပထမထပ်၊
  MAC Tower၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၁၂၉၄၂၊ လိုင်းခွဲ–၂၂၆
- **မြန်မာနိုင်ငံဆီကုန်သည်နှင့်**
  ဆီလုပ်ငန်းရှင်များအသင်း
  အမှတ်–၁/၈၁–၈၂၊ ကံ့ကော်လမ်း၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **FMI Trading Center**
  FMIအစုရှယ်ယာအရောင်းအဝယ်ဌာန
  အမှတ်– ၂၆၅၊ ရိုးမဘဏ်အဆောက်အအုံအနီး၊ ပြည်လမ်း၊
  မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **ယုဇနခေါင်းလိမ်းဆီ**
  အမှတ်– ၅၇၂/၅၇၃၊ အင်းလေးလမ်း၊ (၆၄) ရပ်ကွက်၊
  စက်မှုဇုန်(၂)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၉၀၂၀၄

www.foreverspace.com.mm

လုပ်ငန်းသစ် ၊ ဆိုင်သစ်

❑ **Amazing Electronics**
Air Conditionor, Refrigerator, Washing Machines Sales and Service
မြေနီကုန်းပလာဇာ (မြေညီထပ်)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

❑ **ဧင်ထက်**
မျက်နှာကျက်၊ အမိုးပြား၊ ဂျပ်ဆင်ဘုတ်၊ ကော့ဂျပ်ဆင်နှင့် ဘိလပ်မြေအမျိုးမျိုး
အမှတ်–၂၁၁၊ လမ်းသစ်လမ်း၊ ဝပ်ရှော့မှတ်တိုင်အနီး၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

❑ **Vertino အမျိုးသမီးစီးဖိနပ်များ**
အမှတ်–၁၇၂၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၇၇၁၊ ၅၂၇၃၈၇

❑ **Richy Fashion Square**
အမှတ်–၂၈(၉)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

❑ **ထွန်းအိန္ဒြာခင် ဖက်ရှင်စတိုး**
အမှတ်–၅၆၊ ရုံးကြီးရပ်၊ လမ်းမတော်နှင့် မြစ်ကြေ့ကျောင်းလမ်းထောင့်၊ ဟသံဘတမြို့။

❑ **ပေါ်ဦးခန်းမ**
ဗိုလ်ချုပ်လမ်းမကြီး၊ အောင်မင်္ဂလာရပ်၊ မုံရွာမြို့။

❑ **နှင်းဆီကုန်းဘိုးဘွားရိပ်သာ သုံးထပ်ဘိုးဘွားဆေးရုံသစ်**
အမှတ်–၂၁၊ ကမ္ဘာအေးစေတီလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၇၇၊ ၅၄၆၁၇၇

❑ **ယုံကြည်မှု သတင်းဂျာနယ်**
တတိယထပ်၊ ပြည်မြန်မာကုန်တိုက်၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၀၀၅၄၇၊ ၅၀၀၅၄၈၊ ၅၃၄၇၂၁

❑ **365 SPORT NEWS**
အမှတ်–၁၉၈၊ ၄ လွှာ (ဝဲ)၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၄၈၀၊ ၃၈၂၈၁၆၊ ၃၈၇၅၉၅၊ ၃၈၅၆၉၆

❑ **A-OK သွားနှင့် ခံတွင်း အထူးကုဆေးခန်း**
အမှတ်–၁၂၊ ဆီဆုံလမ်း၊ ဦးဖိုးလမ်းထောင့်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၀၄၇၆(အိမ်)

❑ **We & We Fashion Boutique ဆိုင်ခွဲသစ်**
အမှတ်–G –၁၆၊ မြေညီထပ်၊ ချမ်းသာပလာဇာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

❑ **Myanmar Book Centre**
အမှတ်–၅၅၊ ဗဟိုလမ်းနှင့် အလုံလမ်းထောင့်၊
အလုံမြို့နယ်၊ ရန်ကုန်။

Color Slide ဓာတ်ပုံမျိုးစုံ ရနိုင်တဲ့နေရာ

မြန်မာနိုင်ငံရဲ့ နေရာဒေသမျိုးစုံက သဘာဝရှုခင်းတွေ၊ လူမျိုးစုဓလေ့စရိုက် လှုပ်ရှားမှုတွေ၊ ရာသီပွဲတော်တွေကို ရိုက်ယူထားတဲ့ ဓာတ်ပုံတွေ တစ်စုတစ်ဝေးတည်း ရရှိနိုင်တဲ့နေရာကို လမ်းညွှန်လိုပါတယ်။ အခုလို ၂၀၀၆ခုနှစ်အတွက် ပြက္ခဒိန်တွေ စတင်ထုတ်လုပ်နေတဲ့အချိန်မှာ အသုံးဝင်မယ့်ပုံတွေဖြစ်ပြီး 35 mm ဆလိုက်တွေနဲ့ 120 ဆလိုက်ပုံတွေကို ကာလာနဲ့ နှစ်သက်ရာ အမျိုးအစားအလိုက် ရရှိနိုင်တယ်လို့ ဆိုပါတယ်။ အသင်းအဖွဲ့တွေ၊ ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေအတွက် သက်ဆိုင်ရာ နေရာဒေသအသီးသီးကို ဓာတ်ပုံကိုယ်တိုင် လိုက်လံရိုက်ကူးပေးတယ်လို့လည်း ဆိုပါတယ်။

လိပ်စာ – ညောင်ဦးဖိုးချို
အမှတ်–၂၁၊ အသောကလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၄၅၃၂၃

စားသောက်ဆိုင်သစ်

❑ **Lovely Angel**
Snack Bar & KTV Lounge
အနောက်မရမ်းကုန်းအထည်ချုပ်စက်ရုံရှေ့ဆိုင်တန်း၊
အင်းစိန်လမ်း၊ သမိုင်းလမ်းဆုံမှတ်တိုင်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်။

❑ **PLUS 3 Restaurant**
အနောက်မရမ်းကုန်းအထည်ချုပ်စက်ရုံရှေ့ဆိုင်တန်း၊
အင်းစိန်လမ်း၊ သမိုင်းလမ်းဆုံမှတ်တိုင်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်။

❑ **WA HA HA Ginseng Hot Pot**
အမှတ်–၉၅(ဘီ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ စမိုင်မီးပွိုင့်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

❑ **Carriage Cafe**
The Grand Mee Ya Hta Hotel မြေညီထပ်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

❑ **Ju Fu Lou Restaurant**
(ကျိုဖုအဏ္ဏဝါစားသောက်ဆိုင်)
အမှတ်–၅၇၀၊ ကမ်းနားလမ်း (လသာလမ်းထောင့်)၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၆၈၃

www.foreverspace.com.mm

ပြည်ပမှာဖွင့်လှစ်ထားတဲ့ မြန်မာစားသောက်ဆိုင်များ

ပြည်ပကို အကြောင်းကိစ္စအမျိုးမျိုးနဲ့ သွားရောက်နေသူတွေအတွက် ရည်ရွယ်ပြီး ပြည်ပနိုင်ငံတွေမှာ ဖွင့်လှစ်ထားတဲ့ မြန်မာစားသောက်ဆိုင်အချို့ကို ဖော်ပြပေးလိုက်ပါတယ်။ Online ပေါ်ကနေ တတ်နိုင်သလောက် စုစည်းပေးထားတာ ဖြစ်ပါတယ်။

USA

San Francisco

- **Burma Super Star Restaurant**
  309 Clement Street at: Between 4th and 5th Avenues.
  San Francisco 94118-2315
  Tel: (415) 387-2147
  Tue -Thu 11:00am- 9:30pm
  Fri -Sat 11:00am-10:00pm
  Sun 11:00am- 9:30pm
- **Burma's House Restaurant**
  720 Post Street (between Jones and Leavenworth)
  San Francisco, CA
  Tel: (415) 775-1156
  Lunch & Dinner Daily
- **Irrawaddy Restaurant**
  1769 Lombard Street (at: Between Octavia and Laguna streets)
  San Francisco 94123
  Tel: (415) 931-2830
  Mon-Thu 5:00 pm-9:30 pm Fri-Sun 5:00 pm-10:00 pm
- **Mandalay Restaurant**
  4348 California Street (at: At 5th Avenue)
  San Francisco 94118
  Tel: (415) 386-3895
  Lunch & Dinner daily
- **Nan Yang**
  6048 College Street (at: At Claremont)
  Berkeley 94618
  Tel: (510) 655-3298
  Tue -Fri 11:30am- 3:00pm
  Tue -Fri 5:00pm-10:00pm
  Sat 11:30am-10:00pm
  Sun 12:00pm-10:00pm
- **Nirvana**
  544 Castro Street between 18th & 19th Streets
  San Francisco, CA 94114
  Tel: 415-861-2226
  Mon 5pm-10pm,Tu-Sat 11am-10pm,
  Sun noon-2: 30pm & 4:30-9:30pm
- **Rangoon**
  565 Bryant St.
  Palo Alto, 94301
  Tel: (650) 325 8146
  Lunch is served 11:30 a.m. to 2 p.m. and dinner Mon. to Thurs. 5-9:30 p.m. Fri. and Sat. hours are 5-10 p.m,
- **Yamin Win Burmese Cuisine**
  305 2 St
  Los Altos, CA 94022
  Tel: (650) 941 9676
- **Yoma**
  713 East Garvey Ave,
  Monterey Park, CA

New York

- **Bali Burma**
  9th bet. 45th & 46th.
  Tel: 212-265-9868.
- **Cafe Mingala**
  1393 (B), on 2nd Avenue (between 72nd and 73rd street).
  Tel: 212-744-8008; 212-744-8029
- **Mandalay Kitchen**
  380 bet Mott and Mulberry Streets
  Tel: 212-226-4218.
  Lunch Sat.-Sun., Dinner nightly
- **Mingala Burmese**
  21-23 East 7th Street, New York, NY 10003
  Tel: (212) 529-3656
  Fri & Sat: 11:30AM-11:30PM, Sun: 2:00PM-10:30PM
- **Rangoon**
  81 St. Marks Place, 10003

Washington DC

- **Burma Restaurant (Burmese)**
  740, 6th Street, NW, Washington, DC
  Tel: (202) 638-1280
  Monday - Friday 11 am to 3 pm and 6 to 10 pm,
  Saturday and Sunday 6 to 10 pm.

Virginia

- **Food Factory**
  4221 N. Fairfax Drive Ballston Commons Mall
  Arlington, VA 22203
  Tel: (703) 527 2279
  Lunch & Dinner daily
- **Myanmar Restaurant**
  7810-C Lee Highway, Falls Church, VA 22042
  Tel: (703) 289 0013
  Lunch & Dinner daily

Philadelphia

- **Rangoon Burmese Restaurant**
  112 North 9th St (at Race), Philadelphia, PA 19107
  Tel: (215) 829-8939
  Sunday-Thursday 11:30am-9:30pm

www.foreverspace.com.mm

Friday-Saturday 11:30am-10:00pm

Florida

❑ **Nirvana**
630 Sixth Street, Miami, FL 33139
Tel: 305-534-3700

Texas

❑ **Lemongrass Asian Grill**
1310 RR 620 S Ste 7A
Lakeway, TX 78734
Phone: (512) 263-2221
Mon-Fri 11am-2:30pm, Mon-Thu 5pm-9:30pm
Fri-Sat 5pm-10pm, Sun 5pm-9pm

England

❑ **Mandalay**
444 Edgware Road, London W2
Tel: 020 7258 3696

Hong Kong

❑ **Rangoon Restaurant**
G/F., Hoi Kung Building,
265 Gloucester Road,
Causeway Bay.
Tel: 2893 2281
Opening Hours: Daily, 11.30 a.m.-12.30 p.m.

Malaysia

❑ **Yangon Delights**
FM10, Ground Floor,
Ampang Point Shopping Centre,
Jalan Ampang,
68000 Ampang,
Kuala Lumpur, Malaysia
Opening Hour : 10:00am to 8:00pm
Email: yangon_rest@hotmail.com

Japan

❑ **Venus**
Room101, Kamiochiai 3-15-1, Shinjuku-ku
Tel: 03-3366-9016
Hours: 12:00-24:00

❑ **Top**
Nakai 1-9-9, Shinjuku-ku
Tel: 03-3227-2339
Hours: 11:00-24:00

❑ **Yattanar**
Hyakunin-cho 1-11-31, Shinjuku-ku
Tel: 03-3361-1349
Hour: 12:00-24:00

❑ **Asia**
Hyakunin-cho 2-10-8, Shinjuku-ku
Tel: 03-3366-9644
Hour: 11:30-23:30

❑ **Birumano Tategoto**
Just Bldg. 3F, Kabuki-cho 2-45-2, Sinjuku-ku
Tel: 03-5273-2464
Hour: 11:30-22:00

❑ **Kanaria**
The Katarina Bldg. 4F, Kabuki-cho 1-3-15,
Shinjuku-ku
Tel: 03-5273-0289
Hour: 10:00-24:00

❑ **Nagani**
Yanagiya Bldg. B1, Takadanobaba 2-18-6,
Shinjuku-ku
Tel: 03-3205-0560
Hour: 11:30-23:00
(Mon-Fri 15:00-17:00 Close)

❑ **Mingalaba**
NT Bldg. 3F, Takadanobaba 2-14-8, Shinjuku-ku
Tel: 03-3200-6961

❑ **Nong Innlay**
Tak 11 Bldg. 1F, Room 101, Takadanobaba 2-19-7,
Shinjuku-ku
Tel: 03-5273-5774
Hour: 11:30-04:00

❑ **Amina**
Palece Gurden Mirano 1F, Ikebukuro 2-63-6,
Toshima-ku
Tel: 03-3985-0645
Hour: 11:00-22:30

New Zealand

❑ **Rangoon Restaurant**
Petone, 192 Jackson Street, 6008 Lower Hutt
Tel: 04 568 7941

မီးအာထူးသတိပြုပါ

www.foreverspace.com.mm

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီး ၂၀

၁။	ဟားဗတ်တက္ကသိုလ်	အမေရိက
၂။	စတန်းဖို့ဒ်တက္ကသိုလ်	အမေရိက
၃။	ကိန်းဘရစ်ချ်တက္ကသိုလ်	ဗြိတိန်
၄။	ကယ်လီဖိုးနီးယားတက္ကသိုလ် (ဘာကလေ)	အမေရိက
၅။	မက်ဆာချူးဆက်စက်မှုတက္ကသိုလ်	အမေရိက
၆။	ကယ်လီဖိုးနီးယားနည်းပညာတက္ကသိုလ်	အမေရိက
၇။	ပရင့်စတန်တက္ကသိုလ်	အမေရိက
၈။	အောက်စဖို့ဒ်တက္ကသိုလ်	ဗြိတိန်
၉။	ကိုလံဘီယာတက္ကသိုလ်	အမေရိက
၁၀။	ရှီကာဂိုတက္ကသိုလ်	အမေရိက
၁၁။	ယေးလ်တက္ကသိုလ်	အမေရိက
၁၂။	ကော်နဲလ်တက္ကသိုလ်	အမေရိက
၁၃။	ကယ်လီဖိုးနီးယားတက္ကသိုလ် (ဆန်ဒီယေဂို)	အမေရိက
၁၄။	တိုကျိုတက္ကသိုလ်	ဂျပန်
၁၅။	ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ်	အမေရိက
၁၆။	ကယ်လီဖိုးနီးယားတက္ကသိုလ် (လော့စ်အိန်ဂျလိစ်)	အမေရိက
၁၇။	ကယ်လီဖိုးနီးယားတက္ကသိုလ် (ဆန်ဖရန်စစ္စကို)	အမေရိက
၁၈။	ဝစ္စကွန်ဆင်တက္ကသိုလ် (မက်ဒီဆန်)	အမေရိက
၁၉။	မစ်ရှီဂန်တက္ကသိုလ် (အန်းအာဘာ)	အမေရိက
၂၀။	ဝါရှင်တန်တက္ကသိုလ် (ဆီယက်တဲလ်)	အမေရိက

စာတမ်း၊ ဆောင်းပါးများ ရေးသားထုတ်ဝေနိုင်မှု၊ နိဘယ်လ်ဆုရရှိမှု၊ သုတေသနဆောင်ရွက်မှု နှင့် ပညာရပ်ဆိုင်ရာ အချက်အလက်မျိုးစုံအပေါ်မူတည်၍ အဆင့်သတ်မှတ်ထားခြင်း ဖြစ်သည်။

မန္တလေးက ဒစ်ဂျစ်တယ် ပုံနှိပ်နိုင်မယ့်နေရာ

အဆင့်မီ ကြော်ငြာဂိုစတာပြုလုပ်လို သူတွေနဲ့ ဗင်နိုင်းကြော်ငြာဘုတ် ပြုလုပ်လို သူတွေအတွက် အဆင်ပြေစေနိုင်မှာ ဖြစ်ပါ တယ်။ ဓာတ်ပုံစက္ကူသားနဲ့ ဗင်နိုင်းအစ တွေပေါ်မှာ အနံ ၁၀ ပေကနေ အလျား အလိုရှိသလောက် လုပ်ငန်းအပ်နှံသူစိတ် တိုင်းကျ ပုံကြီးချဲ့ပြုလုပ်ပေးနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဓာတ်ပုံ မြတ်နိုးသူ တွေအတွက်လည်း ဧည့်ခန်းအလှသုံးခွက် တွေနဲ့ အင်္ကျီအထည်တွေပေါ်မှာ ဓာတ်ပုံ တွေ၊ ဒီဇိုင်းအလှအပတွေကိုလည်း ရိုက် နှိပ်ပေးတယ်လို့ သိရပါတယ်။

လိပ်စာ-

MEDIA WORLD

Digital Inkjet Printing

အခန်း-၄၂၊ တတိယထပ်၊

ရတနာပုံဈေး၊

မန္တလေး။

ဖုန်း-၀၂-၈၉၄၃၀

ကြေးအိုးနဲ့ Hot Pot

ကြေးအိုးနဲ့ Hot Pot ကြိုက်နှစ်သက်ကြသူများအတွက် အခုလို အေးချမ်းတဲ့ ဆောင်းကာလမှာ ကြေးအိုးနဲ့ Hot Pot အရသာရှိရှိ ပူပူနွေးနွေးသွားရောက်သုံးဆောင်နိုင်ကြဖို့ ရန်ကုန်မြို့ပေါ်က ကြေးအိုးနဲ့ Hot Pot ဆိုင်များကို လက်လှမ်းမီသလောက် ရွေးချယ်စုစည်းဖော်ပြလိုက်ပါတယ်။

ကြေးအိုးဆိုင်များ

❑ **Y.K.K.O**

- အမှတ်-၂၈၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၁၉၉၈
- အမှတ်-၂၈၆၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၉၇၅၄

❑ **ယူဂျီးနီးယားကဖေး**

အမှတ်-၄၇၊ (E-၁၀၁၊ ၁၀၂)၊ မနော်ဟရီအိမ်ရာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၇၃၄၆

❑ **ကြေးအိုးဘုရင်**

- အမှတ်-၁၆၈၊ ၁၈၈၊ အခန်း-၁၊ ၂၇ လမ်း (အထက်)၊ (၅) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၂၃၂၆
- အမှတ်-၂၆၃၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၁၈၃၀
- အမှတ်-၁၈၅၊ ၃၆ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

❑ **အောင်မြင့်မိုရ်**

အမှတ်-၆၃၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊

www.foreverspace.com.mm

ရန်ကုန်။ ဖုန်း–၂၂၉၂၂၃၊ ၂၂၄၉၂၀

❑ **Honey**

ဗဟိုလမ်း၊ မ.ယ.က ရုံးရှေ့၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

❑ **Top**

အမှတ်–၈၅၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၅၄

❑ **YUKO**

အမှတ်–၇၊ တိုက် (၁)၊ ရှစ်မိုင်မြို့ပြအိမ်ရာ၊ ရှစ်မိုင်လမ်းဆုံ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

❑ **ရွှေထန်းပင်**

အမှတ်–၄၄၁၊ ကုန်သည်လမ်း၊ ၄၃ လမ်းနှင့် ၄၄ လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

❑ **စွဲလမ်း**

– မြနန်းသိမ်ဂီရုပ်ရှင်ရုံဘေး၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
– သမိုင်းမြို့ပြအိမ်ရာ၊ မြေညီထပ်၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့်၊ သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

❑ **ရွှေယုန်လေး**

– အမှတ်–၇၊ အင်းစိန်လမ်း၊ ကြို့ကုန်းလမ်းဆုံမှတ်တိုင်အနီး၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
– အမှတ်–၂၅၊ ပါရမီလမ်း၊ သီရိလမ်းထိပ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
– ၇ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
– အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
– အမှတ်–၁၂၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း (မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

❑ **ရွှေထားဝယ်**

အမှတ်–၂၄၊ ကျားကွက်သစ်လမ်းနှင့် ဘယသုဒ္ဓိလမ်းထောင့်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၈၃၆

❑ **BJ Cafe**

အမှတ်–၅၄၂၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။

❑ **Million Coin**

– လေဆိပ်လမ်းဆုံအနီး၊ ဥက္ကလာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၁၁၆၉၉
– Yangon International Hotel ၊ မြေညီထပ်၊ အမှတ်–၃၃၀၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၃၇၈၆

Hot Pot ဆိုင်များ

❑ **ဟော့ဖေး (ယူနန်ဟော့ပေါ့)**

အမှတ်–၂၀၈၊ (ဘီ)၊ အရှေ့ရွှေဂုံတိုင် (မီးပွိုင့်အနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၉၁၀၈

❑ **ရွှေရှမ်းကန်**

အမှတ်–၁၃၂ (ဘီ)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၆၇၈၉၊ ၀၉–၈၀–၂၁၅၇၊ ၀၉–၉၉၂၃၄၅၅၊ ၀၉–၅၀၁၁၇၁၁

❑ **ရွှေကောင်း**

အမှတ်–၁၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၉၃၃၃၉

❑ **COCA SUKI**

Summit Parkview Hotel ၊ အမှတ်–၃၅၀၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၉၉၀၄/၅၊ ဖက်စ်–၂၂၇၉၉၂/၅
E-mail:janitra@myanmar.com.mm

❑ **Tower 9**

အမှတ်–၂၁၂၊ တိုက်–A(မြေညီထပ်)၊ ကမ္ဘောဇောဏ်ဘေး၊ ရွှေဂုံတိုင်တာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၈၂၂၈

❑ **ကောင်းကောင်း**

အမှတ်–၁၀၂၊ ဘီ၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၅၈၀၀
– အမှတ်–၄၈၅၊ နာနတ်တောလမ်းဆုံ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၅၃၉၄၊ ၀၉–၅၀၅၇၈၈၈

❑ **7 Up Hot Pot**

အမှတ်–၂၄၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၂၇၁၀၊ ၅၄၁၄၆

❑ **SS Food Channel**

အမှတ်–၆၀၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၆၂၂၄

❑ **ကြေးအိုးဘုရင် မောင်မောင်ခင်**

အမှတ်–၁၈၅၊ ၃၆ လမ်း၊ (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၈၂၃၃၅ ■

www.foreverspace.com.mm

၂၀၀၅ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိဝင်ဘာလများအတွင်း ထွက်ရှိသောစာအုပ်များ

စဉ်	စာအုပ်အမည်	စာရေးသူ	အုပ်ရေ	တန်ဖိုး (ကျပ်)	ထုတ်ဝေတိုက်	ထုတ်ဝေနှစ်	စာအုပ် အမျိုးအစား
၁။	အင်းလေးတိုက်တေးကဗျာများ [စာမူခွင့်ပြုချက်အမှတ်–၁၇/ ၂၀၀၄(၃)]	မောင်တင်မြို့(အင်းလေး)	၅၀၀	၆၅၀	The Couple	၂၀၀၅၊ ဇွန် (ဒု–ကြိမ်)	ကဗျာ
၂။	သတင်းစာပညာသင်တန်းတရားနှင့် လက်တွေ့ [စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၀၅၀၅၀၅]	မောင်ဝံသ	၁၀၀၀	၂၀၀၀	ဒေါင်း	၂၀၀၅၊ နိဝင်ဘာ (ပ–ကြိမ်)	သတင်းစာ ပညာ
၃။	အခွန်နှစ်ထပ်ကွမ်းစည်းကြပ်မှုရှောင်ရှားရေး သဘောတူစာချုပ်ရှင်းလင်းဆွေးနွေးချက်များ	ဦးဟန်ထွန်း [စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၉၂၀၅၀၆]	၅၀၀	၁၆၀၀	ရတနာဥဂုဏ်	၂၀၀၅၊ စက်တင်ဘာလ (ပကြိမ်)	စီးပွားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း
၄။	ကံကောင်းနည်းလက်ဆောင် [စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၆၂၀၅၁၁]	ချစ်နိုင် (စိတ်ပညာ)၃၀၀၀	၇၀၀	နိုင်		၂၀၀၅၊ ဒီဇင်ဘာလ (ပ–ကြိမ်)	ဆောင်းပါး ပေါင်းချုပ်
၅။	ငယ်ယုံပူဘော် [စာမူခွင့်ပြုချက်အမှတ်–၅၀၁၃၄၂၀၅၁၀]	မဝင်းမြင့်	၅၀၀	၈၀၀	ခင်စိုးဝင်း	၂၀၀၅၊ ဒီဇင်ဘာလ (ဒု–ကြိမ်)	ဝတ္ထု
၆။	မြတ်ဗုဒ္ဓသာသနာ့အခြေခံ [စာမူခွင့်ပြုချက်အမှတ်–၃၂၀၄၆၂၀၅၀၇]	ဦးသက်စိန်(ဖြူး)	၁၀၀၀	၄၀၀၀	မိခင်ဧရာဝတီ	၂၀၀၅၊ အောက်တိုဘာ (ဒု–ကြိမ်)	ဘာသာရေး
၇။	တစ်ကိုယ်ရည်မှ နှစ်ကိုယ်တူ ဘဝသို့ [စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၉၈၀၅၀၉]	စာရေးဆရာစုံ	၅၀၀	၄၀၀	မြစ်ကွေ့	၂၀၀၅၊ အောက်တိုဘာ (ပ–ကြိမ်)	အိမ်ထောင်ရေး
၈။	ကြိုးစင်ပေါ်မှ ဖြောင့်ချက် [စာမူခွင့်ပြုချက်အမှတ်–၉၇၂/ ၂၀၀၃(၇)]	ဒဂုန်ရွှေမျှား	၅၀၀	၇၀၀	Quality Publishing House	၂၀၀၅၊ ဒီဇင်ဘာ (ဒု–ကြိမ်)	
၉။	ဓနမုဆိုး [စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၅၉၀၅၀၉]	မောင်ပေါ်ထွန်း	၇၀၀	၉၅၀	ကေဇော်	၂၀၀၅၊ ဒီဇင်ဘာ (ပ–ကြိမ်)	တက်ကျမ်း
၁၀။	တန်ကြေးပေး၍ ငွေချမ်းသာနည်း [စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၇၇၀၅၀၉]	မြတ်ငြိမ်း	၅၀၀	၉၀၀	ပန်းရွှေပြည်	၂၀၀၅၊ နိဝင်ဘာ	တက်ကျမ်း
၁၁။	အရူးလူတော်နှင့် ပညာရှိ [စာမူခွင့်ပြုချက်အမှတ်–၄၀၁၁၂၀၀၅၁၀]	ဒေါက်တာခင်မောင်ညို	၁၀၀၀	၅၀၀	ရွှေဟင်္သာ	၂၀၀၅၊ နိဝင်ဘာ	ဒဿန
၁၂။	ဖြတ်သန်းချိန် [စာမူခွင့်ပြုချက်အမှတ်–၃၂၀၁၈၀၅၁၁]	ငြိမ်းချမ်းဦး	၁၀၀၀	၆၀၀	လှိုင်ကြည်ဖြူ	၂၀၀၅၊ ဒီဇင်ဘာ	အတွေးအမြင်
၁၃။	သန်ဂဇေါဟာရများ(ဒုတိယပိုင်း) [စာမူခွင့်ပြုချက်အမှတ်–၄၀၀၈၄၂၀၅၀၈]	ဒေါက်တာခင်မောင်ဝင်း	၅၀၀	၁၃၀၀	မုံရွေး	၂၀၀၅၊ နိဝင်ဘာ	သိပ္ပံစာစဉ်
၁၄။	လူထုအမေ နှစ် ၉၀ [စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၇၀၀၅၀၉]	မိချမ်းဝေ	၁၀၀၀	၁၃၀၀	ကမာရင်ကွဲ	၂၀၀၅၊ နိဝင်ဘာ	အမှတ်တရ စကားစာစုများ
၁၅။	ငါပိုက်ဆံတွေ ဘယ်သူယူသွားလဲ [စာမူခွင့်ပြုချက်အမှတ်–၄၀၀၃၃၃၀၅၀၄]	ညီညီနိုင်	၅၀၀	၁၅၀၀	ပန်းရွှေပြည်	၂၀၀၅၊ နိဝင်ဘာလ	တက်ကျမ်း

www.foreverspace.com.mm

၁၆။	ဘဝသက်တာ [စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၇၂၀၅၀၇]	သခင်ဗတင်	၅၀၀	၁၀၀၀	Eternal Publishing House	၂၀၀၅၊ နိုဝင်ဘာ	မှိုင်မိုင်း
၁၇။	အမှတ်တရ ရာပြည့် ဆရာဇော်ဂျီ [စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၁၆၉၀၅၁၀]	မြင့်ကြိုင်	၅၀၀	၆၀၀	ကြယ်နီ	၂၀၀၅၊ ဒီဇင်ဘာ	အတ္ထုပ္ပတ္တိ
၁၈။	အချိန်မနှောင်းခင် [စာမူခွင့်ပြုချက်အမှတ်–၃၂၀၆၂၈၀၅၀၈]	အဆွေကြည်(ဆက်ဖွား)	၁၀၀၀	၆၀၀	UNITY	၂၀၀၅၊ နိုဝင်ဘာ	ဘာသာရေး
၁၉။	ကိုယ်စားရပ်သွင် [စာမူခွင့်ပြုချက်အမှတ်–၅၀၀၉၀၆၀၅၀၇]	မဝင်းမြင့်	၁၀၀၀	၅၀၀	ဓနလမ်း	၂၀၀၅၊ ဩဂုတ် (ဒု–ကြိမ်)	ဝတ္ထု
၂၀။	ခေမာသောင်ကမ်း [စာမူခွင့်ပြုချက်အမှတ်–၅၀၁၃၃၃၀၅၁၀]	မဝင်းမြင့်	၁၀၀၀	၅၀၀	ခစည်သူ+နှင်းအဉ္ဇလီ	၂၀၀၅၊ နိုဝင်ဘာ (ဒု–ကြိမ်)	ဝတ္ထု
၂၁။	သစ္စာရှာဖို့ မြင်းစီးသူ [စာမူခွင့်ပြုချက်အမှတ်–၃၂၀၅၇၁၀၅၀၈]	ကျော်ဝင်း	၂၀၀၀	၁၂၀၀	တကောင်း	၂၀၀၊ အောက်တိုဘာ (ပ–ကြိမ်)	ဘာသာရေး

စာအုပ်ကမ်းညွှန်

Editor's Choice

မြန်မာမင်းများအရေးတော်ပုံ အရေးတော်ပုံ ၆ စောင်တွဲ

ရှေးမြန်မာမင်းတို့နှင့် စပ်လျဉ်းသည့် အရေးအခင်းများ၊ တိုင်းပြည်လူမျိုးတို့နှင့် သက်ဆိုင်သည့် အရေးအခင်းများကို မှတ်တမ်းတင်ထားသည့် အရေးတော်ပုံခြောက်စောင်ကို ပုံနှိပ်မှုအသီးသီးနှင့် တိုက်ဆိုင်တည်းဖြတ်၍ အကွရာဝလိအညွှန်း၊ ပုံအညွှန်းများဖြင့် သပ်ရပ်ခဲ့ညားစွာ ထုတ်ဝေထားသော ရှေးမြန်မာသမိုင်းကျမ်းတစ်စောင်ဖြစ်သည်။

ကဝိသာရာဘိ သီရိပဝရ အဂ္ဂမဟာမဂ္ဂရာဇာ ဓိရာဇရုရ ရခိုင်ဆရာတော်၏ ဧည့်ဝတီအရေးတော်ပုံ၊ ဝန်ကြီး ဗညားဒလ၏ ရာဇဓိရာဇ်အရေးတော်ပုံ၊ အမတ်ကြီး ဥဿရော၏ ဟံသာဝတီဆင်ဖြူရှင် အရေးတော်ပုံ၊ မဟာအတုလမင်းကြီး၏ ညောင်ရမ်းမင်းတရားအရေးတော်ပုံ၊ လက်ဝဲအနော်ရထာ၏ အလောင်းမင်းတရားကြီး အတ္ထုပ္ပတ္တိအရေးတော်ပုံ ရာဇဝင်နှင့် တွင်းသင်းတိုက်ဝန် ဦးထွန်းညို၏ အလောင်းမင်းတရားကြီးအရေးတော်ပုံတို့ပါဝင်သည်။ ခေတ်ပြိုင်သမိုင်းအဖြစ်အားကိုးရပြီး မြန်မာရာဇဝင်ကျမ်းများနှင့် တိုက်ဆိုင်စစ်ဆေးရာတွင် သမိုင်းတန်ဖိုးလွန်စွာကြီးပါသည်ဟု ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှ ဌာနမှူး ပါမောက္ခ ဒေါက်တာကျော်ဝင်းက မှတ်ချက်ရေးထားသည်။

ပုံနှိပ်မှု အမျိုးမျိုး၏ ကွဲလွဲချက်များကို အောက်ခြေမှတ်စုများ၌ ဖော်ပြထားပြီး မြန်မာရက်စွဲများကို ခရစ်ရက်စွဲဖြင့် လည်းကောင်း၊ နိုင်ငံခြားအမည်၊ မြို့ရွာဒေသအမည်များကို မူရင်းဘာသာစကားတို့ဖြင့်လည်းကောင်း ဖလှယ်ပေးထားသဖြင့် များစွာ အကျိုးရှိပေသည်။ မောက်သူဇာဆိုသည်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မိုရှီဒဘက်မြို့ (Moorshedabad)၊ ပဋ္ဋိက္ကရာဆိုသည်မှာ တြိပူရ (Tripura)၊ မုဿလမံဆိုသည်မှာ Muslim စသည်ဖြင့် ဖြစ်သည်။

ဧည့်ဝတီအရေးတော်ပုံတွင် ဧည့်ဝတီခေတ်မှ ကံရာဇာကြီးမင်းဆက် စန္ဒာသူရိယမင်း ထီးနန်းရရှိပုံမှစ၍ နောက်ပိုင်းမင်းဆက်များကို အစဉ်အဆက်ဖော်ပြထားသည်။ နောက်ဆုံးတွင် မြန်မာဘုရင် ဗဒုံမင်းက ရခိုင်ကို သိမ်းပိုက်သည်အထိ ရေးသားဖော်ပြထားသည်။ ဧည့်ဝတီအရေးတော်ပုံကျမ်း၌ မင်းနှင့်အမတ်တို့ တိုင်းပြည်ရေးရာဆွေးနွေးရာတွင် 'မုဿ

www.foreverspace.com.mm

လမံ ကုလားတို့မှာ အကောက်အဆိုးများသည်' ဟု ကောက်ချက်ချထားသည်ကို တွေ့ရသည်။ အကျင့်သီလနှင့် ပြည့်စုံသော ဝရဓမ္မရာဇာမင်း သက်တော် ရှစ်ဆယ့်ငါးနှစ်တွင် 'မဟာမုနိဘုရားရောင်တော်လွှတ်သည်။ ငလျင်အကြိမ်များစွာလှုပ်သည်။ တော်လည်းသည်။ ဥက္ကာပျံသည်။ နတ်အမြောက်သံ အကြိမ်များစွာကြားသည်။ တောင်ပြိုသည်။ နန်းသို့မိန္ဆာဝင်သည်။ နဂါးချေးလွှတ်သည်။ ကြာသပတေးကြယ်လကိုထွင်းသည်။ စနေ၊ အင်္ဂါကြိုဟ်ပျံသည်' ဟု ဖော်ပြထားရာ ထိုမှတ်တမ်းတင်ချက်ကို ယခုခေတ် သမိုင်းဆရာများ မည်သို့သဘောထားမည်မသိပေ။

မွန်ရာမည သမိုင်းဖြစ်သော ရာဇဓိရာဇ်အရေးတော်ပုံကိုပေမူ၊ သုဓမ္မဝတီပုံနှိပ်မှုတို့အပြင် ဒေါက်တာနိုင်ပန်းလှတည်းဖြတ်သောကျမ်းနှင့်ပါ တိုက်ဆိုင်ညီနှိုင်းထားသည်။ မဂဒူးမင်းဆက် တည်ထောင်ပုံမှစ၍ အင်း၀–ဟံသာ၀တီ အနှစ်လေးဆယ်စစ်ဖြစ်ပွားပုံ၊ စစ်အတွင်းနှစ်ဖက်သူရဲကောင်းတို့၏ စွန့်စားပုံများကို မှတ်တမ်းတင်ထားသည်။ သူရဲကောင်းကို လွန်စွာမြတ်နိုးသော မွန်ဘုရင်သုရှင်၏ စိတ်ဓာတ်ကို အံ့သြဖွယ်တွေ့ရသည်။ မိဖုရားကို သူရဲကောင်းလွဂန်းအိမ်နှစ်သက်နေသဖြင့် မစားနိုင် မအိပ်နိုင်ဖြစ်ရာ သူရဲကောင်းကိုမြတ်နိုးသောဘုရင်က 'မိဖုရားကိုမနမြော။ သင့်ကိုသာ နမြော သည်' ဟုဆိုကာ မိဖုရားကို လွဂန်းအိမ်ထံပို့စေသည်ဟု ဆိုသည်။

ဟံသာ၀တီ ဆင်ဖြူရှင်အရေးတော်ပုံမှာ ဘုရင့်နောင်ကျော်ထင်အနော်ရထာဆင်နွှဲခဲ့သော စစ်ပွဲများနှင့် စီးပွားရေး၊ လူမှုရေး၊ သာသနာရေး မှတ်တမ်းတင်ထားသည်။ အမတ်ကြီး ဥဿရောက စာစောင်မော်ကွန်းတော် ၂၃၅ စောင်အနက် စာစောင် ၁၃၅ စောင်တို့ကိုမှီး၍ မော်ကွန်းတင်သည်ဟု အဆုံးတွင် ရေးသားထားသည်။ မော်ကွန်း၊ စာစောင်တို့၏ အမည်စာရင်းကိုလည်း ရေးထားသည်။

ညောင်ရမ်းမင်းအရေးတော်ပုံမှာ ဦးကုလား မဟာရာဇဝင်ကြီး တတိယအုပ်နှင့် တွင်းသင်းတိုက်ဝန် ဦးညို၏ မဟာရာဇဝင်သစ်တွင် ကိုးကားသည့် မင်းရဲဒိဗ္ဗစက္ခုင်းမှ အဖွဲ့အနွဲ့များဖြစ်သည်။ အလောင်းမင်းတရားကြီး အရေးတော်ပုံမှာ ကုန်းဘောင်မင်းဆက်အစ တည်ထောင်ခဲ့ပုံနှင့် မြန်မာ့တန်ခိုးအာဏာဖြန့်ကြက်ခဲ့ပုံများကို မှတ်တမ်းတင်ထားသည်။ သမိုင်းကျမ်းများကို ၁၉၂၃ ခုနှစ်မှစ၍ ပုံနှိပ်အက္ခရာတင်ခဲ့ပြီးနောက် ပုံနှိပ်တိုက်အသီးသီးက အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ကွဲလွဲချက်များရှိခဲ့သည်။ ယခု ရာပြည့်စာအုပ်တိုက်မှ ထုတ်ဝေရာတွင် ကွဲလွဲချက်များကို ခွဲခြားဖော်ပြထားပြီး ပုရပိုက်မူရုပ်ပုံများကိုလည်း ရောင်စုံစာမျက်နှာဖြင့် ဖော်ပြထားသည်။ မင်းအစဉ်အဆက်ကို ဇယားများဖြင့် ပြုလုပ်ပေးထားခြင်း၊ အရေးတော်ပုံတစ်စောင်စီ၏ အဆုံးတွင် အက္ခရာဝလီ အညွှန်းလုပ်ပေးထားခြင်းတို့ကြောင့် ပညာရှင်များအတွက်ရော လေ့လာသူစာသင်သားများအတွက်ပါ အလွယ်တကူအသုံးပြုနိုင်မည်ဖြစ်သည်။

ခုံခုံညားညားထွက်ပေါ်သင့်သော ကျမ်းကြီးကျမ်းခိုင်၊ မြန်မာ့ဂန္ထဝင်သုတ၊ ရသစာပေများအနက် မြန်မာမင်းများ အရေးတော်ပုံကျမ်းသည်လည်း တစ်စောင်အပါအဝင်ဖြစ်သည်။ သမိုင်းနယ်ပယ်မှ ပုဂ္ဂိုလ်များသာမက ဗဟုသုတ လိုလားသူတိုင်း ဖတ်ရှုလေ့လာသင့်သောကျမ်းဖြစ်သည်။ စာရေးဆရာချစ်ဦးညိုက "အရေးတော်ပုံကျမ်းကြီးများသည် 'ရသစုံလင်သော စာကြီးများ' ဖြစ်နေကြသည်" ဟု အညွှန်းရေးထားသည်။ ကတ်ထူဖုံးနှင့် သပ်ရပ်စွာ ချုပ်ထားပြီး စာအကျအပေါက် မရှိသလောက်ပင်ဖြစ်သည်။

ထုတ်ဝေတိုက် – ရာပြည့်

ထုတ်ဝေနှစ် – ၂၀၀၅၊ ဩဂုတ်

အကြိမ် – စတုတ္ထအကြိမ်

တန်ဖိုး – ၃၅၀၀ ကျပ်

အုပ်ရေ – ၅၀၀

စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၄၂၀၅၀၅

နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများ

စိုးတင်ဝင်း (ဘဏ်)

၁၉၈၀ ကျော်နှစ်များအတွင်း အတွေးအမြင် မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီစာစောင်တွင် ဖော်ပြခဲ့သော နိုင်ငံတစ်ခု၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် နည်းလမ်းပေးထားသော ဆောင်းပါးများအား စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။ ထိုစဉ်ရေးသားခဲ့သော ထိုဆောင်းပါးများသည် ယခုမျက်မှောက်ကာလ များစွာအသုံးတည့်သည့် စာစုများဖြစ်နေသည်ကို တွေ့ရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဿနာများသည် သက်ဆိုင်ရာဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံး၏ ပြဿနာဖြစ်သည်။ ကမ္ဘာတစ်လွှားမှ စိတ်ဝင်စားအာရုံစိုက်နေရသည့် ပြဿနာကြီးလည်း ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးပြဿနာများစွာ သက်ဆိုင်ရာနိုင်ငံများအတွက် အပူတပြင်းဆောင်ရွက်ရန် လိုအပ်သည့် ပြဿနာတစ်ရပ်ဖြစ်လာသကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အဖွဲ့အစည်းအသီးသီးကလည်း လျစ်လျူရှုမထားနိုင်လောက်သည့်ပြဿနာဖြစ်လာခဲ့သည်။ ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံကြီးများကလည်း ဆင်းရဲမှုသမုဒ္ဒရာပြင်ကျယ်ကြီးတွင်၌ ကြွယ်ဝမှုကျွန်းကလေးများကဲ့သို့ ရှိနေရသည်။ အခြေအနေကို ကြာလေလေ လိပ်ပြာမသန့်လေလေ ဖြစ်လာခဲ့ပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံမှ ပြည်သူများသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လူနေမှုအဆင့်အတန်း ထိတွေ့ခံစားလာမိသည်နှင့်အမျှ

www.foreverspace.com.mm

ယင်းတို့၏ သြဇာလွှမ်းမိုးမှုခံစားခဲ့ကြရ ကြောင်း စာရေးသူက ဆိုထားသည်။

ဖွံ့ဖြိုးမှုနိုင်ငံများ၏ လူနေမှုအဆင့် မြင့်မားမှုကို အားကျခြင်းနှင့် ယင်းတို့ကဲ့သို့ ဖြစ်လိုသော ဖွံ့ဖြိုးမှုအသီးအပွင့်ခံစားလိုသောစိတ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများတွင် ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံတို့ကြားတွင် အဆင့်အတန်းကွာဟသည်နှင့် အမျှ အရှိန်အဟုန်တဖြည်းဖြည်း မြင့်တက်လာကြောင်း သုံးသပ်ထားသည်။ အမျိုးမျိုးသောစည်းစိမ်ကို ခံစားနေနိုင်သည့် အခြေအနေတွင် ၎င်းတို့ မခံစားနိုင်သော စည်းစိမ်တစ်ခုမှာ ဆင်းရဲသည့်နိုင်ငံများနှင့် ယှဉ်တွဲနေရခြင်းပင် ဖြစ်သည်ဟု ဖော်ပြထားသည်။

ခေတ်မီရေးဟူသော ဝေါဟာရနှင့် ပတ်သက်၍ ခေတ်အဆက်ဆက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ရှင်းလင်းချက်များ ဖော်ပြထားသည်။ အချို့သောပညာရှင်များက ပညာရပ်ဆန်ဆန် ခံခံညားညား၊ လက်တွေ့ဆန်ဆန် အဓိပ္ပာယ်ဖွင့်ဆိုမှုတို့ကိုလည်း ရေးသားထားသည်။

ဤစာအုပ်တွင် ဖွံ့ဖြိုးတိုးတက်မှု၏ အဓိပ္ပာယ်၊ ဖွံ့ဖြိုးမှု၏ သော့ချက်နှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ဖြစ်တတ်သော အခက်အခဲ၊ အတားအဆီးတို့ကို စာရေးသူက ပညာရပ်ဆန်ဆန် တင်ပြထားသည်။ စာရေးသူက စတော့ဟုမ်းတက္ကသိုလ်မှ နိုင်ငံရေးဘောဂဗေဒပါမောက္ခ ဂွန်နာမိုင်ရ်အယ်၏ အဆိုကို ကိုးကား၍ လူ့အဖွဲ့အစည်းတိုင်း၏ ဖွံ့ဖြိုးမှုကို အင်္ဂါလက္ခဏာ (၆) ရပ်ဖြင့် ခွဲခြားထားပါသေးသည်။ ဆက်လက်၍ စာရေးသူက နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ထောက်ပြထားပါသည်။

"နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာမှာ နောက်ဆုံးတွင်



နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှု ရှိမရှိဟူသော အကြောင်းခြင်းရာပေါ်တွင် အခြေခံလျက် ရှိသည်ကို တွေ့ရမည် ဖြစ်ပေသည်။ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော နိုင်ငံရေးအခြေအနေများ ဖွဲ့စည်းဖြစ်ပေါ်လာခြင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လိုပါက ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေမည့် နိုင်ငံရေးကို ရရှိအောင် လုပ်ဆောင်ရမည်...."

ပကတိအခြေအနေများအရ ဖွံ့ဖြိုးမှုအတွက် အရေးကြီးဆုံးသော နိုင်ငံရေးနယ်ပယ်သည် အားအနည်းဆုံးနယ်ပယ်ဖြစ်နေသည်ကို တွေ့ရပေမည်။ ထို့ကြောင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဤမျှဆင်းရဲမှု သက်ဆိုးရှည်နေရခြင်း ဖြစ်ပေသည်ဟု သုတေသီများ၏ ကောက်နုတ်ချက်များကို ကိုးကား၍ ပြထားပါသည်။

ဤစာအုပ်ကို ဖတ်ပြီး အချုပ်ဆိုရသော် နိုင်ငံတစ်ခုဖွံ့ဖြိုးရန်အတွက် နိုင်ငံတွင်းနေထိုင်သော ပြည်သူများနှင့် ပညာရှင်များ၏ ဝိုင်းဝန်းပံ့ပိုးမှုလည်း လိုအပ်ပါသည်။ တိုင်းပြည်တစ်ပြည်သည် သံခုတီးဝိုင်းကြီးကဲ့သို့ ဖြစ်နေရမည်ဖြစ်ပြီး နိုင်ငံရေးခေါင်းဆောင်များသည် သီချင်းရေးဆရာရော တီးဝိုင်းခေါင်းဆောင်အဖြစ်ပါ နေရာယူကြရပေမည်ဟု ရေးသားထားခြင်း ဖြစ်ပါသည်။

စာရေးသူ၏အမှာစာတွင် ရေးသားထားချက်အရ စာမျက်နှာ ၁၂၉၄ မျက်နှာရှိ 'နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများ' အမည်ဖြင့် စာအုပ်ကြီး (လက်ရေးမူ) ကို အပြီးသတ်ရေးသားနိုင်ခဲ့သည်ဟု ဆိုထားသည်။ အခုထွက်ရှိလာသည့် စာအုပ်သည် (ကွန်ပျူတာစာစီ) စာမျက်နှာ ၁၇၄ မျက်နှာသာ ပါရှိသည့်အတွက် စာရေးသူတွင် ပုံနှိပ်ဖော်ပြရန် အချို့ကျန်ရှိနေဦးမည်ဟု ထင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံရှိ မြန်မာပြည်သူများအတွက် ဤကဲ့သို့ ရေးသားရန် စာရေးသူတွင် ကျန်ရှိနေဦးမည်ဟု မျှော်လင့်ရပါသည်။ ဤစာအုပ်သည် ပညာရပ်ဆန်သည့်အတွက် ဘာသာရပ်အဖြစ် လေ့လာရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာပညာရှင်များအတွက်လည်းကောင်း၊ သတင်းစာဆရာများအတွက်သော်လည်းကောင်း လွန်စွာသင့်တော်သည်။ အဖုံးဒီဇိုင်းအပြင်အဆင် ရိုးစင်းသည်။ ပါဝင်သည့်စာစုများ ပညာရပ်ဆန်သည့်အတွက် အခန်းခွဲတိုင်းတွင် ဖွံ့ဖြိုးရေးနှင့်ဆိုင်သည့် ကာတွန်းသော်လည်းကောင်း၊ ဓာတ်ပုံများသော်လည်းကောင်း ပါဝင်စေခြင်းဖြင့် စာဖတ်သူအား အသက်ရှူခွင့်ပေးနိုင်မည်ဟု ထင်မြင်မိရပါသည်။

ထုတ်ဝေတိုက် – Quality Publishing House

ထုတ်ဝေနှစ် – ၂၀၀၅၊ စက်တင်ဘာလ

မျက်နှာဖုံး – ဇေယျာ

အကြိမ် – ပထမအကြိမ်

တန်ဖိုး – ၁၂၀၀ ကျပ်

အုပ်ရေ – ၅၀၀

စာမူခွင့်ပြုချက်အမှတ် – ၃၅၄/ ၂၀၀၁(၄)

www.foreverspace.com.mm

သတင်းစာပညာ သဘောတရားနှင့် လက်တွေ့

မောင်ဝံသ



ဘာသာပြန်စာရေးဆရာ မောင်ဝံသ ပြုစုထားသော သတင်းစာပညာဆိုင်ရာ စာအုပ်ဖြစ်သည်။ စုစုပေါင်း အခန်း (၁၁) ခန်းတွင် ခေါင်းစဉ်ခွဲ ၄၄ ခုဖြင့် သတင်းစာပညာရပ်ဆိုင်ရာ အခြေခံအကြောင်းတရားများကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းဖော်ပြထားသည်။ မီဒီယာ ၆ မျိုးနှင့် ပတ်သက်၍ ဖွင့်ဆိုရှင်းပြထားရာတွင် စာအုပ်ပြုစုသူ သင်ယူခဲ့သော ခေတ်ကာလသင်ရိုးများအတိုင်း ခွဲခြားဖော်ပြထားသည်ကို တွေ့ရသည်။ စာအုပ်တွင် အလျဉ်းသင့်သလို ကိုးကားဖော်ပြထားသော စစ်တမ်းအများစုမှာ ၁၉၇၀ ခုနှစ်လွန်နှင့် ၈၀ ခုနှစ်လွန်များက ကိန်းဂဏန်းများဖြစ်သည်ကို တွေ့ရသည်။

မီဒီယာပါရာဒိုင်းပြောင်းလဲလာသည့် ယနေ့ကာလမျိုးတွင် ရုပ်သံမီဒီယာ၏ စွမ်းပကားမှာ ပို၍ထက်မြက်လာသည်။ ကျမ်းပြုသူကိုးကားထားသော ထိုခေတ် ထိုကာလက ရုပ်သံမီဒီယာ၏ အခြေအနေနှင့် မျက်မှောက်အနေအထားမှာ အတန်ငယ်ကွာဟပြောင်းလဲနေပါသည်။ စာမျက်နှာ ၅၂ ရှိ 'သတင်းစာနှင့် ပရိသတ်' ခေါင်းစဉ်အောက်ရှိ တီဗီနှင့် သတင်းစာကွာဟချက်ကို အီရတ်–အမေရိကန်စစ်ပွဲ တိုက်သင့်မတိုက်သင့် ဥပမာပေး၍ နှိုင်းယှဉ်ထားချက်မှာ မူရင်းကျမ်းပြုစုသူမှာ ပုံနှိပ်မီဒီယာ သတင်းစာဆရာဖြစ်နေ၍ သတင်းစာဖက်မှ အားသာချက်ကို ရေးထုတ်ထားဟန်ရှိပေသည်။ သို့သော် ဒုတိယမြောက် အီရန်–အမေရိကန်စစ်ပွဲတွင်မူ ထောင်ပေါင်းများစွာသော စစ်ကိုဆန့်ကျင်သူနှင့် ထောက်ခံသူတို့၏ ဆန္ဒပြပွဲကြီးများ၊ စစ်၏ အနိဋ္ဌာရုံမြင်ကွင်းများကို အချိန်မဆိုင်း တိုက်ရိုက်တင်ပြနိုင်သည့်အပြင် ဝါဒဖြန့်လှုံ့ဆော်ခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းသက်သက် ထုတ်လွှင့်လာသော အယ်ဂျင်ဒါးရားကဲ့သို့ ရုပ်သံလွှင့်ဌာနများ ပေါ်ပေါက်လာခြင်းက ပါရာဒိုင်း အပြောင်းအလဲတစ်ခုပင်ဖြစ်သည်။

"သတင်းစာ၏ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် အယ်ဒီတာအဖွဲ့တွင်သာ အဓိကတာဝန်ရှိသည်ဟု အစဉ်အလာပြောဆိုခဲ့ကြသော်လည်း ယနေ့ခေတ်တွင် ကြော်ငြာဝင်ငွေရှာနိုင်ခြင်းက ပိုအရေးပါလာသည်" ဆိုသော အိုင်ဒီအိုလိုဂျီမျိုးကို အမေရိကန်ပြည်ထောင်စုမှ နာမည်ကျော် နယူးယောက်တိုင်းသတင်းစာကြီးကို အောက်ပါအခြေအနေတစ်ခုဖြင့် ဥပမာပြုထားသည်။

"နယူးယောက်တိုင်းလို လေးနက်ပြီး အဆင့်အတန်းမြင့်မားသည့် သတင်းစာတွင် သာမန်လက်လုပ်လက်စားလူတန်းစားအများစုကြီးအတွက် ရည်ရွယ်ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို ကြော်ငြာခြင်းမပြုကြချေ။ နယူးယောက်တိုင်းဖတ်သည့် ပရိသတ်မျိုးသည် လူပြိန်းကြိုက် ကြော်ငြာများက မစားရဝံ့မခန်း ပြောတိုင်း မယုံတတ်ကြချေ။ ယုံလွယ်သည့် ပရိသတ်ကို ပစ်မှတ်ထားသည့် ကြော်ငြာရှင်များက စောင်ရေများသော ခပ်ပေါပေါ သတင်းစာများတွင်သာ ကြော်ငြာလိုမှ်ထည့်လေသည်"

စာဖတ်ပရိသတ်၏ အဆင့်အတန်းနှင့် သတင်းစာ၏ ဂုဏ်သိက္ခာအနိမ့်အမြင့်ကိုလည်း နယူးယောက်တိုင်း သတင်းစာကြီးနှင့် လူပြိန်းကြိုက် (Tabloid) သတင်းစာ ဒေးလီးနယူးစ်တို့ကို နှိုင်းယှဉ်ပြသည်။ မာရီလီမွန်ရိုး၏ ကွာရှင်းသတင်းကို နယူးယောက်တိုင်းက အတွင်းစာမျက်နှာတစ်ခုတွင် အပိုဒ်သုံးပိုဒ်ခန့်ဖော်ပြကာ ဒေးလီးနယူးစ်က မျက်နှာဖုံးတွင် စာလုံးကြီး၊ ပုံကြီးများဖြင့် ဖော်ပြခြင်း၊ လူသတ်မှုသတင်းတစ်ပုဒ်ကို ဒေးလီးနယူးစ် ရှေ့ဖုံးတွင် ပြူးတူးပြဲတဲဖော်ပြချိန်၌ နယူးယောက်တိုင်းကမူ ကမ္ဘာ့ခေါင်းဆောင်တစ်ဦး၏ ထူးခြားသည့်မိန့်ခွန်းတစ်ခုကို အကျယ်တဝင့် ထည့်သွင်းပေးခြင်းတို့ကြောင့် အဆုံးတွင် ဒေးလီးနယူးစ်ဖတ်ပြီးပါက အမှိုက်ပုံးထဲ ပစ်ထည့်လိုက်ချိန်တွင် နယူးယောက်တိုင်းသတင်းစာကို မူ ဖိုင်တွဲထားကြရပုံနှင့် ဥပမာပြသည်။ (စာ ၅၄–၅၅)

'သတင်းထောက်ဝါစဉ်' ခေါင်းစဉ်အောက်တွင် ရေးသားထားသော နောက်ပေါက်ကလေးများ (ပြုစုသူအသုံးအနှုန်း) ခေါ် တက်သစ်စလူငယ်သတင်းထောက်များနှင့် လက်ဟောင်း (ပြုစုသူအသုံးအနှုန်း)ဝါရင့်သတင်းထောက်များအကြား တွေ့ကြုံသော ပညာစမ်း၊ နှိပ်ကွပ်၊ အနိုင်ကျင့်၊ ချောက်တွန်းခြင်းတို့ကို စာအုပ်ပြုစုသူ၏ အတွေ့အကြုံအပေါ် အခြေခံရေးသားထားဖွယ်ရှိပြီး 'နိုင်ငံတကာတွင်လည်း ဤအတိုင်းချည်းပင်' ဟု ကွင်းခတ်ဖော်ပြထားသည်။ လက်လှမ်းမီသလောက် လက်ရှိ

www.foreverspace.com.mm

မြန်မာနိုင်ငံတွင်ထုတ်ဝေနေသော သတင်းဂျာနယ်လောကတွင်မူ ဤအဖြစ်မျိုး မကြားရပါ။ (စာ–၉၅)

'သတင်းစာရှင်းလင်းပွဲ' ခေါင်းစဉ်ငယ်အောက်မှ ရှင်းလင်းပွဲပြုလုပ်သူနှင့် ရှင်းလင်းပွဲပြုလုပ်သော အကြောင်းအရာကို မူတည်၍ တက်ရောက်သင့်သူများ အကြောင်း ရေးသားထားသည်မှာ လက်ရှိ မြန်မာမီဒီယာလောကသားများ သတိပြုစရာကောင်းသည်။ (စာ–၁၀၂)

"အချို့အင်တာဗျူးများတွင် နာမည်မဖော်ရန် ကြိုတင်သဘောတူညီထားလျှင် နာမည်ကို လုံးဝမထည့်ရန် စောင့်ထိန်းရသည် .... အကြားအမြင်များသော သတင်းရပ်ကွက်၊ သတင်းစုံရပ်ကွက်၊ အဆင့်မြင့်အစိုးရအရာရှိကြီးတစ်ဦး၊ ပြောခွင့်ရပုဂ္ဂိုလ်၊ အမည်မဖော်လိုသော သတင်းရပ်ကွက်" အစရှိသဖြင့် Anonymous Soruce များသုံးရသည့်သဘောကို ဂျာနယ်လစ်ဇင်အကြောင်း နကန်းတစ်လုံးမျှမသိဘဲ ဤလောကအတွင်း Appointed ရောက်နေသူ၊ မီဒီယာများနှင့်ပတ်သက်၍ တာဝန်ရှိသူများ ဖတ်ရှုသင့်လှသည်။

ထို့အတူ နာမည်မထည့်ပါနှင့်ဟု တောင်းပန်တတ်ခြင်း၊ အစိုးရအရာရှိများ ၎င်းတို့နာမည်ပါသွားပါက အထက်အရာရှိကြီးများက အထင်အမြင်လွဲသွားမည်စိုး၍ နာမည်မထည့်စေလိုကြောင်း၊ အချက်အလက်ကိုတော့ ပြောမည်ဖြစ်ကြောင်း ပြောဆိုတတ်သည်ကို အထက်ဖော်ပြပါ ပုဂ္ဂိုလ်များ သိစေချင်သည်။ (စာ–၁၀၈)

စာမျက်နှာ ၁၃၉ ရှိ 'သတင်းလိမ်နှင့် ခိုးချသတင်း' ကိုလည်း မိမိကိုယ်ကိုယ် ဂျာနယ်လစ်ဟု အမည်ခံထားသူများ၊ ဂျာနယ်လစ်ဇင်လောကသားများ သေချာစွာ ဖတ်ရှုသင့်လှသည်။

ဤစာအုပ်တွင် အထူးပြုဩဇာဆိုလိုသည်မှာ ယနေ့ ပုံနှိပ်မီဒီယာလောကအတွင်းမှ သတင်းမီဒီယာများအဖို့ အဓိကအရေးအကြီးဆုံးခေါင်းကြီးခေါ် အယ်ဒီတာ့အာဘော်နှင့်ပတ်သက်၍ ဖြစ်သည်။ ဤသည်ကို ဆရာကြီးရွှေဥေါင်း၏ အောက်ပါအယူအဆကို ဖော်ထုတ်ပေးသည်။

"ကျွန်ုပ်၏အယူအဆမှာ ခေါင်းကြီးမပါဘဲလျက်နှင့် ဩဇာကောင်းသည်ဆိုသော သတင်းစာများသည် ပါးစပ်မပါဘဲ ခြေပြတ်ပြန့် ကိစ္စပြီးနိုင်သည်ဆိုခြင်းမျိုးကဲ့သို့ အဂ်ါချို့တဲ့ရာရောက်သည်ဟု ထင်မြင်မိပေသည်"

ထို့အပြင် "သတင်းစာတစ်စောင် ဩဇာကြီးသည်ဆိုခြင်းမှာ အဓိကအားဖြင့် အယ်ဒီတာ့အာဘော်ခေါ် ခေါင်းကြီးပိုင်း၏ဩဇာကို ဆိုလိုခြင်းဖြစ်သည်။ စောင်ရေများတိုင်းလည်း ဩဇာကြီးသည်မဟုတ်။ စောင်ရေများသော လူပြိန်းကြိုက်သတင်းစာတစ်စောင်၏ဩဇာသည် ကြော်ငြာရှင်များအပေါ်တွင်သာ ကြီးမားနိုင်ပေသည်"

"ဩဇာကြီးခြင်းမှာ သမာသမတ်ကျခြင်းကြောင့် ဖြစ်သည်"ဆိုသော အကြောင်းအရာများကို ယနေ့ခေတ် သတင်းဂျာနယ်အမည်ခံစာစောင်စီစဉ်သူများ သတိပြုသင့်သည်။

ကျမ်းကိုးစာရင်းအရ ၁၉၇၀ ခုနှစ်လွန်နှစ်များနှင့် ၁၉၈၀ ခုနှစ်လွန်နှစ်များက စာအုပ်စာတမ်းများ၊ ၎င်းကိုယ်တိုင် လေ့လာခဲ့သည့် ဖဲလိုးရုစ်သင်ခန်းစာများကို အခြေပြု၍ ပြုစုထားသောစာအုပ်လည်းဖြစ်သည်။ အင်္ဂလိပ်ဘာသာစာအုပ်စာရင်းတွင် ထုတ်ဝေသည့်ခုနှစ် (၁၉၆၇) ဖော်ပြထားသော စာအုပ်တစ်အုပ်သာ ပါဝင်ပြီး ကျန်စာအုပ်များမှာမူ ခုနှစ်ဖော်ပြမထားပါ။

စာအုပ်ပြုစုသူသည် ၁၉၆၂ ခုနှစ်နောက်ပိုင်း တော်လှန်ရေးအစိုးရ လက်ထက်မှအစပြု၍ လမ်းစဉ်ပါတီခေတ် နိုင်ငံပိုင်သတင်းစာများတွင် အတွေ့အကြုံရှိခဲ့သူဖြစ်သည်။ ၁၉၆၇–၆၈ ခုနှစ်တွင် အစိုးရက စီစဉ်ကျင်းပသော သတင်းစာပညာသင်တန်း၊ ၁၉၉၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မစ်ရှိဂန်တက္ကသိုလ်သို့ သတင်းစာပညာဖဲလိုးရုစ် သင်တန်းတက်ရောက်ရန် သက်ဆိုင်ရာမှ စေလွှတ်ခြင်းခံရသူလည်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မောင်ဝံသသည် လမ်းစဉ်ပါတီခေတ်သတင်းစာလောကတွင် ကျင်လည်ခဲ့သူဖြစ်သော်လည်း ခေတ်နှင့်အညီ အမြင်ပြောင်းလဲနေသော First World သဘာဝနှင့် ဂလိုဘယ်လိုက်ဇေးရှင်းသဘောတရားကို ရိပ်စားမိဟန်ရှိသည်။ ထို့ကြောင့် သူ သင်ကြားလေ့လာခဲ့သော သင်ရိုးနှင့် အားရတင်းတိမ်မနေဘဲ လက်လှမ်းမီသမျှ မြင်ကြားတွေ့သိဖတ်မှတ်ထားသမျှ ထွေထွေရာရာအကြောင်းအချက်များကို စုစည်းပြုစုထားနိုင်သည်ကို တွေ့ရသည်။ အထူးသဖြင့် သတင်းစာပညာအစစ်အမှန်ကို စနစ်တကျသင်ကြားပေးနိုင်သော နေရာဌာနမရှိသေးသည့် မြန်မာနိုင်ငံတွင် သတင်းစာပညာကို စိတ်ဝင်စားသူလူငယ်များအတွက် ကျမ်းငယ်တစ်ခုသဖွယ် အထူးအားကိုးအားထားပြုဖွယ် စာအုပ်တစ်အုပ် ဖြစ်နိုင်ပေသည်။

စာအုပ်ပါ အချို့အချို့သော အသုံးအနှုန်းနှင့် အယ်ဒီတာတို့ အသုံးပြုသုံးစွဲနေရသော ပစ္စည်းပစ္စယများ ခေတ်နှင့်မလျော်ညီတော့သော်ငြား ယနေ့ခေတ်လူငယ် သတင်းစာဆရာများ ဗဟုသုတအလို့ငှာ သိထားသင့်ပါသည်။ စာအုပ်အပြင်အဆင်၊ စာရွက်အမျိုးအစား၊ ပုံနှိပ်အရည်အသွေး၊ စာမျက်နှာဖွဲ့စည်းမှုတို့ကို သတင်းစာပညာဆိုင်ရာ စာအုပ်နှင့် လျော်ညီအောင် ယခုထက်ပို စေတနာထည့်နိုင်ပါက ယခုထက်ပို အသိအမှတ်ပြုရပေမည်။

ထုတ်ဝေတိုက် – ဒေါင်းစာပေ
မျက်နှာဖုံးဒီဇိုင်း – နောင်နောင်စိုးသိမ်း
အကြိမ် – ပထမအကြိမ်
ထုတ်ဝေနှစ် – ၂၀၀၅၊ နိဝင်ဘာ
စောင်ရေ – ၁၀၀၀
တန်ဖိုး – ၂၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ် – ၄၀၀၅၀၅၀၅၀၅

www.foreverspace.com.mm

ရက်စွဲမှတ်တမ်း

၁၂-၁၂-၂၀၀၄ * ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ရန်ကုန်–ကျောက်ဖြူကားလမ်းမကြီးပေါ်တွင်တည်ဆောက်ထားပြီး အလျား ၅၅၂.၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိသည့် သံသမတံတားဖွင့်လှစ်။

၂၆-၁၂-၂၀၀၄ * မြန်မာစံတော်ချိန် ၇ နာရီ ၃၂ မိနစ် ၄ စက္ကန့်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၏ အနောက်မြောက်ဘက် မိုင် ၁၀၀၀ ခန့် ကွာဝေးသော ကပ္ပလီပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခဲ့ပြီးနောက်ပိုင်း ကပ္ပလီပင်လယ်ပြင်အတွင်း၌ အင်အားရစ်ချ်တာစကေး ၆.၀ ခန့် ရှိသည့် မြေငလျင်ကိုးကြိမ်ခန့် လှုပ်ရှားခဲ့ကြောင်း၊ ထိုသို့လှုပ်ရှားခဲ့ရာတွင် ရှစ်ကြိမ်မြောက် မြေငလျင်သည် အင်အားရစ်ချ်တာစကေး ၆.၁ ရှိပြီး ကိုကိုးကျွန်း၏ အနောက်တောင်ဘက် မိုင် ၆၀ ခန့်အကွာကို ဗဟိုပြု၍လည်းကောင်း၊ ကိုးကြိမ်မြောက် မြေငလျင်သည် အင်အားရစ်ချ်တာစကေး ၇.၃ ရှိပြီး ကိုကိုးကျွန်း၏ တောင်ဘက် မိုင် ၄၀၀ ခန့်အကွာကို ဗဟိုပြု၍လည်းကောင်း လှုပ်ရှားခဲ့ပြီး အဆိုပါငလျင်ဒဏ်ကြောင့် တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသအချို့တွင် အဆောက်အအုံအချို့ ပြိုကျပျက်စီးခြင်းနှင့် ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ဖုံးလွှမ်းခြင်းတို့ ဖြစ်ပွားခဲ့ရာ ပင်လယ်ကမ်းခြေဒေသရှိ ကျေးရွာ ၁၇ ရွာ ပျက်စီးကာ လူ ၂၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည့်အပြင် လူ ၃၄ ဦး သေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိကာ ၂၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်၌ တည်ဆောက်ထားသော တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ဖွင့်။

* ဒီဇင်ဘာ ၃၁ ရက်နေ့အထိ နောက်ဆုံးရရှိသောသတင်းများအရ ကပ္ပလီပင်လယ်ပြင်တွင် လှုပ်ရှားခဲ့သည့် ငလျင်ဒဏ်ကြောင့် စုစုပေါင်း လူ ၅၃ ဦး သေဆုံးပြီး ၄၃ ဦး ဒဏ်ရာရရှိကာ ၂၁ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ကျေးရွာ ၁၇ ရွာ ပျက်စီးပြီး အိမ်ထောင်စုအားဖြင့် ၁၃၈ စု၊ လူဦးရေအားဖြင့် ၇၇၈ ဦး အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရကြောင်းနှင့် ယင်းပျက်စီးဆုံးရှုံးမှုများအနက် ဧရာဝတီတိုင်းတွင် အများဆုံးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၂-၁-၂၀၀၅ * မြန်မာ့သက္ကရာဇ် ၁၃၆၆ ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက် (၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့)တွင် အကျဉ်းသား ၅၅၈၈ ဦးအား သက်ဆိုင်ရာအကျဉ်းစခန်းအသီးသီးမှ လွှတ်ပေးလိုက်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

၃-၁-၂၀၀၅ * ရန်ကုန်မြို့ အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောပြတိုက် ဖွင့်လှစ်။

၆-၁-၂၀၀၅ * ကိုရီးယားနိုင်ငံအခြေစိုက် ဒေဝူးကုမ္ပဏီမှ ရခိုင်ကမ်းလွန်ပင်လယ်ပြင်လုပ်ကွက်အမှတ် A-1 ၏ ရွှေအစမ်းတွင်း၌ ၉၃ မီတာ ထူထပ်သော သဘာဝဓာတ်ငွေ့သိုက်တစ်ခုကို နိုဝင်ဘာလအတွင်းက တွေ့ရှိထားပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်။

၈-၁-၂၀၀၅ * ရန်ကုန်မြို့နှင့် ကာတာနိုင်ငံ ဒိုဟာမြို့တို့အကြား ပျံသန်းပြေးဆွဲသည့် ကာတာနိုင်ငံ ကာတာလေကြောင်းလိုင်း (Qatar Airways) ၏ ဒိုဟာ–ရန်ကုန်–ဒိုဟာ ပုံမှန်ခရီးစဉ်သစ်စတင် ပျံသန်းပြေးဆွဲ။

၁၀-၁-၂၀၀၅ * မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် မြားပစ်ကွင်း၌ ကျင်းပ။

* ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရန်ကုန်မြို့တွင် အသုံးပြုမည့် CNG ယာဉ်များအတွက် ပထမဆုံးဓာတ်ငွေ့အရောင်းဆိုင် (၀၀၃) ဖွင့်လှစ်။

* မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ကန်ဘဲကျေးရွာရှိ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်။

၁၅-၁-၂၀၀၅ * မြန်မာ–တရုတ် ဒုတိယဝန်ကြီးအဆင့် နယ်စပ်ဒေသအေးချမ်းသာယာမှု တည်ဆောက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးမှတ်စုကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ လက်မှတ်ရေးထိုး။

၂၃-၁-၂၀၀၅ * စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ (The Fourth Myanmar ICT Week 2005) ကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပ။

* မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ဇန်နဝါရီလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည့် (၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့်အစည်းအဝေး၊ စတုတ္ထအကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ–အိန္ဒိယ ခရီးသွားလုပ်ငန်းဝန်ကြီးများအဆင့် အစည်းအဝေး

www.foreverspace.com.mm

များသို့ တက်ရောက်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

၂၄-၁-၂၀၀၅ * ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ ဖွင့်လှစ်။

* မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်၊ နတ်မောက်ကျေးရွာအနီးတွင် တည်ဆောက်ထားသော အလျား ၂၄၀၀ ပေ၊ အမြင့် ၁၁၈ ပေ ရှိသည့် ပဒဲရေလှောင်တမံဖွင့်လှစ်။

၂၅-၁-၂၀၀၅ * မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)ဖွင့်လှစ်။

* စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNOOC Myanmar Limited တို့သည် ကုန်းပိုင်းဒေသလုပ်ကွက်အမှတ် C-1 (အင်းတော်–ရေနန်းဒေသ)၊ C-2(ရွှေဘို–မုံရွာဒေသ)နှင့် မုတ္တမကမ်းလွန်ဒေသလုပ်ကွက်အမှတ် M-2 တို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ထုတ်လုပ်မှုအပေါ် ခွဝေခံစားရေးစာချုပ် (Production Sharing Contract)များကို ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆို။

၂၉-၁-၂၀၀၅ * ဧရာဝတီတိုင်း မအူပင်ခရိုင် မအူပင်မြို့နယ် ပန်းတပွတ်ကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မအူပင်စက္ကူစက်ရုံ ဖွင့်လှစ်။

၁-၂-၂၀၀၅ * ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ။

၅-၂-၂၀၀၅ * မွန်ပြည်နယ် မြို့တော်မော်လမြိုင်မြို့နှင့် မုတ္တမဘက်ကမ်းကို ဆက်သွယ်တည်ဆောက်ထားပြီး ရန်ကုန်–မော်လမြိုင်–မြိတ်–ကော့သောင်းလမ်းပေါ်တွင် တည်ရှိကာ မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးဖြစ်သည့် စုစုပေါင်း အရှည် ၁၁၅၇၅ ပေရှိသော သံလွင်တံတား (မော်လမြိုင်) ဖွင့်လှစ်။

၁၀-၂-၂၀၀၅ * ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဗဟိုလမ်းနှင့် နာနတ်တောလမ်းဆုံအနီး နာနတ်တောခုံးကျော်တံတား ဖွင့်လှစ်။

၁၅-၂-၂၀၀၅ * ၂၀၀၄ ခုနှစ်အတွင်း သက်ဆိုင်ရာဌာနများမှ မူးယစ်ဆေးဝါးအမှုပေါင်း ၃၀၁၂ မှု ဖမ်းဆီးနိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

၁၇-၂-၂၀၀၅ * ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှ ဇူလိုင်လ ၉ ရက်နေ့အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်၍ စတင်ကျင်းပ။

၂၀-၂-၂၀၀၅ * အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅ (မြန်မာ) ကို ရန်ကုန်မြို့ သဃ်ိန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ခန်းမ၌ ကျင်းပ။

၂၃-၂-၂၀၀၅ * မြန်မာနိုင်ငံရှိ ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုဖြစ်သော Air Bagan လေကြောင်းလိုင်းပိုင် ATR-42 လေယာဉ်တစ်စင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ။

၁-၃-၂၀၀၅ * ရန်ကုန်နှင့် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနများနှင့် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်တို့မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များ ပါဝင်သော ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေလေ့လာရေးအဖွဲ့ သည် မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်သို့ ဖေဖော်ဝါရီလ ၁၅ ရက်မှ ၂၂ ရက်အထိ သွားရောက်ကွင်းဆင်းလေ့လာရှာဖွေခဲ့ရာ ယောချောင်း၊ ကျောချောင်းနှင့် ပုံတောင်ဒေသတို့မှ ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၃-၃-၂၀၀၅ * အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ကြေညာခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာ။

* ၂၀၀၅ ခုနှစ် ဇန်နဝါရီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၀ မှု ဖမ်းဆီးနိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၅-၃-၂၀၀၅ * အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ပြတ်တောက်သွားသော လက်မကို ခြေညှိုးဖြင့် အစားထိုးကုသပေးမှုကို ၁၃-၁-၂၀၀၅ ရက်နေ့က အောင်မြင်စွာ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၁၁-၃-၂၀၀၅ * စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန် လင်းကြီးမြို့ဟောင်း၏ ကြေးခေတ်ဦး သရုပ်ဖြေနေရာဟု ယူဆရ သောနေရာမှ တစ်ဝက်တစ်ပျက် ကျောက်ဖြစ်နေသည့် လူရုပ်ကြွင်း အရိုးစုနှင့် ဦးခေါင်းခွံများ တူးဖော်တွေ့ရှိ။

၁၅-၃-၂၀၀၅ * တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ၂၀၀၅ ခုနှစ် မတ်လ ၁၄ ရက်တွင် ခွဲထွက်ရေးတားမြစ်သည့်ဥပဒေကို တညီတညွတ်တည်း အတည်ပြုခဲ့ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး

www.foreverspace.com.mm

ဝန်ကြီးဌာနက မြန်မာနိုင်ငံသည် တရုတ် တိုင်ပေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ခံယူကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပိုင်ခွင့်ကို လေးစားထောက်ခံကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်။

၁၆-၃-၂၀၀၅ * မြန်မာစံတော်ချိန် ဝဂျး၃၀ နာရီတွင် မတ်လ၏ ၂၄ နာရီအတွင်း အများဆုံး ရွာသွန်းခဲ့သော ပြင်ဦးလွင်နှင့် ပင်လောင်းစခန်းတို့၏ ၁၃ နှစ်ကြာကာလအတွင်း မိုးရေချိန် စံချိန်သစ်နှင့် (၃၈) နှစ်ကြာကာလအတွင်း မိုးရေချိန် စံချိန်သစ်တို့ကို ထုတ်ပြန်။

၁၇-၃-၂၀၀၅ * ၁၅ ရက်နေ့က ကျင်းပခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားခဲ့သည့် ကုလသမဂ္ဂအစီရင်ခံစာတွင် ကလေးစစ်သားများ အသုံးပြုသော နိုင်ငံများ၌ မြန်မာနိုင်ငံလည်း ပါဝင်သည်ဟူသော ဖော်ပြမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ မသမာသောနည်းဖြင့် အသုံးပြုရန်အတွက် မိုက္ကရိုစာအုပ်ငယ်များ ပြုလုပ်ရောင်းချစီးပွားရှာနေကြသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဆေးဝါးရောင်းဝယ်ထုတ်လုပ်နေမှုများအားလည်းကောင်း၊ သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားချက်များနှင့် အခြားသိလိုသည့် အချက်များကို သတင်းစာဆရာများမေးမြန်းမှုများနှင့် ပြန်လည်ဖြေကြားချက်များကို နိုင်ငံပိုင်သတင်းစာများတွင် ဆက်လက်ဖော်ပြ။

၁၈-၃-၂၀၀၅ * မကွေးတိုင်း ပွင့်ဖြူမြို့နယ် လယ်ကိုင်း–ပွင့်ဖြူကားလမ်းဘေး ပွင့်ဖြူမြို့မှ နှစ်မိုင်ခန့်အကွာ ကန်သာကြီးကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ) ဖွင့်လှစ်။

* ၂၀၀၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုအဖြစ် မြန်မာ့လက်ရွေးစင် ဂူဂျူးအားကစားမယ် ဆွေဆွေသန့်၊ အထူးဆုအဖြစ် အကောင်းဆုံး အားကစားအသင်းဆုကို ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ချန်ပီယံဆုရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့အား ပေးအပ်။

၁၉-၃-၂၀၀၅ * အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် မတ်လ ၅ ရက်နေ့၌ စတင်ကျင်းပခဲ့သော Miss Asean 2005 ပြိုင်ပွဲတွင် အသက် ၂၁ နှစ်ရှိသည့် မြန်မာအာဆီယံမယ် အိရူပါဝင်း Miss Talent ဆုရရှိ။

* ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးမှုကို လားရှိုးမြို့ပြည်သူ့အားကစားကွင်းတွင် ပြုလုပ်ရာ ကာလတန်ဖိုးကျပ်သန်း ၄၀၀၀ ခန့်ရှိသော ဘိန်းမျိုးစေ့၊ မူးယစ်ဆေးဝါးနှင့် ဓာတုဗေဒပစ္စည်းစုစုပေါင်း ၇၈ မျိုး ဖျက်ဆီး။

၂၀-၃-၂၀၀၅ * ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်–ရိဒ် ရေကန်လမ်းပေါ်တွင် တည်ဆောက်ထားသည့် ၁၉၅ စင်းမြောက် ပေ ၁၈၀ အထက် အလျားပေ ၄၆၀ အရှည်ရှိ မံဆောင်းဘေလီကြိုးတံတားဖွင့်လှစ်။

* ရွှေတိဂုံစေတီတော်အား ရွှေထီးတော်သံမဏိဆိုင်းကြိုးနှင့် ထီးတော်အားဖြည့်တန်းများ တပ်ဆင်ပူဇော်။

၂၁-၃-၂၀၀၅ * နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ် မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်မှ လက်ရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၃) ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရကို ရွေးချယ်။

* ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့တွင် တည်ဆောက်ထားသော ၁၉၆ စင်းမြောက် ပေ ၁၈၀ အထက် အလျား ၃၇၆ ပေ ရှည်လျားသည့် နမ့်မိတ်တံတားဖွင့်လှစ်။

၂၇-၃-၂၀၀၅ * မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ကျည်တောင်–ခေါမကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသည့် မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ပေးနိုင်သည်ဟုဆိုသော မြန်မာနိုင်ငံတွင် အကြီးဆုံးရေအားလျှပ်စစ်စက်ရုံနှင့် တမံအမြင့်ပေ ၄၃၀ ရှိသော ၁၇၂ ခု မြောက် ပေါင်းလောင်းရေလှောင်တမံတို့ ဖွင့်လှစ်။

၂၈-၃-၂၀၀၅ * ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ အာရှလုံခြုံရေး ၂၀၀၅ ပြပွဲနှင့် ညီလာခံသို့ တက်ရောက်။

၂၉-၃-၂၀၀၅ * ဆဋ္ဌမအကြိမ် နိုင်ငံတကာ ICT ပြပွဲကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ MCC တွင် စတင်ကျင်းပ။

၃၀-၃-၂၀၀၅ * အလျား ၁၆၈ မီတာ၊ အနံ ၂၈ မီတာ၊ အနက်

www.foreverspace.com.mm

ကိုးမိတာရှိသော မြန်မာ့သင်္ဘောကျင်းလုပ်ငန်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းဖွင့်လှစ်။

၃၁-၄-၂၀၀၅ * ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည်စတင် ကျင်းပခဲ့သော အမျိုးသားညီလာခံကို နှစ်ကုန်ပိုင်းခန့်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၍ ညီလာခံ ပြန်လည်ရပ်နား။

၁-၄-၂၀၀၅ * မြန်မာမေဖလားဝါးဘဏ်နှင့် အာရှခေတ်ဘဏ်တို့သည် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ နည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၀၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှစ၍ ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်မပြုတော့ဘဲ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်။

၃-၄-၂၀၀၅ * နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာခါရှစ်အမ်ကာစူရီ၏ ဖိတ်ကြား ချက်အရ ပါကစ္စတန်နိုင်ငံ အစ္စလာမာဘတ်မြို့တွင် ဧပြီ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည့် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (ဒေစီဒီ) ၏ စတုတ္ထအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာ။

* ကရင်ပြည်နယ် ဘားအံမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာကောလိပ် (ဘားအံ) ပင်မ သုံးထပ်ကျောင်းဆောင်သစ် ဖွင့်လှစ်။

၆-၄-၂၀၀၅ * တနင်္သာရီတိုင်း ကော့သောင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် Andaman Club Co., Ltd. မှ လျှုဒါန်းသော ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံဖွင့်လှစ်။

၁၂-၄-၂၀၀၅ * ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ဒေသတွင် အမေရိကန်ဒေါ်လာ ၄၂.၉ သန်း အကုန်အကျခံ တည်ဆောက်ပြီးစီးသွားသော ဓာတ်အားမဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်မည့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်။

* ၂၀၀၅ ခုနှစ် မတ်လတွင် သက်ဆိုင်ရာဌာနများမှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၃၈ မှု ဖမ်းဆီးနိုင်ခဲ့ရာတွင် တရားခံအမျိုးသား ၂၉၃ ဦး၊ တရားခံအမျိုးသမီး ၇၅ ဦး၊ စုစုပေါင်း တရားခံ ၃၆၈ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြ။

* ၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ရှမ်းပြည်နယ်အမျိုးသားတပ်မတော် (SSNA) ဦးကန်နဦးစီးတပ်မဟာ (၁၁) က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်သည့်အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် စယ်အူကျေးရွာတွင် ကျင်းပ။

၁၇-၄-၂၀၀၅ * ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဧပြီ ၁၈ ရက်မှ ဧပြီ ၂၅ ရက်အထိ ကျင်းပမည့် Eleventh United Nations Congress on Crime Prevention and Criminal Justice အစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာ။

၁၉-၄-၂၀၀၅ * နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌသည် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏ သားပြည်ပြေး စဝ်ခမ်ဖ ဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုသော်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုသော်လည်းကောင်း၊ အနှောင့်အယှက် အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆသဖြင့် အထက်ဖော်ပြပါအဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းနှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅) ဖြင့် ကြေညာ။

* ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အင်နမ်ဟာဆန်ဝီရာဂျူဒါ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ဧပြီ ၂၀ ရက်တွင် ကျင်းပမည့် ၂၀၀၅ ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံ၏ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာ။

၂၀-၄-၂၀၀၅ * ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ် (၃) လမ်းမကြီးပေါ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဆိုင်အမှတ် (၀၀၈) ဖွင့်လှစ်။

၂၁-၄-၂၀၀၅ * စဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်များကို ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို ဧပြီလ ၂၀ ရက် ရက်စွဲဖြင့် အသီးသီးထုတ်ပြန်ခဲ့ကြရာ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်၊ ရှမ်းပြည်တပ်မတော် (SSA) အထူးဒေသ (၃) နှင့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)၊ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ ပအိုဝ်အမျိုးသားအဖွဲ့ချုပ် (P.N.O)၊ အထူးဒေသ (၇) ပလောင်တိုင်းရင်းသားအဖွဲ့၊

www.foreverspace.com.mm

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်တိုင်းရင်းသား ဌိမ်းချမ်းရေးအဖွဲ့၊ ရှမ်းပြည်နယ် အရှေ့ပိုင်းအထူးဒေသ (၄)၊ ကရင်နီအမျိုးသား ဌိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP)၊ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၅)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ဌိမ်းချမ်းရေး)အဖွဲ့အစည်းတို့၏ သဘောထားထုတ်ပြန်ကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

JJ-၄-၂၀၀၅ * စဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်များကို ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများတွင် ဆက်လက်ဖော်ပြခဲ့ရာ ဧပြီလ ၁၉ ရက် ရက်စွဲဖြင့် ကြေညာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်၊ ဧပြီလ ၂၀ ရက် ရက်စွဲဖြင့် ကြေညာသော SSNA (ခွဲထွက်) မိုင်းယွန်၏ စဝ်ခမ်ဖဦးစီးအဖွဲ့မှ ရှမ်းပြည်နယ်နှင့် ပတ်သက်၍ ကြေညာချက်အား သဘောမတူကြောင်း ကြေညာချက်၊ ဧပြီလ ၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ကြသော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကချင်အထူးဒေသ (၁)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ကရင်ဌိမ်းချမ်းရေးတပ်ဖွဲ့ ဟောင်သရော အထူးဒေသ၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး၊ ဌိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ခဲ့သည့် SSNA တပ်မဟာ (၁) တပ်မဟာမှူး ဦးကန်နှနှင့် တပ်ဖွဲ့ဝင်များနှင့် ကယန်းပြည်သစ်ပါတီတို့၏ သဘောထားထုတ်ပြန်ချက်ကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* ဧပြီလ ၂၁ ရက်နေ့ နံနက် ၅ နာရီ ၁၅ မိနစ်ခန့်တွင် ထားဝယ်မှ ရန်ကုန်သို့ သွားရောက်မည့် ကုန်တင်ယာဉ်နှစ်စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၁၂ စီး စုစုပေါင်း မော်တော်ယာဉ် ၁၄ စီးသည် ထားဝယ်–ရေးလမ်းပိုင်း မိုင်တိုင်အမှတ် (၃၃/၂) အရောက်တွင် ကေအင်န်ယူအကြမ်းဖက် သောင်းကျန်းသူတစ်ဖွဲ့က ဓားပြတိုက်လုယက်မှု ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ ထားဝယ်တက္ကသိုလ်မှ ဆရာမတစ်ဦး၊ ကျောင်းသူတစ်ဦး၊ ခရီးသည်သုံးဦး၊ ယာဉ်နောက်လိုက်တစ်ဦး စုစုပေါင်း ရှစ်ဦး လက်နက်ငယ်ထိမှန်သေဆုံး၍ ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ခရီးသည်များထံမှ စုစုပေါင်းငွေကျပ် သိန်း ၃၀ ခန့်နှင့် လက်ဝတ်ရတနာပစ္စည်းအချို့ကို သောင်းကျန်းသူများက ဓားပြတိုက်လုယက်ယူဆောင်သွားကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

JJ-၄-၂၀၀၅ * ဧပြီလ ၂၂ ရက်နေ့ နံနက် ၂ နာရီခန့်တွင် လွိုင်ကော်မြို့ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တောင်ဂူဘက်သို့ သွယ်တန်းထားသော မဟာဓာတ်အားလိုင်း၏ တာဝါတိုင် အမှတ် (၁၃၀)ကို ကေအင်န်ပီပီ အကြမ်းဖက် သောင်းကျန်းသူတစ်ဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့ရာ ဓာတ်အားလိုင်း ပြတ်တောက်သွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* မြန်မာ–တောင်ကိုရီးယား နှစ်နိုင်ငံ စွမ်းအင်နှင့် သတ္တုဆိုင်ရာ သဘာဝသယံဇာတပစ္စည်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပူးတွဲကော်မတီဖွဲ့စည်းရန် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် လက်မှတ်ရေးထိုး။ (မြန်မာတိုင်း(မ်)–အတွဲ–၁၁၊ အမှတ်–၂၀၈ တွင် ဖော်ပြ)

JJ-၄-၂၀၀၅ * စဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်အား ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများတွင် ဆက်လက်ဖော်ပြခဲ့ရာ ဧပြီလ ၂၀ ရက် ရက်စွဲဖြင့် မွန်ပြည်သစ်ပါတီသဘောထားထုတ်ပြန်ချက်၊ ဧပြီလ ၂၁ ရက် ရက်စွဲဖြင့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) သဘောထားထုတ်ပြန် ကြေညာချက်နှင့် ဖဒိုအောင်ဆန်းဦးစီးသော လက်နက်နှင့် ဌိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့ ကြေညာချက်၊ ဧပြီလ ၂၂ ရက် ရက်စွဲဖြင့် "ဝ" နယ် သွေးစည်းညီညွတ်ရေးပါတီဗဟိုကော်မတီ၏ လက်ရှိပြည်တွင်းအခြေအနေနှင့် ပတ်သက်၍ ကြေညာချက်များကို ဖော်ပြခဲ့ပြီး ရှမ်းပြည်တပ်မတော် (SSA) အထူးဒေသ (၃) ၏ သဘောထားထုတ်ပြန်ကြေညာချက်နှင့် သဘောထား ကြေညာချက်ထုတ်ပြန်ခဲ့ကြသော ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဌိမ်းချမ်းရေးရယူထားသောအဖွဲ့ (၁၄) ဖွဲ့တို့၏ အမည်ကို ဧပြီလ ၂၃ ရက်နေ့ ရက်စွဲဖြင့် သတင်းဖော်ပြ။

JJ-၄-၂၀၀၅ * လှိုင်သာယာမြို့နယ် ရန်ကုန်–ပုသိမ်လမ်းမပေါ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ် (၀၀၉) ဖွင့်လှစ်။

JJ-၄-၂၀၀၅ * စဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်ကို ကချင်အထူးဒေသ (၂) ကေအိုင်အိုအဖွဲ့က ဆန့်ကျင်ကန့်ကွက်သော ကြေညာချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

JJ-၄-၂၀၀၅ * ဧရာဝတီတိုင်း ကြံခင်းမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသော ပင်မအလျားပေ ၁၆၇၂၀၊ အမြင့် ၁၃၅ ပေရှိ မြေသားတမံအမျိုးအစားဖြစ်သည့် ကွန်ချောင်းရေလှောင်တမံ ဖွင့်လှစ်။

www.foreverspace.com.mm

* နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝူတာ့ဝေ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံ–တရုတ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာ။

* မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 2005 Davis Cup-Asia Oceania Zone Group-IV တင်းနစ်ပြိုင်ပွဲ စတင်ကျင်း၊

၂၈-၄-၂၀၀၅ * စဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်အား ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များမှ ဧပြီ ၂၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၏ ကြေညာချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၂၉-၄-၂၀၀၅ * စဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်သည့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်နှင့် "၀" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (WNDP) ဗဟိုဌာနချုပ်တို့၏ ဧပြီလ ၂၈ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ကြသော သဘောထားကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* ၁၉၉၁ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်ခုန်ခေါင်းဆောင်သော PSIA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံခြင်းအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် မန်တုံမြို့တွင် ကျင်း၊

၃၀-၄-၂၀၀၅ * စဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်အား ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များမှ ဧပြီ ၂၉ ရက် ရက်စွဲဖြင့် ထုတ်ပြန်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားကြေညာချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* တီလားပီးယားငါးဈေးပွဲတော်အား အင်းစိန်မြို့နယ်ရှိ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံတွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်း၊

* စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ် (၀၀၁) ကို မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် ၄၁ လမ်းနှင့် ၈၅ လမ်းထောင့်တွင် ဖွင့်လှစ်။

၁-၅-၂၀၀၅ * စဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်အား ပြစ်တင်ရှုတ်ချ ဆန့်ကျင်ကန့်ကွက်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်နှင့် မြို့ (ခေါ်) ခမီအမျိုးသားညီညွတ်ရေး အဖွဲ့တို့၏ ဧပြီလ ၃၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ကြသော သဘောထားကြေညာချက်များကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၄-၅-၂၀၀၅ * ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည့် အာရှ–ဥရောပအစည်းအဝေး(အေဆမ်)၏ ခုနစ်ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ထွက်ခွာ။

၅-၅-၂၀၀၅ * ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ တပ်မဟာ (၃)၊ ရင်း (၈) မှ အင်အားစုအချို့သည် ဧပြီလ ၃၀ ရက် ညတွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မြွေတော်ကျေးရွာနှင့် ကြောင်ပြာကျေးရွာတို့သို့ လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်၍ လူနေအိမ်ခြေများကို မီးရှို့ဖျက်ဆီးခဲ့ရာ ဆရာတော်နှစ်ပါးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ်ခြေ ၃၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၈-၅-၂၀၀၅ * စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ Essar Oil Limited တို့သည် ရခိုင် ကမ်းလွန်ဒေသလုပ်ကွက် A-2 နှင့် ရခိုင်ကမ်းမြောင်ဒေသ ကုန်းပိုင်းလုပ်ကွက် L (စစ်တွေဒေသ)တို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ (Production Sharing Contracts) ကို ဆီဒိုးနားဟိုတယ်တွင် လက်မှတ်ရေးထိုးချုပ်ဆို။

* အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ဧပြီ ၂၀ မှ ၂၅ ရက်နေ့အထိ ကျင်းပသော အာရှ–အာဖရိက Summit နှင့် အကြိမ် ၅၀ မြောက် Asia, Africa Jubliee Expo-2005 ပြပွဲတွင် မြန်မာနိုင်ငံမှ အကောင်းဆုံး ပြခန်းဆု ရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၉-၅-၂၀၀၅ * စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ် (၀၁၀)ကို မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရွာ အမှတ် (၁) လမ်းမကြီးပေါ်တွင် ဖွင့်လှစ်။

၁၁-၅-၂၀၀၅ * နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၀၅ ဖြင့် ၁၉၂၃ ခုနှစ်၊ အလုပ်

www.foreverspace.com.mm

သမားလျော်ကြေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်။

၁၂-၅-၂၀၀၅ * ရန်ကုန်တိုင်း ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး ခရမ်းချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသော ရေခေါ်မြောင်းမ အလျား ပေ ၄၀၀၀၊ ရေထုတ်မြောင်း အလျားပေ ၂၅၀၀ နှင့် ကွန်ကရစ်ရေတံခါး အကျယ် ၆ ပေ x ၁၆ ပေ အကျယ်ရှိ ရေတံခါး ၄၀ ပေါက် တပ်ဆင်ထားသော ခရမ်းရေထိန်းတံခါး ဖွင့်လှစ်။

* အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ မေလ ၇ ရက် ညနေ ၆ နာရီတွင် အင်တာနက်ကဖေးတစ်ခုအား အသေခံ ဗုံးခွဲတိုက်ခိုက်သူများက တိုက်ခိုက်သဖြင့် သေဆုံးသွားသူ သုံးဦးတွင် ကုလသမဂ္ဂ၌ တာဝန်ထမ်းဆောင်နေသူ မြန်မာနိုင်ငံမှ အကြီးတန်းအင်ဂျင်နီယာ ဦးတင့်ဆွေပါဝင်ကြောင်း၊ ၎င်းကွယ်လွန်ခြင်းနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ ပြန်ကြားရေးဌာန(ရန်ကုန်)က မေလ ၉ ရက်တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၁၄-၅-၂၀၀၅ * ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လှေတက်ကြီးကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်းအောက်ရှိ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း) ဖွင့်လှစ်။

* ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၁၆ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၅၈) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံသို့ တက်ရောက်ရန် ထွက်ခွာ။

၁၇-၅-၂၀၀၅ * ထိုင်းနိုင်ငံ၌ မေ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့) နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ရန် နိုင်ငံတော်သံဃမဟာနယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တကေသရ ဦးဆောင်သော မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ။

၁၉-၅-၂၀၀၅ * ၂၀၀၅ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ် (၃၀) ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများ အပြန်အလှန် ပေးပို့ခဲ့ကြကြောင်းနှင့် ယင်းသဝဏ်လွှာများဖော်ပြ၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်။

* ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ မေ ၁၆ ရက်မှ ၁၈ ရက်အထိကျင်းပသော ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(အက်စကတ်)၏ (၆၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့လည်းကောင်း၊ မေ ၁၂ မှ ၁၄ အထိ ကျင်းပသော အကြီးတန်းအရာရှိကြီးများ အစည်းအဝေးသို့လည်းကောင်း တက်ရောက်ခဲ့ရာမှ ပြန်လည်ရောက်ရှိ။

၂၀-၅-၂၀၀၅ * ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာရွှေထန်လမ်းပေါ်တွင် တည် ဆောက်ပြီးစီးသွားသော ၁၉၈ စင်းမြောက် ပေ ၁၈၀ အထက် တံတားဖြစ်သည့် ပေ ၆၀၀ ရှည်သော သံလွင်တံတား(တာပါး) ဖွင့်လှစ်။

၂၁-၅-၂၀၀၅ * အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်လိပ်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China World-best Group Co., Ltd.(China) တို့၏ မန္တလေးတိုင်း တောင်သာစွပ်ကျယ်စက်ရုံစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် Traders ဟိုတယ်တွင် စာချုပ်ချုပ်ဆို။

၂၂-၅-၂၀၀၅ * ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ မေ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် အစိုးရများ၏ အုပ်ချုပ်မှု ပြန်လည်ဆန်းသစ်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ၎င်းနှင့် ဆက်စပ် ကျင်းပပြုလုပ်မည့် ပထမအကြိမ် အာဆီယံ+၃ နိုင်ငံ အစိုးရများ၏ အုပ်ချုပ်မှုနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ။

၂၃-၅-၂၀၀၅ * အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် စင်ကာပူသမ္မတနိုင်ငံ PAVO TRADINGS PTE LTD (P&N Co.Ltd) တို့၏ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်ရောင်း၌ အကောင်အထည်ဖော်လျက်ရှိသော ဆေးဝါးစက်ရုံစီမံကိန်း အင်ရောင်းတွင် တပ်ဆင်မည့် သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးနှင့်ပတ်သက်၍ စာချုပ်ချုပ်ဆို။

၂၇-၅-၂၀၀၅ * မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မိုင်းမောမြို့ဟောင်းရှိ ရှေးဟောင်းကုန်းမှ ပျူခေတ်ဦးရှေးဟောင်းဗုဒ္ဓရွှေဆင်းတုတော်များ၊ ငွေစေတီတော်များနှင့် ငွေဆင်းတုတော်များ တွေ့ရှိ။

၃၁-၅-၂၀၀၅ * ASEAN Information Seminar Series III (Fy-

www.foreverspace.com.mm

2004-2005) စီမံကိန်းအရ ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီက ကျင်းပသည့် "A Community of fouth East Asian Nations" ဆွေးနွေးပွဲကို ရှမ်းပြည်နယ်တောင်ကြီးမြို့ အေးသာယာအပန်းဖြေစခန်းတွင် ကျင်းပ။

၂-၆-၂၀၀၅ * လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော သံလွင်မြစ်နှင့် တနင်္သာရီမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့၏ နားလည်မှုစာလွှာ (MoU) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ပြီး Khlong Tha Dan R.C.C Dam သို့ သွားရောက်လေ့လာခဲ့သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ။

၄-၆-၂၀၀၅ * (၅၇)ကြိမ်မြောက် တိပိဋကဓရ ရွှေချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသော ပိဋကနှစ်ပုံခွဲ အာဂုံအောင်တစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံရေးဖြေအောင် သုံးပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ငါးပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ၁၃ ပါး၊ ဝိနည်းပထမပိုင်း အာဂုံရေးဖြေအောင် သုံးပါးနှင့် ဝိနည်းပထမပိုင်း အာဂုံအောင် ၄၂ ပါး စုစုပေါင်း ၆၇ ပါးတို့အား ချီးကျူးပူဇော်။

၅-၆-၂၀၀၅ * တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် ကူမင်းကုန်စည်ပြပွဲ–၂၀၀၅ သို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များ ဆွေးနွေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များ ဆွေးနွေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ။

၆-၆-၂၀၀၅ * ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တို့ ဆက်သွယ်သော ၁၉၉ စင်းမြောက် ပေ ၁၈၀ အထက် တံတားဖြစ်သည့် ဒုဋ္ဌဝတီမြစ်ကူး ၄၆၅ ပေ ရှည်လျားသော ဒုဋ္ဌဝတီတံတား(နောင်ချို)ဖွင့်လှစ်။

၇-၆-၂၀၀၅ * အဖျက်အမှောင့်သမားများက ရန်ကုန်မြို့ လူစည်ကားရာနေရာများတွင် "ဗုံးပေါက်ကွဲသည်" "ဗုံးပေါက်ကွဲလိမ့်မည်" ဟူသည့် ကောလာဟလသတင်းများက လုပ်ကြံဖန်တီးထုတ်လွှင့် လျက်ရှိကြောင်း၊ မသက်ဖွယ်လှုပ်ရှားဆောင်ရွက်မှုများ မဟုတ် မမှန် ကောလာဟလလုပ်ကြံထုတ်လွှင့်မှုများတွေကို ကြားသိရ ပါက အမြန်ဆုံး အကြောင်းကြားရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၈-၆-၂၀၀၅ * ရန်ကုန်တိုင်း တွံတေးမြို့နယ် ပြသတိုက်အုပ်စု တံခွန်တိုင်ကျေးရွာတွင် ရှေးဦးပျူခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်များ တူးဖော်တွေ့ရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၉-၆-၂၀၀၅ * ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယခုလတွင် ထုတ်ပြန်ခဲ့သည့် ပဉ္စမအကြိမ်မြောက် "လူကုန်ကူးမှုအစီရင်ခံစာ" နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာ။

* မြန်မာ–တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၅၅) နှစ်မြောက် အထိမ်းအမှတ်ပြပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် စတင်ကျင်း။

၁၂-၆-၂၀၀၅ * ၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် SSNA စိုင်းရီနှင့် နောက်လိုက်တစ်စု ပြည်ထောင်စုဖြိုခွဲရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုနှင့် အကြမ်းဖက်အဖျက်လုပ်ရပ်များကိုသာ တစ်စိုက်မတ်မတ် ကျူးလွန်နေသည့် ဘိန်းဓားပြအကြမ်းဖက်သမား SSA ရွက်ဆစ်နှင့် ပူးပေါင်းသွားခြင်းနှင့် ပတ်သက်သည့် နောက်ကွယ်မှ ဖြစ်ရပ်မှန်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅) ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးတွင် ပြုလုပ်။

၁၃-၆-၂၀၀၅ * ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Ms. Vidky Bowman သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် လာရောက်သွေးလှူဒါန်း။

၁၄-၆-၂၀၀၅ * မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာ လမ်းပိုင်းတစ်ခုဖြစ်သော ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ဖောက်လုပ်ပြီးစီးသွားသည့် ၁၁၄ မိုင် ရှည်လျားသည့် တာကော–ကျိုင်းတုံလမ်းပိုင်း (ကျိုင်းတုံပိုင်း) ကတ္တရာလမ်းခင်းသစ် ဖွင့်လှစ်။

၁၆-၆-၂၀၀၅ * ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် တည်ဆောက်ရေးသုံးပစ္စည်းများ ဝယ်ယူတင်သွင်းရေးစာချုပ်နှစ်ရပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ China National Electric Equipment Corporation (CNEEC) နှင့် Zhejiang Orient Holding Group Limited (ZOHG) တို့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် စာချုပ်ချုပ်ဆို။

* ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တည်ဆောက်ပြီးစီးသည့် အဓိုးရနည်းပညာကောလိပ် (ကျိုင်းတုံ) ပင်မအဆောက်

www.foreverspace.com.mm

အအုံသစ် ဖွင့်လှစ်။

* ပျူခေတ်နှင့် ပုဂံခေတ်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ငါးဆူအား ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့ စံပြကျေးရွာတွင် တွေ့ရှိ။

၁၈-၆-၂၀၀၅ * မြန်မာ့လက်ရွေးစင် ဘောလုံးသမား စိုးမြတ်မင်းအား အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက ချီးမြှင့်သော 2005-IOC Trophy 'Sport and Fairplay' ဆု ပေးအပ်ချီးမြှင့်။

၂၀-၆-၂၀၀၅ * အရှည် ၁၀၂ မိုင် ရှည်လျားသည့် မင်းတပ်–မတူပီ လမ်း မိုင် ၅၀ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းပြီးစီး၍ ဖွင့်လှစ်။

၂၁-၆-၂၀၀၅ * ပဲခူးတိုင်း ဝေမြို့နယ် ကျွဲတဲစုကျေးရွာအနီး တွဲဘက်ချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသော ၁၇၅ ခု မြောက် ဆည်မြောင်းစီမံကိန်းဖြစ်သည့် မိုးယွန်းကြီးရေထိန်း တံခါးဖွင့်လှစ်။

၂၄-၆-၂၀၀၅ * ရန်ကုန်မြို့ အင်းစိန်မြို့နယ် တည်ငြိမ်ကုန်းဘူတာရုံလမ်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ် (၀၁၂) ဖွင့်လှစ်။

၂၅-၆-၂၀၀၅ * အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပြည်တွင်းမှ မဟာဝိဇ္ဇာ (ဗုဒ္ဓဓမ္မ) ဘွဲ့ရ ရဟန်းတော် နှစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး၊ ဝိဇ္ဇာ (ဗုဒ္ဓဓမ္မ) ဘွဲ့ရ ရဟန်းတော် ၁၂ ပါး၊ သီလရှင်သုံးပါးနှင့် လူပုဂ္ဂိုလ် ၁၀ ဦး၊ ပြည်ပမှ ဝိဇ္ဇာ (ဗုဒ္ဓဓမ္မ) ဘွဲ့ရ ရဟန်းတော် ၁၈ ပါး၊ သီလရှင်တစ်ပါးနှင့် လူပုဂ္ဂိုလ် သုံးဦးတို့အား ဘွဲ့များ အပ်နှင်း။

၂၆-၆-၂၀၀၅ * မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်တွင် ကျင်းပ။

* မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉) ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၂၈ သန်းကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီး။

၂၇-၆-၂၀၀၅ * ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူစွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်၊ မြန်မာနိုင်ငံအပူပိုင်းဒေသ သစ်တောစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ စီမံချက်နှင့် လူစွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မြန်မာ–ဂျပန်ဗဟိုဌာန တည်ဆောက်ရေးစီမံချက်တို့ အတွက် အကူအညီများပေးမည့် စာချွန်လွှာလေးရပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီးဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ နိုဘူတာကဲ့အိုဒါနိုတို့ ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး။

၃၀-၆-၂၀၀၅ * မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Co., Ltd. (YMEC) တို့ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ နှစ်ဖက်သဘောတူစာချွန်လွှာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

၁-၇-၂၀၀၅ * မြန်မာနိုင်ငံသားပိုင် ပုဂ္ဂလိကလေကြောင်းလိုင်းဖြစ်သော Air Bagan Limited မှ ဝယ်ယူထားသည့် FOKKER 100 JET လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိ။

၂-၇-၂၀၀၅ * ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် Relaxtion Zone ဖွင့်လှစ်။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ ဆွေးနွေးရန်အတွက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

၄-၇-၂၀၀၅ * မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးနှင့် သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို တရုတ်နိုင်ငံ ကူမင်းမြို့ရှိ Zhen Zhuang Guest House ၌ နှစ်နိုင်ငံတာဝန်ရှိသူအသီးသီးမှ လက်မှတ်ရေးထိုး။

* ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံရေလုပ်ငန်းရှင်များအသင်းချုပ် ဦးဆောင်သော မြန်မာကုန်သည် ၈၀ ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်ကြီးများအသင်း ဦးဆောင်သော တရုတ်ကုန်သည် ၈၀ ကျော်တို့ နားလည်မှုစာချွန်လွှာများကို ယူနန်ပြည်နယ် ကူမင်းမြို့တွင် လက်မှတ်ရေးထိုး။

www.foreverspace.com.mm

၅-၇-၂၀၀၅ * မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရတို့ကိုယ်စား မဲခေါင်ဒေသအတွင်း လူနှင့် ကုန်စည်များ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး၊ မူဘောင်သဘောတူစာချုပ်၏ နောက်ဆက်တွဲနှင့် အခြေပြုစာချုပ်ငယ် လေးခု၊ မဟာမဲခေါင်ဒေသအတွင်း တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာလွှာ၊ မဲခေါင်ဒေသတွင်း နိုင်ငံများ လျှပ်စစ်ဓာတ်အား ကုန်သွယ်မှုသဘောတူစာချုပ်၊ ပူးပေါင်းဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များဆိုင်ရာ နားလည်မှုစာလွှာ၊ မဟာမဲခေါင်ဒေသတွင်း၌ သတင်းအချက်အလက် ဆက်သွယ်ရေး ရူပါဟိုင်းဝေးကွန်ရက် စီမံဆောင်ရွက်မှုနှင့် တည်ဆောက်မှုဆိုင်ရာ နားလည်မှုစာလွှာတို့ကို တရုတ်နိုင်ငံ ကူမင်းမြို့ International Convention and Exhibition Centre ရှိ 6th Exhibition Area ၌ နှစ်နိုင်ငံ တာဝန်ရှိသူများ အသီးသီး လက်မှတ်ရေးထိုး။

၁၁-၇-၂၀၀၅ * မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်း မိုင်တိုင်(၃၄/၅)၌ ယောချောင်းကို ဖြတ်၍ တည်ဆောက်ထားသော စုစုပေါင်း အလျားပေ ၁၆၀၀ ရှည်လျားသည့် အမှတ်(၂) ပေါက်တံတား(ရေပြာ) ဖွင့်လှစ်။

* ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်။

၁၃-၇-၂၀၀၅ * မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်း မိုင်တိုင် (၄၂/၆) ၌ ယောချောင်းကို ဖြတ်၍ တည်ဆောက်ထားသော စုစုပေါင်း အလျား ၁၈၄၀ ပေရှိ အမှတ်(၁) ပေါက်တံတား (အုန်းတော) ဖွင့်လှစ်။

၁၄-၇-၂၀၀၅ * အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ပုဂ္ဂလိကပိုင် ပြုလုပ်မည့် စက်ရုံရုစ်ရုံအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

၁၅-၇-၂၀၀၅ * ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ Hyundai Merchant Marine Co., Ltd. တို့ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်စာချုပ်ကို သန်လျင်မြို့နယ် သီလဝါရှိမြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

* ရန်ကုန်မြို့ အလုံမြို့နယ် အလုံကမ်းနားလမ်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ် (၀၁၃) ဖွင့်လှစ်။

* မန္တလေးတိုင်းအတွင်းရှိ ဒုဋ္ဌဝတီ(မြစ်ငယ်) မြစ်ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ရေအားလျှပ်စစ် ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Joint Venture Consortium of CITIC Technology Co., Ltd. and Sinohydro Corporation Limited တို့ကန်ထရိုက်စာချုပ်များကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ဟိုတယ် နီကိုးလ်ခန်းမ၌ လက်မှတ်ရေးထိုး။

၁၈-၇-၂၀၀၅ * ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် တတိယအကြိမ် ဒေသတွင်းနိုင်ငံများတွင် ပြုလုပ်သည့် မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူပြီး အိပ်ချ်အိုင်ဗီ ပိုး ရှိ/မရှိ သွေးစစ်ဆေးခြင်းဆိုင်ရာသင်တန်း (Opening Ceremony of Thid Intercountry Training of Trainers or HIV/AIDS Voluntary Counselling & Testing) ဖွင့်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

၁၉-၇-၂၀၀၅ * (၅၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးနန်းနွယ်ကလည်းကောင်း၊ အခြားအာဇာနည်ကြီးများ၏ ဂူဗိမာန်၌ မိသားစုများကလည်းကောင်း အသီးသီး လွှမ်းသူ့ပန်းခွေချ အလေးပြု။

၂၄-၇-၂၀၀၅ * စွမ်းအင်ဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရန် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

* ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်ပြည်နယ် ကောင်းခါးမြို့သစ် လွယ်ခန်းကျေးရွာအနီး နမ့်ဟူးမွန်ချောင်းပေါ်၌ တည်ရှိသော ကောင်းခါးရေအားလျှပ်စစ်စက်ရုံ ဖွင့်လှစ်။

* ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ (၆) နှင့် ဦးစိုင်းရီခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့များ ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း ဘူတာရထားလမ်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမကြီးတို့ဆုံရာ ရထားလမ်းကူးနေရာ၌ တည်ဆောက်ထားသော အလျား ၂၂၅၃ ပေ၊ အကျယ် ၃၆ ပေ ရှိသည့် ကျောက်ရေတွင်း ခုံးကျော်တံတား ဖွင့်လှစ်။

၂၅-၇-၂၀၀၅ * မန္တလေးတိုင်း တပ်ကုန်းမြို့နယ်တွင် တည်ဆောက်ထားသည့် အလျား ၂၁၀၀ ပေ၊ အမြင့် ၈၀ ပေ ရှိသော မြို့လှ (တပ်ကုန်း) ရေလှောင်တမံဖွင့်လှစ်။

www.foreverspace.com.mm

* မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP International Limited တို့ မုဒ္တမကမ်းလွန်ဒေသလုပ်ကွက်အမှတ် (M-11) ၌ ရေနံသဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ချုပ်ဆို။

* လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဧရိယာလ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၃၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ (ARF)၊ အာဆီယံ + ၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း လာအိုနိုင်ငံသို့ ထွက်ခွာ။

၂၆-၇-၂၀၀၅ * လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

* မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ခုနှစ်တွင် အာဆီယံ၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရမည့် အခွင့်အရေးကို မိမိတို့အလျောက် ရယူခြင်းမပြုဘဲ နေသွားမည်ဖြစ်ကြောင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ဧရိယာလ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းက ပြောကြား။

၂၈-၇-၂၀၀၅ * အမေရိကန်နိုင်ငံအခြေစိုက် Alexander Abraham Foundation မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုဆု မြန်မာနိုင်ငံမှရရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

၃၀-၇-၂၀၀၅ * မြန်မာနိုင်ငံ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ (Central Control Board-CCB) နှင့် ထိုင်းနိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံး (Anti-Money Laundering Office-AMLO) တို့ ငွေကြေးခဝါချမှုအပါအဝင် ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များဖလှယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)ကို နှစ်နိုင်ငံ တာဝန်ရှိသူများ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် လက်မှတ်ရေးထိုး။

၁-၈-၂၀၀၅ * မန္တလေးတိုင်းအတွင်းရှိ ဒုဋ္ဌဝတီ (မြစ်ငယ်)မြစ်ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Geazhouba Water & Power (Group) Co., Ltd. တို့က ကန်ထရိုက်စာချုပ်ကို ရန်ကုန်မြို့ ဟိုတယ်နီကိုးလ်၌ လက်မှတ်ရေးထိုး။

* အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဩဂုတ်လ ၃၀ ရက်မှ ၅ ရက်အထိ ကျင်းပမည့် အာရှနှင့် ပစိဖိတ်ဒေသအတွင်း ထောင်စုနှစ်ဖွဲ့ဖြိုးမှု ရည်မှန်းချက်များဆိုင်ရာ ဝန်ကြီးအဆင့် ဒေသတွင်းအဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ ရန်ကုန်မြို့မှ ထွက်ခွာ။

* ဘန်ကောက်မြို့တွင် ကျင်းပသော ဒုတိယအကြိမ်မြောက် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ခေါင်းဆောင်သော မြန်မာယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

၂-၈-၂၀၀၅ * ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိုမြို့၌ ဩဂုတ်လ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ရန်ကုန်မြို့မှ ထွက်ခွာ။

၃-၈-၂၀၀၅ * ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန အဆိပ်သင့်မှုဆိုင်ရာ သတင်းဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ၌ကျင်းပ။

၇-၈-၂၀၀၅ * စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ ချင်းတွင်းသင်္ဘောကျင်းဖွင့်လှစ်။

၈-၈-၂၀၀၅ * မွန်ပြည်နယ်အတွင်း လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ချောင်းဆုံမြို့နယ် မူးယစ်ကလေးရွာသစ်ရှိ မွန်ရာရံတစ်ဆောင်နှင့် အိမ်ငါးလုံး၊ သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အောင်သုခရပ်ရှိ အိမ် ၃၇ လုံး၊ သထုံမြို့နယ် ဒေးဝရိန်းကျေးရွာရှိ အိမ်လေးလုံးပျက်စီးပြီး သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အောင်သုခရပ်ရှိ အိမ် ၄၀ အနည်းငယ်မိုင်နဲ့သွားကြောင်းနှင့် ထိခိုက်သေဆုံးမှုမရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၉-၈-၂၀၀၅ * ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် အမှတ် (၄)လမ်းမကြီးရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်

www.foreverspace.com.mm

သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၁၄)ဖွင့်လှစ်။

၁၂-၈-၂၀၀၅ * ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ်အတွင်းရှိ မြွေတောင် နီကယ်သတ္တု စမ်းသပ် တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်း ဆောင်ရွက်ရန် သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၃) သတ္တုတွင်း လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kingbao Mining Ltd. တို့ နှစ်ဖက် သဘောတူစာချုပ်ကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် တာဝန်ရှိသူအသီးသီးမှ လက်မှတ်ရေးထိုး။

* စွမ်းအင်ဝန်ကြီးဌာန အမှတ် (၂) စက်မှုဝန်ကြီးဌာန အာဆီယံ စွမ်းအင်ဆိုင်ရာ ဗဟိုဌာန (ASEAN Centre for Energy) နှင့် ဂျပန်နိုင်ငံ စွမ်းအင်ထိရောက်စွာအသုံးချရေးနှင့် ခြိုးခြံချွေတာရေးဗဟိုဌာန (Energy Conservation Centre, Japan) တို့ ပူးပေါင်းကျင်းပသည့် အရှေ့တောင်အာရှဒေသအတွင်း အဆောက်အအုံကြီးများ၌ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပ။

၁၄-၈-၂၀၀၅ * ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်ဌာပနာတိုက်မှ စွယ်တော်ပွားတည်ထားသည့် ရွှေကြုပ်နှင့်တကွ စွယ်တော်ပွားအပါအဝင် ရွှေကြာကလပ်နှင့် ရွှေကျောင်းဆောင်များ ဖောက်ထွင်းခိုးယူခံရပြီး တရားခံဖြစ်သူ သန်းဝင်းနိုင်အား ဩဂုတ်လ ၂၀ နေ့တွင် မန္တလေး၌ ဖမ်းမိကြောင်း ဩဂုတ်လ ၂၈ ရက်နေ့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပြောကြားသည်။

၁၆-၈-၂၀၀၅ * ဧရာဝတီတိုင်း အိမ်မဲမြို့နယ် လပွတ္တာ–မြောင်းမြ–အိမ်မဲ–ကျောင်းကုန်းလမ်း မိုင်တိုင် ၇၀/၀ ရှိ အိမ်မဲချောင်းကို ဖြတ်လျက် တည်ဆောက်ထားသော အလျား ၂၄၀ ပေအရှည်ရှိသည့် မရမ်းဂူတံတားဖွင့်လှစ်။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Qingdao မြို့၌ ဩဂုတ် ၁၇ ရက်မှ ၂၀ ရက်အထိ ပထမအကြိမ်မြောက် တရုတ်–အာဆီယံ ထင်ပေါ်သောပုဂ္ဂိုလ်များအဖွဲ့ အစည်းအဝေး (1st China-ASEAN Eminent Persons Group EPG Meeting) တက်ရောက်ရန်နှင့် ဩဂုတ်လ ၂၀ရက်မှ ၂၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးပြီး စက်ရုံအလုပ်ရုံများကို လေ့လာရန် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးခေါင်းဆောင်သော အဖွဲ့ဝင်ငါးဦးပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှထွက်ခွာ။

၁၈-၈-၂၀၀၅ * ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ်၏ အထူးကိုယ်စားလှယ် H.E.Mr.Ali Alatas မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ရောက်ရှိ။

၁၉-၈-၂၀၀၅ * အင်ဒိုနီးရှားနိုင်ငံ ပါလမ်ဘမ်မြို့၌ ကျင်းပသော ၂၀၀၅ ခုနှစ် အာဆီယံ အသက် (၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲဖိုလ်လုပွဲ၌ မြန်မာလူငယ်အသင်းက မလေးရှားလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria- GFATM) ၏ မြန်မာနိုင်ငံအတွက် GFATM ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ GFATM ရန်ပုံငွေညှိနှိုင်းကြီးကြပ်ရေး အဖွဲ့ (Country Coordinating Mechanism - CCM) ၏ သဘောထားထုတ်ပြန်ချက်ကိုလည်းကောင်း၊ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော CCM အဖွဲ့၏ (၁၇)ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်းကိုလည်းကောင်း ဩဂုတ်လ ၂၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

၂၁-၈-၂၀၀၅ * ASEAN Energy Awards (2005) ကို သစ်တောရေးရာဝန်ကြီးဌာနကရရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၂၂-၈-၂၀၀၅ * လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Zhejiang Orient Holdings Group Limited (Z.O.H.G) ကို ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် (၁၃၂) ကေဗွီမာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများ ဝယ်ယူတင်သွင်းရေးဆိုင်ရာစာချုပ်ကို ရန်ကုန်မြို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

* မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေမူကြမ်းများရေးဆွဲရာတွင် အကြံပြုရေးအတွက် ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech အစည်းအဝေးခန်းမ၌ ကျင်းပ။

၂၃-၈-၂၀၀၅ * ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဩဂုတ်လ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်မည့် (၂၁)ကြိမ်မြောက် အာဆီယံ

www.foreverspace.com.mm

ဂျပန်ဖိုရမ်အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ထွက်ခွာ။

၂၀-၈-၂၀၀၅ * မြန်မာယူနီဗာဆယ်ဘဏ်အား Anti Money Laundry အရ အရေးယူဖွယ်ရှိကြောင်း ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးပြောကြားချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၂၉-၈-၂၀၀၅ * ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၅) ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွှန့်ပေါင်းအစိုးရ (NCGUB)၊ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၅) ဖြင့် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (FTUB)၊ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၀၅) ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၅) ဖြင့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSAS)(ရွှက်ဆစ်အဖွဲ့) တို့နှင့် ယင်းအဖွဲ့များနှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများအား မတရားအသင်းဖြစ်ကြေညာကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၂-၉-၂၀၀၅ * မန္တလေးတိုင်းအတွင်းရှိ ဒုဋ္ဌဝတီ (မြစ်ငယ်)မြစ်ပေါ်၌ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Heavy Machinery Corporation (CHMC) တို့ ကန်ထရိုက်စာချုပ်ကို ရန်ကုန်မြို့ရှိ နီကိုဟိုတယ်တွင် လက်မှတ်ရေးထိုး။

* အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Co., Ltd. (YMEC) တို့ အဆိုပါဝန်ကြီးဌာန (နှုန်းချုပ်) အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

၃-၉-၂၀၀၅ * သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့ တွင် စက်တင်ဘာလ ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့်(၂၃) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် (၅၈)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီ (Regional Committee) အစည်းအဝေးသို့တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်မြို့မှ ထွက်ခွာ။

၅-၉-၂၀၀၅ * သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ–အင်္ဂလိပ်သတင်းစာများကို ကျပ် ၅၀ နှုန်းဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ်ရောင်းချသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၇-၉-၂၀၀၅ * မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဂျပန်နိုင်ငံ အာရှနှင့် ပစိဖိတ်ဒေသယဉ်ကျေးမှုဗဟိုဌာန (ACCU) တို့ ပူးပေါင်းစီစဉ်မှုဖြင့် မူပိုင်ခွင့်ဗဟုသုတတိုးပွားရေးနှင့် "အာရှမူပိုင်ခွင့်လက်စွဲ" စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေအသုံးပြုရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပ။

၉-၉-၂၀၀၅ * ဂျာမနီ နိုင်ငံတကာ ရုပ်မြင်သံကြား Deutsche Welle (DW) မှ ထုတ်လွှင့်နေသော ရုပ်သံအစီအစဉ်များကို ဂြိုဟ်တုမှတစ်ဆင့် ဖမ်းယူပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြန်လည်ထုတ်လွှင့်ခွင့် သဘောတူညီချက်ကို တာဝန်ရှိသူများမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခန်းမတွင် လက်မှတ်ရေးထိုး။

၁၀-၉-၂၀၀၅ * နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့်နှစ် (၆၀)ပြည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ထိပ်သီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ရန်ကုန်မြို့မှထွက်ခွာ။

၁၁-၉-၂၀၀၅ * ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ National Defence College မှ Commodore Khondker Moyeenuddin Ahmed, (G), ndc, psc, BN ဦးဆောင်သောအဖွဲ့ဝင်များ လေ့လာရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ။

* စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့ ကရာကုန်းကွင်းအမှတ်–၂၀၁၊ ကောလင်း–ပင်လည်ဘူးလမ်းမကြီးဘေးရှိ မြန်မာ့စီးပွားရေးဘဏ် ကောလင်းဘဏ်ခွဲဖွင့်လှစ်။

၁၂-၉-၂၀၀၅ * မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန အခြားစွမ်းအင်ဖွံ့ဖြိုးရေးနှင့် ထိရောက်စွာအသုံးချရေးဌာန (Department of Alternative Energy Development and Efficiency- DEDE) တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာအစီအစဉ်တွင် ဇီဝအားဖြည့်လောင်စာဆီကဏ္ဍကို ကဏ္ဍတစ်ခုအဖြစ် ပူးပေါင်းဆောင်ရွက်ရန်အတွက် အကြိုအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပ။

၁၇-၉-၂၀၀၅ * မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့အကြား ရန်ကုန်–မန္တလေး ခြောက်လမ်းသွားကားလမ်းပေါ်ရှိ ဒုဋ္ဌဝတီမြစ်ပေါ် ဖြတ်သန်းတည်ဆောက်ထားသည့် အရှည်ပေ ၈၄၀ ရှိသော မြစ်ငယ်တံတားဖွင့်လှစ်။

www.foreverspace.com.mm

၂၀-၉-၂၀၀၅ * မြန်မာနိုင်ငံ ရွှေကုန်သည်ကြီးများအသင်း အစည်းအဝေးကျင်းပ။

* ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် မြေညီထပ်တွင် စက်တင်ဘာ ၂၁ ရက်နေ့၌ ဖွင့်လှစ်မည့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အထူးရွှေဆိုင်ကြီးတွင် ရွှေတစ်ကျပ်သားလျှင် ကျပ် ၃၀၀၀၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* ထိုင်းနိုင်ငံ ထိုင်းဘုရင်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိ။

၂၁-၉-၂၀၀၅ * ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း မြန်မာ့ကျောက်မျက်ရတနာပြတိုက် မြေညီထပ်ရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ "အထူးရွှေဆိုင်ကြီး" ဖွင့်လှစ်။

၂၂-၉-၂၀၀၅ * ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ရောင်းချပြီး ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည့် (၂၀၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုလက်မှတ်များကို တစ်စောင်လျှင် ၅၀ ကျပ်အစား ၁၀၀ ကျပ်အဖြစ် ရောင်းချသွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်။

၂၃-၉-၂၀၀၅ * နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမေရိကန်သမ္မတက မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ၁၂ လအတွင်း နိုင်ငံတကာ မူးယစ်ဆေးဝါးဆိုင်ရာ သဘောတူညီချက်များနှင့်အတူ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း မှားယွင်းစွာ သတ်မှတ်ဖော်ပြခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာ။

* ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များ လေ့လာရေးလုပ်ငန်း စီမံချက်အရ ကိုရီးယားသမ္မတနိုင်ငံမှ သရုပ်ဆောင် Mr. Jae Won Kim ၊ Baby Vox အဖွဲ့နှင့် ရုပ်ရှင်ဂီတအနုပညာရှင်များအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

၂၄-၉-၂၀၀၅ * ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဗိုလ်ချုပ်ကြီး သူရရွှေမန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

* မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ညောင်ကုန်းချောင်းပေါ်၌ တည်ဆောက်ထားသည့် ပင်မတံမံအလျား ၆၄၀၀ ပေ၊ အမြင့် ၄၀ ပေရှိသော ညောင်ကုန်းရေလှောင်တမံ ဖွင့်လှစ်။

၂၈-၉-၂၀၀၅ * ဖိလစ်ပိုင်နိုင်ငံ တာဂတေးမြို့၌ စက်တင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၇)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

၂၉-၉-၂၀၀၅ * မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ "ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန် တောင်းဆိုခြင်း" အမည်ရှိသည့် အစီရင်ခံစာနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာ။

၁-၁၀-၂၀၀၅ * မကွေးတိုင်း ပခုက္ကူမြို့နယ် ပခုက္ကူမြို့မှ သုံးမိုင်ခန့် အကွာ ဧရာဝတီမြစ်ကူး ရွှေတန်းတစ်ဆိပ်ကမ်းသို့အသွား ကားလမ်းဘေးတွင်တည်ဆောက်ထားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့် အထည်စက်ရုံ (ပခုက္ကူ) ဖွင့်လှစ်။

* မြန်မာနိုင်ငံတွင် အသုံးပြုနေသော GSM တယ်လီဖုန်းအားလုံး ယခုနှစ် အောက်တိုဘာလ ၂ ရက်နေ့မှစ၍ သီးခြားလျှောက်ထားရန်မလိုဘဲ SMS ခေါ် တယ်လီဖုန်းအချင်းချင်း စာသားပေးပို့သည့်စနစ်ကို စတင်အသုံးပြုနိုင်ကြောင်း တယ်လီဖုန်းကိုင်ဆောင်သူအားလုံးထံ SMS ဖြင့် အကြောင်းကြားအသိပေး။
(Source: The Voice Weekly, Vol.2, No-2)

၂-၁၀-၂၀၀၅ * အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် စင်ကာပူနိုင်ငံတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Goldpetrol ရေနံကုမ္ပဏီနှင့် ရေနံသဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းအစီအစဉ်များ ဆွေးနွေးညှိနှိုင်းရန် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လွန်းသီ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

၁၀-၁၀-၂၀၀၅ * မြန်မာနိုင်ငံ အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ခရွန်ထိုင်းထရက်တာကုမ္ပဏီလီမိတက်တို့ မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှုစီမံကိန်း သဘောတူစာချုပ်များကို နှစ်နိုင်ငံမှ တာဝန်ရှိသူများ အသီးသီးလက်မှတ်ရေးထိုး။

* အောက်တိုဘာလ ၁၀ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့၌ ကျင်းပမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၁၀) ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ အမျိုးသားအားကစားပွဲတော်သို့ တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ်

www.foreverspace.com.mm

ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

၁၁-၁၀-၂၀၀၅ * မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာ ၁၂ ရက်မှ ၁၃ ရက်အထိကျင်းပမည့် 2nd Meeting of the ASEAN-China Eminent Person's Group အစည်းအဝေးသို့ တက်ရောက်ရန် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သောအဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

* ရန်ကုန်မြို့ တက္ကသိုလ်များ(လှိုင်နယ်မြေ)ရှိ Myanmar ICT Park ကို Myanmar Info-Tech ဟုလည်းကောင်း၊ အဓိက Internet Service Provider (ISP) အဖွဲ့အစည်းဖြစ်သော Bagan Cyber Tech ကို Myanmar Teleport ဟုလည်းကောင်း အသီးသီး အမည်ပြောင်းလဲသတ်မှတ်။

၁၂-၁၀-၂၀၀၅* ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်း သုတေသနလုပ်ငန်း၏ ယူနီကုတ် (Unicode) သုံး မြန်မာစာလုံးစနစ် ဖြန့်ချိခြင်းအခမ်းအနားကို ရန်ကုန်မြို့ တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ Myanmar Info-Tech ခန်းမ၌ကျင်းပ။

၁၇-၁၀-၂၀၀၅ * တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်–အာဆီယံ စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှထွက်ခွာ။

၁၈-၁၀-၂၀၀၅ * ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ အာရှကြီးပွားတိုးတက်ရေးထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ ငွေပင်လယ်အဆင့်မြင့် ငါး၊ ပုစွန်ရောင်းဝယ်ရေးဇုန် ဖွင့်လှစ်။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အာဆီယံနှင့် တရုတ် မူယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဝန်ကြီးအဆင့် နိုင်ငံတကာညီလာခံသို့တက်ရောက်ရန် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်အဖွဲ့ ရန်ကုန်မြို့မှထွက်ခွာ။

* မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသော အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် (Framework Agreement Between the Government of the Union of Myanmar and the Government of the People's Republic of China Provision of Concessional Loan) ကို မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဘိုရှီလိုင်တို့ တရုတ်နိုင်ငံ နန်နင်းမြို့ရှိ Nanning International Conference Center, Conference Hall တွင် လက်မှတ်ရေးထိုး။

၁၉-၁၀-၂၀၀၅ * တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တွင်ကျင်းပသော ဒုတိယအကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ မြန်မာအမျိုးသားပြခန်းဆောင်နှင့် ပြခန်းသည် China-ASEAN Expo Organizing Committee မှချီးမြှင့်သော အကောင်းဆုံးပြခန်းဆု (TheBest Exhibition Award) ဆွတ်ခူးရရှိခဲ့ပြီး မြန်မာနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ဆုံဆွေးနွေးပွဲနှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် Nanning CCI တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးကာ တရုတ်ကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများအကြား ကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၂ သန်းဖိုးခန့် အရောင်းအဝယ်စာချုပ်များချုပ်ဆို။

၂၀-၁၀-၂၀၀၅ * မြန်မာနိုင်ငံအစိုးရ စက်သုံးဆီအရောင်းဆိုင်များမှ ဓာတ်ဆီနှင့် ဒီဇယ်ဆီများကို တစ်ဂါလန်လျှင် ၁၅၀၀ ကျပ် ပြောင်းလဲသတ်မှတ်ရောင်းချ။

၂၁-၁၀-၂၀၀၅ * ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ကုန်သည်ကြီးများဟိုတယ်ဆိုင်းဘုတ်အနီး၌ ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

၂၂-၁၀-၂၀၀၅ * ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒဂုံမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် စုစုပေါင်းတံတားပေအရှည် ၁၉၄၀ ပေ၊ အကျယ် ၇၅ ပေနှင့် အမြင့်ပေ ၂၀ ရှိသော ပန်းလှိုင်တံတားဖွင့်လှစ်။

၂၃-၁၀-၂၀၀၅ * အနောက်နိုင်ငံအချို့နှင့် ပြည်တွင်းပြည်ပ အဖျက်သမားများကဖုံးကွယ်လှည့်စားထားသော နိုင်ငံရေးရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သော ရှုထောင့်မှ အဆိုးရွားဆုံးပုံဖော်ကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်အရေးယူပေးရန် တောင်းဆိုလှုံ့ဆော်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ထိန်းချုပ်ရေးကော်မရှင်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါး ဘိန်းဖြူ ၉၉၂ တုံး၊

www.foreverspace.com.mm

အလေးချိန် ၄၉၆ ကီလို ဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ် Case 496 နှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၅) ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပ။

* စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် နတ်ရွာအနီး အုတ်ဖိုချောင်းကိုပိတ်၍ တည်ဆောက်ထားသော အလျား ၃၅၀ ပေ၊ အမြင့် ၄၅ ပေရှိသော အုတ်ဖိုရေလှောင်တမံဖွင့်လှစ်။

၂၄-၁၀-၂၀၀၅ * စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြောင်မြို့နယ် ဖွားစောကျေးရွာမြောက်ဘက် မိုင်ဝက်ခန့်အကွာ ဆင်ဖြူချောင်းပေါ်၌ တည်ဆောက်ထားသော အလျား ၇၆၅ ပေ၊ အမြင့် ၂၅ ပေရှိသည့် ကျောက်နဂါးရေလှောင်တမံဖွင့်လှစ်။

၂၅-၁၀-၂၀၀၅ * ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်း ဝမ်ပုချောင်းပေါ်တွင် တည်ဆောက်ထားသည့် အလျား ၆၀၀ ပေ၊ အမြင့် ၇၀ ပေရှိသောဝမ်ပုရေလှောင်တမံဖွင့်လှစ်။

* ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Asia World Port Management Co., Ltd. တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သော ရန်ကုန်မြို့ အလုံမြို့နယ်၊ ကမ်းနားလမ်းရှိ အမှတ်(၃) အလုံဆိပ်ခံတံတား ဖွင့်လှစ်။

၂၇-၁၀-၂၀၀၅ *နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သော အမှတ်(၁) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်းပိုင် ရန်ကုန် အမှတ်(၂) ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ (ဥက္ကလာဘီစက္ကတ်စက်ရုံ)ကို ကြမ်းခင်းဧရိယာ ၁၀၅၅.၂၆၄ သန်းဖြင့်လည်းကောင်း မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းပိုင် လွိုင်ကော် အမှတ်(၁) ကျောက်ပြားစက်ရုံခွဲကို ကြမ်းခင်းဧရိယာ ၉၉.၃၉၄ သန်းဖြင့်လည်းကောင်း ဧရိယာပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

* မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. မှ အဓိကပံ့ပိုးသည့် Grand Royal 05 Challenge-Cup လေးနိုင်ငံဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ စတင်ကျင်းပ။

၂၉-၁၀-၂၀၀၅ * အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ပြောကြားချက်ကို နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြ။

၁-၁၁-၂၀၀၅ * ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပမည့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှထွက်ခွာ။

၃-၁၁-၂၀၀၅ * ထိုင်းနိုင်ငံ ဘန်ကောက်မြို့ အစိုးရအိမ်တော် Thai Koo Fah Building ရှိ ဆင်စွယ်ရောင်ခန်းမတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အကြီးအကဲများ ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကြေညာချက်ကိုလည်းကောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် အခြားကူးစက်တတ်သောရောဂါများ ပူးပေါင်းတိုက်ဖျက်ရေးကြေညာချက်ကိုလည်းကောင်း အသီးသီးလက်မှတ်ရေးထိုး။

၇-၁၁-၂၀၀၅ * ပြင်သစ်ရုပ်ရှင်မင်းသားကြီး Mr.Gerad Depardieu ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်။

၁၀-၁၁-၂၀၀၅ * အာဆီယံအတွင်းရေးမှူးချုပ် H.E. Mr. One Keng Yong ရန်ကုန်မြို့သို့ ရောက်ရှိ။

၁၃-၁၁-၂၀၀၅ * တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး H.E.Mr.Wang Shucherg နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ။

၁၄-၁၁-၂၀၀၅ * နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီ မိနစ် ၄၀ အချိန်တွင် ချင်းပြည်နယ် မတူပီမြို့ မြို့မအားကစားကွင်းအတွင်း အားကစားပွဲများအပြီး ဆုပေးပွဲကျင်းပနေစဉ် ချင်းအကြမ်းဖက်သောင်းကျန်းသူနှစ်ဦး ပရိသတ်အတွင်းသို့ လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

၁၆-၁၁-၂၀၀၅ * လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုဝင်ဘာလ ၁၇ ရက်မှ ၁၈ ရက်အထိကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်အဖွဲ့ ရန်ကုန်မြို့မှထွက်ခွာ။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ကျောက်ဂေါ်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ။

၁၇-၁၁-၂၀၀၅ * အီတလီနိုင်ငံ ရောမမြို့တွင် နိုဝင်ဘာလ ၁၉

www.foreverspace.com.mm

ရက်မှ ၂၆ ရက်အထိကျင်းပမည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၃၃)ကြိမ်မြောက်ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဦးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှထွက်ခွာ။

၁၉-၁၁-၂၀၀၅ * ဂြိုဟ်တုရုပ်မြင်သံကြားထုတ်လွှင့်ချက်များ အပါအဝင် ရုပ်မြင်သံကြားလိုင်းများကို ကေဘယ်လ်ကြိုးစနစ်ဖြင့် ပြသဆောင်ရွက်နေခြင်းကိစ္စများသည် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသဖြင့် တရားမဝင်ကြောင်း နိုဝင်ဘာလ ၁၄ ရက်နေ့က ပြန်ကြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ယနေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* ပြန်ကြားရေးဝန်ကြီးဌာနမှ ၂၀၀၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက် အမျိုးသားစာပေဆုချီးမြှင့် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကိုလည်းကောင်း၊ အမျိုးသားစာပေ တစ်သက်တာဆုအား ဦးလေးမြိုင် (စာရေးဆရာလေးမြိုင်) ရရှိခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

၂၀-၁၁-၂၀၀၅ * မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာလ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် (၆)ကြိမ်မြောက် ဘက်မလိုက်အဖွဲ့ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့မှ ထွက်ခွာ။

* ပြန်ကြားရေးဝန်ကြီးဌာနမှ စာပေဗိမာန်စာမူဆုပြိုင်ပွဲ ၂၀၀၄ ခုနှစ်အတွက် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ စာရင်းကို ထုတ်ပြန်ကြေညာ။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တာဝန်ရှိသူများနှင့်ဆွေးနွေးရန်အတွက် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အဖွဲ့ ရန်ကုန်မြို့မှထွက်ခွာ။

၂၅-၁၁-၂၀၀၅ * စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့်အထည်စက်ရုံ (ဆားလင်းကြီး) ဖွင့်လှစ်။

* ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Asia World Port Management Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ အမှတ် (၃) အလုံဆိပ်ခံတံတားဖွင့်လှစ်။

၂၆-၁၁-၂၀၀၅ * မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် အာဆီယံ–မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ သတ္တမအကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်သူနှင့်အဖွဲ့ ရန်ကုန်မြို့မှထွက်ခွာ။

၂၈-၁၁-၂၀၀၅ * ရွှေလီမြစ်ဝှမ်းနှင့် မေခမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ ပူးပေါင်းအကောင်အထည်ဖော်ရေးလုပ်ငန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပမည့် မြန်မာနိုင်ငံလျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Co., Ltd. (YMEC) တို့ နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲသို့တက်ရောက်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

* ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက် ပန်းခြံ (၇)လမ်း၊ အိမ်အမှတ် ၂၁ မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပေါ့ဆမီးမှစတင်၍မီးလောင်ကာ ပတ်ဝန်းကျင်သို့ ကူးစက်လောင်ကျွမ်းပြီးညနေ ၃ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် အိမ်ခြေ ၁၅၅၇ လုံး မီးလောင်ကျွမ်းခံခဲ့ရပြီး အိမ်ထောင်စု ၁၉၆၂ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြ။

၂၉-၁၁-၂၀၀၅ * ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိကျင်းပမည့် မြန်မာ–ထိုင်းပူးတွဲနယ်နိမိတ်ကော်မတီ (၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှထွက်ခွာ။

၃၀-၁၁-၂၀၀၅ * ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန် (၂)၊ ဆိပ်ကမ်းသာလမ်း၊ အကွက်အမှတ် (၃၈)ရှိ ချာမင်းအထည်ချုပ်စက်ရုံ၏ သိုလှောင်ရုံတွင် နံနက် ၉ နာရီ၌ လျှပ်စစ်မီး ဝါယာရှော့ဖြစ်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်းနှင့် လူအသေအပျောက်မရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

■

www.foreverspace.com.mm

တွေ့ဆုံဆွေးနွေးမှုများ

၂-၁၁-၂၀၀၅

* မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JJ Singh, PVSM, AVSM, VSM, ADC နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေး။

* အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ ဌာနေကိုယ်စားလှယ် Mr.Patrick Vial သည် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၅-၁၁-၂၀၀၅

* အိန္ဒိယသမ္မတနိုင်ငံမှ ရှေးဟောင်းသုတေသနပညာရှင် Director Dr.G.T.Shendey ပါဝင်သော အဖွဲ့ဝင်ငါးဦးတို့သည် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၈-၁၁-၂၀၀၅

* Petrochina ရေနံကုမ္ပဏီ၏ Senior Vice President, Mr.Su Shulin ခေါင်းဆောင်သောအဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

၁၀-၁၁-၂၀၀၅

* အာဆီယံအတွင်းရေးမှူးချုပ် H.E.Mr.Ong Keng Yong သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

၁၁-၁၁-၂၀၀၅

* ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Wang Shucherg နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေး။

၁၃-၁၁-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Bhaskar Kumar Mitra သည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တွေ့ဆုံဆွေးနွေး။

၁၄-၁၁-၂၀၀၅

* ထိုင်းနိုင်ငံ ဘန်ကောက်မြို့အခြေစိုက် London Financial Times သတင်းစာမှ သတင်းထောက် Ms.Amy Kazmin သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၁၆-၁၁-၂၀၀၅

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ကျောက်ဂေါ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။
* မလေးရှားနိုင်ငံအခြေစိုက် Carlsberg Breweries A/S မှ Senior Vice President Mr. Jesper B.Madsen နှင့်အဖွဲ့သည်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Texwatech Co., Ltd. မှ General Manager Mr.Li Min နှင့် အဖွဲ့ဝင်များသည်လည်းကောင်း အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

၁၇-၁၁-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Bhaskar Kumar Mitra သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mrs.Ruth Schatz သည်လည်းကောင်း ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

၁၈-၁၁-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ အာနို၊ ရီဒယ်(လ်)သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မီးစ်ပါးလ်၊ နွမ်ဗယူးမ်၊ မာဂါကွာသည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

၂၃-၁၁-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Oleg V.Kabanov သည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

၂၇-၁၁-၂၀၀၅

* မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Lieutenant General Moeen U Ahmed,

www.foreverspace.com.mm

pscခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

၂၈-၁၁-၂၀၀၅

* ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Lieutenant General Moeen U Ahmed, pscနှင့်အဖွဲ့ဝင်များ သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

၂၉-၁၁-၂၀၀၅

* ICRC မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Reto Meister သည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

၃၀-၁၁-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

ကြော်ငြာ

www.foreverspace.com.mm

ကုန်ဈေးနှုန်း

၂၀၀၅၊ ဒီဇင်ဘာလ ပထမပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

ကားဈေးနှုန်း (၅-၁၂-၂၀၀၅)

ကားအမျိုးအစား	မော်ဒယ်	အကွာရာ		ဈေးနှုန်း (သိန်း)
Suzuki Wagon	R+	(၄)(အဖြူရောင်/ဖွင့်မှုံး)		၂၃၀
Suzuki Wagon	R+	(၄)(အဖြူရောင်/ဖွင့်မရ)		၂၁၅
Suzuki Wagon	R+	(၅)(မီးရောင်)		၂၆၀
Suzuki Wagon	R+	(၅)(အပြာရောင်)		၂၅၀
Corolla 1.5 Limited	86/87	(၁က)		၂၁၀
Corolla 1.5 Limited	88/89	(၁က)		၂၄၀
Corolla 1.5 Limited	88/89	(၁ခ)		၃၂၀
Corolla 1.5 Limited	90/91	(၁က)		၂၅၅
Corolla 1.5 Limited	90/91	(၁ခ)		၃၅၀
Corolla 1.5 Limited	92/93	(၁ခ)		၃၉၀
Corolla 1.8 Van (ဒီဇယ်)	86/87	(၁က)		၁၈၀
Corolla 1.8 Van (ဒီဇယ်)	86/87	(၁ခ)		၂၀၀
Corolla 1.8 Van (ဒီဇယ်)	88/89	(၁က)		၂၂၅
Corolla 1.8 Van (ဒီဇယ်)	88/89	(၁ခ)		၃၄၀
Corolla 1.8 Van (ဒီဇယ်)	90/91	(၁က)		၂၄၀
Corolla 1.8 Van (ဒီဇယ်)	90/91	(၁ခ)		၃၅၅
Corolla 2.0 Van (ဒီဇယ်)	92/93	(၁ခ)		၄၁၀
Corolla 1.5 Dx Van (ဓာတ်ဆီ)	86/87	(၁က)		၁၈၀
Corolla 1.5 Dx Van (ဓာတ်ဆီ)	86/87	(၁ခ)		၂၀၅
Corolla 1.5 Dx Van (ဓာတ်ဆီ)	88/89	(၁က)		၂၁၅
Corolla 1.5 Dx Van (ဓာတ်ဆီ)	88/89	(၁ခ)		၃၂၅
Corolla 1.5 Dx Van (ဓာတ်ဆီ)	90/91	(၁က)		၂၄၀
Corolla 1.5 Dx Van (ဓာတ်ဆီ)	90/91	(၁ခ)		၃၄၅
Corolla 1.5 Dx Van (ဓာတ်ဆီ)	92/93	(၁ခ)		၃၉၀
Corolla 1.3 Dx Van (ဓာတ်ဆီ)	86/87	(၁က)		၂၀၅
Corolla 1.3 Dx Van (ဓာတ်ဆီ)	86/87	(၁ခ)		၂၂၀
Corolla 1.3 Dx Van (ဓာတ်ဆီ)	88/89	(၁ခ)		၃၁၅
Corolla 1.3 Dx Van (ဓာတ်ဆီ)	90/91	(၁က)		၂၂၅
Corolla 1.3 Dx Van (ဓာတ်ဆီ)	90/91	(၁ခ)		၃၃၀
Toyota Corona 2.0 Van (ဒီဇယ်)	88/89	(၁ခ)		၃၀၀
Toyota Corona 2.0 Van (ဒီဇယ်)	90/91	(၁ခ)		၃၁၅
Toyota Publica	86/87	(၁က)		၁၄၀
Toyota Publica	86/87	(၁ခ)		၁၈၀
Toyota Publica	88	(၁က)		၁၄၀
Toyota Publica	88	(၁ခ)		၁၇၅
Sunny Pick-up	86/87	(၁က)		၁၁၀
Sunny Pick-up	90/91	(၁က)		၁၅၀
Sunny Super Salloon (1.5)	86/87	(၁က)		၂၃၀
Sunny Super Salloon (1.5)	86/87	(၁ခ)		၃၀၀
Sunny Super Salloon (1.5)	88/89	(၁က)		၂၀၀
Sunny Super Salloon (1.5)	88/89	(၁ခ)		၂၇၅
Sunny Super Salloon (1.5)	90/91	(၁က)		၂၆၀
Sunny Super Salloon (1.5)	90/91	(၁ခ)		၃၁၀
Marlk II Groire(ဓာတ်ဆီ)(2.0)(Auto)	94/95	(၂ခ)		၄၆၀
Marlk II Groire (ဒီဇယ်)(2.4)	94/95	(၂ခ)		၄၈၀
Marlk II Groire (ဒီဇယ်)(2.4)	94/95	(၁ခ)		၅၀၀
Marlk II Grande (ဓာတ်ဆီ)(2.0)(Auto)	94/95	(၁ခ)		၅၀၅
CELSIOR (4.0)	93/94	(၃ခ)		၄၂၀
CROWN MAJESTA (4.0)	96/97	(၁ခ)		၅၁၀
PAJERO V46 (2.8)	96	(၂ခ)		၇၅၀
TOYOTA LANDCRUISER (4.6)	99	(၃ခ)		၁၀၁၀
TOYOTA LANDCRUISER (4.7)	98	(၃ခ)		၉၅၀
TOYOTA PRADO (3.0)	96TZ	(၃ခ)		၁၀၀၀
TOYOTA PRADO (2.4D)	92	(၃ခ)		၉၂၀
HILUX (DOUBLE CAB) (3.0)	98	(၃ခ)		၅၅၀
HILUX (DOUBLE CAB) (2.4)	98	(၃ခ)		၅၁၀
HILUX (DOUBLE CAB) (2.8)	95	(၃ခ)		၄၈၀
HILUX SURF (3.0)	97	(၃ခ)		၆၀၀
HILUX SURF (3.0)	94	(၃ခ)		၅၄၅

* အထက်ပါကားများသည် အကွာရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။

www.foreverspace.com.mm

တီဗီရောင်စုံများ

(၅-၁၂-၂၀၀၅)

အမျိုးအစား	မော်ဒယ်	အရွယ်	နှုန်း(ကျပ်)
DISTAR	2150 (Flat)	21"	၁၇၆,၀၀၀
DISTAR	2130 (STEREO)	21"	၁၄၅,၀၀၀
DISTAR	2947	29"	၂၆၆,၀၀၀
DISTAR	2545	25"	၂၂၆,၀၀၀
Toshiba	21 S3	21"	၁၈၅,၀၀၀
Toshiba	29 A3	29"	၃၁၀,၀၀၀
SANYO	21KX8	21"	၁၇၀,၀၀၀
SANYO	21 AF8VA	21"	၂၀၅,၀၀၀
SANYO	29 KX5	29"	၃၁၅,၀၀၀
SANYO	14KX8	14"	၁၁၀,၀၀၀
Samsung	21M16	21"	၁၈၀,၀၀၀
SANYO	14G81A	14"	၁၁၅,၀၀၀
Sakura	14" 1475	14"	၉၄,၀၀၀
Sakura	21" 2117	21"	၁၄၂,၀၀၀
Sakura	21" 2127	21"	၁၄၂,၀၀၀
Sakura	29" SR 29	29"	၂၆၀,၀၀၀

ရေခဲသေတ္တာများ

(၅-၁၂-၂၀၀၅)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
HQ (CANCOOLER)	405	၄၇၀,၀၀၀
DISTAR	960A	၁၇၀,၀၀၀
SANYO	SR521	၁၂၀,၀၀၀
Panasonic	184 G1	၁၈၅,၀၀၀
Panasonic	184 W	၁၉၅,၀၀၀
SANYO	152C	၁၂၀,၀၀၀
SANYO	159C	၁၆၅,၀၀၀
SANYO	563C	၁၇၅,၀၀၀
SANYO	163CQ	၁၈၅,၀၀၀
SANYO	570	၂၁၀,၀၀၀
TOSHIBA	22SPT	၃၃၅,၀၀၀
TOSHIBA	37ST	၄၂၀,၀၀၀
TOSHIBA	46ST	၄၇၀,၀၀၀
TOSHIBA	17ZD	၁၈၅,၀၀၀
SAUMSUNG	20	၁၉၀,၀၀၀
SANYO	SR408D	၃၆၀,၀၀၀
SANYO	SR409D	၃၉၉,၀၀၀
SANYO	SR 511	၄၁၉,၀၀၀
SANYO	SR 515	၅၆၉,၀၀၀
SANYO	SR 518 MS	၇၇၀,၀၀၀
SANYO	SR 518 ST	၈၁၅,၀၀၀
Sakura	Freezer SF (9) NG	၂၉၀,၀၀၀
SANYO	SF 992 NG	၃၅၉,၀၀၀
SANYO	SF 692 ST	၃၂၅,၀၀၀

VCD ပြစက်

(၅-၁၂-၂၀၀၅)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
Samsung	870/890	၅၈,၅၀၀
Samsung	Z10 MM	၄၂,၀၀၀
Samsung	30 Me	၆၀,၅၀၀
DISTAR	2217K	၄၀,၀၀၀
Sakura	SVD 681 (Micro System)	၄၈,၀၀၀
Sakura	SVD 682 (Micro System)	၄၈,၀၀၀
Sakura	S 301 M	၃၃,၀၀၀
Sakura	S 401 M	၃၃,၀၀၀
Sakura	S 501 M	၃၃,၀၀၀

DVD ပြစက်

(၅-၁၂-၂၀၀၅)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
SAMSUNG	438 K	၈၈,၀၀၀
SAMSUNG	338 K	၇၃,၅၀၀
SAMSUNG	248	၆၉,၀၀၀
SAMSUNG	339	၆၅,၀၀၀
SANYO	9501	၉၆,၀၀၀
Sakura	DVK 50	၅၆,၀၀၀
Sakura	SR 70	၆၄,၀၀၀
Sakura	SR 70	၆၄,၀၀၀
Sakura	SR 71	၆၆,၀၀၀

လေအေးစက်များ

(၅-၁၂-၂၀၀၅)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
SANYO	92G	၃၁၅,၀၀၀
SANYO	122G	၄၁၅,၀၀၀
SANYO	94 G	၃၁၅,၀၀၀
SANYO	124G	၄၁၅,၀၀၀
SANYO	182G/1846	၆၄၀,၀၀၀
SANYO	99G	၂၂၅,၀၀၀
SANYO	123S	၂၈၅,၀၀၀
SANYO	183S	၄၃၅,၀၀၀
SANYO	131S	၄၄၀,၀၀၀
SANYO	181 G	၅၉၀,၀၀၀
Ichiban	094EK	၁၉၀,၀၀၀
Ichiban	124EK	၂၃၀,၀၀၀
SANYO	94H	၂၃၀,၀၀၀
SANYO	124H	၃၀၀,၀၀၀
PANASONIC	XC 9CKH	၃၀၅,၀၀၀
PANASONIC	XC 12CKH	၄၀၅,၀၀၀
PANASONIC	91JH	၂၂၅,၀၀၀
PANASONIC	121 VH	၂၆၅,၀၀၀
Sakura	SS 90E (Split Type)	၁၉၅,၀၀၀
Sakura	SS 90F (Split Type)	၁၉၅,၀၀၀
Sakura	SS 90 RO (Split Type)	၂၀၆,၀၀၀
Sakura	SS 120 E (Split Type)	၂၂၆,၀၀၀
Sakura	SS 120 RO (Split Type)	၂၃၆,၀၀၀

အဝတ်လျှော်စက်များ

(၅-၁၂-၂၀၀၅)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
SANYO	W 80 SIT	၂၅၅,၀၀၀
SANYO	450 FT	၁၄၉,၀၀၀

www.foreverspace.com.mm

SANYO	91 AT	၂၄၅,၀၀၀
SANYO	Ws 92 AT	၂၅၅,၀၀၀

ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၅-၁၂-၂၀၀၅)

အမျိုးအစား	နှုန်း(ကျပ်)
Horlick (900g)	၅၃၀၀
Horlick (200g) (အိန္ဒိယ)	၁၅၅၀
Horlick(ကော်ဘူးကြီး)1.80kg	၈၇၀၀
Junior Horlick (400 g)	၂၇၅၀
Milo (400g) ခဲထုပ်	၂၀၅၀
Milo (400g) (ပုလင်း)	၃၀၀၀
Maltova (400g) (နို)	၂၄၀၀
MIKE Tea mix (၂၀ ထုပ်ဝင်)	၁၂၀၀
MIKE Coffee mix (၄၈ ထုပ်ဝင်)	၂၆၅၀
JAVA Coffee mix (၃၀ ထုပ်ဝင်)	၁၈၅၀
OWL (Tea mix) (၃၀ ထုပ်ဝင်)	၁၇၀၀
ENERGY (Nutrious Ceareal) (၃၀ထုပ်ဝင်)	၁၇၀၀
NESCAFE (Red Cup)(200g)	၃၅၀၀
NESCAFE (Red Cup)ss(200g) (ခဲထုပ်)	၂၇၀၀
NESCAFE (Red Cup) (50g)	၁၁၅၀
Super(Diet Cereal)(၂၀ ထုပ်ဝင်)	၂၁၅၀
Super(DietCoffemix)(၂၀ ထုပ်ဝင်)	၂၀၀၀
Super Coffee Mix(၃၀ ထုပ်ဝင်)	၁၉၀၀
(Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်)	၁၈၅၀
Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်)	၁၉၀၀
Super One(Coffee Mix) (၅၀ ထုပ်ဝင်)	၂၈၅၀
Special Cereal (၂၀ ထုပ်ဝင်)	၁၅၅၀
Ben Cafe (၁၀ ထုပ်ဝင်)	၆၅၀
Ben Cafe (၅၀ ထုပ်ဝင်)	၃၁၀၀
Goldroast (၅၀ ထုပ်ဝင်)	၂၉၅၀
Hi Tea (၂၀ ထုပ်ဝင်)	၁၃၀၀
Mikko (Coffee Mix) (၃၀ ထုပ်ဝင်)	၁၇၅၀
Ovaltine (400g) နို	၂၆၀၀
Complan (500g) (ဖြူ)	၄၀၀၀
Ovaltine (200g) နို	၁၆၀၀
Ovaltine (450g) (စက္ကူဘူး)	၂၀၅၀
Maltova (450g) (ချောကလက်)	၂၇၅၀
Calsome(Nutrious Cereal) (၃၀ထုပ်ဝင်)	၁၇၅၀
BLUE Coffemix (၂၄ ထုပ်ဝင်)	၁၀၀၀
PREMIER COFFEE (၃၀ထုပ်ဝင်)	၂၀၀၀
Calko Oat Cereal (၃၀ထုပ်ဝင်)	၁၇၀၀
Coffee King (၅၀ထုပ်ဝင်)	၁၈၅၀
Tang လိမ္မော်မှုန့် 750g	၃၅၀၀
Mother Horlicks 500g	၄၀၀၀
Complan 500g (ချော့)	၄၀၅၀
Ovaltine 400g (ဖြူ)	၂၇၀၀
Ovaltine 200g (ဖြူ)	၁၆၀၀
Ovaltine 400g (စက္ကူဘူး)	၂၄၀၀
Gold Hill Mashed Potatoes (၁၀ ထုပ် ၁ ပါကင်)	၂၃၀၀

နို့မှုန့်ဘူးများ

(၅-၁၂-၂၀၀၅)

အမျိုးအစား	နှုန်း(ကျပ်)
Dumex (Step 1,2)(900g)	၈၅၅၀/၈၃၀၀
Dumex (700g)(Segara) (နို)ခဲထုပ်	၅၈၀၀
Promex (900g)	၃၅၀၀
Promex (400g)	၁၈၀၀
Dumex (3plus)(700g)	၆၄၅၀
Dumex (Step-1)(450g)	၄၄၅၀
SMA (1kg)	၁၁၀၀
Dumex Step 1,2 800g	၆၉၀၀/၆၆၀၀
Dumex 1Plus 700g	၆၅၀၀
Dumex 1Plus (Honey) 700g	၆၇၀၀
Dumex Ma Ma Plus 400g	၄၉၀၀
Dumex Lactose free 400g	၅၀၀၀
Blue Star 400g	၁၃၀၀
Blue Star 900g	၃၅၀၀
Blue Star 1.8 Kg	၇၃၀၀
Blue Star 2.5 Kg	၁၀၈၀၀
Cow head full cream 1.8 Kg	၁၀၈၀၀
Cow head full cream 2.5 Kg	၁၄၀၀၀
လက်တိုက်ဂင် 1000 g 1,2	၆၁၅၀/၆၀၀၀
Nestle BEAR BRAND 1 Plus 800g	၄၇၅၀
Nestle BEAR BRAND 3 Plus 800g	၄၇၅၀
Nestle ဆန် သံဘူး	၂၄၀၀
Nestle ဂျုံ သံဘူး	၃၃၀၀
Nestle လေးမျိုးစပ် သံဘူး	၂၈၅၀

စီးကရက်များ

(၅-၁၂-၂၀၀၅)

အမျိုးအစား	နှုန်း(ကျပ်)
Vegas	၄၀၀
Vegas (Light)	၄၀၀
London (ရိုးရိုး)	၅၀၀
555 (ရိုးရိုး)	၁၄၀၀

www.foreverspace.com.mm

Marlboro (Light)	၁၃၀၀
MILD SEVEN	၁၂၅၀
DUYA ရွှေရောင်	၂၃၀
Golden Triangle	၁၆၀
Paris ညို/ခဲ	၄၀၀/ ၂၃၀
Lucky	၉၀
555 (Lights)	၁၄၀၀
MILD SEVEN (Lights)	၁၂၅၀
DUNHILL	၁၀၅၀
Marlboro/Marlboro(MENTHOL)	၁၃၀၀/၁၄၀၀
RAVE	၅၀၀

နိုင်ငံခြား အရက်များ

(၅-၁၂-၂၀၀၅)

အမျိုးအစား	နှုန်း(ကျပ်)
J&BJet(75Cl) (12Years Old)	၁၁၇၀၀
CHIVAS (75Cl)	၂၇၀၀၀
Hennessy(V.S.O.P)(35Cl)	၂၀၄၀၀
Hennessy(V.S.O.P)(70Cl)	၃၆၃၀၀
VAT 69 (75Cl)	၉၅၀၀
Jonnie Walker (Red)(75Cl)	၁၀၇၀၀
Jonnie Walker (Red)(37.5Cl)	၆၃၀၀
Jonnie Walker (Red)(1Liter)	၁၃၂၀၀
Jonnie Walker (Black)(20Cl)	၇၂၀၀
Jonnie Walker (Black)(37.5Cl)	၁၂၇၀၀
Jonnie Walker (Black)(75Cl)	၂၂၆၀၀
Jonnie Walker(Black)(1Liter)	၂၈၀၀၀
sBlack & White (1Liter)	၁၃၀၀၀
Black & White (75Cl)	၁၀၄၀၀
Gold Label (75Cl)	၃၈၀၀၀
Black Cat (75Cl)	၅၅၀၀
Black Cat (35Cl)	၂၃၀၀
WHITE & MACKAY (75Cl)	၁၅၄၀၀
DALMORE (75Cl)	၈၃၀၀
SCOTS CLUB (75Cl)	၇၂၀၀
SCOTTISH LEADER	၆၆၀၀
Blue Label	၁၄၃၀၀၀
BACARDI (75Cl)Limon	၈၂၀၀
BACARDI (75Cl)ရွှေရောင်/ အဖြူရောင်	၈၃၀၀
(KING ROBERT) VODKA (75CL)	၄၄၀၀
(KING ROBERT)Gin (75CL)	၄၄၀၀
(KING ROBERT)Whisky(75CL)	၆၁၀၀
SPY(CLASSIC)(Red) (Wine)	၁၀၀၀
VAT 69(1Liter)	၁၃၂၀၀
Mekhong (75CL)	၅၀၅၀
Mekhong (37.5CL)	၂၂၀၀
INVER HOUSE (75CL)	၇၂၀၀
PASSOPRT SCOTCH(75Cl)	၈၈၀၀
Ballantine (75Cl)	၉၅၀၀
Ballantine (20Cl)	၂၈၀၀
SPEY ROYAL (70Cl)	၆၆၀၀
SPEY ROYAL (35Cl)	၃၆၀၀

မုန့်ပုံး သံဘူးများ

(၅-၁၂-၂၀၀၅)

Fruits Wagon	၄၅၀၀
မိသားစု	၄၅၀၀
MELODIES	၃၉၀၀
Popcorn Crackers	၅၀၀၀
Cream Crackers(Hup Seng)	၄၉၅၀
(KERK) Fantasy	၄၆၀၀
(TATAWA) Wonderful	၄၂၀၀
(KHIAN GUAN) Top Choice	၄၁၀၀
(HWA TA) Choice	၄၂၀၀
(KWA TA) Festival	၄၂၀၀
(KERK)Classic	၄၂၅၀
(Munchys) Fummix	၄၅၀၀
(Munchys) Topmix	၄၅၀၀
Tip Top	၄၀၀၀
ALWAYS	၄၂၀၀
(HWA IAI) Celebrity	၄၂၀၀
(HWA IAI) Magical	၄၂၀၀
Time's Right	၄၃၀၀
Summer Day	၄၃၀၀
(Shan Fatl) Party	၄၃၀၀
Happy Day	၄၃၀၀
(julie's) JAMBOREE	၄၂၀၀
(Julie's) CERIA	၄၂၀၀

ခေါက်ဆွဲခြောက်များ

(၅-၁၂-၂၀၀၅)

အမျိုးအစား	နှုန်း(ကျပ်)
Yum Yum (ကြက်ပေါင်)	၉၀
Yum Yum ချဉ်စပ်(ပုစွန်)	၁၀၀
Yum Yum (ဘဲသားဆီချက်)	၉၀
Yum Yum (သီးစုံခေါက်ဆွဲ)	၈၀
MAMEE ကြာဆံ	၁၂၀
MAMEE (ရိုးရိုး)(ဆီချက်)	၉၀
MAMEE (ကြက်သားချဉ်စပ်)	၁၀၀
MAMEE (ကြက်ခေါက်ဆွဲပြုတ်)	၉၀
MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ)	၁၀၀
MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်)	၉၀
MAMEE (သက်သတ်လွတ်ဆီချက်)	၉၀
MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်)	၁၂၀
Wai Wai (ကြာဆံ) (ပြာ)	၁၇၀
Shin Shin (ကြာဆံ)	၁၂၀
Yum Yum ပုစွန်မလိုင်ချဉ်စပ်	၁၀၀
Yum Yum ကြက်သားချဉ်စပ်	၁၀၀
MAMEE အုန်းနို့ခေါက်ဆွဲ	၁၁၀
MAMEE ပုစွန်မလိုင်ချဉ်စပ်	၁၁၀
Fashion Food ခေါက်ဆွဲဘူး	၆၅၀
MA MA ညှပ်ခေါက်ဆွဲ(စိမ်း)	၁၇၀

သွားတိုက်ဆေးများ

(၅-၁၂-၂၀၀၅)

အမျိုးအစား	နှုန်း(ကျပ်)
Best-T (125g) White	၃၅၀
Colgate (40g) Double Cool Stripe	၃၅၀
Colgate (160g) Double Cool Stripe	၁၂၀၀
Close-Up (New)(40g)	၃၃၀
Close-Up (160g) ပြာ	၁၄၀၀
DARLIE (200g) နှစ်ဘူးတွဲ	၁၅၀၀
LASER	၃၀၀
Colgate Fresh Cool Mint 200g	၁၄၀၀
Colgate Total Fresh Stripe 160g	၂၇၅၀
Colgate Whitening 160g	၂၄၀၀
Colgate gel (စိမ်း) 160g	၁၄၀၀
ZACT LION 90g	၁၁၀၀
Fresh & White Gel 100g	၉၅၀
Smile Up 105g	၇၅၀
တရုတ်သွားတိုက်ဆေး ဘူးပြာကြီး	၂၃၀
တရုတ်သွားတိုက်ဆေး ဘူးပြာသေး	၈၀
Fresh Up 160g	၆၅၀

www.foreverspace.com.mm

ကိုယ်တိုက်ဆပ်ပြာများ

(၅-၁၂-၂၀၀၅)

အမျိုးအစား	နှုန်း(ကျပ်)
Imperial Leather (65g)	၂၀၀
Imperial Leather (125g)	၃၅၀
Beauty	၁၃၀
GIV (80g)	၂၀၀
Style (75g)	၁၀၀
Dettol (60g)	၄၅၀
Miss	၁၇၀
1 Plus 1	၁၅၀
DOVE	၈၅၀
NIVEA 100g	၆၅၀
Protex	၅၀၀
Bamboo Salt	၇၀၀
Say 100g	၆၅၀
Naturally Fair	၂၀၀
YOKO WHITENING Herbal 110g	၇၅၀
Vaseline HARMONY 100g	၃၅၀
PREMIER 100g	၂၈၀
Safeguard 100g	၃၅၀
Fa 2 in 1 100g	၅၂၀
ASEPSO	၅၅၀
CAMAY	၅၅၀
Palmolive အကြည်	၃၀၀
(Cussons) Pearl 100g	၂၅၀
Fair & Lovely 75g	၃၀၀
LUX 100g	၃၀၀
KAO	၃၅၀
Parrot	၁၅၀
Flore 90g	၂၀၀
Paris 135g	၂၅၀
Paris 90g	၁၇၀
A21 (နက်)70g	၁၈၀
A21 (နက်)125g	၂၈၀
DG Soap 100g	၂၅၀

ခြင်ဆေးခွေ

(၅-၁၂-၂၀၀၅)

အမျိုးအစား	နှုန်း(ကျပ်)
Jumbo (12)coils	၃၀၀
Fumakilla (10) coils	၁၅၀
MARS	၁၅၀
King Kong	၁၇၀
Raid	၂၈၀
ATAK	၁၅၀
FIGHTER	၁၈၀
GO!	၂၀၀
Double Cow	၂၀၀
MOSFLY	၁၆၀
ဂေါ်ဒီလာ	၂၅၀
MARS POWER	၁၈၀
Jumbo (30)	၆၀၀
ARS	၁၂၀

ကွန်ပျူတာစျေးနှုန်းများ

(၅-၁၂-၂၀၀၅)

❑ KMD BASIC MODEL

- Intel Celeron 2.53D GHz (256MB, 533 MHz)
- Asrock 775 VM 800 Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 400 MHz)
- 80 GB HDD (Hitachi, 7200 RPM).
- 1.44MB FDD (Mitsumi)
- 15" SVGA Digital Control Color Monitor (Philips)
- PS II Keyboard & PS II Scroll Mouse (Aopen)
- Mouse Pad
- P4 Casing (Normal with Front USB)

Price 414,000 Ks

❑ CFTG Power Computer

- Intel Pentium 4 2.4 GHz processor with included:
- Gigabyte 8 VM 533 M/B with AGP, Sound & Lan Builtin
- 256 MB DDR RAM
- 80 GB IDE HDD
- 1.44 MB FDD
- AGP 64 MB Adaptor
- P4 ATX Tower Casing With Power Supply
- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic/Samsung)

Price 510,000 Ks

❑ Fidonet Home-Office PC (1)

- Intel Celeron 2.66 D GHz (LGA 775 CPU)
- 256 MB 400 DDR Ram (Kingston)
- 144 MB Floppy Drive
- 80 GB (PRM 7200) Data Storage
- 15" Digital Color Monitor (View Sonic E 50 CSB)
- Viewsonic Keyboard , Optical mouse (PS/2) Black Color
- Mouse Pad
- P4 ATX Casing

Price 441,000 Ks

❑ KMD PREMIUM MODEL

- Intel Pentium 4 3.4 GHz [2 MB L2 Cache/800 MHz]

www.foreverspace.com.mm

- GIGA- 81PE775 Pentium 4 Motherboard [Builtin Sound]
- 512 MB (2 x 256) DDR RAM (400 MHz/Kingston, Dual DDR)
- 80GB Hard Disk Drive (7200RPM Hitachi)
- 1.44 MB Floppy Disk Drive (Mitsumi)
- AGP 128 MB 3D Graphic Card W/TV Out (FX5200)
- 15" SVGA Digital Control Color Monitor (Philips)
- PSII Keyboard & PSII Scroll Mouse
- Mouse Pad with Picture
- Pentium 4 Casing (iCut-Light high)
- 18 Months Warranty

Price 813,000 Ks

[အထက်ပါ ဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ဒီဇင်ဘာလ ၃ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။]

❑ Multimedia

PCI Sound Card (Creative SB Live Value)	37,500 Ks
Samsung CD Writer 52 x 32 x 52	39,270 Ks
52 X CD-ROM (SONY)	14,500 Ks
16X Sony DVD	30,300 Ks
Sony CD Writer (52 x 32 x 52 x)	31,000 Ks
52 X 32 X 52 X 16 X Combo (LG)	46,500 Ks
52 X 32 X 52 X 16 X Combo (Sony)	46,500 Ks
1200 watt/720 Watt Speakers	4,600 Ks

❑ Memory

512 MB (DDR RAM) PC 400 MHz (Kingston)	71,400 Ks

❑ Storage Device

80 GB (Hitachi-7200 RPM)	79,730 Ks
120 GB (Seagate) IDE 7200 RPM	93,000 Ks
160 GB (Hitachi-7200 RPM)	96,000 Ks

❑ Monitor

17" SVGA Color Monitor (Compaq)	97,000 Ks
17" SVGA Color Monitor (Philips)107T(Flat)	148,000 Ks
15" LCD Color Monitor (Samsung)	268,000 Ks
17" LCD Color Monitor (Samsung)	303,000 Ks
Viewsonic VE 510 S/B 15" LCD Monitor	274,000 Ks
Viewsonic VE 710 S/B 17" LCD Monitor	304,000 Ks

❑ Printer

HP Laser jet 1020 Printer (USB)	169,000 Ks
HP Deskjet 1280 (USB)	285,000 Ks
HP Deskjet 3745/3920 Printer (USB)	62,000 Ks
Canon Lasrjet LBP 2900 Printer	190,000 Ks
EPSON Dot Matrix Printer-LQ 300+	209,440 Ks
EPSON C67 Printer	91,630 Ks
EPSON C45 Inkjet Printer	61,880 Ks
EPSON Photo R310 Printer	208,250 Ks
EPSON Photo R210 Printer	166,600 Ks
EPSON Aculaser C-1900 Laser Printer	1,725,500 Ks
EPSON Aculaser C-1100 Laser Printer	1,487,500 Ks
Fuji Xerox Laser 3116 Printer (USB)	178,000 Ks
Fuji Xerox Laser 3121 Printer (USB)	214,000 Ks

❑ Scanner

EPSON Perfection 1270 Photo	124,950 Ks
EPSON perfection 3170 (Photo)	368,900 Ks
Flatbed Scanner HP 2400c (USB)	81,000 Ks
Flatbed Scanner HP 8200C (USB)	566,000 Ks
Flatbed Scanner Canon Lide 500F (USB)	179,000 Ks

❑ Toner

HP Toner 5L-6L	62,300 Ks
HP 1300 Toner/HP 1010 Toner	67,300 Ks
HP 1100 Toner	58,700 Ks
EPSON 6200L Toner	65,450 Ks
Fuji Xerox Toner	61,000 Ks

❑ UPS

600VA (Power Tree) Basic	34,500 Ks
1.2KVA (Power Tree)	67,500 Ks
600 VA (Power Tree) Classic	77,000 Ks

မှတ်ချက် ။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group? KMD Computer Centre ? Technoland Computer and Electronic Mega Store ? Fidonet Computer Sales Centre တို့မှ ရယူထားပါသည်။

(အယ်ဒီတာ)

www.foreverspace.com.mm

? ဘယ်ပစ္စည်းဘာ့ကြောင့် Which & Why ?

ဆံပင်ဖြောင့်စက် Famouse Trademark LST-1001

အပူချိန်ကို လိုအပ်သလောက် ညှိယူနိုင်သော LCD SCREEN ပါရှိ။ လုပ်ငန်းခွင်မှာသုံးသုံး၊ မိသားစုအတွင်းသုံးသုံး အသုံးပြုနိုင်သည့် ဆံပင်ဖြောင့်စက်ဖြစ်။အပူချိန်အမြင့်ဆုံး ၁၈၅ မှ အနိမ့်ဆုံး ၁၁၀ အထိ ထားရှိနိုင်။ Main Adaptor ပါရှိ၍ ရောင်းဈေး ၁၇၅၀၀ ကျပ်ဖြစ်။ တရုတ်နိုင်ငံမှ တင်သွင်း။

Edison စက်ကတ်ကြေး GRC-008

ဆံပင်အတိုအရှည်ကို မူတည်ပြီး အဆင့်ခုနစ်ဆင့်အထိ အသုံးပြုနိုင်သော စက်ကတ်ကြေးဖြစ်။ Charging သွင်း၍လည်း အသုံးပြုနိုင်။ ငါးနာရီအထိ အားသွင်းထားပြီး မိနစ် ၉၀ ကြာ အသုံးပြုနိုင်သည်ဟုဆို။ Adaptor, Cleaning Brush ပါရှိ။ ရောင်းဈေး ၁၃၀၀၀ ကျပ်ဖြစ်။

TRANSMITTER

VCD, CD, MP3 မှ အသံကို FM လိုင်းပါ ရေဒီယိုနှင့် ဆက်သွယ်ပြီး အသံကို တစ်ဆင့်ပြန်လွှင့်ပေးသော ကြားခံကိရိယာဖြစ်။ AAA ဓာတ်ခဲနှစ်လုံး အသုံးပြုနိုင်ပြီး ရောင်းဈေး ၁၃၀၀၀ ကျပ်ဖြစ်။ တရုတ်နိုင်ငံမှ တင်သွင်း။

www.foreverspace.com.mm

Shunpu Digital Theropy Machine

လေဖြတ်သူ၊ အကြောတက်သူများအတွက် အပ်စိုက်ကုသနိုင်သော ကိရိယာဖြစ်။ အဆီချရန်အတွက်လည်း အသုံးပြုနိုင်ပြီး အဆင့် ၁၅ ဆင့် ပါရှိ။ သွားကိုက်သူများအတွက်ပါ အသုံးပြုနိုင်သော Electrodeပြား နှစ်မျိုးပါရှိ။ AAA ဓာတ်ခဲသုံးလုံး အသုံးပြုရပြီး ရောင်းဈေး ၂၉၀၀၀ ကျပ်ဖြစ်။

ဆိတ်မီးခြစ်

မီးခြစ်စုဆောင်းတတ်သောသူများအတွက် ဆိတ်အရုပ်ပါ မီးခြစ်ဖြစ်။ မီးခြစ်လိုက်လျှင် ဆိတ်အော်သံပါ ထွက်ပေါ်သည်ဟုဆို။ ဒီဇိုင်း အမျိုးစုံရှိပြီး AA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုနိုင်။ ရောင်းဈေး ၄၅၅၀ ကျပ်ဖြစ်။

ဘောလုံးပုံရေနွေးအိုး

အလှဆင်ယင်မှုအတွက်သာမက ရေနွေး၊ လက်ဖက်ရည်စသည်တို့ကို ထည့်၍ အသုံးပြုနိုင်သော ဘောလုံးသဏ္ဌာန် ရေနွေးအိုးဖြစ်။ ကြွေဖြင့် ဘောလုံးသဏ္ဌာန် ပုံဖော်ထားပြီး ရေနွေးအိုးနှင့် သောက်သုံးရန် ရေနွေးခွက် လေးလုံးပါရှိ။ ရောင်းဈေး ၇၅၀၀ ကျပ်ဖြစ်။

ကျောက်ပုစွန်ပန်းအိုး

အိမ်ခန်း၊ ဧည့်ခန်း၊ ရုံးခန်းများတွင် အလှဆင် တပ်ဆင်နိုင်သော နံရံကပ် ကျောက်ပုစွန်ပုံသဏ္ဌာန်ပန်းအိုးဖြစ်။ ရောင်းဈေး ၈၅၀၀ ကျပ်ဖြစ်ပြီး တရုတ်နိုင်ငံမှ တင်သွင်းသည်ဟုဆို။

www.foreverspace.com.mm

SNOOPY အရုပ်

ဓာတ်ပုံ၊ ဘောပင်နှင့် Tissue များထည့်၍ အသုံးပြုနိုင်သော SNOOPY အရုပ်ဖြစ်။ အရောင်စုံလေးမျိုးနှင့် တိရစ္ဆာန်အရုပ်ပုံ ဒီဇိုင်းအမျိုးမျိုးရှိ။ ရောင်းဈေး ၂၃၀၀ ကျပ်ဖြစ်။

Mickey အရုပ်

အရုပ်ချစ်တတ်သူများနှင့် အရုပ်စုဆောင်းတတ်သော ဝါသနာရှင်များအတွက် Mickey ရုပ်ဖြစ်။ ခေါင်းကြီးကိုယ်သေးပုံသဏ္ဌာန်ဖြစ်ပြီး။ ဒီဇိုင်းမျိုးစုံရှိ။ ရောင်းဈေး ၂၇၀၀ ကျပ်ဖြစ်။

ASUS External Combo Drive



ASUS က ထုတ်လုပ်လိုက်သော External Dirve ဖြစ်။ DVD Rom, DVD-R/RW, DVD- Video, DVD+R/RW နှင့် CD-Audio, CD-Rom, CD-Rom/XA, Video CD, DVCD စသည့် Formats များ အသုံးပြုနိုင်။ USB 2.0 Interface ဖြစ်ပြီး Data Buffer 2MB ပါရှိကာ Windows XP, ME, 2000,98, SE နှင့် Mac OS ကွန်ပျူတာများဖြင့် တပ်ဆင်အသုံးပြုနိုင်။ DVD ၏ Ramdom Accesas Time မှာ 130 ms ရှိ။ CD-R ကို 52 x max Speed၊ CD-RW ကို 32 x max Speed ဖြင့် ရေးနိုင်ပြီး Max DVD Read Speed မှာ 16 x ဖြစ်။ Nero 6.3 Burning Software ပါရှိပြီး Drive ကို ထောင်ထားနိုင်ရန် Stand နှင့် USB 2.0 Cable, Power Adaptor တို့ တစ်ပါတည်းပါဝင်။ ဆူညံတုန်ခါမှုနည်းဟုဆို။ ရောင်းဈေး ကျပ် ၈၀,၀၀၀ ကျော်ဟု သိရ။

Canon iP 5000 Bubble Jet Printer

ပုံနှိပ်ထုတ်လုပ်မှုအရည်အသွေး 9600 x 2400 dpi ရှိပြီး ပုံနှိပ်ထုတ်လုပ်မှုနှုန်း တစ်မိနစ်လျှင် အဖြူအမည်း ၂၅ ရွက်နှင့် Colour ဆိုပါက ၁၇ ရွက်နှုန်းထုတ်ပေးနိုင်။ Cartridge မှာ Contrast PLUS 5-Colour ink System ကို အသုံးပြုထား။ 4" x 6" ဓာတ်ပုံများကို Boderless စနစ်ဖြင့် ၃၆ စက္ကန့်အတွင်း Print ထုတ်ယူနိုင်။ ကွန်ပျူတာမလိုဘဲ DVD, CD နှင့် Digital Camera တို့မှ ပုံများကို တိုက်ရိုက်ထုတ်ယူနိုင်။ USB (B Port) ဖြင့် PC နှင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး ရောင်းဈေးမှာ US$ 250 ဟုဆို။

www.foreverspace.com.mm

Delphic MP4 Player

၂.၅ လက်မ TFT LCD Full Color Screen ပါရှိပြီး ခရီးဆောင် Digital Camera အဖြစ် အသုံးပြုနိုင်သည့်အပြင် Voice Recorder ၊ FM Radio ၊ MP3 Player နှင့် MP4 Player များအဖြစ် အသုံးပြု၍ရသော စွယ်စုံ Media Player ဖြစ်။ သာမန် Storage Device အဖြစ်လည်း အသုံးပြုနိုင်ပြီး 256 MB Built-in ပါရှိကာ SD Card ဖြင့် 1 GB အထိ တိုးမြှင့်အသုံးပြုနိုင်။ Rechargeable Battery ကို အသုံးပြုထားခြင်းကြောင့် အားသွင်းထားပါက ခုနစ်နာရီခန့် အသုံးပြုနိုင်။ Camera ရိုက်ကူးရာတွင် Resolution 1280 x 1024 dpi ဖြင့် ရိုက်ကူးနိုင်။ MP3, WMA နှင့် WAV Format သီချင်းများကိုလည်း Pop, Rock, Bass, Classic စသည့် Mode အမျိုးမျိုးဖြင့် နားဆင်နိုင်။ Built-in Game များပါ ပါရှိပြီး ရောင်းဈေး ၁၆၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်။

EPSON EMP S3 LCD Projector

EPSON က နောက်ဆုံးထုတ်လုပ်လိုက်သည့် LCD Projector အမျိုးအစားသစ်ဖြစ်။ အလင်းပြင်းအား 1600 ANSI Lumens ရှိပြီး LCD အရွယ်အစား ၀.၅ လက်မရှိ။ SVGA 800 x 600 pixels Resolution ရှိပြီး XGA (1024 x 768) အထိ Resize ပြုလုပ်နိုင်။ Focal Length 16.6 mm ရှိပြီး အလေးချိန် 3.5 kg မျှသာရှိ။ Remote Control ပါရှိပြီး ယင်းကို Laser Pointer အဖြစ်ပါ အသုံးပြုနိုင်။ Projector အတွင်းမှ အလင်းရောင်ကို ကာကွယ်သည့် အလင်းပိတ်ကိုယ်ထည်ဖြစ်ပြီး Password ဖြင့်သာမက Key Lock ဖြင့် သော့ခတ်သိမ်းထားနိုင်။ ရောင်းဈေးမှာ US $ 1000 ဝန်းကျင်ရှိ။

ASUS EN 6200TC Graphic Card



ASUS ၏ EN6200 TC မော်ဒယ်လ်အမျိုးအစား 128 MB Graphic Card ဖြစ်။ Nvidia Geforce 6200 W/Turbo Cache GPU ကို အသုံးပြုထားပြီး Turbo Cache 128 MB အထိ Support လုပ်ပေးနိုင်ဟုဆို။ Performance ပိုမိုကောင်းမွန်စေသည့် Turbo Cache 128 MB အထိ အပြည့်အဝသုံးစွဲနိုင်ရန် System Memory 512 MB လိုအပ်။ Video On board Memory 16 MB/ 32 bit DDR ပါရှိပြီး Engine Clock 350 MHz ဖြစ်။ PCI Express Card အမျိုးအစား ဖြစ်ပြီး Resolution 2048 x 1536 အထိ အသုံးပြုနိုင်။ Game ကစားနေစဉ် အလင်းအမှောင်ကို Widows သို့ သွားစရာမလိုဘဲ အလွယ်တကူ ချိန်ညှိနိုင်။ Splendid Viodeo Enhancing Technology ကို သုံးထားသဖြင့် ပုံရိပ်များအရည်အသွေးကောင်းမွန်ပြီး မဲမှောင်နေသော ပုံရိပ်များကိုပါ တိကျစွာဖော်ပြပေးနိုင်ဟုဆို။ ရောင်းဈေး ကျပ် ၆၀,၀၀၀ ကျော်ဟု သိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Ever Fine Store ၊ ယုဇနပလာဇာရှိ Digital Gift Shop နှင့် UML Fancy Mart ၊ Canon Showroom ၊ KMD Computer Sales Centre၊ Golden Power Co., Ltd. နှင့် Client Focus Technology Group တို့မှ ရယူထားပါသည်။ **အယ်ဒီတာ**

www.foreverspace.com.mm

1 တစ်ဦးတည်းကိုယ်စားလှယ်
SOLE DISTRIBUTORS

စဉ်	ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ	ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ	ဆက်သွယ်ရမည့် ပုဂ္ဂိုလ်	အထက်မြန်မာပြည် ကိုယ်စားလှယ်
၁။	SAN QUEST Data Protection System (စင်ကာပူ)	MYANMAR CREDENT TECHNOLOGY အဆောင် (၁)၊ အခန်း (၇)၊ ပထမထပ်၊ Myanmar Info-Tech၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၅၂၂၆၅၊ ၆၅၂၂၈၆၊ ဖက်စ်-၆၅၂၂၈၆၊ E-mail : meemee@credent-asia.com	ဒေါ်အေးအေးနှင်း (Marketing Coordinator)	မရှိ
၂။	Fuji Xerox Multifunction Digital Copier (ဂျပန်)	CONCORDIA INTERNATIONAL CO.,LTD. ရွှေဂုံပလာဇာ (၃ထပ်-၅ထပ်)၊ ရွှေဂုံတိုင်လမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၄၁၉၉၊ ၅၄၄၈၂၄၊ ဖက်စ်-၅၄၄၁၉၉ E-mail : concordia@myanmar.com.mm	ဒေါ်သီတာအောင် (Sales Executive)	CONCORDIA INTERNATIONAL CO., LTD. အမှတ်-၅၊ မြေညီထပ်၊ SY အဆောက်အအုံ၊ ၇၇ လမ်း × ၇၈ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၆၄၇၈၊ ၀၉-၈၀၃၁၇၇၃၊ ဖက်စ်-၀၂- ၃၆၄၇၈ E-mail : cil-mdy@mandalay.net.mm
၃။	SHARP PG-B10S LCD Projector (စင်ကာပူ)	PRIME-BOSS CO., LTD. Show Room & Service Centre အမှတ်-၁၂၇/၁၃၁၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၁၃၀၃၊ ၂၅၃၅၀၉၊ ၂၅၃၉၄၃၊ ၂၄၆၉၄၆၊ ဖက်စ်-၂၅၆၁၅၈	ဦးဝင်းဇော်ဖုန်း (General Manager)	PRIME-BOSS CO., LTD. အမှတ်-၄၅/ B၊ ၇၈ လမ်း၊ ၃၄× ၃၅ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၁၃၈၃၊ ၆၆၀၃၂
၄။	DY General ရေနံဆီမီးဖို (ကိုရီးယား)	AQ LAND CO., LTD. အမှတ်-၅၅ (C)၊ ငွေလမင်းရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၁၁၆၉၊ ၇၂၅၂၈၆၊ ဖက်စ်-၆၆၁၁၆၉ E-mail : mdaeyoung@mptmail.net.mm	ဦးသိုက်ထွန်းဝင်းကျော် (Marketing Manager)	AQ LAND CO., LTD. အမှတ်-၅၆၊ ၇၅ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၄၆၀၈
၅။	XKL Sky Fruit Natural Fibre မဟော်ဂနီသီး၏သဘာဝအမျှင် ဓာတ်အားဖြည့်ဖျော်ရည် (မလေးရှား)	NGWE SIN MIN CO., LTD. တိုက်-၃၃၂၊ အခန်းအမှတ်-၀၀၄၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၀၁၃၄၅ E-mail : natalie@mptmail.net.mm	ဦးအောင်ကျော်ထွန်း (Marketing Supervisor)	မရှိ

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

EXE Corporation (Sakura အုပ်စု)

မြန်မာနိုင်ငံ၌ နိုင်ငံတကာအဆင့်မီ ရုံးခန်းအဆောက်အအုံ Tower၊ Residenceနှင့် ဟိုတယ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ဖြစ်သည်။

- ဂျပန်နိုင်ငံအပါအဝင် အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီကို ၁၉၉၁ ခုနှစ်တွင် ဂျပန်နိုင်ငံတိုကျိုမြို့၌ တည်ထောင်ခဲ့ပြီး တည်ထောင်သူနှင့် အကြီးအကဲမှာ Mr. Hitoshi Tani ဖြစ်သည်။
- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် ၁၉၉၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။
- မြန်မာနိုင်ငံ၌ ရုံးခန်းများ ငှားရမ်းဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လိုသူများအတွက် အထပ် ၂၀ ပါရှိသည့် နိုင်ငံတကာအဆင့်မီ Sakura Tower ကို ၁၉၉၈ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်း၌ တည်ဆောက်ဖွင့်လှစ်ခဲ့သည်။
- Tower၏ အောက်ခြေ မြေဧရိယာအကျယ်အဝန်း ၁၀၀၀ စတုရန်းမီတာနှင့် အထပ်တစ်ထပ်လျှင် ပျမ်းမျှအကျယ်အဝန်း ၇၃၀ စတုရန်းမီတာရှိပြီး ၉၄၂ မီတာ မြင့်ကာ လက်ရှိရန်ကုန်မြို့တွင် အမြင့်မားဆုံးအဆောက်အအုံ ဖြစ်သည်။
- မြေညီထပ်မှ ၃ ထပ်အထိ နိုင်ငံတကာလေကြောင်းလိုင်းများနှင့် လက်လီအရောင်းဆိုင်ခန်းများ၊ ၅ ထပ်မှ ၁၂ ထပ်အထိ ပြည်ပကုမ္ပဏီနှင့် အဖွဲ့အစည်းအသီးသီး၏ ရုံးခန်းများ လက်ခံဖွင့်လှစ်ထားရှိပြီး အပေါ်ဆုံးထပ်တွင် ရန်ကုန်မြို့တော်၏ ရှုမြင်ကွင်းကို ခံစားကြည့်ရှုနိုင်သည့် Thiripyitsara Sky Lounge Coffee Shop & Bar ကို ဖွင့်လှစ်ထားရှိသည်။
- Building Manager မှာ Mr. Masahiro Kageyama ဖြစ်ပြီး ဝန်ထမ်းအင်အား ၈၀ ဦးခန့် ရှိသည်။
- ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၅ သန်းကုန်ကျပြီး ၅၀ ရာခိုင်နှုန်းသာအခန်းများ လက်ခံရရှိထားသည်ဟုဆိုသည်။
- မြန်မာနိုင်ငံ၌ ကာလရှည်တည်းခိုနေထိုင်မည့်သူများအတွက် နိုင်ငံတကာအဆင့်မီ နေအိမ်ခန်းများပါရှိသည့် Sakura Residence ကို ၁၉၉၈ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ အင်းလျားလမ်း၌ တည်ဆောက်ဖွင့်လှစ်ခဲ့သည်။
- အထပ်ငါးထပ်ပါရှိပြီး Studio (၄၅ စတုရန်းမီတာ) ၁၂ ခန်း၊ One Bedroom (၅၆ စတုရန်းမီတာ)ခြောက်ခန်း၊ Two Bedroom (၁၀၅–၁၀၇ စတုရန်းမီတာ) ၆၂ ခန်း၊ Three Bedroom (၁၅၈–၁၆၁/၁၈၂ စတုရန်းမီတာ)၃၅ ခန်း စုစုပေါင်း ၁၁၅ ခန်း ပါရှိသည်။
- ရေကူးကန်၊ Fitness Centre၊ Brasserie The Thiripyitsaya Dining Room and Bar၊ Business Centre၊ Convenience Store စသည်တို့ ပါရှိပြီး အခန်းတိုင်းတွင် အဆင့်သင့်အသုံးပြုနိုင်ရန် ပစ္စည်းအစုံအလင် ထည့်သွင်းတပ်ဆင်ထားသည့် မီးဖိုခန်း၊ အဝတ်လျှော်စက်နှင့် အခြောက်ခံစက်၊ တယ်လီဖုန်း၊ TV၊ ရေခဲသေတ္တာ စသည်တို့အပြင် Exta

www.foreverspace.com.mm

Bedroom တစ်ခန်းစီ ပါရှိသည်။

- Residence Managerမှာ ဦးစိန်ဦးဖြစ်ပြီး ဂျပန်လူမျိုး စားဖိုမှူးတစ်ဦးအပါအဝင် ဝန်ထမ်း ၉၅ ဦး ရှိသည်။
- ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၅ သန်း ကုန်ကျပြီး အိမ်ခန်းလက်ခံရရှိမှု ၈၅ ရာခိုင်နှုန်း ရှိသည်ဟုဆိုသည်။
- ၁၉၉၆ ခုနှစ်တွင် ပုဂံမြို့ ဧရာဝတီမြစ်ကမ်းနဖူးရှိ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းပိုင် သီရိပစ္စယာဟိုတယ်ကို နှစ် ၃၀ ငှားရမ်းလုပ်ကိုင်ရန် လွှဲပြောင်းရယူခဲ့ပြီး Bagan Thiripyitsaya Sakura Hotelအမည်ဖြင့် ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။
- ဧရိယာစုစုပေါင်း ၂၄ ဧက ကျယ်ဝန်းပြီး Superior ၃၂ ခန်း၊ Deluxe Garden View ၂၇ ခန်း၊ Deluxe River View ကိုး ခန်း၊ River Front လေးခန်းနှင့် River View Suite လေးခန်း စုစုပေါင်း ၆၈ ခန်း ပါရှိသည်။
- ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ သန်း ကုန်ကျပြီး ဧည့်သည်လက်ခံရရှိမှု ၈၀ ရာခိုင်နှုန်းအထိ ရှိသည်ဟုဆိုသည်။
- ဟိုတယ်၏ General Managerမှာ Mr. Takuya Tsujiဖြစ်ပြီး ဂျပန်လူမျိုး စားဖိုမှူးတစ်ဦးအပါအဝင် ဝန်ထမ်းအင်အား ၁၇၀ ဦးကျော် ရှိသည်။
- ဧည့်သည်ဝင်ရောက်မှုရာသီအလိုက် အခန်းခများကို ခွဲခြားသတ်မှတ်ထားပြီး ပြည်တွင်းဧည့်သည်များကိုမူ အထူးအစီအစဉ်ဖြင့် တစ်ဦးလျှင် နံနက်စာအပါအဝင် ၄၅ ဒေါ်လာ ရယူသည်။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

– ဒေါ်ချယ်ရီအောင် (Sales Director)
Sakura Tower (၅-ထပ်)၊
၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဆူးလေဘုရားလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၅၂၅၅၊ ဖက်စ်-၂၅၅၂၅၈-၉ ၊ E-mail: stower@myanmar.com.mm

– ဦးခင်မောင်လွင် (Asst.Front Office Manager)
Sakura Residence
အမှတ်-၉၊ အင်းလျားလမ်း၊ (၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၅၂၅၀၀၁၊ ဖက်စ်-၅၂၅၀၀၂

E-mail:sakres@mptmail.net.mm

– Mr.Takuya Tsuji (General Manager)
Bagan Thiripyitsaya Sakura Hotel
ပုဂံမြို့ဟောင်း၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း။
ဖုန်း-၀၆၁-၆၀၀၄၈-၉ (ပုဂံ)
၂၅၅၃၃၃၊ ၂၅၅၂၂၅၅ (ရန်ကုန်)
ဖက်စ်-၂၅၅၂၈၈-၉

E-mail:exe@myanmar.com.mm

www.foreverspace.com.mm

ဤကဏ္ဍတွင်.....

၁၄၆ကျွန်တော်ပန်းချီကုန်သည် (၃၈)

၁၅၀စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၃၀)

၁၅၄မားကက်တင်းသမိုင်းနဲ့ မားကက်တင်းပါရာဒိုင်း

Win Pe Myint, Evening in December,1998, W/C, 9" x 12"

(ယခင်လမှအဆက်)

ကျွန်တော် ပန်းချီကုန်သည်

(၃၈)

ဦးလှဝင်း (လေသူရဲတစ်ဦး)

ပန်းချီဝင်းဖေမြင့် ၀ ၀၄

"ကိုပေါ်ဦးသက်ဟာ သူအသက်ရှင်နေတဲ့အချိန်မှာ သူဟာ သိပ်နာမည်ကြီးတဲ့ ပန်းချီဆရာဖြစ်နေပြီဆိုတာ သိလား"

"သိတယ်။ ဒါပေမဲ့ သူမာန်မာနလုံးဝ မရှိဘူး။ သိပ်ယဉ်ကျေးတယ်။ သူ့ထက် အသက်အရွယ် အများကြီးငယ်တဲ့ ပန်းချီဆရာတွေကိုလည်း ခင်ဗျား ကျွန်တော်နဲ့ပဲ စကားပြောတယ်။ ဘယ်တော့မှ မင်းနဲ့ ငါနဲ့ မပြောဘူး။ သူစကားပြော အလွန်ယဉ်ကျေးတာနဲ့ပတ်သက်ပြီး ဥပမာတစ်ခု ကျွန်တော်ပြောပြမယ်။ တစ်ခါတုန်းက သူနဲ့အတူ ကျွန်တော်တို့ မန္တလေးမြို့ကို လိုက်သွားတယ်။ အလည်သွားတာပါ။ ဟိုအချိန်တုန်းက ဟိုတယ်ကြီးတွေ မပေါ်သေးဘူး။ တည်းခိုခန်းအဆင့်တွေပဲ ရှိတယ်။ ကိုပေါ်ဦးက ကျွန်တော်တို့ကို လွတ်လွတ်လပ်လပ် တည်းခိုနိုင်အောင်ဆိုပြီး တည်းခိုခန်းတစ်ခုကိုလိုက်ပို့ပြီး တည်းခိုခိုင်းတယ်။ ပြန်ခါနီးကျတော့ တည်းခိုခန်းက အလုပ်သမားကောင်လေးတစ်ယောက်က ကျွန်တော့်ကို မေးတယ်။ ဆရာတို့ဆီကို အမြဲလာခေါ်တဲ့ ပိန်ပိန်ရှည်ရှည်လူကြီးက ဘယ်ကလဲတဲ့။ ကျွန်တော်က အဲဒါ ငါ့ဆရာ...။ ပန်းချီဆရာပေါ်ဦးသက်လေ။ ဒီလောက် နာမည်ကြီးတဲ့ မင်းတို့ မန္တလေးသားပန်းချီဆရာကို မင်းတို့မသိဘူးလားလို့ မေးလိုက်တယ်။ သိတာပေါ့ ဆရာရယ်။ ကျွန်တော်က သူ့သားနဲ့အရွယ်တူ။ သူ့သားက ကျွန်တော့်သူငယ်ချင်း။ ကျွန်တော့်ကို သူက ခင်ဗျား ကျွန်တော်နဲ့ စကားပြောတယ်။ ယဉ်ကျေးတဲ့အနေနဲ့ သူ ဒီလိုပြောနေမှန်းသိပေမယ့် ကျွန်တော် အားနာလိုက်တာ ဆရာရယ်တဲ့။ အဲဒီလောက်ကို ဆရာကိုပေါ်ဦးသက်က ယဉ်ကျေးသိမ်မွေ့တဲ့လူ။ ပညာရှင်ဆိုပေမယ့် သူများ အမြင်ကပ်စေမယ့် ထောင်လွှားတဲ့ မာန်မာနမျိုး သူ့မှာ မရှိဘူး။ သူ လူတိုင်းကို လေးစားတယ်"

"ကိုဝင်းဖေမြင့်က ကိုပေါ်ဦးသက်တို့၊ ကိုရွှေအောင်သိမ်းတို့နဲ့ စတွေ့တာ တစ်ချိန်တည်းလောက်မှာပေါ့"

"ဟုတ်တယ်။ ၁၉၇၅ ခုနှစ်လောက်မှာ...။ ဆရာကောင်းနှစ်ယောက်ရဲ့တပည့် ဘဝကို တစ်ချိန်တည်းမှာ ကျွန်တော်ဖြစ်ခွင့်ရခဲ့တယ် ဆိုပါတော့။ ဒီဆရာနှစ်ယောက်ရဲ့ ကျေးဇူးကြောင့်လည်း ကျွန်တော် ပန်းချီလောကမှာ မြန်မြန်ဆန်ဆန်နဲ့ ထူးခြားတဲ့အောင်မြင်မှုတွေ ရခဲ့တယ်ဆိုပါတော့"

"ကိုဝင်းဖေမြင့်က ပထမဆုံး ပြည်သူလူထုကို ပြခွင့်ရတဲ့ ပန်းချီပြပွဲက ဆရာဦးနန်းဝေ ဦးဆောင်တဲ့ တက္ကသိုလ်လိပ်ခုံးအဆောက်အအုံက ပန်းချီပြပွဲနော်..."

"ဟုတ်ပါတယ်။ အဲဒီ ပန်းချီပြပွဲက တပေါင်းပန်းချီပြပွဲ"

"အဲဒီပြပွဲမှာ ရောင်းရတဲ့ ပန်းချီကား ရှိလား"

www.foreverspace.com.mm

"ကျွန်တော့် ပန်းချီကားသုံးကား ရောင်းရတယ်။ ကံလို့ပဲ ဆိုပါတော့။ ပြပွဲမှာ ပန်းချီဆရာ ဆယ်ယောက်လောက်ရဲ့ ပန်းချီကားတွေပြတယ်။ ကျွန်တော်တစ်ယောက်ပဲ ရောင်းရတယ်။ သုံးကားတောင် ရောင်းရတယ်။ အဲဒီလို ရောင်းလိုက်ရတယ်ဆိုတော့ သိပ်ပျော်တာပေါ့ဗျာ"

"အဲဒီအချိန်မှာ တက္ကသိုလ်က အောင်ခဲ့ပြီးပြီနော်"

"ဟုတ်ကဲ့"

"ထမင်းစားဖို့ အသက်မွေးဝမ်းကျောင်းအနေနဲ့က ဘာလုပ်လဲ။ ပန်းချီပဲ ရေးလား"

"ပန်းချီရေးတဲ့အလုပ်နဲ့ ဘယ်ထမင်းစားလို့ ရဦးမှာလဲ။ ကျွန်တော်စက်ရုံတစ်ရုံမှာ စာရေးဝင်လုပ်တယ်။ ဖွဲနုဆီခဲချက်စက်တစ်ခုမှာ...။ ပန်းချီက အပျော်တမ်းဝင်ရေးနေတဲ့ဘဝပဲ ရှိသေးတယ်။ တပေါင်း ပန်းချီပြပွဲကျင်းပတဲ့ခုနှစ်က ၁၉၇၃ ခုနှစ်။ အဲဒီ ၁၉၇၃ ခုနှစ်မှာ ကျွန်တော် ပထမဆုံး ပန်းချီကားရောင်းစားပြီး ငွေရဖူးတယ်ဆိုပါတော့"

"ပန်းချီတစ်ကားကို ဘယ်လောက်နဲ့ ရောင်းခဲ့ရလဲ"

"ကျပ်တစ်ရာ...တစ်ရာ့ငါးဆယ်။ အဲဒီဈေးနှုန်းက အဲဒီတုန်းက ကျွန်တော် အမြင့်ဆုံးရနိုင်တဲ့ ဈေးနှုန်းပဲ"

"ရုံးစာရေးလခက အဲဒီတုန်းက ဘယ်လောက်ရလဲ"

"၁၅၅ ကျပ်..."

"စီးပွားရေး ပန်းချီလောကကို လုံးဝ မဝင်ဘူးလား။ စာနယ်ဇင်းတွေမှာ ပန်းချီဝင်မဆွဲဘူးလား"

"များများတော့ မဆွဲဖူးဘူး။ 'ရွှေထောင့်' ဂျာနယ်မှာတော့ ဝင်ဆွဲဖူးတယ်"

"ခေါင်စည်းပဲရေးလား။ အရပ်ရောရေးလား"

"နှစ်ခုလုံးရေးတယ်။ သိပ်ကြာကြာလည်း မရေးဖြစ်လိုက်ပါဘူး။ စီးပွားရေးပန်းချီဝင်ရေးရတာကို ကျွန်တော်က စိတ်

ပန်းချီ ဝင်းဖေမြင့်

မပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်ရေးချင်တာ မရေးရဘဲ အယ်ဒီတာခိုင်းတာကိုပဲ ရေးနေရလို့။ ဥပမာ...အယ်ဒီတာက စာလုံးက ဘယ်ပုံစံလုပ်ပါဆိုရင် ကိုယ်က သူလုပ်ခိုင်းတဲ့ပုံစံလုပ်ပေးရတယ်။ ပုံက ဘယ်လောက်ပဲကြီးပါ၊ ဘယ်လောက်ပဲငယ်ပါ၊ ဘယ်လိုပုံမျိုးရေးပါဆိုပြီး ညွှန်ကြားနေတာတွေကို ကိုယ်က အကုန်လိုက်လုပ်ပေးနေရတယ်။ ကိုယ်လုပ်ချင်တာ ဘာမှသိပ်လုပ်ခွင့်မရတော့...ကြာတော့ စိတ်မပါလာတော့ဘူး။ ဆက်မလုပ်ချင်တော့ဘူး။ အဲဒီအချိန်တုန်းက ကိုယ်က လည်း နာမည်မရသေးတဲ့ ပန်းချီဆရာဘဝဆိုတော့...သူတို့ခိုင်းသလို ရေးပေးနေရတာပေါ့။ ကြာကြာမလုပ်လိုက်ရပါဘူး။ သုံးလေးခုလောက်ပဲ ရေးပေးခဲ့ဖူးတယ်လို့ ထင်တယ်။ ကျွန်တော့်အကျိုးပေးက စီးပွားရေးပန်းချီဘက်မှာ မရှိဘူး။ အနုအလှပန်းချီဘက်မှာ...။ အနုအလှပန်းချီဘက်မှာ ဆက်တိုက်အကျိုးပေးတယ်"

"တပေါင်းပန်းချီပြပွဲပြီးတော့ ဘယ်ပန်းချီပြပွဲမှာ ဆက်ပြလဲ"

"ဘယ်ပန်းချီပြပွဲမှာမှ ဆက်မပြဘူး။ အဲဒီတုန်းက အမေရိကန်သံရုံးက အမှုထမ်းဝင်နီချမ်းဆိုတာ ရှိတယ်။ သူက စာရေးမကြီး ...။ သူက ဆရာပေါ်ဦးသက်တို့နဲ့လည်း ခင်တယ်။ အမေရိကန်ပြန်ကြားရေးရုံး ... အဲ... ယူအက်(စ်)အိုင်အက်စ်ရဲ့ အခန်းတစ်ခန်းမှာ ကျွန်တော်တို့ ပန်းချီဆရာတွေကို ပန်းချီကားချိတ်ခွင့်... ပြခွင့်ပေးတယ်။ ပန်းချီဆရာတိုင်းကို ပေးတာတော့မဟုတ်ဘူး။ တချို့ကိုပေးတာ။ ပေးတဲ့ပန်းချီဆရာထဲမှာ ကျွန်တော်ပါတယ်။ ပါတော့ ကျွန်တော့်ပန်းချီကားတွေကို သွားချိတ်တာပေါ့။ သွားပြတာပေါ့။ အဲဒီမှာ ၁၉၇၄ ... ၁၉၇၅ ခုနှစ်တွေလောက်ကစပြီး ၁၉၈၀ခုနှစ်လောက်အထိ ကျွန်တော့်ပန်းချီကားတွေကို သွားပြခဲ့တယ်"

"ရောင်းရလား"

"ရောင်းရတယ်။ တစ်လကို နှစ်ကားလောက် ရောင်းရတယ်။ ဈေးကလည်း တစ်ကားကို ကျပ် ၂၅၀ လောက် ရတယ်။ နှစ်ကားဆိုတော့ လစဉ်ငွေ ၅၀၀ လောက် ပုံမှန်နီးပါးရနေခဲ့တာပေါ့"

"ဆရာပေါ်ဦးသက်ကားတွေရောပြလား။ ချိတ်လား"

"ပြတယ်။ ချိတ်တယ်။ ဒါပေမဲ့ သိပ်ပြလိုက် ချိတ်လိုက်ရတယ်ကို မရှိဘူး။ ကြိုမှာထားတဲ့လူက ဝယ်သွားပြီ...။ နိုင်ငံခြားသားတွေက ဆရာပေါ်ဦးသက်ကားတွေကို တော်တော်ကြိုက်ကြတယ်။ မြန်မာဟန်ပါတယ်။ ရွှင်တက်တယ်လို့ ပြောကြတယ်"

"အဲဒီတုန်းက ဘယ်ပန်းချီဆရာတွေရဲ့ ကားတွေရော ချိတ်လဲ"

"ကျွန်တော် မှတ်မိသလောက်... ဗိဿနိုး ကိုတင်ဝင်း၊ ပန်းချီဖေညွန့်ဝေ...၊ ပန်းချီဘိုကြည်...၊ ပန်းချီတင်မောင်ဦး...၊ ကိုတိုးနွယ်... ကိုတိုးနွယ် ဆိုတာက ခုဆုံးသွားရှာပြီ။ မရှိတော့ဘူး။ ကျွန်တော်တို့ ထက် အသက်ကြီးတယ်။ နောက်...ကိုသန်းအောင်... ရန်ကင်း ကိုသန်းအောင် ...။ မှတ်မိသလောက်... အားလုံးပန်းချီဆရာခြောက်ယောက်... ခုနစ်ယောက်လောက်

www.foreverspace.com.mm

Win Pe Myint, Buddhis Nuns,1999, Oil on Canvas, 7" x 9"

ရှိလိမ့်မယ်။ နောက်... အဲဒီအချိန်မှာ ကျွန်တော်က ပန်းချီကြီးမြင့် စော... နောက်... ပန်းချီအောင်ကျော်မိုးတို့နဲ့ ပေါင်းပြီး ပန်းချီပြပွဲ အမြဲလုပ်တယ်။ တစ်နှစ်ကို နှစ်ကြိမ်လောက်လုပ်တယ်"

"ဘယ်မှာ လုပ်တာလဲ"

"တက္ကသိုလ် လိပ်ခုံးအဆောက်အအုံမှာ..."

"ပန်းချီပြပွဲနာမည်တွေက ဘယ်လို ပေးထားလဲ"

"အမျိုးမျိုးပဲ။ ကျွန်တော် မှတ်မိသလောက်... Wild Eye ပန်းချီပြပွဲ။ Century Tower ပန်းချီပြပွဲ။ New Steps ပန်းချီပြပွဲ။ Morning ပန်းချီပြပွဲ...။ တော်တော်စုံတယ်။ ကျွန်တော် သိပ်မမှတ်မိတော့ဘူး။ ဒီပြပွဲတွေကို ကျွန်တော်တို့ လုပ်ခဲ့တာ ၁၉၈၀ ခုနှစ် မတိုင်ခင်က စခဲ့ကြပြီး ၁၉၈၁... ၁၉၈၂... ၁၉၈၃... ၁၉၈၄ ခုနှစ်တွေ ရောက်တဲ့အထိ လုပ်တုန်းပဲ။ နောက်ဆုံး လိပ်ခုံးအဆောက်အအုံမှာ နေရာမပေးနိုင်တော့ဘူးဆိုတော့ ကျွန်တော်တို့ ဂျပ်ဆင်အဆောက်အအုံကို ပြောင်းရွှေ့ပြီး ပြပွဲဆက်လုပ်ကြတယ်။ ဝင်ရောက်ပြသကြတဲ့ ပန်းချီဆရာက အမြဲ ဆယ်ယောက်ပတ်ဝန်းကျင်တော့ ရှိတယ်"

"ရောင်းရလား"

"ကျွန်တော်တော့ အမြဲ နှစ်ကား သုံးကား ရောင်းရပါတယ်။ ကျွန်တော် မှတ်မိသလောက် ၁၉၇၅ ခုနှစ်က ၁၉၈၅ ခုနှစ်ကြားမှာ ရန်ကုန်မှာ ပန်းချီပြပွဲ အများဆုံးလုပ်ခဲ့ကြတာ ကျွန်တော်တို့ ပန်းချီဆရာအုပ်စုပဲ။ ကျွန်တော် ... နောက် ... မောင်သိတ္တိ...၊ တင်မောင်ဦး ...၊ ကြီးမြင့်စော...၊ အောင်ကျော်မိုး...။ ကျွန်တော်တို့အုပ်စုက တစ်ယောက်နဲ့တစ်ယောက် တော်တော်လည်း ရင်းနှီးတယ်။ ပန်းချီကားလည်း တော်တော်ရောနိုင်ကြတယ်။ ကျွန်တော့်ဘဝမှာ ပျော်ဖို့အလွန်ကောင်းခဲ့တဲ့ အချိန်တွေပါ"

"အဲဒီအချိန်အထိ ကိုဝင်းဖေမြင့် ပန်းချီကားတွေကိုပြတဲ့ ပုဂ္ဂိုလ်က ပန်းချီပြခန်းတွေ မရှိသေးဘူးလား"

"ရှိတယ်လေ... လောကနတ်ပြခန်း။ ဒါပေမဲ့ လောကနတ်မှာ ပြခွင့်ရဖို့က ပထမဆုံးပြခန်းရဲ့ Member(အသင်းဝင်) ဖြစ်ရမယ်။ အသင်းဝင်ဖြစ်ဖို့က အချိန်စောင့်ရတယ်။ ၁၉၈၀ ခုနှစ်ကျမှ ကျွန်တော်က လောကနတ်ပြခန်းရဲ့အသင်းဝင် ဖြစ်တယ်။ အဲဒီအချိန်ကစပြီး လောကနတ်ပြခန်းမှာ စပြတယ်"

"လောကနတ်ပြခန်းမှာ စပြတော့ အမေရိကန်ပြန်ကြားရေးရုံးခန်းက ပြခန်းမှာ ပန်းချီကား ဆက်တင်ပြသေးလား"

"မပြတော့ဘူး။ မတင်တော့ဘူး။ လောကနတ်ပြခန်းတစ်ခုမှာပဲ ပြတော့တယ်"

"လောကနတ်ပြခန်းမှာ ပြပြီးတော့ ဒုတိယပြတဲ့ပုဂ္ဂိုလ်ရဲ့ ပန်းချီပြခန်းက ဘယ်ပန်းချီပြခန်းလဲ"

"မင်းဝေအောင်ရဲ့ New Treasures ပန်းချီပြခန်း။ အဲဒီပြခန်းမှာ ၁၉၉၅ ခုနှစ်က စပြတယ်။ ဒီနေ့အထိပြတုန်းပဲ။ ဆယ်နှစ်ရှိသွားပြီ"

"ဖွဲ့နေဆီခဲစက်မှာ ဝင်လုပ်နေတဲ့ စာရေးဘဝက ဘယ်အချိန်မှာ ထွက်လိုက်လဲ"

"၁၉၇၃ မှာ ကျွန်တော် စလုပ်တယ်။

www.foreverspace.com.mm

ပန်းချီဆရာလူငယ်တွေ လူလတ်တွေဟာ ရှေးကထက်ကို အမြင်ပိုကျယ်လာတယ်။ သတ္တိပိုရှိလာတယ်။ ပန်းချီဆိုတာ ဘာလဲဆိုတာ ပိုပြီး သဘောပေါက်လာတယ်။ အနုပညာဖန်တီးမှုဆိုတာ ဘာလဲဆိုတာ ပိုသိလာကြတယ်။ ကိုယ်ပိုင်ဖန်တီးမှုဟာ သိပ်အရေးကြီးတယ်ဆိုတာ ပိုသိလာတယ်။ ကိုယ်ပိုင်ဖန်တီးမှုလုပ်ဖို့လည်း ကြိုးစားလာတယ်။ ဒီလိုအမြင်တွေ ပြောင်းလာခဲ့လို့လည်း ပန်းချီဘိုကြည်တို့၊ ပန်းချီတင်မောင်ဦးတို့၊ ချမ်းငြိမ်းကျော်တို့၊ ဇော်ဝင်းဖေတို့ နောက်လည်း ရှိကြပါတယ်။

၁၉၈၃ ခုနှစ်မှာ ထွက်လိုက်တယ်။ အဲဒီဖွဲ့နုဆီခဲစက်မှာ အလုပ်လုပ်နေတုန်းမှာပဲ အိမ်ထောင်ကျတယ်။ ကျွန်တော့်ဇနီးက လည်း အဲဒီဖွဲ့နုဆီခဲစက်က စာရေးမ။ သူနဲ့ အိမ်ထောင်ကျပြီးတာနဲ့ အဲဒီ ဖွဲ့နုဆီခဲစက်ရုံအလုပ်က ထွက်လိုက်တာပဲ”

“အဲဒီအချိန်မှာ ပြင်ပမှာ ပန်းချီရေးစားလို့က ကောင်းကောင်းရနေပြီပေါ့”

“ရနေပြီ။ ရနေလို့လည်း ထွက်လိုက်တာပဲ။ ကျွန်တော်က အနုအလှပန်းချီ (Fine Art) ဘက်မှာပဲ အောင်မြင်တယ်။ အနုအလှပန်းချီရေးပြီးတော့ပဲ ပိုက်ဆံရှာစားခဲ့တာပဲ”

“ပန်းချီရေးဟန်အနေနဲ့ရော စောစောပိုင်းက ရေးဟန်နဲ့ ဒီနေ့ရေးဟန် တူသေးလား”

“လုံးဝမတူတော့ဘူး။ ပြောင်းသွားခဲ့ပြီ။ ၁၉၉၅... ၁၉၉၆... ၁၉၉၇ အထိတော့ ကျွန်တော် ပန်းချီကို အစုံလျှောက်ရေးတယ်။ ၁၉၉၈ ခုနှစ်ထဲရောက်တော့ Space (ဟင်းလင်းပြင်) ဆိုတဲ့ ရေးဟန်အမြင်တစ်ခုကို စတွေ့တယ်။ ပန်းချီကားထဲမှာ ကွက်လပ်ပေါ့။ ဟင်းလင်းပြင်ရဲ့တန်ဖိုး...၊ ဟင်းလင်းပြင်ရဲ့ တန်ခိုးသတ္တိ...၊ ဟင်းလင်းပြင်ရဲ့ ထူးခြားမှုတွေကို စသိတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော့် ပန်းချီကားတွေရဲ့အထဲမှာ အရောင်... Colour... နဲ့ ဟင်းလင်းပြင်ရဲ့သတ္တိတွေကို ရောဖွေပြီး ကစားတယ်။ ဟောဒီ အဝါရောင်ပန်းချီကားလေးကိုကြည့်။ ပန်းချီကားထဲက စာအုပ်ကလေးကလည်း အဝါပဲ။ ပန်းကန်ပြားလေးနဲ့ ဖန်ခွက်တစ်ခုကို ထည့်ထားတယ်။ ပန်းကန်ပြားလေးရော... ဖန်ခွက်ရော... အဝါပဲ။ ကားထဲမှာ အတုံးလေးနှစ်တုံးပါတယ်။ ဒီအတုံးလေးနှစ်တုံး အရောင်ကလည်း အဝါပဲ။ ကျွန်တော် ဖော်ပြချင်တာက အဝါရောင်ဟင်းလင်းပြင် Space ထဲမှာ အဝါရောင်ပါတဲ့ အရာဝတ္ထု... Objects တွေ။ ... အဲ... သူ့နေရာနဲ့သူပေါ့ဗျာ။ ပေါင်းစပ်နေတာတွေကို ဖော်ပြဖို့ကြိုးစားထားတာ။ ဟင်းလင်းပြင်ထဲမှာ ထည့်ထားတော့ ချောင်ချောင်ချိချိ သက်သက်သာသာရှိတယ်။ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးရှိတဲ့ အရသာမျိုးပေါ်အောင် ဖော်ပြဖို့ထားတာ။ အဲဒီလို ဟင်းလင်းပြင်နဲ့ အရောင်ကို ကစားပြီး အရာဝတ္ထုတွေကို သူ့နေရာနဲ့သူ ပေါ့ပေါ့ပါးပါးလေးဖြစ်နေအောင်ရေးတဲ့ ရေးဟန်ဟာ ကျွန်တော့်ရဲ့ ဒီနေ့ပန်းချီရေးဟန်ပဲ။ တခြားပန်းချီဆရာတွေလည်း ဒီရေးဟန်မျိုး ရေးနေပါတယ်။ တစ်မျိုးစီပေါ့။ ဒီရေးဟန်ရဲ့အရသာကို ခံစားလို့ရတဲ့လူလည်း ရှိမယ်။ မရတဲ့လူလည်း ရှိမယ်။ ဟင်းလင်းပြင်ရဲ့သဘောကို ဦးလှဝင်း အသေအချာသဘောပေါက်တဲ့အထိ ရှင်းပြဖို့ကတော့ တော်တော်ခက်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဟင်းလင်းပြင်ရဲ့သဘောကို အရင်ကထက် ပိုနားလည်လာတယ်။ ခုထက်ပိုနားလည်ဖို့လည်း ကြိုးစားနေတယ်”

“ကျွန်တော်သဘောပေါက်ပါတယ် ကိုဝင်းဖေမြင့် ...။ ဟင်းလင်းပြင်ရဲ့အရသာကို အထိုက်အလျောက် ကျွန်တော်လည်း ခံစားလို့ရတယ်။ ကျွန်တော်က လေသူရဲဘဝက လာခဲ့တဲ့သူမဟုတ်လား။ နောက်ဆုံးမေးခွန်းတစ်ခုကို မေးချင်တယ်။ ဒီနေ့ မြန်မာပန်းချီလောကကို ... ကိုဝင်းဖေမြင့် ဘယ်လိုမြင်လဲ”

“ပန်းချီဆရာလူငယ်တွေ... လူလတ်တွေဟာ ရှေးကထက်ကို အမြင်ပိုကျယ်လာတယ်။ သတ္တိပိုရှိလာတယ်။ ပန်းချီဆိုတာ ဘာလဲဆိုတာ ပိုပြီးသဘောပေါက်လာတယ်။ အနုပညာဖန်တီးမှုဆိုတာ ဘာလဲဆိုတာ ပိုသိလာကြတယ်။ ကိုယ်ပိုင်ဖန်တီးမှုဟာ သိပ်အရေးကြီးတယ်ဆိုတာ ပိုသိလာတယ်။ ကိုယ်ပိုင်ဖန်တီးမှုလုပ်ဖို့လည်း ကြိုးစားလာတယ်။ ဒီလိုအမြင်တွေ ပြောင်းလာခဲ့လို့လည်း ပန်းချီဘိုကြည်တို့... ပန်းချီတင်မောင်ဦးတို့... ချမ်းငြိမ်းကျော်တို့... ဇော်ဝင်းဖေတို့... နောက်လည်း ရှိကြပါတယ်။ ကျွန်တော် ချက်ချင်းထုတ်ပြောဖို့ ပါးစပ်ဖျားမှာ မမှေနေလို့ ...။ အဲဒီလို ပန်းချီဆရာတွေ ပေါ်လာတယ်။ ဒီလူတွေဟာ သတ္တိလည်းရှိတယ်။ ကျွန်တော်ဆိုလိုတာက ဒီနေ့ မြန်မာပန်းချီလောကဟာ ယေဘုယျအားဖြင့် တိုးတက်နေပါတယ်။ အလွန်ကျေနပ်စရာရှိပါတယ်”

(ဆက်လက်ဖော်ပြပါမည်)

ဦးလှဝင်း(လေသူရဲတစ်ဦး)

▪

www.foreverspace.com.mm

(ယခင်လမှအဆက်)

စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

(၃၀)

လူထုစိန်ဝင်း

The Guest Takes Over As Hosts.
ည့ဉ်သည်က အိမ်ရှင်ဖြစ်လာတဲ့ ဗျူဟာ

အက်ကြောင်းရှာ၊ ခြေချ၊ ရန်သူ့ပိုင်နက်ကို ထိန်းချုပ်ဆိုတဲ့ စစ်ဗျူဟာကို အိကျင့်ရဲ့ "ကျန်း" ဗျူဟာကျမ်းမှာ ဖော်ပြထားတာ တွေ့ရတယ်။ အိမ်ရှင်က ဧည့်သည်ကို မကိုင်တွယ်တတ်ရင် ဧည့်သည်က အိမ်ရှင်ကို ခြယ်လှယ်ပြီး အိမ်ကို အပိုင်စီးသွားနိုင်တယ်လို့ အိကျင့်က ဆိုထားတယ်။ စစ်သဘောအရတော့ အားနည်းသူက အခွင့်ကောင်းကိုစောင့်ပြီး ရတဲ့အခွင့်အရေးကို အသုံးချတတ်ရင် အားကြီးသူကို အနိုင်ရနိုင်တယ်လို့ဆိုတဲ့သဘောဖြစ်တယ်။

စစ်ပြိုင်နိုင်ငံများခေတ်က မြို့ပြနိုင်ငံငယ်လေးတွေဟာ အဆက်မပြတ် စစ်ခင်းတိုက်ခိုက်နေကြရတာ ဖြစ်လေတော့ စစ်နိုင်အောင် အကြံဉာဏ်ထုတ်နိုင်စွမ်းတဲ့ အကြံပေးဆရာများကို အမြဲတမ်း လိုက်လံရှာဖွေနေရလေ့ ရှိတယ်။ စုကျင့်ဆိုသူဟာ လျှို့ယှက်နယ်သား ဖြစ်တယ်။ ကျော်ကြားတဲ့ပညာရှိကြီး "ကွိကူကျိ" ရဲ့ တပည့်ဖြစ်တယ်။ ပညာစုံတော့ နယ်တကာ လှည့်ပြီး သူ့ကို အကြံပေးဆရာအဖြစ်ခန့်ထားမယ့်သူကိုရှာရင်း ကျင်း၊ ကျောက်နဲ့ ယန်နိုင်ငံများကို ရောက်ခဲ့တယ်။ နောက်ဆုံးတော့ သူဟာ နိုင်ငံငယ်လေး ခြောက်ခုရဲ့ မင်းတိုင်ပင်အမတ်ချုပ်ကြီးအဖြစ် ခန့်ထား

www.foreverspace.com.mm

ခြင်းခံရတယ်။ စုကျင့်ဟာ ဧည့်သည်အဖြစ်ကနေ အိမ်ရှင်နေရာရောက်သွားတဲ့ သာဓကဖြစ်တယ်။

နောက်သာဓကတစ်ခုကတော့ 'ကို့ကျန်း' ဟာ မူလက ကျွန်တစ်ယောက်ဖြစ်တယ်။ နောက်တော့ သူဟာ 'ဖုချိုင်' ရဲ့ အကြံပေးဖြစ်လာတယ်။ နောက်ဆုံးမှာ ဖုချိုင်ကိုဖြုတ်ချပြီး သခင်နေရာကို ရောက်ရှိသွားခဲ့တယ်။

သုံးသပ်ချက်နဲ့ ကျင့်သုံးပုံ

ဒီဗျူဟာက 'မရှိကအရှိ' ကို ပြောင်းပစ်နိုင်ဖို့ ဆောင်ရွက်ချက်ဖြစ်တယ်။ ဒီလို ဆောင်ရွက်ဖို့အဆင့်ပေါင်းများစွာကို ဖြတ်သန်းလုပ်ဆောင်ရတယ်။

(၁) ဧည့်သည်အဖြစ် ဖိတ်ခေါ်ခံရဖို့အတွက် တစ်ခုခုမှာ အစွမ်းအစပြနိုင်ဖို့ လိုအပ်တယ်။ ထူးချွန်မှုကို လူအများသိရှိအောင် ထုတ်ပြတတ်ဖို့လည်း လိုတယ်။

(၂) ဧည့်သည်ဖြစ်လာပြီးနောက် အိမ်ရှင်ရဲ့ ယုံကြည်မှုအပြည့်အဝရရှိအောင် ဆောင်ရွက်နိုင်ရမယ်။

(၃) အသုံးချနိုင်တဲ့အခွင့်အလမ်းတစ်ခု၊ အခြေအနေတစ်ရပ်၊ ဒါမှမဟုတ် 'အက်ကြောင်း' တစ်ခုရှိဖို့လိုတယ်။ အက်ကြောင်းရှိမှ ခြေချလို့ရနိုင်တယ်။

(၄) ပေါ်လာတဲ့အက်ကြောင်းထဲကို ရဲရဲခြေချဝံဖို့ လိုတယ်။

(၅) အခွင့်အလမ်းကိုအသုံးချပြီး ကိုယ့်အတွက် အမြတ်ထွက်အောင် လုပ်နိုင်စွမ်း ရှိရမယ်။

(၆) ခြေတစ်ဖက်ချရာက ခြေနှစ်ဖက်စလုံး အခိုင်အမာချရပ်နိုင်ဖို့ လုပ်ဆောင်ပြီး အိမ်ရှင်ကို ထိန်းချုပ်နိုင်အောင် လုပ်ရမယ်။

(၇) အိမ်ရှင်နေရာကို ရယူပြီးတာနဲ့ ကိုယ့်ခြေကုပ်ကို မြဲသထက် မြဲအောင် စုစည်းရမယ်။ ရန်သူကို အင်အားချည့်နဲ့ သထက် ချည့်နဲ့သွားအောင် ဆောင်ရွက်ရမယ်။

၁၉၉၇ ကမ္ဘောဒီးယားပြဿနာကို သုံးသပ်ခြင်း

၁၉၉၇ နူလိုင်မှာဖြစ်ခဲ့တဲ့ ကမ္ဘောဒီးယားပြဿနာဟာ လေ့လာဖို့ကောင်းတဲ့ သာဓကတစ်ခု ဖြစ်တယ်။ လေးနှစ်နီးပါး ပူးတွဲဝန်ကြီးချုပ်အဖြစ် နိုင်ငံကို အုပ်ချုပ်နေခဲ့ရာက ဟွန်ဆန်က ပထမဝန်ကြီးချုပ် မင်းသားကြီး ရာနာရစ်ကို ဖယ်ရှားပစ်ဖို့ လုပ်ဆောင်ခဲ့တယ်။ နှစ်ရက်လုံးလုံးတိုက်ပွဲတွေ အပြင်းအထန်ဖြစ်ပွားခဲ့တယ်။ ဟွန်ဆန်က အသာစီးရသလို ရှိနေခဲ့တယ်။ ဒီလုပ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရှုတ်ချပြီး ပစ်ခတ်မှုတွေ ရပ်စဲဖို့ တောင်းဆိုခဲ့တယ်။ အာဆီယံနိုင်ငံများအဖွဲ့ကလည်း ကမ္ဘောဒီးယားရဲ့ဝင်ခွင့်ကို ဆိုင်းငံ့ထားဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ နောက်ဆုံးမှာ ဟွန်ဆန်က နည်းနည်းလျှော့ပေးကာ ၁၉၉၈ ခုနှစ် မေ ၂၃ ရက်မှာ ရွေးကောက်ပွဲကျင်းပပြီး ပြည်သူလူထုအဆုံးအဖြတ် ခံယူမယ်လို့ ကြေညာခဲ့တယ်။

ဟွန်ဆန်ဟာ ၁၉၇၈ ခုနှစ်အတွင်းမှာ ခမာနီအစိုးရကို ဗီယက်နမ်က ဝင်ရောက်တိုက်ခိုက် ဖြုတ်ချပြီးနောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့သူ ဖြစ်တယ်။ ဒီအဆင့်မှာ ဟွန်ဆန်က ဧည့်သည်ဖြစ်တယ်။ ၁၉၈၉ ခုနှစ်မှာ ဗီယက်နမ်တပ်တွေ ကမ္ဘောဒီးယားက ထွက်ခွာသွားပြီးနောက် ပြည်တွင်းအာဏာလုမှုတွေ ပေါ်ပေါက်လာပြန်တယ်။ ကုလသမဂ္ဂက ကြားဝင်ဖျန်ဖြေပြီး ၁၉၉၁ ခုနှစ် ပဲရစ်ညီလာခံမှာ နှစ်ဖက်အတိုက်အခိုက်ရပ်စဲဖို့ သဘောတူညီခဲ့ကြတယ်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များက တိုင်းပြည်ကို ထိန်းသိမ်းထားပြီး ၁၉၉၃ ခုနှစ်မှာ ရွေးကောက်ပွဲပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ အဲဒီနောက် ရွေးကောက်ပွဲအပြီးမှာ ဘယ်သူမှ အပြတ်အသတ် အနိုင်မရခဲ့တာကြောင့် ညွှန့်ပေါင်းအစိုးရဖွဲ့ပြီး ဟွန်ဆန်နဲ့ ရာနာရစ်တို့က ပူးတွဲဝန်ကြီးချုပ်များအဖြစ် တာဝန်ယူခဲ့ကြတယ်။

အဲဒီလိုတာဝန်ယူခဲ့ကြရာက ဟွန်ဆန်က အိမ်ရှင်ဖြစ်ချင်လာတာကြောင့် ရာနာရစ်ကို ဖယ်ရှားပစ်ခဲ့ခြင်း ဖြစ်တယ်။ ၉၀ ခုနှစ်များအတွင်း အရှေ့တောင်အာရှရဲ့ အခြေအနေဟာ ၆၀ ခုနှစ်များနဲ့ ၇၀ ခုနှစ်များအတွင်းကနဲ့ များစွာခြားနားသွားခဲ့ပြီ ဖြစ်တယ်။ စစ်အေးတိုက်ပွဲပြီးဆုံးခြင်း၊ ဆိုဗီယက်ယူနီယံပြိုကွဲခြင်းနဲ့ တရုတ်နိုင်ငံက စီးပွားရေးဖွံ့ဖြိုးမှု ဦးစားပေးလုပ်ဆောင်ခြင်းတို့ကြောင့် ဒေသပြင်ပနိုင်ငံများက ဝင်ရောက်လာစရာ အကြောင်းမရှိတော့လောက်အောင် ဖြစ်သွားတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံအဖို့ ဒီဒေသကို စစ်ရေးအရ ဝင်ရောက်စွက်ဖက်စရာလိုအပ်တဲ့ အခြေအနေမျိုးမရှိတော့ဘူး။ ဒါကြောင့် ဟွန်ဆန်ရဲ့လုပ်ရပ်ကို ကြေညာချက်ထုတ်ပြီး ရှုတ်ချရုံလောက်သာ လုပ်ပါတော့တယ်။

စီးပွားရေးနယ်ပယ်မှာ ကျင့်သုံးပုံ

ကုမ္ပဏီတစ်ခုဟာ အင်အားနည်းလာတဲ့အခါမှာဖြစ်စေ၊ အင်အားတိုးချဲ့လိုတဲ့အခါမှာဖြစ်စေ၊ ပြင်ပကုမ္ပဏီတစ်ခုကို ဒါမှမဟုတ် အများကို ရှယ်ယာများ ခွဲရောင်းပြီး ပူးပေါင်းဆောင်ရွက်ကြတာ လုပ်ရိုးလုပ်စဉ် ဖြစ်တယ်။ တစ်ခါတလေမှာ နောက်ဝင်လာတဲ့ကုမ္ပဏီက မူလကုမ္ပဏီရဲ့ ရှယ်ယာထက် ပိုမိုများပြားတဲ့ ရှယ်ယာများကိုရအောင် ဝယ်ယူပြီး မူလကုမ္ပဏီကို ဖယ်ရှားပစ်ကြတာလည်း လုပ် ရိုးလုပ်စဉ်သာ ဖြစ်တယ်။

စင်ကာပူက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်တဲ့ Parkway Holdings ကုမ္ပဏီကြီးရဲ့ ရှယ်ယာတချို့ကို DBS Land ကုမ္ပဏီက ဝယ်ယူလိုက်တာဟာ ဧည့်သည်အဖြစ် စတင်ဝင်ရောက်ပြီး အိမ်ရှင်ဖြစ်အောင်လုပ်တဲ့ ဗျူဟာအဖြစ် စီးပွားရေးလောကက ရှုမြင်ကြတယ်။

အာရှနိုင်ငံအများစုဟာ စီးပွားရေး

www.foreverspace.com.mm

လုပ်ငန်းများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပြည့်ပြည့်ဝဝ ခွင့်မပြုလိုကြဘူး။ ဖက်စပ်လုပ်ငန်းအဖြစ်သာ လုပ်ကိုင်လိုကြတယ်။ ဥရောပနိုင်ငံများက ဒီအချက်ကို သဘောမကျတဲ့အတွက် အားတက်သရောဝင်ရောက်လာခြင်းမပြုလိုကြဘူး။ တရုတ်ပြည်ဈေးကွက်ကြီးထဲကို အနောက်နိုင်ငံကုမ္ပဏီများထက် ဟောင်ကောင်၊ စင်ကာပူ၊ တရုတ် တိုင်ပေ၊ ကိုရီးယား စတဲ့ ကုမ္ပဏီကြီးများနဲ့ ဂျပန်ကုမ္ပဏီများသာ ဝင်ရောက်လုပ်ကိုင်ကြတာ များတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီနိုင်ငံသားများက ၅၀ ရာနှုန်းထက် လျော့နည်းတဲ့ ပိုင်ဆိုင်မှုနဲ့ ဖက်စပ်လုပ်ကိုင်ဖို့ ဝန်မလေးကြတဲ့အတွက် ဖြစ်တယ်။ သူတို့က 'ဧည့်သည်က အိမ်ရှင်'အဖြစ် ကူးပြောင်းရေးဗျူဟာအတိုင်း နောင်အရှည်မှာ အိမ်ရှင်ဖြစ်လာနိုင်စရာရှိတယ်လို့ သဘောထားခဲ့ကြတယ်။ အမေရိကန်တို့ကတော့ စီးပွားရေးလုပ်ရာမှာ ချက်ချင်း အမြတ်ရဖို့ကိုသာ အလေးထားလေ့ရှိကြတယ်။ ဒါကြောင့် ကိုကာကိုလာ၊ မက္ကဒေါနယ်၊ မော်တော်ရိုလာ၊ ဟူးလက်သက်ကဒ် စတဲ့ ဧရာမကုမ္ပဏီကြီးတွေလောက်သာ အင်တိုက်အားတိုက် ဝင်ရောက်လုပ်ကိုင်ကြတာကို တွေ့ရပြီး ကျန်ကုမ္ပဏီကြီးများက အသင့်အတင့် ဈေးကွက်ကိုသာရရှိနေတာ တွေ့ရတယ်။

အလုပ်သမားကို ပိုင်ရှင်ဖြစ်စေခြင်း

စင်ကာပူအဲလိုင်း (SIA)က ၁၉၉၇ ခုနှစ် ဧူလိုင်လမှာ အလုပ်သမားသမဂ္ဂခေါင်းဆောင် Lim Boon Heng ကို ကုမ္ပဏီဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ဖို့ ဖိတ်ခေါ်ခဲ့ခြင်းဟာ ထူးခြားတဲ့ ဗျူဟာတစ်ခု ဖြစ်တယ်။ အလုပ်သမားသမဂ္ဂခေါင်းဆောင်တစ်ယောက်ကိုယ်တိုင် ဒါရိုက်တာအဖွဲ့မှာ ပါဝင်ရုံမက အလုပ်သမားသမဂ္ဂက ရှယ်ယာများလည်း ကုမ္ပဏီမှာ ပါဝင်နေတာကြောင့် ကုမ္ပဏီမြတ်ရင် အလုပ်သမားများလည်း အကျိုးခံစားရနိုင်တာကြောင့် စင်ကာပူမှာ အနောက်နိုင်ငံများလို အလုပ်သမားသပိတ်များ ကြီးကြီးမားမားမပေါ်ပေါက်ခဲ့တာ ဖြစ်တယ်။

ဗြိတိသျှလေကြောင်းမှာ အလုပ်သမားသပိတ်မှောက်မှုများ မကြာမကြာပေါ်ပေါက်လေ့ရှိတယ်။ ဘာ့ကြောင့်လဲဆိုတော့ အကျိုးစီးပွားချင်း ဆန့်ကျင်ဘက်ဖြစ်မှုကြောင့်ဖြစ်တယ်။ အလုပ်ရှင်က အရှုံးပေါ်ရင် အရှုံးကို ထေမိဖို့ အလုပ်သမားရဲ့လခကို လျှော့တာ၊ လူလျှော့တာ လုပ်လေ့လုပ်ထရှိကြတယ်။ ကမ္ဘာပေါ်မှာ ဘယ်အလုပ်သမားမျိုးမှ လခလျှော့တာကို လိုလားလက်ခံတယ်ဆိုတာ မရှိပါဘူး။ ဒီတော့ သပိတ်မှောက်ပြီး ဆန္ဒကိုဖော်ထုတ်လေ့ရှိကြတယ်။

စင်ကာပူမှာတော့ ကုမ္ပဏီရဲ့ ရှုံးခြင်းမြတ်ခြင်းဆိုတာ အလုပ်သမားများရဲ့ ဝင်ငွေတိုးခြင်းလျော့ခြင်းလည်း ဖြစ်နေလေတော့ သပိတ်ပြဿနာ တယ်ပြီးမရှိလှပါဘူး။ ၁၉၉၇ ဧူလိုင်မှ စခဲ့တဲ့ အာရှငွေကြေးပြဿနာကြီးမှာ တခြားနိုင်ငံက ကာဠေးလေကြောင်း၊ အင်ဒိုနီးရှားလေကြောင်း၊ ဂါရုဒါလေကြောင်း၊ ကိုရီးယားလေကြောင်း၊ ထိုင်းလေကြောင်း၊ မလေးရှားလေကြောင်း စတဲ့ လေကြောင်းကုမ္ပဏီတွေအားလုံး အထိနာခဲ့ပေမယ့် စင်ကာပူလေကြောင်းကုမ္ပဏီက ခံနိုင်ရည်ရှိခဲ့ပါတယ်။ အလုပ်သမားနဲ့ အလုပ်ရှင်ဟာ ဧည့်သည်အိမ်ရှင်သဘောမျိုးမဟုတ်တော့ဘဲ 'ပူးတွဲအိမ်ရှင်' သဘောဆက်ဆံကြတာဆိုတော့ ညှိနှိုင်းတိုင်ပင်ပြီး အတူတူကျော်ဖြတ်နိုင်ခဲ့ကြတာ ဖြစ်တယ်။ ဒီဗျူဟာကို Win-Win-Win ဗျူဟာလို့ သတ်မှတ်ကြပါတယ်။

Dell Computer ကုမ္ပဏီကလည်း အလုပ်သမားသမဂ္ဂကို အုပ်ချုပ်ရေးဘုတ်အဖွဲ့ထဲ ပါဝင်စေပြီး ရှယ်ယာလည်း ခွဲဝေပေးတဲ့စနစ်ကို ကျင့်သုံးပါတယ်။ ဒီစနစ်ကြောင့် သာမန်အလုပ်သမားတွေရဲ့ဝင်ငွေများ နှစ်ဆသုံးဆလောက်ထိ တိုးတက်တဲ့ နှစ်များ ရှိခဲ့ပါတယ်။ တချို့ဝန်ထမ်းများဆိုမီလျံနာတောင် ဖြစ်သွားကြပါတယ်။ နိုင်ငံရေးမှာဖြစ်စေ၊ စီးပွားရေးမှာဖြစ်စေ အားလုံးအကျိုးရှိစေတဲ့ Win-Win-Win ဗျူဟာအတိုင်း ကျင့်သုံးနိုင်ဖို့ ဂရုစိုက်သင့်ကြပါတယ်။

လူထုစိန်ဝင်း

၄-၁၁-၂၀၀၅

■

www.foreverspace.com.mm

မားကက်တင်းသမိုင်းနဲ့ မားကက်တင်းပါရာဒိုင်း

ဆွေဦး(ဝါဏိဇ္ဇ)

မား ကက်တင်း ဘယ်အချိန်ကစခဲ့လဲ။ လူတွေ ကမ္ဘာပေါ်မှာ ရှိကတည်းကနေ အခုချိန်ထိ မားကက်တင်း (Marketing) ဆိုတာရှိခဲ့တယ်။ အစောဆုံး သမိုင်းမှတ်တမ်းတွေအရ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀၀၀ ကတည်းက အရှေ့နဲ့ အနောက် ကုန်သွယ်မှုတွေ ရှိခဲ့တယ်။ မားကက်တင်းဆိုတဲ့စကားလုံးကို အမေရိကားမှာ ၁၉၀၆ နဲ့ ၁၉၁၁ ခုနှစ်အတွင်း စသုံးခဲ့တယ်လို့ ယူဆရတယ်။ အဲဒီတုန်းက မားကက်တင်းရဲ့ဆိုလိုရင်းနဲ့ ခုခေတ်အနက်ဖွင့်မှုကတော့ မတူပါဘူး။ ကုန်ဖလှယ်တာ၊ ရောင်းဝယ်ဖြန့်ဖြူးတာကိုပဲ မားကက်တင်းလို့ အဲဒီတုန်းက ယူဆကြတယ်။ မားကက်တင်းရဲ့ အလေးပေးမှုတွေဟာ ၁၉၂၀ ပြည့်လွန်နှောင်းပိုင်းနှစ်တွေကစပြီး သိသိသာသာ ပြောင်းလာခဲ့တယ်။

ထုတ်လုပ်မှုအလေးပေးသောခေတ် (Production Era)

၁၉၆၀ ပြည့်လွန်နှစ်တွေကနေ ၂၀ ရာစုအစောပိုင်းထိ အမေရိကားကို ကိုလိုနီပြုခြင်းနဲ့အတူ စတင်ခဲ့တယ်။ အမေရိကန်စီးပွားရေးလုပ်ငန်းတွေဟာ အင်္ဂလိပ်ကုန်သည်ဝါဒ (English Mercantilism) အပေါ်မှာ အခြေခံတယ်။ လွတ်လပ်ရေးမရခင်အထိ အရင်းအနှီးနဲ့ကူးသန်းရောင်းဝယ်ရေးအတည်ပြုချက်တွေရဖို့ အမေရိကတိုက်မှာရှိတဲ့ ကိုလိုနီနိုင်ငံတွေဟာ အင်္ဂလန်ပေါ်မှာ အတော်ကြီးမှီခိုနေရတယ်။ ကုန်သည်ဝါဒဟာ အမေရိကန်တို့ရဲ့ ဆန်းသစ်တီထွင်မှုကို အားပေးအားမြှောက်မပြုဘဲ ဟန့်တားခဲ့တယ်။

အမေရိကတိုက်ရှိကိုလိုနီနိုင်ငံတွေမှာ အစောပိုင်းရောက်လာတဲ့ အခြေချနေထိုင်သူတွေဟာ အစားအသောက်၊ အဝတ်အထည်စတဲ့ပစ္စည်းတွေကို ကိုယ်တိုင်ထုတ်လုပ်ကြတယ်။ မကြာမီမှာပဲ ကိုယ်သန်ရာကျွမ်းကျင်မှု (Specialized Skill) ပေါ်အခြေခံပြီး အိမ်နီးချင်းတွေရဲ့ ကုန်စည်တွေနဲ့ ဖလှယ်ခဲ့ကြတယ်။ ဒါဟာ ကုန်ထုတ်လုပ်ခြင်း (Production) နဲ့ စားသုံးခြင်း (Consumption)ကို ခွဲခြားမှုရဲ့ အမှတ်အသားပါပဲ။ ၁၇၇၆ ခုနှစ်မှာ အဒမ်စမစ် (Adam Smith) ဟာ တိုင်းနိုင်ငံများရဲ့ ဥစ္စာဓန (The Wealth of Nations) ဆိုတဲ့ကမ္ဘာကျော်ကျမ်းကြီးကို ရေးသားခဲ့တယ်။ အဲဒီကျမ်းမှာ သူက ကုန်သည်ဝါဒကို ဝေဖန်ဆန့်ကျင်ပြီး လွတ်လပ်တဲ့လုပ်ငန်း (Free Enterprise) အယူအဆကို ထောက်ခံခဲ့တယ်။ အဲဒီအိုင်ဒီယာကြောင့် တစ်ဦးချင်းစီရဲ့ ဖန်တီးနိုင်စွမ်း (Creativity) နဲ့ ဆန်းသစ်တီထွင်မှု (Innovation) တွေ ပိုဖြစ်ထွန်းလာခဲ့တယ်။

၁၇၇၀ ခုနှစ်ရောက်တော့ US မှာ စက်မှုတော်လှန်ရေး (Industrial Revolution) ပေါ်လာခဲ့တယ်။ Samuel Salter

www.foreverspace.com.mm

ဆိုတဲ့ လူငယ်ကုန်သည်တစ်ဦးက အမေရိကန်ရဲ့ ပထမဦးဆုံးစက်ရုံကို စတင်တည်ထောင်ခဲ့တယ်။ တပ်ဆင်ရေးလမ်းကြောင်း (Assembly line)၊ အမြောက်အများထုတ်လုပ်ခြင်း (Mass Production) နဲ့ အလုပ်ခွဲခြားလုပ်ကိုင်ခြင်း (Division of Labour) တွေကြောင့် စွမ်းရည်ပြည့်ပြည့်နဲ့ ကုန်တွေထုတ်လုပ်လာနိုင်ခဲ့တယ်။ ၁၇၈၅ ခုနှစ်မှာ ပြည်တွင်းစစ်ကြီး ပြီးဆုံးခဲ့တဲ့ နောက်ပိုင်းမှာ ရထားလမ်းတွေ၊ မီးသင်္ဘောတွေ ပေါ်ပေါက်လာလို့ သယ်ယူပို့ဆောင်ရေးစနစ် တိုးတက်လာတယ်။ ဒါကြောင့် စားသုံးသူနဲ့ ထုတ်လုပ်သူတွေ ပိုမိုလွယ်ကူစွာ ဆက်သွယ်နိုင်လာတယ်။ အဲဒီလို နည်းပညာသစ်၊ လုပ်အားအသုံးပြုမှုပုံစံသစ်နဲ့ ဝယ်လိုအားတိုးတက်လာမှုတွေကြောင့် အမေရိကန်စီးပွားရေးမှာ ထုတ်လုပ်မှု (Production) က အရေးပါလာတယ်။ ကုမ္ပဏီတွေကလည်း ထုတ်လုပ်မှုကိုပဲ အလေးပေးလာကြတယ်။ မားကက်တင်းဆိုတဲ့ စကားလုံးကို အမှာအော်ဒါတွေ လက်ခံပြီး ပစ္စည်းတွေ ပို့ပေးတာလောက်ပဲ ကန့်သတ်ပြီးမြင်ကြတယ်။

အရောင်းကို အလေးပေးတဲ့ခေတ် (Sales Era)

ကုန်ထုတ်လုပ်ရာမှာ လုပ်ငန်းတွေက ပိုပိုပြီးစွမ်းရည်ပြည့် (Efficient) လာတာကြောင့် အချင်းချင်းယှဉ်ပြိုင်မှု တိုးတိုးပြီး ပြင်းထန်လာတယ်။ ၁၉၂၀ ပြည့်လွန်နှစ်လယ်ပိုင်းမှာ အမြောက်အများထုတ်လုပ်ခြင်း (Mass Production) ကြောင့် စားသုံးသူတွေရဲ့ လိုအပ်ချက်များစွာကို လုံလောက်တဲ့ထုတ်ကုန်တွေနဲ့ ဖြည့်ဆည်းနိုင်လာခဲ့တယ်။ ဒါကြောင့် အားကောင်းတဲ့ဝယ်လိုအား (Strong Demand) က အရှိန်လျော့သွားတယ်။ မန်နေဂျာတွေက ဒီအတိုင်းဆိုရင် တို့ကုန်တွေရောင်းရတော့မှာမဟုတ်ဘူး။ စားသုံးသူတွေကို တွန်းတွန်းတိုက်တိုက်ရောင်းမှ အလုပ်ဖြစ်တော့မယ် ဆိုတာ သဘောပေါက်လာကြတယ်။ ဒါဟာ အရောင်းကို အလေးပေးတဲ့ခေတ် (Sales Era) ရဲ့ အစဖြစ်ပြီး၊ ဒီခေတ်ဟာ ၁၉၂၀ ပြည့်လွန်နှစ်လယ်ကနေ ၁၉၅၀ ပြည့်လွန်နှစ်ဦးပိုင်းထိ ကြာမြင့်ခဲ့တယ်။ အဲဒီခေတ်မှာ အရောင်းဟာ အမြတ်ကိုတိုးစေတဲ့ အဓိကနည်းလမ်းလို့ ရှုမြင်ကြတယ်။

ဝယ်လိုအားတိုးဖို့ ကုမ္ပဏီတွေက ကြော်ငြာတွေ စသုံးလာကြတယ်။ ၁၉၂၀ နဲ့ ၁၉၃၀ ပြည့်လွန်နှစ်တွေမှာ ရေဒီယို ပေါ်ပေါက်လာမှုက လူသန်းပေါင်းများစွာဆီကို ကြော်ငြာဖို့၊ အရောင်းနဲ့ပတ်သက်တဲ့သတင်း (Sales Message) တွေပို့ဖို့ လမ်းကြောင်းသစ်တစ်ခု ပွင့်သွားတယ်။ တချို့လုပ်ငန်းတွေက အထူးလေ့ကျင့်သင်ကြားထားတဲ့ အရောင်းအဖွဲ့တွေ ဖွဲ့ပြီး လူထောင်ပေါင်းများစွာဆီကို ကိုယ်တိုင်ကိုယ်ကျ သွားရောင်းနေကြပြီ။ တစ်ခါတလေ နည်းဗျူဟာတွေသုံးပြီး ရောင်းအားကို ဇွဲခပ်ပြီး မြှင့်ခဲ့ကြတာလည်း ရှိခဲ့တယ်။ မော်တော်ကား၊ အာမခံ၊ ဆေးရွက်ကြီး၊ ဆေးဝါးနဲ့ အဝတ်ထည်စတဲ့လုပ်ငန်းတွေအပါအဝင် ကုမ္ပဏီတော်တော်များများဟာ လုပ်ငန်း လျင်မြန်စွာကြီးထွားဖို့ ကြော်ငြာနဲ့အရောင်းကို အသုံးပြုခဲ့ကြတယ်။

မားကက်တင်းခေတ် (၀ါ) ဖောက်သည်လိုအင်ကို အလေးပေးသောခေတ် (Marketing Era)

အရောင်းကို ဇောင်းပေးတဲ့ခေတ်မှာ ဈေးကွက်ရဲ့ဆန္ဒ (Needs + Wants) ကို ထည့်မစဉ်းစားကြဘူး။ စားသုံးသူ လိုအပ်တာနဲ့ မကိုက်ညီတဲ့ပစ္စည်းတွေ မကြာခဏရောင်းကြတယ်လို့ ဝေဖန်ကြတယ်။ နောက်တော့မှ စားသုံးသူရဲ့လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်တဲ့ ထုတ်ကုန်အများစုဟာ ကျဆုံးမယ်ဆိုတဲ့အချက်ကို ကုမ္ပဏီတွေ လက်ခံလာကြတယ်။

၁၉၅၀ပြည့်လွန် အစောပိုင်းနှစ်တွေမှာ မားကက်တင်းခေတ်ကို ရောက်လာခဲ့တယ်။ အဲဒီခေတ်ဟာ ဖောက်သည်ရဲ့ဆန္ဒကို ဦးစားပေးပြီး သူတို့လိုချင်တဲ့ထုတ်ကုန်တွေ ထုတ်လုပ်ဖို့ လုပ်ငန်းတွေက ကြိုးပမ်းကြတယ်။ ဖောက်သည်ရဲ့လိုအပ်ချက်ကို ကနဦး စူးစမ်းလေ့လာတယ်။ ပြီးမှ အဲဒီလိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ထုတ်ကုန်တွေ ထုတ်တယ်။ ဒီအိုင်ဒီယာကနေပြီး မားကက်တင်းအယူဆ (Marketing Concept) သန္ဓေ တည်လာခဲ့တယ်။

Marketing Concept ဘယ်လိုလဲ၊ ဘယ့်နယ့်လဲ

IBM ဟာ ATM$_s$ (Automatic Teller Machines) ဈေးကွက်ကို ချုပ်ကိုင်လွှမ်းမိုးခဲ့တယ်။ ဧကော့တလန်မှာ NCR စက်ရုံ တည်ဆောက်လိုက်တဲ့အခါမှာတော့ IBM ရဲ့ ATM ဈေးကွက်ဝေစု (Market Share) လုံးဝကျသွားတယ်။ NCR ရဲ့ ATM Operations ကို တာဝန်ယူရတဲ့ James Adamson ရဲ့ အပြောအရ NCR ရဲ့ အောင်မြင်မှုအတွက် သော့ချက်တွေက (၁) အရည်အသွေးကို အမြဲတိုးတက်အောင်ပြုလုပ်ခြင်းနဲ့ (၂) ဖောက်သည်တွေနဲ့ နီးနီးကပ်ကပ်နေခြင်းတို့ ဖြစ်တယ်။ Adamson ဟာ ကမ္ဘာအနှံ့ခရီးထွက်ပြီး ဘယ်လို ATM စက်တွေ လိုချင်သလဲလို့ ဖောက်သည်တွေကို မေးပါတယ်။ (အဲဒီအချိန်မှာ IBM ကတော့ ဖောက်သည်တွေ မလိုချင်တဲ့ ATM မော်ဒယ်သစ်တစ်ခုကို ထုတ်လုပ်ခဲ့တယ်။) ယနေ့အခါမှာ NCR ဟာ ATM စက်တွေကို တိုင်းပြည်တော်တော်များများမှာ တခြားပြိုင်ဘက်တွေထက် ပိုရောင်းခဲ့ရတယ်။ ဒါဟာ Marketing Concept လက်တွေ့ကျင့်သုံးခြင်းကြောင့် ခံစားရတဲ့အသီးအပွင့် ဖြစ်တယ်။

မားကက်တင်းအယူအဆဟာ စားသုံးသူရဲ့လိုအပ်ချက်ကိုလည်းဖြည့်၊ လုပ်ငန်း

www.foreverspace.com.mm

လည်းအမြတ်ရဖို့ ထုတ်လုပ်မှု၊ မားကက်တင်း၊ ဘဏ္ဍာရေး စတဲ့ဌာနတွေ လူတွေ အချိတ်အဆက်မိမိနဲ့ ဘာလုံးသင်းတစ်သင်းလို ညှိနှိုင်းလုပ်ဆောင်ရမယ်ဆိုတဲ့ စီမံခန့်ခွဲမှု ဖလော်ဆော်ဖီတစ်ခုဖြစ်ပါတယ်။ (စားသုံးသူရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပေမယ့် အမြတ်မရရင် လုပ်ငန်းဟာ ဆက်ရှင်သန်မှာ မဟုတ်ပါဘူး။)

ဖောက်သည်ကျေနပ်၊ လုပ်ငန်းမြတ်ဖို့ဆိုရင် မားကက်တင်းသမားတွေတင်မဟုတ်၊ တခြားဌာနကလူတွေပါ မားကက်တင်းအယူအဆကို လက်ခံယုံကြည်ရမယ်။ ဥပမာ– NCR ရဲ့ ထုတ်လုပ်ရေးဌာနက လုပ်သားတွေဟာ စားသုံးသူရဲ့ဆန္ဒနဲ့ ကိုက်ညီတဲ့ အရည်အသွေးရှိတဲ့ ထုတ်ကုန်တွေသာ ထုတ်ရတယ်။ အကြွေးဌာန (Credit Department) ကလည်း ဖောက်သည်တွေ အကြွေးပြန်ဆပ်ရင် အဆင်ပြေစေမယ့် Payment Plan (တစ်လဆိုင်း၊ တစ်ပတ်ဆိုင်း စသည်) ကို အကောင်အထည်ဖော်ရမယ်။

ဘယ်လိုချိတ်ဆက်ညှိနှိုင်းကြမလဲ

အိမ်သုံးလျှပ်စစ်ပစ္စည်းတွေထုတ်တဲ့ ကုမ္ပဏီတစ်ခုရဲ့ Marketing Department က လေ့လာမှုတစ်ခုပြုလုပ်ရာမှာ ဖောက်သည်တွေဟာ အလွယ်တကူ တိုက်ချွတ်သန့်ရှင်းလို့လွယ်တဲ့ ထမင်းပေါင်းအိုးတွေ လိုချင်နေကြတယ်ဆိုတာ သွားတွေ့တယ်။ လက်ရှိထုတ်လုပ်နေကြတဲ့ ထမင်းပေါင်းအိုးတွေဟာ ရေမြှုပ်တို့ အဝတ်စိုတို့နဲ့ သန့်ရှင်းလိုက်ရင် ခလုတ်ကနေ ရေဝင်သွားပြီး ပျက်နိုင်၊ ဓာတ်လိုက်နိုင်တယ်။ အင်ဂျင်နီယာတွေဟာ လျှပ်ကာအကြည်ပြားနဲ့ အုပ်ပြီး နှိပ်လို့ရတဲ့ ရေလုံခလုတ်ပါတဲ့ ပေါင်းအိုးမော်ဒယ်သစ်ကို ပုံစံထုတ်ခဲ့ကြတယ်။ နောက်တန်းက ဒီဇိုင်းဆရာတွေ၊ အင်ဂျင်နီယာတွေ၊ ရှေ့တန်းတိုက်စစ်မှုး မားကက်တင်းသမားတွေ အတွဲညီညီ ချိတ်ဆက်ပူးပေါင်းပြီး ထုတ်လုပ်ခဲ့တဲ့ ပေါင်းအိုးသစ်ဟာ ရေမြှုပ်၊ အဝတ်စိုတို့နဲ့ အလွယ်တကူသန့်ရှင်းလို့ရတဲ့အတွက် ဖောက်သည်တွေအကြိုက်တွေ့ပြီး ဈေးကွက်ထဲမှာ အရောင်းသွက်ခဲ့တယ်။ ဒါကြောင့် ဆေလ်မတ်တည်ထောင်သူ Sam Walton ပြောဖူးတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုဟာ ဖောက်သည်နဲ့ စပြီး ဖောက်သည်နဲ့ပဲ အဆုံးသတ်တယ်တဲ့။

(Business begins and ends with customers)

လူ့အဖွဲ့အစည်းကိုအလေးပေးတဲ့ မားကက်တင်း အယူအဆ (Societal Marketing Concept)

၁၉၉၀ပြည့်လွန်နှစ်တွေမှာ လူ့အဖွဲ့အစည်းရဲ့သဘောထားတွေ ပြောင်းလဲလာလို့ မားကက်တင်းအယူအဆဟာ အဓိပ္ပာယ်တစ်မျိုး ဆောင်လာတယ်။ သဘာဝရင်းမြစ်တွေ ရှားပါး၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိခိုက်ပျက်စီးပြီး ကမ္ဘာနဲ့အဝန်းယှဉ်ပြိုင်နေရတဲ့ ယနေ့အချိန်အခါမှာ မားကက်တင်းက လူ့အဖွဲ့အစည်းကို ဘယ်လိုအကျိုးဆက်တွေ ဖြစ်စေသလဲဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားလာကြပြီ။ ဒါကြောင့် လူ့အဖွဲ့အစည်းကို အလေးပေးတဲ့ မားကက်တင်းအယူအဆ (Societal Marketing Concept) သစ် ပေါ်လာတယ်။ အဲဒီအယူအဆက ဖောက်သည်နဲ့ လုပ်ငန်းရဲ့အကျိုးစီးပွားကို ကြည့်သလိုတတိယအချက်ဖြစ်တဲ့ လူ့အဖွဲ့အစည်းကောင်းကျိုး (The Wealfare of Society) ကိုလည်း ထည့်တွက်တယ်။

အဲဒီအယူအဆကို လက်ခံကျင့်သုံးကြတဲ့လုပ်ငန်းတွေဟာ ကျင့်ဝတ်နဲ့လျော်ညီပြီး လူ့အဖွဲ့အစည်းရဲ့ကောင်းကျိုးကို မထိခိုက်တဲ့ မားကက်တင်းပုံစံကို အကောင်အထည်ဖော်ကြတယ်။ အဲဒီပုံစံဟာ ဖောက်သည်တွေရဲ့ ရေတိုလိုအပ်ချက်ကိုသာမက လူတစ်ဦးချင်းစီရဲ့ ကောင်းကျိုးကိုလည်း မပျက်ယွင်းအောင် လုပ်ဆောင်ရမယ်။ လူတွေက သူတို့ရဲ့နေအိမ်တွေကို အပူ၊ အအေးပေးဖို့ လုံလောက်ပြီး ထိရောက်တွက်ခြေကိုက်တဲ့စွမ်းအင်တွေ လိုချင်ကြတယ်။ ဒါပေမဲ့ လူတော်တော်များများကြုံတွေ့ခံစားနေရတာက ရေနံယိုဖိတ်မှု၊ အဆိပ်တောက်ဖြစ်တဲ့ စွန့်ပစ်ပစ္စည်းနဲ့ အက်ဆစ်မိုးတွေရဲ့ ခြိမ်းခြောက်မှုအန္တရာယ်။ ဒါကြောင့် ဖောက်သည်တွေရဲ့ ရေတိုလိုအပ်ချက်လည်း ဖြည့်ဆည်း၊ လူ့အဖွဲ့အစည်းရဲ့ ရေရှည်ကောင်းကျိုးလည်းရ၊ လုပ်ငန်းလည်းအမြတ်ရအောင် ကုမ္ပဏီတွေအနေနဲ့ ဆောင်ရွက်ရမယ်။ သဘာဝရွေအိုးထမ်းလာတာမြင်ရမယ့် သုံးပွင့်ဆိုင်အကျိုးရှိစေတဲ့ ဖလော်ဆော်ဖီတစ်ခုပါပဲ။

စစ်အေးခေတ်လွန်နှစ်တွေမှာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဟာ အများလက်ခံထားတဲ့ အခြေခံသဘောတရားတစ်ခု ဖြစ်လာတယ်။ လုပ်ငန်းအတော်များများဟာ ရှားပါးတဲ့ သဘာဝရင်းမြစ်တွေကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရင်း ကမ္ဘာ့ပတ်ဝန်းကျင်ကို မထိခိုက်တဲ့ ထုတ်ကုန်တွေထုတ်လုပ်ခြင်းအားဖြင့် Societal Marketing Concept ကို လက်တွေ့ကျင့်သုံးကြတယ်။ ဒီလိုကုန်တွေထုတ်တာကို ဂရင်းမားကက်တင်း (Green Marketing) လို့လည်းခေါ်တယ်။ အဲဒီအယူအဆဟာ လုပ်ငန်းတစ်ခုရဲ့ ရည်မှန်းချက် (Goal) ထက် လူ့အဖွဲ့အစည်းရဲ့အကျိုးကို ဦးစားပေးရှေ့တန်းတင်နေရလို့ လက်တွေ့အကောင်အထည်ဖော်ဖို့ ခက်ပါတယ်။ ဥပမာ–သဘာဝပတ်ဝန်းကျင်လည်း မညစ်ညမ်း၊ အဆိပ်တောက်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းတွေလည်း မထွက်တဲ့ စက်ရုံသစ်တစ်ခု တည်ဆောက်လိုက်ခြင်းဟာ လုပ်ငန်းတစ်ခုရဲ့အမြတ်ကို လျော့ကောင်းလျော့သွားနိုင်တယ်။ ဒါပေမဲ့ ခုအခါမှာ လူ့အဖွဲ့အစည်းကောင်းကျိုးကို လျစ်လျူရှုရှင် ရေရှည်မှာ ရပ်တည်ရှင်သန်

www.foreverspace.com.mm

(Survive) ဖို့ မဖြစ်နိုင်တော့ဘူးဆိုတဲ့ လုပ်ငန်းအတော်များများရဲ့ ဦးနှောက်ထဲက အတွေးဘတ်သီးတွေ လင်းလာကြပြီ။

တုံ့ပြန်ပုံအမျိုးမျိုး

အဖွဲ့အစည်းတွေက နည်းလမ်းမျိုးစုံနဲ့ သဘာဝဝန်းကျင် မပျက်ယွင်းရေးကို ဆောင်ရွက်ကြတယ်။ တချို့ကတော့ တစ်ခါသုံးအနှီးတွေဟာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေတယ် (တကယ် ညစ်ညမ်းချင်မှ ညစ်ညမ်းမယ်)ဆိုပြီး သူများကို သိက္ခာချ အသံကောင်းဟစ်ကြတယ်။ ဒါဟာ အပေါ်ယံ ဂရုဏ်မားကက်တင်းနည်းလမ်းဖြစ်ပြီး ကျင့်ဝတ်နဲ့မညီသလို၊ မားကက်တင်းရဲ့ အနှစ်သာရလည်း မဟုတ်ပါဘူး။ တချို့လုပ်ငန်းတွေက ပိုပြီး ခြေခြေမြစ်မြစ် ရှိတဲ့ လုပ်ရပ်တွေနဲ့ တုံ့ပြန်ကြတယ်။ ဖော့ဘူးတွေနေရာမှာ စက္ကူဘူးတွေ အစား ထိုးသုံးတာ ပြန်သုံး (Recycle) လို့ရတဲ့ ပလတ်စတစ်တွေ သုံးလာတာမျိုးတွေ။

ဒီမားကက်တင်း (Demarketing)

တချို့လုပ်ငန်းတွေက Societal Marketing Concept ကိုအကောင်အထည်ဖော်ရာမှာ ဒီမားကက်တင်း (Demarketing) ကို သုံးကြတယ်။ Demarketing ဆိုတာ ဆေးရွက်ကြီး၊ မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်လို အန္တရာယ်ရှိပြီး စွဲမှီးအင်လိုရှားပါးတဲ့ ကုန်ပစ္စည်းတွေရဲ့ ဝယ်လိုအား ကိုလျှော့ချတဲ့ မားကက်တင်း လုပ်ဆောင်ချက်ဖြစ်တယ်။ ကုမ္ပဏီတစ်ခုဆိုရင် လက်လီဆိုင်တွေမှာ ကြော်ငြာတွေကပ်၊ ကျောင်းတွေကို ဗီဒီယိုခွေတွေပို့၊ ဟောပြောသူတွေ စေလွှတ်ပို့ချပြီး အများပြည်သူဆွေးကို အရက်မသောက်ဖို့ စည်းရုံးလှုံဆော်တယ်။

ဝေါဟာရရှင်းလင်းချက်

ကုန်သည်ဝါဒ (Merchantilism)

နိုင်ငံချမ်းသာဖို့ ကုန်သွယ်မှုရင်းတမ်းမှာ အမြတ်ထွက်စေသည့် သွင်းကုန်ထက် ပို့ကုန် ပိုမိုတင်ပို့နိုင်ရေးကို ဓောင်းပေးသောဝါဒဖြစ်သည်။ ပြည်တွင်းစားသုံးဖို့ထက် ပြည်ပပို့ရန် ကုန်သည်ဆန်ဆန် ကုန်စည်များကို ထုတ်လုပ်သည်။ ၁၉၈၀ ပြည့်လွန်နှစ်များက ဂျပန်ဟာ ပြည်တွင်းစားသုံးကုန်နည်းပါးသော်လည်း ငွေစုဆောင်းမှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု တိုးမြင့်ခဲ့သည်။

အဒမ်စမစ် (Adam Smith)

ခေတ်သစ်ဘောဂဗေဒ ဖခင်ကြီးဖြစ်သည်။ ဈေးကွက်သည် သူ့ဘာသာသူ ထိန်းချုပ်သူဟူ၍ ယုံကြည်သူဖြစ်ပြီး မမြင်ရသောလက် (Invisible Hand) ၊ အလုပ်ခွဲခြားလုပ်ကိုင်မှု (Specialization or Division of Labour) စသော စကားရပ်တို့ကို စတင်မွေးဖွားခဲ့သူဖြစ်သည်။ စီးပွားရေးပေါ်လစီ အတော်များများသည် ယခုထက်တိုင် အဒမ်စမစ်၏ အတွေးအခေါ်များပေါ်တွင် အခြေခံရဆဲဖြစ်သည်။

စမစ်၏ အခြေခံပုံစံသည် လွတ်လပ်သောဈေးကွက် (Free Market) နှင့် အရင်းရှင်စီးပွားရေးစနစ် (Capitalist Economis System) ဖြစ်သည်။ ၁၇၇၆ ခုနှစ်တွင် The Inquiry into the Nature and Causes of the Wealth of Nations ဆိုသည့် ကျမ်းတစ်စောင်ရေးသားခဲ့သည်။ အတိုကောက် The Wealth of Nations (တိုင်းနိုင်ငံများ၏ ဥစ္စာဓန) ဟု လူသိများပြီး ယင်းကျမ်းသည် အရင်းရှင်စနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည်။

လူတိုင်းသည် ဈေးကွက်တွင် ကိုယ်ကျိုးစီးပွား (Self Interest) ဖြင့် လုပ်ရင်းဖြင့်ပင် အများအတွက် ကောင်းကျိုး (Virtue) လည်း ရလိုက်သည်။ ဈေးကွက်တွင် အစိုးရပါဝင်မှုအခန်းကဏ္ဍသည် တတ်နိုင်သမျှ နည်းရမည်။ အစိုးရအနေနှင့် တိုင်းပြည်ကာကွယ်ရေး၊ တရားဥပဒေစီရင်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ (အခြေခံအဆောက်အဦများဖြစ်သော လမ်းတံတားစသည်) ကိုသာ လုပ်ကိုင်ဆောင်ရွက်ပေးရန် လိုအပ်သည်။ အစိုးရက ဈေးကွက်ကို ဝင်ရောက်စွက်ဖက်မည်ဆိုပါကလည်း လက်ဝါးကြီးအုပ်စနစ်မျိုးရှိမည့် ပုဂ္ဂလိက လုပ်ငန်းများကိုသာ ထိန်းသိမ်းဆောင်ရွက်သင့်သည်။ ၎င်းတို့သည် ၁၈ ရာစုနှောင်းပိုင်းတွင် ရရှိခဲ့သော စမစ်၏ အတွေးအခေါ်ဖြစ်သည်။

အလုပ်ခွဲခြားလုပ်ကိုင်ခြင်းကြောင့် လုပ်သားများ၏ ကုန်ထုတ်စွမ်းအား တက်လာကြောင်း၊ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့်အတူ နည်းပညာတိုးတက်မှုများနှင့် ပေါင်းစပ်နိုင်ပါက စီးပွားရေးတိုးတက်မှု (Economic Growth) ကို ဖြစ်စေနိုင်ကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးကိစ္စနှင့် ပတ်သက်၍လည်း အစိုးရ၏ အခွန်ကောက်ခံမှုတွင် ထားရှိရမည့်အခြေခံမူများ၊ အခွန်ကောက်ခံခြင်း၏ ရည်ရွယ်ချက်များ၊ အခွန်ကောက်ခံရာတွင် တရားမျှတမှုနှင့် အကျိုးရှိရှိမည်ကဲ့သို့ သုံးစွဲသင့်ကြောင်းတို့ကိုလည်း တင်ပြခဲ့ဖူးသည်။

ဆွေဦး(ဝါထိန်)

ကိုးကား

(၁) Marketing by Steven J. Skinner

(၂) ကမ္ဘာ့စီးပွားရေးအဓိပ္ပာယ်ဖွင့်ဆိုချက် များ (ဦးဟန်ထွန်း၊ပြည်တွင်းအခွန်)

(၃) အဓိကစီးပွားရေးအိုင်ဒီယာများ (ဒေါက်တာမောင်မောင်စိုး)

(၄) ဆရာကြီး ဆရာမကြီးများ၏ ပို့ချချက် များ

(၅) စီးပွားရေးဆောင်းပါးများ